www.burmeseclassic.com

လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အား စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော


မဂ္ဂဇင်း



ရန်အောင်မြင်မောင်းနှင့် အင်းတစ်ထောင်(စာ-၁၁၂)


- ဆရာကြီး မင်းသိခ် ၏ ဘဝတစ်သက်တာ ဟောစာတမ်း (စာမျက်နှာ - ၂၉)
- လွှတ်တော်အမတ်လောင်းများ အနိုင်ရစေသော ယတြာ၊ (စာမျက်နှာ - ၃၆)
- ရင်ဆိုင်ယှဉ်ပြိုင် အနိုင်ရစေ(စာမျက်နှာ - ၃၉)
- ထိပ်တိုက်ရင်ဆိုင် တွေ့လျှင် (စာမျက်နှာ - [illegible])
- အောင်စေ ပိုင်စေ အနိုင်ရစေဖို့ (စာမျက်နှာ - ၄၃)
- ပြည်မြို့မှ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရား (စာမျက်နှာ - ၁၀၅)




- ချစ်သူနှင့် ရှေ့လက်တွဲနိုင်ရန် (စာ - ၅၈)
- အချစ်နှင့် VOODOO (စာ - ၅၅)
- ချစ်သူတို့အတွက် တာ့ရ်ုမဟာ (စာ - ၁၀၁)
- မြန်မာ့ကျောက်စာအက္ခရာ (စာ - ၈၀)
- ဥပဒေနှင့် လက်ထပ်ထိမ်းမြား (စာ - ၆၁)
- သွေးကျိုန်စာ (စာ - ၉၉)
- ခေတ်အကြို သမိုင်းအမြင်များနှင့် ကမ္ပည်းကျောက်စာများ (စာမျက်နှာ - ၈၃)


Graphic: Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

**လာဘ်မိုးစွေဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါပေါတု ဘဝိဘဝေ။

မဂ္ဂပစ္စယော

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ် (၂၆၃)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာဇင်
အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်
စာအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ စံလွင်မောင်၊ ဖိုးအောင်၊ ကျော်ဦး၊ အောင်နိုင်တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်း၊ပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ် (၂၆၃)

## မာတိကာ

### ရောင်ပြန် ကဗျာ

မောင်ခင်မှိုင်း(ချောက်)၊ သိန်းဝင်း(ကျောက်ပန်းတောင်း)၊
ချစ်မုန်းငြိမ်း၊ မင်းရိုးယဉ်၊ ခက်လှိုင်းကျော်၊
ဘုန်းမြင့်ချို(သာယာဝတီ)၊ ကိုကိုလွင်၊ နန္ဒာမိုးကြယ်။

### ရောင်ပြန် အခန်းဆက်ရသ


အစိမ်းရောင် သစ္စာစကား(၃)
ကျော်မြသန်း ---------- ၁၇၆
တောဘုမ္မာဝင့်နန်းလယ်မှာ ကျွတ်တမ်းကာယ် စာမလိပ်ချင်ဘု(၁၂)
မောင်ပဂိန်းကျော် ---------- ၂၀၀
ဂမ္ဘီရခွစာ(၆)
ယှိုး ---------- ၂၃၀
ဒေါ်ဆုံမဏိ သုံးဘဝခရီး(၁)
ဝေယံလင်းခေါင် ---------- ၂၆၀
ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွား
မင်းသိမ်ခ် ---------- ၂၇၈










www.burmeseclassic.com

www.burmeseclassic.com

စာ - ၂၅

# ထောင်ပြည့်စေတီ ရွှေဂူနီ

မောင်ယဉ်ကျေး(တာချီလိတ်)



ရွှေဂူနီမြတ်ဘုရား ရှပ်ပွားတော်

## မြန်မာ့ရေးရာ


မုံရွာရွှေတောင်ဦး ... ဘီ တရားကသိုလ်ရစေမည်
မြနန်းရှင် ---------- ၁၇
ကျိုက်ဖူး ကျိုက်ပါဘုရားနှင့် လှနှင့်ကျား ကျားနှင့်ရှ
သိပ္ပံစိုးဝင်း(ပေါက္ကရဝတီ) ---------- ၂၀
နှစ်သုံးရာကျော်စေတီတော် လောကနုသသမာန်အောင်
အသျှင်ရှာရိတ္တ ---------- ၂၃
ထောင်ပြည့်စေတီ ရွှေဂူနီ ၂၅
မောင်ယဉ်ကျေး(တာချီလိတ်) ---------- ၂၅
ကလျာဏီသိမ်နှင့် သိမ်ကြီးလေးသိမ်
မောင်ယဉ်လှိုင်း(ပျဉ်းမဖြိုင်) ---------- ၉၅
ကျိုင်းခမ်းရွာ ဖောင်တော်ဦး နောက်ဆက်တွဲ
ဗေဒသုတေသီဆရာမျိုး ---------- ၁၁၆


စာ - ၁၅၀

ခရစ်ယာန်ဘာသာ နှင့် ဗုဒ္ဓဘာသာတို့

# တူညီသော ကျင့်ဝတ်သီလများ


မောင်မောင်စန်းထွေး



## ရောင်ပြန် ရသ


အလွန်ကောင်း
မနသသကျော်ဝင်း ---------- ၁၄၆
ထောင်ထဲမှာ သရဲရှိသလား
ပီတာမြဦး ---------- ၁၆၈
လောင်မီး
နန္ဒာမိုးကြယ် ---------- ၂၅၂


စာ - ၂၃၀




အယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးစွေ စာပေ

တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)

၅၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇

www.burmeseclassic.com




## လောကီရေးရာ

ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၁၂၀
ဒီဇင်ဘာလမှာ ဆောင်ရွက်ပါ
နေမျိုးတွင့်ခေါင် ---------- ၁၂၁
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------- ၁၂၂
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၁၂၃
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၁၂၅
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဒိကျော်ခေါင် ---------- ၁၂၆
တရုတ်နက္ခတ္တဗေဒင်ပညာ(ဒီဇင်ဘာလ)
ကေတီ-အောင်သိန်း ---------- ၁၂၇
ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချောင်၏···
ဦးတိုး(တက္ကသိုလ်) ---------- ၁၃၁
ကြာနံ့သင်းထုံ ဝတ်မှုန်ကြဲ ဆီမီးမြင်းမိုရ်ပွဲ
တက္ကသိုလ်သျှင်ဥက္ကာ ---------- ၁၃၃
ဘဝအမောစင်မယ့် လုတောတစ်ခွင် ဟာသများ
ဦးကောင်းထူး ---------- ၁၃၅

## လောကီရေးရာ

အဘအောင်မင်းခေါင်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ
မနှင်းပွင့်(ပြည်) ---------- ၁၃၉
ရှင်ထွေးသာချစ်မြင်စစ်ဖေ ရိုးရာဗေဒင်ဟောကိန်း
ညွှန့်လွင်(စက်မှုတက္ကသိုလ်) ---------- ၁၄၂
ခရစ်ယာန်ဘာသာနှင့်ဗုဒ္ဓဘာသာတို့တူညီသောကျင့်ဝတ်သီလများ
မောင်မောင်စန်းထွေး ---------- ၁၅၀
ဗုဒ္ဓသာသနာ သောက်ကတဲ့မှာ
မြသိန်း ---------- ၁၅၄
ဓာတ်ရိုက်ယတြာ ရွှေပညာ(၃၇)
ဘုန်းပွင့်ထွန်း ---------- ၁၅၆
ရှေးဟောင်းဘုရား ကိုးကွယ်လိုပါသလား ၁၅၉
မနသကျော်ဝင်း ---------- ၁၅၉
ရေနှင့်ဆားပမာ
တက္ကသိုလ်သခ် ---------- ၁၆၃
ကျွန်ုပ်နှင့်ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၁၆)
ပထမံဆရာကြီး ဦးအောင်သူ ---------- ၁၆၅
ရှိခိုးပူဇော် မြတ်ဗုဒ္ဓဂုဏ်တော်
အေးအေးသန်း ---------- ၁၈၈
အနိစ္စဒေသနာတော်(၁၈)
မဟာထွန်း ---------- ၁၉၁

### မြန်မာ့ကျောက်ထက်အက္ခရာ ကျောက်စာချပ်များ

စာ - ၈၀ ဘုန်းဝင်းခေါင်(မြန်မာမှု)



www.burmeseclassic.com

www.burmeseclassic.com

## လောကီရေးရာ


နယူးယောက်မှစာ(၃)
မောင်ကောင်းမြင့် ——— ၁၉၅
တိုင်ပေဘုန်းကြီးရုပ်ကလာပ် မပုပ်မသိုးအောင်…
ကေတီ-အောင်သိန်း ——— ၁၉၇
ဥညြင့်ကျက်၏ ဒဏ္ဍာရီ
မောင်မောင်(ပိတောက်မြိုင်) ——— ၂၁၀
တောင်စောင်းရိပ်မှောင် ယောဂီချောင်ဝယ်(၉)
မြစံပယ် ——— ၂၁၆
ဂါထာနဲ့ထီ
မောင်ပုတ်စည် ——— ၂၁၉
ဗုဒ္ဓဘာသာတရားနှင့် ထူးတဲ့သုံးဂဏန်း
ကျော်ဇောဟိန်း(နဲ့သာ) ——— ၂၂၁
လောင်းရိပ်မိမှာ စိုးထိတ်ပါဘိ
ရှယ်လီသိန်းမောင် ——— ၂၂၆
လောကီပညာတို့၏ မြစ်ဖျားခံရာ ရှာမင်လောကီပညာ
ကိုမောင်သန်းဝင်း ——— ၂၄၂
အိမ်ဝယ်၊ အိမ်ငှား ပြေလည် အကျိုးပွားလိုသော်
မော်တင်သိန်းဇော်ဇ ——— ၂၄၅
စိတ်ညှို့အိပ်မွေ့ချပညာနှင့် ကျင့်စဉ်များ
အောင်ဘုန်းမြင့်(ကချင်မြေ) ——— ၂၄၈
လူခေါ်ဘဘ်ဝင် အောင်စာတ်ပွင့်ယတြာ
သစ္စာင်ါဒီမြတ်စောလင်း ——— ၂၈၉
ဆန်းကျမ်းပညာနှင့် ဆန့်ကျင်ခြင်း
ဂန္ဓီရဆရာလှမျိုး ——— ၂၉၁


တိုင်ပေဘုန်းကြီးရုပ်ကလာပ်
မ ပု ပ် မ သို း အော င်
ဆေးစီရင် အိုးသွတ်အပူဇော်ခံပုံ
ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)



စာ - ၁၉၇

စာ - ၁၇၈



ရှိဦးပူဇော်
မြတ်ဗုဒ္ဓဂုဏ်တော်
အေးအေးသန်း

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


ခုနစ်ရက်သားသမီးများအတွက် ဘဝတစ်သက်တာ ဟောစာတမ်း
မင်းသိခ် ——— ၂၉
လွှတ်တော်အမတ်လောင်းများ
အနိုင်ရစေသော ယတြာ ——— ၃၆
ခုနစ်ရက်သားသမီးများ ပြိုင်ဆိုင်ယှဉ်ပြိုင် အောင်မြင်လိုလျှင်
အယ်ဒီတာအဖွဲ့ ——— ၃၇
ရင်ဆိုင်ယှဉ်ပြိုင် 'အနိုင်ရစေဖို့'
ဒေါက်တာ(ဗေဒ)ယုန္တယ် ——— ၃၉
အင်တာဗျူးဖြေကြမည့်သူများသို့
သုတေသီဆရာငြိမ်း ——— ၄၁
အောင်စေပိုင်စေ နိုင်ကြစေဖို့
ထင်ကျော်သောင်း ——— ၄၃
ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့လျှင်
မန်းသိုက်ဝင်း ——— ၄၄
မုန်းသူတွေ ပြုံးစေတဲ့ ၅၂၈ သွယ် မေတ္တာအင်း
စောခွန်နောင် ——— ၄၅
သိဒ္ဓိဖြစ်စေမယ့် ကျင့်စဉ်ထူး
မင်းသဏ်းဝင်း ——— ၄၈
သီတင်းကျွတ်ပြီ ခါတော်မီ
စွမ်းထက်အောင် ——— ၅၁
ချစ်မှုရေးရာအတွက် ဠသသီသသ အရုပ်စီရင်ပြုလုပ်နည်း
တက္ကသိုလ်ဖိုးမြင့်ဝေ ——— ၅၅
ချစ်သူနှင့် ရှေ့လက်တွဲနိုင်မည့် ဂါထာ
မင်းဒီပလှိုင် ——— ၅၈
မြန်မာ့ဗေဒဇုံးတမ်း ဥပဒေကပြောသော ထိမ်းမြားလက်ထပ်ခြင်း
ဝင်းဇော်(သုံးဆယ်) ——— ၆၁
သားသမီးရတနာ ရလာစေကြောင်း နည်းလမ်းကောင်း
အောင်သာထွန်းဝေ ——— ၆၄


www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


စီးပွားဖြစ်သော အိမ်ထောင်ပြုနည်း
သုခဇော် ---------- ၆၆

တရုတ်နှစ်မွေးသူများ အကောင် ၁၂ ကောင်၏
အိမ်ထောင်ဖက် ရွေးချယ်နည်း ပုံသေဇယား
ကေတီ-အောင်သိန်း ---------- ၇၀

ချစ်သူတိုင်း ညားကြပါစေ
မင်းသိန်းကြည် ---------- ၇၂

တောင်တွင်းကြီးအကွရာနှင့် ကျောက်စာ
တောင်တွင်းအောင်သက်ဦး ---------- ၇၄

မြန်မာ့ကျောက်ထက်အကွရာ ကျောက်စာချပ်များ
ဘုန်းဝင်းခေါင်(မြန်မာမှု) ---------- ၈၀

ခေတ်အကြိုသမိုင်းအမြင်နှင့် ကမ္ဘည်းကျောက်စာများ
ဦးသန့်(လာဘ်မိုးရွှေ) ---------- ၈၃

သတင်းမီဒီယာများကပြောသော ကျိန်စာ
လှမိုး(ပညာရေး) ---------- ၈၇

ကျိန်စာ
ကိုမြင့်ထွန်း(Quality) ---------- ၉၂

သွေးကျိန်စာ
ဆော်လာမွန် ---------- ၉၉

ကမ္ဘာ့အံ့ဖွယ်တစ်ခုသို့ ရောက်ရှိခဲ့ခြင်း
အသျှင်ဓမ္မရိက္ခ ---------- ၁၀၁


မြည်မြို့ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရား
ကျော်ဇောလင်း(နံ့သာ) ---------- ၁၀၅

ရင်မောရသည့် ဖတ်ခဲ့မိသောစာများ
စာဖတ်သူတစ်ဦး ---------- ၁၀၇

နှစ်ပေါင်း ၁၀၀၀ ကျော်ကပဲ ယူဆရသော
ပျူကျောက်စာတစ်ချပ်တွေ့ရှိ ---------- ၁၁၀

ဂစ္ဆိုရမောင်းတီးနည်း
ဗေဒသုတေသီဆရာမျိုး ---------- ၁၁၁

ရန်အောင်မြင်မောင်းနှင့် အင်းတစ်ထောင်
ဗေဒသုတေသီဆရာမျိုး ---------- ၁၁၂

စာ - ၁၇၆

## ရောင်ပြန် တိုင်းရင်းဆေး


အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ
မျိုးသန်းထွန်းကို ---------- ၂၇၀

ဆေးဖက်ဝင်အပင်များ
ဒေါက်တာသက်ဆွေ ---------- ၂၇၄


ဆေးဖက်ဝင် ကြိုက်မုန်ပင်
ဝင်းဇော်(သုံးဆယ်) ---------- ၂၇၇

အာဟာရပြည့်ဆေးဖက်ဝင် သီးနှံအစားအစာများ
သုတေသီဆရာငြိမ်း ---------- ၂၉၄


လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ) ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြပါသည်။ စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com





## ရောင်ပြန် လူ့ဂုဏ်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဗိုလ်ညာဉ်လောက ယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ---------- ၂၁၃

## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၃၀၅

## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးယောဂနိမ်း
ဒေါက်တာစောယုနွယ် ---------- ၃၁၄

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ---------- ၃၁၆









အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး


**လာဘ်မိုးရွာ စာပေ**

တိုက်-၂၇၊ အခန်း-၁၂(မြေညီထပ်)
၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉-၄၂၀၀၀၅၉၂၅၊ ၀၉-၅၀၉၂၄၇၇


www.burmeseclassic.com

www.burmeseclassic.com

# ယှဉ်ပြိုင်ပွဲများတွင် အနိုင်ရစေသော ရတနာဒီပံအင်း



ကံဇာတာနိမ့်၍ ယှဉ်ပြိုင်ပွဲများတွင် အနိုင်ရစေရန် အထက်ပါအင်းတွင် "နံ" နေရာ၌ မိမိ မွေးဖွားသော နေ့နံကိုထည့်၍ ဤစာရွက်အား မိတ္တူကူးပြီး ဖယောင်းတိုင်တွင်ပတ်ပါ။ ဘုရားစင်အနီး မြင့်မြတ်သောနေရာ၌ ၎င်းအင်းပတ်ထားသော ဖယောင်းတိုင်ကို ဆီမီးထွန်း၍ နံနက်အရုဏ်တက်တွင် ငါးပါးသီလ ခံယူပြီး ထိုဖယောင်းတိုင် ကုန်သည်အထိ ထွန်းပေးပါက ကံဇာတာများ တက်လာပြီး ယှဉ်ပြိုင်ပွဲများတွင်လည်း အနိုင်ရရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သိမ်း
## ချစ်မုန်းငြိမ်း

- ယုဇနတောလားအဖွင့်မှာ
  တစ်ခုတော့ ပြောထားခဲ့တယ်
  ဟုတ်ရဲ့လား ကိုယ့်ဆရာ...။
- "လူ့ဘဝ မီးစာကုန်ဆီခန်း
  ဇာတ်သိမ်းခန်းစောင့်မယ့်လူ"...တဲ့။
- ခု...မီးစာမကုန် ဆီမခန်းဘဲ
  ဇာတ်သိမ်းကြမ်းကြမ်းက
  ဗိန်းမောင်းသံ နှာထောင်ကောင်းနေတုန်း
  အဝိုင်းအစောင်းသံ ကြားပြီမို့
  (ဆိုင်းထောင်ဆရာ...ရေ)
  ဈိုင်းတောင်နဲ့သာ...ပို့။ ။
  (ဆရာအောင်ဘညို...သို့)



www.burmeseclassic.com

www.burmeseclassic.com

# နှင်းလေဦးတော့ ခရီးသည်

မင်းရှိုးယဉ်

အိုဘယ့်ဘယ် ခရီးသည်
လမ်းလျှောက်နေရင်း
လမ်းပျောက်နေသလား
ဘယ်ဝယ် မြောက်တောင်
အနောက်၊ အရှေ့ တရွေ့ရွေ့သွား
စမ်းတဝါးဝါး၊ ဝမ်းခါးမဝမလှ
ဘဝသံသရာ၊ ရှည်တောင့်ကြာရှည်
ကမ္ဘာမြေဆုံးတိုင်၊ လမ်းမိုင်တိုင်များ
ကျော်ဖြတ်သွားလည်း၊ ဝေခွဲမရ
ဆုံးစမထင်၊ ဇက္ကပင်လယ်ဝေ
ခရီးတွေဆက်၊ အိပ်မက်ပမာ
အရာမထင်၊ နှင်းလေဦးတော့ ခရီးသည်ညှယ်...။

www.burmeseclassic.com

www.burmeseclassic.com

ဩနိုးမှို

ခတ်လှိုင်းကျော်

- မြတ်ဗုဒ္ဓဟောကြားတဲ့
ဒုက္ခတရားသစ္စာမှာ
ချမ်းသာတာ မရှိ။
- ဒုက္ခသေအချာကိုပင်
သုခဝေဒနာထင်တဲ့
အနီးမမြင် ဉာဏ်မျက်လုံးတွေက
သမုဒယတဏှာ သလ္လာဖုံးတော့
စုံလုံးကန်းဏ်။ ။



www.burmeseclassic.com

www.burmeseclassic.com

## သံယောဇဉ်ရုပ်ဝန်း

ဘုန်းမြင့်ချို(သာယာဝတီ)

- ယခုဘဝမှာတော့
  သမုဒယ တဝဲလည်လည်။
- ဥပေက္ခာ ကွယ်ရာနယ်ထဲ
  တယုတယ နွှယ်မှာပဲကွယ်။
- တရားသိပေမယ့်လည်း၊
  အသွားငြိကာ ရှေ့ဆက်နေသမို့
  နေ့ရက်တို့ တုန်လှုပ်ဖွယ်
  နာမ်သရုပ်မှာ ကစဉ့်ကလျား။
- တဒင်္ဂ ခြေလှမ်းများက
  မရွှင်ပြ စွမ်းရတော့မှာပေါ့
  ကျွမ်းပို့စေကွယ်
  လွမ်းသောကများ။ ။

www.burmeseclassic.com

## ခေါင်းစဉ်မဲ့ ကဗျာတစ်ပုဒ်

ကိုကိုလွှင်

- ရွှေရတနာ
ငွေအသပြာ၊ ကိုယ်မှာမဆင်
အပိုမရှာချင်၊ လိုတာရင်ထဲ
အမြင်သစ်တစ်ခု…။
- ဓနဥစ္စာ
အလှပုံရွှာ၊ အရထုတ်ကာ
အပိုမရှာနိုင်သေး၊ လိုတာထိုင်ငေး
အတွေးသစ်တစ်ခု…။
- အမြင်အတွေး
အစဉ်ရွေးလျက်၊ တစ်သက်ပန်လွှာ
ရက်မှန်စွာလေး၊ ယက်ခံစရာတွေ
ရှာဖွေတင်ပြ၊ စာပေစင်မှ
ပီတိစကို
ဘာမှမလွှမ်းမိုးနိုင်တကား…။



www.burmeseclassic.com

## ကျေးဇူး မာတိကာ

နန္ဒာမိုးကြယ်

ကိုယ်ကပဲ ကျွေးမွေးချင်
နှစ်ခြာယှဉ် စိတ်ထဲ။
ကိုယ်ကပဲ ပေးကမ်းချင်
ထာဝစဉ် စိတ်စွဲ။
သားသမီးတွေ ကျွေးမွေးလာတော့ . . .
သားသမီးတွေ ပေးကမ်းလာတော့ . . .
ခေါင်းယမ်းကာ ငြင်းဆန်ခက်လို့ရယ်
လက်ခံရမြဲ။

သားသမီးတို့ အခြေမြင့်လျှင်
ရွှေပွင့်ဆင် ပီတိအပြုံး။
သားသမီးတို့ နွမ်းပါးလျှင်
ဝမ်းအားမရှင် ကရုဏာဖုံး။
မိဘတို့ မာတိကာမှာတော့
သစ္စာခြွေ ချစ်အားသန့်လို့
မေတ္တာတွေ မြစ်ဖျားခံရဲ့
သားသမီးထံ စမ်းရေမြ
စီးကျမဆုံး။ ။



www.burmeseclassic.com

www.burmeseclassic.com

# မုံရွာ ရွှေတောင်ဦးစေတီ တရားကုသိုလ် ရစေမည်

မြန်နန်းရှင်

ဤဆောင်းပါးမရေးမီ အစဦးစွာ အလောင်းတော်ကဿပ ရွှေဆံပင်ဆရာတော်နှင့် စာရေးဆရာဟိန်းစိုး(မန်းတက္ကသိုလ်)နှင့် ရွှေဆံပင်သာသနာ့ရိပ် မာမကအဖွဲ့ ဦးဆောင်သူ ဆရာမတို့အား ကျေးဇူးတင်ကြောင်း ဦးစွာဂါရဝပြုပါသည်။

ရွှေဆံပင်ဆရာတော်၏ ဖိတ်ကြားချက်အရ နေလဂ္ဂနယ်ကိုယ်စားလိုက် ပါခွင့်ရခဲ့သဖြင့် ဤကုသိုလ်ထူးများနှင့် ကြုံခွင့်ရခဲ့ပါတော့သည်။


စာရေးသူသည် လယ်တီဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းမူအတိုင်း ဝိပဿနာဘာဝနာအား ကျင့်ကြံအားထုတ်ခဲ့ပါသည်။ လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးရာ သာသနာ့မြေများသို့ ရောက်ဖူးခဲ့သော်လည်း မုံရွာ 'ရွှေတောင်ဦး'တောင်သို့ မရောက်ရှိခဲ့ဖူးပါ။

ယခုတော့ ကုသလကံအကျိုးပေးကြောင့် ရောက်ရှိဖူးမြော်ခွင့်ရခဲ့ပေပြီ။

မုံရွာမြို့မှ ငါးမိုင်အကွာ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်မှာ တည်ထားပါသည်။ ချင်းတွင်းမြစ်ကူးတံတားကိုဖြတ်ကျော်၍ ရွှေတောင်ဦးတောင်ခြေသို့ သွားရောက်နိုင်ပေသည်။

ရှေးက သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့ပြီး ''ရှေ့တာဦး''စေတီဟု ဘွဲ့အမည်ရှိခဲ့ပေသည်။ အေဒီ (၁၁၇၄– ၁၂၁၁) တွင် ပုဂံခေတ် နရပတိစည်သူမင်းမှ ပြန်လည်ပြုပြင်ခဲ့ပြီး ''ရှေ့တာဦး''စေတီမှ ''ရွှေတောင်ဦး'' စေတီဟု ဘွဲ့အမည် ပြောင်းလဲသမုတ်ခဲ့ပါသည်။

မုံရွာ–ရွှေတောင်ဦးစေတီဟုကြားကာမျှနှင့် လယ်တီဆရာတော်ဘုရားကြီးနှင့် တစ်ဆက်စပ်တည်း ဖူးမြင်မိပါ



သည်။ လယ်တီဆရာတော်ဘုရားကြီး တရားကျင့်ကြံအားထုတ်ခဲ့ရာ ဌာနအပြင် ကျမ်းစာပေများ ရေးသားပူဇော်ခဲ့ရာ သာသနာ့အောင်မြေလည်း ဖြစ်တည်ခဲ့ပေသည်။

မြန်မာသက္ကရာဇ် ၁၂၆၃ ခုနှစ်၊ ဝါဆိုဦးကာလ။

ခရစ်သက္ကရာဇ် ၁၉၀၁ ခုနှစ်၊ ဇူလိုင်လတွင် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ရင်းရွှေကျောင်းဘုန်းကြီးဦးဉာဏဝံသ (ဦးစံချိန်)မှ လာရောက်ပင့်ဆောင်သဖြင့် အလုံမြို့၊ လှေယာဉ်ရပ်ရှိ ရွှေကျောင်းသို့ ကြွရောက်သီတင်း

www.burmeseclassic.com


www.burmeseclassic.com


သုံးတော်မူရင်း ဝါတွင်းကာလရောက်သောအခါ နောက်ပါ ပဥ္စာသမဏအဖြစ် လယ်တီပဏ္ဍိတအား ခေါင်းဆောင်ပြီး အလုံမြို့တစ်ဖက်ကမ်း ချင်းတွင်းမြစ် အနောက်ဘက်အရပ်ရှိ ''ရွှေတောင်ဦး''တောင်တော်သို့ ၃၆ ကြိမ်မြောက် ဝါဆိုရန် ကြွရောက်သီတင်းသုံးတော်မူခဲ့သည်။

ရွှေတောင်ဦးတောင်တော်သည် အေးချမ်းဆိတ်ငြိမ်ခြင်း၊ ရှေးကာလကတည်းက ကုသိုလ်ရှင်များ၏ ဒါနစခန်းများဖြစ်တည်ခဲ့သဖြင့် တောင်တော်၏ အရပ်လေးမျက်နှာ ဝန်းကျင်သို့ သွယ်တန်းဆောက်လုပ်ထားသော စောင်းတန်းရှည်များက ကျက်သရေရှိလှသည်။

တောင်ဝန်းကျင်တစ်ခို ရာသီအလိုက် ဖူးပွင့်သည့် သစ်ပင်ငယ်များ ပေါက်ရောက်ပေရာ ကျေးငှက်တို့၏ သဘာဝအသံများလည်းကြားနိုင်သည်။ ရွှေတောင်ဦးဘုရား စေကီရင်ပြင်ထက် ကျောက်ဆီမီးတိုင်၊ ကျောက်ရေခွက်တို့ ဆက်ကပ်လှူဒါန်းထားပါသည်။

တောင်ထွတ်၊ တောင်ပူစာတို့မှာ စေတီငယ်များပူဇော်ထားခြင်း၊ လျှိုမြောင်၊ တောင်ချောက်ကမ်းပါးကြားတွင် တရားအားထုတ်ရာ ဂူငယ်များ၊ ရဟန်းတော်၊ ရသေ့





သူတော်၊ ယောဂီတို့ မွေ့လျော်ရာအရပ်ဖြစ်ပေသည်။

ရွှေတောင်ဦးတောင်တော်၏ မြောက်ဘက် အနိမ့်ပိုင်းသို့ အတန်ငယ် ဆင်းသွားပါက လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာ လိုဏ်ဂူအမှတ်(၁) တည်ရှိပါသည်။

ယခင်က လိုဏ်ဂူတောင်ဘက်အတွင်းပိုင်းသို့ ပေ ၁၀၀ ခန့် ဝင်ရောက်နိုင်ပါသည်။ ယခုအခါတောင်ပြို၍ ကျောက်တုံးများဖို့ထားသဖြင့် ဂူအတွင်းပိုင်းသို့ မဝင်ရောက်နိုင်တော့ပေ။

စာရေးသူတို့အဖွဲ့ ဂူအတွင်းပူဇော်ခွင့်ရသောနေရာသို့ ဝင်ရောက်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်ပြီးနောက်၊ သည်နေရာ၊ သည်ဌာနေသည် လယ်တီဆရာတော်ဘုရားကြီး၏ ဘူမိနက်သန်၊ ဓာတ်သက်အမှန် သာသနာ့အောင်မြေပေတည်းဟု နှလုံးသွင်း၍ လယ်တီဆရာတော်ဘုရားကြီး ဓာတ်ကမ္မဌာန်းစီးဖြန်းမှုဖော် ကျင့်ကြံအားထုတ်ဆဲဖြစ်ကြောင်း သစ္စာဆိုလိုက်သည်။ ထိုသစ္စာအရာကြောင့် တပည့်တော်သည် ပစ္စုပ္ပန်ဘဝ...ပင် တရား



www.burmeseclassic.com

www.burmeseclassic.com



ထူး၊ တရားမြတ်၊ အသိထူး၊ အသိမြတ် ရရှိပြီး အကျင့်ထူး၊ အကျင့်မြတ်ဖြင့် ကျင့်ကြံပွားများ အားထုတ်ခွင့်ရကာ၊ ပါရမီရှင်ထူးဖြစ်ရပါလို၏ဟူ၍ ဆုတောင်းမိသည်။

လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင် ရွှေတောင်ဦးတောင်တော်မှာ သီတင်းသုံးစဉ်အတွင်း အလုံမြို့၊ မုံရွာမြို့တို့မှ တပည့်ဒကာများ ဥပုသ်သီတင်းဆောက်တည်ကာ ႏ ရာတော်ကြီး၏ ဗုဒ္ဓဒေသနာတရားတော်များ နာကြားပြီး ကျင့်ကြံအားထုတ်ကြသည်။

လယ်တီဆရာတော်ကိုယ်တိုင် ကျောက်လိုဏ်ဂူဝစကြံကျောင်းမှာ ဝါကပ်တော်မူစဉ် အများသူငါ မှတ်သားနာကြားခွင့်ရစေခြင်းငှာ ဆရာတော်ကြီးကိုယ်တိုင် ဟောကြားတော်မူသည့် သံယုတ္တနိကာယ်၊ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သုတ္တန်ဒေသနာတော်တို့၌လာသော အာဟာရကမ္မဋ္ဌာန်းလေးပါး၊ ခန္ဓကမ္မဋ္ဌာန်းငါးပါးတို့ကို ပရိညာသုံးပါး အစီအရင်နှင့်တကွ ကမ္မဋ္ဌာနဝိဓိစကားအစဉ် ဟောကြားခဲ့သည်များကို "အာဟာရဒီပနီကျမ်း"အဖြစ် ရေးသားတော်မူခဲ့ပါသည်။ ၁၂၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင် ပြီးခဲ့ပါသည်။

ထို့ပြင် ၁၂၆၃ ခုနှစ်၊ ပြာသိုလတွင် တရားချစ်ခင်သူတော်ကောင်းများ ထင်လွယ်၊ မြင်လွယ်သော ဝေဒနာကမ္မဋ္ဌာန်းပဋိပတ်လမ်းကို ထုတ်ဖော်ညွှန်ပြနိုင်မည့် အနတ္တဒီပနီကျမ်းတစ်စောင် ရေးသားပြီးစီးခဲ့ပြန်သည်။

လယ်တီဆရာတော်ဘုရားကြီး ၁၂၆၄ ခုနှစ်၊ ဝါတွင်း ၃၇ ကြိမ်မြောက်၊ ရွှေတောင်ဦးတောင်တော်တွင် ဝါကပ်တော်မူစဉ် အလုံမြို့ရွှေကျောင်းဘုန်းကြီး ဦးဉာဏဝံသနှင့် လှူဒကာအဖြစ် ဦးထွန်းဦး(အလုံမြို့ အဘိဓမ္မာဆရာ) တို့မှ လိုက်ပြီး ဝတ်ကြီးဝတ်ငယ်ပြုစုပေးကြရုံမက လယ်တီသိမ်ဒါယကာ ဦးခိုင်၊ ဒေါ်ထွန်းဆင်၊ မုံရွာမြို့ စစ်ကဲကြီးဦးရိုက်၊ ဒေါ်ဖွားမယ်တို့ကလည်း ဥပုသ်သီလစောင့်ရင်း လိုက်ပါဝတ်ပြုခဲ့ကြသည်။

လယ်တီဆရာတော်ဘုရားကြီးသည် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ တိုက်တွန်းချက်အရ မြတ်စွာဘုရား၏အလိုတော်ကျ တရားဓမ္မနှင့်အညီ ဝိနည်းနှင့် စပ်လျဉ်းသော အမေးပုစ္ဆာ ၁၃ ချက်ကို ရေးသားဖြေဆိုတော်မူပြီး ထိုပုစ္ဆာဝိသဇ္ဇနာတို့ကို "ဓမ္မဒီပနီ"ကျမ်းဟု အမည်သမုတ်ကာ ရွှေတောင်ဦးတောင်တော်မှာ ၁၂၆၃ ခုနှစ်၊ ပထမဝါဆိုမှာ ရေးသားပူဇော်ခဲ့သည်။

လယ်တီဆရာတော်ဘုရားကြီးသည် ကျောက်လိုဏ်ဂူတွင်း တစ်ပါးတည်းကျင့်ကြံပွားများအားထုတ်ရင်း ရောဂါဝေဒနာ နှိပ်စက်ခံရသော်လည်း လူလော၊ နတ်လော ခွဲခြားမရသူ ပုဂ္ဂိုလ်က လာရောက်စောင့်ရှောက်ပေးခြင်း။

သာသနာနှင့်သက်ဆိုင်သော အိပ်မက်၊ ပုဗ္ဗနိမိတ်ထူးများ မြင်မက်ခြင်းများ ပေါ်ထွန်းခဲ့သည့် နေရာထူး ဖြစ်ပေသည်။

၁၂၆၄ ခုနှစ်၊ ဝါကျွတ်ကာလနောက်ပိုင်း လအတန်ကြာ ရွှေတောင်ဦးတောင်တော်တွင် သီတင်းသုံး ကမ္မဋ္ဌာန်းပွားများအားထုတ်ပြီးမှ အလုံမြို့၊ ရွှေကျောင်းသို့ပြောင်းရွှေ့သီတင်းသုံးခဲ့ပါကြောင်း။

ဓမ္မမိတ်ဆွေများ၊ ဘုရားဖူးခရီးစဉ်အဖြစ် မုံရွာမြို့ ငါးမိုင်အကွာ ရွှေတောင်ဦးစေတီဖူးမြော်ရင်း လယ်တီဆရာတော်ဘုရားကြီးအား ရည်မှန်းပူဇော် တရားကုသိုလ်ထူးများ ရနိုင်ကြပါစေ။

**မြနန်းရှင်**



www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ဖူး၊ ကျိုက်ပါဘုရား
# နှင့်
# လှူနှင့်ကျား၊ ကျားနှင့်ဂူ

**သိပ္ပံစိုးဝင်း (ပေါက္ခရဝတီ)**

တွံတေးမြို့ ကွမ်းဒေးလို့ခေါ်ဆိုသော မွန်စကား မြန်မာလို တောင်ကုန်းရွာခေါ်တွင်ပြီး ကွမ်းဒေးကနေ တွမ်တေး၊ တွမ်တေးကနေ ကာလရွေ့လျားပြီး ယခုတော့ တွံတေးဖြစ်လာတာ တွေ့ရှိရပါသည်။


ယခင် တွံတေးတောကြီးတန်းဆိုတာ လူအရောက်အပေါက်နည်းသော နေရာဖြစ်သည်။ တွံတေးတောအတွင်း၌ နာနတ်တောကြီးဆိုလျှင် လူသိများသော်လည်း မည်သူမှ မသွားဝံ့၊ မလာဝံ့ကြပေ။

သစ်တောကြီးငယ်များအပြင် ဝါးတောများ၊ နာနတ်တောများ ထူထပ်လှပေသည်။ တောထူထပ်သည်နှင့်အမျှ သားရဲတိရစ္ဆာန်များကလည်း အလွန်ပေါများသည်။ အထူးသဖြင့် အဆိပ်ပြင်းသော မြွေများနှင့်၊ ကျားဆိုးများ အလွန်ပေါလှသည်။




မြွေဆိုးပေါပုံနှင့် ပတ်သက်၍ ရွာခံတစ်ဦး၏ ပြောပြချက်အရ ကျွန်တော်၏ ဦးကြီးတစ်ယောက်ဆိုရင် တောစပ်တစ်နေရာမှာ ငါးရှဉ့်သွားထိုးတုန်းက အဖြစ်အပျက်ပေါ့။ မြေသားထဲကို ငါးရှဉ့်ဆူးထိုးသွင်းလိုက်တဲ့အခါ မြေကြီးထဲက ငါးရှဉ့်ကို ထိုးမိတယ်။ အဲ့ဒီလိုထိုးမိရော ငါးရှဉ့်ဆူးတံ ရွေ့ကို နှစ်တောင်လောက် နေရာရွေ့သွားသတဲ့။ အဲဒါနဲ့ လက်နဲ့နှိုက်စမ်းကြည့်တဲ့အခါ အကောင်ဘယ်လောက်ကြီးသလဲမပြောနဲ့ လုံးပတ်ကိုမိအောင် မဖမ်းနိုင်ဘူးတဲ့။ သူလည်း ဒီလောက်ကြီးတဲ့အကောင်မျိုး မမြင်ဖူး မတွေ့ဖူးတော့ ကြောက်ကြောက်လန့်လန့်နဲ့ ငါးရှဉ့်ဆူးကို ဆွဲနုတ်လိုက်တယ်။ အဲ့ဒီမှာ အကြေးခွံတစ်ခု ချိတ်ပါလာသတယ်။ နဂါးအကြေးခွံမျိုးပေါ့။ အဲ့ဒီလောက်ကို မြွေပေါခဲ့တာဟု ရွာခံတစ်ဦးက ပြော

www.burmeseclassic.com



**ကျိုက်ဖူး။ ကျိုက်ပါမှာ တည်ထားကိုးကွယ်သော ဘုရားပေါင်းတစ်ထောင်**

ပြုပေသည်။ ယခုထက်တိုင် ဒီနေရာတစ်ဝိုက်တွင် လူနေအိမ်ခြေမရှိဘဲ ဝါးတော၊ နာနတ်တောများနှင့် သစ်ပင်ချုံနွယ်များသာ ရှုပ်ထွေးလျက်ရှိသည်။ တောင်ကုန်း၊ တောင်တန်းများကလည်း နေရာအနှံ့အပြားရှိပေသည်။ ထိုတောထဲမှ တရားကျင့်ကြံအားထုတ်ခဲ့သော နေရာဂူပေါက်တစ်ခုရှိသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်က ဆရာတော်ဦးသီလာစာရ ရောက်လာပြီး ထိုဂူတွင်ဝင်ရောက်၍ တရားအားထုတ်ခဲ့သည့်နေရာ ဖြစ်ပေသည်။ နောင်သောအခါတွင် ဆရာတော်ကြီး၏ မူလဘွဲ့အမည်ထက် ဆရာတော် 'ဦးအုတ်' ဟူ၍ လူသိများ ထင်ရှားလာခဲ့သည်။ ဆရာတော်ဦးသီလာစာရဂူအတွင်း တရားကျင့်နေစဉ် အလွန်ကြီးသော ကျားကြီးတစ်ကောင်ရောက်လာပြီး အနှောင့်အယှက်မပေး၊ ရန်မပြုဘဲ စောင့်ရှောက်ပေးခဲ့သည်။ ဆရာတော်ဂူအတွင်းမှာ တရားအားထုတ်လျှင် ကျားကြီးက ဂူအပြင်မှစောင့်ပေးသည်။


ဆရာတော် ဂူအပြင်ထွက်၍ တရားအားထုတ်လျှင် ကျားကြီးက ဂူအတွင်းမှာ ဝင်၍နေလေသည်။ ကျားကြီး လာရောက်စောင့်ရှောက်ပေးသောကြောင့် တခြားသားရဲတိရစ္ဆာန်များရန်မှ ကင်းဝေးပြီး တရားအားထုတ်ခြင်းကို အေးချမ်းစွာ ပြုလုပ်နိုင်ခဲ့သည်။ အခြားတိရစ္ဆာန်များ ထိုနေရာသို့ ရောက်လာကြပါလျှင် ကျားကြီးဟိန်းသံကြားပါက အဝေးသို့ ထွက်ပြေးကုန်ကြသည်။

ဆရာတော်ကြီးသည် ဆွမ်းခံကြွရာတွင် တွံတေးတောကြီးမှထွက်ကာ ကျေးရွာများသို့ ဆွမ်းခံကြွလေ့ရှိသည်။ ထိုနေရာတစ်ဝိုက်မှ ရှေ့မီနောက်မီ ရွာသားများ ပြောပြချက်အရ နွေ၊ မိုး၊ ဆောင်း ကာလများတွင် ဆွမ်းခံကြွသည့်အခါ အထူးသဖြင့် မိုးတွင်းအခါများတွင် မိုးရွာနေစဉ် ဆွမ်းခံကြွလာစေကာမူ ဆရာတော်ကြီးသင်္ကန်းကို ဘယ်သောအခါမှ ရေစိုခြင်းမရှိသည်ကို သတိပြုမိကြကြောင်း ပြောပြကြသည်။

"သီလကို စောင့်ထိန်းသောသူသည် သီကလ ပြန်စောင့်ရှောက်တတ်ပေသည်" ဟူသောစကားသည် မှန်ကန်လှပေသည်။ ဆရာတော်ကြီးဦးသီလာစာရသည် သီလကို ကောင်းစွာစောင့်ထိန်းသောကြောင့် မမြင်အပ်သောပုဂ္ဂိုလ်များအပြင် သားရဲတိရစ္ဆာန်များဖြစ်သော ကျားကပင် လာရောက်စောင့်ရှောက်ပေးရသည်။

နောင်သောအခါတွင် ဆရာတော်ကြီးဦးသီလာစာရသည် တရားကျင့်ကြံအားထုတ်မှုကိစ္စ ပြီးမြောက်သွား၍ ထိုနေရာမှာ မရှိသောအခါ ဂူကိုလာရောက် စောင့်ရှောက်ပေးနေသော ကျားကြီးလည်း မရှိတော့ပေ။ ထိုကျားကြီး လာရောက်စောင့်ရှောက်ပေးခြင်းကို အစွဲပြု၍ ထိုဂူကို "ကျားဂူ" ဟူ၍ အမည်တွင်ခဲ့သည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်သည်။

ထူးဆန်းသည်မှာ ဆရာတော်ကြီး ဦးသီလာစာရ မရှိတော့သည့်နောက်ပိုင်းဝယ် ထိုကျားဂူအတွင်းသို့



**ကျား၏ အရိုး အုတ်ဂူ**



www.burmeseclassic.com

www.burmeseclassic.com

မည်သူမျှ ဝင်ရောက်ခြင်း၊ တရားအား ထုတ်ခြင်း၊ နေထိုင်ခြင်းပြုလုပ်၍ မရတော့ခြင်းဖြစ်သည်။ ကိုယ်တွေ့ကြုံရသူများ ပြောပြချက်အရ ထိုဂူအတွင်း၌ ဘီလူးအစောင့်အရှောက်ရှိပြီး ဝင်ရောက်ကြသူများအား နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ဖျက်ဆီးတတ်ပေသည်။ အချို့ဆိုလျှင် အစောင့်အရှောက် ဘီလူးက ကိုယ်ထင်ပြ၍ ခြောက်လှန့်ခြင်း၊ ထိုမျှဖြင့်မရပါက ဂူအပြင်သို့ ဆွဲထုတ်သည်အထိ နှောင့်ယှက်တတ်ပေသည်။

ထိုနေရာတစ်ဝိုက်တွင် သိုက်ကုန်းများ အလွန်ပေါများသောကြောင့် သိုက်စောင့်ပုဂ္ဂိုလ်များ၏ နှောင့်ယှက်ဖျက်ဆီးခြင်းလည်း ဖြစ်နိုင်ပေသည်။ ယခုအခါတွင်တော့ အကျင့်စာရိတ္တမှန်ကန်သူများ ဝင်ရောက်၍ တရားအားထုတ်ခွင့်ရပြီး ဖြစ်သည်။ သို့စေကာမူ ယနေ့ထက်တိုင်အောင် အကျင့်စာရိတ္တမမှန်ပါက ကျားဂူအတွင်းသို့ ဝင်ရောက်တရားအားထုတ်၍ မရနိုင်သေးဟု ဆိုပါသည်။ မည်သို့ပင်ဖြစ်စေ ကျားဂူသည် လူသူကဝေးပြီး ဆိတ်ငြိမ်အေးချမ်းသော နေရာကောင်းတစ်နေရာဖြစ်သောကြောင့် သူတော်ကောင်းတို့ သွားရောက်၍ အဓိဋ္ဌာန်ဝင်ခြင်း၊ တရားအားထုတ်ခြင်း ပြုသင့်သောနေရာတစ်ခု ဖြစ်ပါသည်။

ကျားဂူရှိရာသို့ တွံတေးမြို့နယ် ထော်သိုကျေးရွာအုပ်စု၊ ညောင်ထောက် ကျေးရွာဝန်းကျင် ဖောင်းတော်ချုပ်မှ ကျိုက်ဖူးကြိုက်ပါလမ်းအတိုင်းသွားပါက ကျားဂူရှိရာနေရာသို့ အလွယ်တကူ ရောက်နိုင်ပါကြောင်း၊ ထိုနေရာတိုင်အောင် ကားလမ်းဖောက်ထားပြီး ဖြစ်သောကြောင့် အချိန်မရွေး၊ ရာသီဥတုမရွေး ခြေလျင်သော်လည်းကောင်း၊ ကားဖြင့်သော်လည်းကောင်း သွားရောက်နိုင်ပါကြောင်း လမ်းညွှန်ရေးသားလိုက်ရပါသည်။

**ယခုကာလ ကျားဂူတောရ**

ယခုအခါ သီတင်းသုံးလျက်ရှိကြကုန်သော ရဟန်းသံဃာခြောက်ပါး စုပေါင်းပြီး ဥပုသ်သည်များအား သီလချီးမြှင့်ခြင်း၊ တရားဟောကြားခြင်း၊ ဝိပဿနာ၊ အခြေခံသဘောတရားများကို သင်ကြားပို့ချခြင်းများကို ဥပုသ်နေ့တိုင်း ချီးမြှင့်လျက်ရှိသည်။

ကျားဂူတောရကျောင်း၏ ဝိပဿနာအခြေခံ သင်တန်းကို အခြေခံမှစပြီး သာမန်ပုဂ္ဂိုလ်များ နားလည်သဘောပေါက်နိုင်အောင် လွယ်ရာမှခက်ရာသို့ အစီအစဉ် ရေးဆွဲပို့ချခြင်းဖြစ်၍ နာကြားရသူများ ကောင်းစွာသဘောပေါက် စိတ်ဝင်စားမှုရှိလာပါသည်။

ဥပုသ်သည်များ၏ တောင်းဆိုအကြံပြုချက်အရ သဘောတရားနှင့် လက်တွေ့ခုနစ်ရက် တရားစခန်းဖွင့်နိုင်ရေးအတွက် (၂၅ ပေ × ၆၀ ပေ) ရှိ ဓမ္မာရုံတစ်ရုံကို ဆောက်လုပ်ပြီးဖြစ်ပါသည်။

ဆက်လက်ပြီး မွန်မြတ်သည့် တရားအလှူကို လှူဒါန်းလိုသော အလှူရှင်များ၏ နည်း/များမဆို ပါဝင်လှူဒါန်းရန် ယောဂီ ၂၅ ဦးစာ ပေ ၄၀ အိမ်သာ၊ ရေချိုးခန်းတွဲလျက် ယောဂီဆောင်များကို တစ်လုံးလျှင် ကျပ်သိန်း ၆၀ ခန့် ကုန်ကျတွက်ချက်ပြီး ဆောက်လုပ်ရန်စီစဉ်လျက်ရှိသည်။

ကျားဂူတောရ ကျောင်းပိုင်မြေမှာ ရှာငယ်များ၊ အိမ်စုကလေးများနှင့် မလှမ်းမကမ်းတစ်စပ်တည်း ရှိပြီး မြေအကျယ်အဝန်း ဧက ၃၀ ကျော်ရှိပါသည်။

တောရိပ်တောင်ရိပ်ဖြင့် နေရာထိုင်ခင်း ကျယ်ဝန်းစွာ အေးအေးချမ်းချမ်း တရားအားထုတ်ရန် အလွန်ကောင်းလှပေသည်။ ရှေးနှစ်ပေါင်းများစွာကပင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ တရားအားထုတ် အောင်မြင်ခဲ့သော အောင်မြေဒေသ ဖြစ်ခဲ့ပါသည်။

ရှေးဟောင်းဘုရားများ ဖြစ်သည့် ကျိုက်ဖူးကျိုက်ပါဘုရား နှစ်ဆူကို ရွှေသက်န်းပြောင်ဝင်းစွာဖြင့် တောင်များပေါ်တွင် ကျောင်းမှ လှမ်း၍ဖူးမြော်နိုင်ရာ အလွန်ကြည်နူးဖွယ်ကောင်းလှပေသည်။

ကျားဂူ တောရကျောင်းသို့ လာမည်ဆိုပါက ရန်ကုန်ပန်းဆိုးတန်း သင်္ဘောဆိပ်မှ သင်္ဘောဖြင့်ကူး၊ ဒလကားဂိတ်မှ တွံတေးကားစီး၊ ဖောင်းတော်ချုပ်မှတ်တိုင်ဆင်း၊ ဆိုင်ကယ်ကယ်ရီ ၅၀၀ ပေးစီးလျှင် ရောက်ပါသည်။ မိမိကားဖြင့် လာပါက တွံတေးကားလမ်းအတိုင်းလာပြီး ဖောင်းတော်ချုပ်လမ်းအတိုင်းဝင်၍ ကျိုက်ဖူးကျိုက်ပါဘုရားနှစ်ဆူ အနောက်လက်ယာဘက် ချီးလာလျှင် ရောက်ပါသည်။

ဤဆောင်းပါးဖြင့် မြန်မာပြည်အရပ်ရပ်မှ သာသနာပြုပုဂ္ဂိုလ်များအား ဖိတ်ခေါ်လိုက်ပါသည်။

**သိပ္ပံစိုးဝင်း(ပေါက္ခ[illegible])**



www.burmeseclassic.com

www.burmeseclassic.com

# နှစ်သုံးရာကျော် စေတီတော် လောကနန္ဒသဿမာနိဒေ်အောင်



**အသျှင်စာရိတ္တ**

## တည်နေရာ

မန္တလေးတိုင်း၊ တံတားဦးမြို့နယ်၊ အင်းဝမြို့ဟောင်း သစ်တပ်အနီး၊ ဗားကရာကျောင်းကြီး၏ ဘယ်ဘက်တည့်တည့်တွင် ရှိနေပါသည်။ လောကဒုသသ(ဒုတ်သ)မာန်အောင်၏ အဓိပ္ပာယ်မှာ မာန်ငါးပါးကိုအောင်မြင်တော်မူသော လောကသုံးပါး၏ အဝတ်တန်ဆာသဖွယ်ဖြစ်သည့် မြတ်ဗုဒ္ဓဟူ၏။

မန္တလေး အမြန်လမ်းမကြီးမှ တံတားဦးသို့ ဆိုင်းဘုတ်လမ်းခွဲအတိုင်း ဝင်ရောက်လျှင် လမ်းဆုံတစ်ခု၌ ဆိုင်းဘုတ်တစ်ခု ထပ်တွေ့ရမည်။ မယ်နုအုတ်ကျောင်းဘက်နှင့် ဗားကရာကျောင်းကြီးဟူ၍ နှစ်ခုရှိရာတွင် ဗားကရာကျောင်းဘက်လိုက်ရမည်။ ဗားကရာကျောင်းအဝင်ဝ ကတ္တရာလမ်းဘေးတွင် ဆိုင်းဘုတ်တစ်ခုနှင့် မြေဝါလမ်းရှိ၏။ ကြောင်လိမ်ဝင်ပါ၊ လောကဒုသသမာန်အောင် ဘုရားများသို့ ညွှန်ပြရာအတိုင်းသွားလျှင် ရောက်ရှိဖူးမြင်ရပါမည်။

## စိန်ဖူး၊ ငှက်မြတ်နားတော်တင်ခဲ့ပုံ

၁၉၉၇ ခုနှစ်ဦးပိုင်းတွင် ယဉ်ကျေးမှုဝန်ကြီး ဦးအောင်စန်းနှင့် ဇနီး ဒေါ်ကြော့မေမိသားစုများ ကျိုက်ထီးဆောင်းသို့ ရောက်ရှိလာခဲ့ပါ၏။

လောကဒုသသမာန်အောင်စေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ တင်လှူပူဇော်နိုင်ရန် အလှူဝတ္ထုများ လာရောက်အပ်နှံပါသည်။ ပန်းထိမ်ဆရာကြီး ဦးအုံးမြင့်ကို ဆရာတော်မှ တာဝန်ပေးပြီး ဤအရှင်တို့ကို ဝိုင်းဝန်းလုပ်ဆောင်စေပါ၏။ ဦးသုဇာတ(သန်းထွန်း)နှင့် ဤအရှင်မှာ ပန်းထိမ်ခန်းတွင် နေ့စဉ်လုပ်ကိုင်ပေး၍ စိန်ဖူး၊ ငှက်မြတ်နားများ ပြီးစီးခဲ့ပါသည်။

(၁၀-၆-၉၇) ၁၃၅၉ ခု၊ နယုန်လဆန်း ၅ ရက်၊ အင်္ဂါနေ့ နံနက်ပိုင်းတွင် အင်းဝမြို့ဟောင်းရှိ လောကဒုသသမာန်အောင်အရောက် ကြွရောက်ခဲ့ကြပါသည်။ မင်္ဂလာအချိန် နံနက် ၉ နာရီခန့်မှ စတင်ပြီး ထီးတော်ကြီး ဘုံအဆင့်ဆင့်ကို ရထားပုံဖြင့် ပင့်ဆောင်တင်လှူကြပါသည်။ ငွန်းပန်း၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များကိုပါ အစဉ်အတိုင်း တင်လှူပူဇော်နိုင်ခဲ့ကြပါ၏။ ဝန်ထမ်းများ၏ဆန္ဒဖြင့် ဆင်းတုတော်၊ ဓမ္မသာလာဆောင်၊ တံခွန်တိုင်နှင့် ရေချမ်းစင်တို့ကိုပါ ပြုပြင်မွမ်းမံပြီး ရေစက်သွန်းချခဲ့ကြပါသည်။

## ယိုယွင်းနေပုံ

၂၀၁၅ ခု၊ ဖေဖော်ဝါရီလတွင် ၎င်းစေတီအနီးသို့ ဤအရှင်ရောက်ခဲ့သောအခါ ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ ယိုယွင်းနေကြောင်း တွေ့ရှိခဲ့ရ၏။ ဆိုင်းဘုတ်ပြားကြီးလည်း မရှိတော့။ အနီးရှိ တောင်သူမကြီးကို မေးမြန်းတော့ ရေကြီးစဉ်က မျောသွားပြီတဲ့။ ရေအိုးစင်လည်း ရွှေ့ပြောင်းသွားသတတ်။ ပန်းချီလာဆွဲနေသော မိသားစုလည်း ကားတစ်စီးနှင့် ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက်) ၁၃၇၆ ခု၊ တန်ခူးလပြည့်ကျော် ၇ ရက်၊ သောကြာနေ့တွင် ယဉ်ကျေးမှု ဝန်ကြီးသို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ပြုပြင်ခွင့်တင် ခဲ့ပါသည်။ ၇.၅.၂၀၁၅ တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် မန္တလေးဌာနခွဲသို့ ပြုပြင်ခွင့်ပြုထားကြောင်း သိရပါ၏။ မန္တလေးရုံးသို့သွား၍ ညွှန်မှူး ဦးညီမြင့်ထွန်းနှင့် တွေ့စဉ် ပင်းယနှင့် အင်းဝတာဝန်ခံ ဦးနေနိုင်ထွန်းနှင့်ပါ ဆုံခဲ့ ပါသည်။ ဒီဇင်ဘာလခန့်မှ လာရောက်ပြုပြင်နိုင်မည်ထင် ကြောင်းပြောကာ ရုံးစာမိတ္တူတောင်းပြီး ပြန်ခဲ့ပါ၏။

## သမိုင်းအကျဉ်း

လောကဒုဿမာန်အောင်စေတီကို အင်းဝညောင်ရမ်းခေတ်နှောင်းပိုင်း လက်ရာဟု ခန့်မှန်းထားပါသည်။ ရှေးဟောင်းမှ မှတ်တမ်းစတင်စဉ် ကျောက်စာကမ္ပည်းပြားကြီးတွင် "လောကဒုဿမာန်အောင်"ဟု တွေ့ရ၏။ သက္ကရာဇ် ၁၀၇၅ ခု၊ တနင်္ဂနွေမင်း၏မိဖုရား သန္တာဒေဝီကောင်းမှုဟု ဦးနေနိုင်ထွန်းက ဦးကုလား၏ မဟာရာဇဝင်ကြီးတွင် ဖော်ပြထားမှုကိုပြသည်။

မှန်နန်းရာဇဝင်တွင်မူ "ဘလဲပ"စေတီကို လောကဒုဿမာန်အောင်ဟု သမုတ်၍ တနင်္ဂနွေမင်းက ရွှေထီးတော် တင်ခဲ့ကြောင်းဆို၏။ (AD ၁၇၁၁ ခု၊ ဧပြီ ၂၂၊ တနင်္ဂနွေ) သက္ကရာဇ် ၁၀၇၃ ခု၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ နံနက် လေးချက်တီးကျော်၊ လေးနာရီတွင် "ဘလဲပ" ကောင်းမှုတော် မြေနေရာကြည့်ရသည်။

အေဒီ (၁၇၁၂ ခု၊ ဒီဇင်ဘာ ၂၅) သက္ကရာဇ် ၁၀၇၃ ပြာသိုလဆန်း ၁၀ ရက်၊ "ဘလဲပ"ကောင်းမှုတော်စေတီကို ကိုယ်တော်တိုင် ရွှေအုတ်၊ ငွေအုတ်ခင်း၍ တည်တော်မူ သည်ဟု တွေ့ရ၏။

(၁၇၁၅ ခု) သက္ကရာဇ် ၁၀၇၇ မြတ်နန်းဘုံစံနန်းတော် ခမည်းတော်ဘုရားကောင်းမှုတော် "ဘလဲပ"စေတီတော်ကို လည်း ရွှေထည့်တော်မူပြီးလျှင် "လောကဒုဿမာန်အောင်" သမုတ်တော်မူ၍ ရွှေထီးတင်တော်မူသည်။

(၁၇၃၃ ခု၊ နိုဝင်ဘာ ၃) သက္ကရာဇ် ၁၀၉၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် စနေနေ့တွင် အင်းဝဘုရင် စနေမင်း နတ်ရွာစံပြီး တနင်္ဂနွေမင်း နန်းတက်ကာ "ဘလဲပ" စေတီတော်ကိုလည်း ရွှေထည့်တော်မူ၍ ထီးတော်အထွတ် တင်လှူ၏။

(၁၇၃၉ ခု၊ ဧပြီလ) သက္ကရာဇ် ၁၁၀၁ ခု၊ ကဆုန်လ တွင် အင်းဝမြို့ အရှေ့တောင်ထောင့်ကသည် ထောင့်လေး ထောင့်ကို ဝဲလျှောက်ပြီးလျှင် "ဘလဲပ" လောကဒုဿမာန် အောင်ကို ပတ်၍ အနောက်ဆင်ရဆိပ်၊ မြို့အနောက်မြောက် ထောင့်သို့အဆိုက် သစ်တပ်ကြီးတည်တော်မူ၏ဟူ၍ မှန် နန်းမဟာရာဇဝင်တော်ကြီးတွင် တွေ့ရှိရပါသည်။

နှစ်ပေါင်း ၃၀၀ ကျော်ကလက်ရာဟု ဆိုနိုင်ပါမည်။ မည်သည့်အဆို မှန်မည်ကို သက်သေပြရန်မှ ခဲယဉ်းနေပါ၏။

## ထူးခြားဆန်းပြားသော ဗိသုကာလက်ရာ

စေတီတော်၏ပုံကို ဓာတ်ပုံတွင် မြင်နိုင်၏။ စက်ဝိုင်း ခြမ်းနှင့် တြိဂံထောင့်ချွန်များကို ဆက်စပ်ပတ်ခွေထားသည်။ ထို့ကြောင့် "ဘလဲပ"ဟုခေါ်ခြင်းပင်။ တြိဂံအချွန်ထောင့် ပစ္စယံ၏ အောက်ဆုံးအဆင့်တွင် ခြင်္သေ့ပုံများ တင်ထား၏။ အဝိုင်းခြမ်း၊ တြိဂံအချွန်ပုံများအတိုင်း ဖောင်းရစ်အဆုံးထိ တက်ထားသည်။ ဖောင်းရစ် ၁၅ ဆင့်ရှိနေ၏။ ကြာမှောက်၊ ကြာလှန်မှာ ရွှေဖရုံသီးပုံခြမ်းလို ဖြစ်သည်။

ခေါင်းလောင်းနှင့် သပိတ်မှောက်ရှိ ပန်းကနုတ်လက် ရာများမှာ အနုစိတ်လှ၏။ အခြေမှ တဖြောင့်တည်း ရှူးတက် သွားပုံမှာ အချိုးကျလှ၏။ မကိုင်ခေါင်းဆောင်းပုံမျိုးပင်။ ရှားပါးသော ညောင်ရမ်းခေတ် အင်းဝလက်ရာဟောင်းတစ်ခု ဖြစ်ပါသည်။ ရင်ပြင်ထောင့်လေးခုတွင် ပုထိုးပုံအုတ်တိုက် ဟောင်း လေးခုလည်း ရှိထား၏။ ၎င်းအတွင်း ပလ္လင်ခုံဟောင်း ရာကြောင့် ရုပ်ပွားများရှိနိုင်သည်။ ဓမ္မသာလာဆောင်အတွင်း မှ ရုပ်ပွားတော်သည်လည်း ခေတ်ဟောင်းလက်ရာမျိုးဖြစ်၏။ တံခွန်တိုင်မှာ သစ်လုံးနှင့်ထုထား၏။

ထီးတော်များမှာ ခေတ်သစ်လက်ရာများ ဖြစ်နေပြီး ရှေးဟောင်းပစ္စည်းများကြားတွင် အမြင်သစ်နေကြသည်။ ရှေးဟောင်းလက်ရာ ကျောက်ထီးပုံမျိုး ပြန်လည်တင်လှူသင့် ပါ၏။ ထီးဒါယကာကို မျှော်လင့်စောင့်စားနေပါသည်။

အသျှင်ဈာရိတ္တ

www.burmeseclassic.com

www.burmeseclassic.com

# ထောင်ပြည့်စေတီ ရွှေဂူနီ

မောင်ယဉ်ကျေး(တာချီလိတ်)



ရွှေဂူနီမြတ်ဘုရား ရုပ်ပွားတော်


သလ္လာဝတီမြို့တော်ဟု တင်စား ခေါ်ဝေါ်ကြသည့် မုံရွာမြို့၏ အရှေ့ဘက်တွင် နာမည်ကျော် ကျောက္ကာရွာတည်ရှိပါသည်။ ကျောက္ကာရွာကား အဘယ့်ကြောင့် ထင်ရှားရပါသနည်း။ တန်ခိုးထင်ပေါ် ရွှေဂူနီစေတီတော်ကြီးတည်ရှိရာ သာသနာ့အောင်မြေ ဖြစ်သလို မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော ကျောက္ကာယွန်းထည်လုပ်ငန်းကြောင့်လည်း မြန်မာပြည်တစ်ဝှမ်းသာမက ကမ္ဘာကပါ ကျောက္ကာကို သိရှိကြသည်။

အမှန်စင်စစ်အားဖြင့် ကျောက္ကာရွာသည်ကား သရေခေတ္တရာခေတ်ကပင် စတင်တည်ထောင်ခဲ့သော သမိုင်းကြောင်းရှည်လျားသည့် ရှေးဟောင်းသမိုင်းဝင် ကျေးရွာကြီး၊င်ဖြစ်သည်။ ယခု ကျောက္ကာရွာတည်ရှိသည့် နေရာအနီးတွင် ကျောက်သံမြို့ဟုခေါ်တွင်သည့် စည်ကားသာယာသော မြို့တစ်မြို့ တည်ရှိခဲ့သည်။ ကျောက်သံမြို့သည်လည်း နယ်နယ်ရရမြို့မဟုတ်။ မြို့၏ အရှေ့ဘက် သဲဖြူချောင်းအနီးဝယ် သာသနာ့ဒါယကာ သိရှိမှာသောက



www.burmeseclassic.com

www.burmeseclassic.com



ရွှေဂူနီဆုတောင်းပြည့်ဘုရားကြီး

မင်းကြီး၏ ကုသိုလ်တော် အသောက စေတီတော်နှင့် အသောကကျောက်တိုင်ကြီး တည်ရှိခဲ့သည့် သမိုင်းဝင်မြို့တစ်မြို့ပင် ဖြစ်သည်။

သရေခေတ္တရာမင်းဆက် ၂၅ ဆက်၊ ပုဂံမင်းဆက် ၄၂ ဆက်မြောက် စုက္ကတေးမင်းတို့အကြားကာလအတွင်း ကျောက်သံမြို့သည် တိမ်းပါးပျက်စီးခဲ့ရလေသည်။ ထို့အတူ သဲဖြူချောင်းကမ်းပြိုဖုံးလွှမ်းမှုကြောင့် အသောကစေတီတော်မှာလည်း သစ်ပင်ချုံနွယ်ပိတ်ပေါင်းတို့ ဖုံးလွှမ်းကာ တောင်ကုန်းတစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ရလေသည်။

ကျောက်သံမြို့ ပျက်စီးလေသော မြို့သူမြို့သားအပေါင်းတို့မှာ ရေကြည်ရာ၊ မြက်နုရာဒေသအသီးသီးသို့ ပြောင်းရွှေ့နေထိုင်ကြရသော်လည်း အချို့သော မြို့သူမြို့သားတို့ကား ဒေသသံယောဇဉ်ကြောင့် မြို့ဟောင်း၏ အရှေ့မြောက်အရပ်တွင် ရွာသစ်တည်ထောင်နေထိုင်ကြ လေသည်။ ထိုရွာသည် တောင်ကုန်းများဝန်းရံတည်ရှိနေပြီး ရွာစည်းရိုးအဖြစ် ကျောက်တိုင်၊ ကျောက်ပြားများအား စိုက်ထောင် ကာရံထားရှိကြရာမှ ကျောက်ကာ(ကျောက္ကာ)ရွာဟု အမည်ထင်ရှားလာလေတော့သည်။

သာသနာသက္ကရာဇ် ၁၉၄၄၊ ကောဇာသက္ကရာဇ် ၇၆၂ ခုနှစ်တွင် ပထမအင်းဝမင်းဆက်၏ လေးဆက်မြောက် ဘုရင်မင်းခေါင်ကြီး ထီးနန်းအုပ်ချုပ်လေသည်။ ထိုမင်းလက်ထက်၌ ကျောက္ကာရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများအား အစုအဖွဲ့ပြုကာ ကျောက္ကာရွာအား ပဓာနရွာအဖြစ်သတ်မှတ်ပြီး အုပ်ချုပ်သူအဖြစ် ကျောက္ကာမင်းကိုလည်းထားရှိလေသည်။ ကျောက္ကာမင်းလည်း ချုံနွယ်တို့ပိတ်ဖုံးနေသော အသောကစေတီကုန်းအား ရှင်းလင်းကာ ကုလားကျောင်းတိုက်ခံ တဝဏ္ဍ လိုဏ်ဖြင့် ဘုရားစေတီတည်လေရာ ရွှေဂူဘုရားဟု ဘွဲ့မည်တော်ထင်ရှားလေသည်။ ရွှေဂူဘုရားတည်ပြီးနောက်

www.burmeseclassic.com

နှစ်ပေါင်း ၁၃၂ နှစ်အကြာ သက္ကရာဇ် ဂဂဂ ၌ အင်းဝတွင် သိုပဲ့ဘွားနန်းစံ၏။ ထိုမင်းလက်ထက်တွင် မြို့ပြပြည်ရွာများ ပျက်စီးလေသည်။ ကျောက္ကာရွာသည်လည်း မီတင်းနေထိုင်သူ အများစုမှာ အခြားမြို့များသို့ ပြောင်းရွှေ့နေထိုင်ကြလေသဖြင့် အိမ်ခြေ အနည်းငယ်မျှသာ ကျန်ရစ်ကာ ရွှေဂူ စေတီတော်မှာလည်း စောင့်ရှောက်သူကင်းမဲ့၍ ကာလကြာမြင့်သော် တိမ်းပါးပျက်စီးရပြန်လေသည်။

သက္ကရာဇ် ၉၉၁ ခုနှစ်တွင် ဒုတိယအင်းဝမင်းဆက် လေးဆက်မြောက် သာလွန်မင်းတရား အင်းဝရွှေနန်း၌ စိုးစံလေသည်။ သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၉၉ဂ ခုနှစ်တွင် ကျောက္ကာရွာနေ နွားကျောင်းသား မောင်ဆုအောင်အား သိကြားမင်းမှာပူးကပ်ကာ သီရိဓမ္မာသောကမင်းကြီး၏ ကုသိုလ်တော် အသောကစေတီတော်အကြောင်း ပြောကြားပြီး ရှာဖွေရန် နှိုးဆော်လေရာ ဆရာတော် သံဃာတော်များ၊ ရပ်ရွာလူကြီးများလည်း သိကြားမင်း၏ နှိုးဆော်ချက်အတိုင်း ရှာဖွေလေရာ အသောကကျောက်စေတီငယ်အား တွေ့ရှိဖူးမြော်ကြရလေသည်။ သို့ဖြင့် ကျောက္ကာရွာ အရှင်ဉာဏမဥ္ဇူ အမှူးပြု၍ သံဃာတော်များ၊ ရပ်ရွာလူအများတို့မှ ဝမ်းမြောက်ဝမ်းသာဖြင့် မူလ အသောကစေတီငယ်အား ဌာပနာပြုကာ သက္ကရာဇ် ၉၉၉ ခုနှစ်တွင် စေတီတော်အား စတင်တည်ထားလေရာ သက္ကရာဇ် တစ်ထောင်ပြည့်နှစ် ကဆုန်လပြည့်ကျော် ၅ ရက်နေ့၌ ပြီးစီးအောင်မြင် ရွှေထီးတော်တင်လေသည်။

စေတီတော်ကား ရွှေတိဂုံစေတီတော်၏ပုံစံကို ပြုလုပ်ထားခြင်း၊ လိုဏ်မှန်နှစ်ဆင့်ပါရှိခြင်း၊ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်ပြုရာ မြောက်အရပ်သို့ လိုဏ်ဝမျက်နှာတော်မူ၍ ရုပ်ပွားတော်ထားရှိခြင်း၊ လိုဏ်ဂူတော်အား အမိုးတော်၊ နံရံတော်မှအစ ဟင်္သာပြဒါးလိမ်းခြယ်ပူဇော်ထားခြင်းတို့ကြောင့် ရွှေဂူနီစေတီတော်ဟု ဘွဲ့မည်ထင်ရှားလေသည်။

သာလွန်မင်းတရားကြီးသည်. . . သိကြားပူးကပ်သည်ဟု ကျော်စောသော မောင်ဆုအောင်အား အင်းဝရွှေနန်းတော်သို့ ခေါ်ဆောင်စစ်မေးလေသော် အတိတ်ကာလနှစ်ပေါင်း သုံးကုဋေခြောက်သန်းကျော်က သိကြားမင်း၊ သာလွန်မင်းနှင့် မောင်ဆုအောင်တို့သည် လွန်စွာချစ်ခင်ရင်းနှီးသော သူငယ်ချင်းများဖြစ်ခဲ့ကြခြင်း၊ စစ်ကိုင်းကောင်းမှုတော် ရာဇမဏိစူဠာဘုရားတည်တော်မူစဉ် သိကြားမင်းမှ စောင့်ရှောက်မှုပြုခဲ့သည့် ခြင်းရာတို့ကို သိကြားမင်းမှ ထင်ရှားစွာ ပြသပြောကြားခဲ့သည်တို့ကြောင့် မောင်ဆုအောင်သည် သိကြားပူးကပ်သည်ဟု မဟုတ်မမှန် လိမ်ညာလှည့်ဖျားခြင်း အလျဉ်းမရှိကြောင်း သိရှိရလေသော် ဝမ်းမြောက်ဝမ်းသာဖြင့် ဆုလာဘ်များ ပေးသနားစောင့်ရှောက်လေသည်။ ထို့ပြင်တဝ သိကြားမင်းလမ်းညွှန်ပြသသော အသောကစေတီအား အခြေတည်ကာ တည်ထားတော်မူသည့် ရွှေဂူနီစေတီတော်အား ဝတ္တကမြေသတ်မှတ်လှူဒါန်းခြင်း၊ ပူဇော်ရာနေရာ၌ ဆင်ဖြူတော်ရုပ် တည်ထားစေခြင်း စသည့် ပူဇော်သက္ကာရမှုကို ပြုလေသည်။

ရွှေဂူနီစေတီတော်ကား ထူးခြားလှစွာဖြင့် နတ်မင်းကြီးငါးပါး စောင့်ရှောက်အပ်သော စေတီတော်လည်းဖြစ်ပေသည်။ စေတီတော်၏ အရှေ့အရပ်၌ ညောင်ဗုဒ္ဓဟောပင်၊ တောင်အရပ်၌ သပြေပင်၊ အနောက်အရပ်၌ ပိတောက်ပင်၊ မြောက်အရပ်၌ မန်ကျည်းပင်၊ ဘုရားပရိဝုဏ်အတွင်း၌ ချယားပင် (ခရေပင်)စသည့် အဓိကရသစ်ပင်ကြီး ငါးပင်ရှိခဲ့ပြီး ထိုသစ်ပင်ကြီးငါးပင်တွင် ရုက္ခစိုးနတ်မင်းကြီးငါးပါးနေထိုင်ကြကာ စေတီတော်နှင့် ဘုရားဖူးတို့အား အမြဲမပြတ် ထာဝရစောင့်ရှောက်ကြကြောင်း။ ယခုအခါ ထိုသစ်ပင်ကြီးများမရှိတော့သော်လည်း နတ်မင်းကြီးငါးပါးတို့သည် သင့်လျော်ရာနေရာသစ်၌ နေထိုင်ကြကာ စေတီတော်အား အမြဲစောင့်ရှောက်လျက်ရှိကြောင်း အလုံကိုဏ်းအုပ် ကျောက္ကာတောင်ဖီလာဆရာတော်၏ မိန့်ကြားချက်အား တပည့်စဉ်ဆက် မှတ်သားနာခံလျက်ရှိကြပေသည်။


ထိုသို့ • • •ထူးမြတ်လှစွာသော ကျောက္ကာရွှေဂူနီ မြတ်စွာဘုရားသည်

၁။ သိကြားမင်း ညွှန်ပြအပ်သော အသောကစေတီကို အခြေတည်၍ ရွှေဂူနီစေတီ ဖြစ်ပေါ်လာရခြင်း။

၂။ များစွာသော စေတီတို့နှင့် မတူ တစ်မူထူးခြားလျက် မြောက်သို့တူရူ မျက်နှာမူသော ရွှေဂူနှစ်ဆင့်ဖြင့် တင့်တယ်ထူးခြားခြင်း။

၃။ သာလွန်မင်းတရား၏ မှူးမတ်များ ဘုရားဖူးမြော်ပူဇော်ရန် ရောက်ရှိ

www.burmeseclassic.com



**ရွှေဂူနီမြတ်စွာဘုရားအား ဖူးမြော်ပူဇော်လျက်ရှိသော ရတနာပြောင်မွန်ဆင်တော်**

သောအခါ ရတနာပြောင်မွန်ဆင်တော် အလိုအလျောက် တုပ်ဝပ်ပူဇော်ခြင်း။

၄။ လိုဏ်ဂူတော်အတွင်း အင်းအိုင်ခါးလှည့် လက်ဖွဲ့ဆေးဝါး ဂါထာမန္တရားများကို သိဒ္ဓိတင်လျှင်သော်လည်းကောင်း၊ အဓိဋ္ဌာန်ပုတီးစိပ်လျှင်သော်လည်းကောင်း တန်ခိုးကြဒ္ဓိ သိဒ္ဓိပေါက်အောင်မြင်ခြင်း။

၅။ ဘုရားဖူးသူ၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊ အမွှေးနံ့သာ ပူဇော်လှူဒါန်းသူတို့နေ့စဉ်မစဲ အမြဲနီစွာဘတ်ရှိခြင်း။

၆။ ရာထူးဌာနန္တရ စည်းစိမ်ဥစ္စာ ရတနာပဟူသော အကြောင်းကြောင့်လည်းကောင်း၊ မင်းပြစ်မင်းဒဏ် ဘေးအန္တရာယ်အသွယ်သွယ်ဟူသော . . . အကြောင်းကြောင့်လည်းကောင်း၊ စေတီထံမှောက် လာရောက်ဖူးမြော်၍လည်းကောင်း၊ တမ်းတ၍လည်းကောင်း ဆုတောင်းပတ္ထာနပြုပါက လိုအပ်သောဆုပြည့်ဝစေခြင်း။

၇။ ဓာတ်တော် မွေတော် ကိန်းဝပ်စံပျော်တော်မူသဖြင့် စေတီတော် အကြိမ်ကြိမ် ထပ်မံ၍ပူဇော်ရခြင်း။

၈။ ရွှေဂူနီရုပ်ပွားတော်မြတ်သည် ရွှေသက်န်းကပ်လှူကြသူ သဒ္ဓါစွမ်းကြောင့် ရွှေတုံးရွှေခဲကြီး ဖြစ်နေခြင်း။

၉။ စေတီတော်အရှေ့ အဓိဋ္ဌာန်ကျောက်တုံးကိုချိမ၍ သစ္စာပြုသော် စေတီတော်တန်ခိုးကြောင့်၊ အကျိုးကြောင့် ကောင်းဆိုးအဝဝကို တိကျစွာသိရှိရခြင်း စသည့် ထူးခြားသော အံ့ကိုးပါးနှင့်လည်း ပြည့်စုံလေသည်။

သီရိဓမ္မာသောကမင်းကြီးမှ အစပြုလျက် သာလွန်မင်းတရားကြီးမှသည် ယနေ့မျက်မှောက် ကာလတိုင်အောင် သာသနာပြု မင်းကောင်းမင်းမြတ်များနှင့်တကွ ရဟန်း၊ ရှင်လူ ဒါယကာအများ၏ ဆင့်ပွားပြုပြင် မွမ်းမံပူဇော်မှုများကြောင့် သာသနာ့သမိုင်းဝင် ကျောက္ကာ ရွှေဂူနီမြတ်စွာဘုရားသည် သာသနာ့အောင်လံလွှင့်ထူလျက် ကြည်ညိုဖွယ်ရာ စံပယ်တော်မူလျက်ရှိရာ တစ်ခါတစ်ခေါက် လာရောက်ဖူးမြော်ကြရင်း တမာနံ့သင်းသော အညာကျေးလက်ဒေသထွက် ကျောက္ကာရွာဖြစ် ယွန်းကွမ်းအစ်လေးများဖြင့် နေအိမ်ဧည့်ခန်းများအား အလှဆင်ယင်နိုင်ကြပါကြောင်း သတင်းကောင်းပါးလိုက်ရပါတော့သည်။

**မောင်ယဉ်ကျေး(တာချီလိတ်)**

**ကျမ်းကိုး**

"ရွှေဂူနီမြတ်စွာဘုရားသမိုင်း"၊ ဘဒ္ဒန္တကုဏ္ဍလ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

www.burmeseclassic.com

# ခုနစ်ရက်သားသမီးများအတွက် ဘဝတစ်သက်တာ ဟောစာတမ်း

(အတူးဟောထားခြင်းဖြစ်သည်)

**မင်းသိခ်**

ဆရာကြီး ဒေါက်တာမင်းသိခ်သည် မကွယ်လွန်ခင်က ခုနစ်ရက်သားသမီးများအတွက် ဘဝတစ်သက်တာ ဟောစာတမ်းနှင့် ယတြာစာအုပ်ကို ၂၀၀၈ ခုနှစ်၊ မေလတွင် ရေးသားထုတ်ဝေ၍ လာဘ်မိုးရွာ စာပေတိုက်မှ ဖြန့်ချိခဲ့ပါသည်။

၄င်းစာအုပ်သည် ယခု ၂၀၁၅ ခုနှစ်ထိတိုင်လည်းကောင်း၊ တစ်သက်တာအထိသော်လည်းကောင်း အသုံးဝင်လျက် ရှိပါ၏။ သို့ဖြစ်ပါ၍ မိမိတို့ အယ်ဒီတာအဖွဲ့သည် ၄င်းစာအုပ်မှ မြန်မာသက္ကရာဇ်၏ ရေးသားချက်ကို အနှစ်ထုတ်၍ ပြန်လည်တင်ပြလိုက်ပါသည်။

| | | | | |
|---|---|---|---|---|
| ၁၂၉၆ | ၁၃၀၃ | ၁၃၁၀ | ၁၃၁၇ | ၁၃၂၄ |
| ၁၃၃၁ | ၁၃၃၈ | ၁၃၄၅ | ၁၃၅၂ | ၁၃၅၉ |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူ မည်သည့်နေ့သားမဆိုတို့သည် အောက်ပါဟောချက်များနှင့် အကျုံးဝင်၏။

(၁) လူမှုရေး၊ နိုင်ငံရေး၊ အသင်းအဖွဲ့များနှင့် လုံးဝအကျိုးမပြုပါ။

(၂) အများစုအတွက် ကိုယ်က အနစ်နာခံ၍ လုပ်ကိုင်ပေးရတော့၏။

(၃) လူယုံမွေး၍ မရပါ။ ဆရာမွေး၊ တပည့်မွေး၊ အကျိုးမပြုပါ။

(၄) ထည်ဝါစွာ နေထိုင်ရတတ်၏။

(၅) မည်မျှစိတ်ရင်းစေတနာထား၍ လုပ်ကိုင်ပေးစေကာမူ လူအများ၏ မနာလိုမှု၊ ယှဉ်ပြိုင်မှု၊ ပြစ်တင်ရှုံ့ချမှု၊ သိက္ခာချမှုများကို မကြာခဏ ကြုံတွေ့ရတတ်၏။

(၆) အရေးကြီးသော လုပ်ငန်းများကို နယုန်လ၊ သီတင်းကျွတ်လတို့တွင် လုပ်ကိုင်မိပါက အောင်မြင်မှု ရရှိတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၇) ဤခုနှစ်တွင် မွေးဖွားသောလူများအနေဖြင့် ထာဝရဆောင်ရမည့်၊ လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင် ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

| | |
|---|---|
| တနင်္ဂနွေသားသမီးများအတွက် | မေမြို့ ၅ ပွင့်၊ သီဟိုဠ် ၆ ညွန့် |
| တနင်္လာသားသမီးများအတွက် | သီဟိုဠ် ၆ ညွန့်၊ နှင်းဆီ ၇ ပွင့်၊ စံပယ် ၃ ကုံး |
| အင်္ဂါသားသမီးများအတွက် | နှင်းဆီ ၇ ပွင့်၊ စံပယ် ၃ ကုံး(သို့မဟုတ်)ဇော်စိမ်း ၃ ညွန့် |
| ဗုဒ္ဓဟူးသားသမီးများအတွက် | မေမြို့ ၅ ပွင့် |
| ကြာသပတေးသားသမီးများအတွက် | သီဟိုဠ် ၆ ညွန့်၊ စံပယ် ၃ ကုံး၊ မေမြို့ ၅ ပွင့် |
| သောကြာသားသမီးများအတွက် | စံပယ် ၃ ကုံး၊ နှင်းဆီ ၇ ပွင့်၊ သီဟိုဠ် ၆ ညွန့် |
| စနေသားသမီးများအတွက် | မေမြို့ ၅ ပွင့်၊ နှင်းဆီ ၇ ပွင့် |

(၈) ကျောက်မျက်ရတနာအနေဖြင့် နီလာကို ဝတ်ဆင်သင့်ပေသည်။ ဒုတိယဝတ်ဆင်သင့်သော ရတနာမှာ မြ၊ ပတ္တမြား၊ သန္တာ ဖြစ်သည်။

(၉) အရောင်အနေဖြင့် အရောင်ရင့်များ၊ အနက်ရောင်များသည် သင့်တော်သောအရောင် ဖြစ်သည်။

(၁၀) အကြံပြုလိုသည်မှာ မိဘ၊ ဆရာသမား၊ သက်ကြီးရွယ်အိုတို့အား မကြာခဏ ပူဇော်ပေးပါ။ မည်သူ့ကိုမျှ မာမာတင်းတင်း မဆက်ဆံပါနှင့်။

(၁၁) တစ်သက်လုံး ကိုးကွယ်မည့် ဘုရားဆင်းတုတော်အား ထိန်သားဖြင့် ထုလုပ်၍ ရှင်သီဝလိအား ပေါက်သား ပျဉ်းမသားဖြင့် ထုလုပ်ပြီး ရှင်ဥပဂုတ္တကိုမူ သီးသားဖြင့် ထုလုပ်သင့်ပါသည်။

□□□

| | | | | |
|---|---|---|---|---|
| ၁၂၉၇ | ၁၃၀၄ | ၁၃၁၁ | ၁၃၁၈ | ၁၃၂၅ |
| ၁၃၃၂ | ၁၃၃၉ | ၁၃၄၆ | ၁၃၅၃ | ၁၃၆၀ |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူ မည်သည့်နေ့သားမဆိုတို့သည် အောက်ပါဟောချက်များနှင့် အကျုံးဝင်၏။

(၁) လူမှုဆက်ဆံပေါင်းသင်းရေးတွင် ခေါင်းမာသူ၊ တယူသန်သူ၊ တဇွတ်ထိုးပြုမူ ဆောင်ရွက်တတ်သူဟု အထင်ခံရ တတ်၏။

(၂) ပတ်ဝန်းကျင်ကို ဂရုမထားဘဲ ကောင်းကောင်းဆိုးဆိုး တယူသန် တဇွတ်ထိုး ပြုမူပြောဆို လုပ်ကိုင်တတ်၏။

(၃) လုပ်ချင်သည့်ကိစ္စကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လုပ်ကိုင်တတ်၏။ မိသားစုကိစ္စ၊ အိမ်တွင်းရေးကိစ္စများကို လည်း ပြန်၍လှည့်မကြည့်တတ်ပေ။

(၄) တန်ခူးလနှင့် တန်ဆောင်မုန်းလတို့၌ အရေးကြီးသော လုပ်ငန်းများ လုပ်ကိုင်မိပါက အောင်မြင်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com

(၅) အဆောင်ကျောက်အဖြစ် ဝတ်လိုပါက ပတ္တမြားကို ဝတ်ဆင်နိုင်ပါသည်။ ကံကောင်းသောအရောင်မှာ အနီရောင်၊ ကြက်သွေးရောင် ဖြစ်ပါသည်။

(၆) တဖွတ်ထိုး ပြုမူပြောဆိုလုပ်ကိုင်မှုကို ရှောင်ပြီး လုပ်ကိုင်ဆောင်ရွက်ပါက အောင်မြင်တိုးတက်မှုများ ရလိမ့်မည်။

(၇) အုပ်ချုပ်ရေးအလုပ်နှင့် အကျိုးပေးသည်။

(၈) ဤခုနှစ်တွင် မွေးဖွားသောလူများအနေဖြင့် ထာဝရဆောင်ရမည့်၊ လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

| | |
|---|---|
| တနင်္ဂနွေသားသမီးများအတွက် | သီဟိုဠ် ၆ ညွန့်၊ အုန်း ၁ ညွန့် |
| တနင်္လာသားသမီးများအတွက် | သီဟိုဠ် ၆ ညွန့်၊ နှင်းဆီအဖြူရောင်(သို့မဟုတ်)ပန်းရောင် ၇ ပွင့် |
| အင်္ဂါသားသမီးများအတွက် | နှင်းဆီအနီရောင်(သို့မဟုတ်)ပန်းရောင် ၇ ပွင့်၊ ရွက်လှ ၄ ညွန့်၊ အုန်း ၁ ညွန့် |
| ဗုဒ္ဓဟူးသားသမီးများအတွက် | အုန်း ၁ ညွန့်၊ ရွက်လှ ၄ ညွန့် |
| ကြာသပတေးသားသမီးများအတွက် | သပြေ ၆ ညွန့် |
| သောကြာသားသမီးများအတွက် | နှင်းဆီအဖြူ(သို့မဟုတ်)ပန်းရောင် ၇ ပွင့်၊ ရွက်လှ ၄ ညွန့်၊ သီဟိုဠ် ၆ ညွန့် |
| စနေသားသမီးများအတွက် | ရွက်လှ ၄ ညွန့်၊ အုန်း ၁ ညွန့်၊ နှင်းဆီအနီရောင် ၇ ပွင့် |

(၉) တစ်သက်လုံး ကိုးကွယ်မည့် ဘုရားဆင်းတုတော်အား အင်သားဖြင့် ထုသင့်၏။ ရှင်သီဝလိကို သီဟိုဠ်သားဖြင့် ထုသင့်၏။ ရှင်ဥပဂုတ္တပုံကို ထိန်သားဖြင့် ထုလုပ်ကိုးကွယ်သင့်၏။

ooo

| | | | | |
|---|---|---|---|---|
| ၁၂၉၈ | ၁၃၀၅ | ၁၃၁၂ | ၁၃၁၉ | ၁၃၂၆ |
| ၁၃၃၃ | ၁၃၄၀ | ၁၃၄၇ | ၁၃၅၄ | |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူ မည်သည့်နေ့သားမဆိုတို့သည် အောက်ပါဟောချက်များနှင့် အကျုံးဝင်၏။

(၁) မိမိက သူတစ်ပါးကို မပြိုင်ဆိုင်သော်လည်း သူတစ်ပါးက မိမိကို မကြာခဏ လာရောက်ပြိုင်ဆိုင်လိမ့်မည်။ အတိုက်အခံလည်း လုပ်တတ်ပါသည်။

(၂) စကားများများ ပြောမိပါက အတိုက်အခံဖြစ်ပြီး ငြင်းခုံရတတ်ခြင်း၊ ရန်များခြင်း ကြုံရလိမ့်မည်။ ထို့ကြောင့် စကားနည်းနိုင်သမျှ နည်းပါစေ။

(၃) နိုင်ငံရပ်ခြား ခရီးဝေးများ မကြာခဏ သွားရောက်ရတတ်ပါသည်။

(၄) ဘဝတစ်လျှောက်လုံးတွင် လှုပ်ရှားမှုများစွာ ကြုံတွေ့လိမ့်မည်။

(၅) အုပ်ချုပ်ရေးအလုပ်များနှင့် အကျိုးပေးသည်။

(၆) အရေးကြီးသော အလုပ်များကို ကဆုန်လ၊ နတ်တော်လများတွင် ပြုလုပ်ပါက အောင်မြင်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

(၇) အဆောင်အဖြစ် ဝတ်ဆင်လိုပါက ဂေါ်မုတ်ကျောက်ကို ဝတ်ဆင်ပါ။ သင့်မြတ်သောအရောင်မှာ အဖြူရောင်ဖြစ်ပါသည်။

(၈) အကြံပြုလိုသည်မှာ မျက်နှာချိုချိုထား၍ နှုတ်ချိုစွာ ပြောတတ်ရန် လေ့ကျင့်ထားပါ။ မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ အလောသုံးဆယ် မလုပ်ဘဲ ဖြည်းဖြည်းဆေးဆေး လုပ်ပါ။

(၉) ဤခုနှစ်တွင် မွေးဖွားသောလူများအနေဖြင့် ထာဝရဆောင်ရမည့်၊ လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

| | |
|---|---|
| တနင်္ဂနွေသားသမီးများအတွက် | မေမြို့ပန်း ၅ ပွင့်၊ ကံ့ကော် ၂ ညွန့်၊ အုန်း ၁ ညွန့် |
| တနင်္လာသားသမီးများအတွက် | နှင်းဆီအဖြူရောင်(သို့မဟုတ်)ပန်းရောင် ၇ ပွင့်၊ ကံ့ကော် ၂ ညွန့် |
| အင်္ဂါသားသမီးများအတွက် | နှင်းဆီအနီရောင် ၇ ပွင့်၊ အုန်း ၁ ညွန့် |
| ဗုဒ္ဓဟူးသားသမီးများအတွက် | အုန်း ၁ ညွန့်၊ မေမြို့ ၅ ပွင့်၊ ကြာပန်း ၂ ပွင့် |
| ကြာသပတေးသားသမီးများအတွက် | ကြာပန်း ၂ ပွင့်၊ မေမြို့ ၅ ပွင့် |
| သောကြာသားသမီးများအတွက် | နှင်းဆီအဖြူ(သို့မဟုတ်)ပန်းရောင် ၇ ပွင့် |
| စနေသားသမီးများအတွက် | အုန်း ၁ ညွန့်၊ မေမြို့ ၅ ပွင့်၊ နှင်းဆီအနီရောင် ၇ ပွင့် |

(၁၀) တစ်သက်လုံး ကိုးကွယ်မည့် ဘုရားဆင်းတုတော်အား ကံ့ကော်သားဖြင့် ထုလုပ်ပါ။ ရှင်သီဝလိကို ထိန်သားဖြင့် ထုလုပ်ပါ။ ရှင်ဥပဂုတ္တပုံကို အင်သားဖြင့် ထုလုပ်၍ ကိုးကွယ်သင့်ပါသည်။

ooo

| | | | | |
|---|---|---|---|---|
| ၁၂၉၉ | ၁၃၀၆ | ၁၃၁၃ | ၁၃၂၀ | ၁၃၂၇ |
| ၁၃၃၄ | ၁၃၄၁ | ၁၃၄၈ | ၁၃၅၅ | |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူ မည်သည့်နေ့သားမဆိုတို့သည် အောက်ပါဟောချက်များနှင့် အကျုံးဝင်၏။

(၁) ဘဝတွင် အသက်အန္တရာယ် နီးကပ်သော ဘေးဥပါဒ်များ ကြုံတွေ့ရတတ်သည်။

(၂) မည်သည့်အလုပ်ကို လုပ်ရသည်ဖြစ်စေ အပြိုင်အဆိုင်၊ အတိုက်အခံ၊ အခက်အခဲများ တွေ့ရတတ်၏။ ထိုသို့တွေ့ရသည့်အခါ၌ မုချအောင်မြင်ရမည်ဟု သဘောပေါက်ပါလေ။

(၃) အနေအထိုင် ပိပိရိရိ ရှိပြီး ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံတတ်ပါက လွန်စွာအကျိုးပေးလိမ့်မည်။

(၄) ခရီးသွားရာတွင် အဖော်မပါဘဲ မသွားတတ်ပေ။ အဖော်သည် ကောင်းကျိုးပေးသူ ရှိသကဲ့သို့ ဆိုးကျိုးပေးသူ ရှိသည်ကို သတိပြုပါလေ။

(၅) နပုံနှင့်လေး တော်သလင်းလတို့၌ စတင်လုပ်ကိုင်သောအလုပ်များ အောင်မြင်တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၆) အကြံပေးလိုသည်မှာ လောဘစိတ်၊ မာနစိတ်များ မထားဘဲ အစစအရာရာတွင် သည်းခံတတ်ပါက မုချချမ်းသာပေလိမ့်မည်။

(၇) အဆောင်အဖြစ် ကျောက်မျက်ရတနာကို ဝတ်ဆင်လိုပါက ဥဿဖယား၊ စိန်၊ ဂေါမုတ်တို့ကို ဝတ်ဆင်ရမည်။ သင့်တော်သောအရောင်မှာ အဖြူရောင်၊ အနီရောင်၊ အညိုရောင်များ ဖြစ်သည်။

(၈) သင့်တော်သောအလုပ်မှာ အုပ်ချုပ်ရေးလုပ်ငန်းများ ဖြစ်သည်။

(၉) ဤခုနှစ်တွင် မွေးဖွားသောလူများအနေဖြင့် ထာဝရဆောင်ရမည့်၊ လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

| | |
|---|---|
| တနင်္ဂနွေသားသမီးများအတွက် | ကြာပန်း ၂ ပွင့်၊ သပြေ ၆ ညွန့်၊ အုန်း ၁ ညွန့် |
| တနင်္လာသားသမီးများအတွက် | သပြေ ၆ ညွန့်၊ စံပယ် ၃ ကုံး၊ ကံ့ကော် ၂ ညွန့် |
| အင်္ဂါသားသမီးများအတွက် | အုန်း ၁ ညွန့်၊ စံပယ် ၃ ကုံး |
| ဗုဒ္ဓဟူးသားသမီးများအတွက် | အုန်း ၁ ညွန့်၊ ကြာပန်း ၂ ပွင့် |
| ကြာသပတေးသားသမီးများအတွက် | ကြာပန်း ၂ ပွင့်၊ သပြေ ၆ ညွန့်၊ စံပယ် ၃ ကုံး |
| သောကြာသားသမီးများအတွက် | စံပယ် ၃ ကုံး၊ သီဟိုဠ် ၆ ညွန့် |
| စနေသားသမီးများအတွက် | အုန်း ၁ ညွန့် |

(၁၀) တစ်သက်လုံး ကိုးကွယ်မည့် ဘုရားဆင်းတုတော်အား စစ်သား၊ ဆီး(ဖီး)သား၊ ကျောင်းသားတစ်ခုခုကို ထုလုပ်ပါ။ ရှင်သီဝလိကို အင်သားဖြင့် ထုလုပ်ပါ။ ရှင်ဥပဂုတ္တပုံကို ကံ့ကော်သားဖြင့် ထုလုပ်၍ ကိုးကွယ်သင့်ပါသည်။

□□□

| | | | | |
|---|---|---|---|---|
| ၁၃၀၀ | ၁၃၀၇ | ၁၃၁၄ | ၁၃၂၁ | ၁၃၂၈ |
| ၁၃၃၅ | ၁၃၄၂ | ၁၃၄၉ | ၁၃၅၆ | |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူ မည်သည့်နေ့သားမဆိုတို့သည် အောက်ပါဟောကိန်းများနှင့် အကျုံးဝင်၏။

(၁) အစိုးရရုံးဌာနတို့တွင် အကြီးအကဲရာထူး ရတတ်ခြင်း

(၂) အတွေးအခေါ် နက်နဲ၍ ဖြတ်ထိုးဉာဏ်ကောင်းသူများ ဖြစ်တတ်၏။ ပညာကို ပြီးဆုံးအောင် သင်ယူရတတ်၏။

(၃) ဝါဆိုလ၊ တပို့တွဲလတို့တွင် စတင်၍ လုပ်သောအလုပ်များ အောင်မြင်တတ်သည်ကို သတိပြုပါလေ။

(၄) ကျောက်မျက်ရတနာကို အဆောင်အဖြစ် ဆောင်လိုပါက ပုလဲ၊ ဂေါမုတ်၊ စိန်။ သင့်တော်သော အဝတ်အစားအရောင်မှာ အစိမ်းရောင်၊ အဖြူရောင်တို့ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

(၅) ထာဝရကိုးကွယ်ရမည့်ဘုရားကို လင်းလွန်းသားဖြင့် ထုပါ။ ရှင်သီဝလိပုံတော်ကို ကံ့ကော်သားဖြင့် ထုပါ။ ရှင်ဥပဂုတ္တပုံတော်ကို ညောင်သား၊ ဆီး(ဇီး)သား၊ စစ်သားဖြင့် ထုပါ။

(၆) ဤခုနှစ်တွင် မွေးဖွားသောလူများအနေဖြင့် ထာဝရဆောင်ရမည့်၊ လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

| | |
|---|---|
| တနင်္ဂနွေသားသမီးများအတွက် | ကြာပန်း ၂ ပွင့် |
| တနင်္လာသားသမီးများအတွက် | စံပယ် ၃ ကုံး၊ နှင်းဆီအဖြူ(သို့မဟုတ်)ပန်းရောင် ၇ ပွင့်၊ ကံ့ကော် ၂ ညွန့် |
| အင်္ဂါသားသမီးများအတွက် | နှင်းဆီအနီရောင် ၇ ပွင့်၊ ရွက်လှ ၄ ညွန့်၊ စံပယ် ၃ ကုံး |
| ဗုဒ္ဓဟူးသားသမီးများအတွက် | ကြာပန်း ၂ ပွင့်၊ ရွက်လှ ၄ ညွန့် |
| ကြာသပတေးသားသမီးများအတွက် | ကြာပန်း ၂ ပွင့်၊ စံပယ် ၃ ကုံး |
| သောကြာသားသမီးများအတွက် | စံပယ် ၃ ကုံး၊ နှင်းဆီအဖြူ(သို့မဟုတ်)ပန်းရောင် ၇ ပွင့်၊ ရွက်လှ ၄ ညွန့် |
| စနေသားသမီးများအတွက် | ရွက်လှ ၄ ညွန့်၊ နှင်းဆီအနီရောင် ၇ ပွင့် |

□□□

| | | | | |
|---|---|---|---|---|
| ၁၃၀၁ | ၁၃၀၈ | ၁၃၁၅ | ၁၃၂၂ | ၁၃၂၉ |
| ၁၃၃၆ | ၁၃၄၃ | ၁၃၅၀ | ၁၃၅၇ | |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူ မည်သည့်နေ့သားမဆိုတို့သည် အောက်ပါဟောချက်များနှင့် အကျုံးဝင်၏။

(၁) ဤခုနှစ်ဖွားများအဖို့ ထာဝရကိုးကွယ်ရမည့်ဘုရားကို ပေါက်သားဖြင့် ထုလုပ်၍ ရှင်သီဝလိကို ညောင်သားဖြင့် ထုလုပ်ပြီး ရှင်ဥပဂုတ္တကို လင်းလွန်းသားဖြင့် ထုလုပ်ကိုးကွယ်သင့်ပါသည်။

(၂) ကျောက်မျက်ရတနာကို အဆောင်အဖြစ် ဆောင်လိုပါက ပုလဲကို ဆောင်သင့်၏။ ပတ္တမြားနှင့် မြကို ဆောင်သင့်၏။ သင့်တော်သော အရောင်မှာ အဝါနုရောင်များ၊ ရွှေရောင်များ၊ အစိမ်းရောင်များသည် သင့်တော်သည်။

(၃) အောင်မြင်ကျော်ကြားခြင်း ဖြစ်တတ်၏။

(၄) ဤခုနှစ်တွင် မွေးဖွားသောလူများအနေဖြင့် ထာဝရဆောင်ရမည့်၊ လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင်ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

| | |
|---|---|
| တနင်္ဂနွေသားသမီးများအတွက် | မေမြို့ ၅ ပွင့်၊ အုန်း ၁ ညွန့် |
| တနင်္လာသားသမီးများအတွက် | စံပယ် ၃ ကုံး |
| အင်္ဂါသားသမီးများအတွက် | ရွက်လှ ၄ ညွန့်၊ အုန်း ၁ ညွန့်၊ စံပယ် ၃ ကုံး |
| ဗုဒ္ဓဟူးသားသမီးများအတွက် | အုန်း ၁ ညွန့်၊ မေမြို့ ၅ ပွင့်၊ ရွက်လှ ၄ ညွန့် |



www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီးများအတွက် စံပယ် ၃ ကုံး၊ မေဗြို ၅ ပွင့်
သောကြာသားသမီးများအတွက် စံပယ် ၃ ကုံး၊ ရွက်လှ ၄ ညွန့်
စနေသားသမီးများအတွက် ရွက်လှ ၄ ညွန့်၊ အုန်း ၁ ညွန့်၊ မေဗြို ၅ ပွင့်

□□□

| | | | | |
|---|---|---|---|---|
| ၁၃၀၂ | ၁၃၀၉ | ၁၃၁၆ | ၁၃၂၃ | ၁၃၃၀ |
| ၁၃၃၇ | ၁၃၄၄ | ၁၃၅၁ | ၁၃၅၈ | |

အထက်ပါ သက္ကရာဇ်တစ်ခုခုတွင် မွေးဖွားသူ မည်သည့်နေ့သားမဆိုတို့သည် အောက်ပါဟောချက်များနှင့် အကျုံးဝင်၏။

(၁) စိတ်အပြောင်းအလဲ မြန်ဆန်၏။ သနားလွယ်၏။ သို့ရာတွင် ရက်စက်စွာပြုမူရမည့် ကိစ္စ၌လည်း လွန်စွာမှ ရက်စက်တတ်၏။

(၂) စကားပြောသောအခါ၌ ယုတ္တိရှိအောင် ချဲ့ကားပြောဆိုတတ်၏။

(၃) တော်သလင်းလ၊ ကဆုန်လတို့၌ စတင်လုပ်ကိုင်သော အလုပ်များ အောင်မြင်တတ်၏။

(၄) တစ်သက်တာအတွက် ပူဇော်ရန် ဘုရားကို သီးသားဖြင့်ထု၍ ရှင်သီဝလိကို လင်းလွန်းသားဖြင့်ထုပြီး ရှင်ဥပဂုတ္တကို ပေါက်သားဖြင့် ထုလုပ်ကိုးကွယ်ပါလေ။

(၅) ကျောက်မျက်ရတနာကို အဆောင်အဖြစ် ဝတ်ဆင်လိုပါက သန္တာကျောက်၊ ပုလဲ၊ မြတို့သည် လွန်စွာသင့်တော်၏။

(၆) ဤခုနှစ်တွင် မွေးဖွားသောလူများအနေဖြင့် ထာဝရဆောင်ရမည့်၊ လှူဒါန်းရမည့် ပန်းမြတ်မာလာ အဆောင် ပန်းများကို အောက်တွင် နေ့အလိုက် ဖော်ပြပါမည်။

တနင်္ဂနွေသားသမီးများအတွက် မေဗြို ၅ ပွင့်၊ ကြာပန်း ၂ ပွင့်၊ သပြေ ၆ ညွန့်
တနင်္လာသားသမီးများအတွက် သပြေ ၆ ညွန့်၊ ကံ့ကော် ၂ ညွန့်
အင်္ဂါသားသမီးများအတွက် ရွက်လှ ၄ ညွန့်
ဗုဒ္ဓဟူးသားသမီးများအတွက် မေဗြို ၅ ပွင့်၊ ကြာပန်း ၂ ပွင့်၊ ရွက်လှ ၄ ညွန့်
ကြာသပတေးသားသမီးများအတွက် ရွက်လှ ၄ ညွန့်၊ မေဗြို ၅ ပွင့်
သောကြာသားသမီးများအတွက် ရွက်လှ ၄ ညွန့်၊ သီဟိုဠ် ၆ ညွန့်
စနေသားသမီးများအတွက် ကြာပန်း ၂ ပွင့်၊ သပြေ ၆ ညွန့်၊ မေဗြို ၅ ပွင့်

(၇) စကားကျယ်လောင်စွာ ပြောတတ်သောအကျင့် ရှိပါက ပြုပြင်လိုက်ပါ။

□□□

သမ္မေသတ္တာ ကမ္ဘာသကာ
မင်းသိခ်



www.burmeseclassic.com

www.burmeseclassic.com

# လွှတ်တော်အမတ်လောင်းများ အနိုင်ရစေသော

# ယတြာ

**တနင်္ဂနွေသား** - သီးသား လက် ၆-သစ်ကို သူ၏အမည်နံ့ရေး. ထန်းရွက်ပတ်၍ အင်္ဂါထောင့် မီးတိုက်။

**တနင်္လာသား** - ထန်းသား လက် ၁၅-သစ်ကို သူ၏အမည်နံ့ရေး၊ အုန်းရွက်-ဗုဒ္ဓဟူးအရပ် မီးတိုက်။

**အင်္ဂါသား** - အုန်းသား လက် ၈-သစ်ကို သူ၏ အမည်နံ့ရေး ကြံရွက်ပတ် အနောက်အရပ် မီးတိုက်။

**ဗုဒ္ဓဟူးသား** - ကံ့ကော်သား လက် ၁၇-သစ်ကို သူ၏အမည်နံ့ရေး၊ ဆီးရွက်ပတ် မြောက်အရပ် မီးတိုက်။

**ကြာသပတေးသား** - ဆီးသား လက် ၁၉-သစ်ကို သူ၏အမည်နံ့ရေ၊ ရဲယိုရွက်ပတ်၊ စနေထောင့် မီးတိုက်။

**သောကြာသား** - ဝါး လက် ၂၁-သစ်ကို သူ၏ အမည်နံ့ရေး၊ ဘူးရွက်ပတ်၊ တနင်္ဂနွေအရပ် မီးတိုက်။

**စနေသား** - ပေါက်ပန်းဖြူသား လက် ၁၀-သစ်ကို သူ၏ အမည်နံ့ရေး၊ သန်းရွက်ပတ် တနင်္လာအရပ် မီးတိုက်။

**မှတ်ချက်** - အထက်ပါအတိုင်း၊ ယေချာဂထာပြုလုပ်ကြပါက "အလိုလိုအားကုန်နည်း၍ တောင်ကြီး လဲပြိုကွဲရမည် ကဲ့သို့" ဆရာတို့-ဆိုကြ၍ အလိုကျဖြစ်မည်ကား မလွဲပေ။

**သာဓကပုံထုံး** - ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ တပည့်ရင်းချာ ဒါယကာ **မြို့ဝန်ဦးသာအိုး** သည် အမြို့မြို့ အရွာရွာက လာ၍ မြို့ဝန် ဦးသာအိုးနေရာကို လုကြပြားသော်လည်း၊ **ဓရင်္ဂနီ လက်နက်-မိုယ်းကြိုးစက်ကဲ့သို့၊** မပျက်မကွက်၊ ဤအထက်ပါ ဓာတ်ဆင်နည်းတို့ကို အိမ်တွင် အမြဲမပြတ် စွဲမှတ်လုပ်ကိုင် ထားလေသောကြောင့် **ရန်သူအပေါင်း** ထောင်သောင်း ပြေပျောက်၊ အဝေးသို့ရောက်ရသည်ဟု ဆရာတော်ဘုရားကြီး အမိန့်ရှိဖူးခဲ့လေသည်မှာ ထုံးတစ်ရပ်ပင်ဟု မှတ်ယူကြစေလိုတော့၏။

**ယခုကာလ မြို့နယ်ပယ်လူကြီး လုကြရာ၌လည်းကောင်း၊ မင်းတိုင်ပင်ကောင်စီ အမတ်လုကြရာ၌လည်းကောင်း၊ ရာထူးခန့်ရေးတွင် လူအများ တိုးတက်ထူးချွန်၍ ပထမတန်းတစ်စွဲအောင် ဖြစ်နိုင်ရာ၌လည်းကောင်း၊ ဘယ်အရာမျိုးမဆို ပြိုင်ပွဲလုပွဲ တွင်ချ။ အနိုင်စွဲမည်ကား မုချကေန် စိတ်ချရသလောက်ပင် ယုံကြည်ကိုးစား သင့်တော့၏။**

**အတူးသတိ** - မိမိနှင့် နေ့သားချင်း တူခဲ့ပြားအံ့။ ပညတ်ရှိရာ ဓာတ်သက်ပါ ဆိုသည့်အတိုင်း အလိုရှိအပ်သော ပညတ်ကို ရှေးဦး စိတ်ဝင်စားစေလိုတော့၏သတည်း။ ဓာတ်ကို ဆောင်လိုသောအချိန်မှာ၊ ကိုယ့်မွေးနေ့တွင် နေထွက် နေဝင်ချိန်တိတိ၌ ကိုယ်တိုင်ဆောင်ရန်လည်း ဤအချိန်၊ သူတစ်ပါးနှံ နိုင်ရာလည်း ဤအချိန်ပင်တည်း။ ကျကျနန အချိန်မိရန် ကြိုးစားလေ။



www.burmeseclassic.com

www.burmeseclassic.com

# (၇)ရက် သား/သမီး ပြိုင်ဆိုင်ယှဉ်ပြိုင် အောင်မြင်လိုလျှင်

၁။ မွေးနေ့နံသားသမီးများသည် မိမိတစ်သက်စာအတွက် ကံဇာတာ မြင့်မားလိုလျှင်

တနင်္ဂနွေသားသမီးများသည် မိမိမွေးနံနှင့်တူသော အစားအသောက်ကို ဆွမ်းလောင်းလှူဒါန်းပြု၍ စနေနံပါသော သတ္တဝါများကို အစာကျွေးမွေးပါ။

တနင်္လာသားသမီးများသည် မိမိမွေးနံနှင့်တူသော အစားအသောက်ကို ဆွမ်းလောင်းလှူဒါန်းပြု၍ တနင်္ဂနွေနံပါသော သတ္တဝါများကို အစာကျွေးမွေးပါ။

အင်္ဂါသားသမီးများသည် မိမိမွေးနံနှင့်တူသော အစားအသောက်ကို ဆွမ်းလောင်းလှူဒါန်းပြု၍ တနင်္လာနံပါသော သတ္တဝါများကို အစာကျွေးမွေးပါ။

ဗုဒ္ဓဟူးသားသမီးများသည် မိမိမွေးနံနှင့်တူသော အစားအသောက်ကို ဆွမ်းလောင်းလှူဒါန်းပြု၍ အင်္ဂါနံပါသော သတ္တဝါများကို အစာကျွေးမွေးပါ။

ကြာသပတေးသားသမီးများသည် မိမိမွေးနံနှင့်တူသော အစားအသောက်ကို ဆွမ်းလောင်းလှူဒါန်းပြု၍ ဗုဒ္ဓဟူးနံပါသော သတ္တဝါများကို အစာကျွေးမွေးပါ။

သောကြာသားသမီးများသည် မိမိမွေးနံနှင့်တူသော အစားအသောက်ကို ဆွမ်းလောင်းလှူဒါန်းပြု၍ ကြာသပတေးနံ ပါသော သတ္တဝါများကို အစာကျွေးမွေးပါ။

စနေသားသမီးများသည် မိမိမွေးနံနှင့်တူသော အစားအသောက်ကို ဆွမ်းလောင်းလှူဒါန်းပြု၍ သောကြာနံပါသော သတ္တဝါများကို အစာကျွေးမွေးပါ။

၂။ မွေးနေ့နံသားသမီးများအတွက် လုပ်ငန်းအဆင်ပြေရန်

တနင်္ဂနွေသားသမီးများသည် မိမိမွေးနေ့တွင် ဘုရားကို ဆွမ်းကပ်၍ နံနက်(၉း၄၅) နာရီတွင် ငှက်ပျောသီး(၁၀)လုံးကို အခွံနွှာ ၍ သကြားဖြူးပြီး ကပ်လှူပါ။

တနင်္လာသားသမီးများသည် မိမိမွေးနေ့တွင် ဘုရားကို ဆွမ်းကပ်၍ နံနက်(၉း၄၅)နာရီတွင် ပန်းကန်(၉)လုံးထဲသို့ ဆီးသီးနှင့် သကြား ရောထည့်၍ ကပ်လှူပါ။

အင်္ဂါသားသမီးများသည် မိမိမွေးနေ့တွင် ဘုရားကို ဆွမ်းကပ်၍ နံနက် (၉း၄၅)နာရီတွင် ပန်းကန်ပြား(၁)ချပ်ထဲတွင် ရှောက်ယို(၅)ပုံ ပုံ၍ ကပ်လှူပါ။

ဗုဒ္ဓဟူးသားသမီးများသည် မိမိမွေးနေ့တွင် ဘုရားကို ဆွမ်းကပ်၍ နံနက်(၉း၄၅)နာရီတွင် ပန်းကန်ပြား(၃)ချပ်ထဲတွင် ပဲပင်ပေါက်ကြော်ထည့်၍ ကပ်လှူပါ။

ကြာသပတေးသားသမီးများသည် မိမိမွေးနေ့တွင် ဘုရားကို ဆွမ်းကပ်၍ နံနက် (၉း၄၅)နာရီတွင် ပန်းကန်ပြား(၁)ချပ်ထဲတွင် သရက်သီး (၆)စိတ်ထည့်၍ ကပ်လှူပါ။

သောကြာသားသမီးများသည် မိမိမွေးနေ့တွင် ဘုရားကို ဆွမ်းကပ်၍ နံနက်(၉း၄၅) နာရီတွင် ဖန်ခွက်(၇)ခွက်ထဲတွင် နွားနို့စိမ်းများထည့်၍ ကပ်လှူပါ။

စနေသားသမီးများသည် မိမိမွေးနေ့တွင် ဘုရားကို ဆွမ်းကပ်၍ နံနက် (၉း၄၅)နာရီတွင် ပန်းကန်ပြား(၇)ချပ်ထဲတွင် အုန်းသီးများ ခြစ်ထည့်၍ ကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

၃။ မွေးနေ့နံသားသမီးများအတွက် အောင်မြင်စေရန် ဝတ်ဆင်ရမည့်အရောင်

စနေ့င်္ဂနွေသားသမီးများသည် နံနက် ၇း၃၀ မှ ၉း၀၀ နာရီအတွင်း နက်ပြာ၊ မီးခိုး၊ အညို၊ လိမ္မော်၊ အဝါရောင်တို့ကို ဝတ်ဆင်ပါ။

တနင်္လာသားသမီးများသည် နေ့လယ် ၁း၃၀ မှ ၃း၀၀ နာရီအတွင်း အဖြူ၊ နုံသာ၊ ပန်းရောင်၊ ခရမ်းရောင်တို့ကို ဝတ်ဆင်ပါ။

အင်္ဂါသားသမီးများသည် နံနက် ၉း၀၀ မှ ၁၀း၃၀ နာရီအတွင်း အနီရဲရဲ၊ နီညိုရောင်၊ ချောကလက်၊ အမည်းရောင်တို့ကို ဝတ်ဆင်ပါ။

ဗုဒ္ဓဟူးသားသမီးများသည် ညနေ ၃း၀၀ မှ ၄း၃၀ နာရီအတွင်း ဆင်စွယ်ရောင်၊ မိုးပြာရောင်တို့ကို ဝတ်ဆင်ပါ။

ကြာသပတေးသားသမီးများသည် နံနက် ၁၀း၃၀ မှ မွန်းတည့် ၁၂း၀၀ နာရီအတွင်း အုတ်ကျိုး(အုတ်ရောင်)၊ အဖြူ ကြေးနီရောင်တို့ကို ဝတ်ဆင်ပါ။

သောကြာသားသမီးများသည် နံနက် ၆း၀၀ မှ ၇း၀၀ နာရီအတွင်း အစိမ်း၊ အဝါ၊ လိမ္မော်ရောင်တို့ကို ဝတ်ဆင်ပါ။

စနေသားသမီးများသည် မွန်းတည့် ၁၂း၀၀ မှ မွန်းလွဲ ၁း၃၀ နာရီအတွင်း သနပ်ခါးရောင်၊ အဝါရင့်၊ အစိမ်းနုတို့ကို ဝတ်ဆင်ပါ။

## ရာထူးဌာနန္တရ တိုးတက်ခိုင်မြဲလိုသော်

ရာထူးဌာနန္တရ တိုးတက်ခိုင်မြဲလိုပါက တနင်္လာနံဖြစ်သော တိရစ္ဆာန်များကို အစာရေစာ ကျွေးမွေးပါ။

*ဥပမာ - ခွေးတိရစ္ဆာန်များအား အစာကျွေးခြင်း၊ ခိုစာကျွေးခြင်း၊ စာကလေးများအား အစာကျွေးခြင်းတို့ ဖြစ်သည်။*

ရာထူးဌာနန္တရ တိုးတက်ခိုင်မြဲလိုပါက အင်္ဂါနံနှင့်ပတ်သက်သော ဆွမ်း၊ ပန်း၊ ဆီမီးများ ပူဇော်ပေးပါ။

*ဥပမာ - ဆွမ်းကို ဆီဆမ်း၍ ဆားဖြူးပြီး ဆွမ်းတော်ကပ်ပါ။ စံပယ်ပန်းများ ကပ်လှူပေးပါ။ ဆီကြော်မုန့်များ ကပ်လှူပေးပါ။ သြဇာသီး ကပ်လှူပေးပါ။ နေကာထိုင်၊ သင်ဖျာ လှူပေးပါ။ ဆေးပစ္စည်း လှူပေးပါ။*

ထို့ပြင် အောင်ခြင်းရှစ်ပါး အချုပ်ဂါထာကို ရွတ်ဖတ်ပူဇော်ပါက လူချစ်လူခင်ပေါများ၍ မြင့်မြတ်သော အကျိုးထူးကို ရရှိပါလိမ့်မည်။

အထက်ပါ (၇)ရက် သားသမီးများ မည်သည့်ကိစ္စမဆို အပြိုင်အဆိုင်ဖြစ်၍ ယှဉ်ပြိုင်မှုများတွင် အောင်မြင်လိုရန်အတွက် အထက်ပါယတြာတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ ထိုအထက်ပါယတြာကို မပြုလုပ်မီ မြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်၌ ငါးပါးသီလ ခံယူ၍ ထိုငါးပါးသီလကို ထိုနေ့အဖို့ တည်မြဲအောင် ဆောက်တည်လုံခြုံရပေမည်။

အယ်ဒီတာအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

# ရင်ဆိုင်ယှဉ်ပြိုင် အနိုင်ရစေဖို့

**ဒေါက်တာစောယုနွယ်**
Ph.D(Tantra)(Kol-India)Astrologer

ကျွန်မတို့ လောကီနယ်ပယ်မှာနေတဲ့ လူသားတွေအဖို့ အားလုံး ရာထူး အပြိုင်အဆိုင်၊ စီးပွားရေး အပြိုင်အဆိုင်၊ တရားတပေါင် အပြိုင်အဆိုင်တွေရယ်လို့ အပြိုင်အဆိုင် အမျိုးမျိုးရှိပါတယ်။ မိမိကို ချစ်တဲ့သူရော၊ အမြင် မကြည်လင်တဲ့ သူတွေရော တစ်ခါတစ်ရံ မိမိကို ရန်လိုတတ်တဲ့ သူတွေတောင်ရှိနေပါတယ်။

ဒါ့အပြင်လဲ ကိုယ့်ရဲ့ကျန်းမာရေးတွေ ပြင်းပြင်းထန်ထန် ညံ့နေလျှင် အမှုအခင်းဖြစ်ဆဲ ကာသတွေ၊ စွန့်စားလုပ်ကိုင်ရမယ့် ကိစ္စတွေကြုံနေလျှင်၊ အခက်အခဲ အကျပ်အတည်းတွေ အောင်မြင်လိုလျှင်၊ သူများပြုစားထားသကဲ့သို့ တွေဝေငေးမောမှိုင်နေရလျှင်၊ တစ်နေရာမှတစ်နေရာကို မရွှေ့မပြောင်းလိုသော ကာလဖြစ်လျှင်၊ ဘေးဥပါဒ်ပေါ်များသော အရပ်ဒေသသို့ရောက်ရှိပြီး လုပ်ငန်းကိုင်ငန်းတွေ တာဝန်ထမ်းဆောင်နေရလျှင် နောက်ဆုံး ကြိုပ်စီး ဒသာတွေညံ့နေခဲ့လျှင် ကျွန်မတို့တစ်တွေမှာ ပူပင်သောကတွေ ရောက်ရှိနေပြီး စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေတတ်ပါတယ်။

အဲဒီ အချိန်မျိုးကြုံခဲ့ရလျှင် ရှေးဆရာသခင်တွေနဲ့ အတူ ကျွန်မတို့ ဆရာကြီး ဒေါက်တာမင်းသိခ် က ဒီလိုလေး . . . လုပ်လိုက်ပါလို့ ညွှန်ကြားခဲ့ပါတယ်။

ဒီအစီအရင်တွေဟာ ရှေးအစဉ်အဆက် ဆရာသခင်တွေအသုံးပြုခဲ့တဲ့ အစီအရင်လေးတစ်ခုပါ။ ရှေးတုန်းကလည်း သုံးခဲ့တယ်။ ယခုခေတ်မှာလဲ ကျွန်မတို့အနေနဲ့ အသုံးပြုနေခဲ့ပါတယ်။ နောင်မျိုးဆက်သစ် ကျွန်မတို့ရဲ့ ပညာသည်တွေ ဟာလဲ ဒီ အစီအရင်လေးကို ဆက်တိုက် အသုံးပြုနေအုံးမှာပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီအစီအရင်လေးဟာ အခက်အခဲ အမျိုးမျိုးကို ကျော်လွှားနိုင်ပြီး မိမိရဲ့ စိတ်ဆန္ဒတွေ လိုအင်ဆန္ဒတွေကို ပြည့်စေနိုင်တဲ့ အစီအရင်လေးဖြစ်လို့ပါဘဲ။ ဒီအစီအရင်လေးကတော့ ရှေးပညာရှင်ကြီးတွေ တီထွင်ခဲ့တဲ့ အမြစ်အညွှန့် မတွန့်စေရနည်းလေးဘဲ ဖြစ်ပါတော့တယ်။

အစီအရင်လေးကတော့ မွေးနံ့သားတစ်ဦးဟာ ကိုယ့်မွေးနေ့ရက်မရောက်ခင် တစ်ရက်ကို အမြစ်ရက်ဟုမှတ်ပါ။ မွေးရက်ပြီးတဲ့နောက် တစ်ရက်ကိုတော့ အညွှန့်ရက်လို့ သတ်မှတ်ထားပါ။ အဲဒီ အမြစ်နံ၊ အညွှန့်နံတွေကိုတွဲယူပြီး အမြစ်အညွှန့် ယတြာကို ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

တနင်္ဂနွေသားသမီးအဖို့ တနင်္ဂနွေရဲ့အမြစ်အညွှန့်ဖြစ်တဲ့ ဒါန်းကြီးညွှန့်(၂၅)ညွှန့်ကို မိမိရဲ့မွေးနံ နဝင်းပေါ်ချိန်ဖြစ်တဲ့ မိမိမွေးနေ့ (၉း၄၅)နာရီမှာ တင်လှူရမှာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုဆောင်ရွက်ပေးရာမှာလဲ ကိုယ်တိုင်ဆောင်ရွက်ခြင်းထက် မိမိရဲ့မွေးနံရဲ့ (၆)ခု မြောက်ဖြစ်တဲ့ နေ့သား (ဆပွတ်နေ့သား)တစ်ဦးဦးက ပြင်ဆင်လှူဒါန်းဆုတောင်းပေးရမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာလဲ ယတြာစီစဉ်သူဟာ အိမ်ထောင်ဦးစီးများဖြစ်နေခဲ့လျှင် မိမိအိမ်ရဲ့ ဘုရားကျောင်းဆောင် ညာဘက်ထောင့်မှာ တင်လှူထားပြီး လှူဒါန်းပေးရမှာဖြစ်ပါတယ်။ ဘာသာကွဲတွေအဖို့ကတော့ မိမိတို့အိမ်ရဲ့ ခေါင်းရင်း အမြင့်ပိုင်းတစ်နေရာမှာ တင်ထားလိုက်ပါ။ အိမ်ထောင်ဦးစီး မဟုတ်တဲ့ မှီခိုသူတွေကတော့ ဘုရားကျောင်းဆောင်ရဲ့ ဘယ်ဘက်ထောင့်မှာ လှူဒါန်းထားလိုက်ပါ။ ဘာသာခြား မှီခိုသူတွေအဖို့ကတော့ မိမိအခန်းရဲ့ ခေါင်းရင်း၊ အမြင့်တစ်နေရာမှာ တင်ထားလိုက်ပါ။ အောင်မြင်မှုများ မလွဲမသွေရရှိမှာ ဖြစ်ပါတယ်။

တင်ရမည့် အမြစ်အညွန့်တွေကိုတော့ သန့်ရှင်းဆေးကြော နံ့သာရည်ပက်ပြီး အိုးအသစ်ကလေးနဲ့ တင်လှူဒါန်းပေးပါ။ အတာအိုး အောင်အိုး ဆိုလျှင် ပိုပြီးကောင်းပါတယ်။ နေ့ နံသားတွေ အလျောက် အောင်မြင်ကြီးပွားတိုးတက်စေမည့် အစီအရင်မှာ -

**တနင်္ဂနွေနေ့မွေးသူများအတွက်**

တနင်္ဂနွေနေ့ နံနက် ၉း၄၅ တွင် သောကြာသားသမီး တစ်ဦးမှ ဒန်းကြီး (၂၅)ညွန့်ကို ဘုရားကျောင်းဆောင် (သို့)ခေါင်းရင်း အမြင့်တစ်နေရာတွင် တစ်ပတ်တစ်ကြိမ် (သို့)(၂၅)ရက်ထား၍ အညွန့်များ အသစ်ပြန်လဲပေးလိုက်ပါ။

**တနင်္လာနေ့မွေးသူများအတွက်**

တနင်္လာနေ့ နံနက် ၉း၄၅ တွင် စနေသားသမီး တစ်ဦးမှ ဩဇာ (၁၄)ညွန့်ကို ဘုရားကျောင်းဆောင် (သို့)ခေါင်းရင်း အမြင့်တစ်နေရာတွင် တစ်ပတ် တစ်ကြိမ် (သို့) (၁၄)ရက်ထားပြီး လှူဒါန်းထားပါ။ ပြီးလျှင် အသစ်ပြန်လဲပါ။

**အင်္ဂါနေ့မွေးသူများအတွက်**

အင်္ဂါနေ့ နံနက် ၉း၄၅ တွင်တနင်္ဂနွေသားသမီး တစ်ဦးမှ ခရေ (၁၂)ညွန့်ကို ဘုရားကျောင်းဆောင် (သို့) အမြင့်တစ်နေရာတွင် တစ်ပတ်တစ်ကြိမ် (သို့) (၁၂) ရက်ထားပြီးမှ အညွန့်များ အသစ်ပြန်လဲပါ။

**ဗုဒ္ဓဟူးနေ့မွေးသူများအတွက်**

ဗုဒ္ဓဟူးနေ့ နံနက် ၉း၄၅ တွင် တနင်္လာ သား သမီး တစ်ဦးမှ စိန်ပန်း (၂၅)ညွန့်ကို ဘုရားကျောင်းဆောင် (သို့)အမြင့် တစ်နေရာတွင် တစ်ပတ် တစ်ကြိမ် (သို့) (၂၅)ရက် လှူထားလိုက်ပါ။

**ကြာသပတေးနေ့မွေးသူများအတွက်**

ကြာသပတေးနေ့ နံနက် ၉း၄၅ တွင် အင်္ဂါ သားသမီး တစ်ဦးမှ လောက်သေ (၃၆) ညွန့်ကို ဘုရားကျောင်းဆောင် (သို့) ခေါင်းရင်း အမြင့် တစ်နေရာတွင် တစ်ပတ် တစ်ကြိမ် (သို့)(၂၁) ရက်ထားပြီး အသစ်ပြန်လဲပေးပါ။

**သောကြာနေ့မွေးသူများအတွက်**

သောကြာနေ့ နံနက် ၉း၄၅ တွင် ဗုဒ္ဓဟူးသား သမီးတစ်ဦးမှ ပိတောက်ညွန့်(၂၉)ညွန့်ကို ဘုရားကျောင်းဆောင် (သို့) ခေါင်းရင်းအမြင့် တစ်နေရာတွင် တစ်ပတ် တစ်ကြိမ် (သို့) (၂၉)ရက်ထားပြီး လှူဒါန်းလိုက်ပါ။

**စနေနေ့မွေးသူများအတွက်**

စနေနေ့ နံနက် ၉း၄၅ တွင် ကြာသပတေးသားသမီး တစ်ဦးမှ သင်ဗျူ(သို့)သီဟိုဠ်(၂၇)ညွန့်ကို ဘုရားကျောင်းဆောင် (သို့) ခေါင်းရင်းအမြင့်တစ်နေရာတွင် တစ်ပတ် တစ်ကြိမ် (သို့) (၂၇)ညွန့် ထားပြီး လှူဒါန်းလိုက်ပါ။

**ရာဟုနေ့မွေးသူများအတွက်**

ဗုဒ္ဓဟူးနေ့ နံနက် ၁၀း၁၅ တွင် တနင်္လာသား သမီးတစ်ဦးမှ စိန်ပန်း (သို့) စံပယ်ပန်း (၂၅)ညွန့် ကို ဘုရားကျောင်းဆောင် (သို့) ခေါင်းရင်းအမြင့် တစ်နေရာတွင် တစ်ပတ်တစ်ကြိမ် (သို့) (၂၅)ရက်ထားပြီး လှူဒါန်းလိုက်ပါ။

ချမ်းသာကိုယ်စိတ်မြဲပါစေ . . .


**ဒေါက်တာစောယုနွယ်**

Ph.D(Tantra)(Kol-India) Astrologer



www.burmeseclassic.com

www.burmeseclassic.com



# အင်တာဗျူး ဖြေကြမည့်သူများသို့

သုတေသီဆရာငြိမ်း

"အခုလာမယ့် အင်္ဂါနေ့မှာ အလုပ်အကိုင်တစ်ခု အတွက် အင်တာဗျူးဖြေစရာရှိတယ် ဆရာ။ အဲဒီအတွက် ဘာတွေ ဘယ်လို စီမံသွားရမယ်ဆိုတာ အကူအညီပေးပါဦး"

ကျွန်ုပ်၏တပည့်ကလေး နန္ဒာအောင်သန်းကား အကူ အညီလိုအပ်လာလျှင် ကျွန်ုပ်ထံရောက်လာတတ်၏။ သူ့အလို ဆန္ဒပြည့်ပြီဆိုလျှင်တော့ ဘယ်ကိုများ သဝေထိုးလေသည် မသိ။ တော်တော်နှင့်ကို ပေါ်မလာတတ်။ ၎င်းတို့ အိမ်အနီးမှ သစ်တောက်ငှက်မလေးနှင့်တူသည့် မပြုံးပြုံးကြည်ဆိုသည့် ကလေးမလေးအား ဖူးစာမဖက်ရလျှင် သေတော့မလောက် ဖြစ်နေတုန်းကလည်း ကျွန်ုပ်ပင် အကူအညီပေးခဲ့ရဖူး၏။ ခုလည်း အိမ်ထောင်ရက်သားကျသွားပြီဖြစ်သည့် သူ့အဖို့ အလုပ်လုပ်ဖို့ လိုအပ်လာပြီဖြစ်ရာ အလုပ်အကိုင်အဆင်ပြေ စေရေးအတွက် လာခဲ့ပြန်ချေပြီ။ သည်တော့လည်း ဆရာ သမားဖြစ်သော ကျွန်ုပ်အဖို့ မနေသာ။ သည်တော့လည်း ကျွန်ုပ်လေ့လာဆည်းပူးထားသည့် မြန်မာ့ရိုးရာအသုံးချ အင်္ဂဝိဇ္ဇာပညာရပ်ဖြင့် အကူအညီပေးရပေဦးတော့မည်တည်း။

နည်းများစွာရှိသည့်အနက် ဗာဟီရမများသည့် နည်း ကလေးတစ်ခုကို စဉ်းစားလိုက်ရာ စနေသားဖြစ်သော ၎င်း အနေဖြင့် စတုရန်းအရောင်ကို ဝတ်ဆင်ခြင်း၊ နံ့သင့်အရည် တစ်ခုခုကို သောက်ခြင်း၊ ဆောင်ခြင်း၊ အညွန့်ဖြစ်သော အသီး

www.burmeseclassic.com

အနံ့ကိုစားခြင်း၊ ဆပွတ်အညွှန့်ကို ပဋ္ဌပွတ်တည်ရာအရပ်မှ လှူကာ ဆုတောင်းခြင်းဆိုသည့် ယတြာတစ်ခုကို သတိရမိတော့၏။

"ဒါဖြင့် သေသေချာချာမှတ်နော်။ ငါပြောတဲ့အတိုင်း လုပ်ပေတော့"

"စိတ်ချ ဆရာ"

"အဲဒီနေ့မှာ အညိုရောင်၊ ဒါမှမဟုတ် အစိမ်းရောင်ပါတဲ့ အဝတ်အစားကို ဝတ်၊ နွားနို့ ဒါမှမဟုတ် နာနတ်ဖျော်ရည် သောက်၊ အုန်းညွှန့်ကို အိတ်ကပ်ထဲဆောင်၊ အုန်းသီးစိတ်ကိုစား။ တောင်အရပ်ကိုမျက်နှာမူလို့ ပျဉ်းမညွှန့်၊ ဒါမှမဟုတ် ပေါက်ပန်းဖြူညွှန့်ကိုလှူလို့ လိုရာဆုတောင်းသွားပါ။ အဆင်ပြေပါလိမ့်မယ် နန္ဒာအောင်သန်း"

"ကျေးဇူးပါပဲဆရာ"

ၛင်းလည်း ကျွန်ုပ်မှာကြားသည်တို့ကို သေသေချာချာမှတ်သားပြီးသည့်သကာလ ဝမ်းသာအားရနှင့် ပြန်သွားလေတော့၏။ ကျွန်ုပ်အနေဖြင့် နန္ဒာအောင်သန်းကဲ့သို့ အလုပ်အကိုင်အင်တာဗျူးဝင်မည့်သူ၊ စာမေးပွဲဖြေဆိုရမည့်သူတို့ လာရောက်အကူအညီတောင်းခံလာသည့်အတိုင်း အဆိုပါနည်းကလေးကို ပေးခဲ့စမြဲဖြစ်၏။ အဆင်ပြေသွားသည်ကိုလည်း ကြားရ၏။

ဤ၌ အလုပ်အကိုင်အင်တာဗျူးဝင်ကြမည့်သူများ၊ စာမေးပွဲဖြေဆိုကြမည့်သူများ အထောက်အကူဖြစ်စေရန် အလို့ငှာ အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါ၏။ လိုအပ်ပါက ယုံကြည်မှုဖြင့် လုပ်ဆောင်ကြည့်နိုင်ကြပါကြောင်း။

**၁။ တနင်္ဂနွေသားသမီးများ**

ရွှေရောင်၊ အဝါရောင်၊ မရမ်းရောင်ပါသော အဝတ်အစားများကို ဝတ်ဆင်ပါ။ အုန်းရည်သောက်ပါ။ ကွမ်းရွက်ဆောင်ပါ။ ကွမ်းစားပါ။ အနောက်အရပ်ကိုမျက်နှာမူ၍ သီးညွှန့်လှူပြီး ဆုတောင်းပါ။

**၂။ တနင်္လာသားသမီးများ**

အပြာရောင်၊ လိမ္မော်ရောင်၊ ကြက်သွေးရောင်ပါသည့် အဝတ်ကို ဝတ်ပါ။ ကြံရည်သောက်ပါ။ ဆီးခက်ဆောင်ပါ။ ဆီးသီးစားပါ။ မြောက်အရပ်ကိုမျက်နှာမူ၍ ဒေါနပန်းလှူ၍ ဆုတောင်းပါ။

**၃။ အင်္ဂါသားသမီးများ**

အပြာရောင်၊ စိမ်းပြာရောင် အဝတ်အစားကိုဝတ်ပါ။ ဆီးဖျော်ရည်သောက်ပါ။ ရွက်လှုညွှန့်ဆောင်ပါ။ ရောက်သီးစားပါ။ အနောက်တောင်အရပ်ကိုမျက်နှာမူ၍ အုန်းညွှန့်လှူ၍ ဆုတောင်းပါ။

**၄။ ဗုဒ္ဓဟူးသားသမီးများ**

အနီရောင်၊ အနက်ရောင် ဝတ်ဆင်ပါ။ ရေသောက်ပါ။ မေမြို့ပန်းဆောင်ပါ။ မြေပဲစားပါ။ အရှေ့မြောက်အရပ် မျက်နှာမူ၍ ကံ့ကော်၊ ခရေလှူ၍ ဆုတောင်းပါ။

**၅။ ကြာသပတေးသားသမီးများ**

အဖြူရောင်ဝတ်ဆင်ပါ။ ပဲနို့ရည်သောက်ပါ။ သပြေခက်ဆောင်ပါ။ သကြားစားပါ။ အရှေ့အရပ်မျက်နှာမူ၍ ငွေပန်း၊ ဆီးညွှန့်လှူ၍ လိုရာဆုတောင်းပါ။

**၆။ သောကြာသားသမီးများ**

ခဲရောင်၊ မီးခိုးရောင်၊ မြင်းချေးရောင် ဝတ်ဆင်ပါ။ သကြားရည်သောက်ပါ။ နှင်းဆီပန်းဆောင်ပါ။ နာနတ်သီးစားပါ။ အရှေ့တောင်အရပ်သို့မျက်နှာမူ၍ ရွက်လှုပန်းလှူ၍ လိုရာဆုတောင်းပါ။

**၇။ စနေသားသမီးများ**

အညိုရောင်၊ အစိမ်းရောင် ဝတ်ဆင်ပါ။ နွားနို့သောက်ပါ။ အုန်းညွှန့်ဆောင်ပါ။ အုန်းသီးစိတ်စားပါ။ တောင်အရပ်သို့ မျက်နှာမူ၍ ပျဉ်းမညွှန့်၊ ပေါက်ပန်းဖြူညွှန့်လှူ၍ လိုရာဆုတောင်းပါ။

□ သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# အောင်စေ ပိုင်စေ နိုင်ကြစေဖို့

## ထင်ကျော်သောင်း

တဟီး တဟီး ပါရမိသဠယံ စယံ၊
ဂတံဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ။
နရာ နရာနံ သုခသမ္ဗဝံ ဘဝံ၊
နမာ နမာနံ ဇိနပုင်္ဂဝံ ဂဝံ။

အဆိုပါဂါထာမှာ ဘဝ၌ အောင်စေ၊ ပိုင်စေ၊ နိုင်ကြစေရန်အတွက် ထောက်ကူပေးမည့် အစွမ်းထက်ထူးခြားလှသော ဂါထာတော်ဖြစ်ပါသည်။ ဘဝ၌ လူတိုင်း အောင်မြင်မှုတွေ ရရှိချင်ကြပါသည်။ စည်းစိမ်ဥစ္စာများကိုလည်း ပိုင်ဆိုင်လိုကြပါသည်။ ထို့အတူ ဘေးရန်စွယ်အပေါင်းကိုလည်း နိုင်နင်းချင်ကြပါသည်။ သည့်အတွက် အဆိုပါဂါထာတော်က ဘဝကို ထူးခြားစွာ ပြောင်းလဲသွားရလေအောင် ကူထောက်ပေးပါလိမ့်မည်။

လုပ်ဆောင်ရမှာကား...

အဆိုပါဂါထာကို မှန်မှန်ရွတ်ဖတ်သရဇ္ဈာယ်ရင်း တစ်နေ့လျှင် ပုတီးတစ်ပတ် ၁၀၈ လုံးပုတီး ရအောင်စိပ်ပါ။ ဂါထာတစ်ခေါက်ရွက်ပြီး ပုတီးတစ်လုံးချပါ။ ဘုရားကျောင်းဆောင်ရှေ့၌ သူ့နံအရ သတ်မှတ်ထားသောပစ္စည်းကို ခင်းထားကာ ၎င်းအပေါ်တွင်ထိုင်ပြီး ပုတီးစိပ်ပေးဖို့၊ ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ဖို့ ဖြစ်ပါသည်။ သို့ဖြစ်၍...

တနင်္ဂနွေသားသမီးဖြစ်ပါက စောင်းလျားရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

တနင်္လာသားသမီးဖြစ်ပါက လက်ပံရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

အင်္ဂါသားသမီးဖြစ်ပါက ဖက်သန်းရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

ဗုဒ္ဓဟူးသားသမီး (ရာဟုအပါအဝင်) ဖြစ်ပါက သနပ်ရွက်ကိုခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

ကြာသပတေးသားသမီး ဖြစ်ပါက ထအောင်းရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

သောကြာသားသမီးဖြစ်ပါက အင်ကြင်းရွက်ကို ခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

စနေသားသမီးဖြစ်ပါက ကန့်စွန်းရွက်ကိုခင်းထိုင်ကာ ဘုရားကျောင်းဆောင်ရှေ့တွင် ပုတီးစိပ်ပါ။

တတ်နိုင်ပါက အဓိဋ္ဌာန်ဝင်၍ ပုတီးစိပ်စေချင်ပါသည်။ စုစုပေါင်း ၁၀၈ ရက်ဖြစ်ပါသည်။ အပျက်မခံပါနှင့်။ ၁၀၈ ရက်မပြည့်ခင်မှာသော်လည်းကောင်း၊ ပြည့်ပြီးသည့်အခါ၌သော်လည်းကောင်း လာဘ်ပိတ်နေပါက လာဘ်ပွင့်ခြင်း၊ ကျန်းမာရေးချူချာနေပါက အမြန်ဆုံးကောင်းလာနိုင်ခြင်း၊ မိသားစုအပေါ်၊ လက်အောက်ငယ်သားများအပေါ်၌ ဩဇာတည်လာခြင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ချောမွေ့လာခြင်း၊ စိတ်ဆင်းရဲမှုများ လွင့်ပျောက်သွားပြီး စိတ်ချမ်းသာမှုများ ရရှိလာနိုင်ခြင်းတို့ တွေ့ကြုံခံစားရလိမ့်မည်ဖြစ်ပါကြောင်း အောင်ကြစေ၊ ပိုင်ကြစေ၊ နိုင်ကြစေရန် ရေးသားတင်ပြလိုက်ပါသည်။

ထင်ကျော်သောင်း



www.burmeseclassic.com

www.burmeseclassic.com

# ထိပ်တိုက်ရင်ဆိုင်တွေ့ခဲ့လျှင်

မနိုးသို့ဂရိဝင်

အလုပ်အကိုင်မရှိသေးသူများအဖို့ အလုပ်အကိုင်ရရှိဖို့အတွက် အလုပ်ပေးမည့်သူ (ဝါ) အလုပ်ပေးရန်အတွက် တွေ့ဆုံမေးမြန်း အင်တာဗျူးမည့်သူများနှင့် ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့ရတတ်စမြဲ ဖြစ်ပါသည်။ မိမိဘက်မှ မည်ရွေ့မည်မျှ သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံသည်ဖြစ်စေ ၎င်းတို့သဘောကျကျေနပ်မှုရှိမှသာလျှင် အလုပ်ခန့်စမြဲဖြစ်ပါသည်။ အချို့ အရည်အချင်းပြည့်စုံပါလျက် ဘာတွေ ဘယ်လိုဖြစ်သည်မသိ။ အလုပ်ခန့်စာထွက်လာသည့်အခါဝယ် အမည်နာမ ပါမလာချေ။

သည်ကိစ္စနှင့်စပ်လျဉ်း၍ ထိပ်တိုက်ရင်ဆိုင်စရာရှိပြီး ပြောဆိုရမည်များ အင်တာဗျူးဖြေရမည်များ ကြုံလာခဲ့ပါက ယတြာလေးတစ်ခုကို ပေးချင်ပါသည်။ "နင်းကြမ်းယတြာ" ဖြစ်ပါသည်။ သေချာစွာမှတ်သား၍ ယုံကြည်မှုအပြည့်ဖြင့် ဆောင်ရွက်ကြည့်ပါ။ ထူးခြားမှုနှင့် ကြုံရပါလိမ့်မည်။

**၁။ တနင်္ဂနွေသားသမီးများ**

ဆီးညွန့်နှင့် ဝါးညွန့်ကို လက်တစ်ဆစ်စာဖြတ်၍ မိမိစီးမည့်ဖိနပ်အောက်၌ ကပ်ကာ ရင်ဆိုင်တွေ့လိုက်ပါ။

**၂။ တနင်္လာသားသမီးများ**

ပိန်းရွက်နှင့် ရွက်လှညွန့်ကို လက်တစ်ဆစ်စာဖြတ်၍ မိမိစီးမည့် ဖိနပ်အောက်၌ ကပ်ကာ ရင်ဆိုင်တွေ့လိုက်ပါ။

**၃။ အင်္ဂါသားသမီးများ**

သပြေညွန့်နှင့် ပိန်းရွက်ကို လက်တစ်ဆစ်စာဖြတ်၍ မိမိစီးမည့်ဖိနပ်အောက်၌ ကပ်ကာ ရင်ဆိုင်တွေ့လိုက်ပါ။

**၄။ ဗုဒ္ဓဟူးသားသမီးများ**

ဒန်းညွန့်နှင့် သီးညွန့်ကို လက်တစ်ဆစ်စာဖြတ်၍ မိမိစီးမည့်ဖိနပ်အောက်၌ ကပ်ကာ ရင်ဆိုင်တွေ့လိုက်ပါ။

**၅။ ကြာသပတေးသားသမီး**

အုန်းညွန့်နှင့် ဒန်းညွန့်ကို လက်တစ်ဆစ်စာဖြတ်၍ မိမိစီးမည့်ဖိနပ်အောက်၌ ကပ်ကာ ရင်ဆိုင်တွေ့လိုက်ပါ။

**၆။ သောကြာသားသမီးများ**

ကံ့ကော်ညွန့်နှင့် အုန်းညွန့်ကို လက်တစ်ဆစ်စာဖြတ်၍ မိမိစီးမည့်ဖိနပ်အောက်၌ ကပ်ကာ ရင်ဆိုင်တွေ့လိုက်ပါ။

**၇။ စနေသားသမီးများ**

ဆီးညွန့်နှင့် ကံ့ကော်ညွန့်ကို လက်တစ်ဆစ်စာဖြတ်၍ မိမိစီးမည့်ဖိနပ်အောက်၌ ကပ်ကာ ရင်ဆိုင်တွေ့လိုက်ပါ။

မင်းသိုက်ဝင်

www.burmeseclassic.com

www.burmeseclassic.com

# မုန်းသူတွေ ပြုံးစေတဲ့ ၅၂၈ သွယ် မေတ္တာအင်း

စောခွန်နောင်

ဖဆပလခေတ် ၁၉၅၂ ခုနှစ် အင်းစိန် ဒီစတြိတ် (သဃ်န်းကျွန်းမြို့နယ် အရှေ့ပိုင်းခရိုင်)၊ ငမိုးရိပ်ချောင်း ကမ်းနားဘေးမှာ ဦးဗဆွေ(နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း) ယခင် အလုပ်သမားဝန်ကြီး၊ သတ္တုတွင်းဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် စံပြအလုပ်သမားရပ်ကွက်ကြီးကို တည်ထောင်ခဲ့တယ်။ ဆိပ်ကမ်းမှာ အလုပ်သမားအားလုံးကို နေရာချထားပေးခဲ့တယ်။ စံပြကျေးရွာ တည်ထောင်စဉ်ကာလ ငမိုးရိပ်ချောင်း ဒီရေတက်ချိန်ဆို လျှင် လေးပေလောက် ရေမြုပ်တယ်။ ရွှံ့နွံတွေ၊ ခရာတောတွေ၊ ဗျိုက်တောတွေနဲ့ ဖုံးလွှမ်းပြီး လမ်းပန်းဆက်သွယ်ရေး အရောက်အပေါက်နည်းတယ်။ အင်္ဂလိပ်ခေတ်က စစ်သားတွေနေထိုင်ဖို့ တန်းလျားတွေ အသုံးခြောက်ဆယ်ကျော်လောက် ဆောက်ထားတယ်။ အစိုးရဆီက မြေကွက်အပါအဝင် အပြီးဝယ်ယူထားခဲ့တဲ့အတွက် ကိုယ်ထူကိုယ်ထရပ်ကွက် ဖြစ်လာတယ်။ စံပြကျေးရွာကြီးကို စတင်ပြီး အလုပ်သမားတွေ ရောက်ပြီး နှစ်နှစ်အတွင်းမှာ ဘုရား၊ ရေတွင်းရေကန်၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတွေ ဖြစ်လာတယ်။ ရန်မျိုးအောင်စေတီတော်ကို အလုပ်သမားတွေ တစ်ဆုပ်ဆန်စုပြီး တည်ခဲ့တာ။ ကိုယ်တိုင်လည်း လုပ်အားပေး ဘုရားတည်၊ ကျောင်းဆောက်ခဲ့တာ အံ့သြရောပါ။

ဒီလို စံပြကျေးရွာကြီး တည်ပြီး မကြာမီမှာ အလုပ်သမားမိသားစုတွေနဲ့ ပတ်သက်တဲ့ အသက်အရွယ်ပြောရခက်တဲ့ အရပ်ခြောက်ပေကျော် ထောင်ထောင်မောင်းမောင်း၊ အသားဖြူဖြူ ခေါင်းတုံး လူဝကြီးတစ်ယောက် လာရောက်ပြီး နေထိုင်ပါတယ်။ ခန္ဓာကိုယ်အလွန်ဝပြီး လူနှစ်ယောက်လောက် ဝိုင်းဖက်ထားစာလောက် ရှိပါတယ်။ ပုဆိုးဆိုရင်လည်း နှစ်ထည်လောက် ပေါင်းချုပ်ရတယ်။ အင်္ကျီဆိုရင်လည်း သီးခြားမှာချုပ်ရတယ်။ အမြဲတမ်း ပုဆိုးအနက်ကွက်၊ အဖြူကွက်သာဝတ်ပြီး ကျန်သောအဆင်ကို မဝတ်ဘူး။ အင်္ကျီဆို အဖြူရောင်ကလွဲပြီး ကျန်သောအရောင်မဝတ်ပါဘူး။ အားလုံးက လူဝကြီးပဲ ခေါ်ကြတယ်။ နံနက်စောစော တစ်ယောက်တည်း ငွေဖလားခွက်ကြီးတစ်လုံးကို လက်ကကိုင်ပြီး လမ်းလျှောက်အလှုခံတယ်။ ညမိုးချုပ်ခါနီးဆိုရင် ပြန်လာပြီး ငွေဖလားခွက်ထဲမှာ ငွေတွေအပြည့်ပဲ။ အလှူခံရတဲ့ ပိုက်ဆံတွေကို လူဝကြီးက သုံးပုံပုံတယ်။ ဘုရားလှူဒါန်းဖို့တစ်ပုံ၊ ကလေး၊ သက်ကြီးရွယ်အတွက် တစ်ပုံ၊ စားဖို့ကတစ်ပုံပါ။ အလှူခံရလာတဲ့ပိုက်ဆံတွေကို လက်ထဲမှာ တစ်ပြားတစ်ချပ်မှ မထား၊ တစ်နေ့ရတာ ငါးစ်နေ့ပြန်လှူဒါန်းတယ်။ ရွာနီးချုပ်စပ်က လူကြီး၊ ကလေးတွေက လူဝကြီးကို တွေ့လိုက်ပြီဆိုရင် ပြေးလာကြတာပဲ။ ပိုက်ဆံလှူသူရှိသလို၊ လူဝကြီးက ပြန်ပေးတာလည်းရှိတယ်။ လူဝကြီးတွေ့ရင် လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ ဈေးသည်ကအစ မလှူဒါန်းဘဲမနေနိုင်။ လူဝကြီးလာချိန်ဆိုရင် စောင့်လှူဒါန်းသူကလည်း ရှိသေးတယ်။ လူဝကြီးကို ချစ်သူခင်သူတွေက အလိုလို များများ



www.burmeseclassic.com

www.burmeseclassic.com

လာတယ်။ လူဝကြီးက လမ်းလျှောက်အလှူခံပေမယ့် ဘယ်သူ့မှ စကားမပြော၊ မျက်လုံးနဲ့ပဲ စိုက်ကြည့်တယ်။ တစ်ခါတလေ ပြုံးပြတယ်။ ကလေးတွေတွေ့ရင် ပိုချစ်တယ်။ ကလေးတွေက လူဝကြီးတွေ့ရင် အနောက်က လျှောက်လိုက်ပြီး မုန့်ဖိုးပိုက်ဆံ တောင်းတယ်။ လူဝကြီးက လည်း ပေးတယ်။ လူဝကြီးက တစ်နေ့တစ်နေ့ ဘာမှမစားဘူး။ သစ်သီးသစ်ဥလေးစားတယ်။ ပြီးတော့ ရေသောက်ပြီး တစ်နေကုန်နေတယ်။ အသားငါး အသက်သတ္တဝါ ဘာမှ မစားသလို၊ သူများအသက်လည်း မသတ်ဘူး။ ညဥ့်အိပ်ရင်လည်း သန်းခေါင်ယံလောက်မှအိပ်ပြီး နံနက်မိုးသောက်ယံဆိုရင် နိုးနေပြီ။ နံနက်နိုးပြီဆိုရင် သူ့ငွေဖလားကြီးနဲ့ ရေအပြည့်ခပ်ပြီးတော့ မျက်နှာကို သစ်တော့တာပဲ။ ရေလည်း သိပ်မချိုးဘူး။ တစ်ပတ်နှစ်ကြိမ်လောက်ပဲ ချိုးတယ်။ ၆ရေချိုးလည်း ငွေဖလားကြီးနဲ့ ရေကို သုံးကြိမ်လောက်ခပ်ပြီး ခန္ဓာကိုယ်ပေါ်ကို လောင်းချပြီး ချိုးတယ်။

ကိုယ်ခန္ဓာမှာ ဘာအညစ်အကြေးမှမရှိဘဲ ဖွေးနေတယ်။ လူဝကြီးလမ်းလျှောက်အလှူခံထွက်ပြီဆိုရင် ကလေးတွေ၊ ခွေးတွေကအစ လူဝကြီးနောက်ကို လိုက်ကြတာပဲ။ ဘယ်လောက်အရက်မူးပြီး သောင်းကျန်းပါစေ၊ လူဝကြီးကိုတွေ့တာနဲ့ အရက်မူးသမား ဆဲဆိုတာ ချက်ချင်းရပ်ပြီး လက်အုပ်ချီတာ တွေ့ရတယ်။

လူဝကြီးဟာ အစွမ်းသတ္တိတစ်ခုတော့ ရှိမယ်ဆိုတာ သိကြတယ်။ ဒါပေမယ့် လူဝကြီးက ဘယ်သူ့မှ ဘာမှ မပြော။ ကျွန်တော့်အဖေကို လူဝကြီးက ချစ်တယ်။ အိမ်နီးနားချင်းလည်းဖြစ်ပြီးတော့ ကျွန်တော့်အဖေက အင်းစိန်ဒီစတြိတ်မှာ အပိုင်အာဏာရှိလူကြီးလည်းဖြစ်တော့ မိသားစုတွေကိုပါ လူဝကြီးက ချစ်တယ်။ အဖေက ရိုးသားဖြောင့်မတ်ပြီး လူကြီးလူကောင်းစံတယ်။ နောက် ဘုရားလူကြီးတာဝန်ပါ ယူထားတော့ လူဝကြီးက ဘုရားနဲ့ပတ်သက်ရင် အားလုံးကို သူက ချစ်တယ်ပြောတယ်။ ဒါပေမယ့် လူဝကြီးက ဘယ်သူဘယ်ဝါ အကြံအစည်ကို ကြိုသိတယ်။ ဖေဖေက အဂ္ဂိရတ်ထိုးတာ ဝါသနာပါတယ်။ အိမ်ရှေ့မှာ ဖိုတဲကြီးဆောက်ပြီး ဝါသနာတူမိတ်ဆွေအပေါင်းအသင်းတွေနဲ့ ဖိုထိုးတယ်။ ဖိုဆိုရင် ဖားပါးစပ်ဖို၊ မိကျောင်းပါးစပ်ဖို၊ လေဖိုတို့ သုံးလေးလုံးထားတယ်။ မိတ်ဆွေတွေကတော့ သူ့ကို ဝါသနာပါ ယုံကြည်ရာ ကန်တော့ပွဲ၊ အမွှေးနံ့သာ၊ ပန်းတွေကို ဖိုမထိုးခင် တင်ကြတယ်။ ဓာတ်လုံးအောင်မြင်ရန်အတွက် အနှောင့်အယှက်မရှိအောင် တင်တဲ့သဘောပါ။

ဖေဖေက သူထိုးထားတဲ့ ဓာတ်လုံးလေးတွေကို လူဝကြီးကို ညဘက်မှာ သွားပြတယ်။ သွားကြွားတာပေါ့လေ။ လူဝကြီးက ဖေဖေထိုးထားတဲ့ ဓာတ်လုံးလေးတွေကို တစ်လုံးစီ လက်နဲ့ယူပြီး ဒီတစ်လုံးက သက္ကဂ္ဂဓတ္တုံ မီးဘယ်နှမီးကျန်သေးတယ်၊ ဒီအလုံးက သွပ်လုံးအဆင့်ပဲရှိသေးတယ်၊ ဘာဆက်ပြီးကျွေးရဦးမယ်၊ မီးမနာသေးဘူး၊ ဒါက သံမသေသေးဘူး၊ မီးကျန်သေးတယ်၊ သိဒ္ဓိမမြောက်သေးဘူးလို့ တစ်လုံးစီ ခွဲခြားပြောတယ်။ ကျွန်တော့်အဖေ ပါးစပ်အဟောင်းသားနဲ့ ဘာပြောရမှန်း မသိအောင် ဖြစ်သွားတယ်။ ဖေဖေဟာ မိတ်ဆွေသူငယ်ချင်းတွေအပေါ် ဆရာကြီးလုပ်ပြီး လူဝကြီးကျမှ တပည့်ခံခဲ့ရတယ်။

ပြည်တွင်းရေးအခြေအနေက သိပ်မကောင်းပေ။

တစ်နေ့ ဖေဖေ့ကို လူဝကြီးက အဆောင်အင်းချပ်လေးတစ်ခု ပေးတယ်။ ငွေပြားလေးနှင့် စီရင်ထားတာဖြစ်တယ်။ ဒီအင်းချပ်ဟာ မုန်းသူ၊ ချစ်သူ နှစ်လီ မေတ္တာသက်ဝင်ချစ်ခင်တဲ့ ၅၂၈ သွယ် အင်းလို့ ဆိုပါတယ်။

ဒီအင်းကွက်မှာ ကိုးနဝင်းကြေပြီး အင်းဆံမှာရေးထိုးထားတဲ့ အင်းဂဏန်းတွေကို ပေါင်းရင် ဘယ်လိုပေါင်းပေါင်း ၅၂၈ ပဲ ပြန်ရတယ်လို့ ဆိုပါတယ်။ ဖေဖေ့ကို အင်းအစီရင်ပြုလုပ်ပုံပါ ပြောပါတယ်။

ပထမဆုံး အင်းစီရင်တော့မယ်ဆိုရင် အချိန်နက္ခတ်က အရေးကြီးတယ်။ နောက်အင်းကွက်၊ အင်းဆံမပေါက်ရဘူးလို့ ဆိုပါတယ်။ ခန္ဓာကိုယ်မှာရှိသော အညစ်အကြေးတွေကို သန့်စင်အောင် လုပ်ရမယ်။ အဝတ်အစားကောင်းမွန်သော အဝတ်ကို ဝတ်ရမယ်။ သက်သတ်လွတ်စားရမယ်။ ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီး ပူဇော်ရမယ်။ ကန်တော့ပွဲထိုးရင် ပိုမိုကောင်းပါတယ်။ ဘုရားခန်းရှေ့မှာ ဘုရားရှိခိုးပြီး ငါးပါးသီလ (သို့မဟုတ်) ရှစ်ပါးသီလကို

www.burmeseclassic.com

www.burmeseclassic.com

တောင်းခံပြီး ငွေပြားဖြစ်စေ၊ ရွှေပြားဖြစ်စေ၊ စက္ကူပြားဖြစ်စေ မိမိစီရင်တဲ့ အရာဝတ္ထုပေါ်မူတည်ပြီး အင်းဆံတိုင်ဆွဲပြီး အင်းဆံကိုင်တစ်ခါထည့်ရင် ...

**ဦး မိတ္တံမေဒဟို ထဆရာထ**
**နတ်လူသတ္တဝါအပေါင်း ဘေးကင်းကြပါစေ**
**ဦး ကြွဆရာကြွ**
**ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ**

ဆိုပြီး ရွတ်ဆိုရပါမယ်။

အင်းစီရင်ရမည့်အချိန်က –

| | |
|---|---|
| အင်္ဂါသား | ၃း၃၇ နာရီ – ၆း၀၀ နာရီ |
| ဗုဒ္ဓဟူးသား | ၆း၀၀ နာရီ – ၈း၂၄ နာရီ |
| ကြာသပတေးသား | ၈း၀၀ နာရီ – ၁၀း၄၈ နာရီ |
| သောကြာသား | ၁၀း၄၉ နာရီ – ၁း၁၂ နာရီ |
| စနေသား | ၁း၁၃ နာရီ – ၃း၃၆ နာရီ |
| တနင်္ဂနွေသား | ၁၀း၄၉ နာရီ – ၁း၁၂ နာရီ |
| တနင်္လာသား | ၁း၁၃ နာရီ – ၃း၃၆ နာရီ |

တွင် မိမိကြိုက်နှစ်သက်ရာ အချိန်ကို ပြုလုပ်နိုင်ပါတယ်။

အင်းတိုင်ဆွဲနည်း –

အကွက်ကိုးကွက် ကိုးနဝင်း ဖြစ်ပါတယ်။

ပထမ – အောက်ချေအင်းတိုင်ကို စဆွဲပါ။ (၁)

ဒုတိယ – ဘေး(ဘယ်/ညာ အင်းတိုင်နှစ်ချောင်းကို အပေါ်ကိုဆွဲပါ။ (၂) (၃)

တတိယ – အပေါ်ဆုံး အင်းတိုင်လေးတိုင်ကို ဆွဲပါ။ (၄)

စတုတ္ထ – အလယ်အင်းတိုင်ဖြတ် အင်းတိုင် (၅) (၆)ကို ဆွဲပါ။ (၅) (၆)

ပဥ္စမ – အလယ်ဗဟိုအင်းတိုင် နှစ်ချောင်း (၇) (၈)ကို အောက်ခြေမှ အပေါ်သို့ဆွဲပါ။ (၇) (၈)


မိမိဆွဲထားသော အင်းတိုင်ပေါ်တွင် အင်းဆံထည့်သွင်းရမယ်။

ပထမ – အဆင့်အောက်ခြေ အင်းတိုင်အကွက်တွင် ၁၈၈ – ၁၆၀ – ၁၈၀

ဒုတိယ – အဆင့်အလယ်အင်းတိုင် အကွက်တွင် ၁၆၈ – ၁၇၆ – ၁၈၄

တတိယ – အဆင့်အပေါ် အင်းတိုင်အကွက်တွင် အားလုံး အင်းတိုင်ဆင်းဆံထည့်ပြီး ဘုရားတွင် မေတ္တာသုတ်တော် ကိုးခေါက် ရွတ်ဖတ်ရပါမယ်။

**(ပထမအဆင့် အင်းတိုင်ဆွဲနည်း)**




**အင်းဆံထည့်နည်း (ပထမအဆင့်)**

| | | |
|---|---|---|
| | | |
| | | |
| ၁၈၈ | ၁၆၀ | ၁၈၀ |

**အင်းဆံထည့်နည်း (ဒုတိယအဆင့်)**

| | | |
|---|---|---|
| | | |
| ၁၆၈ | ၁၇၆ | ၁၈၄ |
| ၁၈၈ | ၁၆၀ | ၁၈၀ |

**အင်းဆံထည့်နည်း (တတိယအဆင့်)**

| | | |
|---|---|---|
| ၁၇၂ | ၁၉၂ | ၁၆၄ |
| ၁၆၈ | ၁၇၆ | ၁၈၄ |
| ၁၈၈ | ၁၆၀ | ၁၈၀ |

■ **စောခွန်နောင်**



www.burmeseclassic.com

www.burmeseclassic.com



# သိဒ္ဓိဖြစ်စေမယ့် ကျင့်စဉ်ထူး

## (လူတိုင်းအတွက် ကျင့်စဉ်ထူး)

■ မင်းသန်းဝင်း

လွန်ခဲ့သောနှစ် ၂၀ ကျော်ခန့်က ဌာနမှတာဝန်ပေးချက်အရ အိန္ဒိယနိုင်ငံ ဘုံဘေ(ယခု မွန်ဘိုင်း)သို့ ရောက်ခဲ့လေရာ အမှတ်မထင် ကျောင်းနေဖက် ကိုလှဝင်း(ဟိန္ဒူဘာသာဝင်)နှင့် တွေ့ဆုံခဲ့ရသည်။

သူသည် ကျောင်းပြီးသည်နှင့် (ရန်ကုန်တက္ကသိုလ် မြန်မာစာအဓိကကို မိမိနှင့်အတူတက်ခဲ့ပြီး ၁၉၇၄ တွင် မိမိနှင့်အတူ ဘွဲ့ရခဲ့သည်။) မိဘများခေါ်ယူမှုကြောင့် ဘုံဘေမြို့ရှိ (TOUR) ကုမ္ပဏီတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။ ကုမ္ပဏီသည် သူတို့မိဘဘိုးဘွားပိုင် ဖြစ်သည်။

ဘုံဘေတွင်ရှိစဉ်အတွင်း သူ၏အကူအညီဖြင့် နေရာစုံသို့ ရောက်ခဲ့ရသည်။ ထိုစဉ်က မိမိသည် ဆောင်းပါး၊ ဝတ္ထုများကို ထုံ့ပိုင်းထုံ့ပိုင်း ရေးနေသူဖြစ်ရာ သူပြောဆိုညွှန်ပြချက်များကို မိမိက ရေးမှတ်၊ တေးမှတ်ခဲ့လေရာ အတော်အတန်ပင် ရရှိခဲ့လေ၏။ မိမိအတွက် ရေးစရာကုန်ကြမ်းများပါတည်း။

မိတ်ဆွေကိုလှဝင်း ပြောပြချက်များတွင် ဆာဒူးအကြောင်းလည်း ပါလေ၏။

"မြင့်မြတ်တဲ့လမ်းစဉ်တွေကို တစိုက်မတ်မတ်၊ ယုံယုံကြည်ကြည် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်ကိုသာဆာဒူးလို့ ခေါ်ကြောင်း၊ ဆာဒူးတွေဟာ ခန္ဓာကိုယ်ချိုးဖဲ့ပြီး ဘုရားကို ယုံကြည်လွန်းသူတွေပါ။ အရမ်းပြင်းပြင်းထန်ထန် ကျင့်ကြံကြတဲ့အတွက် ဆာဒူးတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်မှုတွေ၊ ကျင့်ကြံမှုတွေအားလုံး က ထင်မှတ်စရာမရှိလောက်အောင် ထူးခြားလှပါကြောင်း'' မိတ်ဆွေက ဆိုပါတယ်။

''ဆာဒူးတွေက ပြင်းပြင်းထန် ထန်ကျင့်ကြံတယ်။ ကျင့်ကြံမှုတွေက ထူးခြားတယ်ဆိုတော့ စာရေးသူမိမိ က မေးလေရာ . . .

''ဆာဒူးတွေရဲ့ ကျင့်စဉ်တွေထဲ မှာ အရမ်းအဆင့်မြင့် ကျင့်စဉ်တွေပါ သလို ခပ်ရှင်းရှင်းနဲ့ နေ့တိုင်းလုပ်လို့ ရတဲ့ ကျင့်စဉ်အချို့လည်းပါတယ်။ တချို့ကျင့်စဉ်တွေက အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာကို အခြေခံပြီး ဖြစ်လာ တဲ့ကျင့်စဉ်တွေဖြစ်တယ်။ တချို့ကျ ပြန်တော့ အဲသည်လို မဟုတ်ဘဲ ကိုယ့်တိုင်းပြည်၊ ကိုယ့်မြို့ရွာမှာ ကိုယ်

ရည်ရွယ်ချက်ကြီးသူ၊
စိတ်ဆန္ဒပြင်းပြသူတွေ
အတွက်
အလွန်ကောင်းသည့်
ကျင့်စဉ်တစ်ခုဖြစ်သည်။
ဟိန္ဒူဘာသာတွင်
"ပြဟ္မဂါယကြီး" ကျင့်စဉ်
ဟု ခေါ်ဆိုပြီး မြန်မာတို့တွင်
"သရဏဂုံ" ကျင့်စဉ်ဟု
ခေါ်ဆိုရပေမည်။

ဆန္ဒရှိသလို ကိုယ့်ရဲ့ဘာသာတရား ကျင့်စဉ်တွေ ကျင့်လို့ရတာတွေ တွေ့ ရတယ်။

''အဲဒါတော့ အတော်စိတ်ဝင် စားဖို့ကောင်းတယ်။ ကိုယ့်ဆိုင်ရာဘာ သာတရားနဲ့ ကျင့်လို့ရတယ်ဆိုတော့''

''ဟုတ်တယ်၊ ခင်ဗျားက ဗုဒ္ဓ ဘာသာ၊ ကျွန်တော်က ဟိန္ဒူဝါဒီ၊ ကျွန် တော့်မိတ်ဆွေတွေထဲမှာ အစ္စလာမ် လည်းရှိတယ်။ ခရစ်ယာန်လည်းရှိ တယ်။

ကျွန်တော်တို့အားလုံးဟာ လုပ် ချင်တာကို ပျော်ပျော်ပါးပါး လုပ်နေရ တာကိုက ပျော်နေရတာပါ။ ထားပါ တော့ ကျွန်တော်ပြောချင်တာက လူ တိုင်းအတွက် ကျင့်စဉ်အကြောင်း –

မိတ်ဆွေကိုလှဝင်း ပြောပြခဲ့ သည့်အထဲမှ စာရေးသူဘဝင်ကျသည့် ကျင့်စဉ်တို့သည်ကား ..

## ဓာတ်ကြီးလေးပါးကျင့်စဉ်

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါ ယောဟုခေါ်ဆိုသည့် မြေ၊ မီး၊ ရေ၊ လေ ဓာတ်ကြီးလေးပါးရှိသည်။ ယင်း ကျင့်စဉ်က ရေရှိသည့်နေရာတွင်သား ကျင့်၍ရသည်။

ချောင်း (သို့) မြစ်(သို့) ပင်လယ် ရှိသည့် နေရာကို သွားရောက်ပြီးခြေ ထောက်ကို မြေကြီးထဲနစ်အောင် မြှုပ် ထားပါ။ ဤသို့ဆိုလျှင် မြေကြီးရယ်၊ ရေရယ် ရသွားပြီဖြစ်သည်။ ရေထဲမှာ ရပ်နေပြီး နေမင်းကိုခေါင်းမော့ကြည့် ကာ တဝလေရှူပါ။ ဤတွင်လေနှင့် မီးကိုလည်း ပိုင်သွားလေပြီ။

နေမင်းကိုကြည့်ပြီး မိမိကိုးကွယ် သည့် ဘာသာနှင့်ဆိုင်သော ဂါထာ မန္တာန်ကို အသံဟိန်းဟိန်းနဲ့ ရွတ်ဆို ပြီး အဓိဋ္ဌာန်ဝင်ပါ။ နေထွက်ချိန်နှင့် နေဝင်ချိန် နှစ်ချိန်မှာ ပြုလုပ်နိုင်ပါသည်။

ဓာတ်ကြီးလေးပါးစလုံးကို တစ် ခါတည်းရအောင် ပုတီးစိပ်ဖို့ (သို့ မဟုတ်) ရွတ်ဆိုရန်မှာ –

ဥုံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ ဥုံ

ဆိုပြီး ပုတီးချရွတ်ဆိုရမည်။ ပုတီးသုံး ပတ်စိပ်ရပါမည်။ နောက်ပိုင်း အသား ကျလျှင် ပုတီးကိုးပတ်ရအောင် စိပ်ပါ လေ။ ပုတီးတစ်ပတ်စိပ်ပြီးတိုင်း ဆု တောင်းပါ။ တရားမျှတသည့်ဆုဖြစ်ပါစေ။

ပုတီးသုံးပတ်စိပ်တဲ့အချိန် စိတ် ချမ်းသာမှုတွေကို ရလာပေမည်။ ကိုး ပတ်စိပ်တဲ့အချိန်မှာတော့ လိုတာတွေ ဖြစ်လာပါလိမ့်မည်။ ပုတီးလုံးရေ ကိုး သိန်းမြောက်လောက်သည့်အချိန်တွင် သတ္တဝါတွေကို ကယ်တင်နိုင်သော ဆရာကြီးတစ်ဆူ ဖြစ်လာပါလိမ့်မည်။

အထူးမှတ်ထားရမည်မှာ –

(အဓိဋ္ဌာန်က ပြင်းသည့်အတွက် ဖြည်းဖြည်းချင်း အဓိဋ္ဌာန်ဝင်ပါ။ ဓာတ် ကြီးလေးပါး အဓိဋ္ဌာန်က မြစ်ချောင်း (ရေရှင်)မှာလုပ်ပါ။ ရေသေအိုင်ထဲမှာ မလုပ်ပါနှင့်၊ ရေပတ်လည်မှာ မြေကြီး ရှိတဲ့ ရေကန်တွေတွင်လည်း မလုပ်ရ ပါ။)

## ပန်းအဓိဋ္ဌာန်ကျင့်စဉ်

ပန်းကျင့်စဉ်က စည်းကမ်းကြီး တဲ့ ကျင့်စဉ်တစ်ခုဖြစ်သည်။ ကျင့်စဉ် မှာ ကိုယ်နဲ့ကိုက်ညီတဲ့ပန်းကို အသုံးချ



www.burmeseclassic.com

www.burmeseclassic.com

လေ့ရှိသည်။ ကျင့်တော့မည်ဆိုပါက–

(၁) ကိုယ်တိုင်ပျိုးထားသော ပန်းဖြစ်ရမည်။

(၂) လက်လှမ်းမီသည့် ပန်းဖြစ်ရမည်။

(၃) သတ်မှတ်ထားသည့် ပန်းအရေအတွက် ဖြစ်ရပေမည်။

(၄) ပန်းပွင့်များများရလျှင် များများ လုပ်ပါလေ။

## ကျင့်စဉ်

(က) နံနက်နေထွက်သည့်အချိန်မှာပဲ လုပ်၍ရ၏။

(ခ) စတင်သည့်နေ့ ကာမကိစ္စကိုရှောင်ရမည်။

(ဂ) သက်သတ်လွတ် အစာကိုပဲ စားရမည်။

(ဃ) ၂၄ နာရီမှာ တစ်ကြိမ်ပဲ စားရမည်။

(င) လန်းဆန်းတဲ့အပင်၊ ပန်းတစ်ပွင့်ကိုခူးတိုင်း "ဥုံအောင်သိဒ္ဓိအရဟံ"လို့ ရွတ်ဆိုခူးပေးရမည်။

(စ) ပန်း ၁၁ ပွင့်ကျော်လျှင် အဓိဋ္ဌာန်အောင်မြင်ပါသည်။

## အလုပ်စည်း

(၁) ကျင့်စဉ်အဝတ် (အဖြူရောင်၊ အညိုရောင်) ဝတ်ဆင်ပြီး ဘုရားကျောင်းဆောင်ရှေ့ (သို့မဟုတ်) သန့်ရှင်းသည့်နေရာ၊ ရေဖြည့်ထားသည့်ခွက် (သို့မဟုတ်) လင်ပန်းကိုယူပါ။ (ဒန်၊ စတီး၊ ကြေးလင်ပန်း) လင်ပန်းထဲက ရေကို မြတ်စွာဘုရား၏ ရုပ်ပုံလွှာမြင်အောင် အာရုံပြုရန်။

(၂) လင်ပန်းကရေကို ကြည့်ရင်း၊ ကြည့်ရင်း ဝေဝါးလာပါလိမ့်မည်။ ယင်းအချိန်တွင် "ဥုံ ဗုဒ္ဓ နမာမိ" ဆိုပြီးရွတ်ပါ။ အရေအတွက်နှင့် ရွတ်ခြင်းမဟုတ်။ စဉ်ဆက်မပြတ် ဆက်တိုက်ရွတ်နေရပါမည်။ လင်ပန်းကိုကိုင်ပြီး ဆုတောင်းပါ။ ကိုယ့်ရှေ့က ရေထည့်ထားသည့် လင်ပန်းထဲရောက်အောင်ကြည့်ပါ။

(၃) ပန်းတွေလှုပ်သွားသည်နှင့် အခေါက်ရေ ၅၀၀ ထက်မနည်း (ဥုံ ဗုဒ္ဓံ ဗုဒ္ဓေါ နမာမိ) ရွတ်ပါ။ နံနက်စာမစားလည်း ယင်းအဓိဋ္ဌာန်ပြုလုပ်ပါ။ အစားအစာမစားခင် မြတ်စွာဘုရားကို ရည်စူးပြီး ဆွမ်းကပ်ပါ။ ဆွမ်းကပ်ပြီးမှ အစားအစာစားပါ။ ၁၀၈ ရက်လုပ်ပြီးပြီဆိုပါက ဖြစ်ချင်တာတွေအားလုံး ဖြစ်လာပါလိမ့်မည်။

## သရဏဂုံကျင့်စဉ်ထူး

ရည်ရွယ်ချက်ကြီးသူ၊ စိတ်ဆန္ဒပြင်းပြသူတွေအတွက် အလွန်ကောင်းသည့် ကျင့်စဉ်တစ်ခုဖြစ်သည်။ ဟိန္ဒူဘာသာတွင် "မြဟ္မဂါယကြီး"ကျင့်စဉ်ဟု ခေါ်ဆိုပြီး မြန်မာတို့တွင် "သရဏဂုံ"ကျင့်စဉ်ဟု ခေါ်ဆိုရပေမည်။

*စိပ်ပုတီးကို စိတ်ပါပါစိပ်ပါ။* စေတနာပါပါစေ။ ယုံကြည်မှုရှိနေပါစေ။ ဂါထာမန္တန်တွေ အားလုံးသည် အသံကိုအခြေခံပြီး စီရင်ထားသည့်အတွက် အသံပီသဖို့က အက္ခရာလုံးရေ ကိုက်ညီဖို့လွန်စွာမှ အရေးကြီးပါသည်။ ဂါထာတစ်ပုဒ်ကို၊ မန္တန်တစ်ပုဒ်ကို ဂါထာရဲ့ရှေ့မှာ "ဥုံ"ခံပြီး ရွတ်ရပါမည်။

ဥပမာ – **ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**
**ဓမ္မံ သရဏံ ဂစ္ဆာမိ**
**သံဃံ သရဏံ ဂစ္ဆာမိ** ဆိုတဲ့ ဂါထာကိုကြည့်ပါ။ စာတစ်ကြောင်းမှာ အက္ခရာရှစ်လုံးပါပြီး သုံးကြောင်းဆိုလျှင် ၂၄ လုံးပါသည်။ ယင်းဂါထာတစ်ခုလုံးတွင် (သဝေထိုး) မပါပါ။ ဂါထာတော်တစ်ပုဒ်လုံးအနေဖြင့် လွန်စွာထူးခြားသည်။ အမြဲမပြတ် ရွတ်ဆိုသင့်၊ ရွတ်ဆိုရမည့် ဂါထာဖြစ်ပါသည်။ လောကုတ္တရာတွင် အကျိုးဖြစ်ထွန်းစေသည့် ဂါထာလည်းဖြစ်သည်။

ယင်းဂါထာကို "ဥုံမ်"ခံပြီး ရွတ်ဆိုပါက–

**ဥုံမ် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ**
**ဓမ္မံ သရဏံ ဂစ္ဆာမိ**
**သံဃံ သရဏံ ဂစ္ဆာမိ ဥုံမ်**

ဆိုပြီး ဥုံမ်ဖွင့်၊ ဥုံမ်ပိတ်ရွတ်ဆိုရမည်။ စိပ်ပုတီးကိုင်ပြီး၊ ရွတ်ဆိုနိုင်သလို တာလီစက်လေးတွေကိုင်ပြီး ရွတ်ဆိုကာ အလုံးရေ မှတ်ချင်မှတ်နိုင်ပါသည်။

သည့်အလုပ်စည်းအတိုင်းကို ယုံယုံကြည်ကြည်၊ စိတ်ဓာတ်ဖွဲ့သန်သန် ရွတ်ဖတ်ဖို့ပဲ လိုသည်။ တစ်နေ့ကို အနည်းဆုံး ၅၄၀၀ လုံးရေရအောင် ပုတီးစိပ်ပါလေ။ ပုတီးလုံးရေ ၅၄၀၀ ကို ရေတွက်ပါက စိပ်ပုတီးပတ် ၅၀ ကျော်ဖြစ်ပါသည်။ ရွတ်ရင်းရွတ်ရင်း နှင့်အသားကျသွားပါလိမ့်မည်။ အောင်မြင်လိုသည့် ဆန္ဒတွေသည်လည်း ထပ်တူထပ်မျှ လိုက်ပါလာမည်ကား ကေန်မုချပါတည်း။

(ဖော်ပြပါ ကျင့်စဉ်တို့သည် အထက်လမ်း၊ အောက်လမ်းနည်း ပညာတွေ မပါဝင်ပါ။ သိဒ္ဓိဖြစ်စေမယ့် နည်းလမ်းတို့သာဖြစ်ပါကြောင်း ...)

**မင်းသဏ်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com



# သီတင်းကျွတ်ပြီ ခါတော်မီ

■ စွမ်းထက်အောင်

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၈ ရက် ဗုဒ္ဓဟူးနေ့သည် သီတင်းကျွတ်လပြည့် "အဘိဓမ္မာအခါတော်"နေ့ ဖြစ်သည်။

ဝါဝင်သည့်နေ့ရက်မှ အစပြု၍ ဝါတွင်းကာလတစ်လျှောက်လုံး ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းစဉ်လာအရ ကန့်သတ်ချက်ကြောင့် မင်္ဂလာဆောင် (လက်ထပ် ပေါင်းသင်း)ချင်ပါလျက်နှင့် စောင့်ဆိုင်းနေကြရသော မင်္ဂလာမောင်မယ်တို့သည် ဝါလကင်းလွတ် သီတင်းကျွတ်နှင့်အတူ လူပျို အပျိုဘဝမှ လွတ်လွတ်ကျွတ်ကျွတ်ဖြင့် အိမ်ထောင်ရှင်ဇနီးမောင်နှံအဖြစ်သို့ ကူးပြောင်းနိုင်ကြသော အခါသမယ ဖြစ်လေပြီ။

ဤအခါသမယတွင် မြန်မာလူမျိုးတို့ အနေနှင့် အသက် ၂၀ နှစ်ပြည့်မြောက်လျက် အရွယ်ရောက်ပြီးသော အမျိုးသား၊ အမျိုးသမီးတို့သည် အကြင်လင်မယားအဖြစ်ရာသက်ပန် ရိုးမြေကျ သေတစ်ပန် သက်တစ်ဆုံး ပေါင်းဖော်ကြရန် အပြန်အလှန်ကတိသစ္စာပြုကြရစမြဲ ဖြစ်သည်။

တစ်နည်းအားဖြင့် လင်မယားဆိုသည်မှာ (လက်မထပ်မီက) သူစိမ်းပြင်ပြင် တစ်မိသားနှင့် အခြားတစ်မိသားမှ ပေါက်ဖွားခဲ့ကြသူများ ဖြစ်လင့်ကစား လက်ထပ်လိုက်ကြရသည်နှင့် တစ်ပြိုင်နက် မိဘဆွေမျိုးသားချင်းများထက် ပို၍ သံယောဇဉ်တွယ်ကြသည်ဟု ယူဆဖွယ်ရာဖြစ်သည်။

ယင်းကဲ့သို့ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ ပေါင်းသင်းကြရာတွင် -

(က) မိဘနှစ်ပါးက ထိမ်းမြားလက်ထပ်ပေးခြင်း။

(ခ သူတစ်ပါး၏ အောင်သွယ်မှုဖြင့် ပေါင်းသင်းခြင်း။

(ဂ) အမျိုးသားနှင့် အမျိုးသမီး အပြန်အလှန် နှစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

သဘောတူပေါင်းသင်းကြခြင်း

ဟူ၍ သုံးမျိုးသုံးစား ကွဲပြားသတ်မှတ်ကြသည်။ ရှေးလူကြီးသူမများက ထိမ်းမြားလက်ထပ်ခြင်းနှင့်ပတ်သက်၍ အာဝါဟ၊ ဝီဝါဟ မင်္ဂလာဟူ၍ ပြောလေ့ပြောထ ဆိုရိုးစကားရှိကြသည်။ အနက်အဓိပ္ပာယ် ဖွင့်ဆိုလိုက်သောအခါ

(က) အာဝါဟ = ဆိုသည်မှာ အမျိုးသား၏ အိမ်ဂေဟာသို့ အမျိုးသမီးကို ခေါ်ဆောင်လျက်ပြုသော မင်္ဂလာ။

(ခ) ဝီဝါဟ = ဟူသည် အမျိုးသမီး၏ အိမ်ဂေဟာသို့ အမျိုးသားကို ခေါ်ဆောင်၍ပြုသော မင်္ဂလာ။

ဟု ဖြစ်သော်ငြားလည်း မျက်မှောက်ခေတ်တွင် မိမိတို့အိမ်ဂေဟာမှတစ်ပါး (ခနငွေကြေးတတ်နိုင်မှုပေါ်တွင်မူတည်လျက်) အင်းလျားလိပ်၊ ဆိတ်ဒိုးနား၊ ရှင်ဂရီလာ အစရှိသော ကြယ်လေးပွင့်အဆင့်ရှိ (FOUR STAR) ဟိုတယ်ကြီးများတွင် မင်္ဂလာပွဲကျင်းပကြသည်။ ထိုအခါ -

(ဂ) စရမင်္ဂလာ = ဟူသော မင်္ဂလာပွဲကျင်းပရာ အမျိုးအစားထပ်တိုးသည်။

အချို့ မင်္ဂလာစုံတွဲများက တရားရုံးရှိ တရားသူကြီးရှေ့မှောက်၌ (အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခြင်းကို နှစ်ဦးနှစ်ဖက်သဘောတူ၍ ထိမ်းမြားကြပါသည်ဟု) ကတိသစ္စာပြု၍ ကျမ်းကျိန်လွှာပြုလုပ်ကြသည်။

ယင်းသို့ သဘောတူပဋိညာဉ်ပြုရာတွင် ဥပဒေပုဒ်မ (၁၄)အရ လွတ်လပ်သော သဘောတူညီမှုဖြစ်ရန် အထူးတလည် အရေးကြီးပါသည်။

(၁) အနိုင်အထက်ပြု၍ မလျော်သော ဩဇာသုံးစွဲခံရခြင်း။

(၂) လိမ်လည်လှည့်ဖြား၍ အလွဲပြောဆိုခြင်း။

(၃) အမှားအယွင်း ချို့ယွင်းချက်ကြောင့် သဘောတူရခြင်း။

စသည်တို့ မဖြစ်စေရပါ။

သို့ဖြစ်ရာ ဝါလကင်းလွတ် သီတင်းကျွတ် အခါသမယတွင် မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား အမျိုးသမီး၊ အမျိုးသား (သတို့သားလောင်း၊ သတို့သမီးလောင်း)တို့သည် လူမှုဒုက္ခအဝဝမှ လွတ်ကင်းချမ်းသာရာရကြစေရန်နှင့် ချစ်သူ၊ ကြင်သူ၊ မြတ်နိုးသူများနှင့်သာ ရွေးချယ်ကြလျက် ရာသက်ပန်ပေါင်းသင်းကြမည့် မင်္ဂလာပွဲများ ဖြစ်ပါစေသတည်း ဆန္ဒပြုရပါသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်တို့သာမက အခြားသောဘာသာဝင်တို့၏ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အကြောင်းကိစ္စရပ်များကိုလည်း လေ့လာထားသမျှ တင်ပြလိုပါသည်။

## ခရစ်ယာန်

ကမ္ဘာဦးလူသား ယောက်ျား၊ မိန်းမ စုံတွဲဖြစ်ကြသော အာဒမ်နှင့်ဧဝမှ အစပြု၍ ပေါက်ဖွားလာကြသည့် အမျိုးသား၊ အမျိုးသမီးတို့သည် ယခုခေတ်အခါတွင် အနောက်တိုင်းအိမ်ထောင်ရေးလောက၌ အိမ်ထောင်ဘက်များ ရွေးချယ်သတ်မှတ် လက်ထပ်သော ဓလေ့ထုံးတမ်းစဉ်လာဟူ၍ လွန်လေပြီးသော ၁၄ ရာစုနှစ်များက ရှိခဲ့ဖူးသည်။

ထိုခေတ်ထိုအခါကဆိုလျှင် မျိုးရိုးမြင့်မြတ်သူဟု ဆိုအပ်သော ထီးမွေနန်းလျာ၊ ဘုရင့်ဆွေတော်မျိုးတော်များသည် မျိုးရိုးဂုဏ်ဒြပ်တူညီသူချင်းသာလျှင် လက်ထပ်ထိမ်းမြားကြသည်။

သူဌေးသူကြွယ်ချင်းလည်း ထို့အတူ ချမ်းသာကြွယ်ဝသူအချင်းချင်း မင်္ဂလာပွဲဆင်နွှဲကြသည်။ အထူးသဖြင့် ရှေးပဝေသဏီအခါက လက်ထပ်ပွဲကျင်းပရာနေရာကို အသင်းတော် CHURCH တွင် ဘာသာရေးအကြီးအကဲ၏ ရှေ့မှောက်တွင်သာ လက်ထပ်ထိမ်းမြားလေ့ရှိကြသည်။ တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးခဲ့သော ခေတ်ကာလမှာ ခေတ်ဟောင်းနှင့်အတူ ကျန်ရစ်ခဲ့လေပြီ။

ယခုအခါ အနောက်တိုင်းအိမ် ထောင်ရေးလောကသည် အလွန်အကျွံလွတ်လပ်မှုကို အခြေခံသော (FREEDOM OF SEX)ကို ကျင့်သုံးလာကြလေပြီ။ တရားဝင် လက်ထပ်ထိမ်းမြားခြင်းကိုပင် မပြုလုပ်ကြတော့ဘဲ အမျိုးသားနှင့် အမျိုးသမီးအချင်းချင်း နှစ်သဘောကျလျှင် (LIVING TOGETHER)ဟူ၍ ပေါင်းသင်းနေထိုင်ကြသည်။ ထိုအိမ်ထောင်ရေးနှင့်ပတ်သက်သော လူနေမှုပုံစံအဆိုးကို အင်္ဂလန်



www.burmeseclassic.com

www.burmeseclassic.com

ခရစ်ယာန် အသင်းတော်ကြီးကပင်လျှင် သတိပေး ကန့်ကွက်နေပြီဖြစ်သည်။

ယခုအခါ ဗြိတိန်နိုင်ငံတွင် တရားဝင်လက်ထပ်ခြင်း မပြုဘဲ အတူတကွပေါင်းသင်းနေထိုင်ကြသည့်စုံတွဲ LIVING TOGETHER အရေအတွက်မှာ သုံးသန်းကျော် ရှိနေသည်။ ထို့ကြောင့် အနာဂတ်လူနေမှုဘဝနှင့် ပတ်သက်၍ စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ခရစ်ယာန်အသင်းတော်က သတိပေးလိုက်ခြင်းဖြစ်သည်။

အမေရိကန်၊ ကနေဒါနှင့် ဩစတေးလျနိုင်ငံများတွင် မွေးဖွားခဲ့ကြသော ကလေးများ၏ ရာခိုင်နှုန်းထက်ဝက် (၅၀ ရာခိုင်နှုန်း)ခန့်သည် တရားဝင်လင်ယောကျ်ား အတိအကျမရှိသော (တစ်နည်းအားဖြင့် တရားဝင် လက်ထပ်ပေါင်းသင်းထားခြင်း မဟုတ်သော) မိခင်များမှ မွေးဖွားလာခြင်းဖြစ်ကြသည်။ သို့ဖြစ်ရာ ထိုကလေးသူငယ်များ၏ နောင်ရေးသည် ရင်လေးဖွယ်ရာဖြစ်နေလေပြီ။

ထို့ကြောင့် သက်ဆိုင်ရာနိုင်ငံများ၏ တရားဝင်ဖခင်မရှိဘဲ မွေးဖွားလာသည့် ကလေးများအရေအတွက် တိုးပွားလာခြင်းနှင့်ပတ်သက်၍ ကမ္ဘာ့ကုလသမဂ္ဂ (UNICEF) အဖွဲ့ကြီးမှ ထုတ်ပြန်ထားသော THE PROGRESS OF NATIONS စာအုပ်တွင် ဖော်ပြထားပေသည်။

ယင်းကဲ့သို့ တရားဝင်လက်ထပ်ခြင်းမပြုဘဲ ပေါင်းသင်းနေထိုင်ကြသော အမျိုးသမီးများသည် သူတို့၏အမျိုးသားများထံမှ လေးနက်သောဆက်ဆံမှုများ ရှိခဲ့ကြသောကြောင့် စိတ်ကျရောဂါများ စွဲကပ်နေကြသည်။ ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ အိမ်ထောင်ရှင်မများကို ပညာပေးခြင်းနှင့် အမျိုးသမီးများခံစားနေရသော မှုခင်းများကို ဟန့်တားကာကွယ်ရေးအတွက် အမေရိကန်အမျိုးသမီးများအသင်း (AMERICAN WOMEN'S ASSOCIATION)က အမေရိကန်လွှတ်တော်တရားရေးကော်မတီသို့ တင်ပြခဲ့လေသည်။

ဗြိတိန်နိုင်ငံရှိ ကျောင်းများတွင် ဆယ်ကျော်သက်ရွယ် လူငယ်အမျိုးသား၊ အမျိုးသမီးများအား အိမ်ထောင်မှုဓိသားစုဘဝ၏ ချစ်မြတ်နိုးဖွယ် သာယာပျော်ရွှင်မှုနှင့် စာရိတ္တထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာများကို ဖြည့်စွက်သင်ကြားသင့်ကြောင်း အကြံပြုထားကြသည်။

အမေရိကန်နိုင်ငံတစ်ခုတည်းမှာပင် ကိုယ်ဝန်(တိတ်တဆိတ်)ဖျက်ဆီးသူ အမျိုးသမီးအရေအတွက်မှာ (နှစ်စဉ်) တစ်သန်းခွဲရှိနေကြောင်း မီဒီယာတို့က ဖော်ပြကြသည်။ သားသမီးမွေးဖွားမည့် တာဝန်မယူဘဲ ရမက်ဆန္ဒကို ဦးစားပေးနေကြသည်။

သို့ဖြစ်ရာ အမေရိကန်လူနေမှုဘဝနှင့် စပ်လျဉ်း၍ ရှေးယခင်အခါကကဲ့သို့ အိမ်ထောင်သည် မိသားစုဘဝကို အမြတ်တနိုး အလေးအနက် တန်ဖိုးထားကြရန် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များက လှိုက်လှဲစွာ တိုက်တွန်းလျက်ရှိနေကြပါကြောင်း။

## ဟိန္ဒူ

၁။ ဤမျှလှပသောကမ္ဘာကို မည်သူဖန်ဆင်းပါသနည်းဟူသော မေးခွန်းအတွက်အဖြေမှာ ဗြဟ္မာ(BRAHMA) ဖြစ်သည်။

၂။ ဤမျှလှပသော ကမ္ဘာကို မည်သူက ဆက်လက်ထိန်းသိမ်းနေပါသနည်းဟူသော မေးခွန်းကို ဗိဿနိုး (VISSANO) ဖြစ်သည်။

၃။ မုန်တိုင်းဒဏ်၊ ရေကြီးမှုဒဏ်၊ တောမီးလောင်သောဒဏ်တို့ဖြင့် ဤကမ္ဘာကို ပျက်စီးတာ ဘယ်သူ့ကြောင့်လဲဟူသော မေးခွန်းကိုဖြေဆိုရာတွင် သျှိဝ(SHIVA) ဟူ၍ဖြစ်သည်။

(CREATER)ဖန်ဆင်းသူက လှပစွာဖန်ဆင်းခဲ့သည်။ ဆက်လက်တည်တံ့စေရန် (MAINTAINER) ထိန်းသိမ်းသူက တာဝန်ကျေစွာထိန်းသိမ်းခဲ့သော်လည်း သဘာဝဘေးအန္တရာယ်များအဖြစ်နှင့် (DESTROYER) ပျက်စီးနေသည်။

ယင်းကဲ့သို့သော ကမ္ဘာကြီးထဲတွင် နေထိုင်ကြသော လူသားများထဲတွင် ဟိန္ဒူတို့သည် ဇာတ်အနိမ့်အမြင့်ကို အထူးတလည် အရေးထားကြသည်။ မြင့်မြတ်သော မျိုးနွယ်စုတို့ထံတွင် ဇာတ်နိမ့်သူများအတွက်(အစားအစာမဆိုထားဘိ) ရေတစ်ပေါက်သောက်နိုင်ရန်ပင် အခွင့်အလမ်းမရှိပါချေ။ ဇာတ်အနိမ့်အမြင့် လူနေမှုညီတူညီချရန် ကြိုးစားခဲ့သော အိန္ဒိယခေါင်းဆောင်ကြီး မဟာတ္တမဂန္ဒီကဲ့သို့သော သူတော်



www.burmeseclassic.com

www.burmeseclassic.com

စင် ပုဂ္ဂိုလ်ကြီးတစ်ယောက်ကိုပင်လျှင် ဇာတ်မြင့်သူတစ်ဦးက လုပ်ကြံသတ်ဖြတ်၍ ဇီဝိန်ချွေခဲ့ဖူးသည်။

မည်သို့ပင်ဖြစ်စေ ယခုအခါတွင် ဇာတ်အနိမ့်အမြင့် အလေးထားသူတို့က မြင့်မြတ်သူအချင်းချင်း လက်ထပ်ပေါင်းသင်းကြစမြဲဖြစ်သည်။ အလေးအနက်မထားသူတို့ကလည်း စိတ်နေသဘောထားချင်းတူသော အမျိုးသား၊ အမျိုးသမီးတို့အချင်းချင်း လက်ထပ်ထိမ်းမြား ပေါင်းသင်းနေထိုင်ကြလေသည်။

## အခွလာမ်

လွန်ခဲ့သော နှစ်အတော်အတန်ကြာခဲ့သော ကာလတစ်ခုတွင် ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ မင်းသားကြီးအာဂါခန် ရောက်လာခဲ့ဖူးသည်။ မင်းသားကြီးအာဂါခန် ဆိုသည်မှာ တမန်တော်တစ်ပါးဟူ၍ မွတ်ဆလင်များက ရိုသေလေးစားဂါရဝပြုခဲ့ကြသည်။

မွတ်ဆလင်တို့သည် အမျိုးသားနှင့် အမျိုးသမီး ထိမ်းမြားလက်ထပ်မင်္ဂလာကို သက်ဆိုင်ရာ လူကြီးမိဘများနှင့် ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ ရှေ့မှောက်တွင် မင်္ဂလာပွဲကျင်းပပြုလုပ်ရခြင်းကို တန်ဖိုးထားကြသည်။

သို့ဖြစ်ရာ အာဂါခန်မင်းသားကြီး မြန်မာနိုင်ငံသို့ ရောက်လာတော့မည်ဟူ၍ ကြိုတင်သတင်းကြားခဲ့သည့်အချိန်မှစ၍ မြန်မာနိုင်ငံတွင် နေထိုင်ကြသော မွတ်ဆလင်များသည် ရက်သတ္တပတ် အနည်းငယ်ကတည်းက စောင့်စားနေကြသည်။ အာဂါခန်မင်းသားကြီး ရောက်လာသည့်အခါကျမှ မင်းသားကြီး၏ မျက်မှောက်တွင် လက်ထပ်မင်္ဂလာပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ထားကြသော မင်္ဂလာမောင်မယ် (သတို့သားလောင်း၊ သတို့သမီးလောင်း)စုစုပေါင်း ၇၀တွဲငါးရာကျော်ရှိသည်ဟု သိခဲ့ရသည်။ တမန်တော်မင်းသားကြီး အာဂါခန် ရောက်ရှိလာသောအခါ ထိုပုဂ္ဂိုလ်ကြီး၏ ရှေ့မှောက်တွင် မင်္ဂလာစုံတွဲငါးရာကျော်တို့ လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲကြသည်။ ယင်းသို့ ပြုလုပ်ကျင်းပခြင်းအားဖြင့် ပို၍မြင့်မြတ်သော မင်္ဂလာပွဲအဖြစ်သို့ ရောက်ရှိပြီး ထိုမင်္ဂလာစုံတွဲမှ နောင်သောအခါ မွေးဖွားလာမည့် သားသမီးရတနာများသည် ကောင်းချီးမင်္ဂလာပြုခြင်း ခံရပြီးဖြစ်သည်ဟူ၍ တန်ဖိုးထားကြသည်။

မည်သို့ပင်ဖြစ်စေ…

ထိုဖြစ်ရပ်သည် မင်္ဂလာရှိသော အကြောင်းတစ်ခုဖြစ်ခဲ့လေသည်။ များမကြာမီ လွန်ခဲ့သောနှစ်အနည်းငယ်ကလည်း (DM 23.12.2013)၌ ပါဝင်သော ရိုက်တာသတင်းတွင် ဖော်ပြခဲ့သော အကြောင်းအရာတစ်ခုမှာ…

အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်သော မိသားစုများ တိုးပွားလာစေရေး ရည်ရွယ်ချက်ဖြင့် မွတ်စလင်စုံတွဲပေါင်း ၁၀၀၀ ကျော်ကို စုပေါင်းမင်္ဂလာပွဲပြုလုပ်ပေးခဲ့ကြောင်း မြို့လယ်ကောင်ရှိ ဗလီကြီးတွင် ကျင်းပပြုလုပ်ခဲ့သော ယင်းပွဲ၌ စုံတွဲပေါင်း (၁၁၁၁)တွဲပါဝင်ခဲ့ပြီး အများစုမှာ အိမ်ထောင်ကွဲများဖြစ်ကြောင်း သိရသည်။

နိုင်ဂျီးရီးယားတွင် ကွာရှင်းမှုနှုန်းများ မြင့်တက်လာပြီး အမျိုးသမီးများမှာ တစ်ဦးတည်း ကလေးမွေးဖွားရသောကြောင့် ကလေးစွန့်ပစ်မှုနှုန်းလည်းမြင့်လာသည်။ ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ဘာသာရေးပုဂ္ဂိုလ်များက စုပေါင်းမင်္ဂလာပွဲများပြုလုပ်၍ အိမ်ထောင်ချပေးခဲ့ကြသည်။ လွန်ခဲ့သော ၁၈ လအတွင်း၌ စုံတွဲပေါင်း ၄၀၀၀ ကျော်ကို အိမ်ထောင်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းစုပေါင်း မင်္ဂလာပွဲများတွင် မြို့အုပ်ချုပ်ရေးအဖွဲ့သည် သတို့သမီးကို တင်တောင်းသည့်စရိတ်၊ ထိုအိမ်ထောင်တစ်ခုချင်းအတွက် ပရိဘောဂများနှင့် စီးပွားရေးလုပ်ငန်းအသေးစားလုပ်စေကာ အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် ငွေကြေးများကိုပါ ထုတ်ပေးလေ့ရှိကြောင်း သိရသည်။ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ မင်္ဂလာဆောင်ပေးရန် စီစဉ်ထားသော စုံတွဲများထဲတွင် ခရစ်ယာန်ဘာသာဝင်စုံတွဲ ၅၀ လည်းပါဝင်ပြီး ၎င်းတို့၏မင်္ဂလာပွဲကို အသင်းတော်(CHURCH) ကျောင်းတွင် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များက ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်း ဖော်ပြပါရှိခဲ့လေသည်။

**စွမ်းထက်အောင်**



www.burmeseclassic.com

www.burmeseclassic.com

# ချစ်မှုရေးရာအတွက် Vodoo အရုပ် စီရင်ပြုလုပ်နည်း

တက္ကသိုလ်မိုးမြင့်ဝေ

ပဉ္စလက်ဆန်သော အတတ်ပညာရပ်များတွင် ဗူးဒူး(Vodoo)ရုပ် စီရင်ပြုလုပ်နည်းဟူ၍ ရှိချေ၏။ ဗူးဒူး (Vodoo)ဆိုသည်မှာ မြန်မာဝေါဟာရစကားရပ် မဟုတ်။ အနောက်အာဖရိက (ရှေးဟောင်းစကားရပ်)မှ လာခြင်းဖြစ်ပြီး ဝိဉာဉ်ဟူ၍ အဓိပ္ပာယ်ရပေသည်။

အဆိုပါပညာရပ်သည် ဝိဉာဉ်ကိုးကွယ်ခြင်းဆိုင်ရာ အယူဝါဒမှ ဆင်းသက်လာခြင်းဖြစ်၏။ ကာလကြာရှည်လာသည်နှင့် မှော်အတတ်ဆိုင်ရာ လောကီပညာရပ်များ ဝိဉာဉ်နှင့်သက်ဆိုင်သော ပညာရပ်များအတွင်းသို့ ဝင်ရောက်နေရာယူလာခဲ့ခြင်း ဖြစ်၏။ ဗူးဒူးပညာရှင်များက -

"ဗူးဒူးအတတ်ပညာဆိုတာဟာ အရုပ်ထဲ(၎င်းအရုပ်မှာ ကလေးငယ်များ မွှီသွင်းကာ လုပ်ထားသော အရုပ်၊ ပိတ်သားဖြတ်စများဖြင့် ပြုလုပ်ထားသောအရုပ်မျိုး ဖြစ်ပါ၏)ကို လူတစ်ဦးတစ်ယောက်ရဲ့ ဝိဉာဉ်ကို သွင်းလိုက်ပြီး သူ့ကို အရုပ်တစ်ရုပ်လို ထိန်းချုပ်စေစားတဲ့ ပညာရပ်ပဲ ဖြစ်ပါတယ်။ အဲသည်ပညာရပ်နဲ့ ဆေးကုသတဲ့ ကိစ္စတွေမှာ၊ ပြုစားခြင်းဆိုင်ရာတွေမှာ တစ်ခါတလေတော့ ချစ်မှုရေးရာကိစ္စရပ်တွေမှာ အသုံးချလေ့ရှိပါတယ်။

ထို့ပြင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ စသည်ဖြင့် အာဖရိကနိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ တွေ့ရသော အိန္ဒိယလူမျိုးတို့၏ မီးနင်းပွဲသည်လည်း လူကို နတ်ဝင်ပူးစေ၍ အပ်စိုက်ခြင်း၊ အပ်ဖောက်ခြင်းများ ပြုလုပ်ခြင်းသည်လည်း Voodoo ပညာရပ်တစ်ခုပင် ဖြစ်သည်။

ဒါတင်မကသေးပါဘူး။ လူတစ်ယောက်အတွက် အရုပ်တစ်မျိုးကို သူနဲ့ပတ်သက် ဆက်စပ်နေတဲ့ ကိစ္စရပ်တွေအားလုံးအတွက် အသုံးချကြပါတယ်။ ဒါ့အပြင် ကိစ္စတစ်ခုအတွက် မံန္တန်တစ်မျိုး၊ အရုပ်တစ်မျိုးအဖြစ် သုံးကြတာလည်း ရှိပါတယ်"

ဟု ဆိုကြသည်။

ဤဆောင်းပါးတွင် ချစ်မှုရေးရာ ကိစ္စရပ်များအတွက်သာ ဗူးဒူးရုပ် စီရင်ပြုလုပ်နည်းကိုသာ ဖော်ပြပါမည်။ အခြားသောကိစ္စရပ်များအတွက် စီရင်နည်းကိုမူ (မသမာသူများ မကောင်းသောကိစ္စရပ်များ၌ အသုံးချမည်စိုးသည့်အတွက်) မဖော်ပြတော့ပါ။ နတ်ဝင်ပူးသည့်ပုံများကိုလည်း အင်တာနက်မှတစ်ဆင့် ရှာဖွေ၍ တင်ပြလိုက်ပါသည်။


ဦးစွာ မိမိ -ဗူးဒူးရုပ်ပြုလုပ်မည့်သူ အိပ်ပျော်နေလောက်မည့် ညသန်းခေါင်ယံအချိန်၊ မိမိချစ်သူ၏ ဆံပင် ၁၃ ပင်နှင့် မိမိ၏ဆံပင် ၁၃ ပင်တို့အား ကြိုးတစ်ချောင်းတည်းဖြစ်စေရန် စုပြီးကျစ်ဖို့ လိုပါသည်။ ပြီးလျှင် သန့်စင်သော တုတ်ချောင်းနှစ်ချောင်းအား (+)ပုံသဏ္ဍာန် ကပ်လိုက်ပြီး တုတ်ချောင်းနှစ်ချောင်းဆုံသည့်နေရာ၌ ဆံပင်နှင့် ချည်းနှောင်ပေးရပါမည်။ တုတ်ချောင်းနှစ်ချောင်း၏ အပေါ်၌ သန့်စင်သော ဝါဂွမ်းအချို့၊ အဝတ်ဖြူသန့်သန့် တစ်စအား အရုပ်နှင့်အတူဆုံးဖြစ်အောင် ပြုလုပ်ဆင်မြန်းပေးရန် လိုအပ်ပါသည်။ ထို့နောက် ၎င်းအရုပ်ကို မိမိ၏ လောကီစားပွဲပေါ်သို့ တင်ထားပါ။ အရုပ်၏အောက်၌ မှန်တစ်ချပ်ကို ထားပါ။ အရုပ်၏ ပတ်ပတ်လည်တွင် ဆေးပင်အနက်ဖြင့် ရေးထားသည့် ကျောက်တုံးကလေးများကို ထားပေးရပါမည်။

ထိုသို့ ထားရှိပြီးသည့်နောက် စံပယ်ပန်းရနံ့ဖြင့် ပြု



www.burmeseclassic.com

www.burmeseclassic.com



ပုံများကို အင်တာနက်မှတစ်ဆင့် ရှာဖွေ၍



www.burmeseclassic.com

www.burmeseclassic.com

လုပ်ထားသည့် အမွေးတိုင်တစ်တိုင်၊ စကားဝါပန်းရနံ့ဖြင့် ပြုလုပ်ထားသည့် အမွေးတိုင်တစ်တိုင်၊ နှင်းဆီပန်းရနံ့ဖြင့် ပြုလုပ်ထားသည့် အမွေးတိုင်တစ်တိုင်၊ စုစုပေါင်း အမွေးတိုင် သုံးမျိုးကို ထွန်းပေးပါ။ ထို့နောက် မိမိရည်ရွယ်ထားသူ ရှိနေမည့်အရပ်သို့ မျက်နှာမူလျက် ခေါင်းလောင်းတီးပါ။ ခေါင်းလောင်းတီးနေရင်းမှာပင် -

"ယခု ဆံပင်ပိုင်ရှင်ရဲ့ စိတ်ဝိညာဉ်ဟာ ဒီနေရာကို ချက်ချင်းရောက်လာရမယ်။ မဖြစ်မနေ မရောက်ရောက်အောင် လာခဲ့ရမယ်။

အရုပ်နဲ့ ယခု လောကီစားပွဲပေါ်မှာရှိတဲ့ အသုံးအဆောင်တွေရဲ့ စွမ်းအင်ကြောင့် ငါဟာ သင့်ရဲ့ စိတ်ဝိညာဉ်ကို ပိုင်သွားခဲ့ပြီ။

သင့်ရဲ့ စိတ်ဝိညာဉ်ကို ပိုင်သွားခဲ့ပြီ။

သင့်ရဲ့ စိတ်ဝိညာဉ်ကို ပိုင်သွားခဲ့ပြီ။

ဒါကြောင့် သင်(မိမိရည်ရွယ်ထားသောအမည်)ရဲ့ စိတ်ဝိညာဉ်ဟာ အခုချက်ချင်းဆိုသလို သည်နေရာကို အရောက်လာခဲ့ရမယ်။

အရောက်လာခဲ့ရမယ်။

အရောက်လာခဲ့ရမယ်"

ဟူ၍ မိမိရှိနေသော နေရာသို့ လေတစ်ချက်မျှ သဲသဲသာသာ တိုးဝှေ့မလာမချင်း ဆက်တိုက် ရွတ်ဆိုပေးနေရပါမည်။ ထို့နောက် အရုပ်ပေါ်ရှိ မှန်ပြင်အား လက်ဖြင့် ဖြည်းဖြည်းချင်း သပ်ချပေးကာ...

"သင့်ရဲ့ စိတ်ဝိညာဉ်တစ်စိတ်တစ်ပိုင်းဟာ ဟောဒီအရုပ်နဲ့ ဆက်စပ်မှု ရှိစေရမယ်။

သင့်ရဲ့ စိတ်ဝိညာဉ်တစ်စိတ်တစ်ပိုင်းဟာ ဟောဒီအရုပ်နဲ့ ဆက်စပ်မှု ရှိစေရမယ်။

သင့်ရဲ့ စိတ်ဝိညာဉ်တစ်စိတ်တစ်ပိုင်းဟာ ဟောဒီအရုပ်နဲ့ ဆက်စပ်မှု ရှိစေရမယ်"

ဟူ၍ ရွတ်ဆိုလျက် မှန်ကို မိမိ၏ အိပ်ရာအောက်၌ ထားရပါမည်။ ထိုသို့လုပ်ဆောင်ပြီးပြီဆိုမှ အရုပ်ကို ပြန်ယူရပါမည်။ ပြန်ယူပြီးသည့်အခါတွင် (အမွေးတိုင်များ မီးမငြိမ်းသေးပါက) အမွေးတိုင်သုံးတိုင်စလုံးကို မိမိနှစ်သက်သလို မီးငြိမ်းပစ်ရပါမည်။ ပြီးလျှင် မိမိစိတ်များကို ဖြေလျှော့လျက်...

"(-----)ရဲ့ စိတ်ဝိညာဉ်ဟာ လွတ်လပ်စွာ သွားနိုင်ပါပြီ"

ဟု ရွတ်ဆိုရပါမည်။ ထို့နောက် မိမိ၏ လောကီစားပွဲကို လက်ညှိုးနှင့် ဝှေ့ယမ်း၍ -

"ဟောဒါ ငါ့ရဲ့ လောကီစားပွဲဖြစ်တယ်။ ငါ့ရဲ့ လောကီအစီအရင်စားပွဲကို ဘယ်သူမှ ဖျက်ဆီးခြင်း မပြုစေရဘူး။

ငါ့ကို စောင့်ရှောက်တဲ့ မိခင်နတ်သမီး အစီအရင်ပြုလုပ်တဲ့ လောကီစားပွဲကို ဘယ်သူမှ မဖျက်ဆီးရလေအောင် စောင့်ရှောက်ပေးတော်မူပါ"

ဟု ရွတ်ဆိုပေးရပါမည်။ ယင်းမှာ အစီအရင်တစ်ခုလုပ်ပြီးသည့်အချိန်တိုင်း ရွတ်ဆိုပေးရမည့် မန္တန်ဖြစ်ပါသည်။ မိမိ၏ လောကီစားပွဲနှင့် အစီအရင်များ ပြုလုပ်ပြီးသည့်အခါတိုင်း ရွတ်ဆိုပေးဖို့ လိုအပ်ပါသည်။

ထိုသို့ ရွတ်ဆိုသမှုပြုပြီးသည့်နောက် မိမိ၏လောကီပညာရပ်များ စီရင်သည့် စားပွဲရှေ့မှ ထွက်ခွာနိုင်ပေပြီ။ ထို့နောက်တွင်ကား မိမိအဖို့ အချစ်ဗူးဒူးရုပ်တစ်ရုပ် (Love Voodoo) တစ်ရုပ် ရလာမည်ဖြစ်ပြီး ချစ်မှုရေးရာ ကိစ္စရပ်များနှင့် ပတ်သက်လာပါက အဆိုပါအရုပ်ကို မိမိလက်ညှိုးနှင့် ထိုး၍ အမိန့်ပေးစေခိုင်းနိုင်ပြီ ဖြစ်ပါသည်။ အကယ်၍ ထိုသို့မလုပ်လိုပါက အရုပ်အား ညင်သာယုယစွာဖြင့် ချစ်စကားကလေးများ ပြောဆိုခြင်း၊ ညင်သာဖွဖွ နမ်းရှိုက်ခြင်းမျိုး ပြုလုပ်ပေးနိုင်ပါသည်။ ထိုသို့စီရင်ထားသည့် ဗူးဒူးရုပ်ကို သိမ်းထားမည်ဆိုပါက သံသေတ္တာအငယ်စားကလေးအတွင်း သီးသန့်သော့ခတ်သိမ်းဆည်းထားဖို့လိုကြောင်း တင်ပြရေးသားလိုက်ရပါသည်။

**တက္ကသိုလ်မိုးမြင့်ဝေ**




www.burmeseclassic.com

www.burmeseclassic.com

■ မင်းဒီပလှိုင်

# ချစ်သူနှင့် ရှေ့လက်တွဲနိုင်မည့် ဂါထာ



ဦးသီလသည် လမ်းထိပ်က 'မေတ္တာကမ္ဘာ'ကွန်ပျူတာနှင့် မိတ္တူဆိုင်ကို သတိပြုမိသည်။ 'မေတ္တာကမ္ဘာ'ကွန်ပျူတာနှင့် မိတ္တူဆိုင် ဖွင့်ထားသည်မှာ သုံးရက်ရှိသွားချေပြီ။

ဦးသီလသည် စာဖတ်ခြင်းဝါသနာထုံသူပီပီ စာကို အရမ်းဖတ်သည်။ အထူးသဖြင့် ဗေဒင်စာအုပ်များ ယတြာစာအုပ်များ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း စာအုပ်များကို စိတ်ဝင်တစား လေ့လာမှတ်သား ဖတ်ရှုခဲ့သည်။ စာအုပ်ထဲမှ ဘဝတစ်သက်တာ မှတ်စရာများ၊ သိသင့်၊ သိမ်းထားသင့်သော စာပေများကို 'မေတ္တာကမ္ဘာ'ကွန်ပျူတာနှင့် မိတ္တူဆိုင်မှာ အမြဲတမ်း မိတ္တူဆွဲလေ့ရှိသည်။ ဆိုင်ပိုင်ရှင် မောင်စိုးသူအောင်ကလည်း ဦးသီလလာပြီဆိုရင် စိတ်ရှည်ရှည်ထားပြီး ဆောင်ရွက်ပေးတတ်သည်။

ထို့ကြောင့် ... ဦးသီလနှင့် မောင်စိုးသူအောင်တို့မှာ ရင်းနှီးချစ်ခင်လာကြသည်။

''မောင်စိုးသူအောင် ဆိုင်မဖွင့်တာ ဘာဖြစ်ပါလိမ့်။ နေများမကောင်းလို့လား''

တွေးဆရင်း 'မေတ္တာကမ္ဘာ'



www.burmeseclassic.com

www.burmeseclassic.com

ကွန်ပျူတာဆိုင်ရှေ့တွင် ရောင်းချနေသော 'မနောမယ'ကွမ်းယာဆိုင်မှ မောင်ဘမိုးကို သွားမေးလိုက်သည်။

"မောင်ဘမိုး ... မောင်စိုးသူအောင် ဘာလို့ဆိုင်မဖွင့်တာလဲ"

"ဩော် ... ဦးသီလလား။ မကြားလိုက်ဘူးလား။ စိုးသူအောင် အချစ်ဖျားရောဂါ ဖြစ်နေလို့"

"ဟာ ... မောင်ဘမိုးကလည်း အချစ်ဖျားရောဂါလို့ မကြားဖူးပါဘူး"

"ဒီလိုပါ ဦးသီလ ... စိုးသူအောင်က လမ်းထဲက နိုင်လေးနွယ်နဲ့ ချစ်ကြိုက်နေတာ။ နိုင်လေးနွယ်ကို ဦးသီလ သိတယ်မဟုတ်လား"

"ဟို ... လမြမြမွှေး စတိုးဆိုင်ပိုင်ရှင်ရဲ့သမီး မဟုတ်လား"

"ဟုတ်တယ် ဦးသီလ။ အခု နိုင်လေးနွယ် မိဘတွေက စိုးသူအောင်နဲ့ ချစ်ကြိုက်နေတာ သိသွားတယ်။ သူတို့အချစ်ကို မိဘတွေက ခွဲကြတယ်။ စိုးသူအောင်နဲ့ နိုင်လေးနွယ်တို့ အချစ်က ခိုင်မြဲနေပြီလား။ နောက်ဆုံး နိုင်လေးနွယ်ကို ဆွေမျိုးတွေရှိတဲ့ မန္တလေးကို ပို့လိုက်တယ်။ အဲဒီမှာ စိုးသူအောင် နလုံးရောဂါမှာ လွမ်းဆိပ်တွေတက်ပြီး အချစ်ဖျားရောဂါ ဖြစ်နေတာပေါ့"

"ဩော် ... ဩော် ... ဒီလိုလား"

ဦးသီလသည် အတန်ကြာအောင် နှုတ်ဆိတ်နေလိုက်သည်။ ပြီးမှ မောင်ဘမိုးကို သေချာကြည့်ကာ

"မောင်ဘမိုး ... စိုးသူအောင်ကိုတွေ့ရင် ဦးအိမ်ကို လာခဲ့ပါဦးလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့ ... ဦးသီလ"

**မောင်စိုးသူအောင်သည် ကုလားထိုင်တစ်လုံး ချပေးလိုက်သည်။ ဦးသီလသည် မောင်စိုးသူအောင်၏ မျက်နှာကို သေချာကြည့်လိုက်သည်။ မောင်စိုးသူအောင်၏ မျက်နှာပေါ်တွင် ပြုံးလို့ရွှင်လို့ ကြည်နူးလို့။**

---

ဦးသီလသည် ကွမ်းယာထုပ်ကို ယူပြီး ပြန်ထွက်လာခဲ့သည်။

× × ×

ညနေစောင်းကြတော့ အိမ်ပေါ်ကို လှမ်းတက်လာသူမှာ မောင်စိုးသူအောင်။

"လာ ... လာ ... မောင်စိုးသူအောင်"

ဦးသီလသည် မောင်စိုးသူအောင်ကို ကုလားထိုင်ချပေးရင်း စေ့စေ့ကြည့်လိုက်သည်။ မောင်စိုးသူအောင်၏ နုဝင်းပျို့မျစ်နေသော မျက်ဝန်းပေါ်မှာ အလွမ်းသောက အချစ်ရေပူစမ်းလေး စီးဆင်းနေသည်ကို တွေ့လိုက်ရ၏။

"ဦးသီလ ကျွန်တော့်ကိုခေါ်တယ်ဆို"

"ဟုတ်တယ် ... မောင်စိုးသူအောင်။ မင်း အခုခံစားနေရတဲ့ အကြောင်းတွေကို ငါအားလုံး သိပြီးပါပြီ။ မင်းကိုကူညီပေးချင်လို့ ခေါ်တာပါ"

"ကျွန်တော်နဲ့ နိုင်လေးနွယ် ဝေးနေပြီး အလွမ်းချောင်းတွေ ခြားနေတာ ဦးသီလက ဘယ်လိုကူညီမလဲ"

ဦးသီလသည် ပြုံးတုံ့တုံ့လုပ်ရင်း မောင်စိုးသူအောင်ကို တစ်ချက်ကြည့်ကာ ...

"အခု ငါကူညီပေးမှာက ငါ ဖတ်ထားတဲ့ စာအုပ်တွေထဲက စာပေ ရတနာသိုက်တွေနဲ့ ကူညီမှာပါ။ မင်းကသာ ငါပြောသလိုလုပ်ပါ"

"ကျွန်တော်ကတော့ နိုင်လေးနွယ်ပြန်လာမယ်ဆိုရင် ဝမ်းသာလှပါပြီ ဦးသီလ"

ဦးသီလသည် မောင်စိုးသူအောင်ကို ကရုဏာလွှမ်းသော အကြည့်နှင့် ကြည့်ရင်း ...

"မင်းအိမ်မှာ ပုတီးရှိလား"

"ရှိပါတယ် ဦးသီလ"

"အေး ... အဲဒီပုတီးကို ငွေမင်ရောင် သုတ်ရမယ်။ ပြီးတော့မှ အဲဒီပုတီးကို နှစ်ထပ်ပုံသဏ္ဌာန် ကြမ်းပေါ်မှာ ခင်းရမယ်။ နောက်ပြီးမှ ကတ်ပြားလေးတစ်ခုပေါ်မှာ လိပ်ပြာရုပ်ကလေးတစ်ခု ရေးပေးရမယ်။ နောက်ပြီးမှ နှစ်ထပ်စက်ဝိုင်းပုံသဏ္ဌာန် လုပ်ခိုင်းထားတဲ့အထဲကို အဲဒီလိပ်ပြာကလေး ချထားရမယ်။ အဲဒီလိုချပြီးတော့ ပုတီးတစ်ခုလုံးကို နှင်းဆီပန်းတွေ၊ စံပယ်ပန်းတွေ၊ ကံ့ကော်ပန်းတွေ ရှာလို့ရသမျှပန်းတွေနဲ့ ပုတီးကို ပျောက်သွားအောင်အုံပြီး ပုတီးကိုစိပ်ရမယ်။ ခုနစ်ရက်ပြည့်အောင် စိပ်ရမယ်။ ဘာကို စိပ်ရမလဲဆိုတော့ ...

မဥ္ဇလိန္ဒာ

တောသာယာက



www.burmeseclassic.com

www.burmeseclassic.com

လာသည့်လိပ်ပြာ
မောင့်လိပ်ပြာ
မယ့်နှလုံးမှာ
နားသည်တကား . . .။
ဟိမဝန္တာ
သူယောင်ရှာက
လာသည့်လိပ်ပြာ
မယ့်လိပ်ပြာ
မောင့်အသည်းမှာ
နားသည်တကား . . .။

အဲဒီလိုစိပ်ရမယ် ကြားလား မောင်စိုးသူအောင်။ ဒီဂါထာကို သေချာရေးမှတ်သွား''

''ဟုတ်ကဲ့ ဦးသီလ''

မောင်စိုးသူအောင်သည် ဂါထာကို သေချာရေးမှတ်ပြီး ပြန်သွားတော့သည်။

နောက် ၁၀ ရက်ကျော် ကြာမြင့်သွားသည့်အခါ ဦးသီလသည် ချစ်ဆုစာအုပ်ဆိုင်မှအပြန် လမ်းထိပ်ကို ရောက်သည့်အခါ မောင်စိုးသူအောင် ဆိုင်ဖွင့်ထားသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ဆိုင်ထဲကို လှမ်းဝင်လိုက်သူမှာ ဦးသီလ။

''လာ . . . ဦးသီလ ထိုင်ပါ''

မောင်စိုးသူအောင်သည် ကုလားထိုင်တစ်လုံး ချပေးလိုက်သည်။ ဦးသီလသည် မောင်စိုးသူအောင်၏ မျက်နှာကို သေချာကြည့်လိုက်သည်။ မောင်စိုးသူအောင်၏မျက်နှာပေါ်တွင် ပြုံးလို့ရွှင်လို့ ကြည်နူးလို့။

''ဦးသီလကို ကျေးဇူးသိပ်တင်တယ်ဗျာ''

''ဘာဖြစ်လို့တုံး . . မောင်စိုးသူအောင်''

''ဦးသီလပြောတဲ့အတိုင်း ကျွန်တော် ဆောင်ရွက်ခဲ့တယ်။ သူယောင်ရှာက၊ လာသည့်လိပ်ပြာ၊ မယ့်လိပ်ပြာ၊ မောင့်အသည်းမှာ နားသည်တကား ဂါထာကို ရွတ်ဆိုရင်း ခုနက်ရက်ပြည့်အောင် ပုတီးစိပ်လိုက်တာဟို . . မန္တလေးမှာရောက်နေတဲ့ အချစ်ကလေး အခု အိမ်မဲကို ပြန်ရောက်လာပြီ။ ခုဆို ခိုင်လေးရဲ့ မိဘတွေကလည်း ကျွန်တော်နဲ့ သဘောတူလိုက်ပြီ။ မင်္ဂလာရက်ကို ရွေးနေတယ်။ မင်္ဂလာပွဲကျရင် ဦးသီလ ဆက်ဆက်လာရမယ်နော်''

''မောင်စိုးသူအောင် မင်းရဲ့ နှလုံးသားကိုစွ အဆင်ပြေသွားတာ ငါ သိပ်ဝမ်းသာပါတယ်''

''ဒါကလည်း ဦးသီလ ကျေးဇူးကြောင့်ပါ''

''ဒီလိုလည်း မဟုတ်ပါဘူးကွာ။ တို့တွေဟာ နှလုံးသားရှိတဲ့ သူတွေပါ။ မျှဝေခံစားနိုင်ပါတယ်။ ကဲ . . . ကဲ ငါသွားလိုက်ဦးမယ်''

''ဟုတ်ကဲ့ . . . ဦးသီလ''

ဦးသီလသည် မောင်စိုးသူအောင်ကို နှုတ်ဆက်ရင်း ဆိုင်ပေါ်မှ ပြန်အထွက် ဆိုင်နံရံတွင် ကပ်ထားသော စာတမ်းကို ဖတ်လိုက်မိတော့သည်။

မောင့်လိပ်ပြာ
မယ့်နှလုံးသားမှာ
နားသည်တကား . . .။
မယ့်လိပ်ပြာ
မောင့်အသည်းမှာ
နားသည်တကား . . .။

**မင်းဒိပလှိုင်**


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**
**အဆောင်ဓာတ်လုံး**
**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်းပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြားလာဘ်လာဘ ပေါကြွယ်လှပြီး လူတိုင်းလိုအပ်သော ဝိယ-လာဘ-မေန-ပညာ စသည်တို့အတွက် သေချာစီမံ၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့်ကြံကြိုက်ချိန်၊ သမထကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်းသိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်းပါးလိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင်ထားခြင်းအားဖြင့် . . .

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။
၂။ ဝိယ + မေန လာဘ ပညာရေး စသည်တို့ကို ရရှိနိုင်ခြင်း။
၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင်ခြင်း။
၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်းဖြင့် ဘေးရန်အသွယ်သွယ်ကင်းပြီး လိုရာခရီးကို ရောက်နိုင်ခြင်း။
၅။ စာမေးပွဲဖြေဆို၊ လူတွေ့စစ်ဆေး စသောကိစ္စများအောင်နိုင်ခြင်း စသော ကောင်းကျိုးမင်္ဂလာအမြောက်အမြားနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလိုရှိပါက . . .

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၁၀၂၂၉၃၁

www.burmeseclassic.com



# မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကပြောသော ထိမ်းမြားလက်ထပ်ခြင်း

ဝင်းဇော်[သုံးဆယ်]

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေဟူသည် မြန်မာလူမျိုးတိုင်းသမိုင်းတစ်လျှောက် အစွန့်ရှည်စွာ လက်ခံကျင့်သုံးခဲ့သော ဓလေ့ထုံးတမ်းများကို အခြေခံပြီး ပေါက်ဖွားလာသော လူမှုရေးဥပဒေ ဖြစ်ပါသည်။ ဓလေ့ထုံးတမ်းဥပဒေသည် လူအများက မိမိတို့သဘောအလျောက် လေးစားလိုက်နာကြသော စည်းကမ်းပင်ဖြစ်ပါသည်။ ဓလေ့ထုံးစံသည် လေးစားလိုက်နာသူများအတွက် ဥပဒေတစ်ရပ်ပင်ဖြစ်ပါသည်။ ဓလေ့ထုံးတမ်းဥပဒေသည် ဥပဒေအမျိုးမျိုးရှိသည့်အနက် တစ်ခုအဖြစ်ပါဝင်သော ဥပဒေဖြစ်ပါသည်။

ဥပဒေအမျိုးမျိုးရှိသည့်အနက် အောက်ပါအတိုင်း ခွဲခြားထားပါသည်။ ၎င်းဥပဒေများမှာ -

၁။ အမိန့်နှင့် သတ်မှတ်သည့် ဥပဒေ (IMPERATIVE LAW)

၂။ သိပ္ပံနည်းကျ (သို့) ရုပ်ပိုင်းဆိုင်ရာဥပဒေ (SCIENTIFIC (OR) PHYSICAL LAW)

၃။ သဘာဝ (သို့) ကိုယ်ကျင့်တရားဆိုင်ရာဥပဒေ (NATURAL LAW (OR) MORAL LAW)

၄။ သဘောတူညီမှုဆိုင်ရာဥပဒေ (CONVENTIONAL (OR) TECHNICAL LAW)

၅။ လက်တွေ့(သို့) အတတ်ပညာဆိုင်ရာဥပဒေ (PRACTICAL (OR) TECHNICAL LAW)

၆။ အပြည်ပြည်ဆိုင်ရာဥပဒေ (INTERNATIONAL LAW)



www.burmeseclassic.com

www.burmeseclassic.com

၇။ နိုင်ငံတွင်းဥပဒေ (CIVIL LAW)

၈။ ဓလေ့ထုံးတမ်းဥပဒေ (CUSTOMARY LAW)တို့ ဖြစ်ပါသည်။

### (၁) အမိန့်နှင့်သတ်မှတ်သည့်ဥပဒေ (IMPERATIVE LAW)

အမိန့်နှင့်သတ်မှတ်သည့် ဥပဒေ (IMPERATIVE LAW)ဆိုသည်မှာ အထက်အာဏာပိုင်အဖွဲ့အစည်းက လူအများလိုက်နာစေရန်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းတစ်ရပ်ပင် ဖြစ်ပါသည်။

### (၂) သိပ္ပံနည်းကျ (သို့) ရုပ်ပိုင်းဆိုင်ရာဥပဒေ (SCIENTIFIC (OR) PHYSICAL LAW)

သိပ္ပံနည်းကျဥပဒေများသည် သဘာဝ၏ဖောက်ပြန်ခြင်းမရှိသည့် တိကျမှန်ကန်သော အခြင်းအရာများကို ပိုင်းခြားဖော်ပြချက်များပင်ဖြစ်ပါသည်။ ပုံစံအားဖြင့် ဆွဲငင်နိယာမ၊ ဒီရေအတက်အကျဆိုင်ရာနိယာမ၊ ဓာတ်စုပေါင်းမှုဆိုင်ရာနိယာမများ ဖြစ်ပါသည်။

### (၃) သဘာဝ(သို့) ကိုယ်ကျင့်တရား ဆိုင်ရာဥပဒေ (NATURAL LAW (OR) MORAL LAW)

သဘာဝ (သို့) ကိုယ်ကျင့်တရားဆိုင်ရာ ဥပဒေဆိုသည်မှာ သဘာဝတရားမျှတမှု၏ သဘောတရားများပင်ဖြစ်ပါသည်။ သဘာဝဥပဒေကို ဗုဒ္ဓဘာသာအယူအဆအရဆိုလျှင် နိယာမတရားဟု ခေါ်ရပါမည်။ အနောက်တိုင်း အယူအဆကမူ အစစအရာရာ ဘုရားသခင်က ဖန်တီးပေးခြင်းဖြစ်၍ သဘာဝဥပဒေကို အမိန့်နှင့်သတ်မှတ်သည့် ဥပဒေထဲသို့ ထည့်သွင်းခြင်းဖြစ်ပါသည်။ ကိုယ်ကျင့်တရားဆိုင်ရာဥပဒေသည် ဆင်ခြင်တုံတရားမှ ပေါ်ပေါက်လာပြီး တရားပြည့်ဝသူတို့ လက်ခံကျင့်ကြံကြသည်ဟု ဆိုရပါမည်။

### (၄) သဘောတူညီမှုဆိုင်ရာဥပဒေ (CONVENTIONAL LAW)

လူနှစ်ယောက် (သို့) နှစ်ယောက်ထက်ပိုသော လူများက သဘောတူညီထားသော ဥပဒေတစ်ရပ်(သို့) စနစ်တကျပြုလုပ်ထားသောနည်းဥပဒေများကို သဘောတူညီမှုဆိုင်ရာဥပဒေဟုခေါ်သည်။ ယင်းဥပဒေမျိုးကို အသင်းအဖွဲ့များတွင်လည်း တွေ့နိုင်ပါသည်။ ပုံစံအားဖြင့် ဘောလုံး၊ ဂေါက်သီး၊ ကြက်တောင်၊ တင်းနစ်၊ စစ်တုရင်ကစားနည်းများကို ကစားကြသူအပေါင်းက လိုက်နာကြရသည့်နည်းဥပဒေများသည် သဘောတူညီမှုဆိုင်ရာဥပဒေများ ဖြစ်ကြပါသည်။

### (၅) လက်တွေ့ (သို့) အတတ်ပညာဆိုင်ရာဥပဒေ (PRACTICAL (OR) TECHNICAL LAW)

ကဗျာလင်္ကာစပ်နည်း၊ အနုပညာ၊ တေးဂီတ၊ သဘင်ပညာ၊ ပန်းချီပညာ၊ ပန်းပုပညာ စသည့် ပညာအသီးသီးကို သင်ကြားရာ၌ နည်းနာနိသျှရများကို ပညာရှင်များက ချမှတ်ထားကြပါသည်။ ထိုနည်းနာများကို အတတ်ပညာဆိုင်ရာ ဥပဒေများဟု ခေါ်ပါသည်။ အားကစားဥပဒေများတွင် စည်းကမ်းနှစ်မျိုးနှစ်စားရှိရာ ပထမတစ်မျိုးမှာ သဘောတူညီမှုဆိုင်ရာဥပဒေဖြစ်ပြီး ဒုတိယတစ်မျိုးမှာ လက်တွေ့ (သို့) အတတ်ပညာဆိုင်ရာ ဥပဒေဖြစ်ပြီး ယှဉ်ပြိုင်မှုကို အနိုင်ကစားနိုင်ရန်သတ်မှတ်ထားသည့် စည်းကမ်းများဖြစ်ပါသည်။

### (၆) အပြည်ပြည်ဆိုင်ရာဥပဒေ (INTERNATIONAL LAW)

အပြည်ပြည်ဆိုင်ရာဥပဒေသည် နိုင်ငံအချင်းချင်း စောင့်စည်းအပ်သည့် တာဝန်ဝတ္တရားများကို နားလည်မှုအရလည်းကောင်း၊ စာချုပ်များအရလည်း ကောင်း၊ ရှေးအခါက လိုက်နာခဲ့ကြ သောဓလေ့ထုံးတမ်းများအရလည်းကောင်း လိုက်နာဆောင်ရွက်ကြရသည့် စည်းကမ်းများကို စုပေါင်းထည့်ထားသော ဥပဒေဖြစ်ပါသည်။

### (၇) နိုင်ငံတွင်းဥပဒေ (CIVIL LAW)

နိုင်ငံတွင်းဥပဒေသည် နိုင်ငံတစ်နိုင်ငံအတွင်း လိုက်နာကျင့်သုံးရသည့် ဥပဒေ (သို့) တရားရုံးများတွင် အသုံးပြုသည့် ဥပဒေပင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**(ဂ) ဓလေ့ထုံးတမ်းဥပဒေ (CUSTOMARY LAW)**

ဓလေ့ထုံးတမ်းဥပဒေဆိုသည်မှာ ရှေးအခါကပင် လူအများလိုက်နာကျင့်သုံးခဲ့ကြသော ဓလေ့ထုံးတမ်းများအပေါ်တွင် အခြေပြုထားသည့် ဥပဒေဖြစ်ပါသည်။ ပုံစံအားဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ မိုဟာမင်ဥပဒေ၊ ဟိန္ဒူဥပဒေသော ဥပဒေများသည် လူမျိုးတစ်မျိုး၏ ဓလေ့ထုံးစံများအပေါ်တွင်မှီ၍ အများကလေးစားသော ဓလေ့ထုံးတမ်းဥပဒေများ ဖြစ်ပါသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကပြောသော ထိမ်းမြားလက်ထပ်ခြင်း။ ခရစ်ယာန်ဘာသာနှင့် ဟိန္ဒူဘာသာတို့အရ ထိမ်းမြားလက်ထပ်ခြင်းတို့မှာ ဘာသာရေးအခမ်းအနား တစ်ရပ်ပင်ဖြစ်ပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်များအနေဖြင့် လက်ထပ်ထိမ်းမြားခြင်းသည် လောကီရေးသက်သက်သာ ဖြစ်သည်ဟု လက်ခံယုံကြည်ထားကြပါသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်ထိမ်းမြားမှုမြောက်ရန်အတွက် ဓလေ့ထုံးတမ်းများ၊ စီရင်ထုံးများ၏ လမ်းညွှန်ချက်များကို လိုက်နာကြရပါသည်။ တရားဝင်ထိမ်းမြားမှုမြောက်စေရန် လိုအပ်သောအချက်များမှာ -

၁။ ယောက်ျားသည် အိမ်ထောင်ပြုရန်အတွက် ကျန်းမာသန်စွမ်းရမည်။

၂။ မိန်းမသည် မုဆိုးမ (သို့) တစ်ခုလပ်၊ တစ်လင်ကွာ မဟုတ်လျှင် အသက် ၂၀ ပြည့်ရမည်။ အသက် ၂၀ မပြည့်သေးလျှင် မိဘ (သို့) အုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိရမည်။

၃။ အကြင်လင်မယားအဖြစ် အိမ်ထောင်ပြုရန် ရည်ရွယ်၍ နှစ်ဦးသဘောတူညီချက်ဆန္ဒကို လွတ်လပ်စွာပေးရမည်။

၄။ နှစ်ဦးစလုံးသည် စိတ်ပေါ့သွပ်သူများမဖြစ်စေရ။

၅။ မိန်းမမှာ မပြတ်စဲသော တရားဝင်ယောက်ျား မရှိစေရ။

၆။ အထင်အရှား ထိမ်းမြားလက်ထပ်မှု တစ်စုံတစ်ခုမပြုလုပ်ခဲ့ပါက လင်မယားအဖြစ် လူသိရှင်ကြားပေါင်းသင်းနေထိုင်မှု ရှိရမည်။

ဟု မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် ပါရှိပါသည်။

ယောက်ျားနှင့်မိန်းမတို့ ထိမ်းမြားလက်ထပ်ရာတွင် ယောက်ျား၏အသက်ကို ကန့်သတ်မထားဘဲ ကျန်းမာသန်စွမ်းမှုသည် အဓိကဖြစ်ကြောင်း တွေ့ရသည်။ မိန်းမသည် မုဆိုးမ၊ တစ်ခုလပ်၊ တစ်လင်ကွာဖြစ်ပါက အသက် ၂၀ ပြည့်ရပါမည်။ အသက် ၂၀ မပြည့်ပါက မိဘ (သို့) အုပ်ထိန်းသူ၏သဘောတူညီချက် ပါရှိရမည်ဟု အထက်ပါအတိုင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် ပါရှိသည်ကို တွေ့ရပါသည်။

ဆက်လက်၍ ပြစ်မှုဆိုင်ရာဥပဒေတွင် မိန်းမများ၏ အသက်နှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်အချို့မှာ -

(၁) အသက် ၁၄ နှစ်အောက်အရွယ်ရှိသော မိန်းမကို အဆိုပါမိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ၊ ထိုမိန်းမနှင့်ကာမစပ်ယှက်လျှင် ထိုသူသည် မုဒိန်းမှုကျူးလွန်ရာရောက်သည်ဟု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ တွင် ပြဋ္ဌာန်းထားပါသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ ကို ကျူးလွန်ပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ အရေးယူအပြစ်ပေးရပါသည်။

၂။ အသက် ၁၆ နှစ်အောက်မိန်းမကို အုပ်ထိန်းသူ၏ သဘောတူညီချက်မရှိဘဲ ခိုးယူခဲ့လျှင် ထိုသူသည် အရွယ်မရောက်သေးသူကို ခိုးမှုကျူးလွန်ရာရောက်သည်ဟု ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၁ တွင်ပြဋ္ဌာန်းထားပါသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ သည် အရွယ်မရောက်သေးသူကို ခိုးမှုကျူးလွန်ပါက အပြစ်ပေးသောပုဒ်မ ဖြစ်ပါသည်။

မှတ်ချက် ။ ။ အရွယ်မရောက်သေးသူဆိုသည်မှာ ယောက်ျားဖြစ်သူက အသက် ၁၄ နှစ်အောက်၊ မိန်းမဖြစ်သူက ၁၆ နှစ်အောက်ဖြစ်ကြောင်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၁ တွင်ပြဋ္ဌာန်းထားသည်ကို တွေ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသတည်း။

**■ ဝင်းဇော်(သုံးဆယ်)**


<u>ကျမ်းကိုးစာရင်း</u>

၁။ ဦးတင်အုန်း၏ ဥပဒေသိပ္ပံပညာ

၂။ ဦးမြစိန်၏ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ

၃။ ရာဇသတ်ကြီး




www.burmeseclassic.com

www.burmeseclassic.com

# သားသမီးရတနာ ရလာစေကြောင်း နည်းလမ်းကောင်း

**အောင်သာထွန်းဝေ**

သားသမီးရတနာကို မိဘတိုင်းက လိုလားကြသည်။ သားလိမ္မာ၊ သမီးလိမ္မာများကို ရရှိကြဖို့ မိဘတို့သည် မိမိတို့ တတ်သိနားလည်သည့် နည်းလမ်းများဖြင့် ကောင်းမှုပြု တောင်းဆုပြုလေ့ရှိကြပါသည်။

စာရေးသူသည် ဆရာစဉ်ဆက် ပြောစကားအရ မှတ်သားခဲ့ရသော နည်းကောင်းတစ်ခုကို လက်တွေ့ အသုံးချခဲ့ဖူးပါသည်။ စာရေးသူ၏ အသိမိတ်ဆွေ ဇနီးမောင်နှံ နှစ်ဦးသည် သားသမီးရစေကြောင်း နည်းလမ်းကောင်းကို လာရောက်တောင်းခံခဲ့ပါသည်။

သူတို့ ဇနီးမောင်နှံသည် လက်ထပ်ပြီးကာစ ဇနီးမောင်နှံဖြစ်သည်။ သူတို့လိုချင်သည့် ဆန္ဒမှာ သားဦးယောကျ်ားလေးဖြစ်ပြီး လိမ္မာယဉ်ကျေးသည့် သားကောင်းရတနာလည်း ဖြစ်စေရပါမည်။ ယောကျ်ားလည်း ပီသရမည်။

စာရေးသူက နည်းပေးဖို့တော့ မခက်ပါ။ ယုံယုံကြည်ကြည်နှင့်သာ ဆောင်ရွက်ဖို့လိုကြောင်း ပြောပြီး အောက်ပါအတိုင်း နည်းလမ်းပေးခဲ့ပါသည်။

ရွှေတိဂုံစေတီတော် အဂ်ါ ထောင့်တွင် ဖြဟ္မာမင်း သားပိုက် ရုပ်တုနှစ်ခုရှိပါသည်။

ယောကျ်ားလေးလိုချင်သော မိဘတို့သည် မြတ်စွာဘုရား၏ လက်ယာဘက်တွင်ရှိသော ဗြဟ္မာမင်းထံတွင် သားဆုပန်ရပါမည်။ မိန်းကလေးအလိုရှိသော မိဘတို့သည် လက်ဝဲဘက်တွင်ရှိသော ဗြဟ္မာမင်းထံတွင် သားဆုပန်ဆင်ရပါမည်။

သားဆု ပန်ဆင်ပုံမှာ –

(၁) ဗုဒ္ဓရုပ်ပွား ဆင်းတုတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း စသည်ကို ဆက်ကပ်လှူဒါန်းရပါမည်။ ငါးပါးသီလ ဆောက်တည်ရပါမည်။

(၂) ထို့နောက် မိမိပြုသမျှ ကောင်းမှုကုသိုလ်အဝဝကို အလုံးစုံသော နတ်လူဗြဟ္မာသတ္တဝါများနှင့်တကွ ဗြဟ္မာသားပိုက်ရုပ်တုကြီးများကိုပါ လေးလေးနက်နက် အမျှအတန်း ပေးဝေရပါမည်။

(၃) ထို့နောက် မိမိသားဆုပန်လိုသော ဗြဟ္မာရုပ်တုကြီးရှေ့တွင် မိမိလိုချင်သော သားသမီးရတနာကို သုံးကြိမ်တိုင်တိုင် ဆုတောင်းရပါမည်။

(၄) ယောကျ်ားလေး လိုချင်သော မိဘများက ယောကျ်ားလေးပုံ အရုပ်လှလှလေးတစ်ရုပ်ကို ဗြဟ္မာမင်းရုပ်တုကြီး၏ ခြေထောက်နားတွင် ချထားရပါမည်။ မိန်းကလေးလိုချင်သော မိဘများကလည်း ထို့အတူ ပြုလုပ်ရပါမည်။

(၅) အကယ်၍ ရွှေတိဂုံစေတီတော်သို့ သွားရလာရခက်ခဲပါက ဗြဟ္မာမင်းသားပိုက်ရုပ်တုပုံများကို ဓာတ်ပုံရလျှင် ဓာတ်ပုံဖြစ်စေ၊ ဉာဏ်မဂ္ဂဇင်း မျက်နှာဖုံးပုံကို မှန်ဘောင်သွင်း၍ဖြစ်စေ မိမိနေအိမ်မှနေ၍ အထက်ပါအတိုင်း ဆောင်ရွက်ရပါမည်။

(၆) တစ်ကြိမ်တစ်ခါတည်းကို ယုံယုံကြည်ကြည်ဖြင့် ဆောင်ရွက်လျှင် ရပါသည်။ အကယ်၍ မိမိဆန္ဒအရ အကြိမ်ကြိမ်အခါခါ ဆောင်ရွက်လျှင်လည်း ပို၍အကျိုးထူး



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

စာရေးသူသည် အထက်ပါနည်းကို ထိုဇနီးမောင်နှံအား လက်ဆင့်ကမ်း၍ ပေးလိုက်ပါသည်။ ဇနီးမောင်နှံ နှစ်ဦးလုံး ယုံယုံကြည်ကြည်ဖြင့်ပင် ရုံးပိတ်ရက်တစ်ရက်တွင် ရွှေတိဂုံစေတီတော်၌ ဆောင်ရွက်ခဲ့ပါသည်။ သူတို့သည် အလွယ်တကူ ဝယ်ယူရရှိသော ဖိုးဝရုပ်လှလှလေးတစ်ခုဖြင့် တောင်းဆုပြုခဲ့ပါသည်။

ယုံကြည်မှု၏ အကျိုးကို ခံစားကြရပါသည်။ သူတို့ လိုထားသည့်ဆန္ဒအတိုင်း သားဦးကလေးမှာ ယောကျ်ားလေးဖြစ်ပြီး ဖြူဖြူဖွေးဖွေး ဝဝကစ်ကစ်သားလေးကို ပိုင်ဆိုင်ခဲ့ရပါသည်။ စာရေးသူကိုလည်း သူတို့ဆန္ဒ ပြည့်ဝသည့်အကြောင်း သတင်းကောင်းပါးခဲ့ပါသည်။

ဤဖြစ်ရပ်သည် ယုံတမ်းစကားမဟုတ်ပါ။ အမှန်တကယ် ကောင်းကျိုးဖြစ်ထွန်းခဲ့သဖြင့် ရှေးလူကြီးမိဘဆရာတို့၏ လက်ဆင့်ကမ်းစကားကို နည်းကောင်းတစ်ခုအနေဖြင့် ပြန်လည်ဖော်ထုတ်ပေးခြင်း ဖြစ်ပါသည်။ ကာယကံရှင် ဇနီးမောင်နှံက သူတို့၏အမည်နာမကို ထုတ်ဖော်ရေးသားခွင့်မပြု၍ ဖြစ်ရပ်မှန်ကိုသာ အမည်နာမ မဖော်ဘဲ တင်ပြရခြင်း ဖြစ်ပါသည်။

ဤနည်းလမ်းအတိုင်း အချိန်နှင့်ရက် ရွေးစရာမလိုဘဲ ယုံကြည်မှုသာလိုပါသည်။ အရုပ်မတတ်နိုင်သူများအတွက်လည်း လက်အုပ်ချီအာရုံပြု၍ ဆုတောင်းနိုင်ပါသည်။

သားကောင်းရတနာ သမီးကောင်းရတနာ လိုချင်သည့် မိဘတိုင်းအတွက် စာရေးသူ လက်ဝယ်ရရှိထားသည့် နည်းလမ်းကို အပြည့်အစုံဖော်ပြလိုက်ပါသည်။ ထိုကဲ့သို့ သားဆုပန်ပြီးနောက် အိမ်ထောင်ရှင်အမျိုးသမီးသည် "သားကောင်းမိခင် ဂါထာတော်"ကို အစဉ်ရွတ်ဆိုနေရမည်။

ထိုဂါထာတော်ကို ဘုရားမြတ်စွာကိုယ်တော်တိုင် မဇ္ဈိမနိကာယ မဇ္ဈိမပဏ္ဏာသ ဗောဓိရာဇကုမာရသုတ်တွင် ဟောကြားတော်မူခဲ့ပါသည်။ ဤ၌ သုတ်တော်ကို အကျယ် မချဲ့လိုတော့ပါ။

အထူးဆိုရသော် ...

သားသမီး အဖတ်တင်လိုသူများ ဖော်ပြပါ သားကောင်းမိခင်ဂါထာကို ယုံကြည်စွာ ရွတ်ဆိုပွားများပါ။

မွေးဖွားလာသော ကလေးများအား လိမ္မာရေးခြားရှိရေး လူကောင်းလူတော်ကလေးများ ဖြစ်လာကြပြီး အသက်ရှည်ကြစေလိုလျှင် ဤဂါထာကို ရွတ်ဆိုပွားများပါဟု၍သာ တိုက်တွန်းလိုပါသည်။

**သားကောင်းမိခင်ဂါထာ**

**ယောမေ အယံ ဘန္တေ**
**ကုစ္ဆိဂတော ကုမာရကော ဝါ၊**
**ကုမာရိကာဝါ၊**
**သော ဘဂဝန္တံ သရဏံ ဂစ္ဆတိ ဓမ္မဉ္စ၊**
**ဘိက္ခုသံဃဉ္စ ဥပါသကံတံ**
**ဘဂဝါ ဓာရေတု၊**
**အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။**

**ဂါထာအနက်**

ဘန္တေ–အရှင်ဘုရား။ မေ–တပည့်တော်၏။ ကုစ္ဆိဂတော–ဝမ်း၌တည်သော။ ယော အယံကုမာရ ကောဝါ–အကြင်သတို့သားသည်လည်းကောင်း။ ယာကုမာရိကာဝါ–အကြင်သူ သတို့သမီးသည်လည်းကောင်း။ အတ္ထိ–ရှိ၏။ သော–ထိုသန္ဓေသားသည်။ ဘဂဝန္တံ–မြတ်စွာဘုရားကို။ သရဏံ–ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ–ဆည်းကပ်ပါ၏။ ဓမ္မဉ္စ–တရားတော်မြတ်ကိုလည်း။ သရဏံ–ကိုးကွယ်ရာဟူ၍။ ဂစ္ဆတိ–ဆည်းကပ်ပါ၏။ ဘိက္ခုသံဃဉ္စ–ရဟန်းသံဃာတော်ကိုလည်း။ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆတိ–ဆည်းကပ်ပါ၏။

ဘဂဝါ–မြတ်စွာဘုရားသည်။ တံ–ထိုပဋိသန္ဓေသားကို။ အဇ္ဇတဂ္ဂေ–ယနေ့မှစ၍။ ပါဏုပေတံ၊ အသက်ထက်ဆုံး။ သရဏံ၊ ဆည်းကပ် တတ်သူဟူ၍။ ဓာရေတု၊ မှတ်ယူတော်မူပါဘုရား။

**အောင်သာထွန်းဝေ**



www.burmeseclassic.com

www.burmeseclassic.com

# စီးပွားဖြစ်သော အိမ်ထောင်ပြုနည်း

■ သုခဇော်

လူသားတို့သည် အချိန်တန် အရွယ်ရောက်သော အခါ အိမ်ထောင်ပြုကြလေ၏။ အိမ်ထောင်ပြုခြင်းသည် လူသားအားလုံးအတွက် အရေးကြီးလေသည်။ အိမ်ထောင်ပြု၍ လုပ်ငန်းများရပ်ဆိုင်းရခြင်း၊ အိမ်ထောင်ပြု၍ စီးပွားကျဆင်းခြင်း၊ အိမ်ထောင်ပြုမိ၍ ဘဝတက်လမ်းများ ပိတ်ခြင်း စသည်ဖြင့် မကောင်းကျိုးခံစားရသော ကိစ္စများရှိသကဲ့သို့ အိမ်ထောင်ပြုပြီးမှ ရာထူးတက်ခြင်း၊ အိမ်ထောင်ပြုပြီးမှ ထီပေါက်ခြင်း၊ အိမ်ထောင်ပြုပြီးမှ ဘဝတက်လမ်းများ ပွင့်လာခြင်း စသော ကံကောင်းကျိုးများလည်း ရှိလေ၏။

"ဗောဓိကုက္ကို၊ ညောင်ထိုထို၊ လူပျိုဘုရား မရှိဖြား" ဟု ရေးစကား မှတ်သားမိခဲ့ဖူး၏။ မြတ်စွာဘုရားသည်ပင် လောကကြီးအကြောင်း အကုန်အစင်သိမြင်စေရန် အိမ်ထောင်ပြုခဲ့လေ၏။

"အိမ်ထောင်မည်သို့ ပြုမည်နည်း"

ရှေးကနဖူးစာ၊ ချူဖူးသောရေစက်၊ ပန့်ကဖူးသော သစ္စာ စသည်ဖြင့် ပြောဆိုရသော် ဖူးစာပါက သစ္စာဆိုခဲ့ဖူးသူများသာ ပေါင်းဖက်ရမည်ဟု ဆိုရပေမည်။

သို့သော် ဤဆောင်းပါးသည် ယခု ပစ္စုပ္ပန်အရ လက်ဆက်သင့်သော၊ အိမ်ထောင်ပြုသင့်သော နေ့သားသမီးများအား ကျွန်ုပ် တွေ့ကြုံလေ့လာ သုတေသနပြုထားသည့်အထဲမှ ဖော်ထုတ်ရေးသားပြရခြင်း ဖြစ်ပေသည်။

ဇာတာအရ လဂ်သခင်၊ လဂ်ရာသီ စသည်ဖြင့် ရွေးချယ်သောနည်း၊ ဆရာကြီးကိုင်ရှိ၏ သင်နှင့် သင့်မွေးနက္ခတ်၊ ဂဏန်း၏ လျှို့ဝှက်ချက် စသည့် မွေးရက်၊ မွေးရာသီခွင် တိုက်ဆိုင်စစ်ဆေးသောနည်းကဲ့သို့ မခက်ခဲပေ။ လွယ်ကူ၍ လူတိုင်းနားလည်းသော နည်းဖြစ်ပေသည်။

သင်တို့ ကြားဖူးကြပေမည်။ "ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ၊ အိမ်ထောင်ဘက် အသက်မရှည်ရာ" ဟူသော အစွဲအလမ်းကြောင့် ချစ်ပါလျက်နှင့် မယူရဲသောသူတို့လည်း သနားမိ၏။ အမှန်မှာ ၎င်းလင်္ကာသည် ဓာတ်ရိုက်ဓာတ်ဆင်လင်္ကာဖြစ်သည်။ အတွင်းနေသူ အတွင်းပစ္စည်းများ ထွက်စေရန် ဆင်ရသော ဓာတ်ဖြစ်သည်။ အတွင်းဟု သိသာစေရန် လင်္ကာအရ အိမ်ထောင်ဟု တင်စားသုံးထားခြင်း ဖြစ်သည်။

"ဥသသ၊ စိန်ပန်း၊ ဒန်းလုကိုရှာ ကြွယ်ဝရာ" ၎င်းလင်္ကာသည်လည်း ဓာတ်ရိုက်သော ပညာဖြစ်၏။ ယခုဆောင်းပါးက ဤသို့မဟုတ်ပေ။ မြန်မာလူမျိုး တော်တော်များများ ကြားဖူးနားဝရှိသော မဟာဘုတ်ဖြင့် စီးပွားဖြစ်သော အိမ်ထောင်ပြုနည်းပင် ဖြစ်လေသည်။

မဟာဘုတ်ဗေဒင်သည် လွယ်ကူသည်။ သို့သော် နက်နဲသော ပညာဖြစ်သည်။ မဟာဘုတ်၌ သင်တို့၊ ကျွန်ုပ်တို့ မသိရှိသော လျှို့ဝှက်မှုများ အနန္တရှိလေ၏။ လူပြိန်းနားလည်သည်မှာ "အောင် လံ ထူ စစ် သူ ကြီး ပွဲ"၊ "အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိ၊ ပုတိ၊ ဘင်္ဂ၊ မရဏ" ဟု အကြမ်းဖျင်းသာသိရှိပြီး အထင်အမြင်သေးကာ အပျော်တမ်းဟု ထင်မှတ်မှားနေ၏။

ကျွန်ုပ်၏ နှစ်ပေါင်းများစွာ အတွေ့အကြုံ (ဟောပြောရင်း သုတေသနပြုလုပ်ခဲ့ခြင်း)အရ အိမ်ထောင်ဘက်ရွေးရာ၌ စီးပွားတိုးတက်၍ အိမ်ထောင်အပြစ်လွတ်ကာ ကျန်းမာရေးကောင်းစေသောသူကို ရွေးချယ်ရာ၌ တင်ပြမည့်နည်းသည် မှန်ကန်လွန်းအားကြီးလှ၏။

မဟာဘုတ်မှာ လူတိုင်းတွက်တတ်ကြလေ၏။ မတွက်တတ်သော် ယခု တွက်နည်းဖော်ပြပါမည်။ တွက်နည်းကို မတွက်ချင်သော် နောက်ပိုင်း၌ ဇယားဖြင့် ဖော်ပြပါမည်။

မဟာဘုတ်တွက်တတ်စေရန် တနင်္ဂနွေ၊ တနင်္လာတို့၏ ကိုယ်စားပြု အက္ခရာတို့ကို သိရမည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၁။ တနင်္ဂနွေ အ၊ ဩ
၂။ တနင်္လာ က၊ ခ၊ ဂ၊ ဃ၊ င
၃။ အင်္ဂါ စ၊ ဆ၊ ဇ၊ ဈ၊ ည
၄။ ဗုဒ္ဓဟူး ယ၊ ရ၊ လ၊ ဝ
၅။ ကြာသပတေး ပ၊ ဖ၊ ဗ၊ ဘ၊ မ
၆။ သောကြာ သ၊ ဟ
၇။ စနေ တ၊ ထ၊ ဒ၊ ဓ၊ န


မဟာဘုတ်လက်ာမှာ "အောင်၊ လံ၊ ထူ၊ စမ်၊ သူ၊ ကြီး ပွဲ" ဖြစ်၏။ "အောင်"သည် တနင်္ဂနွေ အ,အက္ခရာ ၁ ဂဏန်းဖြစ်၏။ "လံ"သည် ဗုဒ္ဓဟူး လ,အက္ခရာ ၄ ဂဏန်း ဖြစ်၏။ ဤသို့ အစဉ်လိုက်အားဖြင့် "၁၊ ၄၊ ၇၊ ၃၊ ၆၊ ၂၊ ၅"ဟု ရပေ၏။

မဟာဘုတ်အဘွားအိမ်မှာ ဤသို့ မှတ်ရ၏။

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

ဤ (၇)ဒွာနသည် အမြဲပုံသေဖြစ်၏။ မပြောင်းလဲပေ။ အမြဲမှတ်ထားရန်သာ လိုသည်။

မဟာဘုတ်တွက်ရန်မှာ ဤသို့တည်း။ တွက်လိုသူသည် မြန်မာသက္ကရာဇ် (မွေးသက္ကရာဇ်)ကို တည်၍ (၇)ဖြင့် စားပါ။ အကြွင်းကို "ဘင်္ဂ"အိမ်မှစ၍ လင်္ကာအတိုင်း ချပါ။ ချပုံအစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။




ဤမြားအတိုင်း ချပါ။

ဥပမာ -
၁၃၂၈ ခု မွေးဖွားသော စနေသားဆိုပါစို့။
(၇) ဖြင့်စား |၁၃၂၈|၁၈၉

၇
―
၆၂
၅၆
―
၆၀
၆၃
―
၅ ကြွင်း

ထိုသူသည် (၅)ကြွင်း၏။ မဟာဘုတ်လင်္ကာအရ "ပွဲ"မှစ၍ ချပါ။ "ပွဲ၊ အောင်၊ လံ၊ ထူ၊ စမ်၊ သူ၊ ကြီး"ဟု ဖြစ်၏။ ဤအတိုင်းရ၏။

| | | |
|---|---|---|
| | ၂ | |
| ၄ | ၇ | ၃ |
| ၁ | ၅ | ၆ |

ထိုသူသည် စနေသားဖြစ်၍ စနေနံ(၇)ကို ကြည့်ပါက "သိုက်"ဟူသော အိမ်၌ကျနေ၍ ၁၃၂၈ စနေသားသည် "သိုက်"ဖွား ဖြစ်၏။

◆ ◆ ◆

ဥပမာ -
၁၃၁၉ တနင်္ဂနွေသားသမီး ဆိုပါစို့။
(၇) ဖြင့်စား |၁၃၁၉|၁၈၈

၇
―
၆၁
၅၆
―
၅၉
၅၆
―
၃ ကြွင်း



www.burmeseclassic.com

www.burmeseclassic.com

မည်သည့် သက္ကရာဇ်ကိုမဆို (၇)ဖြင့်စား၍ အကြွင်းကိုယူပြီး စ၍ချရသည်။ (သုည)ကြွင်းသော် (၇)ဟု မှတ်ရ၏။ ၁၃၁၉ ခု မွေးသောသူသည် (၃)ကြွင်း၍ အောက်ပါအတိုင်း ချပါ။

ထိုသူသည် တနင်္ဂနွေသားဖြစ်၍ "ရာဇ"ဟူသော အိမ်၌ကျနေပါက ထိုသူသည် "ရာဇဖွား"ဖြစ်၏။ ယခုလောက်ဆိုသော် တွက်တတ်လောက်ပါပြီ။ မတွက်တတ်သော် ယေားဖြင့်ကြည့်ပါ။ စားရန်၊ ချရန်မလိုဘဲ မိမိဖွားသောနေရာ (ဖွားသောအိမ်) သိရမည်ဖြစ်၏။

သင်သည် မဟာဘုတ်ကို အပင်ပန်းခံ၍ မသင်ပါနှင့်တော့။ ယေား(၁)ကိုကြည့်ပါ။ မိမိမွေးသော သက္ကရာဇ်နှင့် တည့်တည့်ထိပ်ရှိသော အကြွင်းကို မှတ်ပါ။ ယေား(၂)၏ ထိပ်ရှိ အကြွင်း၏အောက်တည့်တည့်၌ မိမိမွေးနံ့ကိုကြည့်ပါ။ ကြည့်ပြီး မွေးနံ့နှင့် တစ်သားတည်းရှိသော ဘေးအစွန်း(အဆုံး)၌ရှိသော ဘင်္ဂ၊ ပုတိ၊ စသည်ကိုကြည့်ပါ။ ၎င်းဖွားအိမ်သည် မိမိဘာဖွားသည်ကို လွယ်ကူစွာ ပြသပါသည်။

ဥပမာ - ၁၃၂၇ စနေသား ဆိုပါစို့။

ယေား(၁)၌ ၁၃၂၇ ၏ထိပ်တွင် (၄)ကြွင်းဟု သိရ၏။ ယေား(၂)၏ ထိပ်၌ (၄)ကြွင်း၏။ အောက်တည့်တည့် စနေ[illegible] ကိုကြည့်ပါ။ ၎င်းစနေနှင့် တစ်တန်းတည်း၌ မရဏဟု တွေ့ရမည်။ ထို့ကြောင့် ၁၃၂၇ စနေသားသည် မရဏဖွားဖြစ်သည်။

သင်သည် မိမိမွေးဖွားသောအိမ် သိရပေပြီ။ ထိုအခ[illegible] မိမိ၏ခင်ပွန်းလောင်း၊ ဇနီးလောင်းအား မွေးသက္ကရာဇ် မွေးနေ[illegible] မေး၍ မဟာဘုတ်တွက်ကြည့်ပါ။ သူ၏မွေးသောအိမ်ကို သိရမည်။

အဓိပတိဖွားသူသည် အထွန်း၊ သိုက်ဖွားများနှင့် လက်ဆက်ပေါင်းသင်းသင့်သည်။

အထွန်းဖွားသူသည် သိုက်၊ ရာဇဖွားများနှင့် လက်ဆက်ပေါင်းသင်းသင့်သည်။

သိုက်ဖွားသူသည် အဓိပတိ၊ အထွန်း၊ ပုတိဖွားများနှင့် လက်ဆက်ပေါင်းသင်းသင့်သည်။

ရာဇဖွားသူသည် အထွန်း၊ သိုက်၊ အဓိပတိဖွားများနှင့် လက်ဆက်ပေါင်းသင်းသင့်သည်။

ယေား(၁)

| | ၁ ကြွင်း | ၂ ကြွင်း | ၃ ကြွင်း | ၄ ကြွင်း | ၅ ကြွင်း | ၆ ကြွင်း | ၀ ကြွင်း |
|---|---|---|---|---|---|---|---|
| မြန်မာ သက္ကရာဇ် များ | ၁၂၇၅ | ၁၂၇၆ | ၁၂၇၇ | ၁၂၇၈ | ၁၂၇၉ | ၁၂၈၀ | ၁၂၈၁ |
| | ၁၂၈၂ | ၁၂၈၃ | ၁၂၈၄ | ၁၂၈၅ | ၁၂၈၆ | ၁၂၈၇ | ၁၂၈၈ |
| | ၁၂၈၉ | ၁၂၉၀ | ၁၂၉၁ | ၁၂၉၂ | ၁၂၉၃ | ၁၂၉၄ | ၁၂၉၅ |
| | ၁၂၉၆ | ၁၂၉၇ | ၁၂၉၈ | ၁၂၉၉ | ၁၃၀၀ | ၁၃၀၁ | ၁၃၀၂ |
| | ၁၃၀၃ | ၁၃၀၄ | ၁၃၀၅ | ၁၃၀၆ | ၁၃၀၇ | ၁၃၀၈ | ၁၃၀၉ |
| | ၁၃၁၀ | ၁၃၁၁ | ၁၃၁၂ | ၁၃၁၃ | ၁၃၁၄ | ၁၃၁၅ | ၁၃၁၆ |
| | ၁၃၁၇ | ၁၃၁၈ | ၁၃၁၉ | ၁၃၂၀ | ၁၃၂၁ | ၁၃၂၂ | ၁၃၂၃ |
| | ၁၃၂၄ | ၁၃၂၅ | ၁၃၂၆ | ၁၃၂၇ | ၁၃၂၈ | ၁၃၂၉ | ၁၃၃၀ |
| | ၁၃၃၁ | ၁၃၃၂ | ၁၃၃၃ | ၁၃၃၄ | ၁၃၃၅ | ၁၃၃၆ | ၁၃၃၇ |
| | ၁၃၃၈ | ၁၃၃၉ | ၁၃၄၀ | ၁၃၄၁ | ၁၃၄၂ | ၁၃၄၃ | ၁၃၄၄ |
| | ၁၃၄၅ | ၁၃၄၆ | ၁၃၄၇ | ၁၃၄၈ | ၁၃၄၉ | ၁၃၅၀ | ၁၃၅၁ |
| | ၁၃၅၂ | ၁၃၅၃ | ၁၃၅၄ | ၁၃၅၅ | ၁၃၅၆ | ၁၃၅၇ | ၁၃၅၈ |
| | ၁၃၅၉ | ၁၃၆၀ | ၁၃၆၁ | ၁၃၆၂ | ၁၃၆၃ | ၁၃၆၄ | ၁၃၆၅ |



www.burmeseclassic.com

www.burmeseclassic.com

ယေား(၂)

| အကြွင်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ဖွားအိမ် |
|---|---|---|---|---|---|---|---|---|
| မွေးနေ့ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | ဘင်္ဂ |
| မွေးနေ့ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | တနင်္ဂနွေ | ပုတိ |
| မွေးနေ့ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | တနင်္ဂနွေ | တနင်္လာ | သိုက် |
| မွေးနေ့ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | မရဏ |
| မွေးနေ့ | ကြာသပတေး | သောကြာ | စနေ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | အဓိပတိ |
| မွေးနေ့ | သောကြာ | စနေ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | ရာဇ |
| မွေးနေ့ | စနေ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | အထွန်း |

ပုတိဖွားသူသည် သိုက်၊ ဘင်္ဂဖွားများနှင့် လက်ဆက်ပေါင်းသင်းသင့်သည်။

ဘင်္ဂဖွားသူသည် အထွန်း၊ မရဏ၊ ဘင်္ဂဖွားများနှင့် လက်ဆက်ပေါင်းသင်းသင့်သည်။

မရဏဖွားသောသူသည် ဘင်္ဂ၊ ပုတိ၊ ရာဇဖွားများနှင့် လက်ဆက်ပေါင်းသင်းသင့်သည်။

ဤနည်းမှာ လွယ်ကူပြီး ထိရောက်သော အတိုဆုံး အရှင်းဆုံးနည်း ဖြစ်သည်။ ဤစနစ်အတိုင်း လက်ထပ်(အိမ်ထောင်ပြုပါက) အိမ်ထောင်ရေးအကျိုး (၆)ပါး ခံစားရပြီး စီးပွားတိုးတက်လိမ့်မည် ဖြစ်၏။

**အိမ်ထောင်အကျိုး(၆)ပါးကား ဤသို့တည်း။**

၁။ ကျန်းမာရေးကောင်းခြင်း။

၂။ သားကောင်း၊ သမီးကောင်း ထွန်းကားခြင်း။

၃။ စီးပွားဥစ္စာ တိုးတက်နိုင်မြဲခြင်း။

၄။ လူ့သက်တမ်းစေ့ နေထိုင်ရခြင်း။

၅။ အိုးကောင်း၊ အိမ်ကောင်း၊ ဌာနကောင်း တည်မြဲခြင်း။

၆။ ဘုန်းတန်ခိုးအာနုဘော် ကြီးမားခြင်း စသည်တို့ဖြစ်သည်။

ထို့ကြောင့် သင်သည် ဤဆောင်းပါးကို ဖတ်ရှုလေ့လာပြီး "စီးပွားဖြစ်သော အိမ်ထောင်ပြုနည်း" အတိုင်း အိမ်ထောင်အကျိုးများ ခံစားနိုင်ပါစေဟု ဆန္ဒပြု ဆုမွန်ကောင်းတောင်းလိုက်ရလေတော့သတည်း။

■ သုခဇော်





www.burmeseclassic.com

www.burmeseclassic.com



# တရုတ်နှစ်မွေးသူများ

## အကောင် ၁၂ ကောင်၏

# အိမ်ထောင်ဖက်ရွေးချယ်နည်း ပုံသေဇယား

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

| တရုတ်နှစ်မွေးသူ | အိမ်ထောင်ဖက် | အိမ်ထောင်ရန်ဖက် |
|---|---|---|
| နဂါးနှစ်မွေးသူ | ၁။ ကြွက်နှစ်မွေးသူ<br>၂။ မျောက်နှစ်မွေးသူ<br>၃။ ကြွက်နှစ်မွေးသူ | ခွေးနှစ်မွေးသူ |
| မြွေနှစ်မွေးသူ | ၁။ နွားနှစ်မွေးသူ<br>၂။ ကြက်နှစ်မွေးသူ | ၁။ ဝက်နှစ်မွေးသူ<br>၂။ ကျားနှစ်မွေးသူ |
| မြင်းနှစ်မွေးသူ | ၁။ ကျားနှစ်မွေးသူ<br>၂။ ဆိတ်နှစ်မွေးသူ<br>၃။ ခွေးနှစ်မွေးသူ | ၁။ ကြွက်နှစ်မွေးသူ<br>၂။ နွားနှစ်မွေးသူ |
| ဆိတ်နှစ်မွေးသူ | ၁။ ယုန်နှစ်နှစ်မွေးသူ<br>၂။ မြင်းနှစ်မွေးသူ<br>၃။ ဝက်နှစ်မွေးသူ | ၁။ နွားနှစ်မွေးသူ<br>၂။ ခွေးနှစ်မွေးသူ |

www.burmeseclassic.com

www.burmeseclassic.com

| တရုတ်နှစ်မွေးသူ | အိမ်ထောင်ဖက် | အိမ်ထောင်ရန်ဖက် |
|---|---|---|
| မျောက်နှစ်မွေးသူ | ၁။ ကြွက်နှစ်မွေးသူ<br>၂။ နဂါးမွေးသူ | ၁။ ကျားနှစ်မွေးသူ<br>၂။ ဝက်နှစ်မွေးသူ |
| ကြက်နှစ်မွေးသူ | ၁။ နွားနှစ်နှစ်မွေးသူ<br>၂။ နဂါးနှစ်မွေးသူ<br>၃။ မြွေနှစ်မွေးသူ | ၁။ ယုန်နှစ်မွေးသူ |
| ခွေးနှစ်မွေးသူ | ၁။ ကျားနှစ်နှစ်မွေးသူ<br>၂။ ယုန်နှစ်မွေးသူ<br>၃။ ဝက်နှစ်မွေးသူ | ၁။ နဂါးနှစ်မွေးသူ<br>၂။ နွားနှစ်မွေးသူ |
| ဝက်နှစ်မွေးသူ | ၁။ ယုန်နှစ်နှစ်မွေးသူ<br>၂။ နဂါးနှစ်မွေးသူ<br>၃။ ဝက်နှစ်မွေးသူ | ၁။ မြွေနှစ်မွေးသူ<br>၂။ မျောက်နှစ်မွေးသူ |
| ကြွက်နှစ်မွေးသူ | ၁။ နဂါးနှစ်နှစ်မွေးသူ<br>၂။ မျောက်နှစ်မွေးသူ<br>၃။ နွားနှစ်မွေးသူ | ၁။ မြင်းနှစ်မွေးသူ<br>၂။ ယုန်နှစ်မွေးသူ<br>၃။ ဆိတ်နှစ်မွေးသူ |
| နွားနှစ်မွေးသူ | ၁။ ကြွက်နှစ်နှစ်မွေးသူ<br>၂။ ကြက်နှစ်မွေးသူ | ၁။ ဆိတ်နှစ်မွေးသူ<br>၂။ မြင်းနှစ်မွေးသူ<br>၃။ ခွေးနှစ်မွေးသူ |
| ကျားနှစ်မွေးသူ | ၁။ မြင်းနှစ်မွေးသူ<br>၂။ ခွေးနှစ်မွေးသူ | ၁။ မျောက်နှစ်မွေးသူ<br>၂။ မြွေနှစ်မွေးသူ |
| ယုန်နှစ်မွေးသူ | ၁။ ဆိတ်နှစ်နှစ်မွေးသူ<br>၂။ ခွေးနှစ်မွေးသူ<br>၃။ ဝက်နှစ်မွေးသူ | ၁။ ကြက်နှစ်မွေးသူ<br>၂။ ကြွက်နှစ်မွေးသူ |

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊ (၂၀၁၅ ခုနှစ်)
China၊ စင်ဟွာ၊ ပေကျင်း။

www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူတိုင်း ညားကြပါစေ

မင်းသိန်းကြည်

"လောကကြီးဆိုတာ...
အချစ်ဆိုတဲ့အရာနဲ့
ဖွဲ့စည်းတည်ဆောက်ထားတာဖြစ်တယ်။
အချစ်တွေသေဆုံးပျောက်ကွယ်သွားတဲ့နေ့ဟာ
ဒီလောက ကမ္ဘာကြီး ပျက်စီးပျက်သုဉ်းသွားတဲ့နေ့ပါပဲ"

"ချစ်သူတိုင်း ညားကြပါစေ"

ဟု ဆုတောင်းပေးလိုက်၏။

စစ်မှန်သော ချစ်ခြင်းမေတ္တာတို့သည် လွန်စွာမှ ခိုင်မြဲစေသော်လည်း အကြောင်းအမျိုးမျိုးတွေကြောင့် ချစ်သူနှစ်ဦးမှာ နီးလျက်နှင့်ပင် ဝေးကွာနေကြရလေ၏။

ထိုအဖြစ်များကို ဘဆရာကြီးမင်းသိခ်က အောက်ပါအတိုင်း ပြောဆိုဖူးသည်မှာကား...

ချစ်သူနှစ်ဦး နီးလျက်ဝေးကွာနေတယ်ဆိုရင် လပြည့်ညတစ်ည ည ၁၂ နာရီတိတိအချိန်မှာ ကြည့်မှန်တစ်ချပ် ချစ်သူနှစ်ဦး ကောင်လေးဓာတ်ပုံနှင့် ကောင်မလေးဓာတ်ပုံတို့ လိုအပ်ပါတယ်။

လွန်စွာမှ တိတ်ဆိတ်တဲ့ လပြည့်ည ည ၁၂ နာရီ တိတိအချိန်မှာ ကြည့်မှန်တစ်ချပ်တွင် လရိပ်ပေါ်အောင် ကြည့်လိုက်ပါ။

လရိပ်ပေါ်လာတဲ့အခါ ချစ်သူနှစ်ဦး၏ ဓာတ်ပုံကို ရင်ချင်းအပ်ပြီးရင် ကြည့်မှန်ပေါ်တွင် တင်ထားပါ။

ပြီးပါက...

"ချစ်သူနှစ်ဦး အမြန်နီးစပ် ပေါင်းရပါစေသားနှင့် စစ်မှန်သော ချစ်သူတိုင်း ညားကြပါစေသားဟု ဆုတောင်းလိုက်ပါ"

ဟူ၍ ဘဆရာကြီး၏ 'ချစ်သူတိုင်း ညားကြပါစေသား' ဟူသော အချစ်ယတြာပင် ဖြစ်လေတော့၏။

ထိုအချစ်ယတြာကို ယုံကြည်ပါလျှင် ပြုလုပ်ပါ။ မယုံကြည်လျှင် မလုပ်ပါနှင့်။

"ယုံကြည်မှုသည် အောင်မြင်ခြင်းကို ဖြစ်စေသည်"

ဆိုသည့်အတိုင်း ယုံယုံကြည်ကြည်နှင့် ပြုလုပ်ပါက ချစ်သူတိုင်း ညားကြပါစေသော်...

**မင်းသိန်းကြည်**



www.burmeseclassic.com

www.burmeseclassic.com

# တောင်တွင်းကြီး အကွာရာနှင့် ကျောက်စာ

## တောင်တွင်းအောင်သက်ဦး

ဟောင်းသော်လည်း တန်ဖိုးရှိလျှင် သိမ်းရပေမည်။ မြေအောက်မှ တန်ဖိုးမရှိဟု ထင်မှတ်ထားသော ရှေးဟောင်းပစ္စည်းများက နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုသမိုင်းတန်ဖိုး၊ ခေတ်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု စသည်တို့ကို ဖော်ပြနေကြသည်။

ရှေးဟောင်းပစ္စည်းမှန်လျှင် ဆေးတံတို၊ ဆီမီးခွက်၊ အိုးခြမ်းပဲ့ကစ၍ ဘိုးဘွားတို့၏ အမွေအနှစ်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုများကို ခေတ်အလိုက် သုံးစွဲခဲ့သော အသုံးအဆောင်များက ထင်ဟပ်စေသည်။ ခေတ်အသီးသီး၏ လူနေမှုဘဝများကို ရှေးဟောင်းပစ္စည်းများ၊ စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းရန် စသည် တို့က လေ့လာနိုင်ရန် အစအနများ ထားရှိခဲ့လေ့ရှိသည်။



ဝါးခြမ်းကာရှာ ကိုးဆူကုန်းဘုရားများ

တောင်တွင်းကြီးသည် ပျူရှေးဟောင်းမြို့တော်ဖြစ်သည်။ အလားတူ တောင်တွင်းကြီး၏ အနောက်မြောက်ဘက် ၁၀ မိုင်အကွာရှိ ဗိဿနိုးမြို့ဟောင်းသည်လည်း ပျူတို့၏ ရှေးဟောင်းမြို့တော်ကြီးပင် ဖြစ်ခဲ့သည်။ တောင်တွင်းကြီးနှင့် ဗိဿနိုးသည် ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သည့် တံဆိပ်အမှတ်အသားများ၊ ကျောက်စာများ တစ်စတစ်စပေါ် ထွက်ခဲ့သည်။ ဤတွင် တောင်တွင်းကြီး၏ ပျူခေတ်နှင့် စာပေသမိုင်းကို တွေ့ရှိနေသည်။


### တောင်တွင်းကြီး၏ အစောဆုံးအက္ခရာ

၁၉၅၈-၅၉ မှ ၁၉၆၂-၆၃ ခုနှစ်အထိ ဗိဿနိုးမြို့ဟောင်းကို ရှေးဟောင်းသုတေသနဌာနက ဦးဆောင်၍ ခြောက်ကြိမ်တူးဖော်သည်။ ကုန်းအမှတ် (၁ မှ ၂၅) အထိ တူးဖော်နိုင်ခဲ့သည်။ စာပေနှင့်ပတ်သက်၍ ကုန်းအမှတ်(၂)သည် ထူးခြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးခြမ်းကာ ကျောက်စာရုံ

တူးဖော်မှု အဆောက်အအုံများတွင်လည်း အကြီးဆုံး အဆောက်အအုံ ဖြစ်သည်။


အလျား ၉၈ ပေ ၆ လက်မ၊ အနံ ၃၄ ပေ ၈ လက်မ ရှိသည်။ အဆောက်အအုံ၏ နံရံများကို ၁ ပေ ၈ လက်မ ဆုတ်ပြီးတည်ထားသည်။ အုတ်ခုံအစွန်းများက ၁ ပေ၊ ၈ လက် မ စွန်းထွက်နေသည်။ အရှေ့ဘက် မျက်နှာ လှည့်ပြီး ဆင်ဝင်ပေါက်ပါသည့် နှစ်ထပ်အဆောက်အအုံ ဖြစ်သည်။ တိုက်မကြီးကို နှစ်ခြမ်းပိုင်းထားသည်။ အရှေ့ဘက်ခြမ်းသည် ခန်းမရှည်ဖြစ်၍ အနောက်ဘက်ခြမ်းတွင် အခန်းရှစ်ခန်းပါသည်။

အခန်းတိုင်း တံခါးတစ်ပေါက်စီနှင့် ပြတင်းပေါက်များပါသည်။ ခန်းမရှည်တွင်လည်း ပြတင်းခြောက်ပေါက် ပါသည်။ ခန်းမရှည်ကို သမံတလင်းခင်း၍ အခန်းငယ်

များတွင် အုတ်စီခင်းထားသည်။ အချို့နံရံများတွင် အင်္ဂတေ အနည်းငယ် ကျန်သည်။ အင်္ဂတေပေါ် ထုံးဖြူးသုတ်လိမ်း ထားကြောင်း တွေ့ရသည်။ တချို့နေရာများတွင် အောက် ခံအဖြူပေါ် အဝါရောင်ဖြင့် အကွက်များဖော်ထားသည်။ တံခါးများကို သံဆုံလည်များ တပ်ထားသည်။ အဝင် အထွက်တွင် လခြမ်းပုံ အင်္ဂတေခုံတန်းများ ပြုလုပ်ထားပြီး ကျောက်စရစ်ဖြူလေးများ မြှုပ်နှံအလှဆင်ထားသည်။

ဤအဆောက်အအုံမှ အခြားသော အိုးခွက် ပန်းကန်၊ ပုတီး၊ သံ စများနှင့်အတူ အက္ခရာပါ ရွှံ့တံဆိပ် ပြားငယ်တစ်ခုကို တွေ့ရှိရသည်။ သမိုင်းတွင် အရေးပါ သည့် ရွှံ့တုံးလေး ဖြစ်သည်။

စတင်တွေ့ရှိစဉ်က နဂိုအတိုင်းမဟုတ်ဘဲ ကျိုး



စေယျမင်္ဂလာ ရွှေအင်းတောင်ဘုရားကျောက်

www.burmeseclassic.com

www.burmeseclassic.com



ဗိဿနိုး ပျူအက္ခရာ သံဃသီရိ ရွှံ့တံဆိပ်ပြား

သည့် ဒေသခံပြတိုက်သည်လည်း ရှေးဟောင်းယဉ်
မှု ပစ္စည်းများ အတော်စုံလင်သည်။ ပျူအသုံး
ဆောင် ရောင်စုံပုတီးစေ့များ၊ အိုးငယ်များ၊ အိုးခြမ်းပဲ့
အလေးများ၊ ပေ၊ ပုရပိုက်စသည်တို့ စုံလင်လှသည်။

ဒေသခံပြတိုက်တွင် ဦးမြအုတ် ခွက်-ဒုတွဲပါ ပုံ-
သရေခေတ္တရာ အုတ်ခွက်ဘုရားနှင့် တစ်ထပ်ကည်း
ဆင်တူသည့် အုတ်ခွက်ဘုရားကိုလည်း တွေ့ရှိရ
သည်။ ဗိဿနိုးမြို့ဟောင်း မြေကြီးထဲကရေသည့် ပျူအုတ်
ဘုရားဖြစ်၍ ထေရဝါဒဗုဒ္ဓ ဘာသာသည် ဗိဿနိုးသို့
ဆုံး ရောက်နိုင်ကြောင်း ခန့်မှန်းသိရှိနိုင်သည်။

ထိုအုတ်ခွက်ဘုရားအနီး ပျူအက္ခရာပါ အိုးခြမ်း
ခုကို တွေ့မြင်ခဲ့သည်။ နှစ်လက်မပတ်လည်ခန့် သာ
သည်။ အလယ်တွင် ကြက်ခြေခတ်၍ စာလုံးလေးလုံး
သည်။ ဤအိုးခြမ်းပဲ့ကို ကုက္ကိုခွရွာမြောက်ဘက် ဗိဿ
အနီး ယာခင်းတစ်ခုမှ တွေ့ရှိခဲ့သည်။ ကုက္ကိုခွရွာ
ဦးထွန်းရွှေ+ဒေါ်စန်းမြင့်တို့ထံမှ ရရှိကြောင်း မှတ်တမ်း
ထားသည်။

ဤအက္ခရာကို သမိုင်းသုတေသနပညာရှင် ဆရာ
ဆင့်ကျော် (ဦးကျော်ဇင်)က ဖတ်ပေးသည်။ ရေး
ထားသည့် စာလုံးများသည် ဗုဒ္ဓခေတ်၊ အာသောက
ခေတ်သုံး ဗြဟ္မီအက္ခရာများဖြစ်ကြောင်း သိရှိရသည်။

7(ည)၊ ε(ဇ)၊ λ(တ)၊ ကျန်တစ်လုံးမှာ
ကျိုးပဲ့နေ၍ ဖတ်မရတော့ကြောင်း သိရှိရသည်။ (ဓာတ်ပုံ
ပူးတွဲလျက်)

### တောင်တွင်းမှ လက်ရှိအစောဆုံး ကျောက်စာ

အင်းဝခေတ်တွင် စာဆိုတော် အကျော်အမော်များ
မွေးထုတ်ပေးသည့် တောင်တွင်းကြီးမြို့ အရှေ့ဘက်ရှိ
နတ်မှီကျောင်းဝန်းတွင် ကျောက်စာရုံတစ်ရုံ တွေ့ရှိရသည်။
နတ်မှီဆရာတော် သျှင်ဥက္ကဋ္ဌလက်ထက် ကျောင်းဆောက်
ရန် မြေတူးစဉ် မြေအောက်မှ ကျောက်စာတွေ့ရှိရသဖြင့်




တောင်တွင်းကြီး ပျူမြို့ဟောင်းဒေါ်
ရှေးဟောင်းမြန်မာမြို့




www.burmeseclassic.com

www.burmeseclassic.com

ပျက်စီး၍ တစ်ဝက်တစ်ပျက်သာတွေ့ရသည်။ အဆောက်အအုံ မီးသင့်လောင်သဖြင့် ရွှံ့တုံး နှစ်ခြမ်းပဲ့သွားဟန်ရှိသည်။ ထောင်လိုက်ကွဲသွားဟန် တွေ့ရသည်။ တံဆိပ်၏အလယ်ဗဟိုတွင် ဗိန္ဒုပြောက်(အစက်တစ်စက်)ပါပြီး၊ ပတ်လည်ဝိုင်း၍ စာရေးထားသည်။ ကျန်အပိုင်းရှာဖွေ၍ ဆက်စပ်လေ့လာသောအခါ စာကို ပြည့်ပြည့်စုံစုံ ဖတ်နိုင်ခဲ့ကြသည်။

တံဆိပ်အပဲ့နှစ်ခုကို ဆက်စပ်လေ့လာသည့်အခါ စာတန်းအစနှင့် အဆုံးကြားတွင် အက္ခရာမဟုတ်ဘဲ စကြာပုံ အမှတ်လက္ခဏာ ရေးထားသည်။ သီရိဟူသော စာလုံးများသည် စကြာရှေ့ရောက်နေသည်။ ဆက်စပ်ဖတ်ကြည့်သည့်အခါ "သံဃသီရိ"ဟု သမိုင်းပညာရှင် ဆရာဦးအောင်သော်က ဖတ်နိုင်ခဲ့သည်။

စကြာတံဆိပ်တွင် လက်တံများသည် ထောင့်မှန်ချိုးမနေဘဲ ကောက်ကွေးနေသဖြင့် ယခင် ၎င်းကို "မပ" အက္ခရာဟု ထင်မှတ်ခဲ့သည်။ ထို့ပြင် "တနှင့်ရ"ဟူ၍ ယူဆသော အရေးအသားသည် အက္ခရာနှစ်လုံးမဟုတ်ဘဲ "သ" အက္ခရာတစ်ခုတည်းသာ ဖြစ်လေသည်။ အိန္ဒိယတောင်ပိုင်း၊ အမရာဝတီမြို့ဟောင်း စေတီပုထိုးများတွင် ဗုဒ္ဓဝင်ကျောက်ရုပ်များ၌ ကောင်းမှုရှင်အမည်များ ရေးထိုးလေ့ရှိသည်။ ထိုတွင် ဓမ္မသီရိ၊ ဒီ ဃသီရိ၊ အဂ္ဂသီရိ၊ နာဂသီရိ စသည့် အမည်များ ရေးထိုးလေ့ရှိခဲ့သည်။




မိဿနိုး ပျူအက္ခရာပါ သံဃသီရိ ရွှံ့တံဆိပ်ပြား



မိဿနိုး ပျူဒင်္ဂါး (ငွေ)

ထို့ကြောင့် "သံဃသီရိ"သည် အလှူရှင်အမည် သို့မဟုတ် သံဃာတော်တစ်ပါးပါး၏ အမည်ဖြစ်နိုင်သည် တွေ့ရှိသည့် စာလုံးများအရ အိန္ဒိယတောင်ပိုင်း ၂ ရာ ခန့်က အသုံးပြုသည့် ဗြဟ္မီအက္ခရာများနှင့် နီးစပ်သည် ထို့ကြောင့် မြန်မာစာနှင့် ပါဠိစာပေသည် ပျူခေတ်မှာ စတင်ထွန်းကားနေခဲ့ကြောင်း အထောက်အထား ရှိရသည်။ (ဓာတ်ပုံများ ပူးတွဲလျက်)

တောင်တွင်းကြီးမြို့ ကျက်သရေဆောင် မင်္ဂလာရွှေအင်းတောင် စေတီတော်ရင်ပြင် ဖွင့်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်စာရုံးနှင့် သေသေသပ်သပ်ရှိခဲ့သည်။

ကျောက်စာ၏ မျက်နှာစာနှစ်ဖက်တွင် ထောင့်အက္ခရာများနှင့် ရေးထားသည်။ တစ်ဖက်တွင် ၆၈၃ ခုနှစ်နှင့် ကျန်တစ်ဖက်တွင် ၇၃၁ ခုနှစ်တို့ ရေးထိုးထားသည်။ လှူဒါန်းသူများမှာ မင်းယောက္ခမနှင့် မင်းလက်ယာတို့ ဖြစ်သည်။ ရတနာစေတီကို ထီးတော်တင်လှူ၍ လယ်မြေများ လှူခဲ့သည်။ လှူဒါန်းသည့်ဒေသမှာ နတ်မှီအဝန်းအဝိုင်းဖြစ်၍ နတ်မှီကျောက်စာ ဖြစ်လေသည်။ ယခု တောင်တွင်းကြီးဒေသအခေါ် ရတနာပင်စည်ဘုရားကို ပင်းယခေတ်က ရတနာစေတီဟုခေါ်ကြောင်း ဤကျောက်စာက ညွှန်ပြနေသည်။

ပုဂံမြို့ မြားသဉမှင်ကျောက်စာသည်လည်း တောင်တွင်းကြီး၏ ကျောက်စာတစ်ချပ်ဖြစ်သည်။ သက္ကရာဇ် ၇၉၄



ခုနှစ်တွင် တောင်တွင်းကြီးမြို့စား မင်းသခ်ယာမောင်နှံက ဉမှင်တည်၍ ပုဂံငှက်ပစ်တောင်အရပ်တွင် လယ်မြေလှူကြောင်း ရေးထိုးထားသည်။ ဘိုးတော်မှ ထပ်ဆင့်ထိုးရေးသားခဲ့သည်။ ငှက်ပစ်တောင်ကျောင်းကိုလည်း နဒီထေရ်ကျောင်းအဖြစ် ထင်ရှားခဲ့ကြောင်း လေ့လာသိရှိရပေသည်။

ပုဂံမှာပင် ဝက်ကြီးအင်း၊ တက်နွဲကျောင်းတွင် တောင်တွင်းကျောက် စာတစ်ချပ် တွေ့ရပြန်သည်။ သက္ကရာဇ် ၈၀၄ ခုနှစ်တွင် တောင်တွင်းမင်းသီရိဇေယျသူရမောင်နှံက ပုဂံဝက်ကြီးအင်း၊ တက်နွဲကျောင်းတွင် လောကီ၊ လောကုတ္တရာ စာပေကျမ်းဂန်များ၊ ကျောင်းတော်၊ ပိဋကတ်တိုက်နှင့် ကျွန်သီးတော်များလှူခဲ့ကြောင်း ရေးထိုးထားသည်။ ဤကျောက်စာမှလည်း မြန်မာတိုင်းရင်းဆေးများနှင့် အသုံးကို လေ့လာခဲ့ကြရလေသည်။

ပုဂံ၊ ပင်းယခေတ်နှင့် အင်းဝခေတ်ဦးတွင် တောင်တွင်း၌စိုးစံသည့် မင်းသီရိဇေယျသူရသည် ပုဂံ၊ မလွန်တို့တွင်လှူဒါန်းသည့် မူလထိုးကျောက်စာများလည်း ရှိနေသေးသည်။

ဘိုးတော် ဗဒုံမင်းလက်ထက် စပ်ထိုး၊ ဆင့်ထိုးကျောက်စာများကိုလည်း မန္တလေး၊ မဟာမြတ်မုနိ ကျောက်စာရုံတွင် မူလထိုးအရတွေ့ရှိရသည်။

အထက်ပါ ကျောက်စာများအရ တောင်တွင်းကြီးသည် ဧရာဝတီမြစ်အနောက်ဘက် မလွန်မြို့အထိ အပိုင်စားခဲ့ကြောင်း သိရသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်အထိ ခေတ်အဆက်ဆက်တွင် တောင်တွင်းကြီးနှင့် ဘုရင့်အနွယ်ဝံသများကသာ အုပ်ချုပ်ခဲ့ကြကြောင်းလည်း လေ့လာသိရှိရပေသည်။

## ဝါးခြမ်းကာကျောက်စာရုံ

ကုန်းဘောင်ခေတ်ဦး တောင်တွင်းကြီး မင်းလက်ဝဲဇေယျသူကြီးနှင့် အပယ်မာတာမည်သော အချီတော်မကောင်းမှုကျောက်စာကို တောင်တွင်းကြီးမြို့အနောက်



www.burmeseclassic.com

www.burmeseclassic.com

ဘက် ရှစ်မိုင်ကွာ မကွေးကားလမ်းတောင်ဘက် ကိုးဆူကုန်း စေတီတော်ရင်ပြင်တွင် ကျောက်စာရုံတည်ရှိနေသေးသည်။ ဝါးခြမ်းကာရွာ၏အနောက်ဘက်တွင်တည်ရှိသည်။


ဤကျောက်စာရုံတွင် ကျောက်စာတစ်ချပ်တည်းကို အလှူရှင်နှစ်ဦးက တစ်ဖက်စီရေးသားခဲ့ကြသည်။ တစ်ဖက်တွင် မြန်မာဘာသာစာ ၂၅ ကြောင်းနှင့် ပါဠိနှစ်ကြောင်း ရေးထားသည်။ ကျောဘက်တွင် ပါဠိဘာသာ ၂၆ ကြောင်း ရေးထိုးထားသည်။

မျက်နှာစာဘက် ၁၃ ကြောင်းတွင် မင်းလက်ဝဲဇေယျအမည်ရှိ သူကြီးမင်းက စေတီတည်ထားကြောင်းဖြစ်သည်။ ကျန်စာကြောင်းများမှာ ဘိုးတော်ဘုရား၏ သားတော်ကြီး အိမ်ရှေ့မင်းနှင့် အိမ်ရှေ့မင်းမိဖုရားတို့၏ အထိန်းတော်အချီတော်ဖြစ်သည့် အပယ်မာတာ(နို့တိုက်ထိန်းကျွေးပေးရသူ)အမည်ရှိ အမျိုးသမီးက သီလဂုဏ်၊ ပညာဂုဏ်(ကျမ်းဂန်တတ်) ဂုဏ်အပေါင်းနှင့် ပြည့်စုံသည့် ရဟန်း ပုဂ္ဂိုလ်ကို ရွေးချယ်ခဲ့သည်။ ထိုရဟန်းပုဂ္ဂိုလ်အား တောင်တွင်းကြီး ဝက်ချင်းကန်ရွာကို နယ်လေးရပ်သတ်မှတ်ပြီး သိမ်သမုတ်လှူဒါန်းသည့် ကျောက်စာဖြစ်သည်။

ကျန်ကျောက်စာတွင် ဘိုးတော် ဘုရားဘွဲ့တော်မှာ "သီရိပဝရာဒိတျာ တိတရိဘဝမဟာဓမ္မရာဇာဓိပတိ" ဖြစ်သည်။ သားတော်ကြီး အိမ်ရှေ့စံ၏ဘွဲ့တော်မှာ "သတိုးသုဓမ္မရာဇာ"ဖြစ်သည်။ အိမ်ရှေ့မင်းမိဖုရားဘွဲ့တော်သည် "သီရိမဟာရတနာဒေဝီ"ဖြစ်သည်။

ကုန်းဘောင်ရာဇဝင် ဒုတိယစာအုပ်၊ စာမျက်နှာ-၅၆၃ တွင် အမရပူရမြို့သစ်ကို တည်ထောင်ပြီးနောက် ဘိုးတော်မင်းတရားသည် အိမ်ရှေ့စံအား "သီရိပဝရတိလောကပဏ္ဍိတ မဟာဓမ္မရာဇာ"ဘွဲ့ ပေးခဲ့သည်။ အိမ်ရှေ့စံမိဖုရားကိုလည်း "သီရိရတနာ"ဟူသော ဘွဲ့ကို ပေးတော်မူခဲ့သည်။

သက္ကရာဇ် ၁၁၄၆ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက် ဗုဒ္ဓဟူးနေ့တွင် ဘိုးတော်ဗဒုံမင်းသည် မုဒ္ဓါဘိသိက်ခံပြီးနောက် "သီရိပဝရ ဝိဇယာနန္တယသ တြိဘဝနာ ဒိတျာ



အမှတ်(၂)ကုန်းမှ အုတ်တိုက်အဆောက်အဦ ပေါ်ပေါက်လာပုံ



www.burmeseclassic.com

www.burmeseclassic.com

ဓိပတိ ပဏ္ဍိတ မဟာရာဇာ"ဘွဲ့ကို ခံယူတော်မူသည်။ သားတော်ကြီး အိမ်ရှေ့စံကိုလည်း "သီရိမဟာဓမ္မာဘိဇယ သီဟသူရ"တံဆိပ် ခံယူစေသည်။ အိမ်ရှေ့စံ၏မိဖုရားကိုလည်း "သီရိတိလောကမဟာသတ္တာသုရတနာဒေဝီ"ဘွဲ့ကို ပေးခဲ့သည်။

ယခု ဝါးခြမ်းကာရွာဟု ခေါ်သည်။ တောင်တွင်းကြီးမြို့အနောက်ဘက် ဝက်ချင်းကံကျောက်စာအရ ကျောက်စာရေးထိုးချိန်တွင် ခမည်းတော်၊ သားတော်၊ သမီးတော်တို့သည် ဘွဲ့တံဆိပ်အသစ် မခံယူသေးကြောင်း သက္ကရာဇ်အရ သိနိုင်လေ



မိသနိုး ပျူအက္ခရာပါ အိုးခြမ်းကွဲ



မိသနိုး အမှတ်(၂)ကုန်း အခန်းငယ်တစ်ခု၏ အဝင်တံခါး

သည်။ အိမ်ရှေ့စံမင်းက ဘိုးတော်ဘုရား၏ ဘိသိက်ခံမြောက်နန်းမိဖုရားက ဖွားမြင်ခဲ့သည်။ အိမ်ရှေ့စံ၏မိဖုရားကို မိဖုရားခေါင်ကြီးက ဖွားမြင်ခဲ့သည်။ ဝက်ချင်းကံကျောက်စာအရ သားတော်ကြီးနှင့် သမီးတော်ချစ်ကို မျိုးချင်းယှက်၊ စုံဖက်စေလျက် တောင်တွင်းကြီးကို အပိုင်စားစေခဲ့သည်။ ဤကျောက်စာသည်လည်း ကုန်းဘောင်ခေတ်၏ အထောက်အထားတစ်ခုပင် ဖြစ်ပေသည်။

သမိုင်းသည် လွန်စွာအရေးကြီး၏။ မခိုင်လုံ။ မှားလျှင်လည်း အကျိုးမရှိချေ။ ထို့ကြောင့် သမိုင်းနှင့်စာပေသည် ဆက်စပ်လျက်ရှိပြီး တောင်တွင်းနယ်မှ စာပေအက္ခရာများသည် ပျူခေတ်မှ ခေတ်အဆက်ဆက် ယနေ့ထိတိုင် တည်ဆဲရေးဆဲဖြစ်ကြောင်း မှတ်တမ်းတင်အပ်ပါသတည်း။

**တောင်တွင်းအောင်သက်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့ကျောက်ထက်အက္ခရာ ကျောက်စာချပ်များ

ဘုန်းဝင်းခေါင်(မြန်မာမှု)



ဘဝရှင် မင်းတုန်းမင်းတရားကြီးမှ ကျောက်ထက်အက္ခရာတင်နေပုံ

မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ နှစ်(၂၀၀၀)ခန့် ပျူခေတ်ကတည်းက ကျောက်ချပ်များပေါ်မှာ ထွင်းထု၍ စာများရေးသားတဲ့အလေ့ ရှိခဲ့ပါတယ်။ သို့သော် တစ်စုတစ်စည်းကြီး များများစားစား မရှိခဲ့ပါဘူး။

သို့ပေမယ့် ကျောက်စာကမ္ပည်းများ ရေးထိုးထားခဲ့လို့သာ ရှေးခေတ် မြန်မာနိုင်ငံသားများရဲ့ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့မှုကို လေ့လာသိရှိခဲ့ရပါတယ်။

ရတနာပုံခေတ်နဲ့ နောက်ပိုင်းမှာတော့ ဘုရားဟော ပိဋကတ်သုံးပုံကို တစ်စုတစ်စည်းတည်း ကျောက်ချပ်များပေါ် အက္ခရာ တင်ခဲ့ကြပါတယ်။ ဗုဒ္ဓသာသနာတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် အားရဝမ်းသာစရာပါပဲ။

မန္တလေး ရေနံချောင်းမှ ကျောက်စာသမိုင်းကြောင်းအကျဉ်းနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ ကျောက်စာချပ်များကို တင်ပြပေး ပါမယ်။



www.burmeseclassic.com

www.burmeseclassic.com

## မန္တလေးကျောက်စာ

ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးက ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအတွက် ကြိုးပမ်းရွက်ဆောင်ခဲ့နေရာမှာ စိတ်အားအလွန်ထက်သန်ခဲ့ပါတယ်။

သက္ကရာဇ် ၁၂၂၂-ခုနှစ်က ပိဋကတ်တော်များကို မင်းကိုင်ဝန်မင်းအား တာဝန်ပေး၍ ကျောက်ထက်အက္ခရာတင်စေခဲ့ပါတယ်။ ၁၂၃၀-ပြည့်နှစ် ကဆုန်လဆန်း ၁၄ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။ ကျောက်ထက်အက္ခရာတင်ခဲ့တာ ၇ နှစ်၊ ၆ လနဲ့ ၁၄ ရက် ကြာပါတယ်။ ကျောက်ချပ်ရေ ၇၂၉ ချပ် ဖြစ်ပါတယ်။



ပဲခူးမြို့ ကလျာဏီရပ်ကွက် မဟာကလျာဏီသိမ်တော်အတွင်းရှိ ဓမ္မစေတီကျောက်စာ

သာသနာတော် သက္ကရာဇ် ၂၄၀၀-ပြည့်နှစ်မှာ သံဃာတော် အပါး ၂၄၀၀ နှင့် သင်္ဂါယနာတော် တင်ခဲ့ရာ ၁၂၃၃-ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်၊ စနေနေ့(ခရစ်နှစ် ၁၈၇၁-ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့)မှာ ပြီးစီးခဲ့ပါတယ်။ ၅ လနှင့် ၃ ရက် ကြာခဲ့ပါတယ်။

ကျောက်စာချပ်များကို ကုသိုလ်တော်ဘုရားအတွင်းမှာ တည်ထားကိုးကွယ်ခဲ့ပါတယ်။

ပါဠိတော်ထဲက သုတ္တန် ၄၁၀၊ ဝိနည်း ၁၁၁၊ အဘိဓမ္မာ ၂၀၈၊ စုစုပေါင်း ၇၂၉ ချပ် ဖြစ်ပါတယ်။

မန္တလေး စန္ဒာမုနိဘုရားအတွင်းမှာလည်း ၁၂၇၅-ခုနှစ်က တည်ဆောက်ကိုးကွယ်ခဲ့ရာ အဋ္ဌကထာ ကျောက်ချပ်ရေတွင် သုတ္တန် ၁၁၄၈၊ ဝိနည်း ၂၂၅၊ အဘိဓမ္မာ ၁၃၆ ချပ် ဖြစ်ပြီး ဋီကာကျောက်ချပ်ရေမှ သုတ္တန် ၅၉၊ ဝိနည်း ၁၇၀၊ အဘိဓမ္မာ ၃၄၊ စုစုပေါင်း ၁၇၇၂ ချပ် ဖြစ်ပါတယ်။

## ရေနံချောင်းကျောက်စာ

ရေနံချောင်းမြို့မှာတော့ ၁၂၇၄-ခုနှစ်က တည်ထားကိုးကွယ်ခဲ့တာပါ။ ကျောက်စာရုံနဲ့ ကျောက်စာချပ် အလှူရှင်က ရေနံချောင်းမြို့ တွင်းစားကြီး ဦးသာကာ၊ ဇနီး ဒေါ်ခင်သင်း၊ သား ဦးသန့်ဇင်၊ သမီး ဒေါ်မမကြီးတို့ ဖြစ်ပါတယ်။

ကျောက်စာချပ် အမြင့်က လူတစ်ရပ်ခန့်၊ ထု လက် ၅ လုံးခန့်၊ အနံ ၂ တောင့်ထွာခန့် ရှိပါတယ်။

ကျောက်စာရုံ ၅ ရုံ ရှိပြီး သုတ္တန်(၂)ရုံတွင် ၁၂၄ ချပ်၊ အဘိဓမ္မာ(၂)ရုံတွင် ၂၁၃ ချပ်၊ ဝိနည်းကျောက်စာရုံမှာ ၁၁၄ ချပ်၊ စုစုပေါင်း ၄၅၁ ချပ် ဖြစ်ပါတယ်။

## ရန်ကုန်မြို့ကျောက်စာ

ရန်ကုန်မြို့ ကျိုက္ကဆံဘုရားအနီးမှာ ၁၂၆၉-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ ဝိနည်း ၉၅ ချပ် ဖြစ်ပါတယ်။

ရန်ကုန်မြို့ ကံဘဲ့ ပဋ္ဌာနကာယ ကျောင်းတိုက်အတွင်း ၁၃၃၉-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ သုတ္တန် ၆၈၊ ဝိနည်း ၂၃၅၊ အဘိဓမ္မာ ၇၀၂၊ စုစုပေါင်း ၁၀၀၅ ချပ် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မိတ္ထီလာမြို့ ထီးသုံးဆင့်ဘုရားတွင် ၁၂၇၇-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ အင်္ဂကထာမှ သုတ္တန် ၃၇၇၊ ဝိနည်း ၁၁၄၊ အဘိဓမ္မာ ၁၀၆၊ စုစုပေါင်း ၅၉၇ ချပ် ဖြစ်ပါတယ်။

ရေနံချောင်းမြို့ ပြည်လုံးချမ်းသာဘုရားကြီးတွင် ၁၂၇၉-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ သုတ္တန် ၄၁၊ ဝိနည်း ၁၂၈၊ အဘိဓမ္မာ ၂၃၀၊ စုစုပေါင်း ၃၉၉ ချပ် ဖြစ်ပါတယ်။

သထုံမြို့ ရွှေစာရံဘုရားကြီးအတွင်းမှာ ၁၂၃၀-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ သုတ္တန် ၄၀၇၊ ဝိနည်း ၁၂၃၊ အဘိဓမ္မာ ၅၅၊ စုစုပေါင်း ၅၈၅ ချပ် ဖြစ်ပါတယ်။

အဖျောက်မြို့ လောကမာန်အောင်ဘုရားကြီးအတွင်းမှာ ၁၂၈၆-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ သုတ္တန် ၄၀၃၊ ဝိနည်း ၁၁၂၊ အဘိဓမ္မာ ၂၀၅၊ စုစုပေါင်း ၇၂၀ ချပ် ဖြစ်ပါတယ်။

မင်းကင်းမြို့ ရွှေဘုံသာကျောက်စာဘုရားတွင် ၁၂၈၇-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ ဝိနည်း ၁၇၁ ချပ် ဖြစ်ပါတယ်။

သုံးခွမြို့ မင်းရွာ ကန်ကြီးကုန်းကျောင်းတိုက်အတွင်းမှာ ၁၂၈၇-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ ဝိနည်း ၁၅၄ ချပ် ဖြစ်ပါတယ်။

သာစည်မြို့နယ် ညောင်ရမ်းရွာ ရွှေမော်ဓောဘုရားအတွင်းမှာ ၁၂၈၉-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ သုတ္တန် ၁၉၂၊ ဝိနည်း ၁၄၁၊ အဘိဓမ္မာ ၁၈၃၊ စုစုပေါင်း ၅၁၆ ချပ် ဖြစ်ပါတယ်။

သဲတောမြို့ ကိုးတောင်ပြည့်ဘုရားအတွင်းမှာ ၁၂၉၅-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ သုတ္တန် ၁၈၆၊ ဝိနည်း ၁၁၆၊ အဘိဓမ္မာ ၂၀၈၊ စုစုပေါင်း ၅၁၀ ချပ် ဖြစ်ပါတယ်။

ဝမ်းတွင်းမြို့နယ် ဘုရားစု ရွာဦးကျောင်းတွင် ၁၃၃၉-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ ပါဠိတော်မှ ဝိနည်း ၁၁၀ ချပ် ဖြစ်ပါတယ်။

မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတွင် ၁၃၄၂-ခုနှစ်က တည်ထားကိုးကွယ်ခဲ့ရာ သုတ္တန် ၉၉၀၊ ဝိနည်း ၉၀၊ စုစုပေါင်း ၁၀၈၀ ချပ် ဖြစ်ပါတယ်။

ပဲခူး ရွှေသာလျောင်းဘုရားအတွင်းမှာ အဘိဓမ္မာ ၅၈ ချပ် ဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံးမှ ကျောက်စာချပ်ရေ စုစုပေါင်းမှာ ၈၉၅၂ ချပ် ဖြစ်ပါတယ်။

ဘုရားဟော ပိဋကတ်တော်များကို ကျောက်စာများ ထွင်းထု၍ ကျောက်ထက်အက္ခရာတင်ခဲ့တဲ့ မြန်မာနိုင်ငံအနေနဲ့လည်း ကြီးကျယ်မြင့်မြတ်တဲ့ ဂုဏ်ယူစရာတစ်ခု ဖြစ်ခဲ့ပါတယ်။ သင်္ဂါယနာ တင်ထားတဲ့ ကျောက်စာများ ဖြစ်တဲ့အတွက် ထေရဝါဒ ဗုဒ္ဓဘာသာဝင်အပေါင်းအတွက် အလွန်အကျိုးများလှပါတယ်။

ဒါပြင် တစ်ကမ္ဘာလုံးမှာ ရှိကြတဲ့ ဗုဒ္ဓဘာသာဝင်အပေါင်းနှင့်တကွ ဗုဒ္ဓဘာသာကို စိတ်ဝင်စားသော သုတေသီမှန်သမျှအတွက် ခိုင်မာတဲ့ ကျမ်းကြီးများလည်း ဖြစ်ပါတယ်။

ဒီလောက်အဖိုးတန်တဲ့ ကျောက်စာများကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့က မြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသား မှန်သမျှ တာဝန်ရှိနေပါတယ်။

---

ဘုန်းဝင်းခေါင်(မြန်မာမှု)

---

ကျမ်းကိုး -

(၁) ရုပ်စုံဗုဒ္ဓသာသနာဝင် (အရှင်ဇနကာဘိဝံသ)
(၂) ဝိမုတ္တရသ (ဆန်းလွင်)
(၃) မန္တလေး နေ့စဉ်သတင်းစာ (၅၀၇) (၄၀၆)



www.burmeseclassic.com

www.burmeseclassic.com

# ခေတ်အကြို သမိုင်းအဖြစ်နှင့် ကမ္ဗည်းကျောက်စာများ

ဦးသန့်(လာဘ်မိုးစွေ)



မြန်မာနိုင်ငံရှိ ကမ္ဗည်းကျောက်စာများသည် [illegible]ခေတ်၊ ထိုအချိန်ကာလများက ရေးသားပြောဆိုကြ[illegible] ဘာသာစကား၊ စာပေအက္ခရာတို့ဖြင့် ရေးထိုး[illegible]တမ်းတင်ခဲ့ကြသော စာပေများ ဖြစ်ကြသည်။

ထိုကျောက်စာများကို ကမ္ဗည်းကျောက်စာတွင် [illegible]သိမ့်တုံးဖြင့် ကျောက်စာပါ ဘာသာစကားကို [illegible] ဖတ်ရှု၍ မြန်မာဘာသာသို့ ပြန်ဆိုရပေသည်။

ကျောက်စာတို့သည် ထွင်းထုထားသော [illegible]လက်သားပေါ်တွင် မှုတည်၍ ဖတ်ရှုရသူမှာ [illegible]တူသလို၊ ခက်ခဲမှုလည်း ရှိပေသည်။ ထို့ပြင် [illegible]ကျောက်စာတွင် 'ကတ္တား၊ ကံ၊ ကြိယာ' စသည် [illegible] မြန်မာသဒ္ဒါဝါကျများ မှန်သည်လည်းရှိသည်၊ မှား[illegible]လည်း ရှိသည်။ သို့သော် ရှေးခေတ်ကျောက်စာ[illegible] မြန်မာသဒ္ဒါဝါကျများသည် မှန်ကန်မှု ပို၍များ[illegible] တချို့ကျောက်စာတို့သည် မူလရေးထိုးထား[illegible] ကျောက်စာနေရာတွင် မဟုတ်ဘဲ အခြေအနေ[illegible]ကြောင့် တခြားနေရာသို့ ပြောင်းရွှေ့ရောက်ရှိသွားကြသည်လည်း ရှိသည်။ တစ်စုတဝေးတည်း ရှိနေစေရန်အတွက် ကျောက်စာရုံများတွင် စုပေါင်းပြီး ထားရှိသည်လည်း ရှိသည်။ ထို့အတွက်ကြောင့် ကျောက်စာတို့တွင် မူလထိုး၊ ဆင့်ထိုး၊ စပ်ထိုးများ ရှိသည်။ ကျောက်စာတွင် ရေးထိုးထားသော မြန်မာခုနှစ် သက္ကရာဇ်များကို အင်္ဂလိပ်ခရစ်နှစ်များသို့ ပြောင်းလဲ၍ ရေးထားကြရသဖြင့် ကျောက်စာတို့ကို မြန်မာစာဖြင့် ရေးရာတွင် တချို့အပိုဒ်များမှာ အခက်အခဲများစွာ ဖြစ်စေသည်။ ကျောက်စာရုံတွင် ကျောက်စာများကို စုပေါင်း၍ ထားရာတွင် ကျောက်စာရုံအတွင်း အရှေ့ရုံ၊ အနောက်ရုံ စသည်ဖြင့်လည်း ခွဲခြား၍ထားသည်ကို လည်း တွေ့ရသည်။ တချို့ကျောက်စာတို့သည် စာသားများ ပြည့်စုံမှု မရှိတော့ဘဲ ဖတ်မရအောင် ချွတ်ယွင်းနေသည်ကို တွေ့ရသည်။

ထိုကျောက်စာတို့သည် မြန်မာတို့၏ သမိုင်းကို ကွင်းဆက်သံဖွယ် ဖော်ပြထားခဲ့ကြသည်။ ထိုသို့ ကမ္ဗည်းကျောက်စာများ ရေးထိုးထားသဖြင့်လည်း မြန်မာတို့၏



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းကြောင်းအမှန်ကို လေ့လာသိရှိရပေသည်။

ကျောက်စာများကို လေ့လာသောအခါတွင် -

(က) ကျောက်စာပါ စကားလုံးများကို လေ့လာ၍ မှတ်ပါ။

(ခ) ကျောက်စာပါ စာဖွဲ့စည်းပုံကို လေ့လာပါ။

(ဂ) ကျောက်စာပါ စာအကြောင်းအရာတို့ကို လေ့လာပါ။

ဤသို့ဖြင့် ကမ္ပည်းကျောက်စာများ ရှိသည့် အပြင် မုံရွာမြို့ မဟာလယ်တီတိုက်ကြီးအတွင်း၌လည်း လယ်တီဆရာတော်ဘုရားကြီး၏ လယ်တီဒီပနီကျော် ကျောက်စာများလည်း ရှိပေသည်။

ယခုခေတ်တွင်မူ ဆေးရုံများ၊ စာသင်ကျောင်းများ၊ အဆောက်အအုံများ စသည်ဖြင့် ထိုအကြောင်းအရာကို မြန်မာဘာသာဖြင့် ကြေးပြားများပေါ်တွင် လွယ်လင့်တကူ ကမ္ပည်းရေးထိုးခဲ့ကြ၍ သမိုင်းမှတ်တမ်းတင်ခဲ့ကြလေသည်။

## ကမ္ဘာပေါ်ရှိ လူမျိုးများနှင့် ကမ္ပည်းကျောက်စာများ

မနုဿဗေဒ ပညာရှင်တို့၏ အလိုအရ ကမ္ဘာပေါ်တွင် အဓိကလူမျိုးစုကြီး သုံးစုရှိသည်ဟု စာပေများတွင် တွေ့ရှိရသည်။ ၎င်းတို့မှာ -

(က) မွန်ဂိုလွိုက်(MongoLoid)

(ခ) ယူရိုပွိုက်(Europoind)

(ဂ) နီဂရွိုက်(Negroid) တို့ ဖြစ်ကြသည်။

အရှေ့တောင်အာရှတိုက်တွင် နေထိုင်သော လူသားအားလုံးတို့သည် မွန်ဂိုလွိုက်(MongoLoid) အနွယ်များ ဖြစ်ကြသည်။ ရှေးဟောင်းသုတေသနဌာနမှ မြန်မာနိုင်ငံအတွင်းရှိ ရုပ်ကြွင်းများကို လေ့လာရာ၌ ပျူမြို့ဟောင်းများ ဒေသရှိ ရုပ်ကြွင်းအလောင်းများကို စစ်ဆေးကြည့်သောအခါတွင် မွန်ဂိုလွိုက်(MongoLoid) လူမျိုး ဟူသောအဖြေကို ရရှိသည်။

အာရှတိုက်မှ စတင်ပေါ်ထွန်းခဲ့သော ဟိန္ဒူဝါဒ(Hinduism)၊ ဂျူးဝါဒ(Judaism)၊ ဗုဒ္ဓဝါဒ(Buddhism)၊ ကွန်ဖြူးရှပ်ဝါဒ(Cofucianism)၊ ခရစ်ယာန်ဝါဒ (Chirstianity) နှင့် အစ္စလာမ်ဝါဒ(Islam) ဟူ၍ ကိုးကွယ်မှုဆိုင်ရာများ ပေါ်ထွန်းခဲ့ပြီး ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့သွားခဲ့သည်။

မြန်မာနိုင်ငံတွင် ကျောက်စာပထမဦးဆုံး တွေ့ရှိရခြင်းကို ဆရာကြီး ဒေါက်တာတိုးလှ ရေးသော "ရှေးဟောင်း မြန်မာနိုင်ငံသမိုင်း" စာအုပ်၊ စာမျက်နှာ ၃၅ တွင် ရေးသားထားသော စာတစ်ပိုဒ်တွင် တွေ့ရှိရသည်။

ထိုစာပိုဒ်မှာ -

မှော်ဇာဗောဗောကြီး တောင်ကန်ဝက်ခေါင်းကုန်းမှရသော ဆင်းတုတော်ပလ္လင်စာတွင် တွေ့ရှိရသောစာကို ပညာရှင် 'ဒစ်ကရှစ်(Dikshit)'က အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

*ယင်းဆင်းတုကို ဇယစန္ဒြဝရ်မန်မင်းသားက သွန်းလုပ်ခဲ့ကြောင်း မှတ်တမ်းတင်ခြင်းဖြစ်၏။ ပထမဂါထာ၌ တစ်နေ့တည်းမှာပင်(တစ်မြို့မှာ ယခု မှော်ဇာဖြစ်ဟန်ရှိသော) မြို့တော် နှစ်မြို့ကို ပြိုင်တူတည်ထောင်ရာတွင် ဇယစန္ဒြဝရ်မန်၏ ဆရာတော်ဖြစ်သော ဂုဟ ခေါ် ဂုဟဒီပက ပြောဟောဆုံးမဟန်ကိုလည်း ဖတ်ရ၏။ ညီငယ်ဖြစ်သော မင်းသားကား ဟရိဝိကြမဖြစ်၍(ထိုပြိုင်တူတည်သော နှစ်မြို့မှ) မြို့တစ်မြို့၏ အရှင်သခင် ဖြစ်ဟန်တူ၏။ (ယခု ဒါနပြုရာ၌လည်း) ဖက်စပ်ပါဝင်သူ ဖြစ်၏။ ကိုးကွယ်သော ဆရာတော်၏ ကျေးဇူးကြောင့် ညီတော်၊ နောင်တော်တို့နှင့်တကွ (နှစ်မြို့သားတို့) ပိုမိုရင်းနှီးချစ်ကြည်စွာ ဆက်ဆံကြဟန်ကိုလည်း ဖော်ပြပါရှိသည်။*

ထို့အတွက်ကြောင့် ထို 'ဆင်းတုတော်ပလ္လင်ကျောက်စာ' သည် သရေခေတ္တရာခေတ်၏ မွန်သမိုင်းဝင် ကျောက်စာအစ ဖြစ်မည်ဟု ယုံကြည်ရပါသည်။ .....ဟု ဆရာကြီး ဒေါက်တာတိုးလှ ရေးသားထားသည်ကို တွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင် ဆရာကြီး ဒေါက်တာတိုးလှ၏ 'ရှေးဟောင်းမြန်မာနိုင်ငံသမိုင်း' စာမျက်နှာ ၄၃ တွင် ဘုရားဟောင်း ဘုရားအနီးမှ ရရှိသော 'အရိုးအိုးကျောက်စာ'ကို ထွက်ရှိရသဖြင့် ပျူဝေါဟာရအချို့လည်း တိုးပွားလာသဖြင့် စာပေနှင့် သမိုင်းပညာရှင်တို့ များစွာအား တတ်မိကြသည်ဟု ရေးသားထားသည်ကို တွေ့ရှိရသဖြင့် ထို 'အရိုးအိုး ကျောက်စာ' သည်လည်း ကျောက်စာတို့၏ အစတစ်ခုပင် ဖြစ်သည်ဟု စာရေးသူ တွေးဆမိပါသည်။

ထိုအရိုးအိုးကျောက်စာသည် ပျူဘာသာ၊ သက္ကတဘာသာတို့ဖြင့် ရောနှော၍ ရေးသားထားသည်။ စာလုံးပေါင်း ၁၁၂၇ လုံး ပါရှိသည်။ စာလုံးပေါင်း အရေအတွက် ၄၈၀ သာ ပါရှိသော ရာဇကုမာရ်(မြစေတီကျောက်စာ)ထက်ပင် နှစ်ဆကျော် ရှည်လျားသော ကျောက်စာဖြစ်သည်။

ကမ္ဘည်းကျောက်စာများကို ဆရာကြီး ဦးစမောင်၊ ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီး ဦးလူဖေဝင်း၊ ဆရာကြီး ဦးချစ်သိန်း၊ ဆရာကြီး ဒေါက်တာသန်းထွန်း၊ ဆရာကြီး ဦးငြိမ်းမောင်၊ ဆရာကြီး ဦးသာမြတ်၊ ဆရာကြီး ဦးစံဝင်းနှင့် ဆရာကြီး ဒေါက်တာတိုးလှ. . . စသည်ဖြင့် ပညာရှင် အများအပြားတို့၏ ရေးသားမှုများကြောင့် အလွယ်တကူ လေ့လာနိုင်ခဲ့ကြသည့်အတွက် ထိုဆရာကြီးတို့၏ ကျေးဇူးအား ကြီးမားလှပါသည်။

မြန်မာနိုင်ငံ၏ ရှေးဦးလူနေမှုသမိုင်း (Pre-history of Myanmar)ကို လေ့လာပါက အကြိုသမိုင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များအရ အညာသားခေတ်(Anyathar Culture) ဟူ၍ ပညာရှင်တို့က အမည်ပေးခဲ့ကြသည်။ မကွေး၊ မင်းဘူးမှသည် ပုဂံ၊ ညောင်ဦး၊ ပခုက္ကူ တစ်ဝိုက် နေရာဒေသအတွင်း ထွန်းကားခဲ့သည်ဟု သိရှိရသည်။ ထိုအညာသားခေတ် ထွန်းကားခဲ့သော နှစ်အချိန်ကာလများမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၅၀၀၀၀ မှ ၅၀၀၀၀ အချိန်ကာလအတွင်း ဖြစ်သည်။ နှောင်းအညာသားခေတ်မှာမူ လွန်ခဲ့သော နှစ်ပေါင်း ၃၅၀၀၀ မှ ၁၀၀၀၀ အတွင်း ဖြစ်သည်ဟု နှစ်ကာလပိုင်းခြားပုံကို ဟယ်လင်မိုးဗီးယက်စ်နှင့် ဟဲလ်မွတ်ဒီတာရာတို့၏ မြန်မာနိုင်ငံရှေးလူ (Early Man in Burma)ကို ကြည့်၍ ဆရာကြီး ဦးလှထွန်းဖြူ(ပါမောက္ခ၊ ရှေးဟောင်းသုတေသနပညာဌာန၊ ရန်ကုန်တက္ကသိုလ်)မှ ခန့်မှန်းပေးထားပါသည်။

မြန်မာ့အကြိုသမိုင်း လေ့လာမှုတွင် 'ပြဒါးလင်းဂူ'[ဗဒလင်းဂူ-ရင်(ရွာင်)မြို့နယ်၊ တောင်ကြီးခရိုင်]ကို တွေ့ရှိရခြင်းသည် မြန်မာနိုင်ငံအတွင်း လူများနေထိုင်ခြင်းကို အထောက်အထားများဖြင့် ပြဒါးလင်းဂူအတွင်း၌ အဦးဆုံး တွေ့ရှိရသည်ဟု မြန်မာ့သမိုင်းပညာရှင်တို့က ပြောဆိုရေးသားခဲ့ကြသည်။ ထိုဂူနေလူတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၁၁၀၀၀ နှင့် ၈၀၀၀ နှစ်ကာလအကြား နေထိုင်ခဲ့ကြသည်။ ထိုပြဒါးလင်းဂူ၏ အနောက်ဘက် မိုင်အနည်းငယ်အတွင်း၌ အစောဆုံး

ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်ရှိ ဓမ္မစေတီ ကျောက်စာရုံ



www.burmeseclassic.com




မြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့ရာဒေသဖြစ်သော 'မိုင်းမော' ဒေသရှိသည်။ ဘီစီ ၃၃၂၅ ခုနှစ်တွင် ရခိုင်၌ ပထမ ဓညဝတီခေတ်မှ စတင်ခဲ့သည်ဟူ၍ စာပေတချို့တွင် ဖတ်ရှုခဲ့ရသည်။ ရှေးဟောင်းမြို့ပြတို့ ဖြစ်ကြသော မိုင်းမော(ပင်လယ်)၊ ဗိဿနိုး(တောင်တွင်းကြီး)၊ ဟန်လင်း(ရွှေဘို)၊ သရေခေတ္တရာ(ပြည်)၊ ပျူ၊ သက်၊ ကမ်းယံနှင့် ပုဂံတို့သည် ခေတ်ပြိုင်မြို့များဖြစ်ခဲ့ကြသည်။

ပျူမြို့ဟောင်း သုံးမြို့ဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများသည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ဖြစ်လာစေရေး ဆောင်ရွက်ရာတွင် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေး 38th Session of the World Heritage Committee(Doha 2014)၌ အဖွဲ့ဝင်များက မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်းများ၏ ထူးခြားထင်ရှားသော ယဉ်ကျေးမှုစရိုက်လက္ခဏာများ တည်ရှိနေမှု၊ အရှေ့တောင်အာရှတွင် အဦးဆုံးသော မြို့ပြတည်ဆောက်မှုစနစ် ပေါ်ထွန်းရာ ဒေသများအဖြစ် အဆိုပြုကာ တစ်ခဲနက် ထောက်ခံခဲ့ကြသဖြင့် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရပါသည်။ ကွင်းဆင်းစစ်ဆေးချက်များကို ပြုလုပ်ပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် ကမ္ဘာ့အမွေအနှစ် ကော်မတီ အကြံပေးအဖွဲ့(ICOMOS)၏ ဆုံးဖြတ်ချက်ဖြစ်သော "Deferred" ကို ကမ္ဘာ့အမွေအနှစ် ဗဟိုဌာနမှ မြန်မာနိုင်ငံသို့ အကြောင်းကြားခဲ့ပါသည်။ ဤသို့ဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လတွင်ကျင်းပသော ကမ္ဘာ့အမွေအနှစ် ညီလာခံတွင် နောက်ဆုံးအဆင့်အနေဖြင့် ကမ္ဘာ့အမွေအနှစ် ကော်မတီအဖွဲ့ဝင် (၂၁)နိုင်ငံက ဆုံးဖြတ်ခဲ့ကြပါသည်။

[မှတ်ချက် - ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်ပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ ၆ တွင် ဒေါက်တာ ကျော်လတ် ၏ ဆောင်းပါးအရ မြန်မာနိုင်ငံရှိ အခြားသော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရခိုင်ပြည်နယ်(မြောက်ဦးရှေးဟောင်းသုတေသနနေရာနှင့် အဆောက်အအုံများ) ဟူ၍ Tentative list သွင်းထားပါသည်။ ဓညဝတီ၊ ဝေသာလီကို Tentative list မသွင်းရသေးဘဲ၊ ရာမညဒေသ ခေါ် မွန်ပြည်နယ် 'မွန်ရှေးဟောင်းမြို့များ' (ပဲခူး၊ ဥသာ)ဟူ၍ Tentative list သွင်းထားပါသည်။ သထုံ၊ ကျိုက်ထိုနှင့် ဇင်းကျိုက်တို့ကို Tentative list မသွင်းရသေးပါ. . . ဟူ၍ ၎င်းဆောင်းပါးတွင် ဖော်ပြထားသည်ကို တွေ့ရသည်။]

ထိုသို့ 'ပြဒါးလင်းဂူ' မှတစ်ဆင့် အထက်ပါ မြန်မာ့ရှေးဟောင်းမြို့ပြတို့သည် ထိုမြို့နေ လူတို့ကို ပျူလူမျိုး ဟူ၍ လက်ခံခဲ့ကြသည်။ ထိုသို့လက်ခံရသည့် အကြောင်းရင်းမှာလည်း မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တူးဖော်လေ့လာတွေ့ရှိသော 'မြေပေါ်မြေအောက် ကျောက်စာမှတ်တမ်း' များကတစ်ဆင့်၊ ကမ္ပည်းကျောက်စာတိုင်များ၊ မင်စာများ၊ အရိုးအိုးတွင်ပါသော စာများမှတစ်ဆင့် လေ့လာသိရှိခဲ့ရခြင်းဖြစ်သည်။

---

ဦးသန့်(လာဘ်မိုးစွေ)


www.burmeseclassic.com

www.burmeseclassic.com

## သတင်းမီဒီယာများကဖော်ပြသော

# ကျိန်စာ

လှမိုး(ပညာရေး)




"ကျိန်စာ"ဆိုသည်မှာ ဘုန်းတန်ခိုးကြီးမားသူ၊ သို့မဟုတ် မနောစွမ်းအင်ထူး ကြီးမားသူ ပုဂ္ဂိုလ်တစ်ဦးက ဝတ္ထုပစ္စည်းတစ်ခုအပေါ်တွင်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အပေါ်တွင်ဖြစ်စေ၊ လူတစ်စုအပေါ်တွင်ဖြစ်စေ၊ လေးနက်တည်ကြည်စွာ မှန်းမှတ်ထားသော သစ္စာစကားပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုပုဂ္ဂိုလ်၏ သစ္စာစကားသည် ယင်းပုဂ္ဂိုလ်စွမ်းအင်ရှိသလောက် စူးရှထက်မြက်သည်ဟု ဆိုကြ၏။ ထိုပုဂ္ဂိုလ်၏ အလိုဆန္ဒကို ဆန့်ကျင်သူတိုင်းသည် ဘေးဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ရတတ်သည်။ ယင်းကဲ့သို့ မမျှော်လင့်ဘဲ ရုတ်တရက် ဘေးအန္တရာယ်ကျရောက်ခြင်းကို ကျိန်စာသင့်သည်ဟုဆိုကြ၏။

ဤကဲ့သို့ ကျိန်စာသင့်သည်ဆိုသော ထူးခြားဖြစ်စဉ်များကို ကျွန်တော်တို့ အရှေ့တိုင်းသားများသာမက အာဖရိကတိုက်ရှိ ဒေသခံတိုင်းရင်းသားများ၊ အမေရိကတိုက် ...ဘီယန်ကမ်းလွန်ပင်လယ်ပြင်ရှိ ကျွန်းများတွင် နေထိုင်ကြသော ဒေသခံတိုင်းရင်းသားများ။ ဂျမေကာ၊ ဟေတီ စသော ကျွန်းများတွင် နေထိုင်ကြသော လူမျိုးနွယ်အများလည်း ကျိန်စာသင့်သည်ဆိုသော ထူးခြားဖြစ်စဉ်များကို ယုံကြည်ကြ၏။ ယခုရေးသားဖော်ပြသည့် ကျိန်စာနှင့်ပတ်သက်သော ထူးခြားဖြစ်စဉ်မှာ အင်္ဂလန်နိုင်ငံနှင့် အီဂျစ်နိုင်ငံတို့တွင် အမှန်တကယ်ဖြစ်ပွားခဲ့သော ဖြစ်ရပ်အား နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် အထောက်အထားဝေဝေဆာဆာနှင့် ဖော်ပြခဲ့သော သတင်းများဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ကျိန်စာနှင့်ပတ်သက်၍ ကျွန်တော် ကိုယ်တွေ့ကြုံရသော ထူးခြားဖြစ်စဉ်တစ်ခုကို တင်ပြလိုပါသည်။ ထိုဖြစ်ရပ်ဆန်းကို ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ သုံးနှစ်ခန့်က ကျွန်တော့်ဇာတိမြို့ကလေးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်ကမူ ကျွန်တော်မှာ မူလတန်းကျောင်းသားငယ်တစ်ဦးသာ ဖြစ်ရကား ထိုဖြစ်စဉ်ကို သေသေချာချာမသိခဲ့ရသော်လည်း နောင်အခါ ကျွန်တော့်အရီးကြီးဖြစ်သူ (ဖခင်၏အစ်မကြီး)နှင့် မိခင်တို့က ပြောပြခဲ့ကြသဖြင့် သိခွင့်ရခဲ့၏။

ကျွန်တော့်ဇာတိ စကုမြို့ ဈေးကြီး၏ မြောက်ဘက်တိုက်တန်းလျားတစ်ခုတွင် နေထိုင်သူ ချစ်တီးလူမျိုး ကိုဘီလာကြီးအား ကျွန်တော်တို့မြို့တွင် နေထိုင်ကြသော လူကြီးလူငယ်၊ ကလေးငယ်များ အားလုံးသိကြသည်။ မြို့အနီး



www.burmeseclassic.com

www.burmeseclassic.com

အနားတွင်နေထိုင်ကြသော ကျေးရွာသူ၊ ကျေးရွာသား အားလုံးကလည်း ချစ်တီးကိုဘီလာကြီးအား သိကြ၏။ သူသည် ရွှေပေါင်၊ ငွေချေးခံသူ တစ်ဦးဖြစ်၏။ စပါးပေါချိန်၊ နှမ်းပေါချိန်များနှင့် စပါးစိုက်ပျိုးချိန်၊ နှမ်းကြဲချိန်များတွင် ကိုဘီလာတိုက်မှာ ကျွန်တော်တို့ မြို့နယ်မှ တောင်သူများ၊ ယာသမားများ တိုးမပေါက်အောင် စည်ကားလှ၏။ ကိုဘီလာကြီးနှင့် သူ့ချစ်တီးစာရေးများသည် ကျေးရွာများသို့အရောက် သွားရောက်၍ ငွေချေးခြင်း၊ အတိုးတောင်းခံခြင်းများ ပြုလုပ်လေ့ရှိသည်ဟု ဆိုသည်။

တစ်ခါတွင်မူ ကျွန်တော်တို့မြို့ ဆင်ခြေဖုံးတွင် နေထိုင်သူတစ်ဦးသည် ရွှေထည်ပစ္စည်းများကို ကိုဘီလာကြီးထံတွင် ပေါင်နှံထားခဲ့၏။ ဤတွင် ပြဿနာပေါ်လာခဲ့သည်။ ကိုဘီလာကြီးကမူ ထိုသူပေါင်နှံသော ရွှေထည်ပစ္စည်းများမှာ ရွှေတုများသာဖြစ်သည်ဟု ဆိုသည်။ ပေါင်နှံသူကလည်း သူ့ပစ္စည်းများသည် ရွှေအစစ်များဖြစ်သည်။ ကိုဘီလာကြီးက သတ္တုပစ္စည်းများဖြင့် လဲယူခြင်းသာဖြစ်သည်ဟု စွပ်စွဲသည်။ ဤတွင် မြို့မှ ဩဇာတိက္ကမရှိသော လူကြီးများက တရားရုံးမရောက်ရန် ဝင်ရောက်ဖြန်ဖြေကြသည်။ နောက်ဆုံး ချစ်တီးကိုဘီလာကြီးက ကျွန်တော်တို့မြို့ အရှေ့ဝင်းကြီး ဘုရားအရှေ့ဘက် "ဘိုးမှန်သူ"ဘုရားတွင် ကျိန်စာဆိုပါက သူတို့ပစ္စည်းများအတွက် ငွေလျော်မည်ဟု ဆိုသည်။ စွပ်စွဲသူကလည်း သူကျိန်ဆိုမည်ဟု ဆိုသည်။

ထိုစဉ်က ပါးစပ်ပြောသမိုင်းများ၊ သူပြောကိုယ်ပြောဒဏ္ဍာရီများအရ ထို"ဘိုးမှန်သူ"ဘုရားတွင် ကျိန်ဆိုပါက မဟုတ်မမှန် ပြောသူများသည် ဆွေစဉ်မျိုးဆက် ကျိန်စာသင့်ခဲ့သည်ဟု ဆိုကြ၏။ ကျွန်တော် မှတ်မိသလောက် ထိုစေတီ၏ သပိတ်မှောက်ပေါ်တွင် လုံများစိုက်ထူထားသည်ကို တွေ့ရ၏။ ကောင်းစွာမမှတ်မိတော့။

ဤဘုရားရှေ့မှောက်တွင် ကျိန်ဆိုရာတွင် စွပ်စွဲသူသည် အမှန်တကယ်ကျိန်ဆိုခြင်း မပြုခဲ့။ မြန်မာလူမျိုး ရပ်ကွက်လူကြီးများနှင့်တိုင်ပင်ပြီး မြန်မာသီချင်းတစ်ပုဒ်ကို သီဆိုခဲ့သည်။ ချစ်တီးကိုဘီလာကြီးကမူ မြန်မာဘာသာစကား တတ်မြောက်ခြင်းမရှိသဖြင့် ကျမ်းသစ္စာ အမှန်တကယ် ကျိန်ဆိုသည်ဟု ပုံကြည်ခဲ့ရကာ ထိုသူ၏ပစ္စည်းများ၏ ကာလတန်ဖိုး ပေးလျော်ခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ "ဘိုးမှန်သူ"ဘုရားတွင် လိမ်၍ ကျမ်းသစ္စာဆိုခဲ့သူမှာ ကိုယ်ရေပြားရောဂါဝေဒနာ စွဲကပ်လာသည်သာမက နောင်အခါ သူ့သားသမီးများပါ ထိုရောဂါဝေဒနာ စွဲကပ်ခြင်း၊ စီးပွားပျက်ခြင်းစသော ဘေးအန္တရာယ်များနှင့် ကြုံတွေ့ကြရသည်ဟုဆိုသည်။

အခြားသာဓကတစ်ခုကိုလည်း တင်ပြလိုပါသည်။ အီဂျစ်နိုင်ငံ၊ နိုင်းမြစ်ကမ်းအနောက်ဘက် ရှေးအီဂျစ်နိုင်ငံဖာရိုဘုရင်များ၏ သင်္ချိုင်းဂူများတည်ရှိသော "ဘုရင်တို့၏ချိုင့်ဝှမ်း"တွင် ၁၉၂၂ ခုနှစ်၊ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ခန့်က ကွယ်လွန်ခဲ့သော တူတာခမွန်ဘုရင်ကလေး၏ အလောင်းနှင့် ထီးသုံးနန်းသုံး ရှေးဟောင်းရတနာပစ္စည်း။ အသုံးအဆောင်များအား ဗြိတိသျှရှေးဟောင်းယဉ်ကျေးမှု တူးဖော်ရေးအဖွဲ့တစ်ဖွဲ့မှ ရှာဖွေတွေ့ရှိခဲ့သော မှတ်တမ်းများအရ အီဂျစ်ရှေးဟောင်း အနုပညာပစ္စည်း အမျိုးပေါင်း ၅၀၀၀ ကျော် တွေ့ရှိခဲ့ရ၏။

မှတ်တမ်းများအရ ထိုအဖွဲ့ တူးဖော်နိုင်ရေးအတွက် ငွေကြေးထောက်ပံ့ခဲ့သော ဗြိတိသျှအမျိုးသား မြို့စားကြီး ကာနာဗွန်အပါအဝင် ထိုဘုရင်ကလေး၏ အလောင်းအား ဓာတ်မှန်ရိုက်ကူးခဲ့သော ပညာရှင်များ၊ ထိုဘုရင်ကလေး သင်္ချိုင်းဂူအတွင်းဝင်ရောက်ခဲ့သော စစ်သည်တော်များသည် မမျှော်လင့်သော ဘေးဥပဒ်အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရသည်ဟု ထိုစဉ်ကာလထုတ်ဝေသော လန်ဒန်တိုင်း(မ်)သတင်းစာကြီးတွင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော်ရေးသားခဲ့၏။ သတင်းမှတ်တမ်းများအရ တိုင်း(မ်)သတင်းစာကြီးသည် တူတာခမွန်ဘုရင်ကလေး၏သင်္ချိုင်းဂူအား ရှာဖွေတွေ့ရှိခဲ့သော မြို့စားကြီးကာနာဗွန် ငွေကြေးထောက်ပံ့သည့် အီဂျစ်ရှေးဟောင်း ယဉ်ကျေးမှုတူးဖော်ရေးအဖွဲ့၏ သတင်းပြန်ကြားရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့ရ၏။

နိုင်ငံတကာမှ သတင်းကိုယ်စားလှယ်ကြီးများ၊ သတင်းစာကြီးများ၊ ဂျာနယ်ကြီးများမှ သတင်းမီဒီယာအဖွဲ့ဝင်များသည် လန်ဒန်တိုင်း(မ်)သတင်းစာကြီး၏ တရားဝင်ထုတ်ပေးသော သတင်းနှင့် ဓာတ်ပုံများကိုသာ သတင်းစာဂျာနယ်အသီးသီးတွင် ထည့်သွင်းဖော်ပြခဲ့ကြရ၏။ လန်ဒန်တိုင်း(မ်)သတင်းစာကြီးကလည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း တူတာခမွန်ဘုရင်ကလေး၏ သင်္ချိုင်းဂူအတွင်း ရောက်ရာရန်



www.burmeseclassic.com

www.burmeseclassic.com

[..]ရောက်သူများနှင့် မြို့စားကြီးကာနစ္စန် ရုတ်တရုတ် ကွယ်လွန်ခဲ့ခြင်းများကို တူတာခမွန်ဘုရင်ကလေး၏ ကျိန်စာသင့်သည်ဟု မျက်နှာဖုံးသတင်းအဖြစ် ထည့်သွင်းဖော်ပြခဲ့သည်သာမက ကွယ်လွန်သူများ၊ မမျှော်လင့်သော ဘေးဒုက္ခရောက်သူများကို တန်းစီနံပါတ်စဉ်၍ ဖော်ပြခဲ့ရကား တူတာခမွန်ဘုရင် ကျိန်စာရောဂါသည် နိုင်ငံတကာလူထုအဖို့ သောကဘေးနာအဖြာဖြာ တွေ့ခဲ့ကြသည်သာမက သည်းထိတ်ရင်ဖိုဖွယ် ဖြစ်ခဲ့ရ၏။ ကျွန်တော်တို့စာဖတ်ပရိသတ်အဖို့ ယင်းကျိန်စာနှင့် ပတ်သက်သော ဆောင်းပါးများ၊ ဝတ္ထုများ၊ ဖြစ်ရပ်မှန်ဖြစ်စဉ်များကို ဖန်တရာတေအောင် ဖတ်ရှုခဲ့ကြပြီးဖြစ်မည်ဟု ထင်ပါသည်။ စာရေးဆရာများအဖို့ ရေးကွက်များရှားကြသဖြင့် ထိုကျိန်စာနှင့်ပတ်သက်သော စာအုပ်များ လက်ဆင့်ခံ၍ ရေတွက်မရအောင် ရေးသားထုတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းကျိန်စာကိုအခြေခံ၍ ရုပ်ရှင်ကားပေါင်းများစွာ ရိုက်ကူးပြသခဲ့ပြီးလည်း ဖြစ်ပါသည်။

ယင်းကျိန်စာသင့်မှုနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ ပညာရှင်များ၊ သုတေသီများအဖို့ အငြင်းပွားဖွယ် ဖြစ်ခဲ့ရ၏။ ထိုကျိန်စာနှင့်ပတ်သက်၍ ယုံကြည်သူများ ရှိသကဲ့သို့ မယုံကြည်သူများလည်း ရှိကြ၏။ မယုံကြည်သူများကမူ ကျိန်စာသင့်သူများသည် တိုက်ဆိုင်မှုများသာ ဖြစ်နိုင်သည်ဟု မှတ်ယူထား၏။ တစ်ဦးတစ်ယောက် ဘေးအန္တရာယ် ကျရောက်သည်ဆိုပါက တိုက်ဆိုင်သည်ဟု ဆိုနိုင်မည်ဖြစ်သော်လည်း အကြိမ်ကြိမ် တိုက်ဆိုင်မှုများလာလျှင် တိုက်ဆိုင်မှုဟုဆိုရန် ခက်ခဲမည်ဖြစ်၏။ သို့ဖြစ်၍ ဤ "ကျိန်စာ" သင့်သည်ဆိုသော ထူးခြားဖြစ်စဉ်များအား ပညာရှင်များ၊ သုတေသီများသည် သူအများလက်ခံလာနိုင်ရန် သဘာဝကျသောအဖြေကို ပေးနိုင်ခြင်း မရှိကြသေး။

ယခု ရေးသားဖော်ပြမည့် "ကျိန်စာ" နှင့် ပတ်သက်သောသတင်းကို ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ပထမပတ်အတွင်း အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော "Weekend" မဂ္ဂဇင်း အမှတ်-၃၃၂၂ တွင် ဓာတ်ပုံသာဓက၊ အထောက်အထားများနှင့် တိတိကျကျ ဖော်ပြထားသော သတင်းဆောင်းပါး၊ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မှ ထုတ်ဝေသော သတင်းစုံမဂ္ဂဇင်း "Tits-Bits"၊ လန်ဒန်ရုပ်စုံသတင်းစာ၊ ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာ၊ ဒေးလီးအိတ်(စ်)ပရက်(စ်) သတင်းစာများပါ သတင်းများကို စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ ထိုသတင်းမှာ ၁၉၄၇ ခုနှစ်၊ ဆောင်းရာသီတွင် လန်ဒန်မြို့၌ ကွယ်လွန်အနိစ္စ ရောက်သွားသော ၂၀ ရာစု လောကီပညာရှင်နှင့် အင်္ဂလန်နိုင်ငံတွင် ကမ္ဘာကျော် ရွှေအရုဏ်ဦး ဂဏ္ဍိရအသင်း "Golden Dawn" ကိုတည်ထောင်သူ ကရော်လီ၏ ကျိန်စာနှင့်ပတ်သက်သော ဖြစ်ရပ်များဖြစ်ပါသည်။

ထိုကျိန်စာနှင့်ပတ်သက်သော သတင်းကို ပြင်သစ်နိုင်ငံ၊ ပါရီမြို့မှထုတ်ဝေသော လာဖီဂါရိုသတင်းစာနှင့် လာမွန်ဒေ သတင်းစာကြီးများကလည်း ယင်းသတင်းကိုကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပေးခဲ့ကြရသည်သာမက သတင်းဆောင်းပါးအဖြစ်လည်း ဖော်ပြခဲ့သည်။ အမေရိကန်ပြည်ထောင်စု မနေသုတေသနဖောင်ဒေးရှင်းမှ ထုတ်ဝေသော သုတေသနဂျာနယ်နှင့် အမေရိကန်ပြည်ထောင်စုမှပင် ထုတ်ဝေသော "မနက်ဖြန်" "Tomorrow" မဂ္ဂဇင်းကလည်း လောကီပညာရှင် ကရော်လီ၏ ကျိန်စာအကြောင်း သတင်းဆောင်းပါးကို ဖော်ပြပေးခဲ့သည်။

ကမ္ဘာကျော်လောကီပညာရှင် အလစ်စတားကရော်လီ [Aleister Crowley] မှာ ၂၀ ရာစုနှစ်များအတွင်း အထူးဆန်းဆုံး၊ အငြင်းပွားစရာအကောင်းဆုံး၊ စိတ်ဝင်စားစရာအကောင်းဆုံး ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်သည်။ နိုင်ငံတကာမှ သတင်းမီဒီယာအများကမူ သူ့အား "အောက်လမ်းဆရာ"၊ "မှော်ဆရာ" ဟု ကင်ပွန်းတပ်ခဲ့သည်။ သူကိုယ်တိုင်ရေး ဖြေရှင်းချက်များတွင် သူသည် ဤကမ္ဘာလောကတွင် အယုတ်မာဆုံး၊ တရားမဲ့ဆုံး ပုဂ္ဂိုလ်တစ်ဦးဟု ရေးသားခဲ့ရာ ကမ္ဘာ့သတင်းမီဒီယာအများက "လူတိရစ္ဆာန်" ကြီးဟု ကင်ပွန်းတပ်ခဲ့သည်။

သို့သော် သူ့အား ဆရာတစ်ဆူအဖြစ် လေးစားသူများလည်း ဒုနှင့်ဒေးရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးကာလက နာမည်ကျော် နာဇီဂဏ္ဍိရဖျူရို တည်ထောင်သူများဖြစ်သော နာဇီပါတီ ထိပ်သီးခေါင်းဆောင်များဖြစ်သော အက်(စ်)အက်(စ်) ထောက်လှမ်းရေးအဖွဲ့ ဗိုလ်ချုပ်ဟင်းမလားနှင့် နာဇီပါတီ ဒုတိယထိပ်သီးခေါင်းဆောင် ရုဒေါ့(ဖ်)ဟက်(စ်)တို့မှာ ကရော်လီအား အထူးလေးစားသူများ ဖြစ်ကြ၏။ အတည်မပြုနိုင်သော သတင်းများအရ နာဇီဂဏ္ဍိရ ဖျူရိုအဖွဲ့သည် ကရော်လီ၏ အကြံပေးချက်နှင့် တည်ထောင်ခြင်းဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကြသည်။ ဒုတိယကမ္ဘာစစ်ကြီး ကာလက ကရော်လီသည် နာဇီဂျာမဏီနိုင်ငံ၊ ဘာလင်သို့သွားရောက်၍ နာဇီထိပ်သီးခေါင်းဆောင်များနှင့် တွေ့ဆုံသည်ဟု သတင်းများ ထွက်ပေါ်ခဲ့၏။

ကျွန်တော်တို့ မြန်မာစာဖတ်ပရိသတ်နှင့် ရင်းနှီးပြီးဖြစ်သော ဗြိတိသျှအမျိုးသား ကမ္ဘာကျော်စာရေးဆရာကြီး ဆမ်မာဆက်မွန်မှာ ကရော်လီနှင့်အတူ ရင်းနှီးသော စာရေးဆရာကြီးဖြစ်၏။ ဆမ်မာဆက်မွန် တက်သစ်စ စာရေးဆရာဘဝတွင် ပြင်သစ်နိုင်ငံ ပါရီတွင် နှစ်ပေါင်းများစွာ သောင်တင်နေခဲ့သည်။ ထိုစဉ်ကာလက ကရော်လီမှာ လောကီပညာရှင်ဟု လျှမ်းလျှမ်းတောက်ကျော်ကြားနေသော အချိန်ဖြစ်၏။ ဤတွင် တက်သစ်စ စာရေးဆရာ ဆမ်မာဆက်မွန်နှင့် ခင်မင်ရင်းနှီးခဲ့သည်သာမက ကရော်လီအကြောင်းကို ခရေစေ့တွင်းကျ သိခွင့်ရခဲ့သူဖြစ်၏။ ဆမ်မာဆက်မွန် ကမ္ဘာကျော် စာရေးဆရာကြီးဖြစ်လာသောအခါ ဆရာကြီးသည် ကရော်လီအား အဓိကဇာတ်ဆောင်ထား၍ "Magician" မှော်ဝိဇ္ဇာအမည်ဖြင့် အတ္ထုပ္ပတ္တိဝတ္ထုတစ်အုပ် ရေးသားထုတ်ဝေခဲ့ရာ ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော စာအုပ်တစ်အုပ် ဖြစ်ခဲ့ပြီး သောက်သောက်လဲ ရောင်းချရသည့် စာအုပ်ဖြစ်သည်။ (ထိုစာအုပ်အား ကွယ်လွန်သူ စာရေးဆရာကြီး ကျော်အောင်က တိုက်ရိုက် လုံးစေ့ပတ်စေ့ မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။)

မှော်ဝိဇ္ဇာဟု ကင်ပွန်းတပ်ခံရသော ကရော်လီသည် ကျွန်တော်တို့ မြန်မာနိုင်ငံနှင့်လည်း ဆက်စပ်မှုရှိသော ပုဂ္ဂိုလ်ထူးတစ်ဦးဟု ဆိုရမည်ဖြစ်ပါသည်။ မှတ်တမ်းများအရ ကရော်လီ၊ သို့မဟုတ် အက်(ဒ်)ဝါအလစ်စတာကရော်လီသည် ကင်းဘရစ်(ချ်)တက္ကသိုလ်တွင် စာပေတက်ရောက်သင်ကြားစဉ်ကပင် အားကစားဘက်တွင်လည်း ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သူ ဖြစ်သည်။ အပါင်းအသင်းဆန့်၍ စည်းရုံးရေးကောင်းသူဖြစ်၏။ ကင်းဘရစ်(ချ်)တက္ကသိုလ် ခြေလျင်တောင်တက်အသင်းနှင့် ကင်းဘရစ်(ချ်)တက္ကသိုလ် လေ့လော်ရွက်တိုက်အသင်းများတွင် လူသိများသော အမှုဆောင်တစ်ဦးဖြစ်သည်။ ဥရောပတိုက် အယ်(လ်)(ပ)တောင်တန်း တစ်နံတစ်လျား သူခေါင်းဆောင်သော ခြေလျင်တောင်တက်အသင်းဝင်များသည် မကြာခဏ တောင်တက်ခြင်းများ ပြု

လုပ်ခဲ့ကြသည်ဟု သိရ၏။ ၁၉၀၃ ခုနှစ်တွင် ကရော်လီနှ ဇနီးဖြစ်သူ ရို(စ်)ကယ်လီ (လန် ဒန်မြို့တော် ပန်ချီကျောင်း ကျောင်းအုပ်ကြီး၏ သမီးဖြစ်သည်)တို့သည် အီဂျစ်နိုင်ငံတွင် အီဂျစ်လောကီပညာရပ်များ လေ့လာခဲ့ပြီး အရှေ့တိုင်း၏ ဗုဒ္ဓ ဘာသာနှင့် မဟာဂန္ဓာရီပညာရပ်များကို လေ့လာရန် အိန္ဒိယ နှင့် သီရိလင်္ကာသို့ ထွက်ခွာလာခဲ့၏။ သီရိလင်္ကာနိုင်ငံတွင် ဗုဒ္ဓဘာသာအား လက်တစ်ဆုံးနိုက် လေ့လာခဲ့သည်ဟုသိရ၏

ထို့နောက် အိန္ဒိယနိုင်ငံသို့ ကူးခဲ့ပြီး အိန္ဒိယနိုင်ငံ၏ လောကီပညာရပ်များကို လေ့လာခဲ့သည်။ ထိုစဉ်က မြန်မာ နိုင်ငံမှာ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုဟု သတ်မှတ်သဖြင့် မြန်မာနိုင်ငံအား နိုင်ငံတကာက အိန္ဒိယနိုင်ငံ၏ ပြည်နယ် တစ်ခုဟု ယူဆထားကြ၏။ ကရော်လီနှင့် ဇနီးတို့သည် ရန်ကု မြို့သို့ ရောက်ရှိလာခဲ့၏။ ရန်ကုန်တွင် သမီးငယ်တစ်ယောက် ဖွားမြင်ခဲ့ရာလို လာဇာဇာဟု အမည်ပေးထားခဲ့၏။ ကရော်လီ မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းမှာ ရည်ရွယ်ချက် နှစ်မျိုး သည်ဟု သိရသည်။ ကရော်လီသည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး တို့၏ ဂန္ဓာရီပညာရပ်များကို လက်လှမ်းမီသလောက် လေ့လာ ရန်နှင့် ဒုတိယရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ စာရာမေတ တောင်ထိပ်သို့ တက်ရောက်ရန် ဖြစ်သည်။ ဇနီးဖြစ်သူ ရို(စ်) ကယ်လီနှင့် သမီးငယ် လိုလာဇာဇာတို့အား ရန်ကုန်ရှိ မိတ် ဆွေအပေါင်းအသင်းများနှင့်ထားခဲ့ပြီး ကရော်လီသည် စာရာ မေတိတောင်ထိပ်သို့ တက်ရောက်ရန် တစ်ဦးတည်း ထွက်ခွာ သွားခဲ့သည်ဟု သိရ၏။ အမှန်အားဖြင့် ကရော်လီသည် စာရာ မေတိတောင်ထိပ်သို့ အောင်မြင်ပေါက်ရောက်စွာ တက် ရောက်နိုင်ခဲ့သည်ဟု ဆိုကြသည်။ ဤသို့ ကရော်လီ ခရီး ထွက်ခွာသွားစဉ် ဇနီးဖြစ်သူ ရို(စ်)နှင့် လိုလာဇာဇာတို့သည် အထက်ဆောင်းပါး တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ရန်ကုန်မြို့တွင် ခေတ္တနေထိုင်ခဲ့ရ၏။ ဤသို့နေထိုင်စဉ် သမီး ငယ် လိုလာဇာဇာမှာ တိုက်ဖိုက်ရောဂါဖြင့် ကွယ်လွန်ခဲ့ရ သည်။ ၁၉၀၇ ခုနှစ်တွင် ကရော်လီနှင့် ရို(စ်)တို့သည် လမ်းခွဲ ခဲ့ကြသည်။

ကရော်လီသည် အင်္ဂလန်၊ ပြင်သစ်၊ အီတလီ စသော နိုင်ငံများတွင် နေထိုင်၍ အောက်လမ်းပညာနှင့် ပတ်သက် သော စာအုပ်များကို ရေးသားထုတ်ဝေခဲ့ရာမှ ထိုပညာရပ်တွင် လက်တစ်ဆုံးနိုက် လေ့လာထားသူတစ်ဦးဟု သိရှိရသူတော



www.burmeseclassic.com

www.burmeseclassic.com

အများက အသိအမှတ်ပြုခဲ့ကြသည်။ အမှန်အားဖြင့် အက်(ဒ်) (ဒ်)အလက်ဇင်ဒါ ကရော်လီမှာ ချမ်းသာကြွယ်ဝသော စက်ရုံပိုင်ရှင်တစ်ဦး၏ သားဖြစ်၏။ သူ့မိသားစုများမှာ ကက်သလစ် ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည် သူများဖြစ်၏။ ကရော်လီကိုယ်တိုင် ငယ်စဉ်က ခရစ်ယာန် ဘာသာကို ထူးထူးခြားခြား ကိုင်းရှိုင်းခဲ့သူ ဖြစ်သည်ဟုဆို သည်။ သူ့အဘယ်ကြောင့် အောက်လမ်းလောကီပညာ ဘက်သို့ ကိုင်းညွှတ်သွားသည်ကိုမူ မည်သူမျှမသိကြ။

သူကျောင်းသားဘဝတွင် သူ့ဖခင်ကွယ်လွန်ခဲ့ရာ တစ် ဦးတည်းသောသားဖြစ်သူ ကရော်လီမှာ သူ့ဖခင်၏လုပ်ငန်းနှင့် အမွေအနှစ်များ အမွေဆက်ခံခဲ့ရသဖြင့် အတော် အတန် ချမ်းသာကြွယ်ဝသူဖြစ်လာခဲ့ရာမှ သူ့ဝါသနာပါသော နက်နဲသော လောကီပညာရပ်များကို လေ့လာလိုက် ခဲ့၏။ ဤတွင် ထူးထူးခြားခြားအောင်မြင်ပေါက်ရောက် သော အောက်လမ်းဆရာတစ်ဦး ဖြစ်လာသည်ဟုဆိုကြသည်။

သူ့အား အီတလီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့က မလို လားအပ်သော အောက်လမ်းဆရာတစ်ဦးဟု ဆိုကာ ပြည်နှင် ဒဏ်ခတ်ခဲ့သဖြင့် သူ့ဇာတိ အင်္ဂလန်နိုင်ငံသို့ ပြန်လာခဲ့သည်။ အင်္ဂလန်နိုင်ငံ၊ လော့နေ့ာ့ရေအိုင်ကြီးအနီး ယာတောစံအိမ် ဆောင်တွင် နေထိုင်၍ လောကီပညာ ဓာတ်ခန်းဖွင့်ကာ လောကီပညာရပ်များကို လက်ဆင့်ကမ်း သင်ကြားပေးသည် ဟုဆို၏။

ထိုစဉ်က သတင်းများအရ ကရော်လီမှာ ထူးခြား သော ကျိန်စာကျိန်ဆိုရာတွင် အောင်မြင်ပေါက်ရောက်နေ သည်ဟု သတင်းများ ထွက်ပေါ်လာခဲ့၏။ သူ့ကျိန်စာသင့်သူ များမှာ ဘေးဥပဒ်အန္တရာယ် သင့်ခဲ့ကြသည်ဟု ဆိုကြ၏။ သတင်းစာများ၏ ဖော်ပြချက်အရ လန်ဒန်မြို့မှ နာမည် ကျော် ဦးနှောက်နှင့်အာရုံကြော ဆရာဝန်ကြီး ဒေါက်တာ သော်မဆင်မှာ မော်ဝိဇ္ဇာကရော်လီ၏ ကျိန်စာခံရသူဟုဆို သည်။ ၁၉၄၇ ခု၊ နိုဝင်ဘာလတွင် ကရော်လီမှာ ပြင်းထန် သော ခေါင်းကိုက်ဝေဒနာ ခံစားနေခဲ့သည်။ သို့ဖြစ်၍ ကရော် လီသည် ဒေါက်တာသော်မဆင်နှင့် တွေ့ဆုံပြီး သူ့အား မော်ဖိန်း ဆေးထိုး ထောက်ခံစာထုတ်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ ဒေါက်တာသော်မဆင်ကမူ ကရော်လီမှာ ထိုဆေးစွဲနေသူ ဖြစ်သည်ဟု သိရသဖြင့် ထောက်ခံစာပေးရန် ငြင်းဆိုခဲ့သည်ဟု ဆိုသည်။

ဤတွင် ကရော်လီက ဒေါက်တာသော်မဆင်သည် သူ့ကွယ်လွန်သည်နှင့် သူခံစားနေရသော ဝေဒနာမျိုးဖြင့် ခံစားရမည်ဟု ကျိန်ဆိုသွားခဲ့၏။ ကရော်လီမှာ ၁၉၄၇ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကွယ်လွန်ခဲ့ရသည်။ တိုက်တိုက် ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ၁၉၄၇ ဒီဇင်ဘာလ၊ တတိယ ပတ်အတွင်း ဒေါက်တာသော်မဆင်မှာ မော်တော်ကား မတော် တဆဖြစ်မှုကြောင့် ဦးခေါင်းတွင် ပြင်းပြင်းထန်ထန် ထိခိုက်ဒ ဏ်ရာရခဲ့ရာမှ ဦးခေါင်းကိုက်သော ဝေဒနာခံစားရပြီး ကွယ် လွန်ခဲ့ရသည်။ တိုက်ဆိုင်မှုလော၊ တိုက်ဆိုင်မှုဆိုပါက တိုက် ဆိုင်လွန်းသည်ဟု ဆိုရပေတော့မည် ဖြစ်သည်။

ထိုစဉ်က ပါးစပ်သတင်းများအရ မော်ဝိဇ္ဇာကရော်လီ သည် သူ့ပိုင်ပစ္စည်းများကိုလည်း ကျိန်စာတိုက်ထားခဲ့သည် ဟု ဆိုကြသည်။ လန်ဒန်မြို့ ချဲရင်ကရောရပ်ကွက်မှ ရှားပါး ရှေးဟောင်းစာအုပ်များ ရောင်းချသူ မစ္စတာဟာရိုလ်မော့ လိတ်သည် လေလံပွဲတစ်ခုမှ မော်ဝိဇ္ဇာကရော်လီပိုင် သူ့ဓာတ် ပုံတစ်ခုကို အမှတ်တရအဖြစ် ဝယ်ယူလာခဲ့သည်။

မစ္စတာ ဟာရိုလ်မော့လိတ်သည် ယင်းဓာတ်ပုံအား ဧည့်ခန်းအတွင်းရှိ တိုင်ကပ်နာရီ တစ်လုံးနှင့်ယှဉ်၍ ချိတ် ထားခဲ့သည်နှင့် ထာဝစဉ် အချိန်မှန်နေသော ထိုနာရီမှ စက် ရပ်ခြင်း အချိန်မမှန်ခြင်း ဖြစ်ခဲ့သဖြင့် ထိုကရော်လီဓာတ်ပုံကို ဖြုတ်ထားကြည့်ခဲ့သည်။ နာရီမှာ ရှေးယခင်ကအတိုင်း အချိန်မှန်သွားသည်။ ဟာရိုလ်မော့လိတ်သည် အကြိမ်ကြိမ် စမ်းသပ်ကြည့်ရှုရာ နာရီကြီးသည် ထိုဓာတ်ပုံနှင့်အတူ ချိတ်မိ သည်နှင့် နေ့တစ်ခါ မြန်တစ်လှည့် ဖြစ်ရတော့၏။ထို့အတူ ထိုဓာတ်ပုံဝယ်ယူလာသည်ကစ၍ သူ့အချစ်တော် ကြောင် များမှာ အလန့်တကြားဖြစ်၍ ဓာတ်ပုံချိတ်ထားသော အခန်း အတွင်းဝင်ရန် ငြင်းဆန်ကြသည်။ နောက်ဆုံးတွင် ထိုဓာတ်ပုံ အား ဗြိတိသျှပြတိုက်ကြီးသို့ လှူဒါန်းခဲ့သည်ဟု ဆိုကြပါ ကြောင်း။

**လုမိုး(ပညာရေး)**

ကျမ်းကိုး

(၁) The Word's Greatest Psychics

(၂) Psychics and Mystics



www.burmeseclassic.com

www.burmeseclassic.com

# ကျိန်စာ

## ■ ကိုမြင့်ထွန်း(Quality)

တစ်ညက သမီးငယ် ဆုပြည့်စုံထွန်း စာကျက်သံကို အမှတ်တမဲ့ နားစိုက်လိုက်မိသည်။ ကိုးတန်းမြန်မာစာ ပြဋ္ဌာန်းစာအုပ်မှ ရာဇကုမာရကျောက်စာကို ကျက်နေခြင်းပင် ဖြစ်သည်။ ရာဇကုမာရကျောက်စာ (ခေါ်) မြစေတီကျောက်စာတွင် ကျန်စစ်သားမင်းကြီးအား သားတော် ရာဇကုမာရမင်းသား၏ မွေးကျေးဇူးဆပ်သည့်အနေဖြင့် လှူဒါန်းသောအလှူကို ကျောက်စာအဖြစ် ရေးထိုးထားကြောင်း အားလုံးသိကြပြီး ဖြစ်ပါသည်။ သမီး၏ စာကျက်သံမှသည် ကျိန်စာနှင့် ပတ်သက်သော အကြောင်းအရာများက ကျွန်တော့်ခေါင်းထဲသို့ ဝင်ရောက်လာပါသည်။

မြစေတီကျောက်စာတွင် နာမကျန်းဖြစ်နေသော ဖခင်ကျန်စစ်သားမင်းကြီးအား ရည်စူး၍ ရာဇကုမာရမင်းသားက ရွှေဘုရားတစ်ဆူ သွန်းလုပ်၍ ရဟန်းသံဃာများရှေ့မှောက်တွင် ရေစက်သွန်းချ အမျှဝေ ဆုတောင်းခဲ့ပါသည်။ "ဤသို့လှူဒါန်းရသောအမှုကြောင့် သဗ္ဗညုတဉာဏ်ရအံ့သောအကြောင်းဖြစ်စေသတည်း"ဟူသော ဆုတောင်းပါရှိပါသည်။ ဆုတောင်း၏ နောက်ဆက်တွဲတွင် သူလှူဒါန်းခဲ့သော ဘုရားနှင့် ကျေးကျွန်တို့အား တစ်စုံတစ်ယောက်က ဖျက်ဆီးခဲ့ပါကဘေးအန္တရာယ်ကျရောက်စေရန် ကျိန်စာသဘောမျိုးလည်း ရေးသားခဲ့ပါသည်။ "ငါ့နောင်ငါ့သား လည်းကောင်း။ ငါ့မြေးလည်းကောင်း။ ငါ့အဆွေ လည်းကောင်း။ သူတစ်ထူး လည်းကောင်း ဤဘုရားအား ငါလှူခဲ့သော ကျွန်အနှိပ်အစက်တည်းမှုမှုကား အရိမေတ္တယျဘုရားသခင် အဖူးရစေ"ဟု ရေးထိုးခဲ့သည်။

သာမန်အားဖြင့် ဆုတောင်းစာဟု မှတ်ထင်ခဲ့သော်လည်း ကျိန်စာကဲ့သို့သော ပုဂံခေတ်ကျောက်စာများကို ပုဂံဘုရားပုထိုးများရှိ ကျောက်စာများတွင် တွေ့မြင်နိုင်ပါသည်။ မြန်မာစာဦးစီးဌာနမှ ပြုစုသော မြန်မာအဘိဓာန်တွင်လည်း ကျိန်စာဆိုသည်မှာ "မည်သို့ပြုလျှင် မည်သို့ဖြစ်ပါစေ"ဟု ကျိန်ဆိုထားသည့် စကား။ စာဟု ပါရှိပါသည်။ ယနေ့ခေတ် တရားရုံးများတွင်လည်းကောင်း။ လွှတ်တော်ထဲတွင်လည်းကောင်း ကျမ်းကျိန်ခြင်း။ သစ္စာပြုခြင်းစသော ကိစ္စရပ်များ လုပ်ဆောင်နေကြပါသည်။ တရားရုံးတွင် ကျမ်းစာအုပ်အား ခေါင်းပေါ်တင်လျက် တရားသူကြီးရှေ့မှောက်၌ "ဤအဖြစ်အပျက်အား မှန်မှန်ကန်ကန် မထွက်ဆိုပါက ဤကျမ်းတွင် ပါဝင်သော အကြောင်းအရာများ စူးရောက်ပါစေသား"ဟု ကျိန်ဆိုရခြင်း ဖြစ်ပါသည်။ အကယ်၍ မှန်မှန်ကန်ကန် မဆောင်ရွက်ခဲ့ပါကလည်း ဤကျမ်းပါ ကျိန့်စာအမျိုးမျိုးတို့ မိမိကို ထိခိုက်ကာ စူးရောက်မည်ဟု အများစုက ယုံကြည်ကြပါသည်။

ထို့အတူ ဆရာဝန်များ၏ ဆေးပညာကျင့်ဝတ်တွင်လည်း ဟစ်ကိုကရေးတီးစ်၏ အဓိဋ္ဌာန်ပြုချက်ကို သစ္စာပြုကြရပါသည်။ မိမိ၏ ဆရာသခင်များနှင့် လူနာများအပေါ်ထားရှိလိုက်နာရမည့် ဝတ္တရားများ။ ကျင့်ဝတ်များအား စောင့်ထိန်းမည့်အကြောင်း ဖြစ်ပါသည်။ "အကယ်တန္တ မထိန်းနိုင်၊ မသိမ်းနိုင်၊ အဓိဋ္ဌာန်ကျိုးပေါက် မစောင့်ရှောက်နိုင်သည်ဖြစ်သော်ငြားအံ့၊ မကောင်းသောဘေး၊ မကောင်းသောအန္တရာယ်၊ ရန်စွယ်အသွယ်သွယ်နှင့် ရင်ဆိုင်တွေ့ကြုံရလျက်နတ်မိစ္ဆာတို့၏ ကျိန်စာအသင့်ခံရပါစေသား"ဟု ပါရှိပါသည်။

ကျိန်စာနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားရှင် ဟောကြားသည့် အထောက်အထားများ မရှိပါ။ ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည့် အယူအဆတစ်ခု ဖြစ်သော်လည်း ရှေးခေတ်အိန္ဒိယပြည်ရှိ ဗြဟ္မဏဝါဒီများ လက်ထက်ကပင် ကျိန်စာဆိုခြင်းမျိုး ရှိခဲ့ကြပါသည်။ ကာလီဒါသ၏ သကုန္တလာပြဇာတ်တွင် ဒုဗ္ဗာသရသေ့ကြီး၏ ကျိန်ဆိုစာကြောင့် သကုန္တလာဒုက္ခ

www.burmeseclassic.com

တွေ့ရှိရပုံမျိုး ပါရှိခဲ့သည်။ ၎င်းအပြင် ကာယပဘုရားမြတ်စွာ အတိတ်ထက်က ကျိန်ဆိုခြင်းကြောင့် ပြိတ္တာဖြစ်၍ ခွေးစားခံရသော ကဏ္ဍမုဏ္ဍပေတာဝတ္ထုကို ပေတာဝတ္ထုများတွင် အကျယ် ဖတ်ရှုနိုင်ပါသည်။ ကျိန်စာဟု တိတိပပ ဆိုမထားသော်လည်း မိမိအတွက် ကောင်းသောဆုတောင်းနှင့် မိမိ၏ ကောင်းမှုကို ဖျက်ဆီးသောသူများအတွက် မကောင်းသော ဆုတောင်းများ သည်လည်း ကျိန်စာသဘောများပင် ဖြစ်သည်ဟု ယူဆမိပါသည်။ ၎င်းအပြင် အချို့သစ္စာပြုခြင်းများတွင်လည်း ကျိန်ဆိုခြင်းသဘောများ ပါရှိနေသည်ကို တွေ့ရှိရပါသည်။

ဤသို့ ကျိန်ဆိုခြင်းများကို ကမ္ဘာအရပ်ရပ်တွင်လည်း တွေ့မြင်နိုင်ပါသည်။ အီဂျစ်ရှိ ပိရမစ်အဆောက်အအုံများတွင်လည်း ကျိန်စာရေးထိုးထားခြင်းများကို အများအပြား တွေ့မြင်နိုင်ပါသည်။ ၎င်းနိုင်ငံများရှိ ရှေးဟောင်းအဆောက်အအုံများ၊ ဖာရိုဘုရင်အုတ်ဂူများ၊ မံမီများ၊ ဂူသင်္ချိုင်းများတွင် သေဆုံးသူနှင့်အတူ မြှုပ်နှံထားသည့် ရတနာပစ္စည်းများအား သွားရောက်ရှာဖွေသူများ ဒုက္ခရောက်ကြပုံများကို ရေးဖွဲ့ထားသည့် ဇာတ်လမ်းများ၊ ရိုက်ကူးထားသည့် ရုပ်ရှင်အများအပြားကိုလည်း တွေ့မြင်နိုင်မည် ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်တွင် လူကြိုက်များ နာမည်ကြီးသည့် MUMMY(မံမီ) ဇာတ်ကား၊ အင်ဒီယာနာဂျုံးဇာတ်ကားများမှာ လူကြိုက်များလွန်းသဖြင့် ဇာတ်လမ်းတွဲများအဖြစ် ဆက်လက်ရိုက်ကူးကြရပါသည်။ တစ်ခါတစ်ရံ မိမိဉာဏ်ဖြင့် မမီနိုင်သော ဖြစ်ရပ်ဆန်းကြယ်ကိစ္စအများအပြားကိုလည်း ထိုကျိန်စာများနှင့်အတူ ဖတ်ရှုကြရပါသည်။

ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှား အပါအဝင် လျှို့ဝှက်သည်းဖို စာရေးဆရာများ ရေးသားသည့် စာအုပ်များတွင်လည်း အများအပြား ဖတ်ရှုနိုင်ပါသည်။ အိန္ဒိယပြည်ရှိ ဆာဒှူကြီးများမှာ ကျိန်စာဆိုတတ်ကြပုံနှင့် ယင်းကျိန်စာအတိုင်းလည်း အမှန်တကယ် ဖြစ်တတ်ကြသည့်အတွက် ဟိန္ဒူဗြဟ္မဏဘာသာဝင်များကလည်း ကျိန်စာနှင့်ပတ်သက်လျှင် အထူးကြောက်ရွံ့တတ်ကြပါသည်။ မိမိလုပ်ရပ်မှန်နေလျှင် မကြောက်လန့်ကြသော်လည်း တစ်စုံတစ်ရာ မိမိဘက်က ရိုးသားမှုမရှိပါက ထိခိုက်မည်ကို ကြောက်တတ်ကြသည်မှာ လူတိုင်းပင် ဖြစ်ပါသည်။ အင်းဝခေတ်စာ

*မတရားသော အမှုအခင်းများ အလွန်များပြားသလောက် တရားဥပဒေစိုးမိုးမှု မရှိသောကြောင့် ပြည်သူအများစုမှာ အစစအရာရာ ကျပ်တည်း၍ ဆင်းရဲဒုက္ခ ရောက်နေကြရပါသည်။ အားကိုးမရှိ၊ လက်နက်မရှိကြသော ပြည်သူများမှာ ကျိန်စာကို လက်နက်သဖွယ် အသုံးပြုလာကြခြင်းပင် ဖြစ်သည်။*

● ● ● ● ● ● ● ● ● ● ● ● ● ● ●

ဆို တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းတစ်ပုဒ်၌ မိမိ၏ ချစ်သူနှင့် ကွေကွင်းစေလိုသောကြောင့် နှောင့်ယှက်သူများအား ကျိန်ဆိုသော ကဗျာတစ်ပိုဒ်မှာလည်း "တို့များချစ်ခြင်း၊ ကွေကွင်းရအောင်၊ × × × နေ့တိုင်းမွှေတဲ့၊ သက်ကြီးဝန်တို၊ မြင်တိုင်းမုန်းစရာ၊ ဂုံးမအို၊ ရေလိုခန်းခြောက်ပါစေသား"ဟူသော စာသားများကိုလည်း တွေ့ရှိရပါသည်။ ၎င်းအပြင် ဆဒ္ဒန်ဆင်မင်းဝတ္ထုတွင်လည်း စူဠသုဘဒ္ဒါ၏ အမျက်ဒေါသနှင့် တောင်းခဲ့သောဆုမှာလည်း ကျိန်စာနှင့် အလားတူပါသည်။ ယင်းမားယွင်းသော ဆုတောင်းကြောင့်လည်း ဆင်မင်းအား နောက်ဘဝ၌ ပြန်လည်လုပ်ကြံသည့်အဖြစ်အပျက် ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

သေချာတွေးကြည့်ရသော် သစ္စာပြုခြင်း၊ ဆုတောင်းခြင်းနှင့် ကျိန်စာဆိုသည်မှာ အတန်ငယ် ဆက်စပ်နေကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ကာယကံရှင်၏ စိတ်ဓာတ်ပေါ်မူတည်၍ သစ္စာပြုခြင်းလား၊ ဆုတောင်းလား၊ ကျိန်စာလားဟူ၍ ကွာခြားသွားခြင်းမျိုးသာ ဖြစ်ပါလိမ့်မည်။

ယခုခေတ်ကာလတွင် သတင်းစာဂျာနယ်များအား ဖတ်လိုက်လျှင် ကျိန်စာတိုက်ပွဲများကျင်းပသည့် သတင်းများ

www.burmeseclassic.com

www.burmeseclassic.com

ကို ဖတ်ရှုနေရပါသည်။ လက်ပံတောင်းတောင် ကျိန်စာတိုက်ပွဲ၊ ထားဝယ်ရေနတ်ဆိပ်ကမ်း ကျိန်စာတိုက်ပွဲ၊ မိမိလယ်မြေများ အသိမ်းခံရ၍ ကျိန်စာတိုက်ပွဲ စသော အကြောင်းအရာများကို တွေ့မြင်နေရပါသည်။ မတရားသဖြင့် မိမိပိုင်ခဲ့သော်လည်း တစ်ဖက်က အစိုးရဖြစ်နေခြင်း၊ စစ်တပ်ဖြစ်နေခြင်း၊ ငွေကြေးအင်အားကြွယ်ဝချမ်းသာသော ခရိုနီများ ဖြစ်နေခြင်းကြောင့် တရားဥပဒေက မှန်ကန်စွာ အကာအကွယ်မပေးနိုင်ကြချေ။ ထိုအခြေအနေကြောင့် မိမိတို့လုပ်နိုင်သော ကျိန်ဆိုခြင်းအလုပ်ကို တစ်ဦးချင်းမဟုတ်ဘဲ ဒုက္ခရောက်သူအချင်းချင်းစုပေါင်းကာ ကျိန်စာတိုက်ပွဲများ ကျင်းပကြခြင်းဖြစ်ပါသည်။

ယနေ့ခေတ် မြန်မာအစိုးရသည် ကျိန်စာအတိုက်ခံရဆုံးသော အစိုးရပင် ဖြစ်ပေလိမ့်မည်။ မတရားသော အမှုအခင်းများ အလွန်များပြားသလောက် တရားဥပဒေစိုးမိုးမှု မရှိသောကြောင့် ပြည်သူအများစုမှာ အစစအရာရာ ကျပ်တည်း၍ ဆင်းရဲဒုက္ခ ရောက်နေကြရပါသည်။ အားကိုးမရှိ လက်နက်မရှိကြသော ပြည်သူများမှာ ကျိန်စာကို လက်နက်သဖွယ် အသုံးပြုလာကြခြင်းပင် ဖြစ်သည်။ သစ်ပင်သစ်တောများသာမက မြေပေါ်မြေအောက် သယံဇာတများသည်လည်း ပျက်စီးဆုံးရှုံးခဲ့ကြရပါသည်။ လက်ပံတောင်းတောင်၊ ကြေးစင်တောင် စသည့် တောင်အလုံးသုံးဆယ်ခန့်မှာလည်း ဝမ်ပေါင်နှင့် ဦးပိုင်ကုမ္ပဏီများကြောင့် တောင်တန်းများ ကွယ်ပျောက်ခဲ့ရပါသည်။ ထိုသို့ မိမိတို့၏ဒေသ၊ မိမိတို့၏ သယံဇာတများအား ပေးလိုက်ရသော်လည်း ဒေသခံလူထု၏ ဘဝမှာ ဆင်းရဲမြဲ၊ ငတ်မွတ်မြဲ၊ ကျပ်တည်းမြဲပင် ဖြစ်ပါသည်။ ဤအခြေအနေကိုလည်း အစိုးရကိုယ်တိုင် လျစ်လျူရှုလျက် ခေါင်းဆောင်များ၏ အကျိုးစီးပွားအတွက်သာ ပေါင်းသင်းလုပ်ကိုင်နေသောကြောင့် ကျိန်စာတိုက်ပွဲများ ပေါ်ပေါက်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ယင်းကျိန်စာတိုက်ပွဲများတွင် အုန်း၊ ငှက်ပျောစသော ကန်တော့ပွဲများဖြင့် ကျကျနန ဆင်ယင်ထားပါသည်။ သက်ဆိုင်ရာ တောစောင့်နတ်၊ တောင်စောင့်နတ်၊ လယ်မြေစောင့်နတ် စသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းကို တိုင်တည်သစ္စာဆိုကာ မတရားလုပ်သူများအတွက် တန်ပြန်အကျိုးသက်ရောက်စေရန် ရွာလုံးကျွတ်၊ မြို့လုံးကျွတ် ဆုတောင်းကြခြင်းပင် ဖြစ်ပါသည်။

တကယ်တော့ ကျိန်ဆိုခြင်းများသည် လူတိုင်းနှင့် မကင်းကြချေ။ ကလေးများပင်လျှင် ကစားရင်း ငြင်းခုံရင်း ကျိန်ဆိုတတ်ကြပါသည်။ ရပ်ကွက်ထဲတွင်လည်းကောင်း၊ အရောင်းအဝယ်လုပ်ရင်းလည်းကောင်း၊ အငြင်းပွားကျိန်ဆိုကြရသည်မှာလည်း မကြာခဏဆိုသလိုမျိုး တွေ့မြင်ရပါသည်။ ရှေးနှစ်ပေါင်းများစွာမှ အစပြု၍ ကျိန်ဆိုခြင်းများသည် ယခုအချိန်ထိ ရှိနေခြင်းကိုထောက်၍ ဘာသာမရွေး၊ လူမျိုးမရွေး ကျိန်စာအပေါ် ယုံကြည်အားထားကြကြောင်း တွေ့မြင်နိုင်ပါသည်။ ကျိန်ဆိုသူ၏ မှန်ကန်မှု၊ သီလသမာဓိရှိမှုပေါ် မူတည်၍ တစ်ဖက်သူအပေါ် စူးရောက်ကြောင်းကိုလည်း ယုံကြည်ကြရပါသည်။ တရားမျှတမှုကင်းသော ကာလဒေသများတွင် ကျိန်ဆိုခြင်းမျိုးကို ဆက်လက်မြင်တွေ့နေရဦးမည် ဖြစ်ပါသည်။

ကမ္ဘာ့အင်အားအကြီးဆုံး အမေရိကန်နိုင်ငံ၏ သမ္မတမှအစပြု၍ နိုင်ငံတိုင်းရှိ သမ္မတများ၊ ဝန်ကြီးချုပ်များသည် မိမိတို့ ရာထူးလက်ခံရရှိသည့်နေ့တွင် ပြည်သူလူထု၏အကျိုးကို အပြည့်အဝထမ်းရွက်ပြီး မိမိနိုင်ငံနှင့် မိမိလူမျိုးအပေါ် သစ္စာရှိပါမည့်အကြောင်း ကျမ်းသစ္စာကျိန်ဆိုကြရပါသည်။ ယင်းအခြေအနေကို ကြည့်ခြင်းအားဖြင့် ကျမ်းကျိန်ခြင်း၊ ကျိန်စာ စသော ကိစ္စရပ်များအပေါ် လူမျိုးမရွေး၊ ဘာသာမရွေး၊ နိုင်ငံမရွေး ယနေ့အချိန်ထိ လက်ခံယုံကြည်ကြကြောင်း သိရှိနိုင်ပါသည်။ ပြည်သူလူထုအပေါ် တာဝန်မဲ့စွာဖြင့် အုပ်ချုပ်၍ မိမိကိုယ်ကျိုးအတွက် အလွဲသုံးစားလုပ်၍ ကျိန်စာသင့်သွားကြသော ဆာဒမ်ဟူစိန်၊ ကဒါဖီ စသော အာဏာရှင်များကိုလည်း သင်ခန်းစာယူဖွယ် တွေ့မြင်နိုင်ပါသည်။

ကျွန်တော်တို့၏ မြန်မာပြည်တွင်လည်း ရာထူးလက်ခံစဉ်က ကျမ်းသစ္စာကျိန်ဆိုခဲ့သလို မဆောင်ရွက်ဘဲ မိမိ၏ အာဏာနှင့် ကိုယ်ကျိုးစီးပွားအပေါ်သာ အသုံးချခဲ့သည့် တာဝန်ရှိလူကြီးမင်းများ၏ ကျိန်စာသင့်ကြမည့်အချိန်သည်ကား ကာလတစ်ခုတွင် ရောက်ရှိလာမှာ အမှန်ပင် ဖြစ်ပေသည်။

ကိုမြင့်ထွန်း(Quality)



www.burmeseclassic.com

www.burmeseclassic.com

# ကလျာဏီသိမ်နှင့် သိမ်ကြီးလေးသိမ်


■ မောင်ယဉ်လှိုင်(ပျဉ်းမမြိုင်)

ပဲခူး(ဟံသာဝတီ)တွင်ရှိသော သာသနိက အဆောက်အအုံများတွင် ကလျာဏီသိမ်သည် ထင်ရှားလှသည်။ ထိုကလျာဏီသိမ်သည် ပဲခူးမြို့အနောက်ဘက် ကလျာဏီရပ်ကွက်တွင် ရှိသည်။ ပဲခူးမြို့ထဲမှ သွားလိုပါက ရန်ကုန်ဘက်အထွက် ပဲခူးမြစ်ကူးတံတားကိုကျော်၊ ရန်ကုန်-မန္တလေးမီးရထားခုံးကျော်တံတားကြီးပေါ်တက်၊ အဆင်း၌ ရန်ကုန်ဘက်သွားသော လမ်းကိုမလိုက်ဘဲ လက်ယာဘက်သို့ ဖြာခွဲထွက်နေသော လမ်းတစ်လမ်းရှိသည်။ ရွှေသာလျောင်း၊ မဟာစေတီသွားလမ်းဖြစ်သည်။ ကလျာဏီသိမ်ကား ထိုလမ်းအထဲဘက်၌ အုတ်တံတိုင်းဝင်းကျယ်ကြီးနှင့်ရှိသည်။ ခံ့ညားကြီးမားသော အုတ်တိုက်အဆောက်အအုံ သိမ်တော်ကြီးကို တွေ့နိုင်သလို သိမ်တော်ကြီး၏ အရှေ့တောင်ဘက်၌ ကလျာဏီသိမ်တော် ကျောက်စာများ ထိန်းသိမ်းထားရာ ကျောက်စာရုံကြီး ရှိသည်။

လက်ရှိ သိမ်တော်ကြီးမှာ ၁၃၁၅ ခု၊ တန်ခူးလမှစပြီး ရွှေခြူးဆေးလိပ်ခုံပိုင်ရှင် ဦးသူတော်နှင့် ဆွေမျိုးတစ်စုတို့ မတည်လှူဒါန်းငွေ၊ နိုင်ငံတော်မှ လှူဒါန်းငွေများဖြင့် ဆောက်လုပ်ပြီး၊ ၁၃၁၆ ခု၊ သီတင်းကျွတ်လဆန်း ၁၅ ရက်၊ သောကြာနေ့တွင် ပြီးစီးခဲ့သည့် သိမ်တော်ကြီးဖြစ်သည်။

မူလသိမ်တော်ကြီး၏ ဒါယကာမှာ ဟံသာဝတီပြည့်ရှင် ဓမ္မစေတီမင်း(အေဒီ ၁၄၇၂-၁၄၉၂) ဖြစ်ပါသည်။ ဓမ္မစေတီမင်းကြီး ဤသိမ်ကို တည်ဆောက်ရခြင်းအကြောင်းမှာ ရာမညတိုင်းအတွင်း ရဟန်းတို့၏ ပဋ္ဌင်းအဖြစ်သည် မစင်ကြယ်၊ သာသနာတော်သည် မစင်ကြယ်သော ရဟန်းအဖြစ်နှင့် စပ်လျဉ်းရှိပုံကို ဆင်ခြင်မိရာမှ စသည်။

ထိုအခါက ရာမညတိုင်းအတွင်း သံဃာတော်များ ဂိုဏ်းအမျိုးမျိုး ကွဲလျက်ရှိကြသည်။ အချို့ဂိုဏ်းများက မှားယွင်းသည့် အယူအဆများကို လိုက်နာကျင့်သုံးလျက် ရှိနေကြသည်။ ဤသို့သော သာသနာတော်၏ ချွတ်ချော်၊ ဘေးရန် အညစ်အကြေးတို့ကို မြင်နေပါလျက် ဆိတ်ဆိတ်နေပါမူ မြတ်စွာဘုရားကို မရိုသေရာ ကျမည်။ မကြည်ညိုရာရောက်မည်။ မချစ်မြတ်နိုးရာရောက်မည်။


ပဲခူးကလျာဏီသိမ်

အသောကမင်းကြီးသည် မောဂ္ဂလိပုတ္တတိဿ မဟာထေရ်ကို မှီပြီးသော် သာသနာကို သန့်ရှင်းအောင် သုတ်သင်ခဲ့သည်။ ဓမ္မဝါဒီရဟန်းတို့ကို ထောက်ပံ့ချီး



www.burmeseclassic.com

www.burmeseclassic.com



**ပဲခူးမြို့ ကလျာဏီရပ်ကွက်၊ မဟာကလျာဏီသိမ်တော်အတွင်းရှိ မွေ့စေတီကျောက်စာ**

မြှင့်ပြီး ခြောက်သောင်းသော ပါပရဟန်းတို့ကို လူထွက်စေခဲ့သည်။ ဤနည်းအတိုင်း မကောင်းသောအကျင့်တို့ကို လိုက်နာကျင့်ကြံနေကြသော ပါပရဟန်းတို့ကို လူထွက်စေပြီး အကွဲကွဲအပြားပြားဖြစ်နေသော ဂိုဏ်းများကို စုစည်းပေးမည်။ ဤသို့ကြံပြီး မောဂ္ဂလာမထေရ်အမှူးပြုသည့် နှစ်ကျိပ်နှစ်ပါးသော ရဟန်းပညာရှိတို့ကို ပင့်ကာ အကျိုးအကြောင်းလျှောက်ထား တောင်းပန်သည်။

ထိုသို့ လျှောက်ထားတောင်းပန်ပြီးနောက် သီဟိုဠ်ကျွန်းသို့ ရဟန်းပေါင်း ၄၄ ပါး။ သင်္ဘောနှစ်စင်းဖြင့် သက္ကရာဇ် ၈၃၇ ခုတွင် စေလွှတ်ပြီး ပဥ္စင်းသစ်အဖြစ်ကို ယူစေသည်။ သက္ကရာဇ် ၈၃၈ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့မှစ၍ မွေ့ကိတ္တိမဟာထေရ် အမှူးပြုသော သီဟိုဠ်ရဟန်းနှစ်ပါးထံ ရဟန်းတော် ၄၄ ပါးသည် ကလျာဏီမြစ်အတွင်း လှေဖောင်အထက်၌ လေးရက်တွင် လေးကြိမ်ကမ္မဝါစာပြု၍ ပဥ္စင်းသစ်အဖြစ်ကို ယူကြသည်။


သည့်နောက် ဟံသာဝတီသို့ ပြန်ကြွလာခဲ့ကြရာ သက္ကရာဇ် ၈၃၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် (၈)ရက်နေ့တွင် ဟံသာဝတီသို့ ပြန်ရောက်ကြသည်။

သင်္ဘောတစ်စင်းမှာ လေမိုးဒဏ်ကြောင့် ပျက်စီး၍ ရဟန်းအချို့ ပျံလွန်ခဲ့ရသည်။ သီဟိုဠ်ကျွန်းမှ သန့်ရှင်းစင်ကြယ်သော ပဥ္စင်းအဖြစ်ကို ယူ၍ ပြန်ရောက်လာသော ရဟန်းတော်များနှင့် သန့်ရှင်းစင်ကြယ်သော သိမ်သမုတ်ရန် မင်းကြီးစီစဉ်ပြန်သည်။

"စောင့်ရှောက်လွယ်သော ဂါမခေတ်ကိုရှာ၍ ထိုဂါမခေတ်၌ ဤမထေရ်တို့ကို ဗဒ္ဓသိမ်သမုတ်စေရသော် ကောင်း၏"ဟု ဆင်ခြင်ပြီး သင့်တင့်လျောက်ပတ်သော ဂါမခေတ်ကို ရှာစေသည်။ ထိုအခါ ရွှေမော်ဓောစေတီ အနောက်တောင်စွန်း၌ နေရာပူရအမတ်စားသော ရွာကိုတွေ့ပြီး သိမ်သမုတ်ရန် မြေကို သုတ်သင်စေသည်။

သိမ်သမုတ်ရန်အတွက် သိမ်သမုတ်မည့်အရပ်၌ အလယ်တွင် ဇရပ်ဆောက်လုပ်သည်။ အရပ်ထက်ဝန်းကျင်ကို နွားချေးဖြင့် လိမ်းသည်၊ စောင်ရန်းလုပ်ပြီး တံခါးလည်း လေးမျက်နှာထားသည်။ ထိုသိမ်သမုတ်ရာ ဂါမခေတ်ကို တစ်ပါးသော ဂါမခေတ်တို့နှင့် မစပ်ယှက်ရအောင် မြေကြီးထဲ၌ရှိသည့် သစ်မြစ်တွေကိုလည်း ခုတ်ပစ်စေသည်။ အပေါ်၌ရှိသော သစ်ခက် အစရှိသည်တို့ကိုလည်း ခုတ်ပစ်စေသည်။ ဂါမခေတ်ပြင်နားကို လှည့်၍လည်း အနက်တစ်ထွာခန့် မြောင်းငယ်တူးစေသည်။

သိမ်သမုတ်ရာအရပ် အနောက်ဘက်၌လည်း ကျောင်းဆောက်၍ သိမ်သမုတ်မည့် မထေရ်တို့ကို သီတင်း





www.burmeseclassic.com

www.burmeseclassic.com

[illegible]နေစေသည်။ သိမ်မသမုတ်မီ ရှေးဦးစွာ သိမ်နုတ်ခြင်းကို လည်း ပြုသည်။ သိမ်နုတ်ရန်အတွက် သိမ်နိမိတ်ထားရာ အရပ်၏အတွင်း၌ အလျားအနံအားဖြင့် ငါးတောင်၊ ငါးတောင် အတိုင်းအရှည်ရှိသောအရပ်ကို မြေဖြူဖြင့် အရေးအကြောင်း [illegible]စေပြီးမှ ပဉ္စင်းငါးဦး၊ မထေရ်ကိုးဦး၊ ပေါင်းတစ်ကျိပ်လေး ဦး ပင့်ဖိတ်၍ သိမ်နုတ်ခြင်းကို ပြုခြင်းဖြစ်သည်။

ပထမအကြောင်း၌ ပထမအကွက်တွင် တစ်ကျိပ် [illegible]ပါးသော ရဟန်းတို့ကို နေစေပြီး၊ ခုနစ်ရပ်တို့၌ ကမ္မဝါ စာကို ထားပြီး အသီးသီး ကမ္မဝါစာကို ခုနစ်ကြိမ်ဖတ်စေ သည်။ ထို့နောက် ဒုတိယအကွက်မှစပြီး အဆုံးကွက်တိုင် အောင် ကမ္မဝါစာကို ဖတ်စေသည်။ ဒုတိယအကြောင်း၌ [illegible]သောမအားဖြင့် အဆုံးကွက်မှစ၍ အစကွက်တိုင်အောင် ကမ္မဝါစာ ဖတ်စေသည်။ ဤသို့ဖြင့် အနုလုံ၊ ပဋိလုံအားဖြင့် အကြောင်းတိုင်း အကွက်စေ့အောင် ဖတ်စေပြီး သိမ်သမုတ် ခြင်းကို ပြုရာ နတ်တော်လဆန်း ၇ ရက်၊ စနေနေ့တွင် ပြီးသည်။

(ဂ)ရက်မြောက်သောနေ့၌ မင်းကြီးကိုယ်တိုင် သိမ် သမုတ်ရန် နံနက်စောစော ကြွရောက်လာတော်မူပြီး သိမ် သမုတ်ရာအရပ်၌ အပလေးထောင့်တို့တွင် နိမိတ်လေးတိုင် စိုက်စေသည်။ တူရှုအရပ်လေးမျက်နှာတို့၌လည်း နိမိတ်လေး တိုင် စိုက်စေသည်။ နိမိတ်ရှစ်တိုင်အတွင်း၌ ကြိုးသ ားပြီး အပိုင်းအခြားထင်ရှားစေရန်အတွက် အနက်တစ်ထွာခန့် မြောင်းငယ် တူးစေသည်။ အတွင်းအပြင် မရောယှက်ရအောင် အပေါ်ပိုင်း သစ်ခက်၊ သစ်ကိုင်းတို့ကို ခုတ်ဖြတ်စေသည်။ ထို့နောက် အထူးထူးသော ပူဇော်ဖွယ်ဝတ္ထုတို့ဖြင့် ရဟန်း တစ်ကျိပ်လေးဦးတို့ကို အရှေ့မျက်နှာမှစ၍ အစဉ်အတိုင်း အရပ်မျက်နှာတို့၌ နိမိတ်ရှစ်တိုင်တို့ကို ကြားစေပြီး ရှေးဦး ပြခဲ့သော နိမိတ်ကိုထပ်၍ ကြားစေခြင်းဖြင့် စပ်မိအောင် ပြုသည်။ သုံးကြိမ် နိမိတ်တို့ကို လည်၍ကြားစေသည်။

ထို့နောက် နရသူရအမတ်စားသော ဂါမခေတ်၏ ပတ်ဝန်းကျင်အရပ်တို့၌ တံခွန်ကုက္ကားများဆွဲ၍ စည်သံ၊ ခေါင်းသံပြု၍ ခရီးသွားသော ရဟန်းတို့ မသွားမလာ ရောက်ရအောင် ထိုဂါမခေတ်ထဲသို့ အတွင်းအပြင် ရဟန်း များ အဝင်အထွက်မရှိရအောင် စောင့်ကြပ်တာဝန်ချထားသူ များထံသို့ စေလွှတ်ပြီး ထိုကဲ့သို့သော ကိစ္စမျိုးမရှိကြောင်း သိပြီးမှ သိမ်သမုတ်သော ကမ္မဝါစာကို ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးနှင့် ပြည့်စုံစွာ ဌာန်ကရိုဏ်းပီသအောင် ခုနစ်ကြိမ်ဖတ်စေ၍ သိမ် သမုတ်ခြင်းကို ပြီးစေသည်။ သိမ်၏စင်ကြယ်ခြင်းအတွက် မင်းကြီးကိုယ်တိုင် အသေအချာ ဂရုတစိုက်စီစဉ်ပြီး သမုတ် ခဲ့ခြင်း ဖြစ်သည်။

သိမ်ကိုမူ သီဟိုဠ်ကျွန်း ကလျာဏီမြစ်၌ ဥဒကုက္ခေပ သိမ်စီရင်၍ ပဉ္စင်းခံခဲ့သည့် ရဟန်းတို့ သမုတ်ခဲ့သောကြောင့် "ကလျာဏီသိမ်"ဟူ၍ အမည်ပေးတော်မူသည်။

ထိုကလျာဏီသိမ်နှင့် ကျောင်း၌ သီဟိုဠ်သာသနာ ပိုင် ဝနရတန ဆရာတော်ကို ဥပဇ္ဈာယ်ပြုပြီး ပဉ္စင်းအဖြစ် ခံယူခဲ့သော သုဝဏ္ဏသောဘန မဟာထေရ်ကို ပထမဆရာ တော်အဖြစ်အပြင် ရာမညတစ်တိုင်းလုံး၏ "သံဃာ့ရာဇာ" အဖြစ် ချီးမြှင့်တော်မူပြီး ကလျာဏီသိမ်၌ သာမဏေ ၂၄၅ ပါးကို ပထမအကြိမ်အဖြစ် ပဉ္စင်းခံစေခဲ့သည်။ ပဉ္စင်းခံပွဲကို လဆန်း ၉ ရက်မှ ၁၃ ရက်တိုင် ကျင်းပပေးခဲ့သည်။

ကလျာဏီသိမ်သမုတ်ပြီးနောက် သက္ကရာဇ် ၈၄၁ ခုနှစ်ထိ ရဟန်းပေါင်း ၁၅၆၆၆ ပါး ရဟန်းခံစေခဲ့သည်။ သက္ကရာဇ် ၈၄၃ (အေဒီ ၁၄၇၉)တွင် ကလျာဏီသိမ်သမုတ် ခြင်းဆိုင်ရာ ကျောက်စာတိုင်များကို ရေးထိုးစိုက်ထူခဲ့သည်။ ရေးထိုးသော ကျောက်စာတိုင်မှာ ပါဠိဘာသာဖြင့် ကျောက် စာတိုင် သုံးတိုင်၊ နှစ်မျက်နှာစီအပြည့် ခြောက်မျက်နှာ ရေး ထိုးပြီး မွန်ဘာသာဖြင့် ခုနစ်တိုင်၊ ၁၄ မျက်နှာ၊ နှစ်ခုပေါင်း ကျောက်စာတိုင် ၁၀ တိုင်၊ မျက်နှာ ၂၀ ရေးထိုးခဲ့သည်။

ထိုကျောက်စာတိုင်များသည် အမြင့် ၇ ပေ၊ အကျယ် ၄ ပေ၊ ထု ၁ ပေ ၃ လက်မ ရှိသည်။ နှစ်ကာလ ကြာ ညောင်းပြီးဖြစ်သည်ကတစ်ကြောင်း၊ စကျင်ကျောက်ကဲ့သို့ ကျောက်မာမျိုးမဟုတ်ဘဲ သဲကျောက်၊ ကျောက်နုများဖြစ် သည့်အတွက် ကျောက်စာတိုင် ၁၀ တိုင်လုံးပင် ပျက်စီးပြို ကွဲလျက် ရှိနေသည်။ ပါဠိဘာသာ ကျောက်စာတိုင် သုံးတိုင် ကို ရှေးဟောင်းကျောက်စာဌာနမှ သစ်သား၊ သံချောင်းတို့ဖြင့် တွဲညှပ်ထူ၍ ထားနိုင်သော်လည်း စာများကိုမူ ဖတ်၍မရနိုင် တော့ပေ။ မွန်ဘာသာကျောက်စာ ခုနစ်တိုင်မှာမူ ထူထောင် တွဲစပ်၍ပင် မရနိုင်တော့ပေ။ မြေပေါ်တွင်သာ ကျောက်တုံး



www.burmeseclassic.com

www.burmeseclassic.com

အကျိုးအပျက်အဖြစ် ထားရှိနိုင်တော့သည်။ ကျောက်စာရုံထဲ၌ လေ့လာနိုင်သည်။

မြန်မာသက္ကရာဇ် ၈၃၈ ခုနှစ် (၂၃-၁၁-၁၄၇၆) ကလျာဏီသိမ်တော်ကြီးကို သမုတ်ပြီးနောက် နှစ်အနည်းငယ်အတွင်းမှာပင် ရာမညတိုင်း နေရာအနှံ့အပြား၌ သိမ်ပေါင်း ၃၉၇ သိမ် သမုတ်တော်မူခဲ့သည်။ ယင်းသိမ်တော်များကို နေရာဌာနအားဖြင့် ဖော်ပြရပါက -

၁။ ဟံသာဝတီနေပြည်တော် ပတ်ဝန်းကျင်၌ ကလျာဏီသိမ်တော်ကြီးအပြင် သိမ်ကြီး ၉ သိမ်နှင့် သိမ်ငယ် ၁၀၇ သိမ်
၂။ ဝါးနက်ချောင်း၊ မော်ဘီ၊ လှည်းကူး၊ ထန်းတပင်၊ လော့်ကား ၄၆ သိမ်

| | | |
|---|---|---|
| ၃။ | သန်လျင် | ၂၉ သိမ် |
| ၄။ | ဒဂုံ | ၂၂ သိမ် |
| ၅။ | တွံ့တေး | ၆ သိမ် |
| ၆။ | ဒေးဒရဲ | ၃ သိမ် |
| ၇။ | ဒလ | ၁၇ သိမ် |
| ၈။ | လှိုင် | ၂ သိမ် |
| ၉။ | ခနော့ဖြူ | ၂ သိမ် |
| ၁၀။ | ဇလွန် | ၆ သိမ် |
| ၁၁။ | ပုသိမ် | ၂၅ သိမ် |
| ၁၂။ | စစ်တောင်း | ၃၃ သိမ် |
| ၁၃။ | ယင်းငြိမ် | ၂ သိမ် |
| ၁၄။ | မော်လမြိုင် | ၄ သိမ် |
| ၁၅။ | မုတ္တမ | ၂၁ သိမ် |

၁၆။ မွန်အမည်များဖြစ်နေ၍ မြန်မာလိုမဖော်ထုတ်နိုင်သေးသော မြို့ပေါင်း ၁၃ မြို့၌ ၆၂ သိမ်

စုစုပေါင်း ၃၉၇ သိမ် ဖြစ်သည်။

## ဘုရင့်နောင်လက်ထက်

သက္ကရာဇ် ၉၆၁ ခုတွင် ပေါ်တူဂီ ငဇင်ကာတို့၏ လက်ချက်ကြောင့် ကလျာဏီသိမ်နှင့် ကျောင်းများ မီးလောင်ပြာကျခဲ့ရသည်။

## အနောက်ဘက်လွန်မင်းလက်ထက်

ငဇင်ကာနှင့် မိစ္ဆာပေါ်တူဂီများကို အနောက်ဘက်လွန်မင်း (အေဒီ ၁၆ဝ၆-၂၈) သုတ်သင်ပြီး သက္ကရာဇ် ၉၇၅ ခု၊ ကဆုန်လပြည့်၊ ကြာသပတေးနေ့တွင် ကလျာဏီသိမ်နှင့် ကျောင်းသစ်များကို ပြန်လည်တည်လုပ်ပြီးစီးပြီး ရေစက်သွန်းချတော်မူနိုင်ခဲ့သည်။ သက္ကရာဇ် ၁ဝဝ၇ ခုတွင် သာလွန်မင်း (အေဒီ ၁၆၂၉-၄၈)က သိမ်တော်ကို ပြုပြင်ခဲ့ရပြန်သည်။ သက္ကရာဇ် ၁၁၅၆ ခုတွင် သိမ်တော်ပြိုပျက်ခဲ့ပြန်သည့်အတွက် ဘိုးတော်(ဗဒုံမင်း) (အေဒီ ၁၇၈၂-၁၈၁၉)က သိမ်တော်ကို အသစ်ပြန်လည် တည်လုပ်ရပြန်သည်။

## သိမ်တော်ကြီး ပြာကျပြန်ခြင်း

သက္ကရာဇ် ၁၂၃၅ ခု၊ တန်ခူးလကွယ် စနေနေ့ညဉ့် ၁ဝ နာရီခန့်တွင် ကလျာဏီသိမ်အတွင်း ပူဇော်သော ဆီမီးမှ အစပြုကာ မီးလောင်မှုဖြစ်ပြီး သိမ်တော်ကြီး ဒုတိယအကြိမ် မီးလောင်ပြာကျရပြန်သည်။ ထိုနှစ် နတ်တော်လဆန်း ၁ဝ ရက်၊ သောကြာနေ့တွင် ဟံသာဝတီခရိုင်၊ သန်လျင်မြို့အပိုင်၊ ပုဂံတောင်ရွာသူဌေး ဦးသိန်းနှင့် ဇနီးဒေါ်မှို့ဥတို့က ပြန်လည်တည်လုပ်ပေးခဲ့ကြသည်။


သက္ကရာဇ် ၁၂၉၂ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်နေ့ည ၈ နာရီ ၁၅ မိနစ်တွင် လှုပ်သော ငလျင်ကြောင့် သိမ်တော်ကြီးတစ်ခုလုံး ပြိုလုမတတ်ဖြစ်အောင် အက်ကွဲခဲ့ရသည်။ ထိုမှ ရွှေခြုံး ဦးသူတော်တို့ မတည်လှူဒါန်း အသစ်ပြန်လည် တည်လုပ်သည့် ၁၃၁၆ ခုနှစ်အထိ ဆင်းရဲပြိုပြင်စွာ ရှိခဲ့ရသည်။ ယခုအခါ အုတ်တံတိုင်းခတ် ဝင်းကျယ်ကြီးတွင် နတ်လမ်းစောင်းတန်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် ခံ့ညားထည်ဝါသော အုတ်တိုက်သိမ်တော်ကြီးအဖြစ် တည်ရှိနေပေသည်။ မူလသိမ်နိမိတ်တိုင်ကြီးတစ်တိုင်ကို သိမ်တိုင်ပတ်လည် ကမ္ဗည်းစာရေးထိုးလျက် သိမ်တော်ခေါင်းရင်းဘက်တောင်ဘက်ခြမ်း တံတိုင်းအတွင်းနှင့် စုစုပေါင်း သိမ်တိုင်ပေါင်း ရှစ်တိုင်ကို တွေ့မြင်နိုင်ပေသေးသည်။

မောင်ယဉ်လှိုင်း(ပျဉ်းမြိုင်)



www.burmeseclassic.com

www.burmeseclassic.com



# သွေးကျိန်စာ

## ဆော်လမွန်

လောကကြီးမှာ အံ့သြစရာတွေ ရှိတယ်ဆိုတာ ခင်ဗျားကိုကျုပ်ပြောပြ ချင်တယ်။ ကျုပ်က ရောဝတီတိုင်း အသက်ကြီး၊ ဘိုကလေးမြို့နယ်မှာ နေ ပါတယ်။ မိကျောင်းဖမ်းတဲ့အဖွဲ့ထဲက ဦးလဖျင်ရဲ့ အားအထားရဆုံး တပည့် ပါ။ အဲဒီနယ်မှာတော့ ဦးလဖျင် မိကျောင်းဖမ်းတာကို ပြောမဆုံးဖြစ် အထိ မိကျောင်းသတ်ရောင်းတာကို တည်း ပြောကြတာ ပါးစပ်ရာဇဝင် ဖွင့်ရေးမယ်။

မိကျောင်းသားက တစ်ကောင် လုံး လွှင့်မပစ်ရပေမယ့် ကျုပ်တဖြည်း ဖြည်းကြောက်လာတယ်။ မိကျောင်း ကို ဦးလဖျင်ဖမ်းမိရင် ဈေးထဲမှာရောင်း တာကြည့်ပြီး မိကျောင်းတွေကို ကျုပ် သနားလာတယ်။ ကြည့်လေ ... မိကျောင်းဆိုတာ တစ်ကောင်လုံး သတ်ရင် ပုပ်သွားမှာမို့ မသေမရှင်ကြိုး နဲ့တုပ်၊ ပါးစပ်ကို စည်းထားရတယ်။ မိကျောင်းသားလာဝယ်ရင် အရှင် လတ်လတ်ကို ဓားနဲ့လှီးရောင်း၊ သွေး တွေကမြင်မကောင်းထွက်နဲ့။ အဲဒီ မသေမရှင် မိကျောင်းကို သုံးလေးငါး ရက်ထား ရောင်းရတယ်ဆိုကတည်း က စဉ်းစားသာကြည့်တော့ပေါ့။

ဦးလဖျင်ရောင်းတဲ့ မိကျောင်း သားကတော့ စားရဲတဲ့သူတွေပြောတာ တော့ တောဝက်သားတောင် အရှုံး ပေးရတယ်တဲ့။ ကျုပ်ကတော့ ဦးလ ဖျင် မိကျောင်းဖမ်းရင် ကြိုးကိုင်ရတဲ့ အလုပ်ဆိုတော့ မှိန်းချွန်နဲ့ကြိုး မိကျောင်းထိသွားရင် မိကျောင်းခြေတဲ့

www.burmeseclassic.com

www.burmeseclassic.com

နောက်က အဲဒီ ကြိုးခွေပါသွားအောင် လုပ်ပေးရတာပါ။ ဦးလဗျင် မိကျောင်း ဖမ်းရင် လွတ်တဲ့ မိကျောင်းမရှိသလို၊ မိကျောင်းတွေကလည်း မိကျောင်း သားနဲ့သွေးကို အမြဲစားတဲ့ ဦးလဗျင် ရဲ့ကိုယ်နံ့ရတာနဲ့ ပြေးကြပြီ။

တစ်ည မိကျောင်းဖမ်းဖို့ စောင့် နေရင်းနဲ့ လရောင်အောက်သောင်ပြင် ပေါ်မှာ မိကျောင်းပေါက်စလေး သုံး ကောင်ကိုတွေ့လိုက်ရတယ်။ ဦးလဗျင် က ဘယ်လောက်မြန်လဲဆို ပြေးပြီး မှိန်းနဲ့ တစ်ကောင်ချင်းထိုးချတယ်။ သုံး ကောင်လုံး လုံးဝမလှုပ်နိုင်တော့ဘူး။

> တပည့်တွေကို မီးမွှေးခိုင်းအပြီးမှာ မသေမရှင် မိကျောင်းပေါက် သုံးကောင်ကို ရဲရဲတောက်နေတဲ့မီးထဲ ပစ်ထည့်လိုက်တယ်။ မိကျောင်းလေး တွေခမျာ အော်လိုက်တာ ကလေးငိုသံအလား အောက်မေ့ရတယ်။

အရက်ကလေးကလည်း နည်းနည်း မူးနေတော့ ဦးလဗျင်က –

"ဟေ့ကောင်တွေ ... မီးမွှေး ကွာ။ မိကျောင်းဖုတ်စားရအောင်"

ဆိုပြီး တပည့်တွေကို မီးမွှေးခိုင်း အပြီးမှာ မသေမရှင် မိကျောင်းပေါက် သုံးကောင်ကို ရဲရဲတောက်နေတဲ့မီးထဲ ပစ်ထည့်လိုက်တယ်။ မိကျောင်းလေး တွေခမျာ အော်လိုက်တာ ကလေးငို သံအလား အောက်မေ့ရတယ်။

ရေထဲကနေ အမြီးတဝှန်းဝှန်း ရိုက်တဲ့အသံကြားတော့ မိကျောင်း ပေါက်တွေရဲ့အမေ မိကျောင်းမကြီး၊ ဦးလဗျင်က ရေပြင်ဘက်ကို လှမ်း ကြည့်ရင်း အော်ရယ်တယ်။

"ဟား ... ဟား၊ ကြွက်သေ တစ်ခုအရင်းပြုဆိုတာ ဒါမျိုးကွ"

ဆိုပြီး မိကျောင်းမကြီးရှိတဲ့နေ ရာ သွားကြပြန်ပါရော။ ကျုပ်ကမ်းပေး မှာပဲ စောင့်ကျန်ခဲ့တယ်။ မိကျောင်း ပေါက် မီးကျွမ်းတွေ ရေထဲပစ်ချပြီး မိကျောင်းမကြီးကို မျှားခေါ်တယ်။ ဦးလဗျင်အဖို့ သူပြောသလို မိကျောင်း သေတစ်ခု အရင်းပြုလိုက်တာပဲ ...။ မိကျောင်းမကြီးက သားဖော်နဲ့ လှေ နားကပ်လာတယ်။ သေနေတဲ့မိကျောင်း ပေါက်ကလေးတွေကို ဘေးလွတ်ရာ ကိုက်ချီဖို့ ဖောကပ်နေတဲ့အခါ ဦးလ ဗျင်တို့အဖွဲ့က မိကျောင်းမကြီးဝမ်း ဗိုက်ကို မှိန်းတွေနဲ့ ဝိုင်းထိုးလိုက်ကြ တာ မိကျောင်းမကြီးခမျာ ဘာဆို ဘာမှ ပြန်မလုပ်ဘူး။ ကမ်းပေါ်ကို မိကျောင်းမကြီး ဖမ်းခေါ်လာတော့ သွေးတွေအလိမ်းလိမ်းကြားထဲမှာ မျက်လုံးအိမ်ထဲက မျက်ရည်ကြည် တွေနဲ့ ပြည့်လျှံနေတယ်။

ကျုပ်ကြည့်နေရင်းနဲ့ ရင်ထဲဆို့ တက်လာတယ်။ ဦးလဗျင်ကတော့–

"ဒီမိကျောင်းမကြီး နလုံးကွဲ သွားတာကွ။ သားဖော်နဲ့ နလုံးကွဲ တော့ တိုက်ခိုက်ရန်မူလိုစိတ် မရှိတော့ ဘူးပေါ့"

ဆိုပြီး အော်ရယ်နေတယ်။

ကျုပ်တို့ရွာကို မိကျောင်းမကြီး ကိုသယ်ပြီး ပြန်လာတော့ ရွာမှာလူ တွေ ရုတ်ရုတ်သဲသဲဖြစ်တာကို တွေ့ လိုက်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးလဗျင်အိမ် မီးလောင်လို့တဲ့။ မီး လောင်ရုံတင်မကဘူး။ အိမ်ထဲမှာရှိနေ ကြတဲ့ ဦးလဗျင် သားနဲ့သမီးပါ ပိတ် မိပြီးမီးကျွမ်း သေသွားခဲ့တယ်တဲ့။ ဦးလဗျင်ကမ်းပေါ်တက်တာနဲ့ အရူး ကြီးလို အိမ်ကိုအပြေးသွားတယ်။ ဟို ရောက်တော့ ဦးလဗျင်ရဲ့ဇနီးခမျာ ဆံပင်ကြီးဖားလျားချပြီး အရူးမကြီး တစ်ဦးလို ဖြစ်နေပြီ။ လူတွေက သူ့ကို ဆွဲခေါ်ကြတယ်။ ဦးလဗျင်က မီးကျွမ်း နေတဲ့ သူ့ကလေးနှစ်ယောက်ကို ဖက် ဖက်ပြီး အော်ငိုနေတယ်။

ဦးလဗျင်ရဲ့ဇနီး မျက်လုံးကြည့် လိုက်တော့ ကျုပ်အံ့သြသွားတယ်။ ည ကဖမ်းမိတဲ့ မိကျောင်းမကြီးမျက်လုံးထဲ က မျက်ရည်ကြည်တွေ ပြည့်လျှံထွက် နေတဲ့ မျက်လုံးမျိုး။

လောကကြီးမှာ အံ့သြစရာတွေ ရှိတယ်ဆိုတာကို ခင်ဗျားကိုကျုပ်ပြော ပြချင်တယ်။

ဆော်သမွန်



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့အံ့ဖွယ်တစ်ခုသို့ ရောက်ရှိခဲ့ခြင်း

■ အဝေးပြေးစိုးသူရ

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီး၏ အသိအမှတ်ပြုထားသော အံ့ဖွယ် (၇) နေရာရှိပါသည်။

၁။ ပီထရာ ရှေးဟောင်း အဆောက်အအုံ (ဂျော်ဒန်နိုင်ငံ)

၂။ မဟာတံတိုင်းကြီး(တရုတ်ပြည်)

၃။ ယေရှုခရစ်တော်ရုပ်တု(ဘရာဇီးနိုင်ငံ)


၄။ ချီချန်အီဇာအဆောက်အအုံ (မက္ကစီကိုနိုင်ငံ)

၅။ တာ့ဂျ်မဟာ အဆောက်အအုံ(အိန္ဒိယနိုင်ငံ)

၆။ မာချူပီချူရှေးဟောင်းမြို့ (ပီရူးနိုင်ငံ)

၇။ ရိုမင်ကိုလိုစီယမ် ရှေးဟောင်း အားကစားရုံ(အီတလီနိုင်ငံ)


'တာ့ဂျ်မဟာ' အဆောက်အအုံကြီးဆီသို့ ရွှေအိုးခုနစ်လုံး ဘုရားဖူးအဖွဲ့၏ ပို့ဆောင်ပေးမှုကြောင့် ရောက်ရှိခဲ့ပါသည်။ ဝင်ကြေး ၅၁၀ ရူပီးပေးရ၏။ ကင်မရာနှင့် ဖုန်းသာ ယူခွင့်ရှိ၏။ သောက်ရေဘူး တစ်ဘူးကို လက်မှတ်တစ်စောင်နှင့်အတူ တွဲပေး၏။ ဖိနပ်စွပ်ရန် အိတ်ဖြူ နှစ်ခုလည်း ပေးသေး၏။ စစ်ဆေးရေး ထူထပ်စွာချထား၏။ လွယ်အိတ်အတွင်း ဒိုင်ယာရီစာအုပ်များတွေ့၍ (Locker) လော့ကာပစ္စည်းထိန်းခန်းသို့ သွားအပ်ခိုင်းပါသည်။ ပစ္စည်းအပ်ခ ၁၀ ရူပီးပေးရသေး၏။ အထဲတွင် ရွှေမဂ္ဂင်အဖွဲ့မှ မိတ်ဆွေများနှင့် တွေ့ပြီး လိုက်လံလှည့်ကြည့်ကာ ဓာတ်ပုံရိုက်ရပါသည်။





www.burmeseclassic.com

www.burmeseclassic.com



တာ့ဂျ်မဟာဘေးမှ ကျောက်နီဆောင်

တာ့ဂျ်မဟာ (TAJ-MAHAL) အဆောက်အအုံမှာ အိန္ဒိယနိုင်ငံ၊ ဥတ္တရာဒေ့ရှ် (UTTAR PRADESH) ပြည်နယ်၊ အာဂရာ(Agra) မြို့ပြင်၊ အာဂရာခံတပ်(Agra Force)၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ လှပသည့် ဥယျာဉ်ကြီးအတွင်း၌ တည်ရှိပါသည်။ ဆောက်လုပ်ခဲ့သည့်ဘုရင်မှာ မဂိုကေရာဇ်ဘုရင် ရှားဂျဟန်း ဖြစ်၏။ ဆောက်လုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ဘုရင်ကြီး၏ ချစ်မြတ်နိုးလှစွာသော မိဖုရားကြီး မမ်တပ်မဟာ၏အလောင်းကို မြှုပ်နှံရန်အတွက် ဖြစ်ပါသည်။

စတင် တည်ဆောက်ချိန်မှာ ၁၆၃၂ ခုဖြစ်၍ ပြီးစီးချိန်မှာ ၁၆၅၀ ပြည့်နှစ်ဖြစ်၍ ၁၈ နှစ်ကြာအောင် ဆောက်လုပ်ခဲ့ခြင်းပါ။ အလုပ်သမား ပေါင်းနှစ်သောင်းကျော် အသုံးပြုခဲ့ရ၏။


ပုံစံထုတ်လုပ်သူ ဗိသုကာဆရာကြီးမှာ ''ခုစတက်အီဆာ''ဟူ၏။ ''တာ့ဂျ်မဟာ''ဟူသည်မှာ နန်းများ ထွတ်ခေါင်ဟု အဓိပ္ပာယ်ရပါသည်။ တည်ဆောက်နေသော (၁၈) နှစ်ကာလအတွင်း မည်သည့်ဘုရားကျောင်းမှ မဆောက်လုပ်ရန် အမိန့်ထုတ်ပြန်ထားခဲ့၏။ သင်္ချိုင်းဂူကြီးအတွက်ကြောင့် ဘာသာရေး အဆောက်အအုံများ မဆောက်လုပ်နိုင်ကြတော့ပါ။ ထိုသင်္ချိုင်းဂူကြီးသည် အလွန်ပြောင်မြောက်သော မဂိုဗိသုကာ အနုပညာလက်ရာတစ်ခုဖြစ်ပါသည်။ အချို့က ကမ္ဘာပေါ်တွင် အလှဆုံးသောအဆောက်အအုံကြီးဟုဆိုကြသေး၏။

ရှားဂျဟန်းကေရာဇ်ဘုရင်မင်းမြတ်၏အလောင်းကိုလည်း ဤသင်္ချိုင်းတွင်ပင် မြှုပ်နှံခဲ့ကြလေသည်။ တာ့ဂျ်မဟာသင်္ချိုင်းဂူမှာ ကျောက်ဖြူများဖြင့် တည်ဆောက်ထားသော ရှစ်မြောင့်ပုံ အဆောက်အအုံကြီးဖြစ်ပါသည်။ အောက်ခံအဆောက်အဦမှာ ၇၀ ပေ မြင့်၍ အပေါ်တင်ထားသော အခုံးဝိုင်း



အာဂရာခံတပ် အတွင်းဆောင်ရှေ့

www.burmeseclassic.com



အဂရာခံတပ်
အပေါ်ဆုံးထပ်

...မှာ ၁၂၀ ပေ မြင့်ပါသည်။ စုစု ... ၁၉၀ ပေမြင့်၏။ သဲနီကျောက် ...က်ခြေပေါ်တွင် တည်ရှိပါ၏။

အဆောက်အအုံကြီး၏ ဘေး ...သည် သဲနီကျောက် အောက်ခြေ ...ောင့်များတွင် ၁၃၃ ပေ မြင့်သော ...တစ်ခုစီရှိနေသည်။ အဆောက် ...ကြီးကို သဲနီကျောက်တံတိုင်းဖြင့် ...ထားပါ၏။ ရှုချင်စဖွယ် ဥယျာဉ် ...အလယ်တွင် တည်ဆောက် ...ာ ယမုံနာမြစ်ကမ်းဘေးတွင် ...ည်။ အတွင်းဘက်တွင် ဆင်ပြင် ...မှာ ခမ်းနားဆန်းပြားလှ၏။ ...က်မြူဂူ နှစ်ခုရှိသော အခန်းကြီး ... အဖိုးတန်ကျောက်မျက်ရတနာ ၁၂ မျိုးဖြင့် ပြီးသည့် ခန်းဆီးများနှင့် ကာရံထားသည်။ လူအများ ဝင်ရောက်ခွင့်မရသော အောက်ဘက်တွင် ရှိနေ၏။

အတွင်းနံရံများတွင် တိရစ္ဆာန်ပုံနှင့် သစ်ပင်ပန်းမန်ပုံများ ဖော်ထားသည့်လက်ရာများမှာ အလှဆုံးဖြစ်သည်ဟုဆို၏။ မှန်စီရွှေချ လက်ရာများဖြစ်သတတ်။ အစ္စလာမ်ကျမ်းကိုရ်ရန် တရားစာများကိုလည်း ထွင်းထုထား၏။ သောကြာနေ့တိုင်း ဤအဆောက်အအုံကို ပိတ်ထားသည်။ အိန္ဒိယတွင် တနင်္လာနေ့တိုင်း ရုံးများပိတ်ထားသည်။

ဤအဆောက်အအုံကြီး ဆောက်လုပ်ရာတွင် ပေါင်သုံးသန်းကျော် ကုန်ကျခဲ့သည်ဟူ၏။ တိုင်းပြည်ဆင်းရဲသွား၍ သားက အာဏာသိမ်းကာ ဖခင်ကို ချုပ်ထားခဲ့သည်။ အချုပ်ခန်းမှာနေရင်း တာ့ဂ်ျမဟာကို ညနေတိုင်း တက်ကြည့်လေ့ရှိသတတ်။ ရှားဂျဟန်းသေဆုံးသော်အခါ သူ့မိဖုရားဂူဘေးတွင်ပင် မြှုပ်နှံပေးခဲ့ပါ၏။


## နေရာတိုင်းမှာ သချိုင်းပါ

မြတ်ဗုဒ္ဓလက်ထက်တော်က ရာဇဂြိုဟ်မြို့နေ 'ဥပသာနက'ပုဏ္ဏားသည် သားကို ဂိဇ္ဈကုဋ်တောင်ထိပ်သို့ ခေါ်ဆောင်ကာ နေရာတစ်ခုကို ညွှန်ပြ၏။ မိမိသေဆုံးလျှင် အလောင်းကို ဤနေရာတွင် မြှုပ်နှံသင်္ဂြိုဟ်ရန် မှာကြားခဲ့၏။ အလောင်းမျိုးစုံ မြှုပ်နှံရာ သချိုင်းကို စက်ဆုပ်ရွံရှာသောကြောင့် ဖြစ်၏။

မြတ်ဗုဒ္ဓက ပုဏ္ဏားနှင့်သားတို့ကို သတ္တဝါများအဖို့ မီးမရှို့ဖူးသော၊ မမြှုပ်နှံဖူးသော နေရာမရှိကြောင်း၊ ရှည်လျားလှစွာသံသရာတွင် အသင်ပုဏ္ဏားကို ဤတောင်ထိပ်တောင် သုံးလုံးအကြား၌ 'ဥပသာနက'အမည်ဖြင့်ပင် ဘဝပေါင်း ၁၄၀၀၀ (တစ်သောင်းလေးထောင်) မီးရှို့သင်္ဂြိုဟ်ခဲ့ဖူးပြီဟု အတိတ်ဇာတ်ဆောင်၍ ဟောကြားခဲ့ပါသည်။ ပုဏ္ဏားကြီးနှင့် သားလည်း ထိုနေရာတွင်ပင် သောတာပန်အရိယာ ဖြစ်သွားခဲ့ကြ၏။

တာ့ဂ်ျမဟာ အဆောက်အအုံကြီးကို ကြည့်ရှုရန် ကမ္ဘာ့နေရာအသီးသီးမှ လာရောက်နေကြပါသည်။ ကျွန်ုပ်တို့ကား ခရီးသင့်လမ်းကြုံ၍ ခဏဝင်ကြည့်ကြခြင်းမျှသာ။ အိန္ဒိယ

www.burmeseclassic.com




ဘုရားဖူး ၁၅ ရက်ခရီးစဉ်တွင် မဟာသတိပဋ္ဌာန်သုတ်ဟောသည့် ကမ္မာသဓမ္မနိဂုံးသို့သွားရန် ဖြစ်ပါသည်။

အာဂရာ(Agra)မြို့မှာ ယမုံနာမြစ်ကမ်းဘေးတွင် တည်ရှိပြီး မျောက်များလည်းသောင်းကျန်းလှ၏။ ဘတ်စ်ကားတံခါးဖွင့်လိုက်သည်နှင့် တွေ့ရာအထုပ် ဆွဲချသွားတတ်၏။ ဗာရာဏသီမှ နံနက်စောစောထွက်လျှင် တာ့ဂ်ျမဟာသို့ နေ့လည် ၁ နာရီခွဲခန့်တွင် ရောက်မည်။ အာဂရာခံတပ်ကိုပါ ဝင်ကြည့်နိုင်ရန် လက်မှတ်ခ စီစဉ်ထား၏။ ရူပီး ၅၂၀ ကုန်လျှင် နှစ်ခုစလုံးဝင်ခွင့်ရသည်။ တစ်ရူပီးကို မြန်မာ ၁၆ ကျပ်ခန့် ဈေးပေါက်တတ်၏။

အာဂရာခံတပ်မှာ ရေကျုံး တစ်ထပ်နှင့် မြို့ရိုးနှစ်ထပ် နန်းတော်ကြီးဖြစ်သည်။ ဘုရင့်ညီလာခံခန်းမနှင့် ကျောက်ပလ္လင်များ၊ နားနေခန်းများကို ကျောက်ဖြူ၊ ကျောက်နီများဖြင့် လက်ရာမြောက်စွာ ပုံဖော်ထား၏။ စကျင်ကျောက်ဖြူထဲတွင် ကျောက်ရောင်စုံများထွင်းထည့်ကာ ပန်းကနုတ်များဖော်ထားပါသည်။ ယခုအခါတွင် ၎င်းပညာရှင်၏ မျိုးဆက်များမရှိနိုင်တော့ပါ။

တာ့ဂ်ျမဟာသို့ ရောက်ခါနီးတွင် လျှပ်စစ်ကားများ၊ ဆိုင်ကယ်များပြောင်းစီးရ၏။ အချို့မှာ ကုလားအုတ်လှည်းများ ငှားစီးကြသည်။ မီးခိုးများကြောင့် အဆောက်အအုံကြီး ညှိုမည်းသွားမှာ စိုးသတတ်။

မြန်မာနိုင်ငံတွင်လည်း စကျင်ကျောက်ပညာရှင်များစွာ ရှိနေပါ၍ စကျင်အဆောက်အအုံကြီးတစ်ခု ပေါ်ပေါက်လာသင့်ပါပြီ။ မန္တလေးတွင် ကျောက်စိမ်းစေတီ ပေါ်ပေါက်လာသကဲ့သို့တည်း။

ညီတော် ဦးတော်ကောင်း+ဒေါ်ခင်မာလွင်၊ သမီးကောင်းမျက်ခင်၊ ပုညခင် မိသားစု၏ ကောင်းမှုကြောင့်သာ ရောက်ရှိခဲ့ခြင်းပါ။ ကမ္ဘာ့အံ့ဖွယ်ကျန် ခြောက်နေရာသို့ သွားရောက်ခွင့်ကြုံချင်ပါသေးသည်။

**အသျှင်ရှေဝိုဏ္ဍ**




www.burmeseclassic.com

www.burmeseclassic.com

# ဖြည်မြို့ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရား

ကျော်ဇောလင်း(နံ့သာ)



ဒွတ္တပေါင်မင်းသည် ရွှေဆံတော်စေတီတော်အား ဖူးမြော်ရန်လာရောက်သောအခါ ရွှေဆံတော်စေတီတော်၏ အရှေ့ဘက်ရှိ ဇေယျပထဝီအောင်မြေကုန်းတွင် မင်းကြီး၏ စီးတော်ဆင်နှင့် မြင်းတို့ကို ချည်နှောင်ထားလေ့ရှိသည်။ ဘုရင်ကြီးမတ်ရာသေနာပတိတို့၏ ဆင်တပ်ကြီးကို အရှေ့ဘက် ကျောင်းတန်းထိပ်တွင် စခန်းချခဲ့သဖြင့် ယခုအခါ ဆင်တဲ ကျောင်းဟု အမည်တွင်ခဲ့ပါသည်။ ဒွတ္တပေါင်မင်းနတ်ရွာစံ သောအခါ ဒွတ္တပေါင်မင်းကြီး၏သားတော် ရဟန္တာ အရှင်စန္ဒာ သီရိနှင့် အရှင်စန္ဒာဂရာဇာတို့က သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံမှ ပင့်ဆောင်လာသော ဓာတ်တော်နှင့် မိဖုရားတို့၏ လက်ဝတ် တန်ဆာတို့ကို ဌာပနာ၍ ရဟန္တာအရှင်သူမြတ်နှစ်ပါးနှင့် ခန်ထွာမိဖုရားတို့က ကြီးကြပ်၍ ဆင်ချည်တိုင်၊ မြင်းချည် တိုင်ညီနောင်စေတီနှစ်ဆူကို တည်ထားတော်မူခဲ့ပါသည်။

ထို့နောက် ဆင်ချည်တိုင်၊ မြင်းချည်တိုင် စေတီတော် နှစ်ဆူမှာ နှစ်ကာလညောင်းလာသောအခါ ပျက်စီးယိုယွင်း လာသဖြင့် ဆရာတော်ဘဒ္ဒန္တတေဇဝန္တ ဦးဆောင်၍ ဇေယျ ပထဝီကုန်းမြေရှိ ဆင်ချည်တိုင်၊ မြင်းချည်တိုင် စေတီနှစ်ဆူ နေရာတွင် ဆယ်ထပ်ကြီးဘုရားကို ၁၂၈၀ ခုနှစ်မှစ၍ တည် ထားခဲ့ရာ နှစ်ကြိမ်တိုင်တိုင် အထမမြောက်ဘဲ ပြိုကျခဲ့သဖြင့် ၁၂၈၁ ခုနှစ်တွင် ဗေဒင်ပညာရှိများ၏ တွက်ချက်မှုအရ ဇာလီကိန်းနက္ခတ်ကျနေသဖြင့် မောင်နှမအရင်း အထက် အောက်ဖြစ်ပြီး မောင်ဖြစ်သူ စနေသားနှင့် နှမဖြစ်သူ ကြာသပ တေးသမီးတို့ အုတ်မြစ်ချမှသာလျှင် အောင်မြင်မည်ဖြစ် သဖြင့် လိုက်လံရှာဖွေကြရာ အချို့မိဘများက မိမိတို့၏သား သမီးများကို ဘုရားတည်ရန်အတွက် စတေးလိမ့်မည်ဟု ယူဆ ပြီး မိမိတို့သားသမီးများနှင့်အတူ ထွက်ပြေးတိမ်းရှောင်နေ ခဲ့ပါသည်။

သို့ရာတွင် မိဘများ၏ခွင့်ပြုချက်အရ မောင်တင် မောင် ရှစ်နှစ်သားနှင့် မခင်သန်း ငါးနှစ်သမီးတို့ မောင်နှမ နှစ်ယောက်တို့ကို ဝါးတစ်ပြန်သာသာနက်သော မြေကြီးကျင်း ထဲသို့ လူကြီးများမှ ပွေ့ချီ၍ဆင်းပြီး ရွှေချထားသောအုတ် နှစ်ချပ်ကို ကိုင်ဆောင်စေလျက် အုတ်မြစ်ချခဲ့ပါသည်။

ထိုအခါ ကျင်းကြီးနှုတ်ခမ်းပေါ်မှ (စစ်ဗာယီများက) သေနတ်များကို မိုးပေါ်ထောင်၍ပစ်ဖောက်ရာ မြေကြီးမှာ သိမ့်သိမ့်ခါခဲ့လေသည်။ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ပုပ္ပားဆရာကြီး ဦးစော်ဘွားမှ ပန္နက်ချသော မောင်နှမနှစ် ယောက်နောက်မှနေ၍ ဂါထာမန္တန်များရွတ်ဖတ်ခြင်း၊ ခရုသင်း ဖြူဖြူကြီး မှုတ်ခြင်း၊ ငွေဖလားကြီးနှင့် သပြေခက်မှ ရေစက်



www.burmeseclassic.com

www.burmeseclassic.com

တွေ ပက်ဖျန်းပေးပါသည်။ ကျင်းကြီးအပေါ်ရှိ ပရိသတ်များမှလည်း ပန်းပေါက်ပေါက်တွေ ကြဲချခဲ့ပါသည်။ ဤအကြိမ်မှာဆယ်ထပ်ကြီးဘုရားတည်ရန်အတွက် တတိယအကြိမ်အုတ်မြစ်ချမင်္ဂလာ ဖြစ်ပါသည်။

ဆယ်ထပ်ကြီးဘုရားသည် တည်ထားရန်အတွက် ရုပ်ပွားတော်ကြီး ဉာဏ်တော်အချိုးအစားကို ဝက်မစွတ်မြို့ စားကြီးမှ ရှေးအစဉ်အလာလက်ာအရ အတိုင်းအထွာရေးဆွဲပေးခဲ့ပါသည်။ ရုပ်ပွားတော်ကြီးအား ပန်းရန်ဆရာကြီးများဖြစ်သည့် (၁) ညောင်ဦးမြို့ ဆရာထွန်းသည် ပလ္လင်တော်အထိ၊ (၂) ဆရာလုံးနှင့် ကမ္မမြို့မှ ဆရာဦးစံတင်တို့က ဒူးတော်အထိ၊ (၃) ပျဉ်းမနားမြို့မှ ဆရာနွယ်က ပေါင်တော်အထိ၊ (၄) ပခုက္ကူမြို့မှ ဆရာချစ်ပိုက ခါးတော်အထိ၊ (၅) အောင်လံမြို့ ရွာတောင်ရွာမှ ဆရာမြက ပခုံးတော်အထိ၊ (၆) ကနောင်မြို့မှ ဆရာကြီးဦးဖိုးချမ်းက အချိုးအစား ပြေပြစ်ကြည်ညိုဖွယ်ဖြစ်အောင် သုံးနှစ်တိုင်တိုင် အချိန်ယူ၍ အချောသတ် ပြီးဆုံးသည်အထိ တည်ဆောက်ခဲ့ပါသည်။ မန္တလေးမြို့မှ မှာယူထားသည့် စကျင်ကျောက်မျက်လုံးတော်မှာ လေးလံလွန်းသဖြင့် အသုံးမပြုဘဲ မဟူရာမျက်လုံးတော်ကို သွေး၍ပူဇော်ခဲ့ပါသည်။

ဤ ၁၂၈၀ ပြည့်နှစ်မှ စတင်တည်ထားခဲ့ရာ၊ မူလဆင်ချည်တိုင်၊ မြင်းချည်တိုင်စေတီနှစ်ဆူမှ ဓာတ်တော်များနှင့် လက်ဝတ်တန်ဆာရတနာများကို ဌာပနာ ၁၀ ထပ် ဌာပနာပြီး ၁၂၉၀ ပြည့်နှစ်တွင် ပြီးစီးအောင်မြင်ခဲ့ပြီး ၁၀ နှစ်တိုင်တိုင် တည်ထားခဲ့ရသဖြင့် ဆယ်ထပ်ဘုရားကြီးဟု ဘွဲ့မည်တွင်ခဲ့ရပါသည်။ ဉာဏ်တော်အမြင့်မှာ ၇၃ တောင်၊ ၇ လက်မ(၁၁၀ ပေ၊ ၁ လက်မ) ဖြစ်ပါသည်။

ဤကဲ့သို့ ဆရာတော်ဘဒ္ဒန္တတေဇဝန္တမှ ဦးဆောင်တည်ထားခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးအတွင်းနှင့် စစ်ပြီးခေတ်နှစ်ပေါင်းများစွာ ထိန်းသိမ်းပူဇော်ခဲ့မှု ကင်းမဲ့ခဲ့သဖြင့် တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ကြီးဘုရားမှာ ချုံနွယ်ပိတ်ပေါင်းထူထပ်သည်က တစ်ဖုံ၊ ညဥ့်အခါ မှောင်နှင့်မည်းမည်း တစ်ပါးတည်း ကေစာရီကျင့်သုံးတော်မူခဲ့ရရှာပါသည်။ ထို့နောက် ၁၂၉၉ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်နေ့တွင် ဦးလှ(ငွေဇော်) ဦးဆောင်သော ပြည်မြို့ တိုင်းပြည်လုံးချမ်းသာဆုတောင်းပြည့် ဆယ်ထပ်ဘုရားကြီး ဝေယျဝတီအောင်မြေကုန်းတော် မွမ်းမံပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဇာတ်ကြီးဆယ်ဘွဲ့ကို (ကိုရင်သူတော်) အောင်ခြင်းရှစ်ပါးနှင့် ရှင်သီဝလိ၊ နောင်တော်ကြီးဘုရား၊ ဘိုးဘိုးအောင်၊ ရှင်မထီး၊ ရှင်ဥပဂုတ္တ၊ သူရဿတီပြခန်းများ၊ ဒီပင်္ကရာမြတ်စွာဘုရား၊ ရဟန္တာများနှင့် ဆွမ်းခံကြွတော်မူရာတွင် သူမေဓာရှင်ရသေ့ ဗျာဒိတ်ခံပုံ၊ တိတ္ထိချွတ်ခန်းစသည်များကို စိတ်ဝင်စားဖွယ် ရုပ်တု၊ ရုပ်လုံးများဖြင့် ရင်ပြင်တော်တွင် တည်ဆောက်ခဲ့ပါသည်။

ထို့ပြင် တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ဘုရားကြီးအား ပိုမိုကြည်ညိုဖွယ်ဖြစ်စေရန် သုံးနှစ်တစ်ကြိမ်ခန့် ရောင်တော်ဖွင့်လှစ်ခြင်းနှင့် ၁၃၄၄ ခု၊ ကဆုန်လပြည့်ကျော် ၈ ရက်တွင် ဖန်ဖြင့်ပြုလုပ်ထားသော မျက်လုံးတော်ကို ဆက်ကပ်တင်လှူပူဇော်နိုင်ခဲ့သည့်အပြင် ဥဏ္ဏာလုံခေါ် မွေ့ရှင်တော်ကို ရွှေစင်ရွှေပြားများဖြင့်ပြုလုပ်၍ အဖိုးတန် ကျောက်မျက်ရတနာများဖြင့် လှူဒါန်းပူဇော်နိုင်ခဲ့ပါသည်။

ဝေနေယျသတ္တဝါများ ဘေးရန်ကင်းပျောက်ချမ်းသာသုခပြည့်ဝစေရန်နှင့် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရေးကို ရည်ရွယ်ချက်၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဝါတွင်း၊ သီလပွဲကို ၁၃၅၀ ပြည့်နှစ်မှ စတင်၍ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ဩဝါဒစရိယ ဆရာတော်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဗုဒ္ဓသာသနာပြန့်ပွားထွန်းကားစေရေးနှင့် ရဟန်းရှင်လူအများ ပိုမိုကြည်ညိုသပ္ပာယ်စွာ ဖူးမြော်နိုင်ရန်အတွက် ဂေါပကအဖွဲ့ဝင်များမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသဖြင့် သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့မှ စွမ်းအားရှိသမျှ လှူဒါန်းတော်မူကြပါရန် နိဗ္ဗာန်အကျိုးမျှော်လျက် နှိုးဆော်အပ်ပါသည်။

*ပဥ္စဂုဏံအပဟံဝန္ဒာမိ သဗ္ဗဒါ*

## ကျော်ဇောလင်း(နံ့သာ)

*ကိုးကား*

ပြည်မြို့ တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ဘုရားကြီး သမိုင်းအကျဉ်း။



www.burmeseclassic.com

www.burmeseclassic.com

# ရင်မောရသည့် ဖတ်ခဲ့ဖူးသော စာများ

**စာဖတ်သူတစ်ဦး**

နေ့သစ်တစ်နေ့၏ နံနက်ခင်းသို့ ရောက်လေတိုင်း ...လောင်မှုက ၂-၃ ရှိသည်။ ခန္ဓာကိုယ်အတွက် ဆာလောင် ...တို့ပဲ ဖြစ်သည်။ နံနက်ခင်း အဆာပြေတစ်ခုခု စားသောက် ...ရသည့်အခါ ခန္ဓာကိုယ်တစ်ခုလုံး ငြိမ်းအေးသွားရသည်။ ...စိတ်အတွက် ဆာလောင်ခြင်းကမူ စာဖတ်လိုက်ရမှ ...ငြိမ်းသွားရသည်ပင်။

သည်ကနေ့ နံနက်မှာတော့ ဖတ်ဖို့ရာ ဂျာနယ်သုံး ...င်နှင့် လတ်တလောရောင်းကောင်းလှသည်ဆိုသော ...ပ်တစ်အုပ်က အဆင်သင့်။


သည်တော့ ဂျာနယ်သုံးစောင်နှင့်တကွ၊ တစ်အုပ် ...စာကို ဖတ်အပြီးမှာတော့ အာရုံအတွင်း အကြောင်း ...တစ်ခုက စိုးမိုးလာခဲ့သည်။ ထိုအကြောင်းအရာကား ...နိုင်ငံ၌ ဘုန်းမီးနေလတောက်ပလျက်ရှိသော ဗိုလ်ချုပ် ...(ငြိမ်း)၏ အကြောင်းအရာပဲ ဖြစ်သည်။ ဖတ်ဖြစ်သော ...ယ်များနှင့် စာအုပ်က အကြောင်းအရာတွေ ဆက်စပ် ...လိုဖြစ်သည်။ နိုင်ငံရေးနှင့် ပတ်သက်နေသလို လောကီ ...င်ပညာ၊ နက္ခတ်ကိစ္စတွေလည်း နှီးနွယ်နေသည်။

ဦးစွာဖတ်ဖြစ်သည့်စာအုပ်က အဓော်ကလေးကို စိတ်ဝင်စားဖို့ ကောင်းသည်။ ရေးသူမှာ တင်ညွန့်ဖြစ်ပြီး စာအုပ်အမည်မှာ "ဦးသန်းရွှေ၏ ယတြာများ"နှင့် အခြား စိတ်ဝင်စားဖွယ် အဖြစ်များ"။

စာအုပ်အတွင်းရှိ အကြောင်းအရာအားလုံးကလည်း စိတ်ဝင်စားဖွယ်ရာတွေချည်း ဖြစ်သည်။ ထိုမှ ဗိုလ်ချုပ်မှူးကြီး(ငြိမ်း)နှင့် ပတ်သက်၍ ဦးသန်းရွှေ၏ယတြာ(၁) (၂) (၃) (၄)၊ လျှို့ဝှက်ယတြာ၊ နေပြည်တော်ဘုရား၊ ဦးသန်းရွှေနှင့် အီးတီ၊ အာဏာသိမ်းသည့် နောက်ကွယ်ကလူ၊ ဦးသန်းရွှေအကြောင်း စာအုပ်ရေးသူ၊ ဦးသန်းရွှေ၏ မြေးတော်၊ ဦးသန်းရွှေနှင့် ခရိုနီများ(၁) (၂)၊ ဦးသန်းရွှေ နေပြည်တော်ကို ပြောင်းရွှေ့ရတဲ့အကြောင်းအရင်းနှင့် ဦးသန်းရွှေ၏ သမီးတော် မင်္ဂလာဆောင်တို့မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

'ဦးသန်းရွှေနှင့်အီးတီ'ဟု အမည်ပေးထားသည့် အခန်းကဏ္ဍ၌ ဗေဒင်၊ နတ်၊ ယတြာ၊ ရှေ့ဖြစ်ဟော စသည်တို့အပေါ် ယုံကြည်မှုကြီးမားခြင်းကို ဖော်ပြထားသည်။

....ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြစ်လာချိန်တွင် အခါ






www.burmeseclassic.com

www.burmeseclassic.com

The Messenger
Right Time, Right News

တော်ပေးများက ဇနီးဖြစ်သူအား ဗိုလ်ချုပ်မှူးကြီးသည် တစ်ချိန်က မင်းတစ်ပါးဖြစ်ခဲ့ပြီး မြန်မာနိုင်ငံကို အုပ်စိုးရမည့် မင်းဆက်သစ်ဖြစ်ကြောင်း ဟောပြောခဲ့ကြသည်။ ဗိုလ်ချုပ်မှူးကြီး၏ အခါတော်ပေးများထဲတွင် ထင်ရှားသူတစ်ဦးမှာ အီးတီဖြစ်သည်။ အီးတီသည် စကားမပြောနိုင်သော်လည်း ယခင် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်းဖြစ်သူ သက်ဆင်ပင်လျှင် မြန်မာနိုင်ငံသို့ရောက်လာပြီး အီးတီထံမှ အကြံဉာဏ်ယူခဲ့ရသည်ဟု ဆိုသည်။ အီတီ၏ ဟောကြားချက်အရ သက်ဆင်သည် သေကိန်းမြင်သည်ဆိုသောကြောင့် နိုင်ငံမှ ခေတ္တရှောင်ခဲ့သေးသည်။ အီးတီသည် စကားမပြောနိုင်၊ လေသံသဲ့သဲ့သာ ပြောဆိုသော်လည်း သူ၏အစ်မဖြစ်သူက ကြားမှ ဘာသာပြန်ကာ ပြောဆိုပေးခြင်းဖြင့် ဟောကြားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မိသားစု အလွှန်အလေးထား ယုံကြည်ကိုးကွယ်ခြင်းခံရသည့် အီးတီဆိုသူမှာ အသက် ၄၀ ဝန်းကျင်ခန့် ရှိပြီဖြစ်သည်။

'ဦးသန်းရွှေ၏ ယတြာ(၂)' ခေါင်းစဉ်အောက်၌လည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဗေဒင်၊ ယတြာနှင့် အကြားအမြင်များကို အလွန်ယုံကြည်သူဖြစ်ကြောင်း ဖော်ပြထားပြန်ပါသည်။

····ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗေဒင်နှင့် နတ်ဆရာများ၏ အခါတော်ပေးချက်အရ ယတြာများကိုလည်း မကြာခဏ စီရင်ဆောင်ရွက်လေ့ရှိသည်။ အထူးသဖြင့် အာဏာတည်မြဲရေးအတွက် ထိုသို့ခိုင်းစေသမျှ လိုက်လံလုပ်ဆောင်နေခြင်းလည်း ဖြစ်သည်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားကြီးပေါ်တွင် သူနှင့် မျက်နှာချင်းတူသော ကျောက်စိမ်းရုပ်ပွားတော်ကြီးကို ထုလုပ်ကိုးကွယ်ခြင်းမှာ အထင်ရှားဆုံးယတြာဖြစ်သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မိသားစု လှူဒါန်းသည့် သူ့မျက်နှာပုံတူဘုရားအဖြစ် ပြည်သူများအားလုံး သိကြပြီးဖြစ်သည်။

အဆိုပါ ဆောင်းပါးများ၏ အောက်ခြေတွင် နိုင်ငံခြားသား စာရေးဆရာအမည်နှင့် ရေးသားခဲ့သည့် စာအုပ်စာစောင်တို့ကို ဖော်ပြထားရာ ဘာသာပြန်ဆောင်းပါးဟူ၍လည်း ယူဆဖွယ်ဖြစ်နေသည်။

ဤတွင် တစ်ဆက်တစ်စပ်တည်းဆိုသလို Messenger-ဂျာနယ် (၃၁ ·၈ · ၂၀၁၅)တွင် 'ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေ ဘုရားရှင်ဗျာဒိတ်ထဲက ပုဂ္ဂိုလ်ဟုဆို'ဟူသော မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအသင်း၊ နက္ခတ်ဗေဒပညာရှင် ဦးဇေယျာကိုအား မက်ဆင်ဂျာမီဒီယာက တွေ့ဆုံမေးမြန်းခဲ့ရာ ဦးသန်းရွှေနှင့်ပတ်သက်သည့် ဆရာဇေယျာကို၏ ထင်မြင်ယူဆပြောကြားချက်များကို အောက်ပါအတိုင်း ဖတ်ရှုရပြန်ပါသည်။

····လုပ်တဲ့ ယတြာက ဗေဒင်ပညာနဲ့ စပ်လျဉ်းတဲ့ ယတြာမျိုးတွေမဟုတ်ဘဲနဲ့ အောက်လမ်းဆန်တဲ့ အကြောင်းအရာတွေဖြစ်နေတာကို တွေ့ရတယ်။ စာအုပ်မှာရေးတဲ့ အခြေအနေကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒီလိုယတြာတွေ လုံးဝမလုပ်ခဲ့ဘူးလို့ ကျွန်တော့်အနေနဲ့က ယတိပြတ်ပြောလို့ရတယ်။

····အဲဒီမှာ တချို့လုပ်ခဲ့တာရှိတယ်။ ဥပမာ နေပြည်တော်တည်ဆောက်တဲ့အခါမျိုးပေါ့။ ဒါ ကျွန်တော်တို့ လက်တွေ့လည်း မြင်တွေ့ခဲ့ရပါတယ်။ ··ဗိုလ်ချုပ်မှူး



www.burmeseclassic.com

www.burmeseclassic.com

တော်တည်ဆောက်တဲ့အခါမျိုးပေါ့။ ဒါ ကျွန်တော်တို့ လက်တွေ့လည်း မြင်တွေ့ခဲ့ရပါတယ်။....ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတော့ ဗျာဒိတ်ထဲက ပုဂ္ဂိုလ်ဖြစ်တဲ့ အတွက်ကြောင့် ဒီလိုနေပြည်တော်မြို့တော်ကြီး ပေါ်ထွန်းအောင်လည်း စွမ်းဆောင်နိုင်ခဲ့တယ်။

....ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင်က နက္ခတ်ပညာမှာ ကျွမ်းကျင်တဲ့ နိုင်ငံတော်အကြီးအကဲဖြစ်နေတယ်။ သူတို့ကိုယ်တိုင်လည်း တွက်ချက်ပြီးတော့မှ ဒီအချိန်တွေမှာ ကားတွေထွက်မယ်။ ဘယ်လိုအချိန်မှာ ဘာလုပ်မယ်ဆိုပြီးတော့ စီမံဆောင်ရွက်ခဲ့တာမျိုးတွေ တွေ့ရတယ်။

....အစိုးရအဖွဲ့မှာ သူ့ဝန်ကြီးတွေ ပြောင်းမယ်၊ တိုင်းမှူး၊ ဗိုလ်ချုပ်တွေပြောင်းမယ်ဆိုရင် သူက ဗုဒ္ဓဂယာသွားပြီးမှ ဗုဒ္ဓဂယာအောင်မြေနင်းပြီးမှ ဆောင်ရွက်တာရှိတယ်။ ဒီစာအုပ်ထဲမှာ ပြောထားတဲ့ ချိတ်ထဘီဝတ်ခြင်းတို့ ဘာတို့မှာလည်း အမျိုးသမီးတွေ တက်ပြီးမအုပ်ချုပ်အောင်ဆိုပြီး လုပ်တဲ့အခြေအနေမျိုးတော့ သူတို့လုပ်ခဲ့တာ မဟုတ်ဘူး။

....တချို့ဟာတွေကတော့ ပုံပြင်ပုံစံမျိုးတွေ၊ ရေးထားတာမျိုးတွေ၊ ကြက်တွေလည်လိမ်း ဓာတ်ပုံတွေ ရေထဲပစ်ချလိုက်လို့ ဦးစောမောင် သေတဲ့ပုံစံမျိုးကျတော့ အဲဒီအချိန်မှာ မဖြစ်လောက်သေးဘူး။ ဦးစောမောင်ဖြစ်တာလည်း သူ့ပယောဂနဲ့ ဘာမှမဆိုင်ဘူး။

....သူ့ဇာတာမှာ ကောင်းနေတဲ့ ဂြိုဟ်တွေလာတဲ့ အတွက်ကြောင့် သူ့ကိုယ်သူလည်း ယုံကြည်တယ်။ ယုံကြည်လို့လည်း တိုင်းပြည်ကို သူလိုချင်တဲ့ ပုံစံတစ်ခုရောက်တဲ့အချိန်မှာ သူပြောင်းလဲမှုတစ်ခု ပေးလိုက်နိုင်တယ်။ အဓိက သူ့ကိုယ်တိုင် ဘုရားဆုပန်တဲ့သူမျိုးတွေလည်း ဖြစ်နိုင်တယ်။ ဇာတာအရမ်းကောင်းထားတယ်။ အရင်ဂေါတမဘုရားရှင် ဗျာဒိတ်ထားခဲ့တဲ့အတိုင်း မြန်မာပြည်ကို အုပ်ချုပ်လို့ရတဲ့ အစိုးရအကြီးအကဲ ခေါင်းဆောင်ဖြစ်လာတယ်။ နေပြည်တော်အမြန်လမ်းတွေ ပေါ်ထွန်းလာတယ်။ ပေါ်ထွန်းလာပြီးတော့လည်း ဒီဘက်မှာ ဒီမိုကရေစီဘက်ကိုသွားဖို့ သူ့လက်ထက်မှာမှ ဆောင်ရွက်လို့ရတယ်။

သည်သို့သည်ပုံ ဦးသန်းရွှေအပေါ် ဆရာဝေယျာကိုက သူကျွမ်းကျင်ရာ နက္ခတ္တပညာရပ်ဖြင့် ရေးသားထားသည်။ အထက်ပါ အချက်များမှာ ကောက်နုတ်ချက်အချို့သာ ဖြစ်သည်။ ပြည့်ပြည့်စုံစုံဖတ်လျှင်ဖြင့် သာမန်ပြည်သူပြည်သားများအဖို့ ဘဝအနာဂတ်အတွက် ရင်မောစရာတွေချည်း ဖြစ်သည်။ အထူးသဖြင့် -

....အဲဒီတော့ ဒီဂုရုစလ္လာလယုဂ်နဲ့ ရပြီးတော့မှ အဖွဲ့အစည်းအနေနဲ့လည်း ကိုယ်ကျင့်တရား ဘယ်လိုမှ စင်ကြယ်ဖို့ အခွင့်အလမ်းမရှိဘူးပေါ့။ ခုနပြောသလို ဘယ်သူတွေ ဘာပဲပြောပြော လုပ်ချင်ရာလုပ်မယ်ဆိုတဲ့ အခြေအနေမျိုးတွေ ဖြစ်လာနိုင်တယ်။ အဲဒီတော့ အဲဒီမှာလည်း ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းကိုတော့ ကျွန်တော်ရည်ညွှန်းတာ မဟုတ်ဘူး။ ပညာရပ်အရတော့ အဲဒီလိုမြင်ထားတယ်။ အဲဒီတော့ ရွေးကောက်ပွဲနိုင်တိုင်း ငါတော့ ရွေးကောက်ပွဲနိုင်ပြီ အစိုးရဖြစ်မှာပဲလို့ သေချာပေါက်တွက်လို့မရဘူး။

အဆိုပါ စကားရပ်ကို ဖတ်ရှုရတော့လည်း ပြည်သူပြည်သားများအနေဖြင့် မိမိတို့ရွေးချယ်မဲပေးလိုက်သော အဖွဲ့အစည်း အနိုင်ရသည့်တိုင် ရင်မောစရာဖြစ်မိတော့သည်။

....ရွေးကောက်ပွဲနိုင်ပြီး မင်းရွေးကောက်ပွဲနိုင်တာ နိုင်တာပဲ။ ငါဖယ်ပေးချင်မှ ဖယ်ပေးမယ်။ ငါဆက်လုပ်မယ်ဆိုရင် ဘာလုပ်မလဲဆိုတဲ့ အခြေအနေမျိုး ဖြစ်လာနိုင်တယ်။

တကယ်လည်း အဆိုပါ တွေ့ဆုံမေးမြန်းခန်းမှ အဖြေစကားများကြောင့် ပြည်သူပြည်သားအပေါင်း၏ အနာဂတ်ဘဝ၊ တိုင်းပြည်၏ အနာဂတ်ဘဝကို များစွာစိုးထိတ်ရပါသည်။ အထူးသဖြင့် နက္ခတ္တပညာရှင်၊ ဗေဒပညာရှင်များ၏ ဟောကိန်းများသည် ပင့်သည့်နေရာပင့်၊ နုတ်သည့်နေရာနုတ်၊ သိမ်းသည့်နေရာသိမ်းဖြင့် ဆင်းရဲသားလက်လုပ်လက်စား ပြည်သူများအတွက် ရင်မောစရာချည်းသာ ဖြစ်ရသည်။ စိတ်လက်ရွှင်လန်းဖွယ်နတ္ထိ၊ စာဖတ်သူအဖို့ရာလည်း စိတ်အာဟာရ ပြေလျော့သွားရမည့်အစား ရင်မောဆို့နင့်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ပေါင်း ၁၀၀၀ ကျော်ကာဟု ယူဆရသော ပျူကျောက်စာတစ်ချပ် တွေ့ရှိ

၂၀၁၅-ခုနှစ်၊ မေလ ၂၀ ရက်က သာစည်မြို့နယ်၊ အုတ်တွင်းကျေးရွာအုပ်စု ဆင်ရွာ၌ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ ကျော်ကဟု ယူဆရသော ကျောက်စာတစ်ချပ် တွေ့ရှိခဲ့သည်။ တစ်ဖက်ထိုး ကျောက်စာတစ်ချပ်အဖြစ် အမြင့် လေးပေကိုးလက်မ၊ အနံ နှစ်ပေကိုးလက်မ၊ အထု ရှစ်လက်မရှိ ပျူစာရှစ်ကြောင်းခန့်ပါ ကျောက်စာတစ်ချပ်ဖြစ်ကြောင်း သိရသည်။

စတင်တွေ့ရှိသူမှာ ကိုထူးနှင့် မသန်းမေတို့၏ လယ်ကွက်မှ ထယ်ထိုးစဉ် တွေ့ရှိခဲ့ရကြောင်း။ ကျေးရွာတာဝန်ရှိသူအချို့က ဗိသုကာပညာရှင် တမ္ပဝတီ ဦးဝင်းမောင်ထံ မည်သည့်ခေတ်က ရေးထိုးထားသော ကျောက်စာဖြစ်သည်ကို မေးမြန်းစုံစမ်းခဲ့ကြောင်း။ ဆရာဦးဝင်းမောင်၏ လေ့လာတွေ့ရှိချက်အရ တွေ့ရှိသည့်နေရာမှာ တကောင်းခေတ်ပျက်ပြီး တည်ခဲ့သော ဘိန္နကမြို့ဟောင်းအနီးမှ တွေ့ရှိခဲ့သည်ဟု ယူဆကြောင်း။ နှစ်ပေါင်း ၁၀၀၀ ကျော်ခန့်ရှိ မြစ်သားမြို့ စောလူးမင်း ပျူကျောက်စာ၊ မိုင်းမော မြနန္ဒီ ပျူကျောက်စာတို့နှင့် အက္ခရာပုံစံ ခပ်ဆင်ဆင်တူကြောင်း၊ ယခု အတိအကျ မပြောနိုင်သေးကြောင်း၊ ပညာရှင်များ ဆက်လက်ဖော်ထုတ်သင့်ကြောင်း ပြောကြားခဲ့သည်။ ယင်းကျောက်စာကို သာစည်မြို့နယ် ဆင်ရွာဘုန်းတော်ကြီးကျောင်း၌ ထိန်းသိမ်းထားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ သတင်းပို့ထားကြောင်း ဆင်ရွာအုပ်ချုပ်ရေးမှူးက ပြောဆိုခဲ့သည်။

*စံတော်ချိန် နေ့စဉ်ထုတ် သတင်းစာ(၂၅-၅-၂၀၁၅) တနင်္လာနေ့ထုတ်၊ စာမျက်နှာ-၃ တွင် ပါဝင်သော မိုးမိုးခိုင်(မြစ်သား) ရေးသားသော စာကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်။*

## သမိုင်းတန်ဖိုးကြီးသော ထီးလင်းမြို့က ဆင်စွယ်ရှာလူသတ်မှုကျောက်စာတိုင်

ထီးလင်း၊ ဇတ် ၁၁

ဆင်စွယ်ရှာ လူသတ်မှု ကျောက်စာတိုင် လေးသည် ယနေ့ ခါ၌ ညှိုးနွမ်းပြီး အမှိုက် တော့ကြား တည်ရှိနေသော်လည်း၊ သမိုင်း တန်ဖိုးကားကြီးမားလှသည်။ ပါဝင်ကိုက်း ဂဏအဖွဲ့ကြောင့် အဖြစ်မှဲ ဖြည်သူများ အသက်ခံခဲ့ရသည်မှာ ယနေ့ခေတ်တွင် သတိထားအလေးမူရမည်ကို ပြသသည့်နယ် ရှိနေကြောင်း နိုင်ငံရေးသမားကြီးတစ်ဦးက ပြောသည်။


ချစ်ပြတ်နိုးဖွယ်ရာ မိုးရာလေ့ထုံးစံတို့နှင့် ငြိမ်းချမ်းသာယာသော ယောဒေသသို့ အလံ နီကို့သည် ၁၉၄၈ ခုနှစ် နှစ်ဦးပိုင်းမှ စတင် ပြီး ပုံတော်ပုံသဂါး သတစ်ခွင် ရောက်ရှိလာ ခဲ့ကြသည်။

... ခုနှစ်က ဘောကိတ်ကိုဘာလတစ်လ လုံး ထီးလင်းမြို့ကို တစ်လကြာသိမ်းပိုက်ထား ခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

"၁၉၄၉ ခုနှစ်ကတော့ အလံနီတွေ အမှိန် အဝါအကောင်းဆုံးပေါ်ချား၊ ထီးလင်း မြို့နယ်က ရွာသူရွာသား ၁၅၂ ဦး အလံနီလက်ချက်ကြောင့် အသက်ဆုံး ရှုံးခဲ့ရတာပေါ့။ ဆင်စွယ်ရွာက ၇၄ ဦး ဆိုတော့ အများဆုံးအသတ်ခံရတာ ပေါ့" ဟုထီးလင်းမြို့သားတစ်ဦးက အလံနီဒဏ်ခံခဲ့ရပုံကို ရှင်းလင်းပြော ကြားသည်။

၁၉၅၀ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တာ သည် ဆင်စွယ်ရွာ၏ မမေ့နိုင်သည့် သွေးစွန်းသော နေ့ရက်ပင်ဖြစ်သည်။ အသက် ၅၈ နှစ်အရွယ်မှ အသက် ၁၅ နှစ်အရွယ်အထိ အလံနီသတ်ဖြတ် မှုဒဏ်ခံခဲ့ရသည်။ အလံနီတို့ သတ် ဖြတ်မှုကို မမေ့မပျောက်စိမ့်ငှာ ထီးလင်း မြို့ 'ရွှေဆောင်' စာကြည့်တိုက်ဝန်း အတွင်း ကျောက်စာတိုင် စိုက်ထူထား ခဲ့ခြင်းဖြစ်သည်။

ရေဦးဆောင်(ရေချို)



ဆေးဆုံးသွားခဲ့သော ဆင်စွယ်ရွာသားများကို မှတ်တမ်းတင်ထားသည့်ကျောက်စာကိုတွေ့ရစဉ်။



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ မောင်းတီးနည်း

## ဗေဒသုတေသီ ဆရာမျိုး



စာရေးသူသည် မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ ဆံစေတီကျောင်းဆရာတော် ဦးပညာဇေအား ဂမ္ဘီရဂျာနယ်များ သွားရောက်ကပ်လှူစဉ် ဆရာတော်ထံမှ အောက်ပါ ဂမ္ဘီရ မောင်းတီးနည်းပညာရပ်ကို အမိန့်ရှိသဖြင့် ကြားနာမှတ်သားခဲ့ရပါသည်။

**၁။ မောင်းဘု၏ထိပ် (သာသနာကြိုး)**

သာသနာတော်စောင့်နတ်နှင့် နတ်ဝဏ္ဏာများကို တိုင်တည်၍ ၉ ချက်တီးပါ။

**၂။ မောင်းဘု၏အလယ် (ဓာတ်ကြိုး။ ဝိဇ္ဇာကြိုး)**

အဘဘိုးမင်းခေါင်နှင့် သိဒ္ဓိရှင်များကို တိုင်တည်၍ ၁၀ ချက်တီးပါ။

**၃။ မောင်းဘု၏အောက် (ဘုမ္မိယကြိုး)**

သိုက်၊ ဘုမ္မိယ၊ မြေစောင့်နတ်များကို တိုင်တည်၍ ၂၄ ချက်တီးပါ။

**၄။ မောင်းဘု၏ညာဘေး+ဘယ်ဘေး (ဘုမ္မိကြိုး)**

ရုက္ခစိုးများကိုတိုင်တည်၍ တစ်ဖက်လျှင် ၂၄ ချက်တီးပါ။ အားလုံး စုစုပေါင်း ၉၉ ချက်တီးခတ်ရပါမည်။

မောင်းတီးရာတွင် သာမန်ရိုးရိုး အောင်စည်အောင်မောင်းတီးခတ်ခြင်းထက် အထက်ပါကဲ့သို့ နတ်၊ ဝိဇ္ဇာဓိုရ်၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်၊ ဘုမ္မိစိုး၊ ရုက္ခစိုးများကို တိုင်တည်၍ ဂမ္ဘီရဓာတ်ဆက် ပဋ္ဌာန်းဆက်မောင်းတီးနည်းကို အသုံးပြုကာ အမျှဝေပေးပါက ပိုမို၍အကျိုးကြီးမားမည်ဖြစ်ပါသည်။

**ဗေဒသုတေသီဆရာမျိုး**



www.burmeseclassic.com


www.burmeseclassic.com

# ရန်အောင်မြင်မောင်း နှင့် အင်းတစ်ထောင်အိုး

■ ဂူစ္စာသဃမဟိဒ္ဓိစေ ပေဒသုတေသီဆရာမျိုး

စာရေးသူသည် ကျိုင်းခမ်းရွာမှ အင်းတစ်ထောင်မောင်းနှင့် လက်ဆယ်ချောင်းနတ်မင်းကြီးအကြောင်းကို ဘုန်းရောင်ဂျာနယ်အမှတ်စဉ် (၂၄၁)တွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အဆိုပါဆောင်းပါးတွင် ဤကဲ့သို့သော အလားတူဆောင်းပါးမျိုးကို နောင်အလျဉ်းသင့်လျှင် ဘုန်းရောင်စာဖတ်ပရိသတ်များ လေ့လာနိုင်ရန်အတွက် ဖြည့်စွက်ရှာဖွေ၍ ထပ်မံဖော်ပြပေးသွားမည် ဖြစ်ကြောင်းဖြင့် ကတိပြုခဲ့ပါသည်။ ယခုတစ်ဖန် ထပ်မံ၍အထက်ပါဆောင်းပါးကဲ့သို့ ဂမ္ဘီရပစ္စည်းများကို သတင်းရရှိရာ ဒေသသို့ သွားရောက်၍ လေ့လာဖြစ်ခဲ့သည်များကို ဆက်လက်ဖော်ထုတ် တင်ပြပေးသွားပါမည်။

အဆိုပါပစ္စည်းများမှာ ယက္ကန်းစင်တောင် ဆရာတော်ဘုရားကြီး ဦးသြဘာသထံမှ ပညာအမွေခံ၍ ယောက်ကော်အဖေကြီးမှ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရန်အောင်မြင်မောင်း၊ အင်းတစ်ထောင်အိုးနှင့် ပွဲတော်တည်သော ယွန်းဗျပ်တို့ပင် ဖြစ်



ရန်အောင်မြင်မောင်း

ပါသည်။ တောင်ဒဂုံမြို့နယ် မူလယောက်ကော်တိုက်တည် မဟာဂန္ဓာရုံ အစိဋ္ဌာန်ပါရမီရှင် ရှမ်းပြည်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ တောင်ထိဘွာဒေသ၊ ဝက်ပါတော[...] နယ်လှည့်သာသနာပြု ယောက်ကေ[...] အဖေကြီး (ခ) ဦးသန်းစိန်ထွန်း[...] ၁၃ရ၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် [...]




www.burmeseclassic.com

www.burmeseclassic.com

နှစ်၊ ၂၁. ၁. ၂၀၁၂ စနေနေ့နံနက်
နာရီအချိန်တွင် မဟာဂန္ဓာရီထွက်
ရပ်စခန်းသို့ ကူးပြောင်းကြွမြန်းခဲ့လေ
သောအခါ ယောက်ကော်အဖေကြီး၏
ညာအမွေခံ သားတပည့်တစ်ဦးဖြစ်
သူ ယောက်ကော်ဆရာကြီးဦးမြဝင်းမှ
အထက်ပါဂမ္ဘီရပစ္စည်းများကို ဆက်
လက်ထိန်းသိမ်း စောင့်ရှောက်ထားခဲ့ပါ
သည်။

စာရေးသူသည် ယောက်ကော်
ဆရာကြီး ဦးမြဝင်းနေထိုင်ရာ အမှတ်
(၁၃)၊ ဇေယျာလမ်း၊ (၄၃)ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်သို့သွားရောက်၍
အထက်ပါဂမ္ဘီရပစ္စည်းများကို လေ့လာ
ခဲ့ပါသည်။ အင်းတစ်ထောင်အိုး၏
အပြင်မျက်နှာစာပတ်ပတ်လည်တွင်
နေစိတကျ သေသပ်သော အင်းကွက်
များကို အဆင့်လေးဆင့်၊ အတန်း
လေးတန်းဖြင့် တူရာအမျိုးအစားများ



**အင်းတစ်ထောင်အိုး**

ကို စုစည်း၍ အိုးတစ်ပတ်ပြည့်အောင်
စရွေးကိုက် ရေးဆွဲထားသည်ကို စစ်
ဆေးတွေ့ရှိရပါသည်။ အပေါ်ဆုံးတန်း
တွင် နတ်မင်းကြီးလေးပါးကို ပူဇော်




**ပွဲတော်တည်သော ယွန်းဗျပ်**



www.burmeseclassic.com

www.burmeseclassic.com



**ယောက်ကော်ဆရာကြီး ဦးမြင့်**

ရေးဆွဲထားသော **စမ္မာနဝအင်း**များကို စမပုံတော်စာတန်းများနှင့်အတူ သေသပ်စွာ ရေးဆွဲဖော်ပြထားပါသည်။ ဒုတိယတန်းတွင် ၃၆ ကွက်ပါသော **စဗေဝ**စတုရန်းစမ အင်းတော်များကို ပတ်လည်အပြည့် စနစ်တကျ ရေးဆွဲထားပါသည်။ တတိယတန်းတွင် **လဂမစ** ၂၅ ကွက် စတုရန်းအင်းများကို ပတ်လည်အပြည့် ရေးဆွဲထားပါသည်။ စတုတ္ထတန်းတွင် ရေးဆွဲထားသော အင်းကွက်အမျိုးအစားကို ႁ အမည်ဖော်နိုင်ခြင်း မရှိခဲ့ပါ။

'ရန်အောင်မြင်မောင်း'တွင် အပေါ်ထိပ်ဆုံး၌ အောင်ခြင်းရှစ်ပါး ဂါထာနှစ်ပိုဒ်ကို ရေးထိုးထားသည်။ အလယ်ဘုတွင် အောင်စေဟူ၍ရေးထိုးထားသည်။ ၎င်းပတ်လည်တွင် နဂါးပတ်အင်းကို ရေးဆွဲထားသည်။ အင်းဆံမှာ နှစ်ဆယ့်လေးပစ္စည်းဖြစ်သည်။ အဆိုပါ နဂါးပတ်အင်းကိုမှ အောက်ဘက်တွင် စမ္မာနဝအင်းများကိုလည်းကောင်း၊ အထက်ဖက်နှင့် ဘေးဘယ်ညာတို့တွင် အဋ္ဌရာယ်ကင်း စမများနှင့် အကြံအစည်အောင်စေ သော စမဗဝရုံသိဒ္ဓိအင်းတော်များကို လည်းကောင်း ထပ်မံဝန်းရံ စီရင်ထား ပါသည်။ ထို့နောက် အလွန်ကြီးမား သော ရှေးခေတ်ပွဲတော်တည်သည့် ယွန်းဗျပ်ကြီးကိုလည်း အလွန်ရှားပါး သော မြန်မာမှုအမွေအနှစ်လက်ရာ အဖြစ်ဖြင့် တွေ့မြင်ရပါသည်။ အဆိုပါ ယွန်းဗျပ်ကို ဒေါင်းလန်းဟူ၍ ခေါ် တွင်ပါသည်။

ထို့နောက် ဆရာကြီးဦးမြင့်း ဘုရားခန်းအား သပ္ပာယ်ကြည်ညိုဖွယ် ရာ ဖူးမျှော်ရပါသည်။ ဆက်လက်၍ ဆရာကြီးဦးမြင့်မှ ယောက်ကော် အဖေကြီး ဝက်ဘာတောင်တွင် တည် ထားကိုးကွယ်ခဲ့သော မြတ်စွာဘုရား ရှင်၏ ဒုက္ကရစရိယာကျင့်တော်မူခန်း မျက်နှာတော်ကို အနီးကပ်ရိုက်ကူ ထားသော ပုံတော်ကို အနီးကပ် ဖူး မြော်ရသည်မှာ သက်ရှိထင်ရှားမြတ်စွာ ဘုရား၏အသွင်တော်ကို ဖူးမြော်ရသ သကဲ့သို့ အံ့မခန်းလက်ရာကို တွေ့မြင် ရပါသည်။ မျက်နှာတော်တွင် အရေ အကြောင်းကလေးများ ပေါ်လွင်ထ ရှားစွာ ပါရှိသည်။ နားရွက်တော်က လည်း အကြောကလေးများပေါ် နားပေါက်တော်အထင်အရှား ဖူးမြော် ရသည်မှာ လက်ရာမြောက်လှပါသည် လည်ရစ်တော်တွင်လည်း မြတ်စွာ ဘုရားရှင်၏ လက္ခဏာတော်တစ် ဖြစ်သော လည်ရစ်တော်သုံးတန်း ပေါ်လွင်အောင်ထုဆစ်ထားပါသည် ဆံတော်များသည်လည်း တစ်ဖ အသေးစိတ်ရေတွက်ယူ၍ ရနိုင် သို့ ထင်မှတ်မှားရပါသည် ပိရိ



www.burmeseclassic.com

www.burmeseclassic.com

သပ်သော နှုတ်ခမ်းတော်၊ ဖြောင့်စင်းသောနှာတံတော်၊ နက်ရှိုင်းသော မျက်ခုံးတော်၊ မဟာပုရိသယောကျ်ားပီသသော မျက်နှာတော်ဟန်ပန်၊ ဒုက္ကရစရိယာကျင့်စဉ်ရှိ ဒုက္ကရစရိယာစျာန်ဝင်စားဟန်ရှိသော မျက်လုံးတော်၊ မျက်ခုံးမှာ နက်မှောင်ထူထဲသော တစ်ပင်ချင်းမြင်ရဘိသည့် အလားထင်ရှားသည့် မျက်ခုံးမွေးတော်၊ ထင်ရှားသောမျက်ရစ်တော်၊ ကျယ်ပြန့်၍ အကြောကလေးများ ပေါ်လွင်ထင်ရှားနေသည့် မဟာနဖူးတော် အစရှိသဖြင့် အသေးစိတ်အနုလက်ရာများကို ပေါ်လွင်ထင်ရှားစွာ ဖူးမြော်ရလေသောအခါ ကြက်သီးတဖြန်းဖြန်း ထလာရသည်အထိ သဒ္ဓါပီတိထူးကဲသော ကြည်ညိုစိတ်များ တဖွားဖွား ဖြစ်ပေါ်ရပါလေ၏။

"အဖေကြီးကို အဘဦးအေးမောင်နဲ့ အမိဒေါ်ထွန်းတို့က ရန်ကင်းဘောက်ထော်မှာ မွေးဖွားခဲ့ခြင်းဖြစ်ပြီး ငယ်နာမည်က မောင်မုန်းဆံလို့ ခေါ်ပါတယ်။ ဘောက်ထော် ရွှေနံ့ဘုံကျောင်းမှာ ကိုရင်စဝတ်ပါတယ်။ ရွှေနံ့ဘုံကျောင်းမှာပဲ ရဟန်းဆက်တက်ဖြစ်ပြီးတော့ ဘွဲ့အမည် ဦးသဒ္ဓမ္မသိဒ္ဓိလို့ တွင်ပါတယ်။ တစ်နေ့ ဟသာ်ာတ၊ ပန်းထိုးရွာကိုသွားဖို့ ရထားနဲ့ကြွရောက်ချိန်မှာ ယက္ကန်းစင်တောင်ဆရာတော်ကြီးနဲ့ ရထားပေါ်မှာ ဆုံမိပါတယ်။ အဲဒီမှာ ဆရာတော်ကြီးကို ဆွမ်းကပ်တော့ "မင်းဟာမင်း ပါးစပ်မသာချ၊ ငါ ပါးစပ်မသာမချဘူး" လို့ပြောတယ်။ ဒီမှာ အဖေကြီးဟာ ထိတ်လန့်ပြီး သံဝေဂများ ဖြစ်ပေါ်လာတဲ့အတွက် ယက္ကန်းစင်တောင်ဆရာတော်ကြီးနဲ့ အတူ အတွင်းဒီပါရုံစခန်းကို လိုက်ပါသွားခဲ့တယ်။ ဒီပါရုံရောက်တော့ ကင်လပင်းရှက်မှာ လက်ဝါးရိုက်လိုက်တော့ စမတွေပေါ်လာတယ်။ အဲဒါကို တိုက်ပြီး အလုံမြို့နယ်ကနေ သာသနာပြုဖို့ ပြန်လွှတ်လိုက်တယ်။ အဲဒီမှာ သာသနာပြုရင်းနဲ့ ယောက်ကော် ဆရာတော်ရယ်လို့ ထင်ရှားလာခဲ့တယ်။ အဲဒီတုန်းက သက်တော်သုံးဆယ်နဲ့ ဝါတော်ဆယ်ဝါ ဖြစ်ပါတယ်။ ယောက်ကော်ကျွန်းဆိုတာဟာ မွန်လိုခေါ်တာပါ။ မြန်မာလိုကတော့ ဖွန်းနဲ့တူတဲ့ကျွန်းလို့ အဓိပ္ပာယ်ရပါတယ်။ နောက်ပိုင်း ယက္ကန်းစင်တောင်ဆရာတော်ဟာ အဖေကြီးကို မနောနဲ့ ဆက်သွယ်ခဲ့ပါတယ်။ အဖေကြီးရဲ့ ပထမဦးဆုံး တပည့်ကတော့ ကျွန်တော်ပေါ့။ ဒုတိယက အမြွာညီအစ်မ မမာပိုနဲ့ မာချို၊ တတိယကတော့ ဦးသိန်းဇော်ဖြစ်ပါတယ်။ ဝါတော် ၂၀ ရတဲ့အခါမှာ ဘုရားတည်ရာမှာ လွယ်ကူအဆင်ပြေဖို့အတွက် ယောဂီဝတ်ကို ပြောင်းလဲဝတ်ဆင်ခဲ့ပါတယ်။ လူအမည်ကတော့ ဦးသန်းထွန်းစိန်ဖြစ်ပါတယ်။

ယောက်ကော်အဖေကြီး၏ ကျင့်စဉ်မှာ ခန္ဓာကိုယ်၌ အမြဲသရဏဂုံဆောက်တည်သည့် "ငါသွားသလို သတ္တဝါအများ သွားနိုင်ကြပါစေ။ ငါအိပ်သလို သတ္တဝါအများအိပ်နိုင်ကြပါစေ။ ငါစားသလို သတ္တဝါအများ စားနိုင်ကြပါစေ" ဟု ဣရိယာပထလေးပါးစလုံး၌ မေတ္တာပွားသည်။ ထိုမေတ္တာ၏ စွမ်းအင်ကြောင့် အလိုရှိရာ အောင်မြင်သည်။ တောတောင်မြို့ရွာ မည်သည့်နေရာမဆို ကျောင်း၊ ကန်၊ ဇရပ်၊ အရပ်ရပ်တို့ကို ဆောင်ကြဉ်းလုပ်ဆောင်နိုင်သည်။ ဗြဟ္မဝိဟာရမေတ္တာတရား၏ အကျိုးတည်း။

**ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီး**
**ဦးဩဘာသမှ**
**ယောက်ကော်အဖေကြီးသို့ချီးမြှင့်ခဲ့သော**
**အောင်သိဒ္ဓိဂါထာတော်**

**သိဒ္ဓိဘဂဝါ အရဟံဗုဒ္ဓေါမေ**
**သတ္တပါကာရံ**
**ဗုဒ္ဓံသရဏံဂစ္ဆာမိ။**
**သိဒ္ဓိဘဂဝါ အရဟံ ဓမ္မောမေ**
**သတ္တပါကာရံ**
**ဓမ္မံသရဏံဂစ္ဆာမိ။**
**သိဒ္ဓိဘဂဝါ အရဟံ သံဃောမေ**
**သတ္တပါကာရံ**
**သံဃံသရဏံ ဂစ္ဆာမိ။**

ဤသုံးပိုဒ်ကို ပုတီးတစ်လုံးချ၍ တတ်နိုင်သလောက်စိပ်ပါ။ ရွတ်ပွားလျှင်လည်း အကျိုးရှိမည်။ ဤဂါထာတော်ကို ဒေါ်မေသင်းနိုင်(ပင်လောင်း)ထံမှ ကူးယူရရှိပါသည်။

ရောင်ပြန်စာဖတ်ပရိသတ်များအနေဖြင့် ရန်အောင်မြင်မောင်းနှင့် အင်းတစ်ထောင်အိုးတို့ကို လေ့လာလိုပါက ယောက်ကော်ဆရာကြီးဦးမြဝင်းနေထိုင်ရာ အထက်ဖော်ပြပါလိပ်စာအတိုင်း ဖုန်း–၀၉၇၃၂၁၁၆၇၀ သို့ ဆက်သွယ်နိုင်ပါကြောင်း။

ဣစ္ဆာသယမဟာသိဒ္ဓိစေ

**ဗေဒသုတေသီဆရာမျိုး**



www.burmeseclassic.com

www.burmeseclassic.com

# ကျိုင်းခမ်းရွာ ဖောင်တော်ဦး နောက်ဆက်တွဲ

## ဣန္ဒာသယမဟိဒ္ဓိစေ ဗေဒသုတေသီဆရာမျိုး

စာရေးသူ၏ ကျိုင်းခမ်းရွာ ဖောင်တော်ဦးဘုရားသမိုင်းပါရှိသော ဘုန်းရောင်ဂျာနယ်များကို ညှောင်ရွှေမြို့၊ အင်းလေးဒေသရှိ အင်းယားရွာ ဆရာတော်ကြီးနှင့် ကျိုင်းခမ်းမြောက်ကျောင်း ဆရာတော်တို့အား သွားရောက်ကပ်လှူစဉ် အင်းယားဆရာတော်ကြီးမှ အောက်ပါအတိုင်း မိန့်ကြားတော်မူပါသည်။

"ဆရာမျိုး ...ဒီစာစောင်တွေ ကျိုင်းခမ်းမြောက်ကျောင်းကို သွားပို့ရင် ကျိုင်းခမ်းဆရာတော်ကို အင်းယားဘုန်းကြီးက မှာလိုက်တယ်လို့။ ဘုရားခန်းမှာရှိတဲ့ လက်ဆယ်ချောင်းမင်းနဲ့ အင်းတစ်ထောင်မောင်းကို ပြပေးပါလို့။ ဆရာမျိုးဒါကို လေ့လာပြီးရင် နောက်ဆက်တွဲကို ဂမ္ဘီရဇာတ်လမ်းတစ်ပုဒ်ထပ်ရေးလို့ ရတာပေါ့ကွယ်"

"တင်ပါ့ဘုန်းဘုန်းဘုရား၊ တပည့်တော် သွားလေ့လာပါ့မယ်"

ကျိုင်းခမ်းမြောက်ကျောင်းသို့ ရောက်ရှိချိန်တွင် ဘုန်းရောင်ဂျာနယ်များကို ကပ်လှူရင်းကျိုင်းခမ်းဆရာတော်အား အင်းယားဆရာတော်မှာ ကြားလိုက်သည်များကို ပြန်လည် လျှောက်ထားလေသောအခါ –



လက်ဆယ်ချောင်းမင်း ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီ ဒကာကြီး . . . ရှိပါတယ်။ ကျူပ်လိုက်ပြ ပေးပါမယ်"

ဤသို့ဖြင့် ဖောင်တော်ဦးဘုရားခန်းသို့ ရောက်ရှိကြပြီးလျှင် ဆရာတော်မှ ဘုရားစင်နောက်မှ လက်ဆယ်ချောင်းမင်း၏ ရုပ်တုအားပြသပေးတော်မူပါသည်။ လက်ဆယ်ချောင်းမင်း၏ ရုပ်တုတွင် လက်အားလုံး၌ အမျိုးအမည်ဖော်ပြရန်ခဲယဉ်းသော ပစ္စည်းတစ်ခုစီကို ကိုင်ဆောင်ထားပုံကို တွေ့မြင်ရပါသည်။ နတ်သားတစ်ပါး၏ ချုပ်ဝတ်တန်ဆာမျိုး ဝတ်ဆင်ထားသည်ကိုလည်း တွေ့မြင်ရပါသည်။ အောက်ခံပလ္လင်၌ ကမ္ပည်းရေးထိုးထားသည်မှာ ၁၂၆၆ ခုနှစ်၊ ကဆုန်လဆန်း(၃) ရက်၊ ကျိုင်းခမ်းမြောက်ကျောင်းဒကာလွန်း ဟူ၍ ပါရှိပါသည်။

"ဒကာကြီး အရင်အပတ်က ဖောင်တော်ဦးဘုရားကမ္ပည်းစာလေး ကျူပ်ပြလိုက်ဖို့ မေ့သွားတယ်။ ကူးယူလိုက်ပါဦး"

ဖောင်တော်ဦးဘုရားအောက်ခြေပလ္လင် ကမ္ပည်းစာတွင် –


"ရှေးသူတို့ကိုးကွယ်လာသည့် ကောင်းမှုနော–သာရဆရာဒကာများ ထပ်မံပြုစုသက္ကရာဇ် ၁၂၅၂၊ ပထမဝါဆိုလဆုတ် (၅)ရက်နေ့ကစ၍ ဝါခေါင်လပြည့် ဆုကြီးလေးဖြာ လိုရာရောက်စေသော် နတ်လူသာဓုခေါ်ပါကုန်။ ကျိုင်းခမ်းမြောက်ကျောင်း"

ဟူ၍ ပါရှိသည်ဖြစ်ရာ ဖောင်တော်ဦးဘုရားနှင့် လက်ဆယ်ချောင်းမင်းသည် ၁၄ နှစ်ကွာခြားကြောင်း တွေ့ရှိရပါသည်။

"ဘုန်းဘုန်း နည်းနည်းရှင်းပေးပါဦး"


"ဒီလက်ဆယ်ချောင်းမင်းက ဖောင်တော်ဦးဘုရားကို စောင့်ရှောက်တဲ့ နတ်မင်းပေါ့ ဒကာကြီး။ လက်ဆယ်ချောင်းဘုရားအစောင့်ကလည်း သုံးခါလောက် အခိုးခံရတာ။ ခိုးတဲ့သူတွေက ညအိပ်လို့မရဘူး။ မနေနိုင်၊ မထိုင်နိုင်အောင် ယားတာနဲ့ ညတွင်းချင်း ပြန်လာပို့ကြတယ်"


အလွန်ထူးဆန်းလှပါပေ၏။ ဖောင်တော်ဦးဘုရားသည်လည်း သူခိုးမခိုးနိုင်လှအောင် တန်ခိုးကြီးလှကြောင်းကို စာရေးသူ၏ ယခင်ဆောင်းပါးတွင် ဖော်ပြပါရှိပြီဖြစ်ပါသည်။ ယခုလည်း ဘုရားစောင့်နတ်မင်း၏ တန်ခိုးကြီးမားပုံကို သိရှိပြန်ပါသည်။ ထို့နောက် ဆရာတော်မှ ကိုရင်နှစ်ပါးကို အင်းတစ်ထောင်မောင်းကို သယ်ယူလာစေပါသည်။ မောင်းဘုအောက်ခြေ အက်ကွဲလျက်ရှိပေပြီ။




အင်းတစ်ထောင်မောင်း

www.burmeseclassic.com





''ဘုန်းဘုန်း အင်းတစ်ထောင်က ဘယ်ဟာကို ပြောတာလဲဘုရား''

''ဒီနောက်ဘက်ကို လာကြည့် ဒကာကြီး၊ မောင်း အတွင်းဘက်မှာ အင်းတစ်ထောင်ကွက်တွေကို တွေ့ရလိမ့်မယ်''


ဟုတ်ပါပေသည်။ မောင်း၏အတွင်း အင်းကွက်များကို စနစ်တကျဖြင့် မောင်းတစ်ခုလုံး အပြည့်ချထားသည်ကို တွေ့မြင်ရပါသည်။ ဤမျှများပြားသော အင်းဆံများ ဖြည့်သွင်းထားရှိသည့် မောင်းမျိုးအား စာရေးသူ ယခင်က တစ်ကြိမ်တစ်ခါမျှ မတွေ့ရှိခဲ့ဖူးသေးပါ။ အင်းတစ်ထောင်ဟူသော အမည်နာမနဲ့ လိုက်ဖက်ညီလှပေသည်။

''အရင်က စကရွာဟိုဘက်မှာ စကွယ်မြို့ဆိုတာ ရှိခဲ့တယ်။ စကွယ်စော်ဘွားရှိခဲ့တယ်။ နောက်စကွယ်မြို့ ပျက်သွားတယ်။ ဒါဟာ စကွယ်စော်ဘွားရဲ့ နန်းတွင်းသုံး မောင်းဖြစ်တယ်။ ဂျပန်ခေတ်မှာ ခေတ်ပျက်တော့ စော်ဘွား နှမတစ်ဦးဟာ မြောင်းဝရွာမှာ လာရောက်ခိုလှုံတယ်။ နန်းတွင်းသုံးဖြစ်နေတော့ သူတို့အိမ်နဲ့မတန်ဘူး။ ကျိုင်းခမ်း အနောက်ရွာက ဦးလုဖေ ဝယ်လာခဲ့ပြီး ဒီကျောင်းကိုလာ လှူတာ။ အခု သူမရှိတော့ဘူး။ ကွယ်လွန်တာနှစ်ပေါင်း ၅၀ ကျော်သွားပြီ။ အလှူရှင်က တောင်ကြီးမှာ ကွယ်လွန်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မောင်းတီးရင် မြို့စည်၊ ရွာစည်တယ် ပြောတာပဲ။ ဦးလှဖေက သူ့အသက် ၂၃ နှစ်သားက လှူသွားခဲ့တာလို့ သာပြောတော့ သူ့အသက်က ၈၀ လောက်ရှိပြီ''

စာရေးသူလည်း အင်းတစ်ထောင်မောင်းတွင်းမှ တတ်ကျွမ်းနားလည်သမျှ ဖော်ထုတ်ရရှိသော အင်းဆံနှင့် အင်းကွက်များကို ဂမ္ဘီရဝါသနာရှင် ရောင်ပြန်မဂ္ဂဇင်း စာဖတ် ပရိသတ်များ လေ့လာနိုင်ကြရန်အတွက် ထပ်ဆင့်ကူးယူ ဖော်ပြအပ်ပါသည်။ ဦးစွာပထမ တွေ့ရှိရသည်မှာ ဘေးရန် အန္တရယ်အပေါင်းကို ကင်းဝေးဖယ်ရှားစေနိုင်သည့် ဏဘရံ အဘယဇာတက အင်းပင်ဖြစ်ပါသည်။ ထို့နောက် ဝေဒါ သာကု အင်းတော်နှင့် စဓဗဝအင်းတော်ဗျည်းဓမများကို တွေ့မြင်ရပါသည်။ စိတ်ပါဝင်စားသူများသည် ညောင်ရွှေ မြို့၊ အင်းလေးဒေသ၊ ကျိုင်းခမ်းမြောက်ကျောင်းသို့ သွား ရောက်လေ့လာနိုင်ကြပါသည်။ နောင်အလျဉ်းသင့်လျှင် စာဖတ်သူများ လေ့လာနိုင်ရန်အတွက် ဖြည့်စွက်ရှာဖွေ၍ ထပ်မံဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ထို့နောက် ညနေဘက်တွင် ကိုရင်လေးတစ်ပါး ကြွ ရောက်လာ၍ စာရေးသူ အနားယူရာအခန်းသို့ ရောက်ရှိ လာပြီးလျှင် အခန်း၏နံရံထောင့်လေးထောင့်တွင် သီတင်း သုံးတော်မူကြသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ငယ်လေး များကို သွားရောက်ပင့်ဆောင်၍ စာရေးသူအား ပြသ ဖူးမြော်စေပါသည်။

''ဒီကျောင်းတော်ကြီးဟာ ဟိုးရှေးယခင် မြန်မာမင်း များ လက်ထက်ကတည်းက ဆရာတော်အဆက်ဆက် သီတင်းသုံးခဲ့တဲ့ ရှေးဟောင်းကျောင်းတော်ကြီးပဲ ဒကာကြီး။ ကိုရင်တို့ငယ်ငယ်ဆိုတော့ ဟိုတက်၊ ဒီတက် ဆော့ကစား ကြရင်းနဲ့ ဒီကျောင်းကြီးရဲ့ အခန်းတိုင်း အခန်းတိုင်းက ထောင့်လေးထောင့်စလုံးမှာ ဒီလိုရုပ်ပွားတော်မျိုးလေးတွေ စီမံထားရှိထားတယ်ဆိုတာကို သိရှိခဲ့ရတာပဲ ဒကာကြီး။ ထားရှိတဲ့ ရည်ရွယ်ချက်ကိုတော့ဖြင့် ကိုရင်တို့ မသိရှိသလို၊ ဆရာတော်လည်း မသိရှိပေဘူး။ ဒကာကြီးက စာရေးဆရာ ဆိုတော့ ကြားဖူးနားဝ ဗဟုသုတရနိုင်ဖို့ ကိုရင်ပြပေးတာပဲ''

တကယ့်ရှေးဟောင်းသစ်သားဆင်းတု ပန်းပုလက် ရာဖြစ်ပါသည်။ နောက်ခံ၌ ပဋိစ္စသမုပ္ပါဒ်ရောင်ခြည်စက်ဝိုင်း ပုံသဏ္ဌာန်ပါရှိပြီးလျှင် ဘူမိဖဿမုဒြာပုံဟန်တော်ဖြစ်၍ အောက်ခြေအတွင်းမှာ အခေါင်းပွပုံစံတော်ဖြစ်ပါသည်။ ကျိုင်းခမ်းမြောက်ကျောင်းတော်ကြီး၏ ဂမ္ဘီရဆန်လွန်းလှ သော ထူးခြားဆန်းကြယ်အဖြစ်အပျက်များစွာကို လေ့လာ မှတ်သားခွင့်ရရှိသဖြင့် အထူးပဲ ကျေနပ်ဝမ်းမြောက်မိပါ သည်။ နောင်တွင်လည်း ဘာသာ၊ သာသနာအကျိုး၊ စာဖတ်ပရိသတ်အကျိုးအတွက် ဤကဲ့သို့ ဝေးလံခေါင်းပါး၍ သွားလာရေးခက်ခဲသော အရပ်ဒေသများသို့ ထပ်မံသွား ရောက်လေ့လာပြီးလျှင် ရှာဖွေစုစမ်း ဖော်ထုတ်တင်ပြပေး သွားမည်ဖြစ်ပါကြောင်းဖြင့် စေတနာ၊ ဝါသနာ၊ အနစ် နာကို အရင်းခံလျက် စာပေသစ္စာဖြင့် ကတိပြုတင်ဆက် အပ်ပါကြောင်း . . . ။

ဣန္ဒာသယမဟိဒ္ဓိစေ

**ဗေဒသုတေသီဆရာမျိုး**



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်


## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလ - နတ်တော်လ

## 2015 DECEMBER

| | | |
|---|---|---|
| အင်္ဂါ Tuesday | 1 ၅ | |
| ဗုဒ္ဓဟူး Wednesday | 2 ၆ ရက်ရာဇာ | |
| ကြာသပတေး Thursday | 3 ၇ | |
| သောကြာ Friday | 4 ၈ | 18 ၇ ရက်ရာဇာ |
| စနေ Saturday | 5 ၉ | 19 ၈ |
| တနင်္ဂနွေ Sunday | 6 ၁၀ ရက်ရာဇာ အမျိုးသားနေ့ ရက်ယုတ်မာ | 20 ၉ |
| တနင်္လာ Monday | 7 ၁၁ | 21 ၁၀ |
| အင်္ဂါ Tuesday | 8 ၁၂ | 22 ၁၁ |
| ဗုဒ္ဓဟူး Wednesday | 9 ၁၃ ရက်ရာဇာ | 23 ၁၂ ရက်ရာဇာ |
| ကြာသပတေး Thursday | 10 ၁၄ | 24 ၁၃ |
| သောကြာ Friday | 11 ၁၅ တန်ဆောင်မုန်းလကွယ် | 25 ၁၄ ရက်ရာဇာ ခရစ္စမတ်နေ့ |
| စနေ Saturday | 12 ၁ | 26 ၁၅ နတ်တော်လပြည့် |
| တနင်္ဂနွေ Sunday | 13 ၂ ရက်ယုတ်မာ | 27 ၁ |
| တနင်္လာ Monday | 14 ၃ အမြိုတ္တစုတ်ရက် မဟာရက်ကြမ်း | 28 ၂ ရက်ယုတ်မာ |
| အင်္ဂါ Tuesday | 15 ၄ | 29 ၃ မဟာရက်ကြမ်း |
| ဗုဒ္ဓဟူး Wednesday | 16 ၅ ရက်ရာဇာ | 30 ၄ ရက်ရာဇာ |
| ကြာသပတေး Thursday | 17 ၆ | 31 ၅ |



၁. ၁၂. ၂၀၁၅



၁၆. ၁၂. ၂၀၁၅

### ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၆. ၁၂. ၂၀၁၅ ဗုဒ္ဓဟူးနေ့ နေ့လယ် ၃ နာရီ ၂၈ မိနစ် ၁၇ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၂၄. ၁၂. ၂၀၁၅ ကြာသပတေးနေ့ နံနက် ၆ နာရီ ၃၂ မိနစ် ၃၂ စက္ကန့်တွင် တူရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၆. ၁၂. ၂၀၁၅ တနင်္ဂနွေနေ့ နံနက် ၁၂ နာရီ ၅၃ မိနစ် ၀ စက္ကန့်တွင် ဓနုရာသီသို့ ပြောင်းသည်။

- ၂၇. ၁၂. ၂၀၁၅ တနင်္ဂနွေနေ့ နံနက် ၀ နာရီ ၃၆ မိနစ် ၂၈ စက္ကန့်တွင် မကာရရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂၅. ၁၂. ၂၀၁၅ သောကြာနေ့ ၄ နာရီ ၂ မိနစ် ၁၉ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

စနေသည် - ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ရာဟုသည် - ကန်ရာသီသို့ ပြောင်းသည်။

(၁၄. ၁၂. ၂၀၁၅)ရက်သည် အမြိုတ္တစုတ်ကျ၍ အကောင်းဆုံးရက် ဖြစ်သည်။

### အမြိုတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# ဒီဇင်ဘာလမှာ ဆောင်ရွက်ပါ

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်

နေမျိုးထွဋ်ခေါင်

(၆)၊ (၁၁)၊ (၁၆)၊ (၂၁)၊ (၂၅)၊ (၃၀) စသောရက်များသည် "နန္ဒာတိထိ"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ် စသည်တို့ ဆောက်လုပ်ခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်ချိတ်ခြင်း၊ မြေတူးဆွခြင်း စသောအမှုတို့ကို ပြုလုပ်နိုင်ပါသည်။

(၁)၊ (၂)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၂၆)၊ (၃၁) စသောရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ အမည်ပေးခြင်း၊ နားထွင်းခြင်း၊ ထိမ်းမြားမင်္ဂလာဆင်ယင်ကျင်းပခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

(၃)၊ (၈)၊ (၁၈)၊ (၂၂)၊ (၂၇) စသောရက်များသည် "ဇယာတိထိ"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ အစွာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်နိုင်ပါသည်။

(၄)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၃)၊ (၂၈) စသော ရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လေ့ကားထောင်ခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ပါသည်။

(၅)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၄)၊ (၂၉) စသောရက်များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပွဲခံခြင်း စသော လောကီမင်္ဂလာကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။

(၂)၊ (၆)၊ (၉)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၅)၊ (၃၀) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်ပါက ကိစ္စအလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်း ထင်ရှားကျော်စောတတ်ပါသည်။

(၁၄)ရက်သည် "အမြိတ္တစုတ်"တွင် ကျရောက်၏။ ထိုရက်၌ မည်မျှပင် မကောင်းကြံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်

■ တောကကိုရင်

မိမိတို့ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီ ကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဒီဇင်ဘာလ (၉)၊ (၁၄)၊ (၁၈)၊ (၂၇) ကျရောက်သော ရက်များ၌ အပွင့်၊ အသီးအနှံ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့ စိုက်ပျိုးခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၂။ ဒီဇင်ဘာလ (၆)၊ (၉)၊ (၁၃)၊ (၂၀)၊ (၂၂)၊ (၂၆)၊ (၂၈) ကျရောက်သော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၃။ ဒီဇင်ဘာလ (၂)၊ (၅)၊ (၆)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၂)၊ (၂၆)၊ (၂၇) ကျရောက်သော ရက်များ၌ လယ် မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်၊ချုံနွယ် အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ၊အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်သင့်ပါသည်။

၄။ ဒီဇင်ဘာလ (၂)၊ (၅)၊ (၆)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၂)၊ (၂၆)၊ (၂၇)၊ (၃၀) ကျရောက်သော ရက်များ၌ သီးနှံမျိုးစေ့တို့ကို ကြဲရန် သင့်လျော်လှပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်

**နွယ်သာကီအောင်**

မြောက်ပြန်လေနအေးနှင့်အတူ နှင်းပွင့်နှင်းမှုန်လေးတွေက တသုန်သုန်။

ပျံလွှားငှက်တွေက ဝေဟင်မှာ ပျံသန်းနေကြသည်။ ဟေမဝန္တ၏ ကန့်လန့်ကာအဖွင့်မှာတော့ ဆောင်းပန်းချီကားချပ်က အရောင်အသွေး ဝေဆာလှပလျက်ရှိနေသည်။ ပတ်ဝန်းကျင်မှာတော့ စိုထိုင်းမှုတွေက ပြယ်လွင့်ခဲ့ကြပြီး အေးအေးမြမြနှင့် လင်းပွင့်လာခဲ့ပါပကော။ ရဂုံမြိုင်တစ်ကြော မှာတော့ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ဝေဆာ၍မဆုံး။

သည်လိုမျိုး ချမ်းဆောင်းမြမြ ကာလ၌ မိမိတို့ လောကီလူသားအပေါင်းလည်း လောကီကြီးပွားရာကြီးပွားကြောင်းအတွက် ကောင်းမြတ်သော ရက်တို့ကို ရွေးချယ်လုပ်ကိုင်နိုင်စေခြင်း အကျိုးငှာ•••

၁။ **နေအိမ်တိုက်တာဝယ်ယူရန်**

ဒီဇင်ဘာလ (၁)၊ (၂)၊ (၉)၊ (၁၂)၊ (၂၀)၊ (၂၄) စသော ရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **မော်တော်ကားနှင့် ယာဉ်အမျိုးမျိုးဝယ်ယူရန်**

ဒီဇင်ဘာလ (၉)၊ (၁၆)၊ (၂၆) စသော ရက်များသည် မော်တော်ကားနှင့် ယာဉ်အမျိုးမျိုးဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ရန်**

ဒီဇင်ဘာလ (၂)၊ (၅)၊ (၁၀)၊ (၂၃)၊ (၂၇) စသော ရက်များသည် ရွှေတွင်းများ၊ ကျောက်တွင်းများ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ယှဉ်ပြိုင်ကစားပွဲများ ဆောင်ရွက်ရန်**

ဒီဇင်ဘာလ (၅)၊ (၆)၊ (၉)၊ (၁၀)၊ (၁၃)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၇) စသောရက်များသည် ယှဉ်ပြိုင်ကစားပွဲများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ကျောင်း၊ အိမ်ဆောက်ရန်**

ဒီဇင်ဘာလ (၄)၊ (၅)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၃)၊ (၂၆)၊ (၂၇) စသောရက်များသည် ကျောင်းဆောက်ရန်၊ အိမ်ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ **အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

ဒီဇင်ဘာလ (၄)၊ (၈)၊ (၉)၊ (၁၀)၊ (၁၈)၊ (၂၁)၊



www.burmeseclassic.com

www.burmeseclassic.com

(၃၀) စသော ရက်များသည် အိမ်မဲပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန်**

ဒီဇင်ဘာလ (၂)၊ (၅)၊ (၆)၊ (၁၃)၊ (၂၁)၊ (၂၆)၊ (၂၇) စသော ရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **ခရီးသွားရန်**

ဒီဇင်ဘာလ (၂) (၅)၊ (၆)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၇)၊ (၃၀) စသောရက်များသည် ခရီးသွားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **လယ်ထွန်မင်္ဂလာကျင်းပရန်**

ဒီဇင်ဘာလ (၂) (၅)၊ (၆)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၆)၊ (၂၇) စသောရက်များသည် လယ်ထွန်မင်္ဂလာ ဆင်ယင်ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **အရောင်းအဝယ်လုပ်ကိုင်ရန်**

ဒီဇင်ဘာလ (၂) (၅)၊ (၆)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **သီးနှံမျိုးစေ့ကြဲပက်ရန်**

ဒီဇင်ဘာလ (၂) (၅)၊ (၆)၊ (၉)၊ (၁၃)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် သီးနှံမျိုးစေ့ကြဲပက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **ရေတွင်းရေကန် တူးဖော်ရန်**

ဒီဇင်ဘာလ (၂) (၅)၊ (၆)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၃၀) စသော ရက်များသည် ရေတွင်း၊ ရေကန်များ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ **အောင်ဘာလေထီ ထိုးရန်**

ဒီဇင်ဘာလ (၁)၊ (၁၉)၊ (၂၇)၊ (၃၀) စသောရက်များသည် အောင်ဘာလေထီထိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **ရေသတ္တဝါဖမ်းဖို့ရာ**

ဒီဇင်ဘာလ (၉)၊ (၁၆)၊ (၁၈)၊ (၂၇) စသောရက်များသည် ရေသတ္တဝါတို့အားဖမ်းဆီးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ပဋ္ဌင်းခံရန်၊ ရှင်ပြု၊ နားသရန်**

ဒီဇင်ဘာလ (၂)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၃၀) စသော ရက်များသည် ပဋ္ဌင်းခံ၊ ရှင်ပြု၊ နားသရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **လက်ထပ်မင်္ဂလာ ကျင်းပရန်**

ဒီဇင်ဘာလ (၅)၊ (၁၀)၊ (၂၂) စသော ရက်များသည် လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **ပညာသင်ရန်**

ဒီဇင်ဘာလ (၅)၊ (၆)၊ (၁၃)၊ (၁၆)၊ (၂၁)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် ပညာသင်ယူရန် ကောင်းသောရက်များ ဖြစ်ကြပါသည်။

၁၈။ **မင်္ဂလာအခါပေးဖို့ရာ**

ဒီဇင်ဘာလ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၃၀)၊ (၃၁) စသော ရက်များသည် မင်္ဂလာအခါပေးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံဇာတာ

## ဒီဇင်ဘာလတွင် ဖွားမြင်ခဲ့သူများ

■ ဆရာမိုးဟန်ကြွယ်

ဖခင်နှင့်ပတ်သက်၍ ငွေကြေးများရရှိမည်။ အောင်ဘာလေထီ ပေါက်တတ်သည်။ အဖိုးတန်ပစ္စည်းများ ရရှိမည်။ အလှူဒါနပြုရတတ်သည်။ သားသမီးများအတွက် ခရီးသွားရတတ်သည်။ စီးပွားရေးလုပ်ငန်းများ အောင်မြင်မည်။ တိုင်းရင်းသားများနှင့် အလုပ်လုပ်ရတတ်သည်။ လစာ၊ ရာထူး၊ လုပ်ပိုင်ခွင့်များ တိုးတက်မည်။ မျက်စိ၊ မျက်နှာတို့တွင် ဒဏ်ရာအနာတ့ရ ဖြစ်တတ်သည်။ ပစ္စည်းများ အခိုးခံရတတ်သည်။ ခရီးသွားမည်ဆိုပါက ရေလမ်းခရီးကို ရှောင်ကြဉ်သင့်၏။

ဆေးဝါး၊ အဝတ်အထည်၊ ရတနာပစ္စည်းများ ဝင်မည်။ မိဘများအတွက် ကောင်းသောကိစ္စများကို ဆောင်ရွက်ရတတ်သည်။ အလုပ်ကိစ္စအတွက် ခရီးသွားရတတ်သည်။ လူမျိုးခြားတို့၏ မစမှုကို ခံရလိမ့်မည်။ အစွပ်အစွဲခံရကိန်းရှိသည်။ လုပ်သမျှ ကိုင်သမျှ အပေါက်လမ်းမတည့်ဘဲ လွဲချော်နေတတ်သည်။ လူလိမ်ခံရကိန်းရှိသည်။ ရပ်ဝေးသို့ ပြောင်းရွှေ့နေထိုင်ရတတ်သည်။ မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ မိဘအုပ်ထိန်းသူတို့နှင့် တိုင်ပင်ပြီးမှသာ လုပ်ကိုင်သင့်၏။ ငွေ၊ ပစ္စည်းများ အပ်နှံခြင်းကို လက်မခံသင့်ပါ။ ရင်းနှီးခင်မင်သူသည် ရန်သူဖြစ်လာတတ်၏။

နိုင်ငံရပ်ခြားမှ ငွေကြေး၊ ပစ္စည်းများ ရောက်လာတတ်သည်။ အချစ်ရေးကိစ္စများတွင် ပြေလည်မှုရရှိမည်။ ပျိုရွယ်သူများ အပျော်အပါးများခြင်း၊ အလည်လွန်ခြင်းတို့ကြောင့် ဒုက္ခတွေ့ရတတ်သည်။ အမျိုးသမီး မိန်းမလည်များကြောင့် အမှုအခင်းဖြစ်ရတတ်သည်။ သွေးထွက်သံယိုမှု ဖြစ်တတ်သည်။ အလုပ်အကိုင်သစ်များ ရရှိမည်။ လက်အောက်ငယ်သားများ၏ ကျေးဇူးကန်းခြင်းကိုလည်း ခံရမည်။ လူငယ်လူရွယ်များအတွက် ပညာရေးကောင်းမွန်ပါလိမ့်မည်။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ သတင်းကောင်းများ၊ မင်္ဂလာသတင်းများ ကြားရတတ်သည်။ ဥစ္စာငွေကြေးများ ရရှိမည်။ လူမျိုးခြားဧည့်သည်တို့ ရောက်ရှိလာတတ်၏။ အလုပ်ကိစ္စအတွက် စကားအပြောအဆို ရှိမည်။ အစာအိမ်နှင့် ပတ်သက်၍ ဝေဒနာခံစားရတတ်သည်။ တစ်ပါးသူ၏ ကိစ္စအတွက် အာမခံခြင်းမျိုးကို မပြုလုပ်သင့်ပါ။ တစ်ပါးသူ၏ ပြဿနာမှာ ကိုယ့်ပြဿနာဖြစ်လာတတ်သည်။

မိသားစုအတွက် သောကရောက်ရတတ်သည်။ ငွေကြေးအခက်အခဲရှိပါက ကူညီမည့်သူများ ပေါ်လာတတ်၏။ လူမျိုးခြားတို့၏ ကူညီမှုများ ကြုံရတတ်၏။ ကွန်ပျူတာလုပ်ငန်း၊ တီဗွီ၊ ရေခဲသေတ္တာ၊ အဲယားကွန်းလုပ်ငန်းများ ကောင်းပါ၏။ အပူအအေး မညီမျှမှုကြောင့် ထုံနာကျင်နာများ ခံစားရတတ်သည်။ မဟူရာရတနာကို ဆောင်ထားသင့်၏။ ပျိုရွယ်သူများအနေဖြင့် အိမ်ထောင်ရေးကိစ္စကို အဆောတလျင် မဆောင်ရွက်သင့်ပါ။ သို့မဟုတ်ပါက စလယ်ဝင် ဖင်မမည်းခင်က ကွဲရကိန်းကြုံမည်။ ဘာသာရေးလုပ်ငန်းများကို လုပ်ဆောင်ပါ။ အပျော်အပါးရှောင်ပါ။ လူကြီးမိဘများအား အလှူဒါနပြုပါ။

လက်ရှိနေအိမ်၊ နေရာ၊ အလုပ်အကိုင်တို့ ပြောင်းလဲမှုကြုံမည်။ ရဟန်း၊ သံဃာများကို လှူဒါန်းခွင့်ကြုံမည်။ ဘာသာရေးစာအုပ်စာတမ်းများ လှူရတတ်သည်။

***ယတြာပြုလုပ်လိုပါက*** - မေမြို့ပန်းကို ဘုရားလှူပါ။ ကောက်ညှင်းပြန်ပေါင်းကို လှူပါ။ အညံ့အခိုက်များ ပြေပျောက်သွားပါလိမ့်မည်။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက်

### မဟာဒွိကျော်ခေါင်

လူမှာ စားဝတ်နေမှုဆိုသော အကြောင်းသုံးပါးသည် များစွာမှ အရေးကြီးလှပေ၏။ စားဝတ်နေမှု ပြေလည်ဖို့ရာအလို့ငှာ အလုပ်အကိုင်တွေကောင်းဖို့၊ လုပ်ကိုင်သမျှ အောင်မြင်ဖို့ ရာ အရေးကြီးလှ၏။ သည့်အတွက် အလုပ်အကိုင်အောင်မြင်စေဖို့ရာအတွက် နေ့သားအလိုက် လုပ်ကိုင်ဆောင်ရွက်သင့်သည့် နေ့ကောင်းရက်မြတ်များကို ရွေးချယ်တင်ပြလိုက်ရပါသည်။

**၁။ တနင်္ဂနွေနေ့တွင် မွေးဖွားသူများအဖို့**

ဒီဇင်ဘာလ (၄)၊ (၇)၊ (၈)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၂၀)၊ (၂၂)၊ (၂၄)၊ (၂၉)၊ (၃၁) စသောရက်များသည် တနင်္ဂနွေနေ့တွင် မွေးဖွားသူများအဖို့ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

**၂။ တနင်္လာနေ့တွင် မွေးဖွားသူများအဖို့**

ဒီဇင်ဘာလ (၃)၊ (၆)၊ (၇)၊ (၁၀)၊ (၁၆)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် တနင်္လာနေ့တွင် မွေးဖွားသူများအဖို့ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

**၃။ အင်္ဂါနေ့တွင် မွေးဖွားသူများအဖို့**

ဒီဇင်ဘာလ (၅)၊ (၆)၊ (၉)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၃၁) စသောရက်များသည် အင်္ဂါနေ့တွင် မွေးဖွားသူများအဖို့ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

**၄။ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသူများအဖို့**

ဒီဇင်ဘာလ (၅)၊ (၆)၊ (၈)၊ (၁၁)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၃၁) စသောရက်များသည် ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသူများအဖို့ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

**၅။ ကြာသပတေးနေ့တွင် မွေးဖွားသူများအဖို့**

ဒီဇင်ဘာလ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၁၀)၊ (၁၁)၊ (၁၆)၊ (၁၈)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၃၀)၊ (၃၁) စသောရက်များသည် ကြာသပတေးနေ့တွင် မွေးဖွားသူများအဖို့ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

**၆။ သောကြာနေ့တွင် မွေးဖွားသူများအဖို့**

ဒီဇင်ဘာလ (၂)၊ (၆)၊ (၉)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၃၀) စသောရက်များသည် သောကြာနေ့တွင် မွေးဖွားသူများအဖို့ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

**၇။ စနေနေ့တွင် မွေးဖွားသူများအဖို့**

ဒီဇင်ဘာလ (၂)၊ (၆)၊ (၉)၊ (၁၀)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၁၉)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၃၀) စသောရက်များသည် စနေနေ့တွင်မွေးဖွားသူများအဖို့ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

**၈။ ဗုဒ္ဓဟူးနေ့(ညနေ)ရာဟုတွင် မွေးဖွားသူများအဖို့**

ဒီဇင်ဘာလ (၅)၊ (၈)၊ (၁၁)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၄)၊ (၂၆) စသောရက်များသည် ဗုဒ္ဓဟူးနေ့(ညနေ)ရာဟုတွင် မွေးဖွားသူများအဖို့ ရက်ကောင်းရက်မြတ်များ ဖြစ်ကြပါသည်။

■ မဟာဒွိကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## တ ရု တ် န စ် မွေး သူ များ အ တွ က်

## ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| မျောက်နှစ်မွေးသူ | ၁၉၂၀ | ၁၉၃၂ | ၁၉၄၄ | ၁၉၅၆ | ၁၉၆၈ | ၁၉၈၀ | ၁၉၉၂ | ၂၀၀၄ |
| ကြက်နှစ်မွေးသူ | ၁၉၂၁ | ၁၉၃၃ | ၁၉၄၅ | ၁၉၅၇ | ၁၉၆၉ | ၁၉၈၁ | ၁၉၉၃ | ၂၀၀၅ |
| ခွေးနှစ်မွေးသူ | ၁၉၂၂ | ၁၉၃၄ | ၁၉၄၆ | ၁၉၅၈ | ၁၉၇၀ | ၁၉၈၂ | ၁၉၉၄ | ၂၀၀၆ |
| ဝက်နှစ်မွေးသူ | ၁၉၂၃ | ၁၉၃၅ | ၁၉၄၇ | ၁၉၅၉ | ၁၉၇၁ | ၁၉၈၃ | ၁၉၉၅ | ၂၀၀၇ |
| ကြွက်နှစ်မွေးသူ | ၁၉၂၄ | ၁၉၃၆ | ၁၉၄၈ | ၁၉၆၀ | ၁၉၇၂ | ၁၉၈၄ | ၁၉၉၆ | ၂၀၀၈ |
| နွားနှစ်မွေးသူ | ၁၉၂၅ | ၁၉၃၇ | ၁၉၄၉ | ၁၉၆၁ | ၁၉၇၃ | ၁၉၈၅ | ၁၉၉၇ | ၂၀၀၉ |
| ကျားနှစ်မွေးသူ | ၁၉၂၆ | ၁၉၃၈ | ၁၉၅၀ | ၁၉၆၂ | ၁၉၇၄ | ၁၉၈၆ | ၁၉၉၈ | ၂၀၁၀ |
| ယုန်နှစ်မွေးသူ | ၁၉၂၇ | ၁၉၃၉ | ၁၉၅၁ | ၁၉၆၃ | ၁၉၇၅ | ၁၉၈၇ | ၁၉၉၉ | ၂၀၁၁ |
| နဂါးနှစ်မွေးသူ | ၁၉၂၈ | ၁၉၄၀ | ၁၉၅၂ | ၁၉၆၄ | ၁၉၇၆ | ၁၉၈၈ | ၂၀၀၀ | ၂၀၁၂ |
| မြွေနှစ်မွေးသူ | ၁၉၂၉ | ၁၉၄၁ | ၁၉၅၃ | ၁၉၆၅ | ၁၉၇၇ | ၁၉၈၉ | ၂၀၀၁ | ၂၀၁၃ |
| မြင်းနှစ်မွေးသူ | ၁၉၃၀ | ၁၉၄၂ | ၁၉၅၄ | ၁၉၆၆ | ၁၉၇၈ | ၁၉၉၀ | ၂၀၀၂ | ၂၀၁၄ |
| ဆိတ်နှစ်မွေးသူ | ၁၉၃၁ | ၁၉၄၃ | ၁၉၅၅ | ၁၉၆၇ | ၁၉၇၉ | ၁၉၉၁ | ၂၀၀၃ | ၂၀၁၅ |



www.burmeseclassic.com

www.burmeseclassic.com

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးသွားနိုင်၏။ ဈေးဆိုင်သစ်ဖွင့်နိုင်၊ တည်နိုင်၏။ ငွေဖြုန်ငွေမဲဖြစ်ပါလိမ့်မည်။ မီးဖိုပြုလုပ်နိုင်၏။ ဆေးကုနိုင်၏။ သမားတော် ရှာထွက်နိုင်၏။ ဒီဇင်ဘာလ ၁ ရက်နေ့ ၁၃ ရက်နေ့ နှင့် ၂၅ ရက်နေ့များသည် ရက်ကောင်း မင်္ဂလာနေ့များ ဖြစ်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

နေအိမ်ပြုပြင် တည်ဆောက်ခြင်း မပြုလုပ်ရ။ အနုပညာ မသင်ကြားရ။ အချည်းနှီးဖြစ်တတ်ပါသည်။ တာရှီး ကဇင်းရှိး တာတမ်များ မပြုပြင်ရ။ ခဏစောင့်ပါဦး။ ခိုက်တတ်၏။ ငွေမဲ(ငွေမည်း)လက်မခံရ။ အမှုပြဿနာ တက်တတ်၏။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိ၏နေအိမ်ခြံဝင်း သန့်ရှင်းရေးလုပ်ပေးပါ။ မိမိ၏ ရပ်ကွက် သန့်ရှင်းရေးလုပ်ပေးခြင်းအားဖြင့် ကုသိုလ်ကောင်းမှုရယူပါ။ ခရီးထွက်နိုင်၏။ ဈေးဆိုင်သစ်ဖွင့်နိုင်၊ တည်နိုင်၏။ ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်လျှင် အကျိုးပေးမည်။

### ရှောင်ကြဉ်ရန်အချက်များ

မိမိ၏နေအိမ်မီးဖိုခန်း ပြုပြင်ဆောက်လုပ်ခြင်း မပြုကြရ။ မြေမချရ။ စိုက်ပျိုးရေးမလုပ်ကိုင်သင့်။ အကျိုးမဲ့ဖြစ်တတ်၏။



## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်ကံနိမ့်နေ၏။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ခြင်း မပြုကြရ။ ခဏခေတ္တအနားယူပြီး ဘာသာရေးလုပ်ငန်း။ ကုသိုလ်ကောင်းမှုများများ လုပ်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ စေ့စပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း လက်ထပ်ခြင်းမပြုရ။ ခဏခေတ္တစောင့်ပါ။ မစောင့်နိုင်လျှင် အကျိုးယုတ်တတ်သည်။ ခရီးမထွက်သင့်။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲလုပ်နိုင်၏။ နေအိမ် ပြင်ဆင်ဆောက်လုပ်နိုင်၏။ ကူးသန်းရောင်းဝယ်နိုင်၏။ ပြည်တွင်းပြည်ပ ကုန်သွယ်ရေးလုပ်လျှင် အကျိုးရှိမည်။ အနုပညာဂီတ သင်ကြားလျှင် ထူးချွန်မှုရှိမည်။ လက်ထပ်နိုင်၏။ အလုပ်လျှောက်နိုင်၏။ အလုပ်သစ်၊ ရာထူးသစ်လက်ခံပါ။ သင့်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ အခန်း။ ခုတင် နေရာချနိုင်၏။ အသုဘပို့ဆောင်နိုင်၏။ သင်္ချိုင်းမြေနှင်းနိုင်၏။ ဒီဇင်ဘာလ ၄ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်၏။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်ကိန်းရှိမည်။ လုံးဝ(လုံးဝ)လက်မခံရ။ ရှောင်ပါ။ မရှောင်နိုင်ပါက အမှုပြဿနာ တက်တတ်၏။ သတိကြီးစွာထားပါ။ အထူးဆင်ခြင်ပါလေ။ လက်ထပ်ထိမ်းမြားခြင်းကို ခဏစောင့်ဆိုင်းပါ။ မရှောင်နိုင်လျှင် အကျိုးယုတ်ပါလိမ့်မည်။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်ကံကောင်းနေ၏။ လုပ်ငန်းအကြံအစည် ထမြောက်အောင်မြင်လိမ့်မည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ ခရီးသွားနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်းမပြုရ။ ပြဿနာတက်တတ်ပါသည်။ ခဏခဏရှောင်နေပါဦး။ မရှောင်နိုင်လျှင် အကျိုးယုတ်မည်။ ခရီးထွက်နိုင်ပါသော်လည်း ခရီးဝေးနှင့် ရေကြောင်းခရီးကို အထူးရှောင်ရှားနိုင်ပါစေ။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

နေအိမ်မီးဖိုခန်း ပြင်ဆင်ဆောက်လုပ်နိုင်၏။ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်လျှင် အကျိုးပေးမှုရှိမည်။ ရင်းနှီးမြှုပ်နှံပါ။ အကျိုးထူးမည်။ တောအမဲလိုက်ပါ။ သားကောင်များများ ရရှိပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

အလုပ်နှင့်နေအိမ် ပြောင်းရွှေ့ခြင်းမပြုရ။ အချည်းနှီးဖြစ်တတ်ပါသည်။ အလုပ်သစ် မလျှောက်ရ။ ခရီးဝေး ခရီးနီးရှောင်ပါ။ ဘေးအန္တရာယ်များ စောင့်ကြိုနေတတ်၏။ ဆေးမကုသင့်သေး။ ဆေးသမားတော် မရှာထွက်သင့်သေး။ ခဏစောင့်ပါဦး။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်းရှောင်ပါ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိမိ၏နေအိမ် ပြင်ဆင်ဆောက်လုပ်နိုင်၏။ တောကောင် အမဲလိုက်နိုင်၏။ သင်ကံကောင်းနေပါလိမ့်မည်။ ကူးသန်းရောင်းဝယ်ဖောက်ကားနိုင်၏။ အကျိုးပေးမှုရှိမည်။ ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ ပြုလုပ်နိုင်၏။ အနုပညာ၊ ဂီတ၊ အကသင်ကြားနိုင်၏။ အကျိုးပေးမည်။ ထူးချွန်မှုရှိမည်။ ဒီဇင်ဘာလ ၇ ရက်နေ့၊ ၁၉ ရက်နေ့နှင့် ၃၁ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ လုပ်ဖြစ်အောင်လုပ်ပါ။ အခွင့်ကောင်း လက်လွှတ်မခံပါနှင့်။

### ရှောင်ကြဉ်ရန်အချက်များ

မိမိ၏အိမ်ရှေ့ နေအိမ်တံခါးမကြီးကို မပြုပြင်ရ။ အသစ်မတပ်ဆင်ရပါ ခိုက်တတ်ပါသည်။ ခဏခဏစောင့်ဆိုင်းပါဦး။ နေအိမ်နှင့် အလုပ်အကိုင် မပြောင်းရွှေ့ရ။ အချည်းနှီး ဖြစ်တတ်ပါသည်။ ခရီးမထွက်ရ။ ဘေးအန္တရာယ်များလှသည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့ နှင့် ၃၁ ရက်နေ့ကို ရှောင်ရှားနိုင်ပါစေ။

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင် ယခုလ ကံနိမ့်နေရာ၏။ စီးပွားရေးလုပ်ငန်း ခဏခေတ္တ အနားယူပြီး ဘာသာရေးလုပ်ငန်း လုပ်ပေးခြင်းအားဖြင့် ကုသိုလ်ကောင်းမှုများ ရယူပါ။ မကြာမီ ကံထလာပါလိမ့်မည်။ ခရီးထွက်နိုင်ပါသည်။ စေ့စပ်နိုင်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်ပါသော်ငြားလည်း ကုန်း၊ ရေကြောင်း ခရီးကို ကြပ်ကြပ်ရှောင်ပါလေ။ စေ့စပ်နိုင်သော်လည်း လက်ထပ်ခြင်းမပြုလုပ်ရ။ ခဏရှောင်နေပါ။ မရှောင်နိုင်ပါက အကျိုးယုတ်တတ်၏။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လက်ထပ်နိုင်၏။ အခန်း၊ ခုတင် နေရာချနိုင်၏။ ခရီးထွက်နိုင်၏။ အိမ်ပြင်ဆောက်လုပ်နိုင်၏။ ဒီဇင်ဘာလ ၉ ရက်နေ့နှင့် ၂၁ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



### ရှောင်ကြဉ်ရန်အချက်များ

မိမိ၏နေအိမ်တံခါး မပြုပြင်ရ။ အသစ်တပ်ဆင်ခြင်း မပြုရ။ ခိုက်တတ်၏။ ရေကောင်းခရီးကို ကြပ်ကြပ်ရှောင်ပါ။ ရေဘေးရှိ၏။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လက်ထပ်ထိမ်းမြားနိုင်၏။ စီးပွားရေးလုပ်ငန်းသစ် ထူထောင်နိုင်၏။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ လယ်ယာခြံ ဥယျာဉ်မြေ ဝယ်ယူနိုင်၏။ စာချုပ်ချုပ်ဆိုနိုင်၏။ အလုပ်လျှောက်နိုင်၏။ အလုပ်ရာထူး အသစ် လက်ခံသင့်၏။ ဒီဇင်ဘာလ ၁၀ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်လာလိမ့်မည်။ လုံးဝလက်မခံရ။ တရား မစွဲဆိုရ။ အမှုမရင်ဆိုင်ရ။ ရုံးမတက်ရ။ အရေးရှုံးနိမ့်ပါလိမ့်မည်။ ခရီးထွက်နိုင်၏။ သို့သော် ရေကြောင်းခရီးနှင့် လေကြောင်းခရီးကိုပါ အထူးပင် ရှောင်ကြဉ်သင့်ပါသည်။ တစ်ဖန် လိုအပ်လျှင် ကုန်းကြောင်းခရီးတွင် ဘေးများ၍ ခဏခဏတွေ့ ရှောင်ကြဉ်သင့်ပါသည်။ နေအိမ်တွင် နားနားနေနေ နေပေးပါလေ။

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လက်ထပ်ထိမ်းမြားနိုင်၏။ နေအိမ်နှင့်အလုပ် ပြောင်းရွှေ့နိုင်၏။ ခရီးထွက်နိုင်၏။ စီးပွားရေးလုပ်ငန်းသစ် ထူထောင်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ဂိုဒေါင်၊ စတိုခန်း ရှင်းလင်း ပြုပြင်နိုင်ပါသည်။ ထို့ပြင် မီးဖိုခန်း ပြုပြင်နိုင်ပါ သေးသည်။

### ရှောင်ကြဉ်ရန်အချက်များ

ရီးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ မပြုလုပ်သင့်။ သင်္ချိုင်းမြေ မနင်းကောင်း။ အသုဘမပို့ရ။ လာဘ်တိတ်တတ်၏။ ခိုက်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကူးသန်းရောင်းဝယ် ဖောက်ကားနိုင်၏။ ပြည်တွင်း ပြည်ပ ကုန်သွယ်ရေးပြုလုပ်လျှင် အကျိုးထူးပေးမှု ရှိပါသည်။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ စီးပွားရေးလုပ်ငန်းသစ် ထူထောင်လျှင် အကျိုးပေးမှုများ ရပါလိမ့်မည်။ လက်ထပ်ထိမ်းမြားနိုင်၏။ အနုပညာ၊ ဂီတ၊ အဆိုနှင့်အက ပညာ သင်ကြားလျှင် ထူးချွန်မှုရှိမည်။ သင်ဖြစ်အောင် သင်ကြား ပါလေ။ ကောင်းကျိုးပေးပါလိမ့်မည်။ ဆေးသမားတော် ရှာ ထွက်နိုင်၏။ ဆေးကုနိုင်၏။ မိမိ၏နေအိမ်နှင့် မီးဖိုခန်း ပြင် ဆင်ဆောက်လုပ်နိုင်ပါသည်။

### ရှောင်ကြဉ်ရန်အချက်များ

အသုဘမပို့ရ။ သင်္ချိုင်းမြေမနင်းရ။ လာဘ်တိတ်တတ် သည်။ ခိုက်တတ်သည်။ အလုပ်၊ ရာထူးသစ် မလျှောက်ရ အလုပ်နှင့်ရာထူးအသစ် လက်မခံသင့်၊ လက်မခံရပါ။ အကျိ ယုတ်တတ်၏။ အမှုပြဿနာတက်တတ်၏။ ခရီးမထွက်သင့် ရေကြောင်းခရီးကို ရှောင်နိုင်ပါစေ။

## ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊ (၂၀၁၅ ခုနှစ်)

ပေကျင်း(ဝီကင်း)၊ တရုတ်ပြည်။



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘာန်ချောင်၏

## ၂၀၁၅ ခုနှစ် ဆိတ်နှစ် လအလိုက်အဟော

## နိဝင်ဘာလ

**(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)**

■ ဦးတိုး(တက္ကသိုလ)

**မကာရ ရာသီဖွား (ဆိတ်ရုပ်) (Capricorn)**

**ဇန်နဝါရီလ ၁၄ ရက်မှ ဖေဖော်ဝါရီလ ၁၂ ရက်**

သင့်ရုံးတွင် အပြောင်းအလဲများရှိမည်ဖြစ်၍ သင့်အတွက် သတင်းကောင်းဖြစ်ပါသည်။ အဝေးတစ်နေရာမှ သင့်ထက် အသက်ငယ်ရွယ်သော သူငယ်ချင်းတစ်ဦးထံမှ သတင်းကောင်းများ ကြားရမည်။ သင့်တွင် အစီအစဉ်ကြီးတစ်ခုရှိနေလျှင် သုံးစွဲမည့် ဘဏ္ဍာငွေကို စစ်စစ်စီစီသုံးရန် လိုပေလိမ့်မည်။

**ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်) (Aquarius)**

**ဖေဖော်ဝါရီလ ၁၄ ရက်မှ မတ်လ ၁၃ ရက်**

စိတ်ဆိုးဒေါသထွက်လျှင် ကိစ္စရပ်များ ပိုမိုဆိုးရွားလာပါလိမ့်မည်။ အကောင်းဆုံးကတော့ ရေငုံနှုတ်ပိတ်နေတာ အကောင်းဆုံးဖြစ်သည်။ သင့်ကိုယ်သင် အားကိုး၍လုပ်လျှင် လုပ်ငန်းအောင်မြင်မည်။ ချစ်သူချင်း ကိစ္စငယ်ကလေးနှင့် ပတ်သက်၍ စကားများ ရန်ဖြစ်ကြရလိမ့်မည်။

**မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်) (Pisces)**

**မတ်လ ၁၄ ရက်မှ ဧပြီလ ၁၄ ရက်**

ယခုလတွင် အဖွဲ့တစ်ဖွဲ့အနေဖြင့် ဆောင်ရွက်တာထက် ကိုယ်တစ်ဦးတည်း လုပ်ကိုင်လျှင် အလုပ်တွင်ကျယ်ပါလိမ့်မည်။ သို့မဟုတ်ပါက လုပ်ဖော်ကိုင်ဖက်များမှ ကတ်သီးကတ်ဖဲ့ အနှောင့်အယှက်ပေးလိမ့်မည်။

**မိဿရာသီဖွား (သိုးထီးရုပ်) (Aries)**

**ဧပြီလ ၁၅ ရက်မှ မေလ ၁၄ ရက်**

အတုအယောင် မြှောက်ပင့်ပြောဆိုနေသည့်နောက်သို့ မိန်းမောပါမသွားပါနှင့်။ ၎င်းကြောင့် နမော်နမဲ့ဖြစ်သွားတတ်သည်။ အချစ်ကိစ္စ၌ သင်သည် တွန့်ဆုတ် တွန့်ဆုတ်ဖြစ်နေဦးမည်။ အချိန်ယူ၍ အကြံကောင်း၊ ဉာဏ်ကောင်းပေးနေသည်ကို နာယူလက်ခံလိုက်ပါ။

**ပြိဿရာသီဖွား (နွားလားဥသဘရုပ်) (Taurus)**

**မေလ ၁၅ ရက်မှ ဇွန်လ ၁၄ ရက်**

ယခင်တစ်ခါတုန်းက တစ်စုံတစ်ယောက်ထံမှ အခွင့်အရေးယူခဲ့ဖူးလျှင် ယခုအခါ ပြန်လည်ပေးဆပ်ရန် အချိန်တန်ပြီဖြစ်သည်။ အကယ်၍ သင်သည် အောင်မြင်မှုရလိုပါက အခြားသူများထံမှ အကူအညီကို မမျှော်လင့်ဘဲ ကိုယ်တိုင်ကြိုးပမ်းလုပ်ဆောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

### မေထုန်ရာသီဖွား (အမြွာရုပ်) (Gemini)
### ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၁၅ ရက်

သင်လုပ်ရသောအလုပ်သည် ကြမ်းတမ်းနေမည်ဖြစ်သော်လည်း နောက်ဆုံးတွင် အကျိုးခံစားရပါလိမ့်မည်။ လောင်းကစား မလုပ်ပါနှင့်။ နောက်ပြီး ရင်းနှီးမြှုပ်နှံမှုကိုလည်း မလုပ်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် ယခုလတွင် ကံလိုက်မည်မဟုတ်သောကြောင့် ဖြစ်ပါသည်။ အကယ်၍ သင်သည် တစ်စုံတစ်ယောက်ကို စိတ်ဝင်စားနေပြီဟုဆိုလျှင် သူ၊ သို့မဟုတ် သူမကို အသိပေးလိုက်ပါ။ အောင်မြင်ရန် အခွင့်အရေးမြင့်မားနေပါသည်။

### ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်) (Cancer)
### ဇူလိုင်လ ၁၆ ရက်မှ ဩဂုတ်လ ၁၆ ရက်

အချစ်ဆုံးသူငယ်ချင်းတစ်ဦးနှင့်ဖြစ်စေ၊ မိသားစုဝင်တစ်ဦးနှင့်ဖြစ်စေ အတူတကွ ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးအချိန် ဖြစ်ပါသည်။ စားကောင်းသောက်ကောင်းများ တစ်ပုံကြီး သင့်တွင်ရှိနေသည့်အပြင် သင်ကြိုးကြိုးစားစား လုပ်ကိုင်ခဲ့သောကြောင့် ဝင်ငွေမှာလည်း များပြားနေပါလိမ့်မည်။ သင်သည် ယုံကြည်စိတ်ချသော ဝါဒထားသူဖြစ်၍ မိတ်ဆွေသစ်များ ရရှိမည်။

### သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်) (Leo)
### ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၅ ရက်

ယခုလတွင် ချီးကျူးခံရပြီး လက်ဆောင်ပစ္စည်းအများအပြား ရရှိမည်။ တစ်ကိုယ်တည်းသမားဖြစ်ပါက ခရီးသွားရင်း တစ်စုံတစ်ဦးကို တွေ့ရှိပါလိမ့်မည်။ တစ်စုံတစ်ဦးထံသို့ ငွေမချေးလိုက်ပါနှင့်။ ငွေနှင့်ပတ်သက်၍ စကားများရန်ဖြစ်ရမည်။ ကတိစကားလည်း မပေးသင့်ပေ။

### ကန်ရာသီဖွား (အပျိုစင်ရုပ်) (Virgo)
### စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

ယခုလသည် သင့်အတွက် သည်းဖိုရထားတစ်စင်း၊ ရိုလာကိုစတာကဲ့သို့ ဖြစ်နေလိမ့်မည်။ အတက်အဆင်းအများကြီး ကြုံတွေ့မည်။ အလုပ်ကို အချိန်မီ ပြီးစီးအောင်လုပ်ပါ။ သို့မဟုတ်ပါက သုံးမရဘဲ ဖြစ်သွားမည်။ ယခုလတွင် ဝင်ငွေများမည်။ ငွေသုံးသည်ထက် ရင်းနှီးမြှုပ်နှံလျှင် ပိုမိုကောင်းမွန်ပါသည်။

### တူရာသီဖွား (ချိန်ခွင်ရုပ်) (Libra)
### အောက်တိုဘာလ ၁၇ ရက်မှ နိုဝင်ဘာလ ၁၅ ရက်

သင့်ပတ်ဝန်းကျင်မှ လူများ၏ ထောက်ကူပေးမှုဖြင့် စိန်ခေါ်မှုကြီးများကို အလွယ်တကူ ကျော်လွှားနိုင်မည်။ အကယ်၍ သင်သည် ရင်းနှီးမြှုပ်နှံလိုလျှင်သော်လည်းကောင်း၊ တစ်စုံတစ်ရာအသစ်ကို စတင်ရန်သော်လည်းကောင်း ရှိနေလျှင် ရင်းနှီးသောမိတ်ဆွေတစ်ဦး၊ သို့မဟုတ် မိသားစုဝင်တစ်ဦးနှင့်အတူ လုပ်ဆောင်လိုက်ပါ။

### ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်) (Scorpio)
### နိုဝင်ဘာလ ၁၆ ရက်မှ ဒီဇင်ဘာလ ၁၄ ရက်

မသေချာ မရေရာ ဖြစ်နေမှာမို့ ယခုလတွင် ငွေအပြောက်အမြားကို ရင်းနှီးမြှုပ်နှံရန် မသင့်သေးချေ။ ထိုသို့မလုပ်ဘဲ ငွေကိုသာ စုဆောင်းထားလိုက်ပါ။ မျှတမှုမရှိသော သဘောတူညီချက်လုပ်ရန် ကမ်းလှမ်းလာလိမ့်မည်။ သင့်ထံမှ အခွင့်ကောင်းယူခြင်း မခံလိုက်ရအောင် သေချာအောင် လုပ်ဆောင်ပါ။

### ဓနုရာသီဖွား (လေးစွဲယောကျ်ားရုပ်) (Sagittarius)
### ဒီဇင်ဘာလ ၁၅ ရက်မှ ဇန်နဝါရီလ ၁၃ ရက်

သင်၏ အကြံဉာဏ်စိတ်ကူးများကို ကောင်းစွာ လက်ခံမည်။ နောက်ပြီး ညှိနှိုင်းဆောင်ရွက်ရမှုသည်လည်း အသီးအပွင့်ခံစားရမည်။ ယခုလတွင် ပင်လယ်ရပ်ခြားသို့ ခရီးတစ်ခု သွားရမည့် အခွင့်အရေးရှိသည်။ အသက်ကြီးသူ တစ်ဦးမှ သင့်အား ကံကောင်းမှုများကို ယူဆောင်လာမည်။ ချစ်သူစုံတွဲဖြစ်လျှင် လက်ထပ်ရမည်။ အိမ်ထောင်ကျပြီးသူများ ဖြစ်နေလျှင် ကောင်းသတင်းကြားရမည်။

**ဦးတိုး(တက္ကသိလ)**

***Reference:***

The BKK Post: Your year at a glance: The Year of the Goat by Khatha Chinna banchain

www.burmeseclassic.com

# ကြာနံ့သင်းထုံ ဝတ်မှုန်ကြဲ ဆီမီးမြင်းမိုရ်ပွဲ

✦ တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျွမ်းပြု)

ဝါလကင်းလွတ်၍ တူရာသီမည်သော သီတင်းကျွတ်သို့ ရောက်ခဲ့ပေပြီ။ ဤ၌ "ရာသီတူခွင်၊ ရေပြင်လှတင့်၊ ကြာမျိုးပွင့်"ဆိုသော ရှေးဟောင်းစကားနှင့်အညီ ရာသီလေပြန်အစ ပေါမန္တပုံလွှာတို့ လှူးလွန့်ရုံ လှုးလွန့်လျက် ငြိမ့်ငြိမ့်အေးအေး ရှိလှပါသည်ကော။ ကြာဖြူ၊ ကြာနီ၊ ကြာပုဏ္ဍရိက်စသော ငါးမည်သော ကြာပန်းခိုင်တို့မှာလည်း ကန်ပြင်၌ လှပစွာ ပွင့်ချပ်တို့ကိုဖွင့်လှပ်ရင်း ကြိုင်လှိုင်ပျံ့မွှေးနေကြပြီဖြစ်၏။

စင်စစ် ဝါလကင်းလွတ် သီတင်းကျွတ်မည်သောလကား ရဟန်းသံဃာတော်များနှင့် စပ်လျဉ်း၍ အမည်သညာပြုထားလပင် ဖြစ်၏။ ရဟန်းသံဃာတော်တို့သည် တောင်သူလယ်သမားဦးကြီးများ၊ ဒကာ,ဒကာမအပေါင်းတို့၏ ပစ္စယာနုဂ္ဂဟ ဆွမ်းကွမ်းထောက်ပံ့မှုကြောင့် ဝါတွင်းသုံးလတိုင်တိုင် ဝါကပ်လျက် ပရိယတ်ကို အားထုတ်တော်မူခဲ့ကြ၏။ ဥပုသ်အိမ်၊ သိမ်တို့၌ ပဝါရဏာများကို ပြုလုပ်ခဲ့ကြ၏။

ဤ၌ "ပဝါရဏာ"ဆိုသည်မှာ "ဆိုအပ်သောအချိန်ကာလအတွင်း မိမိတို့၌ အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်တော်မူကြပါ"ဟူ၍ မေတ္တာရပ်ခံကြခြင်းပင် ဖြစ်ပါသည်။ ထို့အတူပင် သိက္ခာဝါရင့် မထေရ်ကြီးများကလည်း "သင်တို့တောင်းပန်လျှောက်ထားသကဲ့သို့ပင် ငါတို့၌လည်း အပြစ်ကြီးငယ်ရှိပါက ခွင့်လွှတ်တော်မူကြပါ"ဟူ၍ ခွင့်ပန်ကြလေ၏။ အဆိုပါကောင်းမြတ်သော အလေ့အထကို အတုယူ၍ မိမိတို့ ပုထုဇဉ် လူသားအပေါင်းကလည်း ဝါလကင်းလွတ် သီတင်းကျွတ်ရာသီရောက်လေသော် မိဘ၊ ဆရာသမားများနှင့်တကွ သက်ကြီးဘိုးဘွားအပေါင်းတို့အား ဦးနှိမ်မာန်လျှော့ ပူဇော်ကန်တော့လျက် အပြစ်ကြီးငယ်အပေါင်းရှိခဲ့ပါက ခွင့်လွှတ်တော်မူပါရန် တောင်းပန်သမှုပြုကြလေသည်။ မိဘ၊ ဆရာသမားများနှင့် ဘိုးဘွားတို့ကလည်း ခွင့်လွှတ်ကြစမြဲပင်။

ဝါဆိုရသောကာလ၊ တစ်နည်းအားဖြင့် ညအိပ်ညနေ ရပ်ဝေးဒေသသို့ မထွက်ရဘဲ ကျောင်းမှာပင် သုံးလတာကာလပတ်လုံး ပရိယတ်ကို အားထုတ်ခဲ့ကြရသော ရဟန်းသံဃာတို့သည် မိုးလေငြိမ်စပြုပြီဖြစ်သော၊ လမ်းပန်းဆက်သွယ်မှုပွင့်လင်းလာပြီဖြစ်သော၊ ကြာမျိုးရနံ့တို့ ဆွတ်ပျံ့ထုံရီသော သီတင်းကျွတ်ကာလသမယ၌ မိမိတို့သွားလိုရာ ရပ်ရွာ၊ မြို့ပြဒေသများဆီသို့ လွတ်လပ်ပေ့ါပါးစွာ သွားလာခွင့်ရပြီဖြစ်ရကား ကြည်နူးပီတိဖြစ်ဖွယ်လည်း ကောင်းလှပါတော့သည်။

သီတင်းကျွတ်လ၌ ထူးခြားစွာ ဆင်ယင်ကျင်းပသော ပွဲကား ဂေါတမဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကပင် ပေါ်ထွန်းခဲ့သော "ဆီမီးမြင်းမိုရ်"ပွဲ ဖြစ်လေသည်။ ဘုရားရှင်သည် မိခင်ဖြစ်ခဲ့ဖူးသော တာဝတိံသာနတ်ပြည်ရှိ သန္တုသိတနတ်သားကို အမှူးပြုလျက်နက်နဲသော အဘိဓမ္မာဒေသနာတော်တို့ကို ဟောကြားရန် ဝါတွင်းသုံးလကာလပတ်လုံး လူ့ပြည်မှ ကြွမြန်းသွားခဲ့လေသည်။ ထိုဝါတွင်းသုံးလ ကာလပတ်လုံး လူအပေါင်းတို့အဖို့ ဘုရားရှင်ကို ဖူးမြင်ခွင့်မရသည့်အတွက် တမ်းတနေမိကြလေသည်။ ဤ၌ လပြည့်နေ့ အချိန်အခါဝယ် တာဝတိံသာမှသည် လူ့ပြည်ဒေသတစ်ခုဖြစ်သော သင်္ကဿနဂိုရ်သို့တိုင် စောင်းတန်းကြီးသုံးသွယ် ပေါ်ထွန်းခဲ့ချေ၏။ စောင်းတန်းကြီးသုံးသွယ်ကား ရွှေစောင်းတန်း၊ ငွေစောင်းတန်းတို့ ဘေးနှစ်ဖက်ခြံရံလျက် အလယ်စောင်းတန်းဖြစ်သော ပတ္တမြားစောင်းတန်းမှ ဆင်းသက်၏။ ပဉ္စသိခ်နတ်သား၏ သာယာသော ဓမ္မစောင်းညင်းသံနှင့်အတူ နတ်

www.burmeseclassic.com

အပေါင်း။ ပြဟ္မာအပေါင်းတို့ ခြံရံလိုက်ပါလာကာ ဘုရားရှင်အား ထီးမိုးပေးကြ၏။ ဤ၌ ပြည်သူပြည်သား အပေါင်းတို့မှာ ဘုရားရှင်ကြွလာသည်ကို ကြိုဆိုသည့်အနေဖြင့် ဆီမီးတို့ ထွန်းညှိကာ ကြည်ညိုပူဇော်ခဲ့ကြလေသည်။ ထိုအလေ့အထသည် ယခုကာလတိုင်အောင် ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်ကြသူများအဖို့ လေးမြတ်ကြည်ညိုဖွယ် ဆင်ယင်ကျင်းပမြဲ ဖြစ်ပေသည်။

အင်းဝရွှေမြို့တော်ကြီး ကောင်းစားစဉ်အခါက မင်းရင်ပြင်၌ မြင့်မားလှစွာသော ပြာသာဒ်ကြီးကို ဆောက်လုပ်၍ လေ့ကားသုံးသွယ်ဖြင့် ဆင်ယင်ပြီးလျှင် ဆီမီးများ ထွန်းညှိပူဇော်ခဲ့ကြသည်။ သည့်အတွက် ဆီမီးမြင်းမိုရ်ပွဲဟု ခေါ်ကြသလို "တာဝတိံသာပွဲ"ဟူ၍လည်း အမည်သညာပြုကြသည်။ ရှေးက သဘင်ပညာရှင်ကြီးများသည် လောက၊ ဓမ္မ၊ ရာဇဟူသော အရေးသုံးပါးကို ကောင်းစွာ လေ့လာတတ်ကျွမ်းကြသည့်အလျောက် ဘုရားရှင်ပညတ်တော်မူခဲ့သော ဝါကျွတ်၊ သီတင်းကျွတ်ပွဲသဘင်များအကြောင်း ဇာတ်ပွဲများ၌ လေပြေထိုးလင်္ကာတို့အား・・・

*"မီးပုံးပျံ ရတနာနန်းခရိုင်ဝယ်၊ ကြာပန်းခိုင်နှင့် မင်းအထွတ် ခ,ကြရ၊ သီတင်းကျွတ်လ ထက်နတ်ပြည်ကဲ့သို့၊ နက္ခတ်အသဝဏီ၊ အာဇတာထိန်ဝါ၍၊ တာဝတိံသာက၊ ဘဂဝါအရဟံ သက်ပေသည့်၊ ကာယကံလက်နှင့် ဖူးညားတော့၊ အမျိုးထားကာ အောင်စည်နှော် မချဲ့ပါဘူး(ရှာစား) 'ထူးမခြားနား' ရောင်ခြည်တော်ဖွင့်စမ်း"*

ဟူ၍ လက်တန်းရွတ်ဆိုကြကြောင်း မှတ်သားရပါသည်။ မြတ်စွာဘုရားရှင်က ရဟန်းသံဃာတော်တို့အပေါ် ဝါကပ်ခြင်းနှစ်ရပ်အပေါ် ခွင့်ပြုတော်မူခဲ့ပါသည်။ ပထမဝါမှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိကပ်သော "ပုရိမ"ဝါ ဖြစ်၏။ ဒုတိယဝါမှာ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိကပ်သော "ပစ္ဆိမဝါ" ဖြစ်၏။ ဤ၌ ဒုတိယဝါဖြစ်သော ပစ္ဆိမဝါကို ခွင့်ပြုရခြင်းမှာ အချို့ အချို့သော ခရီးလွန်နေသည့် ရဟန်းသံဃာတို့အား ကရုဏာရှေ့ထား၍ ဖြစ်ပါသည်။

ဤ၌ ဝါထပ်ခဲ့ပါက ဒုတိယဝါဆို လပြည့်ကျော် ၁ ရက်နေ့တွင် စတင် ဝါကပ်ကြရပါသည်။ ဝါထပ်ရက်ငင်ကိစ္စများကို ရဟန်းသံဃာများအနေဖြင့် ပြုပြင်စီမံခွင့်မရှိ။ ထိုကိစ္စမှာ တိုင်းပြည်အုပ်ချုပ်သော မင်းတို့၏ အဆုံးအဖြတ်၌သာ တည်ပါသည်။ ဘုရားရှင်ကလည်း・・・

"အနုဇနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ"ဟူ၍ ဘုရင်အုပ်ချုပ်သူများ၏ အဆုံးအဖြတ်အတိုင်း ရဟန်းတို့က လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း မိန့်တော်မူပါသည်။

ဝါလကင်းလွတ် သီတင်းကျွတ်ရာသီ ရောက်ပြီဆိုလျှင် တောတောင်ရေမြေအသီးသီးရှိ သစ်ပင်ပန်းမာလ်တို့သည် သဘာဝမိုးရေချိုချိုကို ဝလင်စွာသောက်သုံးပြီးပြီဖြစ်လေရကား လန်းဆန်းစိမ်းမြလျက် ခိုင်ညှာတံအပွင့် ဆင့်ရရင့်စီရရီ ရှိနေကြပါသည်။ အထူးသဖြင့် သူ့ရာသီ သူ့ကာလနှင့်အညီ စည်းနရီညှိလျက် ပွင့်လန်းလာကြသည်က မည်သို့သောအခါမျှ မှားယွင်းခြင်းမရှိသည့် သဘာဝ "မာလာဗေဒပက္ခဒိန်"မည်သော ပန်းပြက္ခဒိန်ပင် ဖြစ်ပေ၏။ သည်ပြက္ခဒိန်ကို ဖွင့်လှပ်၍ စာဆိုတို့သည် ကြည်နူးလွမ်းဆွတ်ဖွယ်ကောင်းသော စာကဗျာတို့ကို ခြယ်မှုန်းဖွင့်ဆိုခဲ့ကြ၏။ ဤ၌ ဆယ့်နှစ်ရာသီဘွဲ့ လွမ်းချင်းစာဆိုရှင်ဖြစ်သော မဟာအတုလမင်းကြီးက သီတင်းကျွတ်လဘွဲ့ကို အောက်ပါအတိုင်း လွမ်းချင်းဖွဲ့ခဲ့ပါလေသတည်း။

*"လှိုင်လှိုင်သာ သင်းတော့တယ်*
*ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်*
*ပွင့်ရွှေကြာ မြိုင်မြိုင်နှင့်*
*ကြိုင်ကြိုင်သင်းတဲ့ လက်ိုလေး။*
*တူရာသီဝယ်*
*အသဝဏီကြယ်မြတ်*
*ကျီးမင်းသိန်းလည်း၊ ရောင်ရှိန်လျှပ်လို့*
*သုဒဿကယ်နန်းလို၊ မီးမြင်းမိုရ်နှင့်*
*ဝါဆိုကင်းလွတ်၊ သီတင်းကျွတ်မို့*
*ဘုံထွတ်ကယ်ဥကင်၊ ပွင့်စံပယ်ရှင်သော့ခါ*
*တိုင်းခွင်ကြီး အောင်ချာမှာ*
*ဆီမီးဝါ ထိန်ထိန်ဝင်းလို့*
*လင်းလှတယ်လေး။ ။"*

<u>တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျောမ်းပြု)</u>



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

## လက်မှတ်ကလေး ထိုးတာများ

သက်ဆိုင်ရာမှ လှတောသား လယ်သမားများကို စိုက်ပျိုးစရိတ် ထုတ်ပေးနေချိန်ဖြစ်၏။

ငွေယူမည့်သူက ရရှိကြောင်း လက်မှတ်ထိုးရ၏။ တချို့က လက်မှတ်ထိုးရာတွင် ဖြောင့်လို့ချောလို့။ တချို့ကျပြန်တော့ အထစ်ထစ်အငေါ့ငေါ့။

ဤတွင် ဘေးမှလူတစ်ယောက်က လက်မှတ်ထိုးရမှာ တွန့်နေသူကို ပြောလိုက်သည်။

"ဒီနားမှာထိုးကွ၊ ဟာလိုလေး မောင်ရာ . . လက်မှတ်ကလေးတစ်ချက်ထိုးမှာများ စစ်ကိုင်းတံတားကြီး ပန္နက်ရိုက်တာကျနေတာပဲ"

□

## လှတောသားနှင့် လင်မယား

လှတောရွာ၌ ကိုထွေးနှင့် မဂျမ်းတောဆိုသည့် လင်မယားနှစ်ယောက်ရှိ၏။ ကိုထွေးသည် နာမည်နှင့်လိုက်အောင်မထုံတတ်တေး အေးအေးဆေးဆေးနေတတ်ပြီး မယားဖြစ်သူ မဂျမ်းတောမှာမူ လင်သားအပေါ်တွင် အတော်ကလေး နိုင်စားသူ ဖြစ်လေသည်။

မဂျမ်းတောသည် ကိုထွေး ဘာဲလုပ်လုပ် ဘဝင်မကျဘဲ အမြဲ ဇျစ်တောက်ဇျစ်တောက်နှင့် အော်ဟစ်ဆူပူကာ ဒေါသလည်းထွက်လေ့ရှိသည်။ မယားဖြစ်သူ ဘယ်သို့ပင် ဒေါပွနေစေကာမူ ကိုထွေးကတော့ ဘာမှ မဖြစ်သလို အေးတိအေးစက်၊ သည်လင်မယား၏အနေအထားကို စကားဝိုင်းတစ်ခု၌ လှတောရွာကာလသားတစ်ယောက်က အောက်ပါအတိုင်း ဖော်ကျူးပါလေတော့၏။

"မဂျမ်းတောကတော့ကွာ . . လျှာမှာ မော်တာတပ်ထားသလို တစ်ခဏလေးမှကို နားတယ်မရှိဘူး။ ကြိမ်းလိုက်မောင်းလိုက်တာကလည်း ဇာတ်ပွဲထဲက အာဠာဝကဘီလူး အတိုင်းပဲဟေ့"

"အောင်မာ . . တို့လူ ကိုထွေး ကျပြန်တော့လည်း အိပ်ဆေးသောက်ထားတဲ့ ရမည်းသင်းမြို့စား သီလဝမင်းအတိုင်းပါပဲကွယ်ရို့"

□

## လှတောသားနှင့် ကူဘိုတာ

တစ်နေ့သ၌ အထွေထွေရောဂါကု ဆေးခန်းတစ်ခန်းသို့ လူနာတစ်ဦး ရောက်ရှိခဲ့လေသည်။ ထိုလူနာမှာ စကားအလက်ာ ကြွယ်လှပါသည်ဆိုသော လှတောရွာမှ ရွာသားကြီးဖြစ်ပြီး အသက်အားဖြင့် ခြောက်ဆယ်နီးပါး ရှိလေသည်။ ဆရာဝန်လည်း လှတောရွာသားကြီးအား နားကြပ်ဖြင့်ထောက်လျက် ကျောဘက်၊ ရင်ဘတ်တို့ကို စစ်ဆေးစမ်းသပ်လျက်ရှိ၏။ ပြီးလေသော်-

ဆရာဝန် ॥ ॥ ညညကောင်းကောင်းအိပ်ပျော်ရဲ့လား။

လူနာ ॥ ॥ ဘယ့်နှယ်ပြောလိုက်တာလဲ ဆရာရယ် . . ။ ဆေးသောက်ပြီးအိပ်တာတောင် အိပ်လို့ကို မပျော်နိုင်ဘူး။ အဲဒါကြောင့် ဆရာဆေးပေးရင်လေ အိပ်ဆေးကောင်းကောင်း ထည့်ပေးပါနော်။

ဆရာဝန် ॥ ॥ စိတ်ချ . . . ထည့်ပေးလိုက်မယ်။ ဒါထက် ရင်တွေဘာတွေကော မခုန်ဘူးလား။

လူနာ ॥ ॥ ဟာ . . . ဘာ



www.burmeseclassic.com

www.burmeseclassic.com

ပြောကောင်းမှာတဲ့လဲ။ ရင်ခုန်ချက်ကတော့ ဆရာရယ်။ ရင်ဘတ်ထဲကိုကူဘိုတာစက်ကြီးထည့်ပြီး နှိုးထားတဲ့အတိုင်းပဲ။

□

## လှတောသားနှင့် လုံမင်းသား

လှတောရွာ၌ ဖွင့်လှစ်ထားသော ဆေးခန်းတစ်ခုတွင် ဖြစ်၏။ ဆရာဝန်သည် ဆေးခန်းလာ လူနာများအား စမ်းသပ်စစ်ဆေးပြီးသကာလ စားဆေး၊ သောက်ဆေးနှင့် လုံလောက်သော လူနာဆိုလျှင် စားဆေး၊ သောက်ဆေးသာ ပေးလေ့ရှိပြီး ဆေးထိုးမပေးချေ။ လိုအပ်မှသာ ဆေးထိုးအပ်ကိုကိုင်ပြီး ဆေးထိုးပေးလေ့ရှိ၏။ ဆေးထိုးရာတွင်လည်း အပ်ကို အသားတွင်ဖိကပ်၍ မထိုးဘဲ တင်သားအား ဘယ်လက်ဖဝါးဖြင့် တဖျပ်ဖျပ်ရိုက်ပြီး အပ်ကို ညာဘက်ဖြင့် ဆတ်ခနဲပေါက်ထည့်၍ ထိုးပေးလေ့ရှိလေသည်။

ထိုသို့ အပ်ကိုပေါက်၍ ဆေးထိုးလေ့ရှိခြင်းအပေါ် မျက်စိရည်ဝနေသော လှတောသားလူနာက တစ်နေ့သ၌ စကားဝိုင်းတစ်ခုတွင် ဆရာဝန်၏ဆေးထိုးမှုစွမ်းရည်ကို အောက်ပါအတိုင်း ပြောပါလေတော့၏။

"တို့ဆရာဝန် ဆေးထိုးတာများ တယ်လည်း ထူးဆန်းသကွယ်။ လုံမင်းသားစံတင် လုံနဲ့ပစ်ပေါက်တဲ့အတိုင်းပဲ"တဲ့။

□

## လှတောသားနှင့် မုန့်တီပန်း

လှတောရွာ၌ ရွာသူရွာသား အပေါင်း ကျန်းမာရေးကူညီစောင့်ရှောက်ရန်အတွက် ယက်ဆိုင်ရာမှ 'သမဝါယမဆေးကုခန်း'ကို ဖွင့်လှစ်ပေးခဲ့၏။ ဖွင့်ပွဲအခမ်းအနားတွင် သက်ဆိုင်ရာမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ရပ်မိရပ်ဖများ၊ ရွာသူရွာသားများ စုံညီစွာ ရောက်ရှိလာကြလေရာ ဌာနဆိုင်ရာအကြီးအကဲတစ်ဦးက လှတောသားတစ်ဦးအား ရင်းရင်းနှီးနှီး စကားဆိုမေးမြန်းပါလေတော့သည်။

လူကြီး ။ ။ မောင်ရင်တို့ကျေးရွာမှာ မြွေဆိုးတွေ တော်တော်ပေါသလား။

လှတောသား ။ ။ မြွေဆိုးတွေ ပေါ်ချက်ကတော့ ပြောမပြောချင်ပါဘူး ဆရာကြီးရယ်။ ထင်သာမြင်သာအောင် ဥပမာပြောရမယ်ဆိုရင် မုန့်တီပန်းကြီးမှောက်ကျလို့ ပြုတ်ကျသွားရတဲ့ မုန့်တီတွေထက်တောင် များပါလိမ့်ဦးမယ်"

□

## ပြောင်းသွားတဲ့လေ

ဝက်လက်သို့သွားမည့် ခရီးသည်တစ်ဦးက ဘေးချင်းကပ်စီးလာသော လှတောသားတစ်ယောက်ကို စုံစမ်းရေးလုပ်နေ၏။

"ဒီရာသီမှာ ဒီရွာတွေမှာ ဘာပေါသလဲဗျ"

"ခရမ်းချဉ်သီး အပေါဆုံးပါ။ ဒီရာသီမှာ အစည်းအဝေးတွေလည်း ပေါတယ်။ တခြားဟာတော့ မပေါ ဘူး။ မပေါပုံကတော့ လေတောင် ဝအောင်ရှူဖို့ မလွယ်ဘူး"

ခရီးသည်သည် လှတောသာ ဆိုသည်ကို ကြားဖူးသော်လည်း သူ ဘေးက ခရီးသည်ကိုမူ လှတော သားမှန်း မရိပ်မိပေ။

ထို့ကြောင့် တအံ့တဩဖြစ် ကာ-

"ဟင် . . ဘယ်လိုဖြစ်လို့လဲ"

ဟုမေးလေသော်-

"ရှိသမျှလေးတွေအားလုံး လှ တောကို ရောက်ကုန်လို့ပေါ့ဗျာ" ဟု ဖြေကြားသံကို ကြားရလေသတည်း။

□

## ပိဋကတ်သုံးပုံ ပြန်တွေ့ပြီ

မန္တလေး-ရွှေဘို ပြေးဆွဲလျက် ရှိသော ကားကြီးတစ်စီးပေါ် သို့ လှ တောသားတစ်ယောက်တက်လာပါ၏။

သူသည် ယာဉ်စီးခပေးပြီး ဒရိုင် ဘာကျောဘက်နံရံမှာ ရေးထားတဲ့ စာကို အသံထွက်ပြီးဖတ်နေလေ၏။

"ဗုဒ္ဓံ ဓမ္မံ သံဃံ ပူဇေမိ၊
ထသွားပြန်ကြည့်၊
ကျန်ရှိပစ္စည်း တာဝန်မယူ၊
တွေ့ကြုံခဏ မြင်ကြရ၊
မာနထောင်မှု သတိပြု"

ထို့နောက် ကားအိမ်ဘေးနံ ဖက်မှစာတွေကို ဆက်ဖတ်ပြန်သည်။

"ခေါင်းငုံ့ဆင်း၊
အလစ်သမား သတိထား၊



www.burmeseclassic.com

www.burmeseclassic.com

ခရီးသည်ချင်း ကိုယ်ချင်းစာ၊
ဆေးလိပ်မသောက်ရ၊
လက်မထုတ်ရ၊ ခေါင်းမပြုရ၊
ကွမ်းတံတွေး မထွေးရ"

စာလုံးအားလုံး ကုန်သွားသည့်အခါ လှတောသားသည် အောက်ပါအတိုင်း မှတ်ချက်ချလိုက်လေသည်။

"ဟလိုလေးကွယ် . . . တို့ရွာကျောင်းက ပိဋကတ်သုံးပုံပျောက်သွားတာ ဒီကားပေါ် ပြန်တွေ့နေပါကလား"

▢

## သောက်ရေခွက် ဖြစ်ရတာတောင်

ပွဲတော်တွင်း ဖုန်ထူသည့်အပြင် နေကလည်း ပူသည်။ ထို့ကြောင့် ချွေးတဒီးဒီးနဲ့ ရေငတ်နေကြရသည်။

ဤတွင် ပွဲတော်လာ လှတောသားလူငယ်တစ်စုလည်း ကုန်းတော်ပေါ်တက်ကာ ရေရှာကြလေ၏။

ထိုအခါ ရေအိုးတွေ စီတန်းထားတဲ့ ရေချမ်းစင်များကို တွေ့ပါ၏၊ ဤ၌ ရေခွက်တိုင်းမှာ သံကြိုးတန်းလန်းလေးတွေ အချည်ခံထားရသော သောက်ရေခွက်ကလေးများကိုလည်း တွေ့ရချေသည်။ ဤသို့ဖြစ်ရခြင်းမှာ . . .

လက်ဆော့သူများနှင့် တစ်ကိုယ်ကောင်းဆန်သူများ၏ ရန်ကို ကာကွယ်ထားခြင်းပင်။

သို့ရာတွင် လှတောသားတွေ အဖို့တော့ အမြင်မတော်။ သို့ဖြစ်၍ အချင်းချင်း ပြောဆိုလိုက်သည်ကား

"ဟလိုလေး . . . ဖြစ်မှဖြစ်ရလေကွယ်။ သောက်ရေခွက် ဖြစ်တာတောင် သံကြိုးတန်းလန်းနဲ့ လက်ထိတ်ခတ်ခံရလေနော်။ သနားစရာ ရုံးထုတ် လာတဲ့ တရားခံလားမှတ်ရ" တဲ့။

▢

## ပူလိုက်ပုံများ အား. . .ပါး. .ပါး

မလွှဲမရှောင်သာ အမှုကိစ္စဖြင့် တရားရုံးရောက်ခဲ့ရသော လှတောသားကြီးတစ်ယောက်သည် ကြားထဲက နှစ်ဖက်သက်သေဖြစ်နေသဖြင့် စိတ်ညစ်၍နေလေ၏။

ရွာပြန်ရောက်သော် သူ့ခံစားချက်ကို ရင်ဖွင့်ပြပုံက ဤသို့တည်း။

"တရားလို့ ဆွေမျိုးသားချင်းလိုနေတဲ့လူတွေကွ၊ တစ်ဖက်မှာလည်း တူတွေ၊ ငါက နှစ်ဖက်ကြားသက်သေလိုက်ရတာ မျက်နှာပူပုံကတော့ ဟလိုလေး . . ပလတ်စတစ်ခွက် ရေနွေးပူပူ အပြည့်ထည့်ထားတာတောင် ငါ့လောက် ပူမှာမဟုတ်ပါဘူး။ အား . . ပါး . . . ပါး . . . "

▢

## ဘေးမသီ ရန်မခရလေအောင်

လှတောသူ၊ လှတောသားတစ်စုသည် ရန်ကုန်ဘူတာကြီးမှ လမ်းသစ်ရိပ်သာသို့သွားရန် ကားငှား၏။ ကားခနှစ်ထောင် တက္ကစီသမားကတောင်းသဖြင့် . .

"ခြေလျှင်လျှောက်ရင် အီးတစ်ပေါက်တောင်မကြာပါဘူး။ လာ . . သွားကြစို့"

ခေါင်းဆောင်က ပြောလိုက်သဖြင့် တပ်ချီသွားကြကုန်၏။

နောက်တစ်နေ့ သမိုင်းဘက်သွားသည့်အခါ ဟိုင်းလက်စ်အမြန်ယာဥ်ကို စီးမိလေ၏။

"ဟလိုလေးဟဲ့ . . . ကားရယ်၊ လိပ်လိုလေးဖက်ပစ်ဝင်၊ လိပ်လိုလေးဖက်ထောက်ဆင်းရမှာလားဟဲ့"

အဒေါ်ကြီးက ညည်းလိုက်သည့်အခါ သမီးဖြစ်သူကလည်း-

"ရန်ကုန်မှာ ကားတွေ ဘေးမသီရန်မခ ဆင်းနိုင်တက်နိုင်ဖို့တော့ ဇော်ဂျီဖိုလ်ဝင်သား စားထားရ ိမ့်မယ် အမေရေ့ . . . "တဲ့။

▢

## စားပုံချင်းက တစ်ထေရာတည်း

မြို့က ညီသည်သူငယ်ချင်းသည် လှတောရွာရှိ သူငယ်ချင်းဖြစ်သူထံသို့ ရောက်သွားခဲ့လေ၏။ မြို့ကညီသည်သည် ရွှေဘိုဘူတာဆင်းပြီး ကားတစ်ဆင့် စီးလာခဲ့ရသည်ဆို၏။

"ရထားစီးရတာ အဆင်ပြေရဲ့လားကွဲ့"

"အဆင်ပြေမပြေတော့ မသိဘူး။ နှစ်ယောက်ထိုင် ထိုင်ခုံကို သုံးယောက်ထိုင်လာရလို့ နံရိုးတွေ ချိုင့်ဝင်နေပလားပဲ။ ခါတ်မှန်ရိုက်ရဦးမယ်"

ဒီနောက် ထမင်းစားချိန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ အိမ်ရှင်က ဘေးမှ ယပ်ခပ်ပေးရင်နှင့် ဟင်းများကို ခပ်ထည့်ပေးလေ၏။

ဧည့်သည်လည်း ဆာလာဟန်နှင့် အားရပါးရ စားလေ၏။

"အေး . . ဟုတ်ပြီ၊ ထမင်းထည့်ပါဦးကွ၊ ရော့ . . . ငါက ဒီလိုစားမှ သဘောကျတာ၊ ငါ့သူငယ်ချင်း ပလုတ်ပလောင်းနဲ့ စားပုံမြင်ရတော့ သေသွားတဲ့ ငါ့ခွေးကြီး သတိရသကွာ၊ စားပုံချင်းက တစ်ထေရာတည်းပဲ"

ဧည့်သည်ခမျာ ထမင်းလုတ်တစ်လစ်ကြီး ဖြစ်သွားရလေသတည်း။

□

### ဖောက်ထိုးစိုက်မိသလို

ရွှေဘိုမန်းကားသည် တအိအိမောင်းနှင်လာရင်း လှတောဘက်သို့ နီးလာပါပြီဖြစ်၏။

လှတောဆင်းမည့်လူများ အထုပ်အပိုးပြင်နေကြသော်လည်း ဦးကြီးတစ်ယောက်ကမူ အထိုင်မပျက် လည်ပင်းရှည်နေရာက . .

"ကားသမားရေ . . . ပေးသမျှ အကုန်ယူတော့မှာလား၊ ပြန်အမ်းပါဦးဟ"

ဟူ၍အော်ပြီး သတိပေးလေ၏။

သိပ်မကြာချေ . . ။ စပယ်ယာရောက်လာပြီး ပိုက်ဆံအမ်းလေ၏။

လှတောသားကြီးက . .

"ဒါလေးတော့ ပြန်အမ်းပေးပါကွယ်"

"ဘာပြုလို့လဲ အဘရရဲ့"

"ဘာပြုရမလဲကွယ် . . . မင်းအမ်းတဲ့ပိုက်ဆံယူမိရင် သစ်ပင်ကို ဖောက်ထိုးစိုက်မိသလို နေတော့မှပေါ့၊ အလိုလေးဟဲ့ . . . ဆယ်တန်ရယ်၊ ချပါတီကို ကြက်ဆိတ်ထားသလားထင်ရ"

□

### အပြောကတော့ ကောင်းမှကောင်း

ရွာနီးချုပ်စပ်ရှိ ရွာထဲသို့ ဆန်သည်တစ်သိုက် ဝင်လာလေ၏။

နမူနာတစ်မျိုး၊ ဝယ်တော့တစ်မျိုး မျက်လှည့်ပြတတ်မှန်း သိကြသည့် အိမ်ရှင်မများက ဆန်ကို သေသေချာချာကြည့်ကြ၏။

"ကြည့် . . ကြည့် အစ်မ၊ ခုမှ သင်္ဘောပေါ်ကချလာတာ၊ ဘုရားဖူး စရိတ်ကျေလေး ယူလာတာပါ၊ မောင်းထောင်းဆန်မှ အနှစ်ချည်းပဲ"

ဝယ်မည့်လူများကလည်း စိတ်တိုင်းကျ မွှေနှောက်ကြည့်ကြပြီး . .

"အနီတွေများ ရောနေသလားလို့"

"အနီမပါပါဘူး အစ်မရယ်၊ ကြည့်ကြည့်ပါဦး . . . စစ်လိုက်သမျှ ပုလဲပုတီးလုံးလေးတွေကျနေတာပဲ"

ဤတွင် နောက်ဆုံးရောက်လာသည့် မိန်းမပါစပ်နှင့် တွေ့သွားပါလေ၏။

"အလိုလေး . . အပြောကတော့ ကောင်းမှကောင်း၊ ပုလဲပုတီးကျနေဆိုလား၊ သူ့အိတ်ထဲက ဆန်ကဖြင့် ကွမ်းယာဆိုင်ဘေး အမှိုက်ပုံထဲထ အမှိုက်တွေလားမှတ်ရ၊ ရဲနေတာပဲ ဥစ္စာ"

□

### ရှိခိုးလိုက်တာမှ

ပွဲခင်းထဲမှုနေပြီဆိုလျှင် ထိ တုံးနှင့်ညားမှာ စိုးသည့်အတွေ အဖော်များက ထိန်းခေါ်လာတတ် စမြဲ။

ပွဲခင်းနှင့်ဝေးသည့် ရွာလမ်း ရောက်သောအခါ အမူးသမား လက်ခမောင်းထခတ်လေတော့၏။

"ဟေ့ . . . ယောက်ျားမှ ရင်ထွက်ခဲ့၊ တစ်ယောက်ချင်း လင်းဟေ့"

"လုပ်မနေနဲ့၊ ပွဲခင်းထဲတုန်း များ အဖမ်းခံရမှာစိုးလို့ ဟိုလူရှိခိုး ဒီလူရှိခိုး . . တွေ့သမျှ ရှိခိုးလာတဲ့ ကောင်ကများ"

"အေးလေကွာ . . . ငါတို့ ကောင်ရှိခိုးချက်များ ယာကွက်ထဲ က စာခြောက်ရုပ်ကြီးတောင် မချ ဘူး၊ ဖင်ဘူးတောင်းကို ထောင်လို့"

**ဦးကောင်းထူး**



www.burmeseclassic.com

www.burmeseclassic.com

# အဘအောင်မင်းခေါင်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ

မနှင်းပွင့်(ပြည်)

အဘအောင်မင်းခေါင် ဆိုသည်မှာ သာသနာတော်ကြီး တည်တံ့ခိုင်မြဲအောင်၊ သာသနာပြုရာ၌ မတိမ်းမစောင်းရအောင်၊ အမျိုးမျိုးသော ဘေးဥပဒ်အန္တရာယ်များမှ ကင်းလွတ်အောင်၊ အရာရာအောင်မြင်အောင် တန်ခိုးအားဖြင့် ကူညီစောင့်ရှောက်ခဲ့သူတစ်ဦး ဖြစ်ပါသည်။

## အဘ၏ ဝိဇ္ဇာသမိုင်း

အဘ၏ ဝိဇ္ဇာသမိုင်းကို စရမည်ဆိုပါလျှင် သိဂ္ဂုတ္တရကုန်းတော်ပေါ်မှ ဒိဗ္ဗစက္ခုရှင်ရသေ့ကြီးဘဝမှ စရမည်ဖြစ်ပါသည်။ ထိုအချိန်ကတည်းက အဘအောင်မင်းခေါင်၏ ဘဝအစပင်ဖြစ်ပါသည်။ ထိုဒိဗ္ဗစက္ခုရှင်ရသေ့ကြီးဘဝ၌ သာသနာတော်ကို ကူညီစောင့်ရှောက်တော်မူခဲ့သည်။

သာသနာပြု မင်းဖြစ်တော်မူခဲ့သော ဥက္ကလာပမင်းသားကို ပြုစုပျိုးထောင်ပေးတော်မူခဲ့သည်။ ထိုမင်းမှာ ရသေ့ကြီးမွေးထားသော လမုပင်သန္ဓေသူ သမီးတော်မယ်လမုကို ကောက်ယူမွေးထားခဲ့သည်။ ထိုသမီးတော်မှာ သကြားမင်းနှင့် ဖူးစာခံုပြီး ဥက္ကလာပ



အဘဘိုးမင်းခေါင်နှင့်
မန္တလေးရွှေဘုံသာ
ဒုတိယမြောက်ဆရာတော်
ဘဒ္ဒန္တဣန္ဒသာရ
၁၃၀၀-၁၃၀၈ ညြောခံနေပုံ



www.burmeseclassic.com

www.burmeseclassic.com

မင်းကို ဖွားမြင်တော်မူခဲ့ပေသည်။ ထိုအစီအစဉ်မှာ ဒိဗ္ဗစက္ခုရှင်ရသေ့ကြီးနှင့် သကြားမင်း၏ အစီရင်များဖြစ်ပေသည်။

ထို့နောက် ဂေါတမမြတ်စွာဘုရားသခင် ပွင့်တော်မူသောအခါတွင် သာသနာတော်အတွင်းသို့ဝင်၍ မိထွေးတော်ဂေါတမီလှူသော ရွှေသင်္ကန်းခံယူသော အခါကာလဋ္ဌ (အဇိတသာမဏေ)ဟူသောအမည်ဖြင့် ဗျာဒိတ်ခံယူတော်မူခဲ့သည်။

ထို"အဇိတသာမဏေ"မှာ အဘအောင်မင်းခေါင်ပင် ဖြစ်ခဲ့ပေသည်ဟု (ဝိဇ္ဇာဝင်သမိုင်းနှင့် ချမ်းသာရေးလမ်းစဉ် စာအုပ်ထုတ်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က အရှင်ဇောတိပါလ ရေးသားတော်မူခဲ့၍ ရှားပါးသော စာအုပ်ဟောင်းထဲမှ စာများပင် ဖြစ်ပါသည်။)

မိထွေးတော်ဂေါတမီ၏ ရွှေသင်္ကန်းနှစ်စုံလှူဒါန်းခဲ့ရာ မြတ်စွာဘုရားမှ ရွှေသင်္ကန်းတစ်စုံအား သံဃာတော်တို့အားလှူစေရာ မည်သည့်သံဃာတော်မှ အလှူခံတော်မမူခဲ့ပေ။ ထိုအခါမှ မထင်မရှား အဇိတသာမဏေမှ အလှူခံယူတော်မူခဲ့ပေသည်။ အဇိတသာမဏေကို ကျန်သံဃာတော်များမှ လောဘသက္ကာယရှိလုသည်ဟူ၍ ကဲ့ရဲ့ပြစ်တင်ကြ၏။ ထိုအခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရွှေသင်္ကန်းကို အလှူခံသောပုဂ္ဂိုလ်၏ ပါရမီရင့်ကျက်မှုကို ဆင်ခြင်တော်မူခဲ့ပေသည်။

ထိုအခါမှ အရိမေတ္တေယျဘုရားအလောင်းဖြစ်ကြောင်း သိရှိခဲ့၏။ ထိုအခါမှ နတ်မင်းကြီးလေးယောက်တို့မှ လှူဒါန်းသော အနားလေးရစ်ရှိသော



**လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်မှ ဝိဇ္ဇာဝင် သမိုင်းစာအုပ်ကို ရေးသားတော်မူသော အရှင်ဇောတိပါလပုံတော်**

မြသပိတ်ကို တောင်းယူပြီး လက်ဝဲပေါ်တင်၍ အဓိဋ္ဌာန်ဖြင့် ကောင်းကင်သို့ လွှတ်တော်မူပြီးလျှင် -

"ချစ်သားရဟန်းတို့ ငါလွှတ်လိုက်အပ်သော သပိတ်ကို မိမိတို့၏ တန်ခိုးဈာန်အဘိညာဉ်ဖြင့် တွေ့အောင်ရှာ၍ ဆောင်ယူခဲ့လော့"ဟု မိန့်တော်မူသောအခါ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်စသော အဘိညာဉ်ရ ရဟန္တာပုဂ္ဂိုလ်ကြီးများသည် စကြဝဠာအနှံ့အပြားလိုက်၍ ရှာဖော်မူကြ၏။ မည်သည့်ပုဂ္ဂိုလ်မှ တွေ့အောင်မရှာနိုင်ကြချေ။

ထို့နောက် သင်္ကန်းကို အလှူခံတော်မူသော ရဟန်းသာမဏေသည် လိုက်၍ရှာတော်မူရာ တွေ့ရှိတော်မူ၏ ဘုရားသခင်အား ဆက်သတော်မူ၏

ထိုအခါမှ ရဟန်းပရိသတ်များသည်လည်း ထိုရဟန်းသာမဏေ၏ အံ့ဖွယ်သရဲကို မြင်တော်မူကြ၍ မိမိတို့၏ ယုံမှားမှု ပြေပျောက်တော်မူကြ၍ အံ့ဩချီးမွမ်းကြ၏။

ထိုအခါမှ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ငါဘုရားပရိနိဗ္ဗာန်စံယူပြီးနောက် ဆယ်နှစ်တန်းမှသည် အသင်္ချေယျတန်းတိုင်အောင်တက်၍ အသင်္ချေယျတန်းမှသည် ဆုတ်၍လာရာ အနှစ်ရှစ်သောင်းတန်းရောက်သောအခါ ကာလဋ္ဌ လောကဋ္ဌ အတု



www.burmeseclassic.com

www.burmeseclassic.com

မရှိ မှန်ထွက်ထား အရိမေတ္တယျဘုရား ဖြစ်မည်ဖြစ်ကြောင်း၊ နိယတဗျာဒိတ်ပန်းတံဆိပ်ကို ခတ်နှိပ်တော်မူလေသည်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ခန္ဓာပရိနိဗ္ဗာန်စံယူတော်မူခဲ့သည်။ သာသနာတော်မှ တို့အဇိတသာမဏေသည် သာသနာတော်မှထွက်ခဲ့သည်။ ထို့နောက် ရသေ့အသွင်ကို ပြန်၍ယူပြီး ဒိဗ္ဗစက္ခုရှင်ရသေ့ဟူသော အမည်နှင့်ပင် တောထွက်တော်မူခဲ့ပါသည်။

ထို့နောက် ရသေ့ဝတ်နှင့် တောထွက်ပြီး သက္ကရာဇ် ၁၀၁ ခုနှစ် ရောက်သောအခါ စူဠသမ္ဘဝ၊ မဟာသမ္ဘဝ ညီနောင်တို့၏ သားဖြစ်သော အဘနှစ်ယောက်ရှိခြင်းကြောင့် “ဒွိတပေါင်”မည်သော မင်းသားကို တစ်ဖန် သာသနာပြုစေခဲ့သည်။ ထိုဒိဗ္ဗစက္ခုရသေ့နှင့်တကွ ခုနစ်ဦးသောသူမြတ်တို့သည် ထီးသစ်နန်းသစ်များ တည်စိုက်ပေးပြီး ဒွိတပေါင်ကို သာသနာပြုအဖြစ် မြှင့်တင်ပြီး စောင့်ရှောက်ပေးခဲ့ကြောင်း ထိုစာအုပ်တွင် ပါရှိခဲ့သည်။ ထိုဒွိတပေါင်မင်းကြီး၏ လက်ထက်မှာပင်လျှင် ကပ္ပိလကာရမည်သော ဝိဇ္ဇာမယကျမ်းကြီးကို ကျေးပုရပိုက်ပေါ်တွင် လက်ဖြင့်မရေးသားဘဲ မနောမယိဒ္ဓိ တန်ခိုးဖြင့် ရေးသားခဲ့ကြောင်း၊ ထိုစာအုပ်ဟောင်းငယ်တွင် အဘ၏ ဖြစ်စဉ်ကို ဖတ်ရှုရပါသည်။ (စာရေးသူ)

ဤကဲ့သို့ သီရိခေတ္တရာပြည် ဒွိတပေါင်မင်းကြီး လက်ထက်၌ ဒွိတပေါင်မင်းကြီးကို အကြောင်းပြု၍ သာသနာတော်ကို ကူညီစောင့်ရှောက်တော်မူခဲ့သော အဘအောင်မင်းခေါင်ပင် ဖြစ်သည်။ ထို့နောက် ပုဂံပြည် နော်ရထာမင်းစော သာသနာပြုပွဲတွင်လည်းကောင်း၊ ကျန်ရစ်(ကျစ်စစ်သားမင်းကြီး) သာသနာပြုပွဲတွင်လည်းကောင်း၊ မဏိစည်သူမင်းကြီး သာသနာပြုပွဲတွင်လည်းကောင်း သာသနာသို့ ဝင်ရောက်တော်မူခဲ့သည်။ ထိုအခါတွင် “ရှင်အရဟံ” ရဟန်းတော်က သာသနာတော်ကို ကူညီစောင့်ရှောက်ခဲ့သည်။

၎င်းရှင်အရဟံပုဂ္ဂိုလ် မထေမြတ်အား ရာဇဝင်သမိုင်းဆရာတို့မှ ရဟန္တာမထေရ်ဟု မှတ်တမ်းတင်ကြသော်လည်း ကျန်စစ်မင်းကြီးလက်ထက်တွင် စီရင်ရေးသားသော နမောတဿ ရုပ်ရှင်လမ်းဖြစ်သော အဂ္ဂိရတ်ကျမ်း၌ ရှင်အရဟံမထေရ်ကို ဈာန်ရပုဂ္ဂိုလ်ဟူ၍သာ အတိအလင်းဖော်ပြထားပေသည်။

နမောတဿ ရုပ်ရှင်လမ်းဖြစ်သော အဂ္ဂိရတ်ကျမ်းကြီး၌ ရှင်အရဟံမထေရ်ကို “ဈာနရှင်ပျံ ထေရ်အရဟံသည်၊ ဈာန်ယဉ်ပျော်မွေ့ ဇော်ရသေ့တဲ့၊ ဘုန်းတေမြတ်စွာ၊ သာသနာကို၊ ရှည်ပါစေဟု၊ အကြောင်းပြု၍၊ ကရုဏာမေတ္တာ ထားခဲ့ရာသည်။ ကျမ်းမှာအစ နမောက”ဟု စီကုံးနှန်းဖွဲ့၍ ထားခဲ့ပါသည်။ ထို့နောက် ပဲခူးဟံသာဝတီ တလိုင်းပြည်၌ ဓမ္မစေတီမင်းကြီးအဖြစ်ဖြင့် ကိုယ်တိုင်သာသနာပြုခဲ့ကြောင်းကို စာအုပ်၌ ပါရှိပါသည်။

ထိုဓမ္မစေတီမင်းကြီးသည် ပိဋကတ်သုံးပုံနှင့်တကွ ဗေဒင်သုံးပုံ ကျမ်းအစုံတို့ကို အာရုံမိမိ၊ တစ်ဖက်ကမ်းရောက် ပေါက်မြောက်တော်မူ၍ ပိဋကတ္တယပါရဂူ၊ ဗေဒတ္တယပါရဂူ ဖြစ်တော်မူပြီးလျှင် နောက်ဆုံးတွင် ထွက်ရပ်သို့ကြွမြန်းတော်မူခဲ့ကြောင်း တလိုင်းရာဇဝင်၌ ရေးထားပေသည်။

ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးကိုလည်း သာသနာအတွက် ထုလုပ်သွန်းခဲ့ပြီး ရေအောက်တွင် ယနေ့တိုင် ရှိနေခဲ့ခြင်းမှာလည်း အကျိုးအကြောင်းများနှင့် အဘအောင်မင်းခေါင်နှင့် ဆက်စပ်မှုရှိနေခဲ့ပါသည်။

အဘအောင်မင်းခေါင်ကို (၁) တံကြားမင်းခေါင်းဟူ၍လည်းကောင်း၊ ထိုပုဂ္ဂိုလ်ကြီးအား အသက် ၅၀၀ ကျော် ၇၀၀ ကျော်ဟူ၍ အမျိုးမျိုးရေးကြသည်။

(၂) တချို့ကလည်း အင်းဝမင်းခေါင်ဟု ခေါ်ကြပြန်ရာ အင်းဝမင်းခေါင်နှင့် ဘိုးမင်းခေါင်သည် ပုဂ္ဂိုလ်တစ်ဦးစီသာဖြစ်၍ ကွဲပြားခြားနားလေသည်။ အင်းဝမင်းခေါင်သည်လည်း ဝိဇ္ဇာမယ အတတ်ပညာလိုက်စား၍ နောက်ဆုံးနန်းပေါ်မှပျောက်သွားသောကြောင့် မင်းပျောက်ကြီးဟူ၍လည်း အချို့ရာဇဝင်ဆရာတို့က မှတ်တမ်းတင်ကြသည်။

ယခု ပုပ္ပားတောင်ကလပ်၌ စံမြန်းသီတင်းသုံးတော်မူသော အောင်မင်းခေါင် ဘိုးတော်ဘုရားကြီးသည်မူကား လူသားစစ်စစ် ကေန်ဖြစ်သည် မဟုတ်ဘဲ လူ့လောက၊ နတ်လောက၊ ဒြပ်အထည်အမျိုးမျိုး ပြောင်းလဲ၍နေသော အလောင်းတော်နတ်သား၊ နတ်ဝိဇ္ဇာတစ်ဦးသာ ဖြစ်ပါသည်ဟု လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်မှ ဝိဇ္ဇာဝင်သမိုင်းစာအုပ်ဟောင်းမှ ဗဟုသုတရဖွယ် မှတ်သားရပါသည်။ ထို့အပြင် စိတ်ဝင်စားဖွယ်အသွယ်သွယ် ကျန်ရှိနေပါသေးပါကြောင်း။

မနှင်းပွင့်(ပြည်)



www.burmeseclassic.com

www.burmeseclassic.com

# ရှင်ထွေးသားချစ် မြင်စစ်ဝေ ရိုးရာဗေဒင်ဟောကိန်း

ညွန့်လွင်(စက်မှုတက္ကသိုလ်)

ရိုးရာ ဗေဒင်ဟောနည်း တစ်မျိုးဖြစ်သည်။ အဋ္ဌလင်္ဂဟောကိန်း တစ်နည်းဖြစ်ပါသည်။ အဋ္ဌလင်္ဂပုံစံကွက်တွင် ''ရှင်ထွေးသားချစ် မြင်စစ်ဝေ''လင်္ကာအတိုင်း ထောင့်ကွက်ကစ၍ လက်ယာရစ်ရေးသွင်းရပါသည်။

| | | |
|---|---|---|
| ရှင် | ထွေး | သား |
| ဝ | | ချစ် |
| ဧ | စစ် | မြင် |

| | | |
|---|---|---|
| ရာဟု ၈ | စနေ ၀ | သောကြာ ၆ |
| ဗုဒ္ဓဟူး ၄ | | ၂ တနင်္လာ |
| ၁ တနင်္ဂနွေ | ၃ အင်္ဂါ | ၅ ကြာသပတေး |

**တွက်ပုံတွက်နည်း**

**နမူနာ (၁)** – ရောက်သက် ၁၈ နှစ်ရှိ အင်္ဂါသား တစ်ယောက်ကို တွက်လိုပါက ပထမဆင့် ရောက်သက် ၁၈ ကို ၈ နှင့်စား၍ အကြွင်းကို ရှာရမည်။ အကြွင်း ၂ ရမည်။ ဒုတိယဆင့် အင်္ဂါသားဖြစ်၍ အင်္ဂါ(စစ်) အကွက်မှစ၍ အကြွင်းရှိသရွေ့ လက်ယာရစ်ထောက်ပါက တနင်္ဂနွေ (ေ) အကွက်တွင် ဆုံး၏။ ရောက်သက် ၁၈ နှစ်ရှိသည့် အင်္ဂါသားအတွက် တနင်္ဂနွေ (ေ) ဟောကိန်းကို ဖတ်ရပါမည်။

**နမူနာ (၂)** ရောက်သက် ၂၁ နှစ်ရှိသော စနေသမီးတစ်ဦးကို တွက်လျှင် ၂၁ နှစ်ကို ၈ ဖြင့်စားလျှင် အကြွင်း ၅ ရမည်။ စနေ (ထွေး) အကွက်မှစ၍ အကြွင်းရှိသရွေ့ထောက်လျှင် ဗုဒ္ဓဟူး(ဝ) အကွက်တွင် ဆုံးသည်။ ဗုဒ္ဓဟူး(ဝ) ဟောကိန်းကို ဖတ်ရပါမည်။

တွက်ချက်ရာတွင် လွယ်ကူ၍ အခက်အခဲမရှိစေရန် အသင့်တွက်ပြီး နေ့ ၈ နေ့ သားသမီးများအတွက် သက်ရောက်ဟောကိန်းဇယားကို ရေးသားဖော်ပြအပ်ပါသည်။

### ယေားကြည့်နည်းမှာ

တွက်လိုသူ၏ ရောက်သက်ကို ရောက်သက်များဇယားတွင် အရင်ရှာရပါမည်။ ရောက်သက်ကိုတွေ့လျှင် ရောက်သက်၏ အောက်ဘက်တည့်တည့်ကို ကြည့်ပါ။ တွက်လိုသူ၏ မွေးနေ့အတန်းနှင့် ဆုံရာအကွက်ကိုကြည့်လျှင် တွက်လိုသူ၏ ရောက်သက်တွင် သက်ရောက်သော အိမ်ကို တွေ့ရပါမည်။

### ရှင်ထွေးသားချစ် မြင်စစ်ဝေ၏ ဗေဒင်ဟောကိန်းများ

### (ရှင်) ရာဟုအိမ် သက်ရောက်ဟောကိန်း

(ရှင်) ရာဟုအိမ် သက်ရောက်ကာလတွင် စုတ်လာဘ်ဝင်မည်။ ငွေရမည်။ သို့သော် စိတ်မငြိမ်မသက်ဖြစ်နေမည်။ အိမ်ထောင်ရေး၊ အချစ်ရေးကြောင့် စိတ်ညစ်မည်။ မိသားစုဝင်များကြောင့် စိတ်မချမ်းမသာဖြစ်မည်။

www.burmeseclassic.com

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ရောက်သက်များ | | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
| | | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| | | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ | ၃၁ | ၃၂ |
| | | ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ | ၄၀ |
| | | ၄၁ | ၄၂ | ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ |
| | | ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ |
| | | ၅၇ | ၅၈ | ၅၉ | ၆၀ | ၆၁ | ၆၂ | ၆၃ | ၆၄ |
| | | ၆၅ | ၆၆ | ၆၇ | ၆၈ | ၆၉ | ၇၀ | ၇၁ | ၇၂ |
| | | ၇၃ | ၇၄ | ၇၅ | ၇၆ | ၇၇ | ၇၈ | ၇၉ | ၈၀ |
| | | ၈၁ | ၈၂ | ၈၃ | ၈၄ | ၈၅ | ၈၆ | ၈၇ | ၈၈ |
| | | ၈၉ | ၉၀ | ၉၁ | ၉၂ | ၉၃ | ၉၄ | ၉၅ | ၉၆ |
| အကြွင်း → | | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| — နေ့သားသမီး ↓ | | သက်ရောက်သောအိမ် | | | | | | | |
| ရှင် | ရာဟု | ရှင် | ထွေး | သား | ချစ် | မြင် | စစ် | င | ဝ |
| ထွေး | စနေ | ထွေး | သား | ချစ် | မြင် | စစ် | င | ဝ | ရှင် |
| သား | သောကြာ | သား | ချစ် | မြင် | စစ် | င | ဝ | ရှင် | ထွေး |
| ချစ် | တနင်္လာ | ချစ် | မြင် | စစ် | င | ဝ | ရှင် | ထွေး | သား |
| မြင် | ကြာသပတေး | မြင် | စစ် | င | ဝ | ရှင် | ထွေး | သား | ချစ် |
| စစ် | အင်္ဂါ | စစ် | င | ဝ | ရှင် | ထွေး | သား | ချစ် | မြင် |
| င | တနင်္ဂနွေ | င | ဝ | ရှင် | ထွေး | သား | ချစ် | မြင် | စစ် |
| ဝ | ဗုဒ္ဓဟူး | ဝ | ရှင် | ထွေး | သား | ချစ် | မြင် | စစ် | င |

အိမ်တွင် ကိုယ်ဝန်ဆောင်ရှိလျှင် သားယောကျာ်းလေးမွေးမည်။ နေအိမ်အပြောင်းအရွှေ့ကိစ္စ ပေါ်တတ်သည်။ အိမ်ပြောင်းလျှင်ကောင်းမည်။ အိမ်တွင် လူမမာရှိနေတတ်သည်။ အနောက်မြောက်အရပ် ရာဟုထောင့်၌ ချောင်းနားတွင် ယတြာချေပါ။ ငါးသက်စေ့လွှတ်ပါ။

**(ထွေး) စနေအိမ်သက်ရောက်ဟော ကိန်း**

(ထွေး) စနေအိမ် သက်ရောက်ကာလတွင် မြေကိစ္စ၊ လယ်ကိစ္စ စကားပြောရတတ်သည်။ ပြဿနာတက်မည်။ အမှုဖြစ်လျှင် ရှုံးမည်။ မော်တော်ကား အပါအဝင် ခြေလေးချောင်းကြောင့် ပြဿနာဖြစ်ရတတ်သည်။ အဆိပ်ရှိသတ္တဝါ ကိုက်တတ်သည်။ ချူချာမည်။ ခိုက်ရန်ဖြစ်ပွားတတ်သည်။ မရှင်းလင်းသောသူနှင့် ရှုပ်မိ၍ အပြောအဆိုခံရတတ်သည်။ အရှက်ကွဲမည်။ ငွေကုန်မည်။ အိမ်တွင် ကလေးရှိလျှင် ချူချာမည်။ အသက်အန္တရာယ်မရှိပါ။ အနောက်တောင်အရပ် စနေထောင့်က ရေစပ်တွင် သဲပုံစေတီတည်ပါ။



www.burmeseclassic.com

www.burmeseclassic.com

### (သား) သောကြာအိမ်သက်ရောက် ဟောကိန်း

(သား) သောကြာအိမ် သက်ရောက်ကာလတွင် ကျန်းမာရေး ချို့တဲ့တတ်သည်။ သို့သော် အသက်အန္တရာယ်မရှိပါ။ တပည့်တပန်း ကျေးကျွန် သစ္စာဖောက်မည်။ လူယုံဒုက္ခပေးတတ်သည်။ သတိပြုပါလေ။ မော်တော်ကား၊ ခြေလေးချောင်းသတ္တဝါကြောင့် အမှုအခင်း ဖြစ်တတ်သည်။ တရားရင်ဆိုင်ရတတ်သည်။ လျော်ကြေးငွေ ပေးရတတ်သည်။ အိမ်တွင်းရေး အဆင်မပြေဖြစ်တတ်သည်။ အိမ်ထောင်ရေး ပြိုကွဲတတ်သည်။ စိတ်ညစ်ရတတ်သည်။ သမီးမိန်းကလေးရှိလျှင် လာပြီး စေ့စပ်ကြောင်းလမ်းရန် မေးမြန်းကြလိမ့်မည်။ သားယောကျ်ားလေးရှိပါက မိဘသဘောမတူသော မိန်းကလေးနှင့် ကြိုက်နှစ်သက်၍နေမည်။ ယတြာအဖြစ် မြောက်အရပ် သောကြာထောင့်တွင် ကုသိုလ်ကောင်းမှု ပြုပါလေ။

### (ချစ်) တနင်္လာအိမ် သက်ရောက်ဟောကိန်း

(ချစ်) တနင်္လာအိမ် သက်ရောက်နှစ်တွင် မိမိကို သူတစ်ပါးက မကောင်းကြံတတ်သည်။ သူများက ဆေးလုပ်တတ်သည်။ အသားများ ယားယံတတ်သည်။ အိမ်ထောင်ကျမည်။ အိမ်ထောင်ပြုတာ ဆုံးဖြတ်ချက် မှားမည်။ ဤနှစ်တွင် အိမ်ထောင်ရှင်များ ကိုယ်ဝန်ယူရန် မသင့်တော်သေးပါ။ ကလေးပျက်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ အိမ်တွင်းရေး သိပ်အဆင်ပြေလှမည်မဟုတ်ပါ။ အရှေ့အရပ် တနင်္လာထောင့်တွင် ကောင်းမှုကုသိုလ်ပြုပါလေ။

### (မြင်) ကြာသပတေးအိမ် သက်ရောက်ဟောကိန်း

(မြင်) ကြာသပတေးအိမ် သက်ရောက်ကာလတွင် လူကြီးသူမက မိမိကို အထင်အမြင် လွဲမှားနေမည်။ မိမိမှာ စကားပြောနေရမည်။ ဤနှစ်တွင် ဝင်ငွေများ အထူးကောင်းမွန်နေမည်။ ရွှေ ငွေ၊ ရတနာ၊ ယာဉ် ရထား၊ ကားဝင်မည်။ လယ်ယာလုပ်ငန်းနှင့် အကျိုးပေးမည်။ မိမိတွင် သားကြီး၊ သမီးကြီး အရွယ်ရောက်သူများရှိပါက အိမ်ထောင်ကျလိမ့်မည်။ သူတို့အတွက် မင်္ဂလာကိစ္စများ ဆောင်ရွက်ပေးရလိမ့်မည်။ ဤသက်ရောက်နှစ်တွင် ယတြာပြုလျှင် အနောက်အရပ်ရှိ တန်ခိုးကြီးဘုရားတွင် ကုသိုလ်ကောင်းမှုပြုပါ။ ကြာသပတေးဂြိုဟ်တိုင်တွင် ယတြာချေပါ။

### (စစ်) အင်္ဂါအိမ်သက်ရောက်ဟောကိန်း

(စစ်) အင်္ဂါအိမ် သက်ရောက်ကာလတွင် မိမိနေအိမ်မှာ ပျက်စီးယိုယွင်းနေလိမ့်မည်။ အိမ်ပြင်ရလိမ့်မည်။ အိမ်ပြင်လျှင် လူကိုခိုက်တတ်သည်။ အိမ်မပြင်သင့်သေးပါ။ တက်နိုင်သမျှ အချိန်ဆွဲပြီး မေး၍နေပါ။ သို့တည်းမဟုတ် ယာယီအိမ် ပြောင်းနေပါ။ ဤနှစ်တွင် စကားအပြောအဆို ဆင်ခြင်ပါ။ စကားရှည်မိ၍ အမှုအခင်းဖြစ်တတ်သည်။ လျော်ကြေးငွေ ပေးရတတ်သည်။ ဤသက်ရောက်နှစ်တွင် ခရီးသွားရတတ်သည်။ ခရီးသွားလျှင် မမျှော်လင့်ဘဲ ကြာနေတတ်သည်။ ယတြာအဖြစ် သံဃာဆွမ်းလောင်းပါ။ အရှေ့တောင်အရပ် အင်္ဂါထောင့်တွင် ကုသိုလ်ကောင်းမှုပြုပါ။ နေ့စဉ်မနက် အိပ်ရာထလျှင် ဘုရားစာတစ်ခုခုရွတ်ဆိုပါ။

### (ဓ) တနင်္ဂနွေအိမ် သက်ရောက်ဟောကိန်း

(ဓ) တနင်္ဂနွေအိမ် သက်ရောက်နှစ်တွင် တတ်နိုင်သမျှ သည်းခံစိတ်မွေးပါ။ အညှိုးအသက်ရှိနေသည်။ ဤနှစ်သည် ရန်များနိုင်သည်။ အမှုအခင်းဖြစ်တတ်သည်။ အဆိပ်ရှိသတ္တဝါ ကိုက်တတ်သည်။ သတိပြုပါလေ။ ကျန်းမာရေး ချို့တဲ့တတ်သည်။ ကိုယ်လက် ရောင်ရမ်းတတ်သည်။ အစာမကြေရောဂါ ဖြစ်တတ်သည်။ မိမိကြံစည်လုပ်ကိုင်သမျှ အဆင်မပြေဘဲ ဖြစ်နေတတ်သည်။ တနင်္ဂနွေထောင့်၌ ကောင်းမှုကုသိုလ်ပြုပါ။

### (ဝ) ဗုဒ္ဓဟူးအိမ် သက်ရောက်ဟော ကိန်း

(ဝ) ဗုဒ္ဓဟူးအိမ် သက်ရောက်နှစ်တွင် မိမိကြိုးစားသမျှကိစ္စများ အဆင်ပြေချောမွေ့မည်။ လုပ်ငန်းများ အောင်မြင်မည်။ ပစ္စည်းလာဘ်များဝင်မည်။ ရွှေ ငွေ၊ ရတနာ ရမည်။ အချစ်ရေး၊ အိမ်ထောင်ရေး၊ အိမ်တွင်းရေး အဆင်ပြေမည်။ အလှူအတန်းလုပ်ရမည်။ ကျန်းမာရေး ဂရုစိုက်ပါ။ ရောဂါဖြစ်လျှင် နာတာရှည်မည်။ ဘုရားတွင် ဗုဒ္ဓဟူးဂြိုဟ်တိုင်မှာ ယတြာချေပေးပါ။

ညွန့်လွင်(စက်မှုတက္ကသိုလ်)
၀၉-၃၃၂၅၁၃၉

www.burmeseclassic.com

www.burmeseclassic.com

# စပွါယ်ဖူး ဆေးတိုက်မှ အစွမ်းထက်လိမ်းဆေးများ



၀၄၀၈ (Y) ၀၇၄၆၅

## အရိုးကြီးပေါင်းလိမ်းဆေး

ဤဆေးကို သက်ရင်းကြီး၊ ပညာလက်ာအပါအဝင် ထူးခြားအစွမ်းထက်သော တိုင်းရင်းဆေးစစ်ဆေးမှန်များဖြင့် စီမံဖော်စပ်ထားသော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

လည်ပင်းကျီးပေါင်း၊ ခါးဆစ်ကျီးပေါင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခါးကိုက်ခါးနာ၊ လေးဘက်နာဖြစ်ခြင်းကြောင့် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်း၊ ဇက်လေးခြင်း၊ ဇက်ကြောတက်ခြင်း၊ ကြောပြင်တစ်ဝိုက် နာကျင်ကိုက်ခဲခြင်း၊ ဇက်ကြောနာကျင်ခြင်း၊ ဇက်ကြောထိုးခြင်း၊ ခေါင်းတစ်ခြမ်း ခေါင်းကိုက်ဝေဒနာများ၊ ခြေလက်ထုံကျင်ခြင်း၊ လက်မောင်းကြောရိုး၊ တင်ပဆုံနှင့် ပေါင်ကိုက်ခြင်း၊ ရင်သားနှင့် ရင်ဘတ်အောင့်ခြင်းနှင့် **'လေဖြတ်ဝေဒနာ'**များအတွက် ထိရောက်လျင်မြန်စွာ ပျောက်စေသည့်အပြင် တရားမထိုင်မီနှင့် အားကစားမလုပ်မီ ကြိုတင်လိမ်းထားခြင်းဖြင့် အကြောများလျော့၍ ပျော့ပျောင်းစေပါသည်။ ဤဆေးကို ဓာတ်ိုင်းရင်းပညာ **'အအေးနည်း'** ဖြင့် ဖော်စပ်ထားပါသည်။

## ချွဲသလိပ်ကြေ ရင်လှူးဆေး

၀၄၀၈ (Y) ၀၇၄၆၄



ဤချွဲသလိပ်ကြေ ရင်လှူးဆေးသည် လူကြီး၊ ကလေး အသက်အရွယ် မရွေး အသုံးပြုနိုင်သည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

ချွဲထ၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ သလိပ်ပုပ်ထ၊ ကြက်ညှာချောင်းဆိုး၊ ချွဲပူထ၊ လည်ချောင်းယား၊ ချွဲသံကြား၊ အစာမကြေ ဖျို့အန်၊ ရင်ပြည့်၊ ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိခြင်း၊ ဝမ်းဖောဝမ်းရောင်၊ ဗိုက်အောင့်၊ ဗိုက်ပူနံကား၊ လေပြင်နာ၊ လေဆန်နာ၊ လေထိုးလေအောင့်၊ လေပွလေထ၊ လေနှင့်ဝမ်း မကွဲသော ရောဂါများအတွက် အထူးလိမ်းဆေးဖြစ်ပါသည်။ ထိုဆေးကို လည်ပင်းမှ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါက ရောဂါကို ယူပစ်သလို ပျောက်ကင်းနိုင်ပါသည်။

ပင်ရင်းဌာန – "စပွါယ်ဖူးဆေးတိုက်" ၊ အမှတ်(၆၄)၊ သရဖီလမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံ။
ဖုန်းနံပါတ်များမှာ - ၀၉-၅၁၃၇၅၅၈၊ ၀၉-၅၁၉၇၈၇၇ တို့ ဖြစ်ပါသည်။ ဤဆေးကို ရွှေဘုံသာလမ်းရှိ တိုင်းရင်းဆေးဆိုင်များမှာ ရရှိနိုင်ပါသည်။ အရိုးကျီးပေါင်းနှင့် လေဖြတ်ဝေဒနာရှင်များ ရောဂါအမြစ်ဖြတ်လိုလျှင် "တကယ်ထူးတဲ့ စပွါယ်ဖူးဆေးတိုက်" သို့ လာရောက် ဆွေးနွေးကုသနိုင်ပါသည်။
ဆေးခန်းဖွင့်ချိန် - "နံနက်(၉ - ၁၁)နာရီ၊ ညနေ(၄ - ၈)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အလွန်ကောင်း

■ မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

ဆောင်းပါးရှင်တစ်ဦး စက္ကူနှင့် ပတ်၍ ပေးသွားသော ဗီစကီပုလင်းကို ဗီရိုထဲတွင် ထည့်သိမ်းလိုက်ပြီးနောက် အယ်ဒီတာဦးအံ့တိုသည် မိမိ၏စားပွဲပေါ်၌ စာမူတစ်ပုံကြီးကို မျက်လုံးဝင့်၍ ကြည့်လိုက်သည်။

တကယ်တော့ သူသည် ကြယ်ပြောင်ဂျာနယ်၏ ဒုတိယတာဝန်အရှိဆုံး ပုဂ္ဂိုလ်ကြီးဖြစ်၏။ သို့မဟုတ် နံပါတ်(၂) ဩဇာအရှိဆုံးလူ ဖြစ်၏။ ဂျာနယ်သို့ပေးပို့လာသည့် ဆောင်းပါးများ၊ ဝတ္ထုတိုများနှင့်ပတ်သက်သော အယ်ဒီတာချုပ်က သူ့ကို လုံးဝလွှဲအပ်တာဝန်ပေးထားသည်။ စာမူများတင်ပြလာလျှင် အယ်ဒီတာချုပ်သည် ဦးအံ့တို့၏မှတ်ချက်ကိုသာ အဓိကထားပြီး ဆုံးဖြတ်၏။ အယ်ဒီတာ၏မှတ်ချက်ဆိုသည့် အကွက်ထဲတွင် ဦးအံ့တိုက "အလွန်ညံ့"ဟု ရေးထည့်လိုက်လျှင် ထိုစာမူသည် သေချာပေါက် အပယ်ခံရတော့မည်ဖြစ်၏။ အကယ်၍ အလွန်ကောင်းဟု မှတ်ချက်ပြုထားလျှင်မူ ထားး စာမူရှင်အဖို့ စာမူခ ထုတ်ယူဖို့သာရှိတော့သည်။ ထိုစာမူသည် ကြယ်ပြောင်ဂျာနယ်၌ သေချာပေါက် ပုံနှိပ်ဖော်ပြခြင်း ခံရတော့မည် ဖြစ်သောကြောင့်ပင်တည်း။ ဤသည်တို့ကြောင့်လည်း ကြယ်ပြောင်ဂျာနယ်သို့ စာမူပို့လိုသူတို့သည် ဦးအံ့တိုနှင့် အလွမ်းသင့်အောင်ပေါင်းကြရ၏။ ဆည်းကပ်ခစားမှုပြုကြရ၏။ ယမကာ(သို့မဟုတ်) ပစ္စည်းလက်ဆောင်တစ်မျိုးမျိုးကို ပသကြရ၏။ ဦးအံ့တိုက ပိုက်ဆံချေးလျှင်လည်း သူတို့တစ်တွေ မရှိမဲ့ရှိမဲ့ထုတ်၍ ချေးကြရသည်။ သို့ရာတွင် ထိုချေးငွေသည်ကား ကြက်သောက်ရေသာ ဖြစ်သွားရလေသည်။ မည်သူကမျှ ပြန်မတောင်းရဲကြချေ။ ဦးအံ့တိုကလည်း ဘယ်တော့မှ ပြန်ဆပ်လေ့မရှိ။

သို့ရာတွင်…ဦးအံ့တိုကလည်း ကျေးဇူးတရား သိတတ်ပါသည်။ သူ့ကို ယမကာ၊ သို့မဟုတ် ပစ္စည်းလက်ဆောင်ဆက်သနေကြသူ၊ ငွေချေးပေးနေကြသူတို့၏ စာမူဆိုလျှင် အယ်ဒီတာမှတ်ချက်နေရာ၌ "အလွန်ကောင်း"ဟု ရေးချပေးလိုက်သည်ချည်းဖြစ်၏။ ထိုမှတစ်ပါး ကလောင်သစ်များ၊ သူနှင့် ခပ်စိမ်းစိမ်းနေသူတို့၏ စာမူများကိုမူကား ဖတ်၍ပင်မကြည့်။ အယ်ဒီတာမှတ်ချက်နေရာ၌ "အလွန်ညံ့"ဟု တန်းပြီးရေးချလိုက်သည်ချည်းသာ။

ဤကား တံစိုးလက်ဆောင်ဆက်သသူနှင့် မဆက်သသူတို့အပေါ်တွင် ဦးအံ့တို၏ တုံ့ပြန်ချက်။ လိင်ပိုင်းဆိုင်ရာ လူတန်းစား ခွဲခြားရပ်တည်မှုကို ကြည့်ပါဦး။

"ကျွန်တော် မနှစ်တုန်းက ပို့ထားတဲ့ 'အရိုးကြည့်စား'ဆိုတဲ့ ဆောင်းပါးအခြေအနေလေး သိပါရစေခင်ဗျာ"

"စာပေးစာယူ ဌာနစိတ်မှာ သွားစုံစမ်းကြည့်ပါ။ ကျုပ်လို ဒုတိယအယ်ဒီတာချုပ်က အဲဒီလောက် အသေးစိတ်ကိစ္စတွေကို မှတ်မထားနိုင်ဘူးခင်ဗျ"

ဤကား အမျိုးသားကလောင်ရှင် ကလောင်သစ်တစ်ဦးအပေါ်တွင် ဦးအံ့တို၏ တုံ့ပြန်ဆက်ဆံမှု။

"ကျွန်မ မနေ့တုန်းက ပေးထားခဲ့တဲ့…"

"အေရိုးဗစ်ရဲ့အလှဆိုတဲ့ ဆောင်းပါးလေး မဟုတ်လား။ သိပ်ကောင်းတယ် အစ်ကိုကြီးဖတ်ပြီးပြီ။ မှတ်ချက်ကောင်းကောင်းရေးပြီး အယ်ဒီတာချုပ်ဆီ တင်ပြထားတာမို့ ရွေးဖို့သေချာပါတယ်။ ညီမလေးက ဘယ်မှာနေသလဲ။ ဒီကိုလည်း မကြာမကြာလာပေါ့။ စာရေးသားတဲ့အတတ်ကို တစ်ဖက်ကမ်းခပ်အောင် အစ်ကိုကြီးက သင်ပေးပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

ချောမောလှပသော အမျိုးသမီးကလောင်သစ်တစ်ဦးအပေါ်တွင် ဦးအံ့တို့၏ တုံ့ပြန်ဆက်ဆံပုံဖြစ်၏။

ဒီကနေ့လည်း ဦးအံ့တို့သည် ထုံးစံအတိုင်းပင် သူ့စားပွဲပေါ်မှ စာမူများကို သာမန်ကာလျှံကာ လှန်လှောပြီးနောက် ကလောင်အမည်များကိုသာ အဓိကထားကာ မှတ်ချက်ကောင်းကောင်းရေး၍ အယ်ဒီတာချုပ်ထံ တင်ပြလိုက်၏။ အလုပ်ပါးသွားပြီဖြစ်၍ သူသည် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ကာ ဆုံလည်ကုလားထိုင် နောက်မှီပေါ်တွင် ကျောဆန့်ထားပြီး ဇိမ်ခံအနားယူနေလေတော့၏။ ကြယ်ပြောင်ဂျာနယ် အယ်ဒီတာချုပ်သည် အစည်းအဝေးတစ်ခုသို့ သွားနေသဖြင့် တိုက်တွင်မရှိ။ ထို့ကြောင့်လည်း သူစောစောက မှတ်ချက်ရေးပြီး တင်ပြထားသော စာမူများသည် အယ်ဒီတာချုပ်စားပွဲပေါ်တွင် အချိန်အတန်ကြာအောင် အိပ်စက်နေကြရလိမ့်မည်။ ကုလားထိုင်၏ နောက်မှီတွင် ကျောဆန့်ပြီး ဇိမ်ယူနေသော ဦးအံ့တို့သည် ညက အသောက်လွန်ထားသည့် ဝီစကီအရှိန်ကြောင့် မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

"ဆရာ...နောက်ထပ် ဝင်စာအသစ်တွေ ရောက်လာတယ်ခင်ဗျ"

ရုံးအကူလေး မောင်ပန်းမွှေး၏ အသံကြောင့် သူသည် အိပ်ပျော်နေရာမှ ဖျပ်ခနဲလန့်နိုးသွား၏။ ရီဝေသော မျက်လုံးအစုံဖြင့် သူသည် မိမိ၏စားပွဲပေါ်မှ စာမူအသစ်များကို လှန်လှောပြီးနောက် ထုံးစံအတိုင်းပင် မှတ်ချက်ရေးကာ အယ်ဒီတာချုပ်စားပွဲပေါ်တွင် သွားတင်ထားလိုက်၏။ မကြာမီပင် အယ်ဒီတာချုပ်သည် အစည်းအဝေးမှ ပြန်လည်ရောက်ရှိလာကာ ဦးအံ့တို့တင်ပြထားသော စာမူများကို ဖတ်ရှုလေတော့၏။ နာရီဝက်ခန့်အကြာ၌ အယ်ဒီတာချုပ်သည် ဦးအံ့တို့၏ စားပွဲနားသို့ ရောက်လာကာ...

"ဦးအံ့တို့ ဒီစာတွေကို သေသေချာချာ မဖတ်ဘူးထင်တယ်"

"ဟာ...ဖတ်ပါတယ် အာစရိရဲ့ သေသေချာချာဖတ်ပြီးမှ မှတ်ချက်တွေ ရေးပေးလိုက်တာပါ"

"ဒါဖြင့် ဟောဒီစာနှစ်စောင်ကို ပြန်ပြီး ဖတ်ကြည့်ပါဦး။ အဲဒါတွေက ဂျာနယ်ကိုပို့တဲ့ ဆောင်းပါးလည်းမဟုတ်ဘူး ဝတ္ထုလည်းမဟုတ်ဘူး...။ ခင်ဗျားနဲ့ ပတ်သက်နေတဲ့ အရေးတကြီး အကြောင်းကြားစာတွေဗျ"

"ခင်ဗျာ"

ဦးအံ့တို့သည် အယ်ဒီတာချုပ် သူ့စားပွဲပေါ်တွင် ချထားခဲ့သော စာနှစ်စောင်ကို ကမန်းကတန်း ကောက်ယူဖတ်ကြည့်လိုက်ရာ ပထမစာမှာ -

"ဦးအံ့တို့ခင်ဗျား...

ဈေးဝယ်သွားရင်း ဆရာတို့ရပ်ကွက်နားရောက်တော့ မလှမ်းမကမ်းမှာ အိမ်တွေ မီးလောင်နေတာကို တွေ့ရတယ်။ လေရူးတိုက်နေလေတော့ ဆရာတို့နေတဲ့ရပ်ကွက်လည်း စိုးရိမ်ရတယ်။ ဖုန်းလိုင်းတွေပြတ်နေပြီး ဖုန်းဆက်မရပါသဖြင့် ဤစာကို လူကြုံနှင့်ပို့လိုက်ရပါတယ်ခင်ဗျား။ ဆရာ့အိမ်သားတွေလည်း သိပ်စိတ်ပူပြီး ဗျာများနေကြပါတယ်။ ဆရာ အမြန်ပြန်လာရန် အကြောင်းကြားပေးဖို့ အကူအညီတောင်းခံတာကြောင့် ဒီစာကို ရေးပို့လိုက်ရတာ ဖြစ်ပါတယ်ခင်ဗျား...

လေးစားစွာဖြင့်

ဗေဒါ

(မှတ်ချက်။ ။ ထိုခေတ်ထိုအခါက လက်ကိုင်ဖုန်းများမပေါ်သေးပါ။)

အထက်ဖော်ပြပါစာသည် ပထမဝင် စာအုပ်စုထဲ၌ပါလာသော စာတစ်စောင်ဖြစ်၏။ "ဗေဒါ"ဟူသော အမည်ကို အောက်ခြေ၌တွေ့ရှိခဲ့ရစဉ် စာကို ဆောင်းပါးထင်ပြီး သူလည်း လုံးဝဖတ်ရှုခြင်းမပြုခဲ့။ ကြယ်ပြောင်ဂျာနယ်တွင် ဗေဒါ၏ဆောင်းပါး သုံးလေးပုဒ်ခန့်ပါဖူး၏။ ဗေဒါသည် စာရေးသားမှု၌ လက်စလက်န ရှိ၏။ တိုးတက်လာနိုင်စရာ အကြောင်းရှိ၏။ သို့ရာတွင် သူသည် ဦးအံ့တို့ကို ပုဂ္ဂိုလ်ရေးအရ ဆည်းကပ်မှု၊ ပူဇော်ပသမှု မရှိခဲ့။ ထို့ကြောင့် နောက်ပိုင်းတွင် ဗေဒါ၏ဆောင်းပါးများကို ကြယ်ပြောင်ဂျာနယ်တွင် မပါဝင်စေရန် သူသည် အပြတ်နှိပ်ကွပ်ထေ တော့၏။ ယခုစာကိုလည်း သူသည် ဗေဒါရေးသော ဆောင်းပါးဟုထင်ပြီး အယ်ဒီတာ၏မှတ်ချက်နေရာ၌ "အလွန်ညံ့"ဟု ရေးသားကာ အယ်ဒီတာချုပ်ထံ တင်ပြမိခဲ့ခြင်းဖြစ်၏။

သူ့စားပွဲပေါ်တွင် အယ်ဒီတာချုပ် ချထားခဲ့သော ဒုတိယစာကို ဦးအံ့တို့ ဆက်လက်ဖတ်ရှုပြန်၏။ ဤစာသည်



www.burmeseclassic.com

www.burmeseclassic.com

နုတိယဝင်စာအုပ်စုထဲမှ စာဖြစ်၏။ အောက်ခြေ၌ "တက္ကသိုလ်မိုးပျံ"ဟု သော ကလောင်အမည်ကို တွေ့လိုက် ၍မှာပင် သူသည် ဝတ္ထုတိုထင်ပြီး မဖတ်ဘဲနှင့် "အလွန်ကောင်း"ဟု မှတ် ချက်ရေးသားကာ အယ်ဒီတာချုပ်ထံ တင်ပြခဲ့သည့်စာဖြစ်၏။ "တက္ကသိုလ်မိုး ပျံ"သည် သူ့ကို ယမကာပုလင်းပေါင်း မြောက်မြားစွာ ဆက်သခဲ့ဖူးသူ မဟုတ် ပါလော။ ယခု ထိုစာကို သေသေချာ ချာ ဖတ်ကြည့်လိုက်သောအခါ -

ဆရာဦးအံတိုခင်ဗျား

ကျွန်တော် အလွန်စိတ်မကောင်း ပါဘူး...။ ဒီကနေ့ မွန်းတည့်အချိန် လောက်က ဆရာတို့ရုပ်ကွက်ဘက်ကို ကိစ္စတစ်ခုနဲ့ ကျွန်တော်ရောက်သွား ◌ာ့ ကြေကွဲစရာမြင်ကွင်းတစ်ခုက ဆီးကြိုနေပါတယ်။ ဆရာ့အိမ် အပါ အဝင် ဆရာတို့ရပ်ကွက်တစ်ခုလုံး မီး ဝါးခံရပြီး ပြာကျနေပါပြီ။ အထဲကို လူ စိမ်းတွေ ဘယ်သူမှ ဝင်ခွင့်မရလို့ ကျွန် တော်လည်း လှည့်ပြန်ခဲ့ရတယ်။ အပြန် လမ်းမှာ ဆောင်းပါးရှင် မောင်ဗေဒါနဲ့ တွေ့ခဲ့ပါတယ်။ သူက မနက်ခင်း ဆရာ တို့ရပ်ကွက်ဘက်ကိုရောက်တော့ မလှမ်း မကမ်း တစ်ဖက်ရပ်ကွက်ထဲမှာ မီး လောင်နေတာကိုတွေ့လို့ ဆရာ့အိမ် သားတွေက သူ့ကို အကူအညီတောင်း ကြတဲ့အကြောင်း၊ ဆရာ့ထံ ဖုန်းဆက် ဖို့ကြိုးစားပေမယ့် ဖုန်းလိုင်းတွေပြတ် နေလို့ အဆင်မပြေတာကြောင့် စာရေး ပြီး လူကြုံနဲ့ပို့နိုင်းလိုက်ရတဲ့အကြောင်း တွေ ပြောပြပါတယ်။ ကျွန်တော်လည်း ဆရာ့ဆီကို လူကိုယ်တိုင် ပြေးပြီး အကြောင်းကြားချင်ပေမယ့် အရေးတ ကြီး မီးရထားနဲ့ ခရီးထွက်စရာရှိတာမို့ ဒီစာကို လူကြုံပါးနိုင်းလိုက်ရတာ ခွင့် လွှတ်ပါဆရာ။ ကျွန်တော် မန္တလေးက ပြန်ရောက်မှ ဆရာတို့မိသားစုအတွက် မီးဘေးအလှူငွေ လာပို့ပေးပါ့မယ်.. ခင်ဗျား။

တက္ကသိုလ်မိုးပျံ

"အမလေး...လေး ကုန်ပါပြီ။ ကုန်ပါပြီ။ မတရားရထား။ စုထားတာ လေးတွေတော့ ကုန်ပါပြီ အီး ဟီး"

သွေးရူးသွေးတန်းဖြင့် အော်ဟစ် ငိုယိုကာ ဂျာနယ်တိုက်ပေါ်မှ ကဆုန် ပေါက်ပြေးဆင်းသွားသော ဦးအံတို ခဗျာ -

"နို့ ခင်ဗျားကပဲ အဲဒီစာကိုဖတ် ပြီး အလွန်ကောင်းလို့ မှတ်ချက်ရေးခဲ့ တယ် မဟုတ်လား"

ဟူ၍ လှမ်းအော်လိုက်သည့် အယ်ဒီတာချုပ်၏ စကားသံကို ကြား နိုင်တော့မည် မထင်တော့ပါ။

(မှတ်ချက် ။ ။ စာကိုမရွေး လူကိုသာရွေးလေ့ရှိခဲ့သော ကွန်လွန် သူအယ်ဒီတာကြီး တစ်ဦးကို ရည်ညွှန်း ပါသည်။)

---

မနဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

---


**အနန္တသိဒ္ဓိစွမ်းအားပြဒါးရှင်**

**အဆောင်ဓာတ်လုံး**

**ဘော် + ဘင် + ပြဒါးသွတ်**

ဤလေးပါးတို့သည် မူလဓာတ်ပေါင်း ပစ္စည်းများဖြစ်သဖြင့် ထင်ပေါ်ကျော်ကြား လာဘ်လာဘ ပေါကြွယ်လှုပြီး လူတိုင်းလိုအပ် သော ဝီယ-လာဘ-နေ-ပညာ စသည်တို့ အတွက် သေချာစိမ်၍ ကောင်းသောအချိန်၊ ကောင်းသောနက္ခတ်နှင့်ကြုံကြိုက်ချိန် သမထ ကျင့်စဉ်စွမ်းအားဖြင့် ရောယှက်ပေါင်းစည်း သိဒ္ဓိပြီးအောင် အဆောင်ပြဒါးရှင်ဓာတ်လုံးကို ပါရမီဓာတ်ခံရှိသူများထံ သတင်းကောင်းပါး လိုက်ပါသည်။

အဆိုပါ ပြဒါးရှင်ဓာတ်လုံးကို ဆောင် ထားခြင်းအားဖြင့်...

ဖော်ပြပါအကျိုးထူးများ ရရှိပါလိမ့်မည်။

၁။ ကျရောက်မည့်၊ ကျရောက်လတ္တံ့သော ဘေးဆိုးများ ကာကွယ်နိုင်ခြင်း။

၂။ ဝီယ + ဓန လာဘ ပညာရေး စသည် တို့ကို ရရှိနိုင်ခြင်း။

၃။ အတိုက်အခိုက် စုန်း၊ နတ်၊ သိုက် စသော နှောင့်ယှက်မှုကို ကာကွယ်နိုင် ခြင်း။

၄။ ပြည်တွင်းပြည်ပ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း သွားရာတွင် ဆောင်ထားခြင်း ဖြင့် ဘေးရန်အသွယ်သွယ်ကင်းပြီး လို ရာခရီးကို ရောက်နိုင်ခြင်း။

၅။ စာမေးပွဲဖြေဆို လူတွေ့စစ်ဆေး စသော ကိစ္စများအောင်နိုင်ခြင်း စသော ကောင်း ကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံသော အဆိုပါ အဆောင်ပြဒါးရှင်လုံးကို အလို ရှိပါက...

နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီထိ

**ရောင်ပြန်မဂ္ဂဇင်းတိုက်**

အမှတ်(၂၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၂၅၁၀၂၂၃၃၁




www.burmeseclassic.com

www.burmeseclassic.com

# ခရစ်ယာန်ဘာသာ နှင့် ဗုဒ္ဓဘာသာတို့

# တူညီသော ကျင့်ဝတ်သီလများ

**မောင်မောင်စန်းထွေး**



အထက်မြန်မာပြည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကက်သလစ်ခရစ်ယာန်ဘာသာဝင် အများစုနေထိုင်ရာ ချမ်းသာရွာ(ရေဦးမြို့နယ်၊ ချောင်းရိုးရွာ (တန့်ဆည်မြို့နယ်)၊ မုံလှရွာ(ခင်ဦးမြို့နယ်)၊ နဘက်ရွာ(မြောင်မြို့နယ်)တို့ကို မြန်မာများက ဗရင်ဂျီရွာဟု ခေါ်ဆိုကြကြောင်း။ သို့သော် ထိုရွာကြီးများတွင် ခရစ်ယာန်များသာမက ဗုဒ္ဓဘာသာများလည်း နေထိုင်လျက် ရှိနေကြကြောင်း။ ခရစ်ယာန်များနှင့် ဗုဒ္ဓဘာသာများသည် ချစ်ကြည်ရင်းနှီးစွာ အတူတကွ ယှဉ်တွဲနေထိုင်လျက် ရှိနေကြကြောင်း။ ကျေးရွာအရေးအရာကိစ္စ၊ ရပ်ရေးရွာရေးအကျိုးများကိုလည်း စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲသယ်ပိုးဆောင်ရွက်လျက်ရှိကြကြောင်း။ ခရစ်ယာန်တို့၏ ဘုရားပွဲ၊ ခရစ္စမတ်ပွဲ၊ ကျောင်းပွဲများတွင် ဗုဒ္ဓဘာသာဝင်များက ပါဝင်ကူညီအားပေးကြကြောင်း၊ အတူတကွစားသောက်ကြကြောင်း၊ ထို့အတူ ဗုဒ္ဓဘာသာတို့၏ ဘုရားပွဲ၊ ကထိန်ရင်ပြီး အလှူဒါနများတွင်လည်း ခရစ်ယာန်များက ပါဝင်ကူညီကြကြောင်း သူ့ဘာသာ၊ ကိုယ့်ဘာသာဟူ၍ ခွဲခြားခြင်းမရှိ အတူတကွ ရိုင်းပင်းကူညီကြကြောင်း သိရသည်။

ဤကဲ့သို့ တစ်ရွာတည်းတွင် ချစ်ကြည်ရင်းနှီးစွာ စိတ်ဝမ်းမကွဲဘဲ နိုင်[illegible]စွာနေထိုင်လျက်ရှိကြသည်မှာအကြောင်း အမျိုးမျိုးရှိသော်ငြားလည်း ဘာသာတရားတော်မှ ကျင့်ဝတ်သီလများ တူ[illegible]ခြင်းကလည်း အဓိကအပိုင်းအ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တစ်ကဣွာပါဝင်ပတ်သတ်နိုင်ကြောင်း သိရသည်။

ခရစ်ယာန်ဘာသာ တရားတော်မှ ကျင့်ဝတ်သီလများနှင့် ဗုဒ္ဓဘာသာ တရားတော်မှ ကျင့်ဝတ်သီလများတွင် တူညီသောအချက်များရှိသည်မှာ အမှန်ပင် စိတ်ဝင်စားဖို့ကောင်းလှကြောင်း။ ဘာသာတရားအချင်းချင်း ဆွေးနွေးနှီးနှောဖလှယ်ရာ၌ အထောက်အကူဖြစ်စေရန် တူညီသောကျင့်ဝတ်သီလများကို ထပ်ဆင့်ဖော်ပြပေးပါသည်။

ထိုတူညီသော ကျင့်ဝတ်သီလများတွင် • • •

(၁) ခရစ်ယာန်ဘာသာတွင် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဟူ၍ ကရူးစူးအမှတ်အသား (Sign of The Cross) လုပ်ခြင်းသည် အခြေခံအကျဆုံး ဝတ်ပြုခြင်းဖြစ်သည်။ ဆုတောင်းဝတ်ပြုမှု ပြုလုပ်သည့်အခါတိုင်း "ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်မြတ်၌ အာမင်"ဟု စတင်လေ့ရှိပါသည်။

ဗုဒ္ဓဘာသာတွင် ဘုရား၊ တရား၊ သံဃာကို ရတနာသုံးပါးဟု ခံယူသည်။ ရတနာသုံးပါးကို ဆည်းကပ်ကိုးခြင်းသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အရေးအကြီးဆုံးအချက်ဖြစ်သည်။ ဘုရား၊ တရား၊ သံဃာတို့ကို ရတနာသုံးပါးဟူ၍လည်းကောင်း၊ သရဏဂုံသုံးပါးဟူ၍လည်းကောင်း ခေါ်ဆိုသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးသည် ဘုရားရှိခိုးဝတ်ပြုသည့်အခါတိုင်း၊ ပုတီးစိပ်သည့်အခါတိုင်း ဘုရား၊ တရား၊ သံဃာတို့ကို ဦးစွာရှိခိုးကန်တော့ပြီးမှ ဆက်လက်ဝတ်ပြုလေ့ရှိသည်။

ထို့ကြောင့် • • • ခရစ်ယာန်တို့၏ "ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်"ဟူသည့် ပုဂ္ဂိုလ်သုံးပါးသည် ဗုဒ္ဓဘာသာတို့၏ "ဘုရား၊ တရား၊ သံဃာ"ဟူသည့် ရတနာသုံးပါးနှင့် သဘောအားဖြင့် တူညီသည်ဟု ဆိုနိုင်သည်။

(၂) ခရစ်ယာန်တို့၏ ရှင်မဿဲ ခရစ်ဝင်ကျမ်းအခန်းကြီး (၂၃)၊ အခန်းငယ် (၂၇-၂၈) တွင် သခင်ယေရှုက အောက်ပါအတိုင်း ဟောကြားတော်မူခဲ့သည်။

"လျှို့ဝှက်သော ကျမ်းပြုဆရာ ဖာရိရှဲတို့ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား အဖြူသုတ်ထားသော သင်္ချိုင်းတွင်းနှင့် တူကြ၏။ ထိုတွင်းသည် အပြင်၌ တင့်တယ်စွာတကား။ အတွင်း၌ကား လူသေအရိုးစု၊ အညစ်အကြေးအမျိုးမျိုးနှင့် ပြည့်လျက်ရှိ၏။ ထို့အတူ သင်တို့သည် အပြင်၌ လူတို့ရှေ့မှာ ဖြောင့်မတ်ဟန် ရှိ၏။ အတွင်း၌ကား လျှို့ဝှက်ခြင်း၊ မတရားသဖြင့် ပြုကျင့်ခြင်းနှင့် ပြည့်လျက်ရှိကြ၏"

ထိုနည်းတူ "ဓမ္မပဒ"ကျမ်း၊ ဗြာဟ္မဏဝဂ္ဂအပိုဒ် ၃၉၄ တွင် ဗုဒ္ဓမြတ်စွာသည် ပုဏ္ဏားတစ်ဦးအား အောက်ပါအတိုင်း ဆုံးမတော်မူ၏။

"ပညာမရှိသောရသေ့ သင့်အား ဆံကျစ်ထိုးခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သင်နတ်ရေဝတ်ခြင်းဖြင့်လည်း အဘယ်အကျိုးရှိအံ့နည်း။ သင်၏ကိုယ်တွင်း၌ ကိလေသာသဘောရှိနေပါလျက် ပြင်ပကိုသာ သုတ်သင်လေဘိ၏"

ဤကျမ်းချက် နှစ်ရပ်သည် သဘောတရားအားဖြင့် အတူတူပင်ဖြစ်ကြောင်း တွေ့ရပေမည်။ ပြင်ပအဆင်တန်ဆာ အဆောင်အယောင်ဆိုသည်မှာ ဟန်ပြသာဖြစ်၏။ အနှစ်မပါ အကာသက်သက်သာဖြစ်၏။ အချည်းနှီး အလဟဿသာဖြစ်၏။ စိတ်နှလုံးစင်ကြယ်သန့်ရှင်းအောင်၊ အပြစ်ကင်းအောင် ပြုမူကျင့်ကြံ နေထိုင်ခြင်းသာလျှင် ကျင့်ဝတ် သီလဖြစ်၏ဟု ဆိုလိုခြင်းဖြစ်သည်။

(၃) ခရစ်တော်သည် တောင်ပေါ်ဒေသနာတော်၌ အောက်ပါကျင့်ဝတ်ကိုလည်း ထည့်သွင်းဟောကြားခဲ့သည်။

"ငါပြည်တ်သည်ကား • • သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖ၏သား ဖြစ်လိုသောငှာ သူတို့၏ရန်သူတို့ကို ချစ်ကြလော့၊ သင်တို့ကိုမုန်းသော သူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကိုနှောင့်ယှက်၊ ညှဉ်းဆဲသောသူတို့အဖို့ ဘုရားသခင်ကို ဆုတောင်းကြလော့"(ရှင်မဿဲ အခန်းကြီး ၅ အခန်းငယ် ၄၄)

ဗုဒ္ဓဘာသာတို့၏ ဓမ္မပဒ ကောဝဂ္ဂ အပိုဒ်(၂၃)တွင် ဂေါတမဗုဒ္ဓက အောက်ပါအတိုင်း ဟောကြားတော်မူသည်။

"အမျက်၊ ဒေါသ"ထွက်သောသူကို အမျက်မထွက်ခြင်း၊ မေတ္တာတရားဖြင့် အောင်နိုင်ရာ၏။ မကောင်းသော



www.burmeseclassic.com

www.burmeseclassic.com

သဘောရှိသူကို ကောင်းသောသဘောထားဖြင့် အောင်နိုင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏။ မဟုတ်မမှန်ပြောသူကို ဟုတ်မှန်စွာပြောဆိုခြင်းဖြင့် အောင်နိုင်ရာ၏"

ဤဒေသနာ နှစ်ခုသည်လည်း လူအပေါင်းတို့အား ချစ်ခြင်းမေတ္တာတရားထားရန် ဟောကြားချက်များဖြစ်၍ အတူတူပင်ဖြစ်သည်။

(၄) ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး(၁၅) အခန်းငယ် (၁၉-၂၀) တွင် ခရစ်တော်က လူကိုညစ်ညမ်းစေသော အရာနှင့်ပတ်သက်၍ အောက်ပါအတိုင်း သွန်သင်တော်မူသည်။

"သူ့အသက်ကိုသတ်ခြင်း၊ သူ့သားမယားကို ပြစ်မှားခြင်း၊ မိန်းမလွတ်နှင့် မှားယွင်းခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေခံခြင်း၊ သူ့အသရေကိုဖျက်ခြင်း အရာတို့သည် နှလုံးထဲကထွက်လာ၍ လူကိုညစ်ညူးစေသော အရာဖြစ်ကြ၏"

ထို့အတူ ဂေါတမမြတ်စွာဘုရားသည် အာမဂန္ဓသုတ္တန်ဂါထာ အမှတ်(၄)တွင် အောက်ပါအတိုင်း ဟောတော်မူ၏။

"သတ္တဝါတို့ကို နှိပ်စက်သတ်ဖြတ်ခြင်းသည်လည်းကောင်း၊ ခိုးယူခြင်းသည် လည်းကောင်း၊ မဟုတ်မမှန်ပြောဆိုခြင်းသည်လည်းကောင်း၊ စဉ်းလဲခြင်း လှည့်ဖြားခြင်းသည်လည်းကောင်း၊ အကျိုးမရှိသော ကျမ်းဂန်တို့ကို သင်ယူခြင်းသည်လည်းကောင်း၊ သူတစ်ပါး၏ သားမယားကို ပေါင်းဖက်မှီဝဲခြင်းသည်လည်းကောင်း အညှီအဟောက်တည်း"

ဤဟောပြချက်နှစ်ခုကို ကြည့်လျှင် အနှစ်သာရမှာ အတူတူပင်ဖြစ်သည်။ စိတ်နှလုံးဖြူစင်သန့်ရှင်းစေရန် အပြစ်ကင်းရန် ဆုံးမခြင်းဖြစ်၏။ အပြစ်များရှိခြင်းသည်သာ လူကိုညစ်ညူးစေခြင်းဖြစ်၏ဟု ဆိုလိုခြင်းဖြစ်သည်။

(၅) ခရစ်တော်ယေရှုသည် ရှင်မာကုအခန်းကြီး(၁၂) အခန်းငယ်(၃၈-၄၀)တွင် အောက်ပါအတိုင်း မိန့်တော်မူလေသည်။

"ကျမ်းပြုဆရာတို့ကို ရှောင်ကြလော့၊ သူတို့သည် ရှည်သောအင်္ကျီကို ဝတ်လျက် လည်ခြင်းငှာ အလိုရှိကြ၏။ ဈေး၌ ရိုသေစွာနှုတ်ဆက်ခြင်းကိုလည်းကောင်း၊ ပွဲသဘင်ဇရပ်တို့၌ မြင့်မြတ်သောနေရာ ထိုင်ရာကိုလည်းကောင်း နှစ်သက်ကြ၏။ သူတို့သည် မုဆိုးမအိမ်ကို လုယူသိမ်းထား၍ အပြစ်မပေါ်စေခြင်းငှာ ရှည်သောပဋ္ဌနာစကားကို ရွတ်တတ်ကြ၏"

ဓမ္မပဒပုပ္ဖဝဂ္ဂ အပိုဒ်(၅)တွင်လည်း ဗုဒ္ဓမြတ်စွာဘုရားသည် အောက်ပါအတိုင်း ဟောတော်မူ၏။

"အဆင်းသာရှိ၍ အနံ့မရှိဘဲ တင့်တယ်လှပသောပန်းသည် ပန်ဆင်သောသူအား အနံ့တည်းဟူသောအကျိုးကို မဆောင်နိုင်သကဲ့သို့ ကောင်းစွာဟောကြားတော်မူအပ်သော တရားစကားတော်သည် မလိုက်နာမကျင့်ကြံသူအား အကျိုးကို မဆောင်နိုင်ပေ"

ဤဆုံးမသွန်သင်ချက် နှစ်ခုသည်လည်း တရားတော်ကို လိုက်နာကျင့်သုံးခြင်းမရှိဘဲလျက် လူအများရှေ့တွင် တရားရှိလေဟန်ပြသူတို့အား ဆုံးမပြစ်တင်ခြင်းဖြစ်၏။ အဓိပ္ပာယ်မှာ အတူတူပင် ဖြစ်သည်။

(၆) ယေရှုခရစ်တော်သည် မျ... သူအား ချစ်ရမည့်အကြောင်းနှင့် ပတ်... သက်၍ ဆုံးမရာတွင် ရှင်လုကာကျမ်း အခန်းကြီး (၆) အခန်းငယ် (၃၁) တွင်

"သင်တို့သည် ကိုယ်၌တစ်ပါး... စေလိုသည့်အတိုင်း တစ်ပါးတို့၌ပြု... လော့"ဟု မိန့်တော်မူ၏။

ဓမ္မပဒဒဏ္ဍဝဂ္ဂ အပိုဒ်(၁၃၀)တွင် ဗုဒ္ဓမြတ်စွာဘုရားကလည်း အလုံး... သော သတ္တဝါတို့သည် ဒဏ်ထိခြင်း... ထိတ်လန့်ကြကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းမှ ကြောက်... ကြကုန်၏။ မိမိကိုယ်ကိုယ် ဥပမာပြု... သတ္တဝါတို့ကို မညှဉ်းဆဲမသတ်ဖြတ်... ကုန်ရာ"ဟု မိန့်တော်မူ၏။

ဖော်ပြပါ တရားနှစ်ပါးသည်လည်း အတူတူပင်ဖြစ်၏။ လောကီကျင့်ဝတ်... များတွင် အခေါင်အချုပ်ကျင့်ဝတ်ဖြစ်... ၏။ ရွှေစည်းမျဉ်းဖြစ်၏။

(၇) ခရစ်တော်သည် သူတစ်ပါး... အပြစ်ကို စီရင်ဆုံးဖြတ်ခြင်းနှင့် ပတ်... သက်၍ ရှင်မဿဲခရစ်ဝင်ကျမ်း အခန်း... ကြီး(၇) အခန်းငယ်(၃)တွင် ကိုယ်... မျက်စိ၌ရှိသော တံကျင်ကို မအောက်... မမေ့ဘဲ ညီအစ်ကို မျက်စိ၌ရှိသော... ဖြောင့်ကို အဘယ်ကြောင့်ကြည့်... သနည်း"ဟု မိန့်တော်မူ၏။

ဓမ္မပဒ အတ္တဝဂ္ဂ အပိုဒ်(၁၅... တွင်လည်း ဂေါတမဗုဒ္ဓက "သူတစ်ပါး... ကို ဆုံးမသောနည်းအတိုင်း မိမိကိုယ်... တိုင်လည်း လိုက်နာပြုကျင့်ရာ၏။ ... ကိုယ်တိုင်လည်း ယဉ်ကျေးပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com

သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်တိုင် ယဉ်ကျေးအောင် မဆုံးမနိုင်ခြင်းသည် ခဲယဉ်းလှလေစွတကား" ဟု ဟောတော်မူ၏။ ဤအရာ နှစ်ပါးသည်လည်း အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။

ဤကဲ့သို့ ခရစ်တော်ဟောတော်မူသော တရားတော်နှင့် ဗုဒ္ဓရှင်တော်မြတ် ဟောသောတရားတော်တို့ တူနေရခြင်းမှာလည်း အခြားအကြောင်းမရှိ။ အရှင်မြတ်နှစ်ပါးသည် မဖောက်မပြန် မှန်ကန်သော၊ အဟုတ်အမှန် ကေန်ရှိသော သစ္စာဓမ္မကို ဟောပြောသောကြောင့်သာလျှင် တရားတော်များ တူနေခြင်းဖြစ်၏။ မဖောက်မပြန် အမြဲထာဝရ မှန်ကန်သော တရားဓမ္မဟူသည် ဟောပြောသည့်အချိန်၊ ဟောပြောသည့်နေရာ၊ ဟောပြောသည့်ပုဂ္ဂိုလ် ကွဲပြားသော်လည်း အနှစ်သာရမှာ အတူတူပင်ဖြစ်၏။ အခေါ်အဝေါ်အသုံးအနှုန်း စကားလုံးများ ပြောင်းလဲနိုင်သော်လည်း သီလကျင့်ဝတ်မှာ အတူတူပင်ဖြစ်သည်။

(က) ခရစ်ယာန်ဘာသာဝင်တို့၏ ပညတ်တော် (၁၀)ပါးထဲမှ...

(၆) ကာမဂုဏ်အမှု၌ ကျူးလွန်ခြင်းကို မပြုလင့်၊

(၇) သူ၏ပစ္စည်းဥစ္စာကို ခိုးယူခြင်းမပြုလင့်၊

(၈) မုသားသက်သေခံခြင်းကို မပြုလင့်၊

ဆိုသော ပညတ်များသည် ဗုဒ္ဓဘာသာဝင်တို့၏ ငါးပါးသီလထဲမှ...

(၂) သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏။

(၃) ကာမဂုဏ်တို့၌ မှားယွင်းခြင်းမှ ရှောင်ကြဉ်ပါ၏။

(၄) မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏ဆိုသော ကျင့်ဝတ်များနှင့် တူညီလျက်ရှိ၏။

(ခ) သင်တို့သည် ကိုယ်နှင့်စပ်ဆိုင်သော သူတို့အား ကိုယ်နှင့်အမျှချစ်လော့ဟု ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး(၂၂) အခန်းငယ်(၃၉) တွင် ခရစ်တော်ဟောကြားခဲ့သည့် တရားတော်သည် ဗုဒ္ဓဘာသာတို့၏ ဗြဟ္မစိုရ်တရားလေးပါးထဲမှ မေတ္တာတရားပွားများခြင်းနှင့် အတူတူပင်ဖြစ်၏။

ထို့အပြင် ခရစ်တော်ဟောကြားတော်မူသော ပုံပမာများ (Parable) နှင့် ဗုဒ္ဓဘာသာ ပိဋကတ်သုံးပုံထဲမှ သုတ္တံကျမ်းများနှင့် လွန်စွာမှတူသည်ကို လေ့လာသူများသိရှိကြပါလိမ့်မည်။

ဤသို့ တရားတော်များသာ တူညီသည်မဟုတ်မူဘဲ ခရစ်တော်နှင့် ဂေါတမဗုဒ္ဓတို့၏ ဖြစ်စဉ်တော်တွင်လည်း တူညီသည်များရှိသည်။ ခရစ်တော်နှင့်ဂေါတမဗုဒ္ဓတို့အား ဖွားမြင်ရာတွင် ကြီးစွာသော နိမိတ်လက္ခဏာများ အထင်အရှားပေါ်ပေါက်ခဲ့သည်။

ခရစ်တော် ဖွားမြင်သောအခါ အရှေ့ပြည်မှ မာဂုပညာရှိတို့ မက်သလေဟင်မြို့သို့ လာရောက်၏။ ခရစ်တော်အား ဖူးမြော်ခဲ့ကြသည်။

ထို့အတူ ဂေါတမဗုဒ္ဓ ဖြစ်တော်မူမည့် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူသောအခါ ကာဠဒေဝီလ(ငယ်နာမည် အသိတလုလင်)ရသေ့သည် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ လာရောက်၍ သိဒ္ဓတ္ထမင်းသားကို ရှိခိုးပူဇော်လေသည်။

ခရစ်တော်သည် ဆာတန်နတ်ဆိုး၏ စုံစမ်းသွေးဆောင်ခြင်းကို ခံရသကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရားသည်လည်း မာန်နတ်၏ နှောင့်ယှက်ခြင်းကို အကြိမ်ကြိမ်ခံခဲ့ရ၏။

နိဂုံးချုပ်အားဖြင့် ဆိုရလျှင် ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာတို့တွင် လိုက်နာစောင့်ထိန်းရမည့် တူညီသော ကျင့်ဝတ်များရှိခြင်းကြောင့် အတွေးအမြင်၊ အကြံအစည်၊ အလုပ်အကိုင်များလည်း တူညီမှုရှိလာတော့သည်။ ထို့ကြောင့် ဖော်ပြပါ ဗရင်ဂျီစွာကြီးများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ခရစ်ယာန်များနှင့် ဗုဒ္ဓဘာသာများသည် ညီအစ်ကိုမောင်နှမသဖွယ် ယှဉ်တွဲနေလျက်ရှိနေခြင်း ဖြစ်ပေတော့သည်။

ဝန်ခံချက် ။ ။ (ဤဆောင်းပါးသည် ၂၀၁၅ ခုနှစ် မေလထုတ် မျိုးကြွသူ ကက်သလစ် လစဉ်သတင်းစာစောင်ပါ ဆောင်းပါးရှင် ဩဂုတ်စတင်း (ရွှေဘို)၏ "ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာမှ တူညီသောကျင့်ဝတ်သီလများ"ကို မှီငြမ်းကိုးကားထားသည့် ဆောင်းပါးဖြစ်ပါသည်။)

**မောင်မောင်စန်းထွေး**



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓသာသနာ သောက်ကတဲမှာ

**မြသိန်း**

"သောက်ကတဲ"

သောက်ကတဲ၏ အဓိပ္ပာယ်မှာ "ချမ်းမြေ့သာယာခြင်း၏ အရုဏ်ဦး"ဟူ၍ ဖြစ်သည်။

ထိုင်းနိုင်ငံ၏ ရှေးအကျဆုံးမြို့များတွင် သောက်ကတဲပါဝင်၏။


လွန်ခဲ့သည့် နှစ်ပေါင်း ၇၅၀ ကျော်ခန့်က သောက်ကတဲသမိုင်းသည် စတင်ခဲ့၏။

ဖိုခွန်ဘန်ကလန်ယာအို အမည်ရှိ သောက်ကတဲသားသည် ခမာတို့ကို သောက်ကတဲမှ တိုက်ထုတ်လိုက်ပြီး သောက်ကတဲမင်းဆက်ကို စတင်ထူထောင်လိုက်သည်။ သောက်ကတဲသည် အရှေ့တောင်အာရှ၏ အင်အားကြီး ဘုရင်နိုင်ငံ တစ်နိုင်ငံဖြစ်လာ၏။

သောက်ကတဲ၏ တတိယမင်းဆက် ဘုရင်ရမ်ကမ်ဟန့်လက်ထက် (အေဒီ ၁၂၇၉-၁၂၉၉)၊ သောက်ကတဲသည် ဩဇာအာဏာအရှိန်အဝါ လျှမ်းလျှမ်းတောက်ခဲ့၏။ ရှင်ဘုရင်သည် ယနေ့ထိုင်းလူမျိုးတို့ အသုံးပြုနေသည့် အက္ခရာများကို တီထွင်ခဲ့ပြီး ထိုင်းနိုင်ငံသမိုင်းကို စတင်ရေးသား၍ သောက်ကတဲမြို့ဟောင်းနေရာတွင် ကျောက်[...] ပေါင်း (ကျောက်အချပ်) ၂၀ ကျော်[...] ကို ယနေ့ထက်တိုင် တွေ့မြင်ရ၏[...]

သောက်ကတဲ၏ ထင်ပေါ်[...] ကြားမှုကို အခိုင်ပါ ကျောက်ထက်[...] ရာများ၌ ရေးသားထားခြင်းက သ[...] သေပြလျက်ရှိ၏။

သောက်ကတဲ ကောင်းစားစဉ်[...] နိုင်ငံရေး တည်ငြိမ်သလို စီးပွားရေး[...] ယဉ်ကျေးမှုသည်လည်း ဖွံ့ဖြိုးတိုး[...] ခဲ့၏။ ဗုဒ္ဓသာသနာသည်လည်း သော[...] ကတဲ၌ ထွန်းကားခဲ့၏။





www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ၏ ဆင်းတုတော်များနှင့် တန်ဆောင်းပြာသာဒ်များသည် ယနေ့ထက်တိုင် သောက်ကတဲမြို့ဟောင်းတွင် ရှိနေသေး၏။

ပန်းချီပန်းပု အနုပညာများ ရှင်သန်မှုရှိခဲ့သည်ကို သောက်ကတဲရှိ ဗုဒ္ဓရုပ်ပွားတော်ကြီးများ၊ ကြေးဝါနှင့်သွန်းလောင်းထားသော ဗုဒ္ဓဆင်းတုတော်များနှင့် ကျောက်သားပေါ်၌ ထွင်းထုထားသည့် ဗုဒ္ဓဆင်းတုတော်များက သက်သေပြနေ၏။

သောက်ကတဲ၌ အိုးလုပ်ငန်းသည်လည်း ရှင်သန်ခဲ့၏။ တရုတ်တို့နှင့် ကူးသန်းဆက်ဆံမှုရှိသောကြောင့် တရုတ်တို့၏ အိုးလုပ်ငန်း အတတ်ပညာကို သောက်ကတဲတို့ ရရှိခဲ့၏။

ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်များကို စိတ်ပါဝင်စားသူတို့သည် ထိုင်းနိုင်ငံသို့ရောက်လျှင် သောက်ကတဲမြို့ဟောင်းသို့ မရောက်ရောက်အောင် သွားကြ၏။

ထိုင်းနိုင်ငံ၏ ရာသီဥတုမှာ ပူအိုက်စွတ်စိုသော ရာသီဥတုဖြစ်သောကြောင့် သောက်ကတဲ၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ထားသော်လည်း တဖြည်းဖြည်းနှင့် ပျက်စီးယိုယွင်းလျက်ရှိ၏။ မူလလက်ရာဟောင်းများမှာ မှေးမှိန်နေ၏။ အချို့မှာ ပျက်စီးနေ၏။ သောက်ကတဲမြို့ဟောင်းသို့ ရောက်ဖူးသူတိုင်းသည် အလွန်လက်ရာမြောက်သော ဗုဒ္ဓဆင်းတုတော်များနှင့် ကျောင်းကန်ဇရပ်များကို ကြည့်ပြီး မချီးကျူးဘဲ မနေနိုင်ကြ။

ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားခဲ့ရာ အမှတ်အသား လက္ခဏာများသည် ယနေ့ထက်တိုင် ကျန်ရှိနေသေး၏။ သောက်ကတဲမြို့ဟောင်း တစ်နေရာရှိ အလွန်ကြီးမားသော ရေကန်ကြီးမှာလည်း နွေရာသီ ရေရှားပါးချိန်တွင် သောက်ကတဲတစ်မြို့လုံး၏ အားထားရာ ရေကန်ကြီးဖြစ်၏။

ယနေ့ ထိုင်းနိုင်ငံသည် ဗုဒ္ဓသာသနာထွန်းကားရာ နိုင်ငံတစ်နိုင်ငံဖြစ်နေရာ သောက်ကတဲက စတင်အခြေတည်ပြီး ဗုဒ္ဓသာသနာသည် ထိုင်းတစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခြင်းဖြစ်သည်ဟု သုတေသီတို့က ယုံကြည်ကြ၏။

သောက်ကတဲသည် တိုင်းတစ်ပါးမှ အင်အားကြီးသူတို့၏ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့်တိုင် ကျူးကျော်သူတို့သည် သောက်ကတဲ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တို့ကိုမူ ဖျက်ဆီးခြင်းမပြုကြဟု သိရ၏။

အာရှတိုက်၏ ဗုဒ္ဓသာသနာထွန်းကားရာ သောက်ကတဲသည် အာရှတိုက်၏ ရှေးဟောင်းအမွေအနှစ်နေရာအဖြစ် ထာဝစဉ် တည်ရှိနေမည်မှာ ကေန်မလွဲပါ။

**မြသိန်း**

*(Grand and Glorious Asia Sukhothai)*



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာ ရွှေပညာ

(၃၇)

ဘုန်းပွင့်ထွန်း

## ခရီးသွားသူပြန်လာရန် ကက်ကင်းအစီအမံ

"အစ်ကို ကက်ကင်းဓာတ်ယတြာတွေနဲ့ ပတ်သက်ပြီး ဘာတွေ ဆက်ဆွေးနွေးဖို့ ရှိသေးသလဲ"

"ဟာ···ရှိသေးတာပေါ့။ ကက်ကင်းက အများကြီး အသုံးပြုလို့ရတယ်။ အဲဒီအထဲကနေ အဝေးရောက်နေတဲ့သူ အိမ်ပြန်လာအောင် ကက်ကင်းဓာတ်ရိုက်ဓာတ်ဆင်ပုံကို ဆွေးနွေးကြမယ်"

"ဟုတ်တယ်နော် အစ်ကို။ အချို့က ခရီးထွက်သွားပြီး စာမလာ၊ သတင်းမကြားရတဲ့ အဖြစ်မျိုးတွေရှိတယ်။ တစ်ခါတစ်ခါလည်း ပြန်ရောက်သင့်တဲ့အချိန်ကို ရောက်ပေမယ့် ပြန်မရောက် လာတဲ့သူတွေ ရှိတယ်"

"ကဲ···အဝေးရောက်နေတဲ့သူ ပြန်လာဖို့ စီရင်ပုံကတော့ ခုနစ်ရက်သားသမီး မည်သူမဆို ခရီးထွက်သွားပြီး ပြန်မရောက်လာခဲ့ရင် ထိုသူသွားရောက်နေတဲ့ မြို့အမည်ရဲ့ ဓာတ်ပြန်သစ်ကိုင်းကိုရှာပြီး နှစ်တောင်လောက်ဖြတ်ရမယ်။

အိမ်သားတစ်ဦးဦးက ထိုသူ အမြန်ပြန်ရောက်လာစေရန်အတွက် စိတ်မှရည်စူးပြီး စရေဓာတ်ပေါ်တဲ့ သောကြာအခါမှာ အဝေးရောက်နေတဲ့သူရဲ့ မူလအရပ် လေးငါးလံအကွာမှာ စိုက်ထောင်ရမယ်။ ထိုသူရဲ့ မွေးနံဂြိုဟ်သက်အတိုင်း ခွက်ရေပြည့်အောင် ရေလောင်းပေးရမယ်။

အဲဒီအစီအရင်မှာ စရေဓာတ်ပေါ်တဲ့အခါရယ်၊ မူလအရပ်ရယ်ဆိုတာ ပါနေတယ်။ ရှေ့ပိုင်းမှာ စရေဓာတ်ပေါ်တဲ့အခါအကြောင်းကိုတော့ ရှင်းပြခဲ့ပြီးပြီ၊ ဒါကြောင့်မို့ စရေဓာတ်အခါကိုတော့ သိလိမ့်မယ်။ ဒါပေမယ့် မူလအရပ်ဆိုတာ ဘယ်အရပ်ကို ဆိုလိုမှန်း သိနိုင်ပါ့မလား"

"မသိနိုင်ပါဘူး အစ်ကို"

"ခုနစ်ရက်သားသမီးတို့ရဲ့ မူလအရပ်ကို ရှာဖွေတ အောင် လေ့လာဆွေးနွေးကြမယ်"

**မူလအရပ်ရှာဖွေပုံ**

| | | |
|---|---|---|
| အရှေ့မြောက် | အရှေ့ | အရှေ့တောင် |
| မြောက် | | တောင် |
| အနောက်မြောက် | အနောက် | အနောက်တောင် |

| | | |
|---|---|---|
| ရှင် | ငယ် | နံ့ |
| ဝ | | သာ |
| အင်း | ပါ | ဆောင် |

| | | |
|---|---|---|
| ၈ | ၂ | ဝ |
| ၄ | | ၆ |
| ၁ | ၅ | ၃ |



www.burmeseclassic.com

www.burmeseclassic.com

ပထမဦးဆုံး "အင်းဝရှင်ငယ်၊ နံ့သာဆောင်ပါ" ယေကာကို ကြိုဟ်ရှစ်ခွင်မှာ ချရမယ်။ ဘယ်အရပ်ကနေစပြီး ချရမလဲဆိုရင် အနောက်မြောက်အရပ်ကနေ လက်ျာရစ် အတိုင်း ချရမယ်။ လကာအကွက်ကို ဂဏန်းပြန်ပြောင်းရင် အရပ် မျက်နှာအသီးသီးမှာ တည်ရှိနေတဲ့ ဂြိုဟ်နံဂဏန်းတွေ ပေါ်လာမယ်။ ပေါ်လာတဲ့ နံဂြိုဟ်ဂဏန်းတည်ရှိရာ အရပ် သည် ထိုမွေးနံရှင်၏ မူလအရပ်ဖြစ်တယ်။ အစ်ကိုပြော တဲ့အတိုင်း ပြုလုပ်ကြည့်မယ်ဆိုရင် -

၁။ တနင်္ဂနွေသားသမီးရဲ့ မူလအရပ်ဟာ အနောက် မြောက်အရပ် ဖြစ်တာကို တွေ့ရမယ်။

၂။ တနင်္လာသားသမီးရဲ့ မူလအရပ်က အရှေ့အရပ်

၃။ အင်္ဂါနေ့သားသမီးရဲ့ မူလအရပ်က အနောက် တောင်အရပ်

၄။ ဗုဒ္ဓဟူးနေ့သားသမီးရဲ့ မူလအရပ်က မြောက် အရပ်

၅။ ကြာသာပတေးနေ့သားသမီးရဲ့ မူလအရပ်က အနောက်အရပ်

၆။ သောကြာနေ့သားသမီးရဲ့ မူလအရပ်က တောင် အရပ်

၇။ စနေနေ့သားသမီးရဲ့ မူလအရပ်က အရှေ့တောင် အရပ်

၈။ ရာဟုနေ့သားသမီးရဲ့ မူလအရပ်က အရှေ့ မြောက်အရပ်

ဖြစ်တယ်ဆိုတာကို အသီးသီးတွေ့ရမှာဖြစ်တယ်။ သဘောပေါက်ရဲ့လား"

"သဘောပေါက်ပါတယ် အစ်ကို"

### ခရီးဝေးသွားသူပြန်လာရန် ကက်ကင်းဓာတ်ဆင်ပုံဥပဒေသ

ခရီးဝေးသွားသူ ပြန်ရောက်လာဖို့ မည်သည့်နေ့သား သမီးမဆို...

၁။ ရောက်ရှိနေသောမြို့ရဲ့ ဓာတ်ပြန်သစ်ကိုင်းကိုရှာ ပြီး နှစ်တောင်လောက် ဖြတ်ထားရမယ်။

၂။ ဘယ်နေ့မှာမဆို စရေဓာတ်ပေါ်တဲ့ သောကြာ အခါမှာ စီရင်ရမယ်။

၃။ ခရီးသွားသူနေ့နံရဲ့ မူလအရပ် လေးငါးလံ အကွာမှာ အိမ်သားတစ်ဦးဦးက စိုက်ထောင်ရ မယ်။

၄။ ခရီးသွားသူ အမြန်ပြန်လာစေရန် စိတ်က လေး နက်စွာထားရမယ်။

၅။ ခရီးသွားသူရဲ့ မွေးနေ့ဂြိုဟ်သက် အရေအတွက် အတိုင်း စိုက်ထောင်ထားတဲ့အကိုင်းကို ရေ လောင်းပေးပါ။ အမြန်ဆုံး ပြန်ရောက်လာလိမ့် မယ်။

ဥပမာ -

အင်္ဂါနေ့သားတစ်ယောက်ဟာ ညောင်တုန်းမြို့ကို သွားတာကြာနေလို့ အမြန်ပြန်ရောက်လာစေချင်ရင် -

ညောင်တုန်းမြို့ရဲ့ ဓာတ်ပြန်ဖြစ်တဲ့ တည်းကိုင်းကို နှစ်တောင်ခန့် ဖြတ်ပိုင်းထားရမယ်။

စရေဓာတ်ပေါ်တဲ့အချိန်မှာ အင်္ဂါသားရဲ့ မူလအရပ် ဖြစ်တဲ့ အနောက်တောင်ထောင့်အရပ် လေးလံအကွာမှာ အမြန်ပြန်ရောက်လာစေရန် စိတ်က လေးလေးနက်နက်ထား ကာ အိမ်သားတစ်ဦးက စိုက်ထောင်ရမယ်။ ပြီးရင် အင်္ဂါဂြိုဟ် သက် ရှစ်နှစ်ရှိလို့ ရေရှစ်ခွက်လောင်းပေးရမယ်။

"အစီအရင်နဲ့ပတ်သက်ပြီး မရှင်းတာ ရှိသလား"

"နမူနာ ဥပမာနဲ့တကွ ရှင်းပြတာမို့ မရှင်းတာ မရှိ တော့ပါဘူး"

"ဒါဆိုရင် ပြုလုပ်ပုံအဆင့်ဆင့်ကို သိပြီဆိုတော့ ခရီး ဝေးသွားသူ အမြန်ပြန်ရောက်လာဖို့ ဓာတ်ဆင်တဲ့နေရာမှာ အထောက်အကူဖြစ်အောင် အလွယ်တကူကြံဆနိုင်အောင် သွားရောက်တဲ့ မြို့နာမည်အရ စိုက်ရမယ့် ပြောင်းပြန် သစ်ကိုင်းတွေကို ယှဉ်တွဲပြီး ရနိုင်မျှရေးမှတ်ထားလိုက်ပါ"

"ဟုတ်ကဲ့ အစ်ကို"

၁။ ဗိုလ်ကလေးမြို့ဆိုရင် မူလအရပ်မှာ လက်ပံ ပင်စိုက်၊

၂။ အိမ်မဲမြို့မှာဆိုရင် မူလအရပ်မှာ မအူပင်စိုက်၊

၃။ မြန်အောင်မြို့ဆိုရင် အောင်မဲဖြူပင်စိုက်၊

၄။ မကွေးမြို့ဆိုရင် ကြောင်ပန်းပင်စိုက်၊



www.burmeseclassic.com

www.burmeseclassic.com

၅။ ကျိုက်လတ်မြို့ဆိုရင် လက်ခုပ်ပင်စိုက်၊
၆။ ပန်းတနော်မြို့ဆိုရင် နပဲပင်စိုက်ပါ။
၇။ သာစည်မြို့ဆိုရင် ဆပ်သွားပင်စိုက်ပါ။
၈။ မန္တလေးမြို့ဆိုရင် လက်ပံပင်စိုက်ပါ။
၉။ အောင်လံမြို့ဆိုရင် ဝင်အူပင်စိုက်ပါ။
၁၀။ ဒိုက်ဦးမြို့ဆိုရင် ဥနဲ့ပင်စိုက်ပါ။
၁၁။ ကြံခင်းမြို့ဆိုရင် ကုက္ကိုပင်စိုက်ပါ။
၁၂။ ဟင်္သာတမြို့ဆိုရင် ဒဟာပ်ပင်စိုက်ပါ။
၁၃။ ရွှေဘိုမြို့ဆိုရင် ဖရုံပင်စိုက်၊
၁၄။ ဆကာကြီးမြို့ဆိုရင် ကြက်ဆူပင်စိုက်၊
၁၅။ အဖျောက်မြို့ဆိုရင် မအူပင်စိုက်၊
၁၆။ ပဲခူးမြို့ဆိုရင် ချဉ်ပေါင်ပင်စိုက်၊
၁၇။ လက်ပံတန်းမြို့ဆိုရင် ဒန့်သလွန်ပင်စိုက်၊
၁၈။ တိုက်ကြီးမြို့ဆိုရင် ခံတက်ပင်စိုက်၊
၁၉။ ကြို့ပင်ကောက်မြို့ဆိုရင် ကံ့ကော်ပင်စိုက်၊
၂၀။ ပုသိမ်မြို့ဆိုရင် သဘော်ပင်စိုက်၊
၂၁။ လေးမျက်နှာမြို့ဆိုရင် ဒန့်သလွန်ပင်စိုက်၊
၂၂။ တောင်ငူမြို့ဆိုရင် ခွေးတောက်ပင်စိုက်၊
၂၃။ ကျုံပျော်မြို့ဆိုရင် မန်ကျည်းပင်စိုက်၊
၂၄။ မိုးကောင်းမြို့ဆိုရင် ကင်ပွန်းပင်စိုက်၊
၂၅။ ရန်ကုန်မြို့ဆိုရင် ခရေပင်စိုက်၊
၂၆။ မိုးတားမြို့ဆိုရင် တမာပင်စိုက်၊
၂၇။ မော်လမြိုင်မြို့ဆိုရင် ပျဉ်းမပင်စိုက်၊
၂၈။ ဒလမြို့ဆိုရင် ရင်းတိုက်ပင်စိုက်၊
၂၉။ ကံမမြို့ဆိုရင် မာလကာပင်စိုက်၊
၃၀။ မော်လမြိုင်ကျွန်းမြို့ဆိုရင် ချဉ်ပေါင်ပင်စိုက်၊
၃၁။ ယင်းမာပင်မြို့ဆိုရင် မရန်းပင်စိုက်၊
၃၂။ ဘီးလင်းမြို့ဆိုရင် လက်ဖက်ပင်စိုက်၊
၃၃။ ဟဲဟိုးမြို့ဆိုရင် သီဟိုပင်စိုက်၊
၃၄။ ဖာပွန်မြို့ဆိုရင် ပျဉ်းမပင်စိုက်၊
၃၅။ ပြင်ဦးလွင်ဆိုရင် လိမ္မော်ပင်စိုက်၊

ကျန်သော မြို့ရွာများကိုလည်း ပြောင်းပြန်နံ့ရှိသော သစ်ကိုင်း၊ သစ်ပင်များကို ဤအတိုင်း ကြံဆကြပါလေ။

"အစ်ကို・・・ခရီးသွားသူ ပြန်ရောက်လာဖို့အတွက် ဓာတ်ဆင်တဲ့နေရာမှာ ဘာတွေထပ်ဖြည့်စွက်ပြောချင်သေး သလဲ။ မြို့တွေရဲ့ဓာတ်ပြန် သစ်ပင်၊ သစ်ကိုင်းတွေဟာ စိုက် လို့ရတာရှိတယ်။ စိုက်လို့မရတာရှိတယ်။ ဒီအပိုင်းနဲ့ ပတ်သက် ပြီး အခက်အခဲရှိနေရင် ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ ရှင်းပြပေးပါဦး"

"ဟုတ်ပါပြီ"

"ခရီးသွားရောက်တဲ့မြို့ရဲ့ ဓာတ်ပြန်နံ့ဟာ သစ်ပင် အကြောင်းမညီညွတ်ရင် နှစ်တောင်ပိုင်း ပိုင်းပြီးတော့ စိုက် ထောင်လို့မရတဲ့အပင်မျိုး ဖြစ်နေရင် အကိုင်း၊ အခက်၊ အရွ အရွက် ရရာ အဆင်ပြေရာကို စိုက်ထောင်စီမံနိုင်တယ် အမြဲတမ်းမဟုတ်ဘဲ ခေတ္တယာယီသဘော စီမံဆောင်ရွက် ရပါတယ်။ လောင်းရမယ့် ရေခွက်ပေါင်းကတော့ သက်ဆိုင် သူ့ရဲ့မွေးနံ့ ဂြိုဟ်သက်အတိုင်းပါပဲ။ မွေးနံ့ဂြိုဟ်သက်အရ -

တနင်္ဂနွေဂြိုဟ်သက် ၆ နှစ် = ရေ ၆ ခွက်လောင်း ပါ။ တနင်္လာဂြိုဟ်သက် ၁၅ နှစ် = ရေ ၁၅ ခွက် လောင်း၊ အင်္ဂါဂြိုဟ်သက် ၈ နှစ် = ရေ ၈ ခွက်၊ ဗုဒ္ဓဟူးဂြိုဟ်သက် ၁၇ နှစ် = ရေ ၁၇ ခွက်၊ ကြာသာပတေးဂြိုဟ်သက် ၁၉ နှစ် = ရေ ၁၉ ခွက်၊ သောကြာဂြိုဟ်သက် ၂၁ နှစ် = ရေ ၂ ခွက်၊ စနေဂြိုဟ်သက် ၁၀ နှစ် = ရေ ၁၀ ခွက်၊ ရာဟု ဂြိုဟ်သက် ၁၂ နှစ် = ရေ ၁၂ ခွက်။

ဒီနေရာမှာ ဒီဓာတ်ကို ဆင်ရင် စီမံရင် အဓိကအား ဖြင့် -

(၁) ခရီးသွားသောသူရဲ့ မြို့ရွာဒေသမှာ ကက်ကင် ခေါ် ဓာတ်ပြန်ခိုက်တဲ့ သစ်ပင်ဖြစ်ခြင်း။ (၂) ခရီးသွားသူ မူလအရပ်မှာ စိုက်ထောင်ခြင်း။ (၃) စိုက်တဲ့ အချိန်ကာလဟာ စရေဓာတ်ပေါ်တဲ့ အချိန်မှန်ကန်ခြင်း စတဲ့ လက္ခဏာသုံးချက် မိဖို့လိုတယ်။ လက္ခဏာသုံးချက်လုံး ထိထိမိမိရှိတယ်ဆိုရင် ခရီးအဝေးအနီးပေါ် မူတည်ပြီး ရက်မြန်ခြင်း၊ ရက်ကြာခြင်း ရှိတတ်ပြီး အမှန်ပြန်ရောက်လာမယ် မောင်သန်းဇော် ဒီလောက်ဆိုရင်တော့ ဒီဓာတ်ဆင်နည်းအပေါ် ထပ်ပြီး ဆွေးနွေးစရာကျန်သေးလား။ မရှင်းမလင်းတာ ရှိသေးသလား"

"မရှိတော့ပါဘူး အစ်ကို"

"မရှိတော့ရင်လည်း နားလိုက်ကြဦးစို့ရဲ့"

ဘုန်းမြင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



# ရှေးဟောင်း ဆင်းတုများ ကိုးကွယ်လိုပါသလား

မနုဿကျော်ဝင်း

"ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် တစ်ဆူလောက်ရရင် ကျွန်တော့်အိမ်က ဘုရားကျောင်းဆောင်မှာထားပြီး ကိုးကွယ်ချင်တယ်ဗျာ။ ရအောင်ကူညီပေးစမ်းပါ"

စာရေးသူသည် ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များ အပါအဝင် ရှေးဟောင်းပစ္စည်းအမျိုးမျိုးတို့နှင့် ပတ်သက်သည့် ဌာနမျိုးတွင် နှစ်ပေါင်း ၄၀ မျှ တာဝန်ထမ်းဆောင်ခဲ့ရသူ ဖြစ်၏။ ထို့ကြောင့်လည်း ရင်းနှီးသူမိတ်ဆွေများ၏ အထက်ဖော်ပြပါ တောင်းဆိုမှုမျိုးနှင့် မကြာခဏ ကြုံကြိုက်ခဲ့ရ၏။ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် တစ်ဆူတလေကို ပြတိုက်၊ ပြခန်း သို့မဟုတ် သိုလှောင်ခန်းထဲမှထုတ်ယူ၍ ပေးလိုက်ရန် စာရေးသူအတွက် ဘာမျှအခက်အခဲမရှိနိုင်၊ အပန်းမကြီးနိုင်ဟု သူတို့က တွေးထင်ခဲ့ကြပုံရ၏။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများ ပစ္စည်းမှန်၊ နေရာမှန်၌ ရှိနေစေရေး၊ မပျက်စီး၊ မဆုံးရှုံးစေရေးတို့အတွက် အမျိုးသားရေးအသိစိတ်ဓာတ်အရရော၊ တည်ဆဲဥပဒေအရပါ ထိန်းသိမ်းစောင့်ရှောက်ရန် ဝန်ထမ်းအနေနှင့်ရော၊ ပြည်သူတစ်ဦးအနေနှင့်ပါ စာရေးသူမှာတာဝန်ရှိနေကြောင်း သူတို့ တွေးမိကြဟန်မတူ။ ထို့ကြောင့်လည်း လွယ်လွယ်ကူကူပင် တောင်းဆိုခဲ့ကြခြင်းဖြစ်၏။

"ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကိုမှ ဘာကြောင့်ကိုးကွယ်ချင်ရတာလဲဗျာ"

"ရာထူးတက်အောင်၊ စီးပွားဥစ္စာတိုးပွားအောင်နဲ့ ဘေးအန္တရာယ်ကင်းရှင်းအောင်ပေါ့ဗျာ။ ကျွန်တော်ရဲ့အထက်အရာရှိအချို့ရော၊ ရင်းနှီးတဲ့မိတ်ဆွေတချို့ပါ ရှေးဟောင်းဆင်းတုတော်တွေကို ရှာဖွေကိုးကွယ်နေကြတာကို တွေ့ရတာကြောင့် အားကျမိလို့ပါဗျာ"

အထက်ဖော်ပြပါ အမေးအဖြေတို့ကို ထောက်ရှုရုံမျှဖြင့်ပင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ကိုးကွယ်လိုသူတချို့၏ ယုံကြည်ချက်နှင့် လိုအင်ဆန္ဒတို့ကို

www.burmeseclassic.com

www.burmeseclassic.com

တွေးဆသိသာနိုင်လောက်ပါပြီ။ ရှေးဟောင်းဆင်းတုတော် ကိုးကွယ်သူတိုင်း ရာထူးတက်သလော၊ စီးပွားဥစ္စာ တိုးပွားသလော၊ ဘေးအန္တရာယ်ကင်းရှင်းပါ၏လော၊ ဤမေးခွန်းများသည် စာရေးသူကို အတော်လေး အလုပ်ပေးခဲ့ပါသည်။ ထို့ကြောင့် လက်လှမ်းမီသမျှ စူးစမ်းလေ့လာခဲ့မိ၏။ အတွေ့အကြုံဗဟုသုတ ကြွယ်ဝသူများနှင့် ရှေးမီနောက်မီပုဂ္ဂိုလ်များထံ ချဉ်းကပ်မေးမြန်းခဲ့မိ၏။ ထိုအခါ စိတ်ကျေနပ်ဖွယ်ရာ အတိုင်းအတာတစ်ခုအထိ အဖြေများ ရရှိခဲ့ပါ၏။

မြန်မာနိုင်ငံ၏ အစောဆုံး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်၊ ဆင်းတုတော်များကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ခန့် ပျူခေတ်၌ စတင်တွေ့ရှိခဲ့ရသည်။ ဗိဿနိုး၊ ဟန်လင်း၊ မိုင်းမော၊ သရေခေတ္တရာ စသည့် ပျူမြို့ဟောင်းများ၌ မတော်တဆတွေ့ရှိခဲ့ကြရသလို သက်ဆိုင်ရာ ဦးစီးဌာနက စနစ်တကျတူးဖော်သုတေသနပြုသဖြင့်လည်း တွေ့ရှိခဲ့ကြရသည်။ ယင်းဆင်းတုတော်တချို့၏ အောက်ခြေ၊ သို့မဟုတ် နောက်ကျောဘက်တွင် စာတန်းများပါရှိသည်ကိုလည်း တွေ့ရတတ်၏။ ပျူခေတ်၌ အုတ်ခွက်ဘုရားအမြောက်အမြားကို သွန်းလုပ်ဌာပနာခဲ့ကြကြောင်း၊ ရွှေဆင်းတု၊ ငွေဆင်းတုနှင့် ကြေးဆင်းတုတို့ကိုလည်း သွန်းလုပ်ကိုးကွယ်ခဲ့ကြကြောင်း တွေ့ရှိရ၏။

ပုဂံခေတ်တွင်မူကား မြောက်မြားလှစွာသော အုတ်ခွက်ဘုရားများ၊ သမ္ဗုဒ္ဓေကျောက်ပြားများ၊ သဲကျောက်တုံးကို ထုဆစ်၍ ပြုလုပ်ထားသော ဆင်းတုတော်များ စသည်တို့ကို မုဒြာဟန် အမျိုးမျိုးဖြင့် စုံစုံလင်လင်တွေ့ရှိရ၏။ အုတ်ခွက်ဘုရားအတော်တော်များများတို့၏ အောက်ခြေ၌ အနိရုဒ္ဓ(အနော်ရထာ)မင်းကိုယ်တိုင် ရေးထိုးထားသော တရား စာအချို့ပါရှိသည်ကိုတွေ့ရ၏။

ပျူခေတ်၊ ပုဂံခေတ်တို့မှ ဆင်းတုတော်တို့၌ ရေးထိုးလေ့ရှိသည့် စာသားများကား တရားစာသက်သက်မျှသာ ဖြစ်ကြ၏။ ထိုမှသာ အင်းဝ၊ ညောင်ရမ်း၊ တောင်ငူ(ဟံသာဝတီ)၊ ကုန်းဘောင်နှင့် ရတနာပုံခေတ်တို့၌မူကား ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ကျောက်၊ သစ် စသည့် ကုန်ကြမ်းအမျိုးမျိုးတို့ကို အသုံးပြု၍ သွန်းလုပ်ထုလုပ်လာကြသည်။ အချို့ဆင်းတုတော်တို့ကို ပဥ္စလောဟာ(ခေါ်) သတ္တုငါးမျိုးအား အချိုးအစားကျစွာ ပေါင်းစပ်၍ သွန်းလုပ်ခဲ့ကြကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

နှောင်းခေတ်ကာလများ၌ ဆင်းတုတော်အချို့ကို ကိုးကွယ်မှုအတွက် သက်သက်မျှသာမက လောကီရေးရာ ယုံကြည်မှုအဖြာဖြာနှင့်ယှဉ်၍ ထုလုပ်သွန်းလုပ်လာကြသည်ကိုလည်း ဆန်းစစ်တွေ့ရှိရ၏။ ဥပမာ မိမိအထွတ်အထိပ်သို့ရောက်ရှိရေး၊ ဘုန်းတန်ခိုးအာဏာကြီးမားရေး၊ ဘေးအန္တရာယ်ရန်စွယ်အသွယ်သွယ်ကို ချိုးနှိမ်အောင်မြင်ရေး၊ စီးပွားဥစ္စာတိုးပွားရေးစသော ဆန္ဒနှင့် ရည်ရွယ်ချက်တစ်မျိုးမျိုးအရ အစီအရင်များပြု၍ သွန်းလုပ်ထုလုပ်ကိုးကွယ်ခဲ့ကြခြင်းမျိုးဖြစ်သည်။ ဤသို့ အစီအရင်များဖြင့် ပြုလုပ်သွန်းလုပ်ခဲ့သော ဆင်းတုတော်အချို့ကို ယင်းတို့အား ပြုလုပ်ထားသည့် ကုန်ကြမ်းအမျိုးအစားအရဖြစ်စေ၊ ပုံပန်း(ဝါ) ပုံသဏ္ဍာန်အရဖြစ်စေ ဆန်းစစ်သိရှိနိုင်၏။ ဥပမာ သစ်သားဖြင့်ပြုလုပ်ထားသော ဆင်းတုတော်မျိုးဆိုပါက မည်သည့်သစ်ပင်၏အသားမျိုးဖြစ်သည်ကို ထောက်ရှုခြင်းဖြင့် ကိုးကွယ်သူ၏နေ့နံနှင့်တိုက်၍ ထုလုပ်ခဲ့ခြင်းမျိုးဖြစ်ကြောင်း ဆန်းစစ်သိရှိနိုင်ခြင်းမျိုး ဖြစ်၏။

ပုံပန်းအရမူ ဆင်ရုပ်၊ မြင်းရုပ်၊ ခြင်္သေ့ရုပ်၊ နဂါးရုပ်စသည့်အရုပ်တစ်မျိုးမျိုးကို အောက်ခံပြု၍ သွန်းလုပ်ခဲ့ခြင်းမျိုးကို ဆန်းစစ်ထောက်ရှုခြင်းဖြင့် သိရှိနိုင်ခြင်းမျိုးဖြစ်၏။ တစ်ဖန် ထိုသတ္တဝါတို့၏ အရေအတွက်မှာလည်း အစီအရင်ပေါ်မူတည်၍ သုံးကောင်၊ ငါးကောင်၊ ခုနစ်ကောင်၊ သို့မဟုတ် ကိုးကောင်အထိ ရှိတတ်ပါသည်။ အစီအရင်ဖြင့် ပြုလုပ်ခဲ့သော ရှေးဟောင်းဆင်းတုတော်များနှင့်ပတ်သက်၍ ဤသို့လျှင် ကုန်ကြမ်းအရဖြစ်စေ၊ ပုံပန်းအရဖြစ်စေ ဆန်းစစ်ထောက်ရှုသိရှိနိုင်သော်လည်း ပြုလုပ်ကိုးကွယ်ခဲ့သူတို့၏ ကျိန်စာတိုက်ခဲ့ခြင်း ရှိမရှိဆိုသည်ကိုမူကား သိရှိနိုင်ရန်ခဲယဉ်းလှပေသည်။

## ကျိန်စာမိသောအခါ

ကျိန်စာတိုက်ထားခဲ့သည့် ဆင်းတုတော်၊ ရုပ်ပွားတော်တို့ကို ရှုလနေ



www.burmeseclassic.com

www.burmeseclassic.com

ရာမှ မိမိ၏နေအိမ်သို့ ပင့်ဆောင်ကိုးကွယ်မိပါက ကြောက်စရာ ဘေးဆိုးအန္တရာယ်မျိုးနှင့် ကြုံတွေ့ရတတ်ကြောင်း သိရှိရ၏။ ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီက ဖြစ်၏။ နိုင်ငံရေးပါတီကြီးတစ်ခုမှ ခေါင်းဆောင်ကြီးသည် ရွှေဘိုမြို့သို့ရောက်ရှိစဉ် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို တွေ့ရှိဖူးမြော်မိရာမှ ထိုရုပ်ပွားတော်၏ နောက်ကြောင်းရာဇဝင်ကို သိရှိရသောအခါ လောဘတက်လာ၏။ ကိုယ်ပိုင်ပစ္စည်းအဖြစ်လိုချင်မှုဖက်လာ၏။ "ဤရုပ်ပွားတော်သွန်းလုပ်ကိုးကွယ်ခြင်းဖြင့် ဦးအောင်ဇေယျ(အလောင်းဘုရား)သည် အထွတ်အထိပ်သို့ရောက်ခဲ့ရ၏"ဟူသော နောက်ခံသမိုင်းအကျဉ်းကို သူသိရှိသော်လည်း "ဤရုပ်ပွားတော်ကို ငါ၏အမိန့်မရဘဲ မူလနေရာမှ အရွှေ့အပြောင်းပြုလုပ်ပါက ပြုသူသည် မင်းပြစ်မင်းဒဏ်သင့်ပြီး သေပါစေ"ဟူသော ကျိန်စာကိုမူကား ထိုပုဂ္ဂိုလ်ကြီးမသိရှိခဲ့။ သူသည် ထိုရုပ်ပွားတော်ကို ရန်ကုန်တွင်ရှိသော မိမိ၏နေအိမ်ဆီ ပင့်ဆောင်လာခဲ့သည်။ အိမ်တွင် တရိုတသေ ကိုးကွယ်ထားသည်။ တိုက်ဆိုင်ခြင်းလား ဆိုသည်ကိုတော့ အတပ်မပြောနိုင်ပါ။ သူအလွန်ဖြစ်ချင်လှသည့် နန်းရင်းဝန်တော့ ဖြစ်လိုက်သေး၏။ သို့ရာတွင် ၁၉၄၇ ခုနှစ် ထိပ်တန်းလုပ်ကြံမှုကြီးတစ်ခု၌ ခေါင်းဆောင်ခဲ့သောကြောင့် ထိုပုဂ္ဂိုလ် ကြိုးမိန့်ကျခံခဲ့ရသည်။ သူကြိုးပေးမခံရမီ သူ့အိမ်သားများက သူ့အတွက် ဗေဒင်မေးပေးကြသည်၊ ယတြာများ ပြုလုပ်ပေးကြသည်။ "ကျိန်စာတိုက်ထားသော ရှေးဟောင်းဆင်းတုတော်တစ်ဆူကို အိမ်တွင်ကိုးကွယ်ထားမိခဲ့သောကြောင့်"ဟူသောအဖြေကို သိရှိရချိန်၌ သူ့အတွက်အချိန်နှောင်းခဲ့ရပါပြီ။ သူသည် သက်ဆိုင်ရာများကို ခွင့်ပန်ပြီး ထိုဆင်းတုတော်ကို သူ့အိမ်မှ သူ၏ကြိုးတိုက်ထဲသို့ ပင့်ဆောင်ထားရှိစေသည်။ နံနက်တိုင်းဆွမ်းတော်ကပ်၏။ ထိုသို့ပြုလုပ်သည်မှာ သူကြိုးစင်တက်ရမည့်နေ့ နံနက်ပိုင်းအထိ ဖြစ်၏။

"ကျုပ်ကွယ်လွန်သွားခဲ့ပြီးရင် ဒီဆင်းတုတော်ကို ကျုပ်ယူဆောင်လာခဲ့မိတဲ့ မူရင်းနေရာဆီ အရောက်ပြန်ပို့ပေးပြီး နဂိုမူလအတိုင်း ပြန်ကိန်းဝပ်စေဖို့ ဆောင်ရွက်ပေးကြပါ" ဤကား ကြိုးစင်ပေါ်မတက်မီ နောက်ဆုံးမေတ္တာရပ်ခံခဲ့သည့် သူ၏အမှာစကားများ။

## အကျိုးခံစားရသူ

"ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ကထိကတစ်ဦးဖြစ်ပါတယ်။ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်ကိုးကွယ်ချင်တာကြောင့် သာသနာရေးဦးစီးဌာနကို လျှောက်ထားခဲ့ပါတယ်။ (မှတ်ချက်- နယ်ခြားသို့ခိုးထုတ်သော ရှေးဟောင်းရုပ်ပွားတော်များကို ဖမ်းဆီးရမိလျှင် သက်ဆိုင်ရာမှ သာသနာရေးဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံလေ့ရှိခဲ့သည်။ ထိုရုပ်ပွားတော်များကို သာသနာရေးဦးစီးဌာနမှ စနစ်တကျ ထိန်းသိမ်းထားရှိပြီး ပြတိုက်များ၌ ခင်းကျင်းပြသသည်လည်းရှိ၏။ ကိုးကွယ်လို၍ ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားကြသူတို့၏ လျှောက်လွှာများကိုလည်း သေချာစွာစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိရလျှင် စွန့်လှူပေး၏။) သက်ဆိုင်ရာဌာနက နည်းနည်းယိုယွင်းပျက်စီးနေတဲ့ သစ်သားဆင်းတုတော်နှစ်ဆူကို ကျွန်တော်ပြုပြင်ကိုးကွယ်နိုင်ဖို့အတွက် တရားဝင်ရုံးအမိန့်စာနဲ့ စွန့်လှူချပေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ဝမ်းသာအားရနဲ့ အဲဒီ ရှေးဟောင်းဆင်းတုတော်နှစ်ဆူကို လက်ခံပြီးပြုပြင်ခဲ့တယ်။ အိမ်မှာထားပြီး အမြတ်တနိုးကိုးကွယ်ခဲ့တယ်။

အဲဒီ ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်နှစ်ဆူ ကျွန်တော့်ဘုရားကျောင်းဆောင်ပေါ်ရောက်တဲ့ နေ့မှာပဲ ကျွန်တော်ဟာ ဆုတောင်းအဓိဋ္ဌာန်တစ်ခုပြုလုပ်ခဲ့ပါတယ်။ ယခု လက်ခံရရှိထားတဲ့ အဲဒီ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်နှစ်ဆူကို တပည့်တော်၏အိမ်မှာထားပြီး ကိုးကွယ်ထိုက်တယ်ဆိုရင် ဘယ်လိုထူးခြားမှုမျိုးကိုမျှ ပြတော်မမူပါနှင့်။ မကိုးကွယ်ထိုက်ရင်တော့ ခုနစ်ရက်အတွင်းမှာ အိပ်မက်ဆိုးမြင်မက်ခြင်းမျိုးကို ကြုံတွေ့ရခြင်းဖြစ်စေ ပြတော်မူပါဘုရားဆိုတဲ့ ဆုတောင်းအဓိဋ္ဌာန်ပဲဖြစ်ပါတယ်။

အဲဒီ ရှေးဟောင်းဆင်းတုတော်နှစ်ဆူကို ကျွန်တော် ကိုးကွယ်ထိုက်တယ်လို့ပဲဆိုရပါမယ်။ ဘာကြောင့်လဲဆိုတော့ အဓိဋ္ဌာန်ပြုပြီး ခုနစ်ရက်အတွင်း ဘယ်လို အတိတ်နိမိတ်ဆိုးမျိုးကိုမျှ



www.burmeseclassic.com

www.burmeseclassic.com

မကြုံတွေ့ခဲ့ရသလို၊ ဘာအိပ်မက်ဆိုးမျိုးတွေကိုမျှလည်း မမြင်မက်ခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်လည်း စိတ်ချမ်းသာစွာနဲ့ပဲ အိမ်မှာ ဆက်လက်ပူဇော်ထားရှိခဲ့ပါတယ်။ အဲဒီလိုနဲ့ ခြောက်လလောက်ကြာတော့ ကျွန်တော်ဟာ ပြည်ပနိုင်ငံကြီးတစ်ခုရဲ့ တက္ကသိုလ်မှာ မြန်မာစာပါမောက္ခအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ အဲဒီနိုင်ငံကြီးမှာ သုံးနှစ်လောက် တာဝန်ထမ်းဆောင်ပြီး မြန်မာနိုင်ငံကို ပြန်ရောက်လာတော့ မော်တော်ကားတစ်စီး ဝယ်ယူတင်သွင်းနိုင်ခဲ့တယ်ပေါ့ခင်ဗျာ။ တိုက်ဆိုင်တာကတော့ ကျွန်တော်ဝယ်ယူခဲ့တဲ့ မော်တော်ကားတင်သွင်းခွင့်ပါမစ်ရတဲ့နေ့နဲ့ အဲဒီရှေးဟောင်းဆင်းတုတော်နှစ်ဆူကို ကျွန်တော့်အိမ်မှာ ကိုးကွယ်ခွင့်အတွက် သက်ဆိုင်ရာဌာနက ရုံးအမိန့်စာနဲ့စွန့်လှူချပေးတဲ့နေ့ဟာ ရက်စွဲချင်း သွားတူညီနေကြတဲ့ ဖြစ်ရပ်ပါပဲ။

နှစ်အားဖြင့်တော့ သုံးနှစ်ကွာတာပေါ့ဗျာ။ ဒါပေမယ့် အမိန့်စာနှစ်စောင်ဟာ ရက်နဲ့ လက တစ်ထပ်တည်းသွားကျနေတာကတော့ အံ့ဩစရာကောင်းလှပါတယ်။ ကျွန်တော်ဟာ မော်တော်ကား ရောင်းချရတဲ့ငွေနဲ့ ဆင်းတုတော်တွေကို ရွှေပြန်ချတယ်။ အလှူအတန်းလည်း ပြုနိုင်ခဲ့တယ်ပေါ့ခင်ဗျာ"

အထက်ဖော်ပြပါ ဖြစ်ရပ်တို့သည်ကား စာရေးသူ၏မိတ်ဆွေ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ကထိကတစ်ဦး(ယခုအငြိမ်းစား)၏ ကိုယ်တွေ့ဖြစ်ရပ်များပင်တည်း။ သူသည် ရှေးဟောင်းဗုဒ္ဓဆင်းတုတော်ကို ကိုးကွယ်လိုသော်လည်း မတရားသောနည်းလမ်းဖြင့် မရှာဖွေခဲ့ပါ။ မရယူခဲ့ပါ။ သက်ဆိုင်ရာဌာနသို့ လျှောက်ထားပြီး တရားဝင်ခွင့်ပြုချက်ဖြင့် ထိုဌာနက စွန့်လှူပေးအပ်လိုက်သော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ပြန်လည်ပြုပြင် ကိုးကွယ်ခဲ့ခြင်းဖြစ်သည်။ အိမ်တွင် အဆိုပါဆင်းတုတော်များ စတင်ရောက်ရှိသည့် နေ့မှစ၍လည်း အစိဗ္ဗာန်ပြုခဲ့သေး၏။ သူ၏လုပ်ဆောင်ပုံ အဆင့်ဆင့်မှာ နည်းလမ်းကျမှန်ကန်သည်ဟု စာရေးသူက ကောက်ချက်ချမိပါ၏။

ထို့ကြောင့်လည်း ရှေးဟောင်းဆင်းတုတော် ရုပ်ပွားတော်များကို အိမ်မှာထားပြီး ကိုးကွယ်လိုသူများသို့ အကြံပြုလိုသည်မှာ -

"မိမိ၏ အတ္တအကျိုးတစ်ခုတည်းအတွက် လောဘဇောတက်ပြီး ရှေးဟောင်းဆင်းတုတော်၊ ရုပ်ပွားတော်များကို အိမ်တွင်ထားရှိ ကိုးကွယ်မှုပြုရန် မကြံစည်ပါနှင့်၊ မကြိုးပမ်းပါနှင့်၊ မရှာဖွေပါနှင့်၊ မတရားသောနည်းနှင့် မရယူပါနှင့်။ မိမိနှင့်ထိုက်လျှင် အလိုအလျောက် လက်ခံရရှိလာပါလိမ့်မည်။ တရားသောနည်းလမ်းဖြင့် လက်ခံရရှိသည့်တိုင်အောင် ဆုတောင်းအစိဗ္ဗာန်ပြုပြီးမှသာ အိမ်တွင်ထားရှိကိုးကွယ်ပါ။ မိမိပူဇော်ထိုက်လျှင် ကောင်းကျိုးခံစားရပါလိမ့်မည်"ဟူ၍...။

မနသသကျော်ဝင်း


**အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင်...**

HIV ပိုးကူးဆက်ခံ
မိဘမဲ့ကလေးများ၏
သုခရိပ်မြုံဂေဟာ
၀၁-၅၈၁၉၅၅

ဆည်းဆာရိပ်
ဂီလာနဘိုးဘွားရိပ်သာ
၀၉-၇၃၀-၁၈၀၀၇

နာရေးကူညီမှုအသင်းသို့
လှူဒါန်းလိုလျှင်ဖြစ်စေ၊
အကူအညီလိုလျှင်ဖြစ်စေ
ဆက်သွယ်ရန်...
၆၃၉၄၉၀
၇၀၉၂၇၇
၅၈၁၃၆၃
၇၀၄၇၈၄




www.burmeseclassic.com

www.burmeseclassic.com

# ရေ နှင့် ဆားဥပမာ

## တက္ကသိုလ်သဉ်

ကုသိုလ်ဆိုသည်မှာ ကောင်းမှုကို ဆိုလိုခြင်းဖြစ်ပြီး အကုသိုလ်ဆိုသည်မှာ မကောင်းမှုကို ဆိုလိုခြင်းဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိကြမည်ဖြစ်သည်။ ထို့ကြောင့် . . . "ကုသိုလ်ဆိုတာ အမြဲဆောင်တရား၊ အကုသိုလ်ဆိုတာ မလွှဲမရှောင်သာတရား" ဟု ဆရာတော်များက ဆိုမိန့်ကြသည်။

ရှင်တော်မြတ်ဘုရား ဟော်တော်မူထားခဲ့သည့် "လောဏကပလ္လ" သုတ်တော်အရ အကုသိုလ်တည်းဟူသော မကောင်းမှုကို အစွမ်းသတ္တိတုံ့သွားအောင် လုပ်နိုင်စွမ်းရှိသည့် တရားမှာ ကုသိုလ်တည်းဟူသော ကောင်းမှုတရားပင်ဖြစ်ပါ၏။

အကုသိုလ်ကံ၏ အစွမ်းသတ္တိဆိုသည်မှာလည်း ပဋိသန္ဓေကျိုးအနေဖြင့် အပါယ်ဒုဂ္ဂတိ လားရောက်စေနိုင်စွမ်းနှင့် ပဝတ္တိတွင် ဆင်းရဲဒုက္ခအဖုံဖုံ ကြုံတွေ့ခံစားရနိုင်စွမ်းရှိသည် ဆိုခြင်းကိုလည်း ဗုဒ္ဓဘာသာဝင်တိုင်း သိကြမည်ဖြစ်သည်။

အကုသိုလ်အစွမ်းသတ္တိများကို တုံးသွားအောင် ကုသိုလ်တရားက လုပ်ဆောင်သည့်နေရာတွင် အမြစ်ပြတ် ပျောက်ပျက်အောင် ဖြတ်ပစ်သည့်နည်းနှင့် အစွမ်းသတ္တိများ ပျောက်ပြယ်သွားအောင် ဖြန့်ပစ်နည်းဟူ၍ နှစ်နည်းရှိသည်။

အကုသိုလ်ကို အမြစ်ပြတ် ပယ်ဖြတ်နိုင်စွမ်းသတ္တိဆိုသည်မှာ "မဂ်" ဟုခေါ်သော လောကုတ္တရာကုသိုလ်များကသာ စွမ်းဆောင်နိုင်ပါ၏။ ထိုသို့ "တစ်မတ်၊ တစ်ဖိုလ်" မှ မရကြသေးသော ပုထုဇဉ်များအနေဖြင့် အပါယ်ဘေးနှင့် ကင်းဝေးစွာလျှောက်လှမ်းနိုင်အောင် "လောဏကပလ္လသုတ်" တွင် ဘုရားရှင်က "စွမ်းဆောင်နိုင်သမျှ ကုသိုလ်ကောင်းမှုများကို မမေ့မလျော့ အားထုတ်ကြရမည်" ဟု ညွှန်ပြထားပါ၏။

မြတ်စွာဘုရားက "ဆားနှင့်ရေ" ကို ဥပမာပေး၍ ရှင်းလင်းဟောကြားထားသည်။

ဆားကို ချောင်းရေ၊ မြစ်ရေ၊ ကန်ရေထဲသို့ ဖြန့်ချလိုက်သည့်အခါ အငန်ဓာတ်များကို မတွေ့ရတော့ပေ။ ရေသည်လည်း ငန်ခြင်းအရသာ မရှိတော့ပေ။ ယင်းဆားများသည် "ပျောက်ပျက်" သွားခြင်းလား၊ "ပျောက်ပြယ်" သွားခြင်းလား ဆိုသည်မှာ စဉ်းစားရပေမည်။ အမှန်မှာ "ပျက်" နှင့် "ပြယ်" သည် အဓိပ္ပာယ်ချင်း မတူကြပေ။

ရေများသွားသောအခါ ဆားက မငန်တော့သော်လည်း ၎င်းရေကို ခန်းသွားအောင်ပြန်ပြီး ကျိုချက်ကြည့်မည်ဆိုလျှင် ၎င်းဆားသည် ပြန်ဖြစ်ပေါ်လာသည်ကို တွေ့ရမည်ဖြစ်သည်။ ဤဖြစ်စဉ်သဘောအရ ဆားသည် ရေထဲတွင် ပျောက်ပျက်သွားခြင်းမဟုတ်ဘဲ ပျောက်ပြယ်သွားခြင်းသာဖြစ်သည်။ ပျောက်ပျက်သွားခြင်းသည် "ပြန်စ" ၍ မရနိုင်ဘဲ "ပျောက်ပြယ်" သွားခြင်းသည် "ပြန်စ" ၍ရသည်ဟု ဆိုလိုခြင်းဖြစ်ပါ၏။

ရေကနည်းပြီး ဆားကများနေလျှင် ၎င်းရေသည် သောက်မရအောင် ငန်နေလိမ့်မည်။ ရေကများသွားပြီဆိုလျှင် ဆား၏အစွမ်းသတ္တိ မထင်ရှားတော့သဖြင့် ရေသည်လည်း မငန်တော့ပေ။ သောက်လိုက သောက်နိုင်၏။ ထိုဥပမာအတိုင်းပင် အကုသိုလ်သည်လည်း သူ့ချည်းသက်သက်ပြုထားမည်ဆိုလျှင် နည်းနည်းလေးဖြစ်စေ သူ့အစွမ်းသတ္တိအပြည့်ရှိနေသည့်အတွက် ဆင်းရဲဒုက္ခအကျိုးကိုပေးနိုင်သည်။

သီလ၊ သမာဓိ၊ ပညာ၊ ကာယ၊ စိတ္တ၊ ဘာဝနာဟူသည့် ကုသိုလ်ကောင်းမှုများကိုလည်း စွမ်းနိုင်သဖြင့် အားထုတ်ကြသူများအတွက် သူတို့ပြုလုပ်သည့် လောကီကုသိုလ်မှန်သမျှသည် အကုသိုလ်များကို ပျောက်ပျက်သွားအောင်



www.burmeseclassic.com

www.burmeseclassic.com

မပယ်ဖြတ်နိုင်သော်လည်း အကုသိုလ်တို့ သတ္တိပြယ်ပြီး အစွမ်းမပြနိုင်ဖြစ်သွားမည်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်၏။

ထိုသို့ အဘယ်ကြောင့် ဖြစ်ရသနည်းဟု ဆန်းစစ်လျှင် ရေများသည့်အတွက် ဆားများပျောက်ပြယ်သွားခြင်းမှာ ဆား၏ သိပ်သည်းဆများ လျော့သွားသောကြောင့်ဖြစ်သည်။ ၎င်းရေကိုသောက်ကြည့်လျှင် မငန်တော့သည်ကို တွေ့ရမည်။ ဤသည်မှာ သိပ်သည်းဆလျော့သွားသည့်အတွက် သက်ရောက်မှုလျော့သွားခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ဆား၏ အစွမ်းသတ္တိလျော့ပါးသွားခြင်းပင် ဖြစ်ပါ၏။

ကုသိုလ်က များလာသည့်အခါတွင်လည်း အကုသိုလ်တရားများ၏ သိပ်သည်းဆများသည် လျော့သွားလေသည်။ သိပ်သည်းဆလျော့သွားသလောက် သက်ရောက်မှုသည်လည်း လျော့ပါးသွားလေသည်။ အကုသိုလ်၏ အစွမ်းသတ္တိများ အားနည်းသွားသည့်အတွက် ဆင်းရဲဒုက္ခအကျိုး ပီပီပြင်ပြင် မပေးနိုင်တော့ပေ။

ပိုမိုထင်ရှားစေရန် သာဓကအနေဖြင့် ဖော်ပြရလျှင် သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်း၏ ဖြေကြားချက်သည် ပြည့်စုံလုံလောက်မည်ဟု ထင်ပါသည်။ ဆရာကြီး၏ ဟောပြောပွဲတစ်ခုတွင် တက္ကသိုလ်ကျောင်းသားတစ်ယောက်က ဆရာကြီးကို မေးသည်။ "ဆရာကြီးခင်ဗျာ··· ခဲတစ်ပိဿာနှင့် လဲ(မွှို)တစ်ပိဿာ ဘယ်ဟာက ပိုလေးပါသလဲ"တဲ့။

ထိုအခါ ဆရာကြီးက "တကယ်သိချင်တာလား"ဟု ပြန်မေးသည်။ တက္ကသိုလ်ကျောင်းသားက "တကယ်သိချင်လို့ပါ"ဟု ပြန်ဖြေသည်။ ဆရာကြီး အဖြေကတော့ "တကယ်သိချင်ရင် အဲဒီပစ္စည်းတွေကို အပေါ်မြှောက်ပြီး မင်းရဲ့ခေါင်းနဲ့ ခံကြည့်လိုက်"ဟု ပြောသည်။

အမှန်က ယင်းပစ္စည်းနှစ်မျိုးကို ချိန်ခွင်ပေါ်တွင် အလေးနှင့်ချိန်ကြည့်သည့်အခါ တစ်ပိဿာချင်းတူညီကြသော်လည်း ခန္ဓာကိုယ်ပေါ် သက်ရောက်လာသည့်အခါမှာ သိပ်သည်းဆများသောအရာက သက်ရောက်မှုပြင်းသည့်သဘောဖြစ်သည်။

ခြုံငုံသုံးသပ်လိုက်လျှင် လောဏကပလ္လသုတ်တွင် ဘုရားရှင်ဟောကြားခဲ့သည့် ဆားနှင့်ရေပမာ အကုသိုလ်ကို ကုသိုလ်က အစွမ်းသတ္တိနည်းအောင် စွမ်းဆောင်နိုင်[illegible] မှတ်သားဖွယ်ပင်ဖြစ်ပါ၏။ ဤဥပမာကိုထောက်ရှု၍ ကုသို[illegible] ကောင်းမှု လျှင်စွာပြုလော့ဟူ၍ တိုက်တွန်းခဲ့ခြင်းဖြစ်သည်[illegible]

ဗုဒ္ဓဘာသာဝင်တို့ လိုက်နာကျင့်သုံးကြရ[illegible] "ကုသိုလ်ကံ"ကို အကျဉ်းချုပ်လိုက်လျှင် သုံးမျိုးသာရှိ၏။ မှ[illegible] သားရလွယ်ကူစေရန် လင်္ကာဖြင့်ဖော်ပြရလျှင် "မကောင်း[illegible] ရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဟူသော[illegible] အချက်သုံးချက်ပင် ဖြစ်သည်။

အဆိုပါသုံးချက်ထဲတွင် မကောင်းမှုကို မကျူးလွန်[illegible] အောင် ရှောင်ကြဉ်နေလျှင် သီလကုသိုလ်ရပါမည်။ ကောင်း[illegible] ကိုဆောင်ဖို့ဆိုသည်မှာ ဗုဒ္ဓဘာသာဝင်တို့ နေ့စဉ်ကျင့်[illegible] ဖြစ်သည့် ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူခြင်းစသည့် လှူဒါန်း[illegible] အမျိုးမျိုးသည် ဒါနကုသိုလ်ပင်ဖြစ်၏။ ရတနာသုံးပါး[illegible] ဆင်ခြင်အောက်မေ့ကာ မေတ္တာပို့ခြင်း၊ ပွားများခြင်းတို့သည်[illegible] သမထဘာဝနာကုသိုလ်ပင်ဖြစ်၏။ ဖြူအောင်စိတ်ကိုထား[illegible] သည်မှာ ရုပ်နာမ်ဓမ္မတို့ကို "ဖြစ်ပြီးပျက်နေသည့် တရား[illegible] သာ ဖြစ်သည်၊ တွယ်တာမက်မောစရာမဟုတ်"ဟူ၍ သဘော[illegible] ပေါက်အောင် နှလုံးသွင်းဆင်ခြင်ပွားများနေလျှင် ဘာဝနာ[illegible] ကုသိုလ်ရနိုင်သည်။

အချုပ်ဆိုရလျှင် "လွန်ကျူးရင် ဆားတို့၊ ရှောင်ကြဉ်[illegible] ရင် ရေတိုး"ဟူသော ဆောင်ပုဒ်ကို အသေအချာစွဲမှတ်[illegible] "ရေ"နှင့်တူသော ကုသိုလ်များ၍ "ဆား"နှင့်တူသော အကု[illegible] သိုလ်နည်းအောင် လုပ်ဆောင်ကြရန် အကြံပြုရပါ၏။

[ဝန်ခံချက် ။ ဆရာတော် ဓမ္မဘေရီ အရှင်ဝိရိ[illegible] (တောင်စွန်း)၏ "အပါယ်နဲ့ဝေးတဲ့လူ" တရားတော်ကို မှီငြမ်း[illegible] ပါသည်။]

---

## တက္ကသိုလ်သဒ်

---



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်နှင့် ထူးဆန်းအံ့ဖွယ်ရာ ဝိဇ္ဇာကြီးများ(၁၆)

ပထမံဆရာကြီး ဦးအောင်သူ

ထိုပုဂ္ဂိုလ်ကြီး၏ အမည်ကား ပဋ္ဌမံဆရာလှ ဟူ၍ ဖြစ်၏။ နူးညံ့သိမ်မွေ့လှ၏။ စကားကို မတိုးမကျယ် ပြောဆိုလေ့ရှိ၏။ အသားအရေ ဖြူဖွေးနူးညံ့လျက်ရှိပြီး အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး။ ဦးခေါင်း၌ အဖြူရောင်ဦးထုပ်၊ အင်္ကျီအဖြူလက်ရှည်ပွပွကို ဆင်မြန်းထား၍ သူတော်စင်တစ်ဦးဟူ၍ သိနိုင်၏။

သူ၏ ညာဘက်လက်တွင် မဂ္ဂါမှလာသော အဖြူရောင်စိပ်ပုတီးကို စိပ်လျက် သူ့ကိုမြင်ရခြင်းအားဖြင့် မူစလင် သူတော်စင်ဟုဆိုနိုင်၏။ သူ၏ပုံသဏ္ဌာန်သည် ဘာသာတရားကို နက်ရှိုင်းစွာကျင့်ကြံနေသူဟုလည်း တွက်ဆခန့်မှန်းနိုင်၏။

မေတ္တာဘာဝနာ၊ သမထစွမ်းအားကြောင့် သူ၏ မျက်လုံးအစုံမှာ တောက်ပလျက်ရှိနေ၏။ စိတ်ကိုနိုင်၊ မနောပိုင်၍လည်း တစ်ဖက်သားအကြောင်း သိစွမ်းနိုင်၏။

ထိုပုဂ္ဂိုလ်ကြီးကို ကျွန်ုပ်နေထိုင်ရာ ၁၄၆ လမ်း၊ ကျောက်မြောင်းနေအိမ်တွင် ဆုံခွင့်ရရှိခဲ့၏။ ထိုအိမ်၌ ကျွန်ုပ်၏ ဦးလေးဖြစ်သူ ဦးထွန်းရှိန်၊ အဒေါ်ဖြစ်သူ ဒေါ်ထွေးတင်တို့လည်း နေထိုင်ကြသည်။

ထိုအချိန်သည် ၁၉၅၆ ခုနှစ်လောက်က ဖြစ်သည်။ ကျွန်ုပ်သည် ဝိဇ္ဇာကျင့်စဉ်ဖြင့် လျှောက်လှမ်းနေသော ပုဂ္ဂိုလ်အမျိုးမျိုးနှင့်ဆုံခဲ့ရာ ကျင့်စဉ်အမျိုးမျိုး၊ နေထိုင်ပြောဆိုမှု အမျိုးမျိုးလည်း သိခဲ့မြင်ခဲ့ရ၏။

ယခုတွေ့ခဲ့ရသည့် ပုဂ္ဂိုလ်သည် ပဋ္ဌမံဆရာလှဟူ၍ အမည်မှည့်ထားသည်ကို တွေ့ရတော့လည်း ထူးဆန်းအံ့ဩရပြန်၏။

ထိုပုဂ္ဂိုလ်၏ နောက်ကြောင်းဘဝကား ဆေးသုတ်သမား မူစလင်လူမျိုးဖြစ်သည်။ အသားမည်းမည်း၊ မုတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com

လက်လေးသစ်ရှိ၍ အပြောအဆို ယဉ်ကျေးသွက်လက်သည်။ သူ့ကို ကျွန်ုပ်၏ဦးလေးမှ အိမ်ဆေးသုတ်ရန် ခေါ်လာခဲ့သည်။ သူ့တွင် တပည့်တစ်ဦးပါလာသည်။

နောက်တစ်နေ့တွင် သူနှင့် သူ့တပည့်တို့ ဆေးသုတ်ရန် လုပ်ငန်းစတော့၏။ ပထမအဆင့်အနေဖြင့် အိမ်အပြင်ဘက်သစ်သားနံရံကို ရေနံချေးသုတ်ရသည်။ အိမ်အတွင်းကို သဘော်ာဆေးသုတ်ရသည်။ နေ့စဉ် နံနက် ၉ နာရီ အချိန်မှ စတင်၍လုပ်ငန်းစသည်။ နေ့ လယ် ၁၂ နာရီအချိန်ရောက်တိုင်း ခေတ္တထမင်းစားထွက်ကြသည်။ ၎င်းနောက် နေ့လယ် ၁း၃၀ နာရီအချိန်တွင် အလုပ်ပြန်ဆင်း၍ လုပ်ငန်းကို ဆက်လုပ်ကြသည်။

ဤကဲ့သို့ အလုပ်နားတိုင်း ထွက်သွားတတ်သည်ကို ကျွန်ုပ်၏ဦးလေးဖြစ်သူများက မမေးမိခဲ့ပါ။ တစ်လမျှကြာသောအခါ ဆေးသုတ်သူနှင့် ဆရာတပည့်နှစ်ဦးမှာ အလုပ်ကိစ္စပြီးသွား၍ နောက်ထပ် ကျွန်ုပ်တို့အိမ်သို့ မလာတော့ပါ။

နှစ်ပေါင်း အတန်ကြာသော နေ့တစ်နေ့ ကျွန်ုပ်တို့ အိမ်ရှေ့သို့ ကားတစ်စီးရောက်ရှိလာပြီး ကားပေါ်မှ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ကုလားသူတော်စင်တစ်ဦး ထွက်လာလျက် -

"အိမ်ရှင်တို့ . . . အိမ်ရှင်တို့"

ဟူသော အသံနှင့်အတူ အိမ်ရှေ့ ခြံဝတွင်ရပ်နေသော သူတော်စင်ကိုတွေ့ရ၍ အဒေါ်ဖြစ်သူမှ -

"ဘယ်သူများလဲ" ဟုမေးရာ -

"ကျွန်ုပ် ဆရာကာစင်ပါ" ဟု ပြန်ပြောရာ အိမ်ရှိလူအားလုံး အံ့အားသင့်သွားကြရ၏။

"ဟယ် . . . ဆရာကာစင် ကြွပါ ကြွပါ" ဟု အဒေါ်ဖြစ်သူမှ အိမ်ပေါ်တက်ရန် ဖိတ်လိုက်ရာ ဆရာကာစင်သည် သူဝတ်ထားသော ဖိနပ်ကိုချွတ်လိုက်သည်။ ထိုစဉ် သူနှင့်အတူပါလာသော တပည့်မှ ဖိနပ်အသစ်တစ်စုံကို ဆရာကာစင်၏ရှေ့၌ ချပေးလိုက်သည်။ ထိုအခါ ဆရာကာစင်သည် သူ့တပည့်ချပေးသော ဖိနပ်ကိုစီး၍ အိမ်ပေါ်တက်ပြီး ခုံအလွတ်တစ်နေရာ၌ ထိုင်ချလိုက်တော့၏။

ဤသို့ ဖိနပ်လဲစီးခြင်းမှာ အိမ်ပေါ်တွင်ရှိသော အညစ်အကြေးများ မပေစေလို၍ဖြစ်ကြောင်း သိရ၏။ မိမိအိမ်၌ နေစဉ်အတွင်းလည်း သန့်ရှင်းသော ဖိနပ်စီး၍သာ နေ... ကြောင်း နောက်ပိုင်းတွင် သိရ၏။

"ကဲ . . . ဆရာကာဆင်၊ မင်းဘယ်လိုဖြစ်ပြီး ဒီ... ရောက်နေသလဲ"

ဟု ဦးလေးမှမေးရာ သူ၏နောက်ကြောင်းကို ပြော... တော့၏။

"ကျုပ် ခင်ဗျားတို့အိမ်မှာ ဆေးသုတ်ပြီး နေ့လ... ထမင်းစားနားချိန်မှာ တာမွေမှုစလင်သချိုင်းသွားသွား... တရားထိုင်ခဲ့တယ်။ အဲဒီအချိန်ကစပြီး အလုပ်ကိစ္စပြီးတာ... ကျုပ်လည်း အချိန်ရှိသရွေ့ တရားအလုပ်ကို ကြိုးစား... လေးငါးနှစ်လောက်လုပ်လိုက်တော့ ကျုပ်ကို သက်ဆိုင်... သူတော်စင်များက ပဋ္ဌမံဆရာလုဆိုတဲ့ အမည်တပ်ပေး... တယ်"

"ကျုပ်ကလည်း ဒီနာမည်ဘွဲ့ရပြီးကတည်းက အိမ်... က အိမ်ပြင်မထွက်ဘဲ ကျုပ်အိမ်မှာထဲ ခြင်ထောင်ထဲမှာ... သစ်သီးစားပြီး ကျင့်ခဲ့တယ်။ အစာစားလည်း ခြင်ထော... ထဲမှာပဲစားတယ်။ အဲဒါ ငါးနှစ်လောက်ကြာသွားတယ်။ ... ကြောင့် ကျုပ်အသားအရေဟာ မြင်တဲ့အတိုင်း ဖြူနေတာ... တွေ့ရတယ်မို့လား"

ဟု ဆရာကာစင်သည် သူ၏ကျင့်စဉ်ကို ပြောပြ... သည်နှင့် ကျွန်ုပ်ကိုနှုတ်ဆက်ပြီး ပြန်သွားပါတော့သည်။

နောက်ထပ်ငါးနှစ်ခန့်အကြာတွင် ကျွန်ုပ်တို့အိမ်... စာတိုက်မှ ဆရာကာဆင်၏ စာရောက်လာသည်။

အဆိုပါစာတွင် ကျုပ် ပဋ္ဌမံဆရာလုသည် က... ပြည်နယ်၊ ဒေါနတောင်ရှိ မနောမယလိုဏ်ဂူတွင် တရား... အားထုတ်ပြီး၍ အလွန်နက်ရှိုင်းသော မနောမယသိဒ္ဓိရတာ... လိုဏ်ဂူသို့ သွားရောက်ပြီဖြစ်ကြောင်း အံ့ဖွယ်ရာစာကို ဖတ်... လိုက်ရပါတော့သတည်း။

**ပထမံဆရာကြီး ဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ထောင်ထဲမှာ သရဲရှိသလား

ဝိတာမြဦး

"ထောင်ထဲမှာ သရဲရှိသလား" မကြာခဏဆိုသလို ထိုမေးခွန်း အမေးခံနေရသည်။ အမေးခံရတိုင်းလည်း ကျွန်ုပ် မေးသူကျေနပ်စေမည့် တိကျသေချာသော၊ ထင်သာမြင်သာ ရှိသော အဖြေမျိုးကို မပေးနိုင်ခဲ့ပါချေ။

အဘယ်ကြောင့်ဆိုသော် ထောင်မှူးဘဝမှ အဆင့်ဆင့်ရာထူးတက်ကာယခု ထောင်ပိုင်ဖြစ်လာသည်အထိ ထောင်ထဲတွင် တစ္ဆေသရဲဆိုလျှင် ကျွန်ုပ်ကိုယ်တိုင် တစ်ကြိမ်တစ်ခါမှ မတွေ့မြင်ခဲ့ဖူးသေး၍ ဖြစ်ပါလေသည်။

ဒါဆိုရင် ထောင်ထဲမှာ သရဲမရှိလို့ပေါ့။

ဒီလိုတော့ ယတိပြတ် ကောက်ချက်ချ၍ မရပါလေ။ တကယ်ဆို အင်္ဂလိပ်ခေတ်က စ၍ ခေတ်အဆက်ဆက် တည်ဆောက်လာခဲ့သော အကျဉ်းထောင်များ၏ သက်တမ်းမှာ နှစ်ပေါင်း တစ်ရာကျော်လာခဲ့ပြီဖြစ်ရာ ထိုအကျဉ်းထောင်များမှာ ဟောင်းအိုး၍ပင်နေပါချေပြီ။

အကျဉ်းထောင်ဟူသည် တိုင်းပြည်ကြီးထဲက အုတ်ရိုးခတ်ထားသော သီးသန့်တိုင်းပြည်ငယ်လေးဖြစ်လေရာ တိုင်းပြည်ကြီးထဲတွင် ပြည်သူများရှိသလို ထိုအကျဉ်းထောင်များထဲမှာလည်း ပြည်သူနှင့်တူသော အကျဉ်းသားများရှိနေသည်သာ။

တိုင်းပြည်ကြီးတွင် ပြည်သူများအတွက် ဆိုင်ရာ အစိုးရများမှ စားဝတ်နေရေးအဆင်ပြေအောင် စီမံဖန်တီးပေးရသလို အကျဉ်းထောင်အုပ်ချုပ်သူများက အကျဉ်းသားများ စားသုံးရန် ရိက္ခာ၊ ဝတ်ဆင်ရန် ပုံစံအင်္ကျီ၊ လုံချည် နေထိုင်ရန် အိပ်ဆောင်များ၊ ကျန်းမာရေးအတွက် ဆေးရုံများ၊ ပြင်ပမိသားစုများနှင့် တွေ့ဆုံနိုင်ရန် ထောင်ဝင်စာ စသည်တို့ ဖန်တီးပေးရသည်။

ထို့အတူ အပြင်လောကတွင် လူသေ၍ သရဲခြောက်တတ်သည်ဆိုလျှင် အကျဉ်းသားသည်လည်း လူပဲဖြစ်၍ သူသေလျှင်လည်း သရဲဖြစ်တတ်မည်သာ ဖြစ်၏။ တစ်နည်းအားဖြင့် အတွင်းနှင့်အပြင်မှာ အုတ်ရိုးခြားနေသည်က လွဲ၍ လူ့သဘာဝဖြစ်ရပ်များ အတူတူပင် ဖြစ်၏။

တစ်ခုတော့ ထူးခြားသည်။

ထောင်ထဲ၌ သေဒဏ်ကျသူ အကျဉ်းသားကို အရှင်လတ်လတ် ကြိုးပေးသတ်ရသော ကြိုးစင်တော့ရှိသည်။ ထိုကြိုးစင်မှာ နှစ်ပေါင်းတစ်ရာကျော်အတွင်း အစိမ်းသေသူများစွာ ရှိခဲ့ပေရာ မကျွတ်မလွတ်သော ဝိညာဉ်များလည်း ထိုကြိုးစင်မှာပင် တွယ်ကပ်နေနိုင်ပါလေသည်။

ခက်နေသည်က ကျွန်ုပ်၏ အရာရာကို ထဲထဲဝင်ဝင် စူးစမ်းလေ့လာလိုသည့် ဗီဇစိတ်ပင် ဖြစ်၏။

ကျွန်ုပ်မှာ ရောက်လေရာအကျဉ်းထောင်များ၏ ကြိုးစင်ပေါ် ကိုယ်တိုင်တက်၍ လေ့လာတတ်သောအကျင့်ရှိ၏။ အကျဉ်းသားကို ကြိုးမပေးမီ နေရာချထားသော သံပြားကြီးနှစ်ချပ်ပေါ်သို့လည်းကောင်း၊ ထိုသံပြားကြီးများကို ပွင့်ကျသွားစေသော ဒေါက်ဖြုတ်ပုံဖြုတ်နည်းကိုလည်းကောင်း၊ မြေတိုက်ခန်းထဲသို့ ကြိုးတန်းလန်းဖြင့်ကျသွားမည့် အကျဉ်းသား၏ ကိုယ်နေဟန်ထားကိုလည်းကောင်း စသည်တို့ကို ကိုယ်တိုင်ကိုယ်ကျ လေ့လာရမှ ကျွန်ုပ်စိတ်ကျေနပ်သည်။

ဤတွင် ကျွန်ုပ်၏လုပ်ဆောင်ချက်များကို အသည်းတယားယားဖြင့် ကြည့်နေသူတို့က မေးကြသည်။

"သရဲမကြောက်ဘူးလား"တဲ့။

ပြဿနာက ကျွန်ုပ်မှာ ထိုအချိန်အထိ သရဲတစ္ဆေဆိုတာ ဖြူသလား၊ မည်းသလား၊ ကြောက်ရမည့်အရာလား၊ လန့်ရမည့်အရာလား ကျွန်ုပ်မသိ။ ဤသို့ဖြစ်ရသည်မှာ ကျွန်ုပ်ကိုယ်တိုင် မမြင်ဖူး၊ မတွေ့ဖူးသေး၍လား မပြောတတ်။

ထို့ကြောင့်လည်း "ထောင်ထဲမှာ သရဲရှိသလား၊ မရှိသလား"ဆိုသည့် မေးခွန်းကို တိကျသေချာသော၊ ထင်သာမြင်သာသော အဖြေမျိုး မပေးနိုင်ခဲ့ခြင်း ဖြစ်၏။

ဤဇာတ်လမ်းသည် အထက်ပါ မေးခွန်းကို ပီပီပြင်ပြင် ဖြေဆိုပြထားသည့်အပြင် ထောင်ထဲ၌ အမှန်တကယ် သရဲရှိကြောင်း၊ သရဲကို တ



www.burmeseclassic.com

www.burmeseclassic.com

ခါမှ မမြင်မတွေ့ဖူးသူအဖြစ် ဂုဏ်ယူနေသော ကျွန်ုပ်အား ပရလောကသားတို့က အလွန်ညင်သာသိမ်မွေ့စွာ အသိပညာပေးလိုက်သော ဖြစ်ရပ်ဆန်းလည်း ဖြစ်ပါလေသည်။

ထိုဖြစ်ရပ်ဆန်း၏ အစနိဒါန်းသည်ကား ...။

ဝဝဝ

"ခင်ဗျားတို့ ဒီအီးသွားစစ်ရမယ့် ထောင်က အလွန်နာမည်ကြီးနေတဲ့ ထောင်ပဲဗျ"

အင်းစိန်အကျဉ်းဦးစီးဌာန (ရုံးချုပ်)ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှဦးက ကျွန်ုပ်ကို ပြောလိုက်ခြင်းဖြစ်၏။

"ဘယ်လို နာမည်ကြီးတာလဲဗျ"

ကျွန်ုပ်က မေးကြည့်မိသည်။

"အဲဒီထောင်ကို ဒီအီးလာစစ်တဲ့ အဖွဲ့တွေကို သရဲခြောက်လွှတ်သတဲ့ဗျ"

"ဟုတ်လား၊ ဘာဖြစ်လို့များလဲဗျ"

"အင်း ... ကြည့်ရတာ သူတို့ထောင်မှာ ပြဿနာဖြစ်လို့ ဒီလို ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့တွေ ဖွဲ့ပြီး ဒီအီးအစစ်ခံရတာကို မကျေနပ်လို့ ထင်ပါရဲ့"

"အမှန်က ဒီအီးလာအစစ်ခံရရင် သက်ဆိုင်ရာထောင်က အရာရှိနဲ့ ဝန်ထမ်းတွေ မကျေနပ်ကြတာက သဘာဝပဲလေ။ ဒါပေမယ့် ခုဟာက မဆီမဆိုင် သရဲက မကျေမနပ်ဖြစ်နေတာဆိုတော့ ဆန်းတော့ဆန်းသားနော်"

"အေးဗျ။ ဖြစ်နိုင်တာက ဒီသရဲဟာ ဝန်ထမ်းဘဝက ဒီအီးအစစ်ခံရပြီးမှသေလို့ မကျွတ်မလွတ်နိုင်ဘဲ သရဲဖြစ်နေတာများလား မသိဘူး"

"အင်း ... ဒါနဲ့ သရဲ ဘယ်လိုခြောက်တာတဲ့လဲဗျ"

"ဒီသရဲခြောက်ပုံက တစ်မျိုးဗျ"

"ဘယ်လိုတစ်မျိုးလဲဗျ"

"တခြားသရဲတစ္ဆေတွေလို လူကို ကြောက်လန့်ပြီး ထွက်ပြေးရလောက်အောင် ပြူးတူးပြဲတဲ ခြောက်တာမျိုးမဟုတ်ဘူး။ သူခြောက်ပုံက ခြောက်လို့ခြောက်မှန်းမသိအောင် အလွန်ညင်သာသတဲ့ဗျ"

"ဩော် ..."

"ဒီထောင်ကို နောက်ဆုံး ဒီအီးသွားစစ်ဖူးတဲ့ ထောင်ပိုင်ကြီးဦးဗိုလ်မောင် ပြောတာကတော့ သူက မနက်ဆို ၅ နာရီလောက် အိပ်ရာထပြီး စောစော လမ်းလျှောက်တတ်သတဲ့။ အဲဒီညက မနက်မနိုးမှာစိုးလို့ နာရီကို မနက် ၅ နာရီ နှိုးစက်ပေးထားတာ နာရီက မနက် ၃ နာရီခွဲ မြည်လိုမြည်၊ မနက် ၄ နာရီခွဲ မြည်လိုမြည်ဖြစ်နေလို့ တစ်ညလုံး ကောင်းကောင်းမအိပ်ရဘဲ မိုးလင်းသွားသတဲ့။ နောက်မှ ဒါသရဲခြောက်တာမှန်းသိရတယ်တဲ့လေ"

"အင်း ... နှိုးစက်သရဲပေါ့"

"အဖွဲ့(၂)ဖြစ်တဲ့ ထောင်မှူးကြီး မနက် ရေချိုးခန်းထဲ ရေချိုးနေတုန်း ရေပြတ်ပြတ်သွားလို့ ထွက်ကြည့်တော့ ရေတိုင်ကီကဆင်းတဲ့ ခလုတ်ကို တစ်ယောက်ယောက်က ခဏခဏ လာလာ ပိတ်ပစ်နေတာတဲ့ဗျ။ ဒါလည်း သရဲခြောက်တာပဲတဲ့လေ"

"အင်း ... ရေစက်သရဲပေါ့"

"ကျန်တဲ့ အဖွဲ့ဝင်(၂)ဖြစ်တဲ့ ထောင်မှူးကျတော့ အတွင်းခံဘောင်းဘီပျောက်လို့ ဧည့်ရိပ်သာတစ်ခုလုံး လိုက်ရှာတော့ သူ့ဘောင်းဘီက ခြံဝင်းထဲက သရက်ပင်ကြီးရဲ့ အကိုင်းတစ်ကိုင်းပေါ်မှာ ချိတ်လျက်သား တွေ့ရသတဲ့ဗျ"

"ဟာ ... တော်တော်နောက်တဲ့ သရဲပဲနော်"

"အဲဒါ ခင်ဗျားတို့အဖွဲ့ဝင်တွေလည်း အဲဒီထောင်ရောက်ရင် သတိဝီရိယနဲ့ နေကြထိုင်ကြပေါ့ဗျာ"

ကျွန်ုပ်တို့အဖွဲ့ ဒီအီးသွားစစ်ရမည့် ထောင်မှာ ရန်ကုန်တိုင်းထောင်အုပ်စုထဲမှ ထောင်တစ်ထောင်ဖြစ်၏။ ထိုထောင်တွင် အရာရှိထောင်မှူးတစ်ဦး အကျဉ်းသားများထံမှ လာဘ်ပေးလာဘ်ယူလုပ်နေသဖြင့် အရေးယူပေးပါရန် တိုင်ကြားထားခြင်းဖြစ်၏။

ကျွန်ုပ်မှာ ဒီအီးဥက္ကဋ္ဌဖြစ်သဖြင့် အဖွဲ့ဝင်(၁) ထောင်မှူးကြီးစိုးလှိုင်နှင့် အဖွဲ့ဝင်(၂) ထောင်မှူးခင်ဇော်တို့အား အဖွဲ့တည်ရာ အကျဉ်းထောင်သို့ လာရောက်ရမည့်ရက်၊ အချိန်နာရီတို့ကို တယ်လီဖုန်းဖြင့် ကြိုတင်ချိန်းဆိုထားခဲ့သည်။

ချိန်းဆိုထားသည့်နေ့ ညနေပိုင်း ကျွန်ုပ်ရောက်သွားချိန်ဝယ် အဖွဲ့ဝင်အရာရှိနှစ်ဦး ရောက်နှင့်နေပြီဖြစ်၏။ ကျွန်ုပ်က ဧည့်ရိပ်သာတွင် တိုင်စာပါ အကြောင်းအရာများကို ဖတ်ပြပြီး တိုင်ကြားခံထားရသော ထောင်မှူးလှသန်းဆိုသူအား ထုချေလွှာတောင်းခံထားရန်နှင့် လက်မှတ်ထိုး၍ တိုင်ကြားထားသူ ဒုတိယတပ်ကြပ်အေးစိုးဆိုသူအား မနက်ဖြန်မနက် ၁၀ နာရီအရောက် စာဖြင့်ဆင့်ခေါ်ထားရန် ညွှန်ကြားခဲ့သည်။

နောက်တစ်နေ့ ၅ နာရီခန့်တွင် ထုံးစံအတိုင်း အိပ်ရာမှ နိုးလာခဲ့ရာ ကိုယ်လက်သုတ်သင်ကာ ဘုရားဝတ်ပြုပြီးနောက် နံနက် ၅ နာရီခွဲခန့်



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းထောင်ကို တစ်ပတ်ပတ်ကြည့် ရှုရန် ညွှန်ကြားသည့်အတိုင်း သာမှ ထွက်လာခဲ့သည်။

ဤသည်မှာ ဒီအီးစစ်ဆေးရန် ရောက်သည့် အကျဉ်းထောင်တိုင်းတွင် ကျွန်ုပ်ပြုလုပ်နေကျ အလေ့ အကျင့်တစ်ခု ဖြစ်၏။ ပထမအဆင့် အနေနှင့် အကျဉ်းထောင်ကို အုတ်ရိုး အပြင်ဘက်မှ တစ်ပတ်ပတ်ရင်း လေ့လာကြည့်ရှုသည်။ အကျဉ်းထောင် တည်ဆောက်ထားပုံ၊ အရာရှိနှင့် ဝန်ထမ်းအိမ်ရာများအနေအထား စသည့် ပြင်ပပတ်ဝန်းကျင်ကိုလေ့လာသည်။

ဒုတိယအဆင့်အနေနှင့် အကျဉ်းထောင်ထဲဝင်ကာ ထောင်ဘူးပရိုးခန်းများ၊ မျှော်စင်များ၊ အိပ်ဆောင်များ ဖွဲ့စည်းထားပုံ စသည့်ထောင်တွင်းလုံခြုံရေး၊ အုပ်ချုပ်ရေးပိုင်း အနေအထားတို့ကို လေ့လာကြည့်ရှုသည်။

သို့မှသာ အမှုစစ်ဆေးသည့် အခါ အခံချင်းဖြစ်နေရာနှင့် ဝန်ထမ်းနှင့် အကျဉ်းသားတို့၏ လှုပ်ရှားမှုမြင်ကွင်းကို မျက်စိထဲ ပြန်လည်မြင်ယောင်လာကာ အမှုသွားအမှုလာကို ဆင်ခြင်သုံးသပ်ရာတွင် များစွာ အထောက်အကူရတတ်သောကြောင့် ဖြစ်၏။

ထိုနေ့နံနက်က ကျွန်ုပ်ညွှန်ကြားရိပ် သာမှစထွက်လာချိန်ဝယ် ဆောင်းတွင်းမို့ နှင်းငွေ့များ မှုန်ပျပျဖြင့် နေပင်ကောင်းစွာ ထွက်မလာနိုင်သေးပေ။ ပတ်ဝန်းကျင်တစ်ခုလုံး အေးတစိမ့်စိမ့် လမ်းလျှောက်၍ ကောင်းလှ၏။

"ဩော် ... ဆရာကြီးက ဒီအီးစစ်ဖို့ ရောက်နေတဲ့ ညွှန်ကြားသည့်ထောင်မှိုင်ကြီးထင်တယ်ရှင့်"

ညွှန်ရိပ်သာမှထွက်လာပြီး ထောင်ဘူးဝတံခါးရှေ့အရောက်တွင် ထောင်မှူးယူနီဖောင်းဖြင့် ပခုံးဒေါက်များပေါ်တွင် ငွေကြယ်တစ်ပွင့်စီ တပ်ထားသော အမျိုးသမီးထောင်မှူးတစ်ဦး အလေးပြုနှုတ်ဆက်လိုက်သည်ကို တွေ့ရ၏။

"ဟုတ်ပါတယ်ကွယ်။ ဒါနဲ့ သမီးက ဘယ်သူလဲ"

"သမီးက ထောင်မှူးမြင့်မြင့်ဦးပါ။ ထောင်ဖွင့်ပြီးလို့ အိမ်ခဏပြန်ဖို့ ထွက်လာတာပါရှင့်"

"ဩော် ... သမီးက ဘယ်လိုင်းမှာနေတာလဲ"

"ထောင့်မြောက်ဘက်က ဖယ်မလီလိုင်းမှာ နေတာပါ။ ရှေ့က အုတ်ရိုးထောင့်ကျော်တာနဲ့ လှမ်းမြင်နေရပါပြီ။ သမီးကို ခွင့်ပြုပါဦး"

"ဩော် ... အေး .. အေး"

ထောင်မှူးမြင့်မြင့်ဦးဆိုသူက ကျွန်ုပ်အား အလေးပြုနှုတ်ဆက်ကာ ရှေ့မှ ခပ်သွက်သွက်လျှောက်သွားလေသည်။ ကျွန်ုပ်လည်း သူမနောက်မလှမ်းမကမ်းမှ ဆက်လျှောက်လာခဲ့၏။

သူမမှာ အသက်နှစ်ဆယ်ကျော်ရုံမျှသာ ရှိသေးပြီး နဖူးကျဉ်းကျဉ်း၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းမထူမပါးနှင့် မိန်းမချောလေးတစ်ဦးပါပေ။ မျက်နှာဝိုင်းဝိုင်းပေါ်က နက်မှောင်သော မျက်ခုံးများအောက်က အရည်လဲ့နေသည့် မျက်လုံးရွဲကြီးများက မြင်ရသူကို ရင်ဖိုစေလေသည်။ အထူးသဖြင့် ပိတုန်းရောင်တမျှ နက်မှောင်ပြီး တံကောက်ကွေးအထိ ရောက်အောင် ရှည်လျားသော ဆံကေသာက သူမ၏အလှအား ကျက်သရေတင့်စေလေသည်။

ကျွန်ုပ် အုတ်ရိုးထောင့်ရောက်၍ ဘယ်ဘက်သို့ ချိုးကွေ့လိုက်စဉ် အတော်ခပ်လှမ်းလှမ်း၌ နှစ်ခန်းတွဲဝန်ထမ်းနေအိမ်ကြီးတစ်လုံးကို လှမ်းမြင်လိုက်ရ၏။ ထိုအိမ်ဆီသို့ လေအဝှေ့ဝယ် ရှည်လျားလှသော ပိတုန်းရောင်ဆံကေသာတလွင့်လွင့် တလွှားလွှားဖြင့် ပြေးဝင်သွားသော ထောင်မှူးမြင့်မြင့်ဦးအား လှမ်းမြင်လိုက်မိသည်။

"မနေ့ညကတည်းက ကြယ်ပွင့်နောက်ပိတ်တွေနဲ့ သေသေချာချာတပ်ထားခဲ့တာပါကွာ။ ခုမနက်ဝတ်ခါနီးမှ ကြယ်တစ်ပွင့်မရှိတော့တာလေ"

ကျွန်ုပ် ညွှန်ရိပ်သာသို့ ပြန်ရောက်ချိန်ဝယ် ထောင်မှူးကြီးစိုးလှိုင်က ထောင်မှူးခင်ဇော်အား ပြောပြနေသံကြားလိုက်ရ၏။

ကျွန်ုပ်က -

"စောစောစီးစီး ဘာတွေဖြစ်နေကြတာလဲကွယ့်"

ထောင်မှူးကြီးစိုးလှိုင်က သူ့ယူနီဖောင်းအကျီခေါက်ကိုပြ၍ ညက တပ်ဆင်ထားခဲ့သော ကြယ်တစ်ပွင့် ပျောက်နေပုံနှင့် ရှာတာလည်း နှံ့နေပုံများကို ရှင်းပြ၏။

"ရှာတော့ ရှာကြည့်ဦးပေါ့။ မတွေ့တော့လည်း ဒီထောင်က အရာရှိတစ်ယောက်ယောက်ဆီမှာ အပိုရှိမှာပါ"

ကျွန်ုပ်က ပြောပြောဆိုဆို အဝတ်အစားလဲကာ ရေချိုးခန်းထဲ ဝင်ခဲ့၏။ ကျွန်ုပ်ရေချိုး၍ ယူနီဖောင်းလဲပြီးချိန်တွင် ဝန်ထမ်းလေးတစ်ယောက် ရောက်လာကာ မနက်စောစာအဖြစ် မြီးရှည်သုံးပွဲ လာပို့ပေးသည်။ ကျွန်ုပ်တို့သုံးယောက် မြီးရှည်စားသောက်နေစဉ် ထောင်မှူးကြီးစိုးလှိုင်က -

"ဟာ ... အံ့ဩစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်က –

"ဘာဖြစ်လို့လဲ"

"ဆရာ ဒီမှာကြည့်လေ။ ကျွန်တော် ဟင်းချိုသောက်မလို့ ဇွန်းနဲ့ခပ်လိုက်တာ ဟင်းရည်ထဲ ကြယ်တစ်ပွင့် ပါလာတယ်"

ကျွန်ုပ်က ငုံ့ကြည့်လိုက်ရာ ဇွန်းထဲမှ ငွေကြယ်တစ်ပွင့်ကို နောက်ပိတ်နှစ်ခုနှင့်အတူ တွေ့လိုက်ရ၏။

"အဲဒါ ခင်ဗျားကြယ်ပွင့်လား ကိုစိုးလှိုင်"

"ဟုတ်တယ် ဆရာ။ နောက်ပိတ်အနီရောင်တွေနဲ့ ကျွန်တော့်ကြယ်ပွင့်ပါ။ ဘယ်နှယ်လုပ်ပြီး ဟင်းချိုထဲက ပါလာရတာလဲမသိဘူး"

ထောင်မှူးခင်ဇော်က –

"တစ်ယောက်ယောက်က နောက်ပြောင်ထားရအောင်ကလည်း ရိပ်သာမှာက ကျွန်တော်တို့သုံးယောက်တည်း ရှိတာဆိုတော့"

"ဒါဆို ဒါဘာသဘောလဲ ဆရာ"

ကျွန်ုပ်က တစ်ချက်ပြုံးပြလိုက်ကာ ...

"ကြည့်ရတာ ကျွန်တော်ရုံးချုပ်က ကြားခဲ့တာ မှန်နေပြီထင်ပါရဲ့"

"ရုံးချုပ်က ဘာကြားခဲ့လို့လဲ ဆရာ"

"ဒီထောင်ကို ဒီအီးလာစစ်တဲ့အဖွဲ့ကို သရဲခြောက်လှတ်တတ်တယ် တဲ့ဗျ"

"ဒါ ... ဒါဆို ကျွန် .. ကျွန်တော့်ကို ..."

"ဟုတ်တယ် ကိုစိုးလှိုင်။ ကျွန်တော်တို့သုံးယောက်ထဲမှာ ခင်ဗျားဇွေဆော်ဦး သရဲအခြောက်ခံလိုက်ရတာ ဖြစ်မယ်ဗျ"

"ဗျာ ..."

သိုအခါမှ ကိုစိုးလှိုင်ခမျာ ကြောက်ရတော့မလို၊ ရွံ့ရတော့မလို ဖြစ်လာမိလေသည်။

ထိုနေ့ နံနက် ၁၀ နာရီတွင် လက်မှတ်ထိုးတိုင်ကြားထားသည်ဆိုသူ ဒုတပ်ကြပ်အေးစိုး ရောက်လာသည်။

"မင်းက ဒုတပ်ကြပ်အေးစိုး နော်"

"ဟုတ်ကဲ့ပါ"

"တို့အဖွဲ့က မင်း ထောင်မှူးလုသန်းအပေါ် တိုင်ထားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဒီအီးလာစစ်တာပါ"

"ခင်ဗျာ"

ဒုတပ်ကြပ်အေးစိုး မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြင့် –

"ကျွန် ... ကျွန်တော် ဘယ်သူ့ကိုမှ မတိုင်ပါဘူး"

"ဟုတ်ရဲ့လားကွာ။ ဒီမှာကြည့်၊ ဒါ မင်းတိုင်စာနဲ့ မင်းလက်မှတ် မဟုတ်လား"

ကျွန်ုပ်က တိုင်စာမိတ္တူကို လှမ်းပေးလိုက်သည်။ သူက ဖတ်ကြည့်ကာ

"ဟင့်အင်း ... ဒါ ကျွန်တော့် လက်ရေးလည်း မဟုတ်ဘူး၊ ကျွန်တော့်လက်မှတ်လည်းမဟုတ်ဘူး။ ပြီးတော့ စာထဲမှာရေးထားတာတွေကိုလည်း ကျွန်တော် တစ်ခုမှမသိဘူး။ ဒါ ကျွန်တော်ပြဿနာဖြစ်အောင် တစ်ယောက်ယောက်က ကျွန်တော့်နာမည်ကို သုံးထားတာဖြစ်မယ် ဆရာကြီး"

"ကဲ .. ဒါဆို မင်း ဒီစာနှစ်ကြောင်း ကူးရေးပြီး မင်းလက်မှတ်သုံးခု ထိုးပြကွာ"

ဒုတပ်ကြပ်အေးစိုးက စာနှစ်ကြောင်း ကူးကာ လက်မှတ်များထိုးပြ၏။ ကျွန်ုပ် မူလတိုင်စာနှင့် နှိုင်းယှဉ်ကြည့်လိုက်ရာ လက်ရေးချင်းကလည်း လုံးဝမတူ၊ လက်မှတ်များနှင့်ကလည်း တခြားစီ။

ကျွန်ုပ် ကောင်းစွာ နားလည်လိုက်ပါလေပြီ။

တိုင်စာဆိုရာ၌ နှစ်မျိုးရှိ၏။ ပစ်စာနှင့် တိုင်ကြားစာတို့ ဖြစ်၏။ ပစ်စာကို အင်္ဂလိပ်လို(Anonymous Letter) ခေါ်ပြီး တိုင်ကြားစာကို (Complaint Letter) ဟု ခေါ်သည်။

ပစ်စာ၏ သဘောမှာ ပေးပို့သူ၏ အမည်၊ နေရပ်လိပ်စာ၊ ထိုးမြဲလက်မှတ်တို့ ပါရမည်မလိုပေ။ ပစ်စာအနေဖြင့် ကိုယ်မကျေနပ်သူကို တံဆိပ်ခေါင်းဖိုးသာ အကုန်အကျခံ၍ စာထဲတွင် ရေးချင်တာ ရေးပြီး တိုင်နိုင်သည်။ ပေးပို့သူနေရာတွင် 'ရွှေသူဌေးက မြွေပွေး'တို့၊ 'ထောင်စောင့်နတ်မင်းကြီး'တို့၊ 'အတွင်းသိ'တို့စသဖြင့် ကိုယ်ကြိုက်သည့် နာမည်ဝှက် သုံးနိုင်၏။

တိုင်ကြားစာတွင်ကား ထိုသို့မဟုတ်၊ ကိုယ်တိုင်ကြားလိုသောအကြောင်းအရာကို တိတိကျကျ မတတ်နိုင်သော်မှ အနီးစပ်ဆုံး မှန်ကန်အောင်တော့ ပါရှိရပေမည်။ ထိုသို့မဟုတ်ပါက မမှန်မကန်တိုင်ကြားမှုဖြင့် ပြန်အရေးယူခံရနိုင်သည်။ တိုင်ကြားစာအောက်တွင် တိုင်သူအမည်၊ နေရပ်လိပ်စာနှင့် ထိုးမြဲလက်မှတ်တို့ ပါရပေမည်။

ပစ်စာနှင့် နှိုင်းယှဉ်လျှင် တိုင်ကြားစာက ပို၍အဆင့်မြင့်သည်။ ပို၍တန်ဖိုးကြီးသည်။ စာပါအကြောင်းအရာများ မှန်ကန်လျှင် ထိထိရောက်ရောက် အရေးယူရသည်။ ထိုခ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဌာနဆိုင်ရာ စစ်ဆေးရေး အဖွဲ့ တာဝန်ယူ စစ်ဆေးရမည့် အမှုမှာ တိုင်ကြားစာအမှုဖြစ်သည်။

အခုကိစ္စမှာ ပစ်စာဆိုလျှင် ဒီအီး အဖွဲ့က ခပ်ပေါ့ပေါ့ စစ်ဆေးမည်ကို စိုးရိမ်၍ လေးလေးနက်နက် ရှိစေရန် တခြားမဆိုင်သော ဝန်ထမ်းတစ်ယောက် နာမည်ကို အငှားထည့်ကာ လက်မှတ် အတု ရေးထိုး၍ တိုင်ကြားလိုက်ခြင်း ပါပေ။

တိုင်ကြားစာ ဟန်ဆောင်ထားသော ပစ်စာဖြစ်နေတာပါကလား။

တိုင်ကြားစာအတုမှန်း သိလိုက်ရသဖြင့် ကျွန်ုပ် ရင်ထဲပေါ့သွားသလို အတိုင်အတောခံရသူ ကာယကံရှင် ထောင်မှူးလုသန်းမှာလည်း အတန်ငယ် စိတ်သက်သာဖွယ်ရသွားပေမည်။

သို့သော် ဒီအီးလုပ်ထုံးလုပ်နည်း အတိုင်း ၁၉၄၀ ပြည့်နှစ် ဂျူလိုင်လ (၁၅)နှင့်အညီ ဆက်လက်စစ်ဆေး သွားရပါပေမည်။ ထိုနေ့က အရေးကြီး သက်သေများအနေနှင့် အရာရှိနှင့် ဝန်ထမ်းများထဲမှ သက်ဆိုင်သူအချို့ ကို ခေါ်စစ်ဆေးခဲ့၏။ နောက်တစ်နေ့ တွင် တိုင်စာပါ အကြောင်းအရာနှင့် ဆက်နွယ်မကင်းသော အကျဉ်းသား အချို့ကို စစ်ဆေးခဲ့၏။

ထိုနေ့ညနေပိုင်းတွင် ကျွန်ုပ် သည် ထောင်မှူးကြီးစိုးလှိုင်နှင့်အတူ ထောင်အနီးရှိ ဘုရားပုထိုးစေတီများ ကို သွားရောက်ဖူးမြော်ကြည့်ရှုခဲ့ သည်။ နှစ်ရက်လုံးလုံး ဒီအီးထိုင် စစ် ဆေးခဲ့ရသဖြင့် အညောင်းအညာ ပြေစေရန် လမ်းလျှောက်ထွက်သည့် သဘောလည်း ပါ၏။ ထောင်မှူးခင် ဇော်ကား နေ့လယ်က စစ်ဆေးချက် များကို လက်နှိပ်စက်ရိုက်ရမည်ဖြစ်၍ ရိပ်သာတွင် နေရစ်ခဲ့သည်။

ကျွန်ုပ်တို့နှစ်ဦး အေးအေးဆေး ဆေး လမ်းလျှောက်ခဲ့ရာ ည ၈ နာရီ ခန့်မှ ရိပ်သာသို့ ပြန်ရောက်လာကြ သည်။ ထူးခြားသည်မှာ ထောင်မှူး ခင်ဇော်အား မျက်နှာဖြူဖပ်ဖြူရော်နှင့် တုန်လှုပ်ချောက်ချားနေသည်ကို တွေ့ လိုက်ရခြင်းဖြစ်သည်။

"ဟာ ‥ ကိုခင်ဇော်၊ ဘာဖြစ် လို့လဲ၊ နေမကောင်းလို့လား"

ထောင်မှူးကြီးစိုးလှိုင်က စိုးရိမ် တကြီး မေးလိုက်သည်။ ထောင်မှူး ခင်ဇော်က ဘာမှပြန်မဖြေနိုင်သေးဘဲ မလှမ်းမကမ်းရှိ ရုပ်မြင်သံကြားစက်ဆီ လက်ညှိုးထိုးပြသည်။ ကျွန်ုပ်တို့က သူညွှန်ပြရာသို့ ကြည့်လိုက်ရာ တီဗီ ဖန်သားပြင်ပေါ်ဝယ် မြန်မာ့ရုပ်မြင်သံ ကြားမှ ပြည်တွင်းသတင်းများ ထုတ် လွှင့်ပြသနေသည်ကို တွေ့ရ၏။

ထောင်မှူးကြီးက –

"တီဗီက ဘာဖြစ်လို့လဲ ကိုခင် ဇော်"

ထောင်မှူးခင်ဇော်က တံတွေး တစ်ချက် မျိုချလိုက်ပြီးမှ –

"ကျွန်တော် ဆရာတို့ထွက်သွား ပြီး တော်တော်ကြာတဲ့အထိ စစ်ချက် တွေကို လက်နှိပ်စက်ရိုက်နေခဲ့တာ ည ၇ နာရီထိုးမှ မြဝတီကလာတဲ့ ကိုရီး ယားဇာတ်လမ်းတွဲ ဖွင့်ကြည့်နေခဲ့ တယ်။ ပထမတစ်ပိုဒ်ပြီးသွားလို့ ကြော် ငြာဝင်ချိန်မှာ နောက်ဖေးဘက်ဝင်ပြီး အပေါ့သွားခဲ့တယ်။ ပြန်လာတို့ တီဗီ ကို ကြည့်လိုက်တော့ မြဝတီမဟုတ် တော့ဘဲ မြန်မာ့အသံဖြစ်နေတယ်။ ငါ မြဝတီထိုင်ကြည့်နေခဲ့တဲ့ဟာ ဘယ့် နှယ်လုပ် မြန်မာ့အသံဖြစ်သွားရတာလဲ လို့ မကျေမနပ်စိတ်နဲ့ မြဝတီလိုင်း ပြန် ပြောင်းပြီး ကိုရီးယားကား ဆက် ကြည့်ခဲ့တယ်။ နောက်တစ်ခေါက် ကြော်ငြာဝင်တော့ လက်နှိပ်စက်ထဲ တန်းလန်းဖြစ်နေတဲ့ စစ်ချက်တစ်ရွက် ပြီးအောင် ဆက်ရိုက်လိုက်တယ်။ ပြီး တာနဲ့ တီဗီကို လှမ်းကြည့်လိုက်တော့ မြဝတီမဟုတ်တော့ဘဲ မြန်မာ့ရုပ်မြင် သံကြား ဖြစ်နေပြန်တယ်။

အဲဒီတော့မှ စိတ်ထဲ မသိုးမသန့် ဖြစ်လာပြီး ပတ်ဝန်းကျင်ကို လှည့် ပတ်ကြည့်မိတယ်။ ရိပ်သာတစ်ခုလုံး တိတ်ဆိတ်နေပြီး ကျွန်တော်တစ် ယောက်တည်း ရှိတယ်။ ရှေ့တံခါး ကြီးနဲ့ နောက်ဖေးတံခါးတွေလည်း ပိတ်ထားတယ်။ တခြား ဘယ်သူမှ မရှိဘဲ တီဗီလိုင်းပြောင်းပြောင်းသွား တာကို တစိမ့်စိမ့်တွေးကြည့်ရင်း ကြက် သီးတွေ တဖြန်းဖြန်းထပြီး တစ်ကိုယ် လုံး ချွေးတွေပြန်နေတဲ့ အချိန်မှာ ဆရာတို့ ပြန်ရောက်လာတာပါပဲ"

ကျွန်ုပ်က ခေါင်းတဆတ်ဆတ် ညိတ်ပြရင်း ပြုံးလိုက်ကာ –

"အင်း ‥‥ ကြည့်ရတာ ကိုခင် ဇော်တော့ ကျွန်တော်တို့အဖွဲ့မှာ ဒုတိယမြောက်တစ္ဆေအခြောက်ခံလိုက် ရပြီ ထင်ပါရဲ့"

"ဟုတ်လား ဆရာ"

ထောင်မှူးခင်ဇော်က မျက်လုံး ပြူးလျက် မေးသည်။ ထောင်မှူးကြီး စိုးလှိုင်က ကျွန်ုပ်အား အဓိပ္ပာယ်ပါပါ ပြုံးကြည့်လိုက်ကာ –

"ဒါဆို ဒီတစ်ခါ ကျွန်တော်တို့ ဒီအီးဥက္ကဋ္ဌကြီးအလှည့်နဲ့ တူတယ် နော်"

ကျွန်ုပ်က ခေါင်းခါပြရင်း –

"အဲလိုတော့ မဖြစ်နိုင်လောက် ဘူး ထင်တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ ဆရာ"

"ကျွန်တော် ထောင်မှူး၊ ထောင်မှူးကြီးရာထူးတွေ အဆင့်ဆင့်တက်ပြီး အခု ထောင်ပိုင်တောင် ဖြစ်နေပြီလေ။ ထောင်လုပ်သက်ကလည်း မနည်းလှတော့ဘူး။ တာဝန်ထမ်းဆောင်ခဲ့ရတဲ့ ထောင်တွေလည်း အတော်များနေပြီဗျ။ ဒါပေမယ့် သူများတွေပြောပြောနေတဲ့ တစ္ဆေတို့၊ သရဲတို့ဆိုတာ ဒီနေ့အထိ အခြောက်ခံရဖို့ နေနေသာသာ အရိပ်အယောင်တောင် တစ်ခါမှ မမြင်မတွေ့ဖူးသေးဘူးဗျ"

"ဟုတ်လား။ ဒါဆို ဆရာက ထောင်ထဲမှာ သရဲမရှိဘူးလို့များ ပြောချင်တာများလား"

"ဟင့်အင်း အဲလိုတော့ မဟုတ်ဘူးဗျ။ ကိုယ်ကိုယ်တိုင် မမြင်ဖူးတိုင်း မရှိဘူးလို့တော့ မပြောချင်ဘူး။ နာနာဘာဝတို့၊ ဝိနာဘာဝတို့ဆိုတာ လူအများလက်ခံထားတဲ့ ၃၁ ဘုံသားတွေပဲဟာ။ တစ်ခုတော့ရှိတယ်။ သရဲကပဲ ကျွန်တော့်ကို တမင်ရှောင်နေတာလား၊ ဒါမှမဟုတ် ကျွန်တော်ကပဲ ခြောက်လို့ခြောက်မှန်းမသိတာလား မပြောတတ်တော့ပါဘူးဗျာ"

"ဘာပဲဖြစ်ဖြစ် ဒီထောင်မှာ ဒီအီးလာစစ်တဲ့ အဖွဲ့ဝင်တိုင်းကို ခြောက်လှတ်တတ်တယ်ဆိုရင်တော့ စောင့်တော့ကြည့်ရဦးမှာပေါ့ဆရာ"

"အင်းပေါ့လေ"

ကျွန်ုပ်အနေနှင့်မူ မနက်ဖြန်တစ်ရက် နောက်ဆုံးစစ်ဆေးပြီးလျှင် ရန်ကုန်ပြန်ရတော့မည်ဖြစ်ရာ ဒီတစ်ည ကျော်လွန်ပြီးသည်နှင့် အန္တရာယ်ကင်း ဘေးရှင်းပြီဖြစ်၏။ သို့ဖြစ်၍ နောက်တစ်နေ့နံနက်မှစ၍ စစ်ဆေးရန် ကျန်ရှိနေသော အမျိုးသမီးထောင်မှ အကျဉ်းသူအချို့နှင့် အရာရှိဝန်ထမ်းများကို မြန်မြန်ထက်ထက် စစ်ဆေးနေမိသည်။

နေ့လယ်ပိုင်းတွင် နောက်ဆုံးစစ်ဆေးရန် တျန်နေသည့် အမျိုးသမီးထောင်မှူးများကိုခေါ်လိုက်ရာ ထောင်မှူး ယုယုမော်ဆိုသူ ရောက်လာ၏။ သူမအား လိုအပ်သည့် စစ်ဆေးမေးမြန်းပြီးသောအခါ ကျွန်ုပ်က ထောင်မှူးမြင့်မြင့်ဦးအား လွှတ်ပေးရန်မှာလိုက်သည်။

"ရှင် ..."

ထောင်မှူးယုယုမော်က ကျွန်ုပ်ပြောသည်ကို နားမလည်ဟန် ခပ်ကြောင်ကြောင်ပြန်ကြည့်နေလေသည်။

"ဟို ... ထောင့်မြောက်ဘက်က ဖယ်မလီလိုင်းမှာနေတဲ့ ထောင်မှူးမြင့်မြင့်ဦးလေကွယ်။ သူ့ကိုလွှတ်ပေးဖို့ပြောတာပါ"

သူမက အံ့အားသင့်ဟန်ဖြင့် –

"ဟိုလေ ... ဆရာ၊ ဒီထောင်မှာ အမျိုးသမီးထောင်မှူးဆိုလို့ ကျွန်မတစ်ယောက်တည်းပဲ ရှိတာပါ။ ဆရာပြောတဲ့ မြင့်မြင့်ဦးဆိုတဲ့ နာမည်မျိုး အမျိုးသမီးဝန်ထမ်းတွေထဲမှာတောင် မရှိဘူးရှင့်"

ကျွန်ုပ် မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ –

"ဟုတ်ရဲ့လားကွယ်။ တစ်နေ့မနက်ကပဲ ဆရာနဲ့တောင် တွေ့ခဲ့သေးတာပဲဟာ"

"ဘယ်မှာတွေ့ခဲ့တာလဲ ဆရာ"

"အဲဒီနေ့ မနက်စောစော ဆရာလမ်းလျှောက်ထွက်တော့ သူ့ကို ထောင်ဘူးဝရှေ့မှာ တွေ့တယ်လေ။ ထောင်ဖွင့်ပြီးလို့ အိမ်ခဏပြန်ဖို့ ထွက်လာတာတဲ့။ ယူနီဖောင်းအပြည့်အစုံနဲ့ [...] ပြီးမှ ထောင့်မြောက်ဘက်လိုင်းက [...] ခန်းတွဲအိမ်ကြီးဆီ ပြန်သွားတာ [...] လိုက်ရတယ်လေ"

သူမ မျက်လုံးများပြူးဝိုင်းသွား[...] ကာ –

"ဟာ ... ဆရာကလည်း။ အ[...] မြောက်ဘက်က နှစ်ခန်းတွဲအိမ်ကြီး[...] အမိုးတွေ၊ ကြမ်းပြင်တွေ ဆွေး[...] ပြီး ပျက်စီးနေလို့ ရုံးချုပ်ကို ပြင်ဆ[...] ထိန်းသိမ်းခစရိတ်နဲ့ ပြန်ပြုပြင်ဖို့ တ[...] ပြထားရတာလေ။ အိမ်ကြီးကိုလည်း [...] ပိတ်ထားရပြီး လူမနေတာဖြင့် ကြာ[...] ပြီပဲ ဆရာ"

"ဟေ ..."

ကျွန်ုပ် နှုတ်မှ အာမေဍိတ်[...] တစ်ချက် ထွက်ကျစဉ် ကျွန်ုပ်[...] ကိုယ်လုံးရှိ သွေးကြောများ ရုတ်[...] ရက် အေးစက်တောင့်တင်းသွား[...] ရင်ခုန်သံ တဒိန်းဒိန်းကိုပင် ကြား[...] မိသည်။ ကျွန်ုပ်မျက်စိထဲတွင်ကား [...] နေ့က လေအဝှေ့ဝယ် ရှည်လျား[...] သော ပိတုန်းရောင်ဆံကေသာ တ[...] လွင့် တလွှားလွှားဖြင့် နှစ်ခန်းတွဲအ[...] ကြီးထဲ ပြေးဝင်သွားသော ထောင်[...] မြင့်မြင့်ဦးဆိုသူအား ပြန်လည်[...] ယောင်မိရင်း ခေါင်းနားပန်းကြီး[...] ကာ ကြက်သီးမွေးညင်းများ တ[...] ဖြန်းထလာမိပါတော့သည်။

ကြည့်စမ်း။

တစ္ဆေသရဲကို တစ်ခါမှ မ[...] တွေ့ဖူးသည်ကို ဂုဏ်ယူနေသော[...] ကျွန်ုပ်မှာ ခြောက်လို့ခြောက်မှန်း[...] အောင် ပထမဆုံး ဗွေဆော်ဦး [...] အခြောက်ခံလိုက်ရတာပါတကား[...]

ပီ[...]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အစိမ်းရောင် သစ္စာစကား

ကျော်မြသန်း

(ယခင်လမှအဆက်)

## အခန်း (ခုနစ်)

ကားလေး လမ်းမပေါ်သို့ရောက်လာသည်။ လမ်းမပေါ်မှာ ကားအသွားအလာ ကျဲလို့နေ၏။ လမ်းမပေါ်တွင်ရှိနေသည့် ကားတွေ၏အရှိန်တွေက အရင်တုန်းကလို မြန်မြန်မဟုတ်။ လှည်းကြမ်းကြီးတွေ မောင်းနေဘိသကဲ့ကို နှေးကွေးလွန်းသည်။

သူသည် အဓိပ္ပာယ်မဲ့ ရေသုတ်တံ၏ အသွားအပြန်ကို ငေးကြည့်နေမိသည်။

အခု မိုးက အနည်းငယ်ပြန်သည်းလာပုံရ၏။ ရှေ့ကြည့်မှန်ပေါ်တွင် ရေတွေ ဒလဟော စီးဆင်းလို့နေသည်။ တစ်ချက်တစ်ချက် သူ့အကြည့်က သူမထံရောက်ရောက်သွားသည်။ အမျိုးသမီးက ရှေ့တူရူသို့ကြည့်ကာ ငြိမ်နေ၏။ အမျိုးသမီးပုံက ဂျပန်မှလာသည့် အလုပြင် ကော်ရုပ်မလေးနှင့် တူနေ၏။

သူက ကားစတီယာရင်ကို ထိန်းထိုင်မောင်းရင်း ကားရက်ခလုတ်အတွင်းမှ စီးကရက်ဘူးကို ဆွဲထုတ်လိုက်သည်။

တစ်လိပ်ထုတ်ကာ ဓာတ်ငွေ့သုံးမီးခြစ်နှင့် ဆေးလိပ်ကို မီးတို့လိုက်သည်။ တစ်ချက်ပြင်းပြင်း ဖွာရှိုက်ပြီး မှုတ်ထုတ်လိုက်စဉ် ချိုလွင်သောအသံတစ်သံ ပေါ်လာသည်။ အမျိုးသမီး၏အသံပါ။

"ဒီက အစ်ကို"တဲ့။

သူမသည် ဆံပင်၏ ကောင်းခြင်းသာ မဟုတ်၊ အသံ၏ကောင်းခြင်းပါ ပြည့်စုံသူတစ်ဦးအဖြစ် ဒုတိယအကြိမ် အမှတ်အသားပြုမိလိုက်ပါသည်။ နှုတ်ခမ်းမှ ဆေးလိပ်ကို ဘက်လက်နှင့်ဖြုတ်လိုက်ပြီး စွေ၍ကြည့်လိုက်သည်။

"ဘာပြောချင်လို့လဲ ပြောပါ။ ကျွန်တော် နားထောင်နေပါတယ်"

စီးကရက်ကို တစ်ချက်ဖွာရှိုက်လိုက်ပြီး နားစွင့်ထားသည်။

"ဒီအစ်ကိုရဲ့ လှုပ်ရှားမှုကို ကျွန်မ ဘာမှနားမလည်ဘူး။ ဒါနဲ့ အခုကော ကျွန်မတို့ ဘယ်သွားကြမလဲ"

"ကျွန်တော်လည်း ဒါကို စဉ်းစားနေတယ်ဆိုရင် ယုံမလား။ ကျွန်တော့်ရဲ့ လှုပ်ရှားမှုတွေနဲ့ ပတ်သက်လို့ကော ကျွန်တော် ရှင်းပြမှာပါ။ ကဲ ...ဒါဖြင့် ဖြတ်ပြောရဦးမယ်။ ဒီက အမိက ကော ဘယ်သွားချင်သလဲ"

"ကျွန်မ အိမ်ပြန်ဖို့ပဲရှိတယ်"

"အမိအိမ်က ဘယ်မှာလဲ"

"နှစ်ဆယ့်ခုနစ်လမ်းမှာပါ"

"ကောင်းပြီလေ . . .ကျွန်တော် လိုက်ပို့မယ်"

သည့်နောက် စကားသံ တိတ်သွားသည်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်တိတ်ဆိတ်သွားသည်။ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်တိတ်ဆိတ်နေကြသည် ဆိုလျှင်လည်း မှန်သည်။

သူက တိုသွားသောစီးကရက်ကို ကားပြင်သို့လွှင့်ပစ်လိုက်ပြီး အမျိုးသမီးဘက်သို့ စောင်းငဲ့ကြည့်လိုက်၏။

"အမိကို ကိုယ်ရှင်းပြရဦးမယ်"

"ကျွန်မနာမည် ခင်သီတာပါ"

"ဪ . . .ခင်သီတာတဲ့လား။ ခုလိုသိကျွမ်းရတာ အတိုင်းထက်အလွန် ဝမ်းသာပါတယ်။ ကျွန်တော့်နာမည်က တင်ထွန်းနိုင်ပါ"

"ဟုတ်ကဲ့ရှင့်"

တိတ်ဆိတ် သွားကြပြန်သည်။ သူက စီးကရက်ကို ဖွာရှိုက်လိုက်ပြန်၏။

"ခင်သီတာ ခုနက ကော်ရစ်တာမှာရပ်နေတုန်း ခင်သီတာ့အနားကို ကပ်လာတဲ့ အမျိုးသားနှစ်ဦးကိုသိလား"

"ဪ. . .မိုက်ကယ်နဲ့ ချစ်ညွန့်ကျော်လား"

သူက ခေါင်းညိတ်လိုက်၏။ စီးကရက်ကို တစ်ချက်ဖွာရှိုက်လိုက်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

"သူတို့ မိဘပိုက်ဆံကိုဖြုန်း၊ မိဘ အရှိန်အဝါကိုယူပြီး ဆိုးတေနေတာသိပါတယ်"

သူက ပြုံးလိုက်၏။ စီးကရက်ကို တစ်ရှိုက်ထပ်သွင်းကာ အပြင်သို့ လွှင့်ပစ်လိုက်သည်။

"ဟုတ်တယ် သီတာ။ သူတို့ဟာ မိဘပိုက်ဆံသုံး၊ မိဘအရှိန်အဝါကိုယူပြီး ဆိုးချင်သလိုဆိုး၊ တေချင်သလိုတေနေသူတွေပဲ။ ပြီးတော့ ဓနရှင်အိမ်ထောင်ရေးလောင်းရိပ်အောက်မှာ ကြီးပြင်းလာသူတွေမို့ ကိုယ်ချင်းစာတရားတို့၊ စာနာစိတ်တို့မရှိဘူး။ သူတို့ သီတာ့အနားကို ကပ်လာကြတာကလည်း သီတာ့ကို နှောင့်ယှက်ဖို့ပဲ"

"ရှင်"

တအံ့တသြ ဖြစ်သွားပုံရသည်။ မကြာလှသေးသည့် ကာလက မိမိအန္တရာယ်စက်ကွင်းအတွင်းမှ သီသီကလေးလွတ်လာသည်ကို သိရသည့်အတွက် ရင်ကုန်ပန်းတုန် ဖြစ်သွားပုံရသည်။ ရွှေရင်မို့မို့ကလေးကို လက်နှင့်မဖိလိုက်ပေမယ့် သက်ပြင်းမောကလေးကို ဟင်းခနဲချလိုက်သည်။ ပြီးတော့ သူ့ကို ရွှန်းလက်တောက်ပသည့် အပြုံးနှင့် ပြုံးကြည့်သည်။

"ဒါ…ဒါဖြင့် အစ်ကိုက သီတာ့ကိုမသိဘဲခေါ်ခဲ့တာ ဒါကြောင့်ပေါ့နော်"

တင်ထွန်းနိုင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သီတာ။ ဒါကြောင့် သီတာ့ကို ကိုယ်အရဲစွန့်ပြီးခေါ်ထုတ်ခဲ့တာ စိတ်ကတော့ တထင့်ထင့်ပဲ။ တော်ကြာ သီတာက ကျွန်တော့်ကို တလွဲထင်ပြီး တစ်ခုခုပြောလိုက်မှာလည်း စိုးသေးတယ်"

သီတာက ပြုံးသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုရယ်"

"ရပါတယ်ဗျာ။ လူသားအချင်းချင်း ကူညီရကောင်းမှန်း ကျွန်တော်သိပါတယ်"

သည့်နောက် တူညီသောအပြုံးကို နှစ်ဦးသား ပြိုင်တူပြုံးကြ၏။

သို့နှင့် မကြာခင် ကားကလေး မြို့တွင်းသို့ ကျူးဝင်လာသည်။ သူက ပတ်ဝန်းကျင်ကို မျက်စိဝေ့ယမ်းကြည့်မိသည်။

မိုးတိတ်စ ပြုလေပြီ။ သို့ပေမယ့် လုံးဝတိတ်သွားခြင်းတော့ မဟုတ်ပါ။ ဖွဲဖွဲကျဲကျဲ ရွာဆဲပါ။

မြို့တွင်းသို့ ဝင်လာပြီဆိုသည်နှင့် ကားတွေ ရှုပ်လာသည်။ မိုးတိတ်သွားပြီဆိုသည်နှင့် တစ်ပြိုင်နက် ကားအရှိန်တွေက အနည်းငယ်မြန်လာသည်။

သူသည် ကားအရှိန်ကို အနည်းငယ် မြှင့်မောင်းလိုက်သည်။ မကြာမီ နှစ်ဆယ့်ခုနစ်လမ်းထိပ်သို့ ရောက်ခဲ့သည်။ တစ်လမ်းမောင်းစနစ် ကျင့်သုံးနေသည့် မြို့ကြီးမို့ နှစ်ဆယ့်ခုနစ်လမ်းထိပ်သို့ရောက်ပေမယ့် ဝင်လို့မရ၊ ရွှေဘုံသာလမ်းဘက်မှပတ်ကာ နှစ်ဆယ့်ခုနစ်လမ်းအတွင်းသို့ ဝင်ရသည်။

ခင်သီတာတို့ အိမ်က နှစ်ထပ်တိုက်ဖြစ်သည်။ နှစ်ထပ်တိုက်၏အောက်ထပ် နှစ်ဆယ့်ခုနစ်လမ်း၏အလယ်တွင် ရှိသည်။

"ရောက်ပြီ အစ်ကို"

သူက ကားဘရိတ်ကို ညင်ညင် သာသာ နင်းလိုက်သည်။ ကားက ကျွီခနဲရပ်သွားသည်။ ခင်သီတာ ကားတံခါးကို ဖွင့်ဆင်းသည်။ သူ ခင်သီတာဘက်လှည့်ကာ ကိုယ် ကိုင်းလိုက်ပြီး တံခါးပိတ်ဖို့ပြင်သည် ခင်သီတာ ကားနားမှမခွာသေး။ တံခါးကို လက်ထောက်ကိုင်ကာ ပြတင်းပေါက်ဝတွင် ခေါင်းတင်ပြီး…

"အစ်ကို…ခဏဆင်းပါဦး ရောက်ဖူးအောင်ပေါ့"

"ကျေးဇူးတင်ပါတယ် သီတ နောက်များမှ အေးအေးဆေးဆေး ပါတော့မယ်"

ခင်သီတာက ပြုံးသည်။ သူ လည်း အပြုံးနှင့် လက်ဝေ့ယမ်းပြလို သည်။ သည်တော့ ခင်သီတာကလ တုံ့ပြန်လက်ကလေး ဝေ့ယမ်းလို့ လို့။ မျက်စိသူငယ်အိမ်အတွင်းသို့ ပြုံးပုံကလေးတွေ၊ လက်ဝေ့ယမ်း ကလေးတွေ ကျူးဝင်လာသလို သားမှာ စွဲထင်သွားသည်။ ဖျောက်လို့ အမှန်ကိုဝန်ခံရမည်ဆိုလျှင် ဖျော လည်း မဖျောက်ချင်ပါ။ တသသ သ ရလို့သာ နေချင်သည်။

အတွေး၊ အမြင်၊ အသိတွေ စိုးမိုးစေချင်သည်။ ခဏနှင့် တစ်ဘ စိုးမိုးလိုက်သည်ဆိုသော စကားသ ဤလိုပုံ ဤလိုအချိုးမျိုးဖြင့် ဆိုသ ဖြစ်လိမ့်မည်ထင့်။ သူမောပန်းစွာ သ ပြင်းချလိုက်ပါပြီ။

ဤသို့ဖြင့်မှ သူ့အဖို့ အိမ်မ သော ညတစ်ည၏ နိဒါန်းတစ်ခု သည်ဟု ဆိုရလေမည်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

မှန်ပေသည်။

သည်ညကစ၍ ခင်သီတာက တင်ထွန်းနိုင်၏အအိပ်ကို လုယူသွားခဲ့ပါသည်။ အိပ်မရသည့်ဝေဒနာသည် တင်ထွန်းနိုင်ကို စိုးမိုးလိုက်ချေပြီ။

ဩော် . . .စိုးမိုးနိုင်ရက်သည့် ခင်သီတာရယ်။

◆◆◆

## အခန်း (ရှစ်)

ထိုမှနောက်ပိုင်း တင်ထွန်းနိုင် ဆေးတက္ကသိုလ်၏ဧည့်သည် ဖြစ်မှန်းမသိ ဖြစ်ခဲ့ရသည်။

နောက်တစ်နေ့ ကျောင်းဆင်းချိန် သူဆေးတက္ကသိုလ်သို့ ရောက်ခဲ့သည်။ သူငယ်ချင်းကိုယ်တိုင်က သူ့ကို အံ့ဩနေသည်။ "ဟုတ်မှဟုတ်ရဲ့လား သူငယ်ချင်းရယ်"လို့ပင် ပြောယူရသည်။ သူကတော့ ရယ်ကျဲကျဲနှင့်။

သည်ကနေ့လည်း သူ ခင်သီတာကို တွေ့သေးသည်။

"ဟင် . . .အစ်ကိုပါလား"

ခင်သီတာကိုယ်တိုင် တအံ့တဩ ဖြစ်နေသည်။ တင်ထွန်းနိုင်ကလည်း ရောယောင်၍ ပြုံးလိုက်သည်။

"ဒီမှာ ကိုယ့်ချစ်သူငယ်ချင်းရှိတယ်လေ။ ဒါနဲ့ ညီမ ပြန်တော့မလား"

ခင်သီတာ အပြုံးနှင့် ခေါင်းညိတ်သည်။

"အစ်ကို လိုက်ပို့ပေးမယ်လေ"

"အားနာစရာကြီး အစ်ကိုရယ်"

"ကိစ္စမရှိပါဘူး လမ်းသင့်ပါတယ်"

ပြုံးကြသည်။ သည့်နောက် ခင်သီတာတစ်ယောက် သူနှင့်အတူ ကားကလေးနှင့် ပါလာပြန်သည်။

"ဒါနဲ့သီတာ အစ်ကို့ကို အချိန်နည်းနည်း ပေးနိုင်မလား"

"ဘာကိစ္စ . . ."

"ပလိပ်ငါးကိစ္စတော့ မဟုတ်ပါဘူးလေ။ အားရင် နန်းသီတာမှာ အအေးသောက်မလားလို့"

"နေပါစေ အစ်ကိုရယ်။ ဗိုက်ဆံကုန်ပါတယ်"

"ဒီလောက်နဲ့ မွဲမသွားပါဘူးကွာ"

ခင်သီတာ ပြုံးသည်။

မျက်နက်ဝန်းကလေး ထောင့်ကပ်လို့ သူ့ကိုကြည့်သည်။

"အစ်ကိုက ကလေးလိုပဲ"

"ဘာလို့ . . ."

"သိပ်တဇွတ်ထိုးနိုင်တာပဲ"

"ဘယ်လိုလဲ...လိုက်မယ်နော်"

"ကဲ...အစ်ကို့သဘောပါပဲတဲ့ရှင်"

အသံကလေးက နွဲ့တွဲ့တွဲ့ကလေး။ နှော့တော့တော့ကလေး။ ချစ်စဖွယ်အငေါ်တူပြောလိုက်ပုံကလေးက အသည်းထဲ စိမ့်ဝင်သွားသည်။

သူက အပြုံးဝေ့သီလျက် ကားကလေးကို နန်းသီတာဘက်သို့ ချိုးကွေ့လိုက်သည်။

နန်းသီတာသို့ ရောက်သည်။ နေခြည်ကလေးဖြန်းပြီး အပူအပျှံဖျန်းကလေး ဆော့မြူးနေချိန်မို့ နန်းသီတာ အအေးဆိုင်တွင် လူများနေသည်။ စည်ကားနေသည်။ သူနှင့် ခင်သီတာတို့နှစ်ယောက်သား နန်းသီတာအတွင်းသို့ ဝင်ခဲ့သည်။

နန်းသီတာသည် သီးသန့်ဖွင့်ထားသည့် ဆိုင်တစ်ဆိုင်ကားမဟုတ်။ ကျယ်ဝန်းသည့် ခြံကျယ်ကြီးတစ်ခုအတွင်း မြက်ခင်းပြင်တွင် ဖွင့်လှစ်ထားသည့် ဆိုင်တစ်ဆိုင်ဖြစ်သည်။ နေပူကာထီးကြီးများကို စားပွဲတစ်ခုကျ မိုးထားသည်။

ထောင့်စွန်းစားပွဲဝယ် နေရာယူလိုက်သည်။

"သီတာ ဘာသောက်မလဲ"

"အစ်ကိုကြိုက်တာမှာပါ"

ထိုစဉ် အမို့အမောက် အစွင့်အကား အပြည့်အဖြိုးအတိနှင့် ခရမ်းပြာဖက်ရင်ဝတ်ဆင်လျက် မိန်းကလေးတစ်ယောက် သူတို့စားပွဲသို့ ရောက်လာသည်။ သူက နန်းသီတာ၏ အပျံစားစားပွဲထိုးကလေးဖြစ်သည်။

သူမက ပျားရည်ဆမ်းသည့်အပြုံးနှင့် နှုတ်ခွန်းဆက်သည်။

"ကြိုက်ရာကို မှာယူသုံးဆောင်နိုင်ပါတယ်ရှင်"

ချိုလွင်သောအသံဖြင့် ပြောရင်း စာရေးပက်တွင်ရနိုင်သည့် သောက်စရာစာရင်းကို ချပေးသည်။ သူက စာရင်းနှင့်စာရေးပက်ကို ဆွဲယူလိုက်သည်။

ပန်းသီးဖျော်ရည် နှစ်ခွက်။ သူရေးပေးလိုက်သည့် စာရေးပက်ကို တင်လျက် ကလေးမဆွဲယူသည်။ ချစ်စဖွယ်အပြုံးနှင့် အရိုအသေပြုရင်း တင်ထွန်းနိုင်နှင့် ခင်သီတာကို ကျောခိုင်းသည်။

သူက တင်လှုပ်မလေးကို ငေးကြည့်ရင်းမှ အကြည့်လွှဲလိုက်သည်။ ခင်သီတာကို စွေခနဲကြည့်လိုက်သည်။ ခင်သီတာကလည်း အကြည့်လိုက်မို့ အကြည့်ချင်းဆုံသွားသည်။ ပြုံးကြသည်။

သူက အပြုံးဝေ့ရင်း ဂျာကင်



www.burmeseclassic.com

www.burmeseclassic.com

အိတ်တွင်းမှ စီးကရက်ဘူးကို ထုတ်လိုက်သည်။ တစ်လိပ်ထုတ်ကာ နှုတ်ခမ်းတွင်တေ့လိုက်သည်။ ဓာတ်ငွေ့မီးခြစ်နှင့် မီးတို့လိုက်သည်။ ဆေးလိပ်ကို တစ်ချက်နှစ်ချက် ဖွာရှိုက်လိုက်သည်။

"အစ်ကို"

ခေါ်သံကြောင့် စောင်းငဲ့ကြည့်သည်။

"ပြောလေသီတာ ဘာပြောချင်လဲ"

"အစ်ကို ဆေးလိပ်ကြိုက်လား"

"ဘာလို့လဲ"

"အစ်ကို ဆေးလိပ် သိပ်သောက်တယ်ထင်တယ်။ အစ်ကို့လက်ကလေးတွေ ဝါနေပြီ"

"ဟင်..."

အံ့သြသွားသည်။

အယောင်ယောင် အမှားမှား မိမိလက်ကိုမိမိ ပြန်ကြည့်လိုက်သည်..။ ကြည့်စမ်း၊ သူ၏လက်ကလေးတွေ ရွှေညိုရောင်အတိ။

ခင်သီတာကို စွေ့ခနဲကြည့်လိုက်မိပြန်သည်။ ခင်သီတာကလည်း သူ့ကို စူးစူးစိုက်စိုက် ကြည့်နေဆဲရှိသည်။

သူ့စိတ်ထဲတွင် ခင်သီတာကို များစွာ အံ့သြနေမိသည်။ ခင်သီတာက ထင်တာထက် စေ့စပ်သေချာပါကလား။ ခင်သီတာ့စကားသံကို ကြားရပြန်သည်။

"ဆေးလိပ်ဆိုတာ လူကို သိပ်အန္တရာယ်ပေးတယ် အစ်ကို။ လူတွေရဲ့ အသက်သေကျေနှုန်းကိုကြည့်ရင် ဆေးလိပ်ကြောင့်သေရတဲ့ အရေအတွက်ဟာ များလွန်းတယ်။ ဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင် အစ်ကို ဆေးလိပ်ဖြတ်စေချင်တယ်။ မဖြစ်နိုင်ဘူးဆိုရင်တောင် လျှော့သောက်ပါလို့ ခင်မင်သူတစ်ယောက်အနေနဲ့ တောင်းပန်ချင်ပါတယ်"

သူက ရွှန်းလက်သောအပြုံးနှင့် ခင်သီတာကိုကြည့်သည်။ ခင်သီတာကလည်း ကြည့်လို့။ ဒီတော့ အကြည့်ချင်းဆုံသွားသည်။

ထိုစဉ် တင်လှုပ်မလေး ရောက်လာသည်။ ငွေရောင်လင်ပန်းကလေးကိုင်လို့၊ လင်ပန်းအတွင်း နီရောင်သွေးခွက် နှစ်ခွက်နှင့်။

ကြာမြင့်စွာ သူတို့နှစ်ယောက် ငြိမ်နေမိသည်။ လှုပ်ရှားဖို့ သတိမေ့နေသည်။

အတွေးတွေလွန်လို့၊ တင်လှုပ်မလေးက ပြုံးလို့။

◆◆◆

## အခန်း(ကိုး)

သံယောဇဉ်ဆိုသည်က တရစ်ရစ်နှောင်တဲလာသည့် သဘောရှိသည်။ ပြုစုယုယမှုကောင်းသည့် ဥယျာဉ်မှူး၏ ဝန်းခြံသည်လည်း လုပခြင်းအတိပြီး၏။ မေတ္တာဆိုသည့်သဘောလည်း သည်လိုပဲ။

သူသည် ခင်သီတာနှင့် တွေ့ဖန်များ၊ ဆုံဖန်များလာသည့်အခါတွင် ခင်သီတာ့အပေါ်တွင် တိမ်းညွတ်လိုစိတ် ပို၍ထင်လာသည်။ ခင်သီတာကို ပိုင်ဆိုင်လိုစိတ် များစွာရှိလာသည်။ ဤသည်ကပင် အချစ်လေလားလို့ ကြိမ်ဖန်များစွာ တင်ထွန်းနိုင် မိမိကိုယ်မိမိ မေးကြည့်မိသည်။

ပြီးတော့ မေတ္တာ၏သဘောသည် နီးစပ်မှုလေလား။ သူ ပိုင်ပိုင်မသိ။ ဒါပေမယ့် သူ ခင်သီတာကိုချစ်သည်။ ခင်သီတာကို မြတ်နိုးသည်။ ခင်သီတာကို ပိုင်ဆိုင်လိုသည်။

ဤနေရာတွင် သူက ခင်သီတာကို သံယောဇဉ်တိုးရုံခြင်း၊ ချစ်ခင်ခြင်းများနှင့် ပတ်သက်၍ အနည်းငယ်တော့ ပြောပြချင်သည်။ သို့မှလည်း သူ့အဖို့ သည်လောက်တိုတောင်းသည့် အချိန်တွင် ခင်သီတာကို ချစ်ခဲ့ခြင်း၊ မြတ်နိုးခဲ့ခြင်း၊ ပိုင်ဆိုင်လိုခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပေါ်လွင်လိမ့်မည်လို့ ထင်သည်။

ခင်သီတာသည် တင်ထွန်းနိုင်အပေါ်တွင် အလိုက်သိခဲ့၊ ညှာတာခဲ့တာကတော့ အမှန်။ သူလည်းလေ လောကီသားပေမို့ အမျှော်ကလေးတစ်ခုကို နားလည်သင့်သလောက် နားလည်သည်။ သိသင့်သလောက် သိသည်ပါ။

ခင်သီတာဆီသို့ သူ ညနေတိုင်း ရောက်သည်။ ခုတော့ ခင်သီတာ၏ ကိုယ်ရံတော်ဖြစ်မှန်းမသိ ဖြစ်နေခဲ့ပြီ။

သူတို့ အပြောအဆိုတွေ...

သူတို့ အပြုအမူတွေ...

သူတို့ ကြည့်ရှုပုံတွေမှာ အချစ်သင်္ကေတတွေ ပြည့်လျှမ်းနေသည်။

ညနေတိုင်း ကားကလေးနှင့် သူ ရောက်နေကျ။ ခင်သီတာကလည်း သူ့ကိုကြိုနေကျ။

တစ်ခါတလေ သူအကြိုနောက်ကျလျှင် ဘာလို့ ခင်သီတာစိတ်မှာ စိုးထိတ်ရပါလိမ့်။ ဘာလို့ စိုးရိမ်ရပါလိမ့်။

"အစ်ကို ဘာဖြစ်လို့လဲဟင်။ ဒီနေ့ နောက်ကျတယ်"



www.burmeseclassic.com

www.burmeseclassic.com

ခင်သီတာ ညှိုးငယ်စွာမေးတတ်သည်။ သည့်နောက် ခင်သီတာမှာ သူ၏ နောက်သို့ အရိပ်ပမာ မခွဲမခွာပါခဲ့သည်။ နှင်းသီတာသို့ရောက်စဖြူ ယခုဆိုလျှင် နှင်းသီတာ၏ တစ်ဦးတည်းသော အပျံစား စားပွဲထိုးကလေးကပင် သူတို့နှစ်ယောက်ကို သိနေကြပြီ။

ဒီနေ့ကတော့ ဘယ်လိုမှမရည်ရွယ်ဘဲ နှင်းသီတာကအထွက် သူတို့နှစ်ယောက် အင်းလျားသို့ရောက်ခဲ့သည်။ ချစ်အင်းလျား・・・တဲ့။

သည်လိုလှပသည့် အမည်လေး ပေးကြသည်။ မှန်တော့လည်းမှန်သည်။ အင်းလျားက ချစ်အင်းလျားဆိုသည့် အမည်ကလေးနှင့် လိုက်ဖက်လွန်းပါဘိတော့။

သူတို့နှစ်ယောက် အင်းယားသို့ရောက်တော့ ညနေနွမ်းကလေး စနေပြီ။ တိမ်ဂဠုန်၊ တိမ်နဂါးတို့က ဟန်ရေးကြွယ်နေကြသည်။ ကောင်းကင်တစ်ပြင်လုံး ပုစွန်ဆီသွေး ထလို့နေသည်။ ပုစွန်ဆီသွေးထနေသည့် ကောင်းကင်ပြင်ကို နောက်ခံပြု၍ အိပ်တန်းသို့ပျံသန်းနေကြသည့် ကျေးငှက်သာရကာတို့၏ မြင်ကွင်းက လှချင်တိုင်းလှလို့နေသည်။

ညှင်းလေပြည်က တသွင်သွင်တိုက်ခတ်လို့နေသည်။ တက္ကသိုလ် ရေချိုးဆိပ်မှ ကားကို ချိုးကွေ့လိုက်သည်။ အင်းလျားသို့ ဖြတ်ကျော်တိုက်ခတ်လာသည့် လေသည် သူတို့နှစ်ယောက်ကို နှုတ်ဆက်နေသလိုရှိ၏။ လေပြည်၏ ထိတွေ့ကျီစယ်မှုကို ခံယူရင်း ရေတွေရှသို့ကြည့်လိုက်သည်။ သရက်ပင်ညှိနောင်၊ ရေပြင်ပြာလဲ့လဲ့နှင့် ခွပ်ကြက်လိုင်းကလေးများ။ အင်းလျား၏ ဟိုမှာဘက်မှ သရက်ပင်တန်းစိမ်းညိုညိုများကို မြင်ရသည်။

သရက်ပင်အောက်တွင် ကားကိုရပ်လိုက်သည်။ နှစ်ဦးသား ကားပေါ်မှဆင်းသည်။ လေပြည်သည် ဒုတိယအကြိမ် နှုတ်ဆက်၏။ မြက်ခင်းစိမ်းစိမ်းတို့က မျက်နှာစိမ်းအနမ်းသူခိုး ချစ်သူစုံတွဲအား စိမ်းစိမ်းကြည့်နေသလို・・・။

ရေစပ်ဘက်သို့ လျှောက်လာသည်။ ရေပြင်ပြာလဲ့လဲ့၊ ခွပ်ကြက်လိုင်းကလေးများ စိမ်းကားရက်စက်သော ကမ်းရင်ခွင်သို့ အမောတကောပြေးဝင်လာပြီး အပစ်ပယ်ခံရ၍ ကြေကွဲဝမ်းနည်းစွာ ပြေးသွားသည့် လှိုင်းကလေးများကို တွေ့ရသည်။

လှေဆိပ်သို့ရောက်သည်။ နှစ်ယောက်သား တိုင်ပင်ထားသကဲ့သို့ ရပ်လိုက်သည်။ တစ်ဦးကိုတစ်ဦး ရှုန်းလဲ့သည့်အကြည့်နှင့် ကြည့်သည်။ ကြည်နူးပြုံးကလေးများ ပြုံးမိသည်။

ကမ်းစပ်တွင် ထိုင်ကြသည်။ ကြာမြင့်စွာ စကားမပြောဖြစ်ကြသေး။ တိုးတိတ်ငြိမ်သက်စွာ ကန်ရေပြင်နှင့် ဟိုမှာဘက် တောစိုတန်းစိမ်းစိမ်းကို ငေးမောလို့ ကြည့်နေကြသည်။

ဦးစွာပထမ သူက ခင်သီတာ့ဘက်သို့ ငဲ့ကြည့်သည်။

"သီတာ・・・"

စတင် နှုတ်ဖွင့်လိုက်သည်။ နှလုံးသားကို ဖြတ်ကျော်ရိုက်ခတ်လာသည့် အသံဖြစ်သည်။ အသံက တိုးတိတ်သလို ထင်ရပေမယ့် အားရှိသည်။ မာန်ပါသည်။

အတွေးလွန်နေသည့် ခင်သီတာ ဆတ်ခနဲဖြစ်သွားသည်။ လှုပ်ရှားစွာဖြင့် လှည့်ကြည့်၏။ တူညီသော အပြုံးနှစ်ခုက ပေါင်းစပ်မိသွားပြန်သည်။

"အစ်ကို・・・"

နှလုံးသားမှ မြစ်ဖျားခံလာသည့် ဆွတ်ပျံ့သည့် အသံပါ။

သည်တစ်ခါ ဘာကြောင့် သူ၏ နှုတ်အိမ်ကြားဖူးက တစ်စုံတစ်ရာသော စကားကို မပြောဘဲ ငြိမ်နေမိပါလိမ့်။ သူကိုယ်တိုင် စဉ်းစားမရနိုင်အောင် ဖြစ်ရသည်။

ခင်သီတာက အပြုံးနှင့် ကြည့်လာပြန်၏။

"ပြောလေအစ်ကို ဘာပြောချင်လို့လဲ"

သူ မဖြေသေး။ သက်ပြင်းချသံသာ ထွက်လာသည်။ ခင်သီတာ့မျက်နှာပေါ်တွင် အကြည့်ရှိနေရာမှ ကန်ရေပြင်ဘက်သို့ စောင်းငဲ့ကြည့်မိသည်။ သူ့စိတ်က ဂနာမငြိမ်ဖြစ်နေသည်။ ဒါကို သူအသိဆုံး။

လက်က မြေကြီးပေါ်သို့ ရောက်သွားသည်။ မြေကြီးခဲတစ်ခုလား ခဲတစ်လုံးလား မပြောတတ်။ ကောက်ယူမိသည်။ ပစ်လိုက်သည့်အရှိန်သည် ပြင်းသည်မဟုတ်။

သို့ပေမယ့်・・ ကန်ရေပြင်က လှုပ်ခတ်သွားသည်။ ဂယက်ထသွားသည်။

သည်တစ်ခါ သက်ပြင်းရှိုက်သူမှာ ခင်သီတာ။ စိတ်ထဲမှာ တစ်စုံတစ်ရာကို သိရှိနားလည်သလို ခံစားရသည်။ ယင်းသိရှိနားလည်မှုသည် သူနှင့်ပတ်သက်သည်ဆိုသည်ကိုလည်း နားလည်သည်။ သူ့ရင်ထဲတွင် လှုပ်ခတ်နေချိမ့်မည်ဟု စိတ်ကတွေးထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို"

ခေါ်လိုက်မိသည်။

ဘာလို့ မိမိခေါ်လိုက်သံက လှိုင်းသံတိုးတိုး ဖြစ်နေပါလိမ့်။ ခင်သီတာ နားမလည်နိုင်။ တင်ထွန်းနိုင်လှမ်းကြည့်သည်ကို သိသည်။ သူ့အကြည့်တွေက ရီဝေလို့နေသည်။ မှိုင်းပြလို့နေသည်။

တစ်စုံတစ်ရာကို ပြတ်သားမှုမရှိသေးဟန် ပေါ်နေသည်။

အတန်ကြာမှ . . .

"သီတာ"

ပြန်ခေါ်သံ ကြားရသည်။ အသံက လှိုက်မောလို့နေ၏။ တည်တည်ငြိမ်ငြိမ်မရှိ။ ရင်တွေကလည်း လှိုင်းခတ်နေသည့်သဏ္ဌာန်။ မောသည်။ ပြီးတော့ တာဝေးပြေးသမားတစ်ဦး မောလျှနေသလို တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်မပိုင်သည့်မို့ တံတွေးကို တဂွိဂွိမျိုချမိသည်။

"ပြောပါအစ်ကို။ အစ်ကို ဘာပြောချင်သလဲ။ အစ်ကိုပြောချင်တာကို ပြောနိုင်ပါတယ်။ သီတာ နားထောင်နေပါတယ် အစ်ကို"

သူ့ထံမှ ဖူးခနဲ သက်ပြင်းချသံ ကြားရသည်။ သူ့လုပ်ရှားမှုတစ်ခုကို ပြုလိုက်၏။ ထိုင်ရာမှ ထ၏။

ကန်ရေပြင်ကို ကျောခိုင်းလိုက်၏။ တရွေ့ရွေ့လျှောက်သွား၏။ သီတာ နားမလည်နိုင်ခဲ့။ ထိုင်ရာမှ ထမိသည်။

သူရပ်လိုက်သည်။ ဆတ်ခနဲလှည့်ကြည့်၏။

သို့ပေမယ့် ခင်သီတာကို မကြည့်ဖြစ်။

"သီတာ . . ."

"ပြောပါ အစ်ကို . . ."

"အစ်ကို သီတာ့ကို စကားတွေ အများကြီးပြောချင်တယ် ဒါပေမယ့်"

စကားကို ရပ်ပစ်လိုက်၏။ ရေပြင်စိမ်းတို့မှသည် တောတန်းအပြန့် အပြောကျယ်သော အဆုံးအစမရှိသော မိုးကုပ်စက်ဝိုင်းကို ကြည့်နေရာမှ ခင်သီတာကို ဝေ့ခနဲကြည့်လိုက်၏။ ခင်သီတာကလည်း စူးစူးစိုက်စိုက်ကြည့်နေသည်မို့ အကြည့်ချင်းဆုံသွားသည်။

"ဒါပေမယ့်ဘာဖြစ်သလဲ အစ်ကို"

ဒီစကားကို မေးပြီးလေမှ ဒီစကားသည် ဘယ်လိုအဓိပ္ပာယ်သက်ဝင်သည့် စကားမှန်း ခင်သီတာ တွေးမိသည်။ နောင်တတော့ သီတာမရချင်ပါ။

မည်သို့ဆိုစေ . . . ဒီစကားသည် ရေလာမြောင်းပေးသော စကားဆန်နေသည်မို့ ဒီစကားကို မိမိဘာလို့ ပြောမိပါလိမ့်။ တွေးမရနိုင်ခဲ့ပါ။

သူ ခင်သီတာနှင့် အနီးကပ်ဆုံးနေရာသို့ရောက်အောင် လျှောက်လာ၏။ ခင်သီတာ နားမလည်နိုင်စွာဖြင့် သူ့ကို ငေးကြည့်နေမိသည်။

"သီတာ . . ."

ဒီတစ်ခါတော့ ခင်သီတာ ဘာမှမတုံ့ပြန်ဖြစ်။ မတုံ့ပြန်မိခဲ့။ မျက်လွှာကိုချလို့ ခေါင်းကိုငုံ့နေမိ၏။ သို့ပေမယ့် ရင်ထဲတွင် စကားများစွာရှိနေသည်ကို မိမိအသိဆုံး။ ခက်သည်က ရင်ထဲကရှိသည့်စကား တစ်လုံးတစ်ပါဒမျှမပြောချင်တော့ပါ။

စကားကျွံတော့ နှုတ်မရတဲ့ . . ။ ဒါပေမယ့်လို့ ခင်သီတာ သူ့ကို မော့ကြည့်ဖြစ်သည်။ သူကလည်း ကြည့်နေသည်မို့ အကြည့်ချင်းဆုံသွား၏။ ရီဝေသော မျက်နက်ဝန်းတွေမှ စကားပေါင်းများစွာကို ပြောလိမ့်မည်ထင်သည်။

"သီတာ . . ."

"အစ်ကို . . ."

"အစ်ကို သီတာ့ကို စကားအများကြီးပြောချင်ပါတယ်။ ဒါပေမယ့် သီတာ အနေနဲ့ ဒီစကားတွေပြောတဲ့အတွက် အစ်ကို့ကို သီတာ အမျက်သိုသွားမှာ စိုးတယ်"

"အစ်ကိုကရော သီတာအမျက် သိုရမယ့်စကားမျိုး ပြောမှာမို့လား"

နှစ်ဦးစလုံး၏ နှုတ်ငုံကြား စကားသံတွေ ဖွင့်မလာခဲ့။ ကိုယ့်အရှေ့ နှင့်ကိုယ် ငြိမ်သက်နေမိသည်။ မြ ခင်းစိမ်းစိမ်းကို ဖွဖွနင်းကာ လျှော လာကြ၏။

"အစ်ကို့အနေနဲ့ သီတာ့စိတ် ညှိုးနွမ်းစေမယ့်စကားမျိုး၊ သီတာစိတ် ဆိုးမယ့်စကားမျိုးကို အစ်ကို ဘ တော့မှ မပြောပါဘူး။ ဒါပေမယ့် တစ် နဲ့တစ်ဦး အယူအဆ အတွေးအခေါ် မတူကြရင် ပဋိပက္ခဆိုတာ ရှိတတ် ပဲမဟုတ်လား"

ခင်သီတာက သက်ပြင်းရှိုက် သည်။ သူ့စကားနှင့်ပတ်သက်၍ ရေ မရနိုင်အောင်ရှိသည်။ သူသည် မည် သောရည်ရွယ်ချက်နှင့် ဒီစကားကို သည်မသိ။ ခင်သီတာသိသည်မှာ နှင့် သူသည် အယူအဆချင်း၊ အတွေ အခေါ်ချင်း ထပ်တူထပ်မျှ ရှိသည် မိ၏။ သို့ဆိုလျှင် ပဋိပက္ခသည် မည် လျှင် ရှိနိုင်ပါမည်နည်း။

သည်ကြားထဲ တင်ထွန်းနိုင် ဘာလို့များ ပဋိပက္ခမြစ်ဖျားခံသည့် စကားကို ပြောပါသနည်း။ သီတာ မရနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အကယ်တန္တ ဖြစ်များဖြစ်နိုင်မည်ဆိုလျှင် ခင်သီတာသည် သူပြောလာမည့်စကားများအား ထွင်းဖောက်သိလိုစမ်းပါဘိ။

သည်လိုစိတ်က ထန်လို့နေသည်။ ဒီစိတ်က သီတာဘယ်လိုမှ ထိန်းချုပ်လို့ မရနိုင်ခဲ့။ ဘယ်လိုလုပ်ရမည်နည်း။

"ပြောသာပြောပါ အစ်ကိုရယ်။ အစ်ကို့ကို သီတာ ဘယ်တော့မှ စိတ်မဆိုးပါဘူး"

လို့ ပြောရမည်လား။ အကယ်၍ ဒီလိုစကားပြောလိုက်သည့်အတွက် မိမိအဖို့ မိန်းကလေးသိက္ခာများ ကျဆင်းသွားလေမလားလို့ တွေးဖြစ်သေး၏။ အဖြေကို မရခဲ့ပါ။ ရင်မှာ လှိုက်ဖို မောပန်းလျက်။

သူက ခင်သီတာကို စိုက်ကြည့်ရင်းမှ တံတွေးကို မျိုချသည်။

"တကယ်လို့ ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင် အစ်ကိုဆုတောင်းချင်ပါတယ်။ အစ်ကို့အပေါ်မှာ သီတာ အမျက်မသို ဒေါသမထွက်ပါစေနဲ့လို့"

ဒီတော့ ခင်သီတာ သူ့ကို မော့ကြည့်ဖြစ်သည်။

"အစ်ကို့စကားဟာ သီတာစိတ်ဆိုးမယ့်စကားမျိုး မဟုတ်ဘူးမဟုတ်လား"

သက်ပြင်းရှိုက်လိုက်သည်။

"အစ်ကိုကလည်း ဒီလိုပဲယူဆတယ်။ ဘာလို့လဲဆို အစ်ကိုပြောမယ့်စကားဟာ သစ္စာစကားဖြစ်နေလို့ပဲပေါ့ သီတာ"

"သစ္စာစကား"

ခင်သီတာက ကလေးတစ်ယောက်လို တိုးညင်းစွာ ရေရွတ်သည်။

"မှန်တယ် သီတာ။ အစ်ကိုပြောမယ့်စကားဟာ သစ္စာစကားပဲ။ အို.. သီတာရယ်...ရှင်းရှင်းပြောရရင် နှလုံးသားကလာတဲ့စကား ဦးနှောက်နဲ့ပါရောပြီး ဆုံးဖြတ်ထားတဲ့စကားပဲ"

သူက စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ပစ်လိုက်သည်။ ယင်းသို့ စကားကို ရပ်ပစ်လိုက်ပြီး ခင်သီတာကို ရိဝေစွာစိုက်ကြည့်သည်။ ခင်သီတာကလည်း တင်ထွန်းနိုင်ကို ရိဝေစွာ စိုက်ကြည့်နေသည်မို့ အကြည့်ချင်း...။

သို့ပေမယ့် ဦးစွာ မျက်လွှာချပစ်လိုက်သည်။ ခေါင်းငုံ့ပစ်လိုက်သည်။ ရင်တွေကလည်း ငြိမ်သက်မှုမရှိ။ ရင်ခုန်သံမြန်လို့နေသည်။

ဘာလို့ ရှေ့ရင်အခုန် မြန်နေရပါလိမ့်။

"သီတာ..."

ခေါ်သံကြားလိုက်သည်။ ခေါ်လိုက်သံက ပုံမှန်အနေအထားမရှိလို့ ထင်သည်။ ပိုဝေးသီလှသည့်အရပ်မှ ကျယ်ကျယ်လောင်လောင် အော်ခေါ်လိုက်သည်သို့ရှိသည်။

ခင်သီတာ ရုတ်ခနဲ လှည့်ကြည့်မိသည်။ မထူးမိ။ ထူးဖို့မေ့လျော့နေသည်သို့ရှိသည်။ သူ့ကိုသာ စူးစူးစိုက်စိုက်ကြည့်နေမိသည်။

"သီတာ..."

နွမ်းလျသည့်ခေါ်သံကို ကြားရပြန်သည်။ ခေါ်သံနှင့်အတူ အေးစက်သည့်လက်အစုံက ခင်သီတာ၏ ပခုံးသားကို လာရောက်ထိတွေ့သလို ခံစားရသည်။ နောက် ခင်သီတာ့ကိုယ်လုံးကလေး ရင်ခွင်ကျယ်ကြီးတစ်ခုအတွင်းသို့ ရောက်သွားသည်ကို သိလိုက်သည်။

"သီတာ... အစ်ကို...အစ်ကိုလေ သီတာ့ကို သိပ်ချစ်...သိပ်ချစ်နေမိပြီကွယ်"

"အစ်ကိုရယ်..."

ဒါပဲ ပြောမိသည်။ တခြားထူးခြားသည့်အဖြေကို မဖြေမိ။

ထို့အတူ မိမိကိုယ်မိမိ တွေးမရသည့် အကြောင်းတစ်ခုကိုလည်း တွေးတောနေမိသည်။

ဒါက အခြားမဟုတ်ပါ။ မိမိသည် ဘာလို့ သူ့အလို သူ့အကြိုက်ကို လိုက်နေမိပါလိမ့်လို့...။

◆◆◆

## အခန်း(တစ်ဆယ်)

"ဩော်...တကယ်လည်း ကြည်နူးနေကြသကိုး။ အင်း...ချမ်းသာခြင်း၊ ကြည်မွေ့ခြင်းသုခဆိုတာ ဒါပဲထင်ပါရဲ့နော်"

အမြင့်မှ ဖောက်ထိုးမိုးမျှော် ကျသွားရသည်သို့ ရှိသည်။ နေပူနေရာမှ မိုးဖြိုန်းခနဲ ရွာချလိုက်သလို။

ဒီလို...ဒီလိုပါပဲ။ ဆွတ်ပျံ့ဖွယ်၊ ချမ်းမြေ့ပျော်ရွှင်ဖွယ်အဖြစ်မှ ရုတ်ခနဲ လန့်သွားသည်။ အိပ်မက်မှ ဆတ်ခနဲ လန့်နိုးသည်သို့ ရှိသွားသည်။

သူနှင့်ခင်သီတာတို့ တစ်ယောက်ရင်ခွင်ထက်တွင် တစ်ယောက်မှီရင်းမှ အသံလာရာသို့ ကြည့်လိုက်မိသည်။

လုံးဝမမျှော်လင့်သူနှစ်ယောက်။

မိုက်ကယ်လုသိန်းနှင့် ချစ်ညွန့်



www.burmeseclassic.com

www.burmeseclassic.com

ကျော့်ရယ်ပေ့ါ။ ဟုတ်ပါသည်။ မိုက်ကယ်လှသိန်းနှင့် ချစ်ညွန့်ကျော်ရယ်။

သူတို့က ဘယ်လိုက ဘယ်လို ဒီကိုရောက်လာသည်မသိ။ မိုးပေါ်က ကျလာဘိသို့ ရောက်လာသည်မှာ မြန်ဆန်လွန်းလှပါဘိ။ ကျောင်းတွင် ခင်သီတာကို သွားကြိုစဉ်က သူတို့ကို တွေ့လိုက်၏။

ခုတော့လည်း သူတို့နှစ်ယောက်က တင်ထွန်းနိုင်နှင့် ခင်သီတာအနားမှာ ရောက်နေပြန်ပြီ။

သူတို့မျက်နှာကို ကြည့်ရသည်မှာ မိမိအား လုံးဝ နှစ်လိုဟန်မရှိ။ နှစ်ယောက်စလုံး အမေရိကန်ရုပ်ရှင်များထဲတွင်တွေ့ရသည့် နွားကျောင်းသားများကဲ့သို့ ရှိသည်။ သူတို့မျက်နှာတွင် အပြုံးများရှိနေကြသော်လည်း သူတို့မျက်နှာပေါ်တွင် တွေ့ရသည့်အပြုံးက အေးစက်မာကျောသည့် အပြုံး။

ခင်သီတာက တင်ထွန်းနိုင်အနားတွင်ရှိသည်။ တင်ထွန်းနိုင်၏ လက်မောင်းကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားပုံက အရာရာကို စိုးထိတ်အားငယ်နေဟန်ရှိသည်။

သူကတော့ မရဲဘဲနှင့် ကြွဲပြစီးလျက်ရှိသည်။ သူ၏ ပင်ကိုစရိုက်က အေးဆေးသည်။ တည်ငြိမ်သည်။

အသတ်အပုတ်ကို စိတ်ဝင်တစားမရှိ။ ထို့ကြောင့် မလိုလားအပ်သည့် သတ်ပုတ်ပွဲကို လုံးဝလိုလားခြင်းမရှိ။

မည်သို့ဆိုစေ အခြေအနေအရ ငြိမ်းချမ်းရေးတရား ဟောလို့ ရမည်မဟုတ်။ သူတို့က အသတ်အပုတ်၊ အကြမ်းပတမ်းနှင့် ရင်ဆိုင်ဖြေရှင်းလာမည်မို့ သူ့အဖို့ ရင်ဆိုင်ဖြေရှင်းဖို့သာ ရှိကြောင်းကို နားလည်သည်။

သူက မိုက်ကယ်လှသိန်းနှင့် ချစ်ညွန့်ကျော်အား အပြုံးနှင့်ကြည့်လိုက်ရင်းမှ တိုးညင်းစွာ ပြောလိုက်သည်။

"ဒီမှာ အပေါင်းအသင်း . . . မောင်ရင်တို့နဲ့ ကိုယ်တို့ကြားမှာ ပြဿနာဆိုတာ မရှိသင့်ဘူးထင်တယ်"

မိုက်ကယ်လှသိန်းက ဟန်ပါပါ ပခုံးတွန့်ပြသည်။

"ဟုတ်လား။ ကိုယ်တို့ကတော့ ရှိတယ်ထင်တယ်"

"ကိုယ်တော့ မောင်ရင်တို့ကို နားမလည်နိုင်ဘူး"

"ဟုတ်လား အင်းလေ ဖြစ်တော့ ဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့ ပြဿနာအပေါင်း ဖြစ်သူအသစ်ကိုး"

"ပြဿနာအပေါင်း ဖြစ်သူအသစ် ဟုတ်လား"

နားမလည်ခြင်းပေါင်း များစွာနှင့် သူက ပြောလိုက်သည်။ သည်တော့ ချစ်ညွန့်ကျော်က သဘောတကျရယ်သည်။

"အေးလေကွာ။ မင်းစဉ်းစားကြည့်ပေါ့။ မင်းက တို့ကြည်နေတဲ့မဒီကို ရသွားတော့ ဘယ်သိမလဲ"

သူက အဲဒီတော့မှသဘောပေါက်သွားသည်။

"ဩော် . . . ဒါကြောင့်ကိုး။ ဒီမှာ အပေါင်းအသင်း . . . ဒါဆို မင်းတို့လွန်မှာပေါ့။ မင်းတို့သိထားဖို့က ဒါဟာ ခင်သီတာရဲ့လွတ်လပ်ခွင့်ကွ"

"ဒါကို တို့မသိဘူး။ တို့သိတာက ခင်သီတာကို မင်းလုသွားတာပဲ"

"အေးလေ။ မင်းတို့က လုသွားတယ်ထင်ရင်လည်း လုသွားတယ်ပေ့ါ။ ကဲ . . . တို့သွားမယ်"

"မသွားရဘူး"

"ဒါဆို အပေါင်းအသင်းတို့က လွန်တာပေ့ါ"

"ဟုတ်တယ် လွန်တယ် မကြိုက်ဘူးလား"

မိုက်ကယ်လှသိန်းက ပြောပြောဆိုဆို ရှေ့တိုးလာသည်။ အခြေအနေအရပ်ရပ်ကို နားလည်လိုက်ပါချေပြီ။ မလိုလားအပ်သည့် ရန်ပွဲလေးတစ်ခုကိုတော့ ကျိန်းသေ ရင်ဆိုင်ရချေဦးမယ်။

ကိစ္စမရှိပါဘူး။ လူဆိုတာက ကံ ဇာတ်ဆရာအလိုကျ အသုံးတော်ခံရသူတွေပဲ။ အသင့်ဖြစ်စေသည်။

မိမိအဖို့ ဦးစွာတိုက်ခိုက်ခြင်းအမှုကိုတော့ မပြုလိုပါ။ မိမိစည်းကိုကျော်ကာ မိမိကို ရန်ပြုလာမည်ဆိုလျှင်တော့ ရင်ဆိုင်ရချေမည်။ မိမိဘေးတွင် ရပ်နေသည့် ခင်သီတာအား နောက်သို့ပို့လိုက်သည်။

"ယား"

ကာလပေါ်ရောဂါလို့ ဆိုရလေမည်လားမသိ။ မိုက်ကယ်လှသိန်းသည် လက်တစ်ကမ်းလောက် အကွာသို့ ရောက်သည်နှင့် ကရာတေးသမားလိုလို၊ ဂျူဒိုသမားလိုလို၊ သိုင်းသမားလိုလို ဟန်အပြည့်နှင့် ဝမ်းခေါင်းသံပါလာသည်အထိ ညှစ်အော်လိုက်ပြီး ကိုယ်ကို စွေ့ခနဲမြောက်လိုက်သည်။

နောက်ခြေနှစ်ချောင်းကို ဆွဲလိုက်ပြီး ညာခြေပတ်နှင့် ဝေ့ခနဲ တင်ထွန်းနိုင်မျက်နှာကို ကန်သည်။ သူက အပြုံးအပျက်။

တင်ထွန်းနိုင်သည် ရန်သူ၏ တိုက်ခိုက်သည့်အခါ လိုအပ်သ



www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုက်ရန်အတွက် အကြောအခြင်တွေကို လျှော့ထားသည်။ သူ့ညာခြေပတ်က ဝှေ့ခနဲပြေးလာသည်နှင့် ခြေတစ်လှမ်း နောက်ဆုတ်လိုက်သည်။

"ဝီ"ခနဲ အသံနှင့်အတူ ချိန်သားလွဲသွားခိုက် ပြုတ်တူနှင့်ညှပ်လိုက်ဘိသကဲ့သို့ မိုက်ကယ့်ခြေထောက်ကို ဖမ်းချုပ်လိုက်သည်။ ပြီး အခြေအနေပျက်ယွင်းသွားသည့် မိုက်ကယ်လုသိန်းအား သူ့အရှိန်နှင့်သူ မြေပေါ်သို့ ပစ်ပေါက်လိုက်သည်။

"ဖုန်း…"

"အား"

ဖွဲ့အိတ်တစ်အိတ် ပစ်ချလိုက်ဘိသကဲ့သို့ ရှိသည်။ မိုက်ကယ်လုသိန်း မလှုပ်တော့။

"လာဦး နောက်တစ်ယောက်"

ချစ်ညွန့်ကျော်ကို တင်ထွန်းနိုင်လှည့်ကာ ရင်ဆိုင်လိုက်သည်။ ချစ်ညွန့်ကျော်သည် အခြေအနေအရပ်ရပ်ကို နားလည်ပုံရသည်။ သတ္တိကောင်းပုံလည်းရ၏။

ကြည့်။ ချစ်သူငယ်ချင်းကိုပင် အကူအညီမပေးတော့ဘဲ တစ်ချိုးတည်း လစ်လေပြီ။

သူက ကျိတ်ပြုံးလေး ပြုံးမိပြီး မောပန်းစွာ သက်ပြင်းကို ရှိုက်လိုက်သည်။

"အမယ်လေး အစ်ကိုရယ်။ ခုမှပဲ စိတ်အေးရတော့တယ်"

ခင်သီတာ့အသံကို ကြားရသည်။ လှည့်ကြည့်လိုက်မိသည်။ အပြုံးနှင့်။

"ဟုတ်ကဲ့"

"သွား…အစ်ကို မနောက်နဲ့"

နောက်တစ်ကြိမ် ပြုံးမိပြန်သည်။ နောက် ခင်သီတာ၏ပခုံးကို ဆုပ်ကိုင်ရင်း အသာအယာ ပွေ့လိုက်သည်။ ပြီး အသာလေး ဖွေးကြူလိုက်သည်။

"အစ်ကိုရယ်…"

သည့်နောက် ချစ်အင်းလျားကို ဥပေက္ခာပြုကာ တစ်ဦးလက်တစ်ဦးတွဲလို့ အေးဆေးစွာ ကားဆီသို့လျှောက်လာခဲ့ကြသည်။

◆◆◆

## အခန်း(ဆယ့်တစ်)

နေခြည်ဦးက ခပ်ပါးပါးကလေး လောကကို လွှမ်းခြုံထားသည်။

နှင်းစက်နှင်းခြည်များကို ထွင်းဖောက်လာရသည့် နေခြည်ဥရယ်မို့ အနွေးဓာတ်က နည်းပါးလို့နေသည်။ အေးသလိုနွေးသလို ခံစားရသည်။

မနက် ၈ နာရီ တင်ထွန်းနိုင်နှင့် ချိန်းထားသည်မို့ နေခြည်အစက်အပြောက်များ ပေါ်မလာခင်ကတည်းက ခင်သီတာ အိပ်ရာမှနိုးသည်။ အိပ်ရာမှနိုးသည်နှင့် ရေကို ကမန်းကတန်းချိုးသည်။

တင်ထွန်းနိုင် အနစ်သက်ဆုံးနံ့သာရောင်ဆင်တူကို ဝတ်ဆင်ပြီး အိမ်ရှေ့သို့ရောက်လာတော့ ၈ နာရီတိတိ။

တင်ထွန်းနိုင် ချိန်းဆိုရာသို့ရောက်လာသည်။ ဖီးယက်ကားကလေးကို ကိုယ်တိုင်မောင်းလို့ဖြစ်သည်။ ခင်သီတာ အိမ်မှ လှမ်းမြင်ရသည်။ တင်ထွန်းနိုင်၏ ဖီးယက်ကားကလေးကို နောက်ပြန်ချိုးကွေ့လိုက်စဉ် ခင်သီတာ အိမ်ပေါ်မှဆင်းလာသည်။

မကြာမီ ခင်သီတာ သူ့ကားနားရောက်လာသည်။ သူက အပြုံးနှင့်နှုတ်ဆက်သည်။ ကားတံခါးကို လှမ်း၍ဖွင့်ပေးသည်။

ခင်သီတာ ကားပေါ်သို့ တက်လိုက်သည်။ ခင်သီတာ ကားပေါ်သို့ရောက်တော့ ကားငြိမ့်ခနဲ ထွက်သွားသည်။

"သီတာ ဘယ်သွားချင်သလဲ"

ကားကလေးက လမ်းမကြီးပေါ်သို့ ရောက်လာသည်။ လမ်းမကြီးတွင် ကားတွေရှုပ်ထွေးနေသည်။ သူက ကားစီယာရင်ကို ထိန်းကိုင်မောင်းရင်း မီးပွိုင့်မှ မီးနီနှင့်တိုးနေသဖြင့် ရပ်လိုက်သည်။ ထိုစဉ် ခင်သီတာ့ဘက်သို့ စောင်းငဲ့ကြည့်ရင်း မေးလိုက်သည်။

ခင်သီတာက အဝေးကို ရှူးရှူးစိုက်စိုက်ကြည့်နေရာမှ သူ့ဘက်သို့စောင်းငဲ့ကြည့်သည်။

"အစ်ကိုက ဘယ်သွားချင်လို့လဲ"

"သီတာသွားမယ့် နေရာကို အစ်ကိုလိုက်ပို့မယ်"

"သီတာလည်း အစ်ကိုသွားမယ့် နေရာကို လိုက်မှာပဲ"

"ငရဲကိုသွားမယ် ဆိုရင်ကော"

"အစ်ကိုရယ်…"

သည်နောက် စကားစပြတ်သွားသည်။

၄၈ စက္ကန့် မီးနီမှ မီးစိမ်းသို့ ကူးပြောင်းသည့်ကာလ အပိုင်းအခြားပေ့။ မီးနီမှ မီးစိမ်းသို့ကူးသွားသည်။ တာဇေး အပြေးသမားများ တာလွှတ်သံကြားသဖြင့် ပြေးထွက်သွားသည်သို့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားတွေ စီတန်းရပ်နေရာမှ ထွက်သွား ကြ၏။

သူလည်း ကားကို ငြိမ့်ခနဲ မောင်း ထွက်ခဲ့သည်။ ဤသို့ဖြင့် ကားကလေး အဆောက်အအုံရှေ့သို့ ရောက်လာ သည်။ ကျယ်ဝန်းသည့် ခြံကြီးတစ်ခြံ အတွင်းသို့ ကားကိုချိုးကွေ့လိုက်သည်။ ပေါ်တီကိုအောက်တွင် ငြိမ့်ခနဲ ထိုးရပ် လိုက်သည်။

သည်နေရာက ဘယ်နေရာမှန်း ခင်သီတာမသိပါ။ ကျယ်ဝန်းသည့် ခြံ ကြီးတစ်ခြံအတွင်းမှ သပ်ရပ်သားနား သည့် အိမ်ကြီးတစ်အိမ်အဖြစ် ခင်သီ တာ နားလည်သည်။

"ခဏဆင်းရအောင်လား သီ တာ"

သီတာ ငြိမ်နေသည်။

သူ့ဘက်သို့ ခင်သီတာ စောင်းငဲ့ ကြည့်လာသည်။ သူက အပြုံးဖြင့်・・

"တစ်ခုခုစားရအောင်လေ"

"အစ်ကို့သဘောပေါ့"

ဒါပဲ ခင်သီတာ ပြောလိုက်သည်။

သည်အဆောက်အအုံသည် စား သောက်ဆိုင်တစ်ခုခု၊ သို့မဟုတ် ဟို တယ်တစ်ခုခုဟု ခင်သီတာ နားလည် လိုက်သည်။ သူတို့နှစ်ယောက် ကား ကလေးကို ကျောခိုင်းလိုက်သည်။ အဆောက်အအုံဘက်ဆီသို့ ယှဉ်တွဲ၍ ခပ်မှန်မှန်လျှောက်လာကြသည်။ တံခါးဝ သို့ ရောက်သော် လှေကားအတိုင်း အဆောက် အအုံပေါ်သို့တက်ခဲ့၏။ လှေ ကားထိပ်ဆုံးသို့ရောက်တော့ ကျယ်ဝန်း သည့် ဧည့်ခန်းမကိုမြင်ရသည်။

ဧည့်ခန်းက ကျယ်ဝန်းလွန်းသည်။ ဧည့်ခန်း၏အလယ်တွင် ကြီးမားသည့် မီးပန်းပဒေသာရှိသည်။ အခန်းပတ်ပတ် လည်တွင် ဆေးရောင်အပြာနုကလေး များ သုတ်ထားသည်။ ခြေနင်းခင်းများ ကတော့ တရုတ်ပြည်လုပ် ကော်ဇော ဖြစ်သည်။

ခင်သီတာ ငေးကြည့်နေမိသည်။

"ဒါ ကပွဲခန်းပေါ့သီတာ"

"အတော်ကြီးကျယ်တာပဲနော်"

သူက ခေါင်းညိတ်လိုက်သည်။

"ဒီမှာတော့ ဒီဟိုတယ်က အင်း ယားလိပ်လိုကြီးကျယ်တယ်ပေါ့ သီတာ"

"ဒီဟိုတယ်နာမည်က ဘာလဲ ဟင်"

"စိမ်းလဲ့ကန်သာ"

စကားစပြတ်သွားသည်။ ကပွဲ ခန်းမဟုခေါ်သည့် ခန်းမဆောင်ကြီး အား ဖြတ်ကျော်၍လာသည်။ "မန်နေ ဂျာ" ဟူ၍ရေးထားသည့် အခန်းကျဉ်း ကလေးတစ်ခုနှင့် မျက်နှာချင်းဆိုင်ရင်း အခန်းတံခါးက ဆင်နားရွက်တံခါးဖြစ် သည်။

ဆင်နားရွက်တံခါးအား တွန်းဖွင့် ဝင်သွားသည်။ သူ့နောက်မှ ခင်သီတာ ပါလာသည်။ ခင်သီတာ့အသွင်အလျာ က တောတွင်းသား မြို့ရောက်နေသည် နှင့်တူသည်။ အတွင်းခန်းသို့ရောက်သည် နှင့် အခန်းပတ်ပတ်လည်ကို မျက်စိဝေ့ ယမ်းစွာ ကြည့်လိုက်သည်။

အခန်းကလေးက ကျဉ်းမြောင်း သည်ဆိုသော်လည်း အခန်းတွင်းရှိ ပစ္စည်းပစ္စယများ ထားသိုပုံက သပ်သပ် ရပ်ရပ်ရှိသည်။

အခန်းကလေး အနောက်ဘက် ကျကျတွင် အလူမီနီယံစားပွဲတစ်လုံး နှင့် ဆုံလည်ကုလားထိုင်ရှိသည်။ ကုလား ထိုင်ပေါ်တွင် အသားဖြူဖျော့ဖျော့၊ မျက် ပေါက်ကျဉ်းကျဉ်း တရုတ်တစ်ယောက် ထိုင်နေ၏။ သူ့နောက်တွင် စာအုပ်စင် နေရှင်နယ်ကက်ဆက်တစ်လုံး ရှိသည်။

ထိုတရုတ်က တင်ထွန်းနိုင်ကို အပြုံးနှင့် နှုတ်ဆက်သည်။

"ဆရာ ဘာလိုချင်လဲ"

မေးသည်။

"အခန်းတစ်ခန်း လိုချင်တယ်"

"ရပါတယ် ဆရာ"

တရုတ်၏ စကားအဆုံး ကျယ် လောင်သည့် ဘဲလ်တီးသံပေါ်လာသည်။ မကြာမီ ကျွီခနဲ ဝင်လာသံနှင့်အတူ ဖိ လုံးတစ်လုံးကို မြင်ရဘိသကဲ့သို့ အရပ် ရှည်ရှည် တရုတ်တစ်ယောက် ဝင်လာ သည်။ သူ့ကြည့်ရသည်မှာ တရားသူ ကြီးရှေ့ရောက်နေသည့် တရားခံတစ် ယောက်နှင့်တူသည်။ ဆုံလည်ကုလား ထိုင်ပေါ်မှ တရုတ်ရှေ့သို့ရောက်တော့ တရုတ်က ဦးညွှတ်အရိုအသေပြုရင်း

"အမိန့်ရှိပါ ဆရာ"

"ဒီက ဆရာတွေကို အခန်းခုနစ် လိုက်ပို့လိုက်"

"ဟုတ်ကဲ့"

ကိုပေါက်ဖော်က သူတို့နှစ်ယောက် ကို တစ်ချက်ကြည့်ပြီး・・・

"သူလိုက်ပြပါလိမ့်မယ် ဆရာ"

"ကျေးဇူးပဲ"

ရှေ့မှဦးဆောင်သွားသည့် ကိုယော ရှည်တရုတ်နောက်မှ တင်ထွန်းနိုင်နှင့် ခင်သီတာတို့ လိုက်ပါခဲ့သည်။ တစ်လမ်း လုံး တစ်ဦးကိုတစ်ဦး စကားမပြောကြ ပါ။ သုံးဦးစလုံး ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်လို့နေကြသည်။

အခန်းတစ်ခု・・・



www.burmeseclassic.com

www.burmeseclassic.com

သည်လိုနှင့် အခန်းတစ်ခုရှေ့သို့ ရောက်လာသည်။

"ဒီအခန်းပါ ဆရာ"

ကိုလောရှည်က ပြောသဖြင့် တင်ထွန်းနိုင် ခေါင်းညိတ်လိုက်သည်။ နှုတ်ဖျားက ကျေးဇူးစကားကို မဆိုသော်လည်း ကျေးဇူးစကားနှင့်ညီမျှသည့်အပြုအမူ ဖြစ်သည်။ ကိုလောရှည်တရုတ်က အပြုံးနှင့် သော့ကို တင်ထွန်းနိုင် လက်အတွင်းသို့ထည့်ပြီး လှည့်ထွက်သွားသည်။

သူ တံခါးသော့ကိုဖွင့်လိုက်သည်။ နေ့ခင်းဘက်ဖြစ်သည်မို့ အခန်းကလေး အတွင်းထဲသို့ အရောင်ပျပျ၊ ဂျ ကျူးဝင်လို့နေသည်။ ဘယ်အချိန်က ကျူးဝင်နေသည်မသိသည့် ခြင်တစ်အုပ်က အလန့်တကြား ထပျံသည်။

မီးခလုတ်ဖွင့်သံနှင့်အတူ အခန်းတွင်း လင်းသွားသည်။

အခန်းဝတွင် ခင်သီတာ ကြာမြင့်စွာရပ်နေမိသည်။ ရင်ထဲမှာ စိုးထိတ်သလို ခံစားရသည်။ ပြီးတော့ သည်နေရာက ဆိတ်ကွယ်ရာအရပ်အဖြစ် နားလည်သွားသည်။ မိမိနှင့် တင်ထွန်းနိုင်သည် ချစ်သူ၊ ချစ်သူတို့သဘာဝ ဆိတ်ကွယ်ရာကို ရှောင်သင့်သည်လို့ ထင်သည်။ ခင်သီတာ့ရင်ထဲမှာ မောပန်းသလို ဖြစ်လာသည်။

တင်ထွန်းနိုင် ခင်သီတာကို ဆတ်ခနဲကြည့်သည်။

"ဟော့···သီတာ ဘယ်လိုလဲ လာလေ"

စိတ်မှာ လေးလံသလို ခံစားရသည်။ ဖင့်နွေးလေးကန်စွာဖြင့် အခန်းတွင်းသို့ဝင်ခဲ့၏။ သူပြုံးကြည့်နေသည်ကို တွေ့ရသည်။ သူ့အနားသို့ ခင်သီတာရောက်သည်နှင့် ခင်သီတာ၏ပခုံးကို ဆုပ်ကိုင်လိုက်သည်။ ခင်သီတာ့ ခန္ဓာကိုယ် နတ်ကျသလို တုန်ယင်နေသည်ကို မောင်သိရှာမည်။

ခင်သီတာ့နဖူးကို ခပ်ဖွဖွလေး နမ်းသည်။

"ဘာဖြစ်နေတာလဲ သီတာ"

"ဘာဖြစ်လို့လဲ မောင်"

ဒါပဲ ပြောမိသည်။

ဘာလို့ မောင်နှင့်ပတ်သက်လျှင် ခင်သီတာ စိုးထိတ်တတ်ပါသနည်း။ မှသားသုံးတတ်ပါသနည်း။ ဘာလို့များ ခင်သီတာ အမှန်ကို အမှန်အတိုင်း မပြောဖြစ်ပါလိမ့်။

"သီတာ"

ခင်သီတာ မော့ကြည့်သည်။

"မောင်··· "

ခင်သီတာကို ဆတ်ခနဲကြည့်သည်။

"ဘယ်လို သီတာ၊ မောင် ဟုတ်လား"

"အို···မောင်ကလဲ"

ခေါင်းငုံ့ပစ်သည်။

သူ၏အပြုံးများ နစ်လိဖွယ်ဖြစ်သွားသည်။

"သီတာ···"

"မောင်···"

"သီတာရယ်···မောင့်ကို ဘာမှ မစိုးရိမ်ပါနဲ့။ မောင်ဟာ ယောက်ျားပါ။ အချစ်စစ်ကိုလိုလားတဲ့ ယောက်ျားပါ။ အဖြူရောင် အချစ်သမားပါ။ အချစ်ကို ညှိုးနွမ်းစေမယ့် အပြုအမူမျိုး မောင် ဘယ်တော့မှ မလုပ်ပါဘူး အချစ်ရယ်"

"မောင်ရယ်···မောင့်ကို သီတာ ယုံပါတယ်"

"သီတာ···"

ခင်သီတာက မော့ကြည့်သည်။

"သီတာ့ကို မောင်ချစ်တယ်။ ဒါကြောင့် သီတာနဲ့မောင် အတူတူနေချင်ပြီ"

"မောင်ရယ်···"

တင်ထွန်းနိုင်က ခင်သီတာကို ထွေးဖက်လိုက်သည်။ ပါးချင်းကပ်လိုက်ပြီး···

"ဟုတ်တယ်သီတာ။ ဒါဟာ မောင့်ဆန္ဒပဲ။ အချစ်ဆိုတာ ပိုင်ဆိုင်ခြင်းပဲ။ အတူတကွနေလိုခြင်းပဲ။ မောင်နဲ့ဝေးသွားရမှာကို မောင်စိုးတယ် သီတာရယ်။ မောင်တို့လက်ထပ်ကြပါစို့"

"မောင်ရယ်···"

ဒါပဲ ပြောမိသည်။

တစ်ဦးနှင့်တစ်ဦး ပူးပူးကပ်ကပ်နေကြတော့လည်း တစ်ဦးရင်ခုံသံ တစ်ဦးကြားနိုင်သည်။

ရင်ခုန်သံ။ အချစ်ရဲ့ရင်ခုန်သံ။ မောင်က ယုယုယယနမ်းသည်။ နွေးနွေးထွေးထွေး ပွေ့သည်။

သည်တော့···

ခင်သီတာ မောင့်ကိုမေးချင်သည်။ သနပ်ခါးကိုနမ်းတာလား၊ ပါးကိုနမ်းတာလား···လို့။

*(ရှေ့လဆက်ရန်)*

---

ကျော်မြသန်း

---



www.burmeseclassic.com

www.burmeseclassic.com



# ရှိခိုးပူဇော်

# မြတ်ဗုဒ္ဓဂုဏ်တော်

**အောင်အောင်သန်း**

မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

မြတ်စွာဘုရား၏ တရားတော်မြတ်ကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

မြတ်စွာဘုရား၏ တပည့်သားသံဃာတော်မြတ်အပေါင်းကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

ကျွန်မဘဝတွင် အားထားကိုးကွယ်ရာမှာ ရတနာသုံးပါးနှင့် အနန္တောအနန္တငါးပါးသာလျှင် ဖြစ်ပါသည်···

မြန်မာပြည်တွင် လူသားတစ်ဦးဖြစ်ခြင်းကို ကျွန်မ အမြဲဂုဏ်ယူပါသ
ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ရသည်ကို ပို
နှစ်ထောင်းအားရ ဖြစ်ရပါသည်။ နို



www.burmeseclassic.com

www.burmeseclassic.com

သို့မရောက်ခင် သံသရာတွင်ကျင်လည်နေပါက ဗုဒ္ဓဘာသာစစ်စစ် လူသားတစ်ဦး ဖြစ်ရပါလို၏ဟု အမြဲဆုတောင်းမိပါသည်။

ငယ်စဉ်ကလေးဘဝမှစ၍ အဘိုးအဘွား၊ မိဘတို့၏ သွန်သင်မှုဖြင့် "အရဟံ"ဂုဏ်တော်ကို စတင်ပုတီးစိပ်ခဲ့ပါသည်။ "အရဟံ"ဂုဏ်တော်ကို သေချာဂဏ အဓိပ္ပာယ်မသိသော်လည်း "အရဟံ"ဂုဏ်တော်ပွားများပြီး အိပ်ရာဝင်ခဲ့ရသည်ကို ကျေနပ်မိပါသည်။

ထိုမှတစ်ဆင့် "သမ္ဗုဒ္ဓေ"ဂါထာတော်ကို မနက်ကိုးခေါက်၊ ညဉ့်ကိုးခေါက် ရွတ်ဆိုခြင်းကို တိုးမြှင့်ပြုလုပ်ခဲ့ပါသည်။ ထိုစဉ်က ကျွန်မအသက် ခုနစ်နှစ်၊ ရှစ်နှစ်သာ ရှိပါသေးသည်။ အဘိုးအဘွားတို့၏ "သမ္ဗုဒ္ဓေ"ဂါထာတော်ရလျှင် မုန့်ဖိုးပေးမည်ဟူသော မက်လုံးဖြင့် "သမ္ဗုဒ္ဓေ"ဂါထာတော်ကို တစ်ပြိုင်တည်း အရကျက်မှတ်ခဲ့ပါသည်။

ဥပုသ်နေ့များတွင် လူကြီးများနည်းတူ ယောဂီလုံချည်၊ ယောဂီအင်္ကျီဖြင့် ရှစ်ပါးသီလ ဆောက်တည်ခဲ့ပါသည်။ မိဘများ၏လက်ကိုဆွဲကာ ဘုရားသွားကျောင်းတက် ပြုလုပ်ခဲ့ရသည်ကို အလွန်ပျော်ပါသည်။ ငါးပါးသီလဆောက်တည်မှုမှာ လူမှန်းသိတတ်မှ စတင်ခဲ့ပါသည်။ သေချာတိကျမသိသော်လည်း နှုတ်တိုက်တော့ရခဲ့ပါသည်။

ဤသို့ပြုရသော ကုသိုလ်ကောင်းမှု အစုစုနှင့် မြတ်ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတော်ကြောင့် ကျွန်မ ရန်ကုန်ကျောင်းကြီးခြင်းစ ဒုတိယတန်းကျောင်းသူဘဝ ကျောင်းဆင်းချိန် ကားလမ်းဖြတ်အကူးကားအောက်သို့ ခြေအစုံရောက်သွားရာတွင် ဘေးလူများမှ "ကားတိုက်ပြီ"၊ "ကားအောက်ရောက်သွားပြီ"ဟု အော်ဟစ်သံကြားရသော်လည်း ကျွန်မ သေဘေးက လွတ်ကင်းခဲ့ပါသည်။ ကျွန်မကိုယ်ကျွန်မ ဘယ်လိုလွတ်သွားမှန်း မသိပါ။ ကျွန်မ သိသည်မှာ ကျွန်မနောက်မှ တစ်ယောက်ယောက်က ဆွဲလိုက်သည်ကိုသာ သိပါသည်။

အရွယ်လေးရလာချိန်တွင် ရတနာသုံးပါးကို ပို၍ဆည်းကပ်မိပါသည်။ ကျွန်မ အသိစိတ်ဓာတ်မှာ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းမှုကြောင့် မှမဟုတ်ဘဲ မိမိအလိုအလျောက် ပြုလုပ်မိခြင်းသာ ဖြစ်ပါသည်။ ဥပုသ်နေ့များတွင် ဥပုသ်မပျက်မကွက် စောင့်ပါသည်။ အသက်သတ်လွတ်ကို မိမိအသိစိတ်ဓာတ်ဖြင့် စားပါသည်။ တရားထိုင်သည့် အလေ့အကျင့်တော့ မရသေးပါ။ အိမ်ထောင်ကျပြီး ခင်ပွန်းသည်တာဝန်၊ သားသမီးများတာဝန်ကြားမှ လပြည့်လကွယ် မလွတ်အောင် ရှစ်ပါးသီလကို စောင့်ထိန်းပါသည်။

ဓမ္မစကြာ၊ ပရိမိတ္တဇာလသုတ်၊ ပရိတ်ကြီး ၁၁ သုတ် ရွတ်ပွားခြင်းများမှာ ကျွန်မ၏ နေ့စဉ်ဝတ္တရားများဖြစ်ပါသည်။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များအား ပွားများခြင်း၊ သီလဆောက်တည်ခြင်းများကို အသက်အရွယ်ကြီးလာသည်နှင့်အမျှ တိုး၍တိုး၍ ကြိုးစားအားထုတ်ခဲ့ပါသည်။ ထို့ကြောင့်လည်း သူတော်ကောင်း သူမြတ်လောင်းတို့နှင့်သာ တွေ့ကြုံဆုံဆည်းခဲ့ပါသည်။

၁၉၇၁ ခုနှစ် ကျွန်မ၏ ကျေးဇူးရှင်ဖခင်ကြီး အနိစ္စရောက်ပြီးသည်မှစ၍ ဝိပဿနာတရားကို စတင်လေ့လာကျင့်ကြံအားထုတ်ခဲ့ပါသည်။ ဆရာတော်ဘုရားကြီးများ၏ ဟောပြောပို့ချမှုကြောင့် ကျွန်မ အလွန်နှစ်သက်ခုံမင်တွယ်တာခဲ့သော၊ ကျွန်မ နေ့စဉ်ပြုပြင်ခဲ့သော ကျွန်မ၏ ရုပ်ခန္ဓာကြီးသည် အလွန်စက်ဆုပ်ရွံရှာဖွယ် ကောင်းသည်ကို သိမြင်လာခဲ့ပါပြီ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားကို စခန်းတွင် နေ့စဉ်၊ တရားနာစဉ် သိသလိုလိုနှင့် အိမ်ပြန်ရောက်ချိန် မိသားစုသံယောဇဉ်ဖြင့် ငါးဖြာအာရုံ ဒုက္ခဘုံကို အကုန်မမြင်အကောင်းထင်ကာ ခင်မင်တပ်မက်တွယ်တာခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ်တွင် လူ့ဝတ်ကြောင်ကိုစွန့်၍ "ဒေါ်ဥက္ကာဉာဏီ"ဟူသော ဘွဲ့ဖြင့် သီလရှင်ဝတ်ခဲ့ပါသည်။ ကျွန်မ အလွန်နှစ်သက်စွဲလမ်း ပြုပြင်ခဲ့သော ဆံကေသာနှင့် အလှအပဟူသမျှကို စွန့်လွှတ်ခဲ့ပါသည်။ ကျွန်မဘဝဖြစ်သော ခင်ပွန်းနှင့် သားသမီးများကို ခေတ္တခွဲခွာကာ မြတ်စွာဘုရားရှင်၏ သမီးတော်အဖြစ်ဖြင့် သာသနာ့ဘောင်သို့ စတင်ခြေလှမ်းခဲ့ပါသည်။ သီလရှင်ဘဝဖြင့် တစ်လနေခဲ့ပါသည်။ ချမ်းမြေ့ဆရာတော်ကြီး၏ မေတ္တာရိပ်တွင် ခိုလှုံရင်း ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ခဲ့ပါသည်။ ကျွန်မဘဝအအေးချမ်းဆုံးအချိန်မှာ သီလရှင်ဝတ်ဖြင့် တရားကျင့်ကြံအားထုတ်ချိန် ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ လောဘ၊ ဒေါသ၊ မောဟကင်း၍ အေးချမ်းခဲ့ပါသည်။

နှစ်စဉ် ကျွန်မမွေးလ တပို့တွဲလတွင် တစ်လလုံးလုံး မြတ်စွာဘုရားဂုဏ်တော်များကို ကျင့်ကြံအားထုတ်၍ အသက်သတ်လွတ်စားကာ တပို့တွဲလ၏ ထမနဲအလှူကို တတ်စွမ်းသမျှ ပြုလုပ်ပါသည်။ ဝိပဿနာဘာဝနာကို မပျက်မကွက် အားထုတ်ပါသည်။ ဥပုသ်စောင့်တိုင်း ရှစ်ပါးသီလထက် မေတ္တာဖြင့်သာ ပြောဆိုဆက်ဆံရသော ကိုးပါးသီလကိုသာ ကျင့်ကြံအားထုတ် စောင့်ထိန်းခဲ့ပါသည်။

ထို့ကြောင့် ကျွန်မဘဝတွင် ကြီးကြီးမားမားအခက်အခဲ မတွေ့ခဲ့ပါ။ စိတ်ဆန္ဒအားလုံးပြီးမြောက်ခဲ့ပါသည်။ ရသမျှနှင့် ရောင့်ရဲတင်းတိမ်နိုင်သောစိတ်၊ သည်းခံစိတ် ပြည့်ဝခဲ့ပါသည်။ မြတ်ဘုရား၏ဂုဏ်တော်ကြောင့် ပေါ်ပေါက်လာသော ရန်အပေါင်း ကင်းငြိမ်းပပျောက်ခဲ့ရပါသည်။ ခုနစ်ရက်သားသမီးနှင့် သင့်တင့်ညီညွတ်စွာ ပေါင်းသင်းနိုင်ပြီး ချစ်ခင်လေးစားမှုကို ရရှိခဲ့ပါသည်။

နေ့စဉ် မနက် ၄ နာရီ အိပ်ရာမှထ၍ ကိုယ်လက်သုတ်သင် သန့်စင်ပြီး မြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်တွင် ငါးပါးသီလခံယူကာ သတ္တဝါအများကို မေတ္တာပို့သပါသည်။ မိမိခန္ဓာကိုယ်ကြီး၏ စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်ကို ဆင်ခြင်ပြီး သေခြင်းတရားသည် ကျွန်မနှင့် လွန်စွာနီးကပ်လျက် ရှိသည်ကို ရှုမြင်သုံးသပ်ပါသည်။ ကျွန်မ၏ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးအား မြတ်စွာဘုရားရှင်ထံ အပ်နှံလှူဒါန်းပြီး တရားထိုင်ပါသည်။ ဝိပဿနာတရားကို ရသမျှ ကျင့်ကြံအားထုတ်ပြီး အားလုံးသောသတ္တဝါများကို အမျှပေးဝေပါသည်။ ထို့နောက် ပဋ္ဌာန်းဒေသနာတော်ကြီးအား အနုလုံ ပဋိလုံ ရွတ်ဖတ်ပွားများပူဇော်၍ ထပ်မံ မေတ္တာပို့သခဲ့ပါသည်။ နံနက်အရုဏ်တက်တွင် ဆွမ်း၊ ရေချမ်း ကပ်လှူခဲ့ပါသည်။ သိရည်ဂါထာနှင့် ငယ်စဉ်ကတည်းက ရွတ်ဖတ်ခဲ့သော သမ္ဗုဒ္ဓေဂါထာတော်တို့အား ရွတ်ပွားကာ ဂုဏ်တော်ကိုးပါးအား တစ်ပါးလျှင် ပုတီးတစ်ပတ်ဖြင့် ပုတီးကိုးပတ်ကို နေ့စဉ်ပူဇော်ခဲ့ပါသည်။ မိဘ၊ ဆရာသမားများနှင့် ကျွန်မအား ကျေးဇူးပြုခဲ့ဖူးသော ကျွန်မ၏ခင်ပွန်းနှင့် ကျေးဇူးရှင်အပေါင်းအား နေ့စဉ် မေတ္တာအထူးပို့ခဲ့ပါသည်။

နေ့စဉ် အိမ်ထောင်တာဝန်များကို ထမ်းဆောင်နေစဉ်နှင့် စားဝတ်နေရေးအတွက် ခင်ပွန်းသည်နှင့်အတူ လုပ်ရှားဆောင်ရွက်ရင်းလည်း မြတ်ဘုရားဂုဏ်တော်များကို စိတ်အစဉ်တွင် အမြဲပွားများလျက်ရှိပါသည်။ ထို့ကြောင့် ကျွန်မ၏စိတ်အစဉ်တွင် မကောင်းသော စိတ်နှင့် လောဘ၊ ဒေါသ၊ မောဟများကင်းခဲ့ပါသည်။ ကင်းအောင်လည်း နေခဲ့ပါသည်။ စိတ်ညစ်စိတ်ကြေးကို စိတ်ဖြင့် ဆေးခဲ့ပါသည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် "ဒေါ်ဥက္ကာညဏီ"ဘွဲ့အမည်ဖြင့်ပင် ချမ်းမြေ့ရိပ်သာ၌ ထပ်မံသီလရှင် ဝတ်ခဲ့ပါသည်။ ကျွန်မနှင့်အတူ မြေးလေးနှစ်ဦးနှင့် ကျွန်မ၏ လုပ်ဖော်ကိုင်ဖက် တရားရုံးချုပ်ရှေ့နေနှစ်ဦး သာသနာ့ဘောင်သို့ဝင်ရောက်ရန် ကျွန်မ စွမ်းဆောင်နိုင်ခဲ့ပါသည်။ ဤကောင်းမှုကြောင့် ၂၃၈ ကြိမ်မြောက် ထီဖွင့်ပွဲတွင် အကွ္ခရာတူ ဂဏန်းသုံးလုံးတိုက်ဖြင့် သိန်း ၁၀၀ ဆုကြီးတွင် လာဘ်ပွင့်ခဲ့ပါသည်။ ထိုဆုငွေ အနည်းအများကို ကျွန်မ မကြည့်ပါ။ မြတ်ဘုရားဂုဏ်တော်ကိုသာ ဦးခိုက်ကြည်ညိုမိပါသည်။ သီလရှင်ဘဝမှ လူဝတ်ကြောင်သို့ မပြောင်းခင် ကျွန်မ အိမ်ပြန်အရောက်တွင် ကျွန်မ လူမှုရေးအသင်းအဖွဲ့ NGO အနေဖြင့် ယခင်က လျှောက်ထားခဲ့သော GSM ဖုန်းပေါက်ကြောင်း လာရောက်အကြောင်းကြားခဲ့ပါသည်။

ထို့ကြောင့် ရတနာသုံးပါးသည်သာ အားထားကိုးကွယ်ရာ အစစ်ဖြစ်၍ ကျွန်မ အသက်ထက်ဆုံး မြတ်ဗုဒ္ဓရှင်တော်မြတ် ဘုရားရှင်၏ ဂုဏ်တော်ကိုးပါး၊ ဘုန်းတော်ခြောက်ပါးအား ဦးထိပ်ပန်ဆင် ရှိခိုးပူဇော်နေမည်သာ ဖြစ်ပါသည်။

(ဤစာစုဖြင့် ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီးအား ဦးခိုက်ပူဇော်ပါသည်။)

**အေးအေးသန်း**



www.burmeseclassic.com

www.burmeseclassic.com



# အနိစ္စ ဒေသနာတော်

## (၁၈)

■ မဟာထွန်း

**ပုထုဇဉ်တို့ ခန္ဓာငါးပါးတွင် အမှား(၁၂)မျိုး**

| ခန္ဓာ | ဝိပ္ပလ္လာသ | လက္ခဏာ | | ခန္ဓာ | ဝိပ္ပလ္လာသ | လက္ခဏာ | |
|---|---|---|---|---|---|---|---|
| ခန္ဓာငါးပါး | သညာဝိပ္ပလ္လာသ | နိစ္စ–သုခ–အတ္တ–သုဘ | အ | ခန္ဓာငါးပါး | သညာဝိပ္ပလ္လာသ | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | အ |
| ခန္ဓာငါးပါး | စိတ္တဝိပ္ပလ္လာသ | နိစ္စ–သုခ–အတ္တ–သုဘ | မှား | ခန္ဓာငါးပါး | စိတ္တဝိပ္ပလ္လာသ | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | မှန် |
| ခန္ဓာငါးပါး | ဒိဋ္ဌိဝိပ္ပလ္လာသ | နိစ္စ–သုခ–အတ္တ–သုဘ | သိ | ခန္ဓာငါးပါး | ဒိဋ္ဌိဝိပ္ပလ္လာသ | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | သိ |

| ခန္ဓာ | လက္ခဏာ | ဝိပ္ပလ္လာသ | | ခန္ဓာ | လက္ခဏာ | ဝိပ္ပလ္လာသ | |
|---|---|---|---|---|---|---|---|
| ခန္ဓာငါးပါး | နိစ္စ–သုခ–အတ္တ–သုဘ | သညာဝိပ္ပလ္လာသ | အ | ခန္ဓာငါးပါး | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | သညာဝိပ္ပလ္လာသ | အ |
| ခန္ဓာငါးပါး | နိစ္စ–သုခ–အတ္တ–သုဘ | စိတ္တဝိပ္ပလ္လာသ | မှား | ခန္ဓာငါးပါး | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | စိတ္တဝိပ္ပလ္လာသ | မှန် |
| ခန္ဓာငါးပါး | နိစ္စ–သုခ–အတ္တ–သုဘ | ဒိဋ္ဌိဝိပ္ပလ္လာသ | သိ | ခန္ဓာငါးပါး | အနိစ္စ–ဒုက္ခ–အနတ္တ–အသုဘ | ဒိဋ္ဌိဝိပ္ပလ္လာသ | သိ |

ဝိပ္ပလ္လာ ဟူသည်မှာ အမှားဟူ၍ဖြစ်ပြီး အောက်ပါအတိုင်း အနက်ထွက်သည်။

သညာဝိပ္ပလ္လာသ = အမှတ်မှား၊ စိတ္တဝိပ္ပလ္လာသ = အသိမှား၊ ဒိဋ္ဌိဝိပ္ပလ္လာသ = အယူမှား



www.burmeseclassic.com

www.burmeseclassic.com

သောတာပန်၊ သကဒါဂါမ်စသော အောက်မဂ်၊ အောက်ဖိုလ် နှစ်ယောက်တို့သည် ခန္ဓာငါးပါးအပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးနှင့် အသုဘ တစ်ပါး၊ ပေါင်းလေးပါးတို့တွင် ဝိပ္ပလ္လာသ ၁၂ ပါးအနက်မှ ဒိဋ္ဌိဝိပ္ပလ္လာသ လေးပါး ပြုတ်သည်။ ၎င်းနည်းတူ အနိစ္စတွင်လည်း သညာနှင့် စိတ္တ၊ အနတ္တတွင်လည်း သညာနှင့် စိတ္တ၊ ဝိပ္ပလ္လာသ လေးပါးပြုတ်ပြန်သည်။ ပေါင်းရှစ်ပါး ဖြစ်သည်။

သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် ဒုက္ခတွင်လည်း သညာနှင့် စိတ္တ၊ အသုဘတွင်လည်း သညာနှင့် စိတ္တ၊ ဝိပ္ပလ္လာသ လေးပါးတို့ကို သတ်၊ ပြုတ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ကြွင်းကျန်နေသေးသည်။ အနာဂါမ်ပုဂ္ဂိုလ်နှင့် အရဟတ္တ(ရဟန္တာ)ပုဂ္ဂိုလ်တို့သည်သာလျှင် သူ့ မဂ်ဖိုလ်အဆင့်နှင့်သူ ကြွင်းကျန်နေသော ၎င်းသညာနှင့် စိတ္တ(နှစ်စုံ/လေးပါးသော) ဝိပ္ပလ္လာသတို့ကို သတ်၊ ပြုတ်၊ ပယ်ခြင်းငှာ စွမ်းနိုင်ကြသည်။

အောက်ပါ ပထမဇယားတွင် သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့ မပယ်သတ်ကြသော ဝိပ္ပလ္လာသ လေးပါးတို့ကို သာလျှင် သီးသန့်ကွင်းပြထားပြီး ပို၍ရှင်းလင်းစေရန်အတွက် ထိုမပယ်သတ်နိုင်ဘဲ ကြွင်းကျန်နေသော ဝိပ္ပလ္လာသ လေးပါး

| | | |
|---|---|---|
| ခန္ဓာငါးပါး – အနိစ္စ | သညာ စိတ္တ | ဒိဋ္ဌိ |
| ခန္ဓာငါးပါး – ဒုက္ခ | သညာ စိတ္တ | ဒိဋ္ဌိ |
| ခန္ဓာငါးပါး – အနတ္တ | သညာ စိတ္တ | ဒိဋ္ဌိ |
| ခန္ဓာငါးပါး – အသုဘ | သညာ စိတ္တ | ဒိဋ္ဌိ |

| | |
|---|---|
| ခန္ဓာငါးပါး – သုခ | သညာ စိတ္တ |
| ခန္ဓာငါးပါး – သုဘ | သညာ စိတ္တ |

ကိုပင် ဒုတိယဇယား၌ သီးသန့်ခွဲထုတ်ပြထားသည်။

ဇယားနှစ်ခုကို အထပ်ထပ်အခါခါ သဘောပေါက်အောင် ဖတ်ရှုပြီး မဂ်ရ/မရ ဉာဏ်ဖြင့် ဆင်ခြင်ကြသော သူတော်ကောင်းတို့...။

ဤဓမ္မစာစုကို လစဉ်မပြတ် စောင့်ဖတ်နေကြသော ရပ်နီးရပ်ဝေး ဓမ္မပရိသတ်အချို့တို့က တယ်လီဖုန်းဖြင့်တစ်မျိုး လူကိုယ်တိုင်တချို့ ကျမ်းစာအုပ်အဖြစ် ဖန်တီးကာ ထုတ်ဝေ ရန် တိုက်တွန်းကြသည်မှာ မနည်းတော့ပေ။

ထို့ကြောင့် ဤစာရေးသူမှာ တရားတော်ကို လိုလား၍ နိဗ္ဗာန်၏ သန္တိသုခအငြိမ်းဓာတ်ကြီးကို တောင့်တနေကြ သည့် ဓမ္မပရိသတ်များအား ကိုယ်ချင်းစာ၏။ အားလည်းနာ

ဤစာရေးသူအနေဖြင့် ဤဓမ္မစာစုကို ကျမ်းစာအုပ် အဖြစ် ထုတ်ခြင်းငှာ မဝံ့ပေ။ ယခုအခါသည် အားကစား လောကကြီး ထောင်ထလာနေချိန်ဖြစ်၍ အားကစားစာစောင် များ လွှမ်းမိုးနေချိန်ဟု ဆိုရမည်ဖြစ်သောကြောင့် တရား စာပေများ အရှိန်ကျနေလေသည်။

ထို့ကြောင့် စာအုပ်ထုတ်ဝေခြင်းများ အားနည်းလျက် သာ ရှိနေလေသည်။ ဝင်ငွေနည်းသော စာဖတ်ပရိသတ်များ တစ်ရာတန်စသည့် စာစောင်လေးများဖြင့်သာ ကျေနပ်နေကြ ရသည်ဟု နားလည်ရ၏။

ထိုသို့ သဘောရှိ၍ အားနာနာဖြင့်ပင် ဤဓမ္မစာစု ကျမ်းဂန်ထုတ်ဝေရန် မဖြစ်နိုင်ကြောင်း ပြန်ကြားလိုက်ရသည်။ ထိုကဲ့သို့ မေးမြန်းတိုက်တွန်းကြသည့် ဝါသနာတူ၊ စိတ်ထား ဖြူကြသည့် ဓမ္မပရိသတ်များအတွက် အထူးပင် စိတ် မကောင်းဖြစ်ရသည်။

တရားတော်ကို လူတစ်ထောင်လျှင် တစ်ယောက် သာ လိုလားကြောင်း ပညာရှိတို့ ဆိုကုန်ကြသည်။ တစ်ထော ထဲမှ တစ်ယောက်သော ပရိသတ်အပေါင်းတို့သည် မျှ အထိပင် သံသရာကို ကြောက်လန့်ကြ၍ အကျွတ်ရလို ကြောင်းကိုလည်း နားလည်ရသည်။

သို့သော်လည်း ဤစာရေးသူအနေဖြင့် ဤစာ နိုင်ခဲ့သော ကျမ်းစာအုပ်အဖြစ် ဖန်တီးနိုင်ခြင်းမရှိကြောင်း ဤစာမျက်နှာမှပင် (အားနာနာဖြင့်) ပြန်ကြားလိုက်ရပေသ



www.burmeseclassic.com

www.burmeseclassic.com

ယခုလို စာအုပ်စာပေများ ‌ရှေ့ပြေးအားကျနေချိန်၌ ပရိသတ်အနည်းငယ်လိုအပ်ထဲမှာသာ ပါဝင်နေသော ဤဓမ္မစာစုကို ကြိုးစားပြီး သဒ္ဓါတရား ရှေးရှုကာ လစဉ်မပြတ်ထည့်ပေးနေသည့် ရှေ့ပြေးမဂ္ဂဇင်းကြီးကိုပင် ကျေးဇူးတင်၍ မဆုံးဖြစ်နေရသည်။

(နှောင်သောအခါ အလျဉ်းသင့်၍ အခွင့်ပေးလျှင်မူ တရားရှုနည်း ကျမ်းစာတစ်ဆူဖြစ်လာနိုင်ကြောင်းကား စိတ်ကူးကောင်း ရှိပေသည်။)

× × × × ×

သည်လအတွက် အသက်နှစ်ဆယ် လူငယ်တစ်ယောက်နှင့် အသက်သုံးဆယ် လူရွယ်တစ်ယောက်တို့ အကြောင်းကို ဆက်ကြဦးစို့ . . .။

ကုန်ခဲ့သည့်လမှ ဆယ်နှစ်နှင့် နှစ်ဆယ်လူငယ်တို့ အကြောင်းကို နှလုံးသွင်းကြည့်လျှင် ကောင်းပေလိမ့်မည်။ တရားသိလည်း လွယ်ကူနိုင်ပေသည်။ တရားဟူသည်မှာ နှဘောထပ်၊ သို့တည်းမဟုတ် အထပ်ထပ် ရှုပွားနိုင်ပါက အကောင်းဆုံးသာ ဖြစ်သည်။

ဝိပဿနာတရားတော်ဟူသည်မှာ မိမိတို့ကြိုက်နှစ်သက်ရာ တရားတော်တစ်ပါးပါးကိုသာ တစ်သက်ပတ်လုံး ရှုမှတ်ရသည့်အကြောင်းကို အကြိမ်ကြိမ် အကြံပြုခဲ့ဖူးသည်။

ယခုလည်း ထိုနည်းလည်းကောင်းသာဖြစ်သည်။ ကုန်ခဲ့သည့်လက အသက်ဆယ်နှစ် ကလေးတစ်ယောက်နှင့် အသက်နှစ်ဆယ် လူငယ်တို့၏အကြောင်း အနိစ္စရှုပွားနည်းကိုပင် ဤနေရာသို့ နှဘောထပ်ပြောင်းပြီး တင်ပြသွားပေမည်။ နှလုံးသွင်းကောင်းလျှင် ထိရောက်မှု ပိုမြန်နိုင်ပေသည်။

ထို့ကြောင့် အသက်နှစ်ဆယ် လူငယ်တစ်ယောက်နှင့် အသက်သုံးဆယ် လူရွယ်တစ်ယောက်တို့ကို ယှဉ်ကြည့်ပါ။ အသက်နှစ်ဆယ် လူငယ်ကနုပြီး၊ အသက်သုံးဆယ် လူရွယ်က ရင့်ရော်လျက်ရှိနေသည်။

အသက်နှစ်ဆယ်မှသည် အသက်သုံးဆယ်တိုင်အောင် ဆယ်နှစ်တို့ကာလပတ်လုံး ပျက်စီးပြုန်းတီးလာခဲ့သော ရုပ်နာမ်များသည် အကြိမ်ရေအားဖြင့် မရေမတွက်နိုင်



လောက်အောင် ရှိခဲ့ပြီဖြစ်ကြောင်းကို ဓမ္မယောဂီများ သိရှိပြီးဖြစ်သည်။ လက်ဖျစ်တစ်တွက်အချိန်မှာပင် ကုဋေပေါင်း သိန်းနှင့်ချီ၍ ပျက်ဆီးသွားခဲ့သည်ကိုလည်း ဓမ္မယောဂီများကို ဝီထိနှင့်တကွ ပြခဲ့ပြီဖြစ်၍ အထူးဆိုဖွယ်မလိုတော့ပေ။

ထိုသို့သဘောရှိ၍ နှစ်ဆယ်လူငယ်နှင့် သုံးဆယ်လူရွယ်တို့၏ ကွာခြားနေခြင်းသည် မရေမတွက်နိုင်သော ရုပ်နာမ်အနိစ္စတို့၏ ပျက်စီးခြင်းသဘောကိုလည်း လင်းလင်းကြီး ဖော်ပြလျက်သာ ရှိနေလေသည်။

နှစ်ဆယ်လူငယ်နှင့် သုံးဆယ်လူရွယ်တို့သည် ဆယ်နှစ်ကြီးမျှတိုင်အောင် ခြားနားနေပြီဖြစ်၍ အလွန်အမင်း သိသာထင်ရှားလျက်ရှိသည်။ သတ္တဝါတို့၏ အနိစ္စသဘောကို လင်းလင်းကြီး မြင်သာစေသည်။

မိမိတို့၏ဉာဏ်၌ အနိစ္စကို လင်းရှင်းပါမှ ဝိပ္ပလ္လာသနှင့် တိုက်ကြည့်ပါ။ အဘယ်အဆင့်တွင် တည်သည်ကို သိရှိနိုင်ပေလိမ့်မည်။ မဂ်ရဖိုလ်ရပုဂ္ဂိုလ် ဖြစ်ချင်လည်း ဖြစ်နေပေလိမ့်မည်။ မဂ်ကိုမရသေးလျှင်လည်း မဂ်နှင့်အနီးဆုံးသော ဉာဏ်တစ်ခုခုတွင် ရှိနေပေလိမ့်မည်။

တိုက်ကြည့်၍မှ တစ်စုံတစ်ရာ မဂ်ဖိုလ်နှင့် စပ်ဆိုင်ခြင်းမရှိသေးလျှင်မူကား ကြိုးစားရပေဦးမည်။ အားလျှော့ရန် မသင့်ပေ။ လူအဖြစ်ဖြင့် သာသနာတော်ကြီးနှင့် တွေ့ကြုံနေခိုက်တွင် မဂ်တည်းဟူသော ရလာဒ်ကြီးကို လက်မလွှတ်သင့်ပေ။



www.burmeseclassic.com

www.burmeseclassic.com

ယခုဘဝတွင် မဂ်ကိုမရလျှင်ပင် မဂ်နှင့်အနီးဆုံး ပုဂ္ဂိုလ်ဖြစ်သွားပြီး ဒုတိယဘဝတွင် မဂ်ကိုတန်းရနိုင်သော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ထားသင့်သည်။ ဗုဒ္ဓဘာသာတို့၏ ရလဒ်သည် လူ၊ နတ်ချမ်းသာ မဟုတ်မူဘဲ မဂ်ဖိုလ် နိဗ္ဗာန်သာ ဖြစ်ပေသည်။

× × × × ×

စာရေးသူသည် အရေးကြီးသော အခန်းကဏ္ဍသို့ ရောက်လာသည့်အချိန်မှစ၍ ဓမ္မကဗျာနှင့် မေတ္တာပို့ စသည်များကို ချန်လှပ်ထားခဲ့မိသည်။ ထို့ကြောင့် ယခုလမှစ၍ ထည့်ရေးပေဦးမည်။

ယခုရေးသားမည့် ကဗျာနှစ်ပုဒ်ကို အမြိုက်ဆရာတော်ဘုရားကြီးနှင့် တူတပည့်ဖြစ်တော်မူသော ဦးပဍင်းလေးခေါ် ဦးဝိစိတ္တသာရ(မဟာဓမ္မာစရိယ)တို့ ရေးသားစီရင်ပြီး အမြိုက်တရားစခန်း၌ ဖြန့်ဝေပေးတော်မူကြ၍ ရလာခဲ့သည်။ ယခုဓမ္မယောဂီများအား ဖြန့်ဝေပေးလိုက်သည်။ အရကျက်ပြီး အာဂုံဆောင်ထားလျှင် သာ၍ကောင်းသည်။ မကျက်နိုင်လျှင်လည်း ရေးမှတ်ဖတ်ထားသင့်သည်။ တန်ဖိုးအားဖြင့် ကြီးမားလွန်းသည်။

**၁။ နား၊ နှုတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မတရား နာကြားလေ့လာ အားထုတ်ပါက -**

သေရာညောင်စောင်း လဲလျောင်းပြီးကာ ရောဂါခွသည်း ပူပြီးဆူပွက် သတိလစ်မဲ့ သေခဲ့ရပြား မလားအပါယ် ထက်ဝယ်နတ်ပြည် ရောက်ကြောင်းကေန် စင်စစ်မုန်၏။ တစ်ဖန်ထို့ပြင် မဂ်ဝင်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ဟု သုံးလူ့ထွတ်ထား ဘုရားမိန့်မှာ ဟောသည်သာတည်း။

(သောတာ နုဂတသုတ်၊ အံ၊ ၁။)

**၂။ နား၊ နှုတ်၊ စိတ်၊ ဉာဏ် ဤလေးတန်ဖြင့် ဓမ္မတရား နာကြားလေ့လာ အားထုတ်ပါက -**

(၁) ကျန်းမာနေစဉ်၊ မသေခင်ဝယ်၊ မဂ်ဝင်ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်၏။ (၂) မရောက်ပါလျှင် ဖျားနာစဉ်နှင့် (၃) သက်ငင်ပူပြီး သေခါနီးမှာ မဂ်ရလာ၏။ (၄) မရပါ နတ်ဘဝမှာ သေချာကိန်းသေ မဂ်ရလေ၏။ (၅) တစ်ထွေ မှ ဓမ္မရာဂ ဓမ္မနန္ဒီ ထိုစွမ်းရည်ကြောင့် မထေရ်မြတ်လှုပ ဟု ဗုဒ္ဓအငယ် ဖြစ်ရဖွယ်သည် ငါးသွယ်ရ အားထုတ် ကျိုးတည်း။

(ပေဋကော ပဒေသ ပါဠိတော်၊ ၁၀

× × × × ×

ဤစာရေးသူ၏ ပုံသေလမ်းစဉ်တွင် မေတ္တာနှင့်ဖွ မေတ္တာနှင့်သာ နိဂုံးအုပ်လေ့ရှိသည်။ တရားသားပိုင်းကို အ စိုက်နေရသော အခါများတွင်လည်း လက်တွေ့ တရားရှု နေသည် မဟုတ်သောကြောင့် ပုံသေဓမ္မစဉ်ကို လွှတ်ထ လေ့ရှိသည်။

ယခုသည်လအတွက် နိဂုံးမေတ္တာပို့နည်းကို ထ သွင်းပေးလိုက်သည်။ တိုတိုကျဉ်းကျဉ်းဖြစ်၍ အာဂုံဆော ထားနိုင်ဖွယ်လည်း ရှိသည်။

၁။ မြေ၌ရှိကြကုန်သော အားလုံးသောသတ္တဝါ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၂။ ရေ၌ရှိကြကုန်သော အားလုံးသောသတ္တဝါတွေ ဘေး ရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ် ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာ ကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၃။ လေ၌ရှိကြကုန်သော အားလုံးသောသတ္တဝါ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာဖြင့် မိမိ ခန္ဓာကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

■ မဟာထ

09-73917



www.burmeseclassic.com

www.burmeseclassic.com



# နယူးယောက်မှစာ (၃)

မောင်ကောင်းမြင့်

ဘရွတ်ကလင်
၃ မေလ၊ ၂၀၁၅

*မိတ်ဆွေများနှင့် ချစ်ခင်သူများသို့*

သည်နေ့က တနင်္ဂနွေနေ့မို့ ဂျပ်ယှန်းခံပွဲတစ်ပွဲကို သွားကြတယ်။ ရောက်ပြီး နောက်နေ့မှာ မိတ်ဆွေကြီး ဒေါက်တာခင်မောင်ကြီးနဲ့ ဇနီးဒေါ်စန်းစန်းသီတို့ထံ ဖုန်းနဲ့ဆက်ပြီး နှုတ်ဆက်လိုက်တော့ လာမယ့်တနင်္ဂနွေနေ့မှာ ဒေါက်တာခင်မောင်ကြီး ဒုလ္လဘရဟန်းဝတ်မယ့်အကြောင်းနဲ့ လာနိုင်ရင် လာဖို့ပါ ဖိတ်ပါတယ်။ ဒါနဲ့ မိမိလည်း ဆရာမောင်စွမ်းရည်နဲ့ ဇနီးဆရာမကြီးဒေါ်နွဲ့ရည်တို့ထံ နှုတ်ဆက်ရင်း ဆက်သွယ်လိုက်တော့ သွားဖို့ ကားအဆင်ပြေသွားတယ်။ ရဟန်းခံပွဲလုပ်မယ့် ဗုဒ္ဓဒီပံကျောင်းက Long Island ဆိုတဲ့ နယူးယောက်မြို့နဲ့ အတော်လည်းလှမ်း Subway ရထားလိုင်းလည်းမရှိ (အဝေးပြေးလိုင်းတော့ ရှိပါတယ်။ ကြာတယ်၊ ဈေးကြီးတယ်၊ ဘူတာဆက်ဝေးတယ်။)တာမို့ ဗုဒ္ဓဒီပံကျောင်းကိုသွားကြရင်း ကားရှိတဲ့သူက တတ်နိုင်ရင် နိဗ္ဗာန်ကူးတို့ပို့ပေးရတယ်။ နှစ်ခေါက်လောက် စေတနာထားပြီးပို့ပေးကြတယ်။

ဗုဒ္ဓဒီပံကျောင်းက ပီနန်ဆရာတော်လို့ အများသိကြတဲ့ ဆရာတော်ကြီး ဦးပညာဝံသ တည်ထောင်ထားတဲ့ကျောင်းပဲ။ နေရာကလည်း (ချမ်းသာသူတွေနေကြတဲ့ ဆိတ်ငြိမ်နေရာ)ကောင်းလည်းကောင်း၊ ကျယ်လည်းကျယ်၊ ဘာသာရေးလုပ်ငန်းနဲ့ အလွန်သင့်တော်လှတယ်။ နယူးယောက်မြို့ထဲက ကျောင်းတွေက အိမ်ကိုပဲ ကျောင်းအမှတ် (အခန်းလိုက်မျှသာ)သီတင်းသုံးကြရတယ်။ ဆရာတော်ကြီးက အမြင်လည်းကျယ်၊ ခေတ်လည်းမီ၊ သာသနာအထောက်အပံ့အတွက်လည်း ငွေကြေးတတ်နိုင်သူ ဒကာ၊ ဒကာမများတာမို့ ဒီလိုနေရာမှာ ဝယ်ယူပြီး ကျောင်းတည်ဆောက်နိုင်တာပါ။ မြေနှစ်ဧကလောက်ရှိပြီး ကျောင်းနဲ့သိမ် တွဲထားနိုင်တယ်။ ဆရာတော်ကြီးတည်ထောင်ခဲ့တဲ့ တာမွေနတ်ချောင်းက "မဟာသန္တိသုခကျောင်းတော်ကြီး"ကို ရောက်ဖူးရင် (သာမန်ရောက်ရတဲ့ မင်္ဂလာဧည့်ခံပွဲမဟုတ်ဘဲ ကျောင်းအပေါ်ဆုံးအထိ အဆောင်ဆောင်အခန်းခန်းအနှံ့ လှည့်လာဖူးရင်) ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် ခေတ်မီမီတည်ထောင်တတ်ကြောင်းနဲ့ အမြင်ကျယ်တာ (မိမိရပ်ကွက်ထဲမှာပဲ ကျောင်းထိုင်တဲ့ပုဂ္ဂိုလ်နဲ့ ကမ္ဘာလှည့်ပြီး ကျောင်းထိုင်တဲ့ပုဂ္ဂိုလ်သာ အမြင်ချင်း၊ အတွေးချင်း ကွာပေလိမ့်မယ်)မတူနိုင်ဘူး။ ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com

ဘာသာပြန်ပွားရေးဆိုတာ ပညာသီလသာမက ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်တတ်ဖို့လည်း လိုတယ်။ ထားတော့။ မဟာသင်္ဂိုသုခကျောင်းတော်ကြီးကို ရည်ရွယ်ချက်ကောင်းစွာနဲ့ တည်ထောင်နိုင်ပေမယ့် ပေါက်မြောက်အောင် အကောင်အထည်မဖော်နိုင်တဲ့အပြင် မဖြစ်သင့်တဲ့ အမှုအခင်းတွေ ဖြစ်နေတာဟာ အလွန်စိတ်မချမ်းသာစရာပါဘဲ။ ကျောင်းတော်ကြီးနဲ့ပတ်သက်လို့ စတင်တည်သည်မှ အခင်းဖြစ်ပွားနေစဉ်အထိ (၁၉၉၀ ပြည့်လွန်နှစ်များမှ ၂၀၁၄ နိုဝင်ဘာလ)ဖြစ်စဉ်တွေကို အထောက်အထား မှတ်တမ်းစာရွက် ဓာတ်ပုံအပြည့်အစုံနဲ့ အမှန်ကန်ဆုံးသက်သေများစွာ ရေးသားထားတဲ့ ချစ်စံဝင်းရဲ့ မဟာသင်္ဂိုသုခကျောင်းတော်ကြီး အရေးတော်ပုံ (၂၀၁၅ မတ်လထုတ်)စာအုပ်ဟာ အခိုင်လုံဆုံး၊ အမှျတဆုံး၊ အမှန်ကန်ဆုံးပါပဲ။ ချစ်စံဝင်းဟာ ကျောင်းတည်ဆောက်ရေးအဖွဲ့ရဲ့ ပထမဆုံး အတွင်းရေးမှူးလည်းဖြစ်ပြီး မှုရင်းအထောက်အထားများစွာကို အတိအကျဖော်ပြနိုင်သူပါပဲ။ (ဦးချစ်စံရေး…ဒီစာအုပ်ကိုရေးသားနိုင်တာဟာ ဗုဒ္ဓဘာသာသာသနာအတွက် အကောင်းဆုံး စာပေနဲ့ပူဇော်ခြင်းဖြစ်တာမို့ ကျေးဇူးတင်ကြောင်း ဖော်ပြလိုက်ပါတယ်။)

ကျောင်းတော်ကြီးနဲ့ပတ်သက်လို့ အကောင်းဆုံးဆုံးဖြတ်ချက်ချနိုင်ဖို့ တာဝန်ရှိတဲ့သူတွေ ဖတ်သင့်တယ်။ သစ္စာတရားသာ အကောင်းဆုံးသြဇာရသပဲလို့ ဘုရားဟောထားပါတယ်။

ကဲ…ဒုလ္လဘရဟန်းခံပွဲ ပြန်ဆက်ကြစို့။

ဒေါက်တာခင်မောင်ကြီးဆိုတာ ၁၉၇၀ ဝန်းကျင်က ပြန်ကြားရေးဝန်ကြီးဌာန သတင်းစာသင်တန်းကျောင်း အတွင်းရေးမှူးလုပ်ခဲ့တဲ့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာက ဘာသာပြန်အယ်ဒီတာပါ။ အခုသူက နယူးယောက်မှာနေတာ နှစ်အတန်ကြာခဲ့ပါပြီ။ ဗုဒ္ဓဘာသာ စာပေလေ့လာချက်စာတမ်းနဲ့ အိန္ဒိယနိုင်ငံက ဒေါက်တာဘွဲ့ရခဲ့သူပါ။ ယခုအခါ ဆရာမောင်စွမ်းရည်ရော ဒေါက်တာခင်မောင်ကြီးပါ အသက် ၇၇ နှစ်အထက် ရောက်နေကြတဲ့ စာရေးဆရာ၊ သတင်းစာဆရာဝါရင့်သူတွေပါ။

အလှူအတွက် ကမကထပြုသူတွေက ဦးဝင်းတင်နဲ့ ဇနီး ဒေါ်နီနီအေးတို့ဖြစ်တယ်။ လောင်းအိုင်လမ်းကျောင်းက ဆရာတော်ဦးဝိမလကို သိက္ခာထပ်ပေးသူအလှူ့ရှင်က အစ်မကြီးဒေါ်ဝင်းကြည်ပဲ ဖြစ်တယ်။ ဒေါက်တာခင်မောင်ကြီး (ရဟန်းဘွဲ့ ဦးဉာဏဓဇ)နဲ့ ရဟန်းခံသူနှစ်ပါးတို့ သိမ်အဆင်းဆွမ်းလောင်းပွဲဟာ မြန်မာပြည်ကို အမှတ်ရစရာပဲ။ မြန်မာ့ဓလေ့ ဘာသာယဉ်ကျေးမှုမပျောက်ပျက်ဘဲ ရှိနေတာမို့ ဝမ်းသာစရာပါပဲ။ နယူးယောက်မှာရောက်နေတဲ့ မြန်မာဗုဒ္ဓဘာသာဝင်တွေမှာ တစ်ဦးချင်းအားနည်းတာတွေ တွေ့ရတတ်ပေမယ့် ဘာသာရေးမှာတော့ (သတ်လတ်၊ သက်ကြီးပိုင်းက) တတ်စွမ်းသမျှ အကောင်းဆုံးဆောင်ရွက်နေကြတာပါပဲ။ လူငယ်တွေက ကျောင်းတက်နေရတာနဲ့ မိမိဘဝအတွက် အလားအလာတွေကို မှန်းမျှော်အားထုတ်နေကြရတော့ "ဘာသာ၊ စာပေ"သင်ကြားလိုက်စားဖို့မှာ အားနည်းတာပဲ။ နောက်တစ်ခုကလည်း အသက်မွေးဝမ်းကျောင်းရပ်တည်ဖို့ ဦးစားပေးနေရတာမှာ အများသုံးဘာသာက အင်္ဂလိပ်စာပဲ ဖြစ်တယ်။ (တရုတ်မိသားစုတွေက တရုတ်စာအဓိကသင်လို့) မြန်မာစာသင်ကြားရေးဟာ နောက်တန်းမှာပဲရှိတယ်။ ဘုန်းကြီးကျောင်းတွေမှာ မြန်မာစာသင်ကြားဖို့ အားထုတ်ကြပေမယ့် မအောင်မြင်ကြဘူး။

ကဲ…ဒုလ္လဘရဟန်းခံပွဲအကြောင်း စပြောရင်း ဘာသာသာသနာဆိုင်ရာတွေ များသွားပြီ။ ရပ်ကြစို့။

လောင်းအိုင်လန်းကပြန်တော့ နေအတော်ပူနေတယ်။

အခါတိုင်း ၅၀ ဒီဂရီ ၆၀ ဒီဂရီ ဖာရင်ဟိုက်က ဒီနေ့မှာ ၇၀ ဒီဂရီဖာရင်ဟိုက်လောက်ရှိလာတယ်။ ဒါကြောင့် မိတ်ဆွေတွေက "မြန်မာနိုင်ငံက အပူရှိန်တွေ သယ်လာတယ်ထင်တယ်"လို့ ပြောကြတယ်။ အပူရှိစပြီး မြင့်တဲ့နေ့ပဲ တဲ့။ မြန်မာနိုင်ငံမှာကတော့ ၁၀၀ ဒီဂရီဖာရင်ဟိုက် အထက်ဝန်းကျင်အထိ ရောက်နေပေလိမ့်မည်။ ဒီမှာက အခုလို နွေဦးရာသီမှာ ၈၀ ဒီဂရီဖာရင်ဟိုက်ဝန်းကျင်မို့ နေလို့ထိုင်လို့ကောင်းတယ်။ အတော်ပူနေတာမို့ လက်ကမ်းကြော်ငြာ (Flyer)တွေမှာ ကမ်းခြေအပန်းဖြေဖို့ ရေကူးဖို့ အဝတ်ဒီဇိုင်းစုံ ကြော်ငြာနေလေရဲ့။

မောင်ကောင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

# တိုင်ပေဘုန်းကြီးရုပ်ကလာပ်

## မ ပု ပ် မ သိုး ေ အာ င်

# ဆေးစီရင် အိုးသွတ်အပူဇော်ခံပုံ

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**



ဆရာတော်ဘုရားကြီး၏
ရုပ်ကလာပ်ကို
ဆေးစီရင်အိုးသွတ်ပြီးနောက်
ဆယ်နှစ်ခန့်ကြာသည့်အခါ
စဉ့်အိုးကြီးထဲမှထုတ်ပြီး
အပူဇော်ခံပုံနှင့်
အိုးထုတ်အပူဇော်ခံ
အခမ်းအနားပွဲကြီး
ပြုလုပ်ကျင်းပနေစဉ်
တွေ့မြင်ရပုံ

တိုင်ပေဘုန်းကြီးများ ဘဝနတ်ထံ ပျံလွန်တော်မူသည့်အခါ ကျန်ရစ်သော ရုပ်ကလာပ်များကို မပုပ်မသိုးစေနိုင်သော ဆေးများဖြင့် စီရင်၊ စိမ်ပြီး စဉ့်အိုးကြီးထဲသို့ သွတ်သွင်း၍ သုံးနှစ်၊ ငါးနှစ်၊ ခြောက်နှစ်၊ ဆယ်နှစ်အထိ ထားသိုသော်လည်း မပုပ်မသိုးဘဲ ပကတိ အကောင်းအတိုင်း ရှိနေသည်ဆိုသည်။

လက်တွေ့ သာဓကအားဖြင့် တိုင်ပေမြို့မှ ယင်မြှောင်ဆရာတော်ဘုရားကြီးသည် သက်တော် ၆၀ နှစ်၊ ၁၉၅၄ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရာ ဆေးများဖြင့်စီရင်ပြီး စဉ့်အိုးထဲ သွတ်သွင်းသိုလှောင်ထားခဲ့၏။ ၁၉၅၉ ခုနှစ်ကမှ စဉ့်အိုးဖွင့်အပူဇော်ခံသည်ဆိုသည်။

နောက် ဆရာတော်ဘုရားကြီးတစ်ပါးဖြစ်သော တိုင်ပေမြို့မှ ချင်းယန်ဆရာတော်ဘုရားကြီး သက်တော် ၄၇ နှစ်၊ ၁၉၇၀ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရာ ရုပ်ကလာပ်ကိုဆေး



www.burmeseclassic.com

www.burmeseclassic.com

စီရင်ပြီး အိုးသွတ်ခဲ့၏။ ၁၉၇၆ ခုနှစ်ကျမှ အိုးဖွင့်အပူဇော်ခံသည်ဆို၏။


ထို့ပြင် တိုင်ပေမြို့မှ စီဟာန်ဆရာတော်ဘုရားကြီးသည် သက်တော် ၇၃ နှစ်၊ ၁၉၇၃ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့၏။ ကြွင်းကျန်ရစ်ခဲ့သော ရုပ်ကလာပ်ကို ဆေးဖြင့် စီရင်၍ အိုးသွတ်ခဲ့ရာ နောက်ဆယ်နှစ်အကြာ ၁၉၈၃ ခုနှစ်ကျမှ အိုးဖွင့်အပူဇော်ခံသည်ဆို၏။


## ဆရာတော်ဘုရား၏ ရုပ်ကလာပ်များ ဆေးစီရင်ပုံ



ပထမအဆင့်အနေဖြင့် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို အပူချိန် သင့်တင့်မျှတသော အခန်းတွင် ပူဇော်ထားပြီး အရက်ပြန်များဖြင့် ဆေးကြောသန့်စင် ပိုးသတ်ပေးရလေသည်။ ၎င်းနောက် ကိုယ်ခန္ဓာထဲသို့ မပုပ်မသိုးအောင် ကာကွယ်ဆေး(သုတ်ဆေးစိမ်း) ထိုးနှံပေးရ၏။

ယင်းသည့်နောက် ဒုတိယအဆင့်အနေဖြင့် ခွက်ချိုင့်နေလျက်ရှိသော ကိုယ်ခန္ဓာပေါ်တွင် အသားပြည့်လာစေ





ရန်အတွက် အုတ်ကြွပ်မှုန့်၊ မြေမှုန့်များဖြင့် ဖြည့်ဆည်း ဖာထေးပေးရသည်။

ပြီးလျှင် နောက်ဆုံး တတိယအဆင့်အနေဖြင့်ကား မပုပ်မသိုး ကာကွယ်ဆေးကို ပွတ်တိုက်ပေးရ၏။ ၎င်းနောက် ရွှေမှုန့်များ ဖြူးဖျန်းပွတ်တိုက်ပေးရပြန်သည်။ ယင်းသည့်နောက် ခြိုးမကိုက်ရန်၊ မိုးဒဏ်လေဒဏ်များ ခံနိုင်ရန် သင်္ဘောဆေးသုတ်လိမ်းပေးရသည်။ ၎င်းနောက် နေရာချ၊ ကိန်းဝ စံပယ်နိုင်ပါသည်။ ဆိုလိုသည်မှာ စဥ့်အိုးကြီးထဲသို့ သွတ်သွင်းပြီး နှစ်ပေါင်းများစွာ ထားနိုင်ပေသည်။



ဆယ်နှစ်ကြာ အိုးသွပ်ပြီးသည့်နောက် စဥ့်အိုးကြီးထဲမှထုတ်၍ အပူဇော်ခံသော ဆေးစီရင်ရွှေချထားသည့် တိုင်ပေစီဟာန်ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ပုံတော်နှင့် တိုင်ပေ စီဟာန် ဆရာတော်ဘုရားကြီး၏ ဓာတ်ပုံ ပုံတော်အား ကြည်ညိုဖွယ်တွေ့ရပုံ

**ဓာတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

Ref; Apple Daily (T.W), (5-8-2007), Page; (A 8)



www.burmeseclassic.com

www.burmeseclassic.com


# ဒေါက်တာဥမ္မာ
## ကေပီရှေ့ဆောင်နက္ခတ်ပညာရှင်

သင်သိလိုသော သင့်အကြောင်းကို တိကျသေချာစွာ ပြောပြပေးပါမည်။

သင့်အတွက် လတ်တလောအရေးကြီးသော ပြဿနာများကို လမ်းမှန်စွာ ဖြေရှင်းနိုင်ရန် ညွှန်ပြပေးပါမည်။

သင့်ဘဝလမ်းကို ဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ရန်အတွက် သင်ကိုယ်တိုင် ဆုံးဖြတ်ချက် မှန်မှ ဖြစ်ပါမည်။

ဆုံးဖြတ်ချက်မှန်အောင် သင့်ကံကို အမြဲလို စစ်ဆေးထားသင့်သည်။

သင့်ဘဝအတွက် သင်ဟာ အရေးအကြီးဆုံးပုဂ္ဂိုလ် ဖြစ်ပါသည်။

ကံဆိုတာ လူကလုပ်တာ မှန်ပါတယ်။ ကိုယ့်ကံကိုကောင်းအောင် ကိုယ်တိုင်စောင့်ရှောက်ရပါမည်။ ကံဆိုတာ အမြဲကောင်းမနေတတ်ပါဘူး။ ကံကို မမြင်နိုင်ဘူးဆိုတာ သာမန်လူအတွက်ပါ။ ကျွန်မအတွက်တော့ ကံတွေကို မြင်နိုင်ပါတယ်။ ဒါကြောင့် သင်တို့ကံ ကောင်းသည်၊ ဆိုးသည်ကို ကျွန်မက ပြောပြပေးနိုင်ပါတယ်။ ဆိုးနေရင် ကောင်းအောင် ပြုပြင်နေထိုင်နည်းကိုလည်း ညွှန်ပေးနိုင်ပါသည်။ ကောင်းတဲ့ကံကိုလည်း ပိုကောင်းအောင် ညွှန်ပြပေးနိုင်ပါသည်။

ယခုအချိန်မှာ လူ့သက်တမ်းက အလွန်တိုတောင်းပါတယ်။ အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရတတ်ပါတယ်။ အမှုတွေ့ရင် အလုပ်ရှုပ်ပါတယ်။ အလုပ်ရှုပ်ရင် လူပင်ပန်းပြီး အချိန်ကုန်ပါတယ်။ မလိုအပ်ဘဲ အချိန်တွေကုန်သွားရင် အရေးကြီးတဲ့ အလုပ်တွေအတွက် လုပ်ဖို့ အချိန်မရ ဖြစ်တတ်ပါတယ်။ ဒါကြောင့် သင်တို့ကံကို အမြဲကြိုတင် စစ်ဆေးခြင်းဖြင့် အမှုတွေကို ရှောင်နိုင်ပါတယ်။ အမှုမရှိရင် လူ့ဘဝမှာ နေရတာ နေပျော်ပါပြီ။

ပဋ္ဌာန်းဆက် ပါရမီရှင် တပည့်များကို ဖိတ်ခေါ်ပါသည်။

အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း သင်တန်းပြပါသည်။


နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီထိ ဖြစ်ပါသည်။

ကျွန်မနှင့် ပဋ္ဌာန်းဆက်ရှိသော ပါရမီရှင်တပည့်များအား ပညာလက်ဆင့်ကမ်းရန် အချိန်ကျရောက်ပြီ ဖြစ်ပါ၍ အမြန်ဆုံး လာရောက်ဆက်သွယ်စေလိုပါသည်။

ဆက်သွယ်ရန်-အမှတ်(၃၉-F 4)မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း ၄၁ တိုးချဲ့ ဒဂုံမြောက်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၇၈၂၆


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# တောဘုမ္မာ ဝင့်နန်းလယ်မှာ

# ကျွတ်တမ်းကယ် စာမလိပ်ချင်ဘု

## မောင်ဟိန်းကျော်

(ယခင်လမှအဆက်)

"ဟော့ကောင် တစ္ဆေ မင်း
ကျောင်းမှာ ဘုန်းကြီးကျောင်းသား
ဝနေခဲ့တုန်းက အကြောင်းတွေ
တ်မိသေးလားကွ"

"မှတ်မိတယ်လည်း မဟုတ်ပါ
ကွာ၊ သတိလစ်ပြီး မေ့မြောသွား
ာနေ သတိပြန်လည်လာပြီး ဟို
ခု ဒီတစ်ခုသိသိလာ သလိုပဲကွ"

"မင်းတို့ကျောင်းအောက်မှာ
ို ပြောင်တလင်းကြီးမဟုတ်ဘူး
မိုးတွင်းဆို မြက်တွေမရှင်းနိုင်လို့
ာင်းအောက်ထိ ရေတွေဝပ်လို့ မင်းတို့တွေက အပေါ်ထပ်မှာ ဝမ်းလျား
မှောက်လျက် စာအံရင်း ကြမ်းပေါက်
ကနေ ငုံ့ငုံ့ကြည့်လို့ အခေါ်ခံထိတာ၊
ဘုန်းကြီးရဲ့ ကြိမ်ခေါ်တာ လွတ်တဲ့
ကျောင်းသား နစ်ယောက်ပဲရှိတယ်"

"အဲဒါတွေ မင်းသိလို့လား"

"ငါ ဒီကျောင်းမှာ အစာလာ
စားတာ မင်းကို ပြောဖူးတယ်လေ"

"အေး၊ ငါ့ခွေးတွေကို အစာ
ကျွေးတဲ့အခါ အင်ဖက်၊ ငှက်ပျောဖက်
တစ်ခုခုနဲ့ ကျွေးတာကို မင်းလာစား
တယ်လို့ ပြောဖူးတယ်၊ မင်းပြောမှ
ငါသတိရလာတယ်ကွ၊ ဟုတ်တယ်၊
ငါနဲ့ မြရှင်နဲ့က ကြိမ်လွတ်ကြတယ်၊ မြရှင်က ဘုန်းကြီး ညီ အရင်းကွ၊
အသက်ချင်း သုံးဆယ်လောက်ကွာ
တယ်တဲ့၊ ဘုန်းကြီးရဲ့ မယ်တော်
အသက်ငါးဆယ်ကျော်မှ မွေးလို့တဲ့
လေ၊ သူက ဘုန်းကြီးရဲ့ညီဆိုတော့
စာမရလို့ အရိုက်ခံရမှာ ကြောက်
တယ်။ ကြောက်တော့ စာအရမ်း
ကျက်တယ်။ ငါက သူဘေးနားနေရ
တော့ သူ့ကိုတုပြီး စာအရမ်းကျက်
တယ်ကွ။ ဒါကြောင့် သူရော ငါရော
အရိုက်ခံရတာ နည်းတယ်"

"မင်း ခုနကပြောတာ ဘယ်
သူလဲ၊ အဲ မြရှင်-မြရှင်ကို မင်းမြင်ရင်
မှတ်မိပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com

"ဆယ်နှစ်သားထိ အတူနေ အတူစား အတူစာကျက် အဲ သုံးနှစ်လောက်ပဲဆိုပါတော့၊ နောက်နှစ်မှာ ငါရှင်ပြုတယ်၊ ရှင်လိင်ပြန်ပြီးနောက် ကျောင်းကို အရောက်ကျဲသွားတယ်။ ငါအိမ်ထောင်ကျတဲ့နှစ်မှာ မြရှင်ဘုန်းကြီးဝတ်တာနဲ့တူတယ်၊ ပြောရင်းပြောရင်း တဖြည်းဖြည်း မှတ်မိလာပြီကွ"

"ငါကလည်း ဒီကျောင်းမှာ တစ်ခါလာစားလိုက် သုံးရက်အရိုက်ခံလိုက်ရနဲ့ ဆိုတော့ သိပ်မသိဘူးကွာ။ မင်း မင်္ဂလာဆွမ်းအတွက် ဘုန်းကြီးလာပင့်တော့ သံဃာကုန်ပင့်တယ်၊ အားလုံးခြောက်ပါးရှိတယ်။ ဘုန်းကြီးက ငါးပါးပဲရမယ်ဆိုလို့ မင်းဘကြီးက တစ်ပါးက ဘာဖြစ်လို့လဲလို့ ဘုန်းကြီးကိုမေးတယ်"

"အေးအေး။ မင်းအစဖော်ပေးတော့ သတိရလာတယ်ကွ၊ ဟုတ်တယ်၊ အဲဒီတုန်းက မြရှင်ဘုန်းကြီးဖြစ်ခါစ၊ အညာက မိခင်ကြီးနာမကျန်းလို့ သွားသွားရမှာမို့ ငါပင့်တဲ့ရက်ဆိုရှိမှာမဟုတ်တော့ဘူးတဲ့၊ ဒါကြောင့် ငါးပါးပဲရမယ်လို့ ဘုန်းတော်ကြီးက ပြောတာ၊ ငါတို့ပြန်တော့ ဦးပဉ္ဇင်းမြရှင် ငါတို့နဲ့အတူ ကျောင်းအောက်ထိလိုက်ခဲ့ပြီး ဘုန်းကြီးရဲ့အမေက မသေခင် သင်္ကန်းဝတ်နဲ့မြင်ချင်တယ်လို့ တသသပြောတာ၊ ခု မမြင်ရဘဲ ဘဝတစ်ပါး ပြောင်းသွားခဲ့ရင် အဲဒီစိတ် မပြတ်ရင် ပြိတ္တာတစ္ဆေသရဲဖြစ်မှာ၊ ဒါကို ငါသွားပြီးလှူဒါန်း အမျှဝေမှ ကောင်းရာမွန်ရာလားမှာ ဒါတွေ ငါသိတယ်၊ ဒီခရီးကို ဘယ်ထိုးနဲ့ သွားရမလဲဆိုတာ ငါအသိဆုံးပဲ၊ ဒါကြောင့် အမေ့ကို အချိန်မီကယ်မဖို့ ငါသွားရမှာမို့ မင်းမင်္ဂလာဆွမ်းကို မစားနိုင်တာ ခွင့်လွှတ်ဖို့ တတွတ်တွတ် ပြောသွားခဲ့သေးတယ်"

"အဲဒီနေ့က ငါကလည်း အစာလာရှာတဲ့ နေ့မို့ မင်းနဲ့သူနဲ့ အဲဒီ ဘုန်းကြီးကျောင်းလေ့ကားနားမှာ ပြောနေကြတာ တွေ့ပါတယ်။ ဒါပေမယ့် မင်းတို့ပြောနေတာတွေ ငါနားမလည်းခဲ့ပါဘူး။ အဲဒီနောက်လည်း သတိရတာ မှတ်မိတာတို့ မရှိဘူး။ ဒီနေ့မှ အဲဒါတွေပြန်သတိရလို့ မင်းကို မေးကြည့်တာကွ တစ္ဆေကောင်ရ"

ကျွန်ုပ်သည် တစ်စုံတစ်ခုအား သိသလိုရှိနေပြီး ထိုတစ်စုံတစ်ခုသည် ဘာဟူ၍မသိချေ။ ကျွန်ုပ်ရောပြိတ္တာပါ ဒီနေ့မှထူးဆန်းစွာအတိတ်ကိုမှတ်မိသိရှိနေသလိုဖြစ်နေကြ၏။ ဤသို့အတိတ်ပုံရိပ်များကို စဉ်းစားကြည့်ရန်လည်း တစ်ခါမှမျှ စိတ်မကူးမိခဲ့ကြပေ။

"အေးကွာ၊ ဒါဘာဖြစ်တာလဲလို့ ရက္ခစိုးကြီးဆီသွားပြီး မေးကြည့်ချင်လိုက်တာ"

"သွားမေးနေရင် ဟိုစကားဝိုင်းနဲ့ လွတ်သွားမှာပေါ့၊ ရက္ခစိုးကြီးက သိရင်တော့ တစ်မျိုးကောင်းတာပေါ့ မသိဘူးဆိုရင် ဟိုစကားဝိုင်းမှာပြော မယ့် ဘိုးတစ္ဆေအကြောင်းနဲ့ လွဲနေဦးမယ်"

"ဪ ဟော် ဟော် မင်းက လည်း ဘိုးတစ္ဆေအကြောင်း သိချင် နေတာကိုး"

"ဘိုးတစ္ဆေဆိုတာ ငါကြားဖူး သလိုလို၊ သိသလိုလိုပဲကွာ၊ နားကား ကြီးပြောဖူးတာလား၊ ရက္ခစိုးပြောဖူး တာလား။ ဘုရားကြီးပွဲတော်မှာဆုံဖူး တဲ့ သတ္တဝါတစ်ကောင်က ပြောသွား တာလား၊ ငါလည်း မမှတ်မိဘူးဖြစ် နေတယ်"

"ငါကော့ ခုမှပဲ ကြားဖူးတာပါ ပြိတ္တာရယ်၊ အေးပါ ရက္ခစိုးဆီ မသွား ပါဘူး၊ မင်းနဲ့အတူ ငါလည်း ဘိုးတစ္ဆေ ဆိုတာ သိချင်နေတာပါပဲကွာ"

ဆွမ်းစားအုန်းမောင်းခေါက်ပြီး အတန်ကြာသောအခါ ဆရာတော်နှင့် ကပ္ပိယကြီးတို့ ကျောင်းပေါ်မှ ဆင်း လာသည်။ ပါးစင်းလေးပေါ်၌ ဖက်နှ ရွက်ခင်းလျက် ထမင်းဟင်းနှင့် ခွက်များထားရှိပြီး ဆရာတော်က စေတီလေးဘက်မျက်နှာမူကာ မန် ကလိုပင် ရွတ်ဆိုသည်။

ကျောင်းအတွင်းပိုင်းသို့ တော ဘက်ပြတင်းပေါက်မှ ပေ့မ်းကြည့် ကျောင်းသားနှစ်ဦး။ ကိုရင်လေးနှစ် ဦးပဉ္ဇင်းတစ်ပါးကိုသာ တွေ့ရသ



www.burmeseclassic.com

www.burmeseclassic.com

ဦးရေ လွှမ်းစွာနည်းလွှမ်းကြောင်း ယခုမှ ကျွန်ုပ်သိရတော့သည်။

ကပ္ပိယကြီး ခွေးစာခွက်များဆီသို့ လျှောက်လာပြီး ခွေးစာကျွေးနေစဉ် ကျွန်ုပ်တို့သည် ကျောင်းခေါင်းရင်းဘက်မှကွေ့လာပြီးဝါးစင်လေးမှာအစာစားကြသည်။ စားပြီးလျှင် ကျောင်းတောင်ဘက် သရက်ပင်သို့ ပြန်သွားခဲ့သည်။ ပြတင်းပေါက်မှ ကြည့်လိုက်ရာ ဆရာတော်ထံ၌ ဦးပဥ္စင်းတစ်ပါးက စာပြန်နေသည်။ ကိုရင်လေးနှစ်ပါးက ဝမ်းလျားမှောက်၍ စာကျက်နေ၏။ ကျောင်းသားနှစ်ယောက်မှာ ကလေးများပီပီ အိပ်ပျော်လျက်ရှိ၏။ ကပ္ပိယကြီးသည် ကျောင်းပေါ်၌သန့်ရှင်းမှုများ ဆောင်ရွက်လျက်ရှိ၏။

"ပြိတ္တာရေ ကျောင်းမှာ ခုလို လူနည်းသွားတာကြာပြီ လားကွ"

"တော်တော်ကြာပြီကွ၊ ဘာလို့လဲ"

"ရွာထဲမှာ ကလေးတွေအများကြီးရှိတာ စာသင်ဖို့ မလွှတ်ကြဘူးလား"

"ဒီကျောင်းနားက သရဲခြောက်တယ်လို့ လူပြောများလာပြီး စာလာသင်တဲ့ကလေးတောင်မကာဘူး။ ကိုရင်တွေ ဦးပဥ္စင်းတွေပါ တဖြည်းဖြည်းလျော့သွားတယ်ကွ၊ မင်းရွာတို့ လူပဒါ းတို့မှာ မြူနီစီပါယ် မူလတန်းကျောင်းတွေဖွင့်လာတော့ ရွာထဲက ကလေးတွေကို ဘုန်းကြီးကျောင်းမထားတော့ဘဲ အတန်းကျောင်း ထားကြလို့ ကျောင်းသားတောင် မရှိတော့ဘူး၊ အခုရှိတာတွေက ဆရာတော်ခေါ်ထားတဲ့ တခြားနယ်ကဦးပဥ္စင်းတွေ၊ ကိုရင်တွေ၊ကျောင်းသားတွေကွ။ ကပ္ပိယကြီးတောင် ဆရာတော့်ရွာက ဆရာတော့်ဦးလေးလို့ ပြောတာ ကြားဖူးတယ်"

"ဒါဆို ငါတို့ရွာက လှူကြတန်းကြတာ နည်းသွားမှာပေါ့"

"မနည်းပါဘူးကွာ၊ အားလုံး အရင်ကအတိုင်းပဲ လှူကြပါတယ်၊ ဥပုသ်နေ့ကျရင် မင်းတွေ့ပါလိမ့်မယ်၊ ဝါတွင်းသုံးလပတ်လုံး ဥပုသ်စောင့်သူတောင်ရှိတယ်၊ တန်ခူးလတုန်းက ရဟန်းခံရှင်ပြုပွဲဆိုတာ နှစ်တိုင်းလိုပဲ စည်ကားတာပဲ။ သီတင်းကျွတ်တို့၊ တန်ဆောင်မုန်းတို့လည်း "အလှူအတန်းတွေ ကျောင်းမှာ လာလုပ်ကြတယ်။ မင်းတို့တုန်းက အတိုင်းပါပဲ"

"ဒါဆို ဆရာတော်ကို တခြားရွာကဆိုပေမယ့် သူ့စိမ်းတရံဆံမှ မဟုတ်တာ။ အဲဒါ မင်းနဲ့ ကျောင်းနေခဲ့တဲ့ မြရှင်ဆိုတာလေး။ မင်းမမှတ်မိဘူးလား"

"ဘာ မြရှင်ဟုတ်လား။ အခုဆရာတော်က မြရှင်တဲ့လား"

ပြိတ္တာ၏ စကားကြောင့် ကျွန်ုပ် အလွန်အမင်း တအံ့တသြ ဖြစ်သွားသည်။ ရုတ်တရက်အားဖြင့် သူ့ကိုဘာပြန်ပြောရမမှန်း မသိအောင်ပင် ဆွံ့အသွားမိသည်။ ဆရာတော်၏ ငယ်ရုပ်ကို မှန်းဆကြည့်ကာ ယခုရုပ်သွင်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်သည်။ ခပ်ဆင်ဆင်တူသည့်အချက်တစ်စုံတစ်ရာကိုမျှ မတွေ့ရပေ။

"ကဲ တစ္ဆေကောင်ရေ၊ စေတီမှာ နေရိပ်နေပြီ၊ သွားရအောင်"

စေတီဘက်ထွက်သွားသည့် ပြိတ္တာနောက်သို့ စိတ်မပါ့တပါဖြင့် လိုက်ပါသွားခဲ့၏။ စေတီရင်ပြင်၌ ဘုရားရှိခိုးသော်လည်း အာရုံများပျံ့လွင့်နေသည်။ ဘုရားအား အတန်တန် အာရုံပြုသော်လည်း စေတီပုံရိပ်သည် ဝိုးတိုးဝါးတားသာ ထင်သည်ဆိုရုံမျှ ထင်သည်။ တဒင်္ဂထင်ပြီး ပျောက်ကွယ်သွားကာ အမှောင်တိုက်များ ထင်လာလိုက် ဖြိုးဖြိုးဖြက်ဖြက် အလင်းစက်များ တောက်လာလိုက် ဖြစ်လာသည်။ အထပ်ထပ်ကြိုးစား အာရုံပြုသော်ငြားလည်း ဘုရားပုံရိပ် ထင်လာခြင်း မရှိတော့သောအခါ မျက်စိဖွင့်လိုက်သည်။

ကျွန်ုပ်သည် ကျောင်းပေါ်သို့ ပြေးတက်ကာ ဆရာတော်အား မေးလျှောက်ချင်သည့်စိတ်များ ပင်လယ်လှိုင်းများသဖွယ် တဝုန်းဝုန်းရိုက်ခတ်နေ၏။ ကျွန်ုပ်တို့အား ကျောင်းဝင်းအတွင်း သွားလာနေထိုင်ခွင့်သာပေးထားပြီး ကျောင်းပေါ်သို့မူ တက်ရောက်

www.burmeseclassic.com

ခွင့်မပြုထားပေ။ သို့ဖြစ်၍ ကျောင်းပေါ် သို့တက်ရောက်နိုင်ပါမည်လား။ ကျွန်ုပ် သည် ဆရာတော်အား တောင်ဘက် ၌ စကြံလျှောက်ချိန်တွင် တွေ့ဆုံရ သော်ကောင်းမည်ဟုတွေးမိ၏။ ဤသို့ တွေးမိသော်လည်း ဆရာတော်နှင့် မည်သို့မည်ပုံ စကားပြောရမည်နည်း။ ကျွန်ုပ်မသိချေ။

ဆရာတော်ကိုပင် မဆိုထား ဘိ။ မယ်ဆင့်လို မိန်းမသားတစ်ဦးနှင့် စကားပြောဆိုရမည့် နည်းလမ်းကို တောင် ကျွန်ုပ်အခုထိ သိထားခြင်း မရှိသေးပေ။ ဆရာတော်နှင့် စကား ပြောဖို့အရေး ဝေးစွတကား။

"တို့ကျောင်း အနီးအနားမှာ နာနာဘာဝတွေရှိတယ် သက်နိုင်။ မင်း ဘယ်သူ့ကိုမှ မပြောနဲ့။ တခြား ကောင်တွေကြောက်ကုန်မယ်။ တို့ကို အန္တရာယ်မပြုပါဘူး။ သူတို့ အစာ စားချင်လို့ အစာလာတောင်းတာ။ မင်းက ခွေးတွေကို အစာကျွေးတဲ့ အခါ ဖက်နဲ့ပုံပြီးကျွေးတယ် မဟုတ် လား။ ခွေးတွေစားလို့ဝရင် ကျန်တာ လစားလိမ့်မယ်။ ခွေးတွေက နာနာ ဘာဝနဲ့တွေ့ရင် မဟောင်အောင် မင်း ခွေးတွေနားမှာ စောင့်နေ၊ သူတို့လာ စားပြီးလောက်တဲ့အထိပေါ့ကွာ"

တစ်ချိန်သောအခါက မြရှင် ပြောဖူးသည့်စကား။ ကျွန်ုပ်က တစ္ဆေ သရဲရှိသည်ဟု ယုံကြည်သူမဟုတ်။ သို့သော်လည်း မြရှင် ပြောသည့် အတိုင်း စောင့်ဆိုင်းမှုတော့ ပြုလုပ် ခဲ့ဖူးသည်။

"ပြိတ္တာဆိုတာ အပါယ်လေးဘုံ သားတွေကွ။ ပြိတ္တာဘဝမှာ ကုသိုလ် အကုသိုလ် မသိကြဘူး။ မစင်တွင်း ထဲက လောက်တွေလိုပဲ။ သူတို့ ဘဝမှာ သူတို့ဆင်းရဲဒုက္ခအမျိုးမျိုးခံ ပြီးနေကြတာ။ နစ်ပေါင်းရာထောင်ချီ ပြီးနေရတဲ့ ပြိတ္တာလည်းရှိတယ်။ ကိုး ဆယ့်နှစ် ကမ္ဘာအထိ နေကြရတဲ့ ပြိတ္တာလည်းရှိတယ်။ ကျွတ်ချိန်တန်တဲ့ ပြိတ္တာကျတော့ ခုနစ်ရက်အတွင်း၊ တစ်လအတွင်း တချို့လည်း အနှစ် ငါးဆယ်အတွင်း အမျှအတန်းရကြပြီး ကျွတ်သွားကြတယ်"

ထိုစကားတို့ကြောင့် ကျွန်ုပ် သည် ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူ ရကာယ်သို့ ကျရောက်ရမည့်ကို ကြောက်လန့်ခဲ့၏။ မိမိခန္ဓာကိုယ်၌ ကိုက်ခဲသည့် ပုရွက်ဆိတ်၊ ခြင်စသည် တို့ကိုမသတ်ပစ်။ ခါထုတ်မောင်းထုတ် ၏။ ကိုရင်ဝတ်ဖြင့် ဆွမ်းခံထွက်စဉ် ကလည်း သံဃာတော်ကြီးများအလား စကျုံခြေချကာခြေလှမ်း၏။ လှမ်းသည့် ခြေလှမ်းတိုင်း ပိုးမွှားလေးများ မနင်းမိ စေရန်အထူးသတိပြုခဲ့သည်။ ငါးပါး သီလကိုမူ ကိုရင်ဝတ်သည့် အချိန် အတွင်တစ်ကြိမ်မျှ မပေါက်မကျ အောင်စောင့်ထိန်းနိုင်ခဲ့သည်။

အရွယ်မရောက်မီ နွားကျောင်း သားဘဝ၌မူ ငါးပါးသီလ စောင့်ထိန်း ခြင်း ဝတ်ပျက်တော့၏။ အိမ်ထောင် သည်ဘဝအတွင်း ငါးရှာ၊ ဖားရိုက်တို့ ကို ဝမ်းစာအတွက် ကျူးလွန်ဖူး၏ ကံသုံးပါးဖြင့် ကြံစည်ခြင်း၊ ပြုလုပ်ခြင်း တို့ကို နည်းနိုင်သမျှ နည်းအောင် နေထိုင်ခဲ့သည်။ လူငယ်ဘဝနှုတ်ထွက် ကြမ်းသော စကားတို့ကို တစ်ခါတရံ ဆိုမိခဲ့သည်။

ငယ်စဉ်က သွားလာနေထိုင် ပြောဆိုပုံများသည် ပန်းချီကားတစ်ချပ် ပြီးတစ်ချပ် မပြတ်တမ်းကြည့်ရှုနေရ သကဲ့သို့ စိတ်ကစဉ်ကာ မြင်ယောင် ထင်ယောင်လာသည်။ မြရှင်ပြောဖူး သော စကားတို့အာယား ကျွန်ုပ်သည် လုံးစေ့ပတ်စေ့ပြန်လည် သတိရ မှတ်မိလာသည်။

"မင်းနဲ့ငါနဲ့ကြီးလာရင် ဘုန်းကြီး အတူတူဝတ်မယ်။ မြို့ရွာတွေကို လှည့် လည်သွားလာပြီး တစ္ဆေ သရဲ ပြိတ္တာ တွေ ကုသိုလ်ကံအကျိုးပေး ခံစားရ အောင် အကျွတ်အလွတ်ပွဲတွေ လုပ် ကြမယ်၊ မင်းသဘောဘယ်လိုရလဲ"

မြရှင်အမေးကို ကျွန်ုပ်က လွယ်လင့်တကူ ကတိပေးခဲ့သည်။

"ဒါဆို မင်းကတိကို မမေ့နဲ့ နော်"

မြရှင်က ကျွန်ုပ်အားလေးလေး နက်နက် သတိပေးခဲ့သေးသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

ကတိကို ကာလသားဘဝကတည်းက မေ့မေ့လျော့လျော့ ထားလိုက်မိ၏။ မြရှင်ကလည်း မွေးရပ်အညာသို့ ပြန်သွားခဲ့သ်မှာ ကျွန်ုပ်ကွယ်လွန်ချိန်အထိ တစ်ခေါက်တလေမျှ ပြန်မလာခဲ့ချေ။ သူနှင့် ကျွန်ုပ် ထိုမျှသာ ရေစက်ဆုံခဲ့ပြီး ရေစက်ကုန်ပြီဟုသာ ထင်မှတ်ထားခဲ့သည်။

ယခုတော့ သူ ···သူ··· ဆရာတော်ဖြစ်နေသည်မှာ ဝေကန်အမှန်စင်စစ် ဖြစ်ခဲလေသည်လား။ ကျွန်ုပ် ခွဲခြားပိုင်ပိုင် မသိသေးချေ။ အမှန်ကောန်ဖြစ်စေချင်သည့် ဆန္ဒများကတော့ အင်နှင့်အားနှင့် တောင်းဆိုနေကြချေပေပြီ။

ကျောင်းဝင်းထဲသို့ လူသုံးဦး ဝင်ရောက်လာပြီး ကျောင်းပေါ်သို့ တက်သွားကြသည်။ ဘကြီးယောကွထီး ဦးတင်မြ၊ ကျော်စွာနှင့် ကရင်လေး။ သူတို့ ကျောင်းပေါ်ရောက်ပြီး နောက် ကိုရင်တစ်ပါး လှေကားတက်ဆင်းပေါက်မှာ ကပ္ပိယကြီးကို ခေါ်လိုက်၏။ ဆွမ်းချက်တဲလေးအတွင်းမှ ကပ္ပိယကြီးက အသံပြန်ပြုလိုက်ပြီး မကြာခင်မှာပင် မြေကရားအိုးမည်းမည်းတစ်လုံး လက်မှဆွဲကာ ကျောင်းပေါ်သို့ တက်သွားသည်။

ကပ္ပိယကြီးအား ရွာအတွင်းသို့ ခေါ်ယူသွားရန် ဆရာတော်ထံလာရောက်ခွင့်တောင်း လျှောက်ထားကြခြင်းဖြစ်မည်။ သို့ဆိုလျှင် သူတို့ရွာ အပြန် နောက်မှလိုက်သွားရချေမည်။ ကျွန်ုပ် ထိုသို့တွေးပြီး ပြိတ္တာအား ပြောပြအသိပေးရန် လှည့်ကြည့်လိုက်သည်။ ပြိတ္တာမှာမူ ဝတ်ပြုဆုတောင်းနေဆဲဖြစ်သည်။ အနှောင့်အယှက် မပေးလို၍ သူ့အားမပြောဘဲ နေလိုက်သည်။

ကပ္ပိယကြီးနှင့်အတူ ကိုရင်တစ်ပါး ကျောင်းပေါ်မှ ဆင်းလာကာ ရေတွင်းရှိရာ သွားခဲ့ကြပြီး ကိုရင်လေးက ရေငင်ပေး၏။ ကပ္ပိယကြီးက ချိုးရေကန်သုံးရေအိုးတို့ကို ရေဖြည့်သည်။ ကုဋီအတွင်း ရေဆေး ရေဖြည့်ပြီး ကျောင်းတောင်ဘက် မြေပြင်တစ်ခုလုံးကို ရေပက်ဖျန်းရင်း သစ်ပင်ကြီးငယ်များကိုပါ ရေလောင်းလိုက်သည်။ ထို့နောက်ကိုရင်လေး ကျောင်းပေါ်ပြန်တတ်သွားသည်။ ကပ္ပိယကြီးတစ်ဦးတည်း ကိုယ်တိုင်ရေငင်ပြီး ရေချိုးလေသည်။ ရေချိုး ပြီးသောအခါ ကျောင်းပေါ်သို့တက်လာကာ အဝတ်အစားလဲလှယ်ဝတ်ဆင်သည်။မကြာမီပင် ဦးတင်မြ၊ ကျော်စွာ၊ ကရင်ကလေးနှင့် ကပ္ပိယကြီးတို့ ကျောင်းပေါ်မှ ဆင်းကာ ရွာလမ်းမအတိုင်း ထွက်ခွာသွားကြလေသည်။

သူတို့အား မျက်စိတခုံးလိုက်ကြည့်ပြီး ပြိတ္တာဘက်လှည့်လိုက်သောအခါ ဝတ်ပြုရာမှထကာ ကျွန်ုပ်ထံလာနေသည့် ပြိတ္တာနှင့် တိုက်မိမလိုဖြစ်သွား၏။ ကျွန်ုပ်သည် နှစ်နာရီနီးပါး အောင့်အည်းထားရသော စကားလုံးများကို တရဟောပြောချလိုက်သည်။ ကျွန်ုပ်မှာ အမောတကောပျာယာခတ်နေသလော် ပြိတ္တာက အေးတိအေးစက်နိုင်လှ၏။

"မပူပါနဲ့ကွာ။ မယ်ဆင့်တို့အိမ်မှာ စကားဝိုင်ဖြစ်မှာ ကျိန်းသေပါတယ်ကွာ"

"မင်းက သေချာလှချည်လား"

"ကဲပါ တခွေရာ ရှည်ရှည်ဝေးဝေး တွေးမနေနဲ့၊ လာ ခုပဲပြေးသွားပြီး ကြည့်လိုက်ကြစို့"

သူက ကျွန်ုပ်လက်အား ဆွဲယူလျက် ရွာဆီသို့ အပြေးတစ်ပိုင်း ထွက်ခဲ့ကြလေတော့သည်။

❀ ❀ ❀

### ✧ ဥဒ္ဓုံယာဝ ဘဝဂ္ဂါ၊ အဓောယာဝ အဝီစိတော

ပြိတ္တာနှင့် ကျွန်ုပ် ရွာသို့ ဦးတည် ထွက်ခွာသွားစဉ် အလွန်တရာကြီးမားသော ငှက်မည်းကြီးတစ်ကောင် ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်မှ အရှိန်ပြင်းစွာ ပျံသန်းလာနေသည်ကို တွေ့ရလေသည်။

ပြိတ္တာသည် ကျွန်ုပ်၏ လက်ကို ဆွဲကိုင်လျက်မှ ပျက်ကြားအက်လျက်ရှိသော လက်ကွက်တစ်နေရာ၌ တုံ့ခနဲ ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"နားကားကြီးပါလား"

ဟုတ်သည်၊ နားကားကြီးသည် သူ၏ ရောမနားရွက်ကြီးများကို ငှက်များတောင်ပံခတ်သည့်အလား ရိုက်ခတ်လျက် လေထဲ၌ ဝဲပျံလာနေခြင်း ဖြစ်သည်။ တစ်ခဏ အတွင်းမှာပင် ကျွန်ုပ်တို့အနီး၌ နားကားကြီး ရပ်လိုက်သည်။

"နားကားကြီး ဘယ်သွားမလို လဲ"

ကျွန်ုပ်က စတင်နှုတ်ဆက်လိုက်၏။

"ဘိုးတရွှေ ရွာထဲရောက်နေသလားလို့ လာရှာတာကွ"

"ဘိုးတရွှေ ရွာထဲရောက်နေသလားနားကားကြီးနဲ့ တွေ့ပြီးပြီလား"

ဗြိတ္တာသည် အလျှင်စလိုနိုင်စွာ ဆက်တိုက်မေးနေသည်။

"မလာပါဘူးကွာ၊ ရွာထဲမှာ မတွေ့ဘူး။ ဘုန်းကြီးကျောင်းမှာရော မင်းတို့ တွေ့ခဲ့လား"

"ဟင့်အင်း"

ဗြိတ္တာက စိတ်ပျက်သွားသော လေသံဖြင့် မပြေချင်ပြေချင် ပြောသည်။

"နေပါဦး၊ နားကားကြီးကို ဘယ်သူက လာပြောလို့လဲ ဘိုးတရွှေ လာမယ်ဆိုတာ"

ကျွန်ုပ်၏ စပ်စုစကားကို နားကားကြီးက ဘာမှ မတုံ့ပြန်ဘဲ သူ့နားရွက်ကြီးများအား ရုတ်တရက် အတောင်ပံသဖွယ် တဝုန်းဝုန်း ရိုက်ခတ်ပြီး လေထဲပျံတက်သွားပုံမှာ ကမ္ဘာဦးငှက်ကြီးများအလား တူလှပေတော့သည်။

ကျွန်ုပ်သည် ဗြိတ္တာဘက်သို့ လှည့်ကြည့်လိုက်၏။ ကျွန်ုပ်မေးမည့် မေးခွန်းများကို ကြိုသိနေဟန်ဖြင့် ကျွန်ုပ်အား မေးခွန်းဦးအောင်မေးလိုက်သည်။

"ဘာလဲ ဘိုးတရွှေအကြောင်း မေးမလို့လား"

သူကရှေ့ဆက်လျှောက်သွားသဖြင့် သူ့အာယား အမီလိုက်လိုက်ခဲ့ရင်း....

"အေးပေါ့ကွ"

ဟု ဖြေလိုက်သည်။

"ငါလည်း ဘိုးတရွှေအကြောင်း သိချင်လို့ အခုပဲ မင်းနဲ့အတူတူ စကားဝိုင်းဆီ သွားနေကြတာ မဟုတ်လား။ ဒါပေမယ့် ငါသိထားတာ နည်းနည်းပါးပါးရှိတယ်"

"သိရင်လည်း သိသလောက် ပြောပါလားကွာ"

"နားကားကြီးပြောပြလို့ သိထားတာကွ၊ ဘိုးတရွှေဆိုတာ ရှေးခေတ်ကလိုပြောရရင် ခြေမြန်တော်လို ဖြစ်မလား မသိဘူး။ သူက လူတစ်ယောက်သေရင် အဲဒီကိုသွားရတယ်၊ သေသွားတဲ့သူ ဘဝပြောင်းပြီး ဘယ်ကိုသွားရမလဲဆိုတာ မသိဘဲ ယောင်လည်လည်ဖြစ်နေခဲ့ရင်သူက လမ်းညွှန်ပေးရတယ်။ ငရဲသွားရမယ့် လူကို ငရဲသားတွေ လက်ထဲပို့ပေး။ နတ်ဘုံသွားရမယ့်လူကို နတ်တမန် လက်ထဲပို့ပေးရတယ် ဆိုပါတော့ကွာ"

"ငါသေတုန်းက အဲဒီဘိုးတရွှေ ဘာလို့ မလာတာလဲ"

"ငါလည်း ရှင်းအောင်မပြောတတ်ဘူး တရွှေကောင်ရာ၊ ငါသိထားတဲ့အတိုင်း ပြန်ပြောရတာ၊ မင်းနားမထောင်ချင်လည်း ဆက်မပြောတော့ဘူးကွာ"

အရေးထဲ သူက ဈေးကိုင်နေသည်။

"ပြောပါကွာ၊ မင်းသိတာပဲ ပြန်ပြောပါ၊ နားထောင်ပါ့မယ်ကွာ"

"ဘိုးတရွှေဆိုတာ လူတော့ လူပဲ၊ ဒါပေမယ့် လူမဟုတ်ဘူး။ ဘယ်လိုလဲဆိုတော့ မင်းတို့ငါတို့က သွေးမရှိဘူး၊ အသားမရှိဘူး။ ဘိုးတရွှေက လူတွေလိုပဲ၊ သွေးနဲ့သားနဲ့ လူလိုပဲ ဝတ်စားတယ်။ ဒါပဲ မှတ်ထားဦးကွာ"

"အေးပါကွာ၊ မင်းဒါပဲသိလား"

"နားကားကြီးက ပြောတာရှိသေးတယ်၊ ဘိုးတရွှေဟာ မြေလတ်ဒေသက မြို့တွေရွာတွေအတွက် တာဝန်ယူရတယ်တဲ့၊ ငါ့ဇာတိက အပိုင်ထဲမှာ ဆိုတော့ ငါ



www.burmeseclassic.com

www.burmeseclassic.com

ဝင်စားရမယ့် အချိန်ကျတဲ့အခါ ငါ့ကို လာခေါ်မယ်လို့ ပြောတယ်"

ဩော်···ခုန နားကားကြီးကို "ဘိုးတစ္ဆေလာသလား။ ရွာထဲရောက်နေလား" လို့အမောတကောမေးခဲ့သည့် ပြိတ္တာ၏ ဖြစ်ပျက်ပုံအား သဘောပေါက်လိုက်မိသည်။

"ဒါကြောင့် ခုန မင်း ဝမ်းသာအားရဖြစ်သွားခဲ့တာကိုး"

"ဟုတ်တယ် တစ္ဆေကောင်းရေ၊ ခုတော့ အားငယ်သလိုတောင် ဖြစ်သွားပြီကွာ"

"ပြိတ္တာရယ် မင်းကမှဘိုးတစ္ဆေလာခေါ်မယ်ဆိုတဲ့ မျှော်လင့်ချက်ရှိသေးတယ်။ ငါဆို ဟိုနေ့က ဆရာတော့်စကားတွေ ကြားပြီး အစားအစာတောင် ခံမင်မှုမရှိတော့ဘူး"

သူ ညှိုးငယ်သွားသည်ထက် ကျွန်ုပ်မှာ ပို၍ပင် အားယားပျော့ နွမ်းလျသွားသဖြင့် သူက ဖြေသိမ့်စကားဆိုသည်။

"အားမလျှော့နဲ့ တစ္ဆေကောင်၊ ငါ့အတွက် ဘိုးတစ္ဆေ ရှိသလို မင်းအတွက် နားကားကြီးဖြစ်မယ်ထင်တယ်ကွ"

သူ့ထင်မြင်ချက် မှန်နိုင် မမှန်နိုင်မှာ မရေရာပေ။ သို့သော်လည်း ကျွန်ုပ်၏အားလျှော့ချင်စိတ်ကို သံပတ်ပြန်တင်းလိုက်မိ၏။ သို့အတွက် ပြိတ္တာကို ကျေးဇူးတင်မိရသည်။

"မင်းပြောသလိုဖြစ်ရင်ကောင်းသားပေါ့ကွာ"

"အကျွတ်အလွတ်ပွဲတုန်းက ဒီရွာက တစ္ဆေ၊ သရဲ ပြိတ္တာတွေ သွားချင်ရာသွား၊ ရောက်ချင်ရာရောက်နေတာကို နားကားကြီး လိုက်ခေါ်စုဝေးခဲ့တာပဲ၊ မင်းတို့ရွာက ပြိတ္တာဖြစ်တဲ့လူတွေကို နေဖို့လည်း သူပဲ နေရာသတ်မှတ်ပေးတယ် မဟုတ်လား။ ငရဲသားလက်ထဲ အပ်တာတို့ နတ်တမန်ဆီအပ်တာတို့ပဲ မမြင်တွေ့ဖူးတာ၊ ဒါလည်းရှိချင်ရှိခဲ့မှာပေါ့ကွာ"

ပြိတ္တာကောင်က လိုရာဆွဲပြီး ဖြစ်နိုင်ချေများဖြင့် သီကုံးဖွဲ့နွဲ့နေသည်။ ဘာပဲဖြစ်ဖြစ် အနာဒထဲရာတစ်ခု၏ နားကျင်မှုဝေဒနာ သက်သာသွားသလိုတော့ဖြစ်ရပေသည်။

"ဘိုးတစ္ဆေ လာတယ်လို့ နားကားကြီး ဘယ်ကကြားလာလဲ မသိဘူးနော်"

ကျွန်ုပ်တို့သည် မယ်ဆင့်အိမ်ကိုလှမ်းမြင်နေရလေပြီ။ဘူးစင်အောက်၌ ကွပ်ပျစ်ခင်းထား၏။ ကွပ်ပျစ်ပေါ်၌ လူ ၁၀ ဦးခန့်ထိုင်နိုင်သည်။ ဘူးပင်တွင် ဘူးပင်အညွန့်ထောင်ကာ စပင်ရှိသေးသည်မို့စင်ပေါ်သို့မရောက်သေး။

တိမ်စင်လရောင်အောက်၌ လူများစွာကို အဝေးမှ မြင်တွေ့နေရ၏။

"ဟိုမှာကြည့်လေ။ စကားဝိုင်းကောင်းနေပြီ။ သူတို့ပြောတဲ့ အထဲမှာ ဘိုးတစ္ဆေ၊ ဘိုးတစ္ဆေဆိုတာ ခဏခဏ ပါမှာပဲ မဟုတ်လား။ အဲဒါကို နားကားကြီးကြားသွားလို့ လာပြီးရှာတာနေမှာပေါ့"

"နားကားကြီးက သချိုင်း··· ရွာစွန်သချိုင်းက ဘန့်ဘွေးပင်ပေါ်ကနေ ကြားနိုင်ပါ့မလား ပြိတ္တာရာ"

"ကြားနိုင်တယ်။ ရွာတစ်ဘက်စွန်းက ဘုန်းကြီးကျောင်းက အသံလည်း သူက ဘန့်ဘွေးပင်ပေါ်ကနေပြီးကြားနိုင်တယ်၊ ထန်းတစ်ပင်ကားလမ်းမပေါ်က လှပဒါးရွာက အသံလည်းကြားနိုင်တယ်၊ ဘုရားလမ်းရွာမှာ ကားပေါ်ကကျသေတဲ့ ငါ့ဆီရောက်လာတာလည်း သေနတ်သံကြားလို့ လာကြည့်တာပဲကွ၊ နားကားကြီးပါဆိုမှ ကြားနိုင်တာပေါ့ကွ"

မယ်ဆင့်အိမ်ရှေ့ ကွပ်ပျစ်နှင့် အိမ်ဦးပစာ အဆင့်သည် တစ်လံခန့်သာကွာသည်။ ကွပ်ပျစ်ပေါ်ရော ကွပ်ပျစ်ဘေးမှာပါရပ်လျက် နားထောင်နေသူများသည် အိမ်ဦးပစာအဆင့်ပေါ်ရှိ ထိုင်နေသူများနှင့် တစ်ဆက်တည်းဖြစ်နေသည်။

ကျွန်ုပ်တို့သည် အိမ်ဝင်းထောင့်ရှိ ကွမ်းသီးပင်လေးငါးပင်ကို အကာအကွယ်ယူ၍ ရပ်လိုက်သည်။ ကျွန်ုပ်တို့အား နွားတင်းကုပ်အတွင်းမှ နွားများမြင်တွေ့မည်စိုးသောကြောင့် ဖြစ်သည်။ ထိုနွားတင်းကုပ်ထဲရှိ တိုင်



www.burmeseclassic.com

www.burmeseclassic.com

တစ်တိုင်၌ ခွေးတစ်ကောင် ကြိုးချည်ထားလျက် ခွေအိပ်နေသည်မှ ခွေးအတွက် စိတ်အေးလက်အေး ဖြစ်ရသည်။ စကားဝိုင်းနှင့် ငါးလံခန့်ဝေးသော်လည်း ပရိသတ်အားလုံးကို သဲကွဲစွာမြင်ရသလို စကားသံများကိုလည်း ရှင်းလင်းစွာ ကြားနေရသည်။

"အဲဒီလူကြီးက တစ်ရွာဝင် တစ်ရွာထွက်သွားလာနေတာ ကျုပ်တို့ မြေလတ်တကြောဆိုပါတော့။ သူဝင်သွားတဲ့ ရွာကလည်း သူဝင်လာတဲ့နေ့မှာ လူသေနေတတ်တယ်"

ကပ္ပိယကြီးက ရေနွေးတစ်ပန်းကန် ကောက်ယူလိုက်သည်။

"သူက အဲဒီရွာမှာ လူသေတာ သိလို့လာတာလား။ တိုက်ဆိုင်တာလား"

မတ်တတ်ရပ် နားထောင်သူတစ်ဦးက မေးသည်။ ကပ္ပိယကြီးက ထိုလူကိုလှည့်ကြည့်ပြီး လက်ထဲမှ အကြမ်းပန်းကန်ကို မှုတ်၍မှုတ်၍ သောက်သည်။

"နေဦးဗျ။ အဲဒါကိုနောက်ပိုင်းမှာ ရှင်းသွားလိမ့်မယ်၊ အခုဘိုးတစ္ဆေ ရွာထဲဝင်လာပြီး လူသေတဲ့အိမ်ကို ဟန်းသွားတယ်၊ သူဘယ်ရွာကပါ။ ဘယ်ရွာကိုသွားမလို့ပါ။ အစာ မစားရတာကြာပြီ၊ ဘယ်နှရက်ရှိပြီ၊ သူ့ကိုနိုင်းပါ။ ရက်လည်တဲ့အထိ ထင်းပေါက်ရေခပ်အားလုံးလုပ်ပေးပါ့မယ်၊ ထမင်းစားရရင်တော်ပါပြီ၊ ပိုက်ဆံငွေကြေးမလိုချင်ပါဘူး။ အိပ်ဖို့ကတော့ လက်ခံပြီးထားရင်ထားတဲ့နေရာမှာ အိပ်ပါ့မယ်၊ လက်မခံရင် ဇရပ်ရှိရင် ဇရပ်၊ မရှိရင် ထန်းတဲ၊ ဒါမှမဟုတ် ဘုန်းကြီးကျောင်းမှာနေပါ့မယ်လို့ ပြောတယ်၊ ဒီလိုပြောတော့ အဘိုးကြီးကြည့်တော့ အဝတ်အစားကလည်း ဖျင်ပုဆိုး ဖျင်အင်္ကျီပေမယ့် လျှော်ဖွပ်ထားသလို သန့်ရှင်းတော့ အသုဘအရှင်တွေ အိမ်မှာပဲနေဖို့ လက်ခံကြတယ်"

ကပ္ပိယကြီးစကားကို ခေတ္တ ရပ်ပြီးငုံ့ထားသည့်ရေနွေးကြမ်းသောက်နေစဉ်နားထောင်သူပရိသတ်မှာ အပ်ကျသံကြားရမတတ် တိတ်ဆိတ်ငြိမ်သက်နေကြသည်။

"အဲဒါနဲ့ တချို့ရွာမှာရက်လည်တဲ့အထိ၊ တချို့ရွာမှာ သုံးရက်၊ နှစ်ရက်နေသွားတယ်၊ ဒါမှ မဟုတ်လည်း တစ်ရက်ပဲနေပြီး နောက်တစ်နေ့မှာ နှုတ်ဆက်ပြီး ထွက်သွားတယ်၊ သူပြောသလို ထင်းခွေ၊ ထင်းပေါက်၊ ရေခပ်တွေလုပ်တာကတော့ မထူးဆန်းဘူးပေါ့။ ဒါပေမယ့် သေသူဟာ အခုဘယ်အပင်မှာနေနေတယ်၊ ဘယ်နေ့မှာ သူကြိုက်တဲ့ အစားအစာချက်ပြုတ်ပြီး သွားကျွေးပါ။ ဘယ်နေ့မှာ တရားနာမယ်၊ သာဓုခေါ်ဖို့ ခေါ်ခဲ့ပါ။ အဲဒီအပင်က အရွက်တစ်ရွက်ခူးပြီး ယူလာပါ။ အိမ်ခြံဝမှာ ချထားပါ။ မနက်တစ်ကြိမ် ညနေတစ်ကြိမ် အဲဒီအရွက်ချထားတဲ့နေရာမှာ အစားအစာကျွေးပါ။ ဆွမ်းသွတ် တရားနာပြီးတဲ့အခါ အဲဒီအရွက်နားကိုလာပြီး အမျှပေးဝေပါဆိုပြီးမှာကြားပြောဆိုတယ်၊ ခုနစ်ရက်မှ ဆွမ်းသွပ်ရင် ခုနစ်ရက်နေပြီးမှ ထွက်သွားတယ်၊ ကောင်းရာသုဂတိဘုံရောက်သွားတဲ့သူ တွေကျတော့ အဲဒီရွာမှာ တစ်ရက် နှစ်ရက်ပဲနေပြီး ပြန်တယ်၊ လုပ်ပေးစရာ ကိုင်ပေးစရာတွေလည်း မပြောဘူး၊ ပြောဖို့ မလိုလို့ပေါ့"

"သူက သေသူ မကျွတ်သေးတာ၊ နတ်ဖြစ်တာကို သိလို့ဖြစ်မှာပေါ့"

ဦးတင်မြက ထင်မြင်ချက်ပေးသည်။

"နေဦးဗျ၊ အဲဒီအလေ့အထတွေဟာ ကျုပ်တို့ မြေလတ်ဒေသတွေမှာ အရင်က မရှိခဲ့ဘူး။ မရှိဆိုကျုပ်တို့ဒေသမှာက သင်္ချိုင်းမြေရယ်လို့ သတ်သတ်မှတ်မှတ် မရှိဘူးလေ။ ထန်းတောမှာသေရင် ထန်းတောမှာမြှုပ်၊ ယာထဲမှာသေရင် ယာထဲမြှုပ်၊ အိမ်ဝိုင်းထဲမှာပဲ ဆွေစဉ်မျိုးဆက်တွေ မြှုပ်ခဲ့ကြတာဗျ၊ စစ်မီးတွေငြိမ်းပြီး ကုလားဖြူတွေ ပြေးတော့မှ သင်္ချိုင်းရယ်လို့ရှိလာခဲ့တာမဟုတ်လား။ အဲဒီမှာ ဘိုးတစ္ဆေပေါ်လာပြီး ခုန ထုံးစံတွေ ဖြစ်လာခဲ့တယ်။ တချို့ရွာက



www.burmeseclassic.com

www.burmeseclassic.com

ဘိုးတရွှေ စီစဉ်ဆောင်ရွက်တာ သဘောကျပြီး အသုဘအိမ်က မဟုတ်ဘဲ တခြားအိမ်က သူ့ကို ဖိတ်ကြားပြီး ကောင်းကောင်းကျွေးတယ်၊ သူက မစားဘူး၊ သူ့ကို အသုဘအိမ်က အစားအသောက်ပဲ စားသောက်ခွင့်ပြုထားတယ်တဲ့"

"ဒုံးလောကမှာ လူမသေတဲ့ အိမ်ရယ်လို့ မရှိတော့ အသုဘအိမ်ဆိုတာ နေ့စဉ်မပြတ် ပေါ်ပေါက်နေမှာပဲ"

ကျော်စွာက အတွေးအခေါ်တစ်ခုကို စဉ်းစားပြီးပြောလိုက်သည်။

"အဲဒါ ပြောမလို့ပေါ့ မောင်ကျော်စွာရဲ့ တစ်ရွာနဲ့တစ်ရွာ နာရေးကိစ္စနဲ့ပတ်သက်ပြီး သူ့ရွာ ငါ့ရွာ ခွဲခြားပြီး ညီညွတ်ရောက်မှုတွေ ရှိတယ် မဟုတ်လား"

"ဒါက ဆွေမျိုးသားချင်း မိတ်ဆွေဝတ္တရားကိုး ကပ္ပိယကြီးရဲ့"

"ဟုတ်တယ် ဦးတင်မြရ၊ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် အဘိုးကြီးအကြောင်း ပြောမိကြပြီး ဘိုးတရွှေအကြောင်းက မထူးဆန်းတော့သလိုဖြစ်လာတယ်၊ ဒါပေမယ့် နောက်တော့ ထူးဆန်းလာတယ် ဦးတင်မြရ"

"ဘယ်လိုထူးဆန်းတာလဲ"

"ဘိုးတရွှေအကြောင်း စပြီး ပေါ်လာတာ ကျုပ်တို့ အဘိုးအဘွား လက်ထက်က၊ နောက်ကျုပ်တို့အဖေ အမေလက်ထက်အထိ ဆိုတော့ နှစ်ငါးဆယ်အနည်းဆုံး ရှိမနေဘူးလား"

"အင်း . . . နှစ်ငါးဆယ်တောင် ကျော်မှ ကမယ်"

ဦးတင်မြ က ဝင်ထောက်ပေးလိုက်သည်။

"ကျုပ်အစ်မကြီး . . ဆရာတော်ရဲ့မိခင်ကြီးဆုံးတော့ ဘိုးတရွှေရောက်လာတယ်။ ကဲ . . . ဘိုးတရွှေအသက် အနည်းဆုံး ဘယ်လောက်ရှိမယ် ထင်သလဲဗျာ"

"တစ်ရာကျော်မှာပေါ့။ တော်တော်အသက်ရှည်တာပဲ"

"မဟုတ်ဘူးဗျ။ အသက်ခြောက်ဆယ်ကျော်အရွယ်ပဲ ရှိသေးတယ်"

"ဟင် . . ."

"ဟာ . . ."

"အို . . ."

"ဘယ်လို"

စကားဝိုင်းသည် အာမေဋိတ်သံများ ပွတ်လောရိုက်သွားသည်။ ကွပ်ပျစ်ပေါ်နှင့် အိမ်ပေါ်၌ထိုင်နေသူများ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဝိုင်း၍ရပ်လျက် နားထောင်နေသူများလည်းတစ်ဦးနှင့်တစ်ဦး ပို၍ ပူးကပ်သွားကြသည်။ အပျိုပေါက် သရဖီဦးသည် သူ့မိခင် ပေါင်ပေါ်ရောက်လုမတတ် တိုးဝှေ့လိုက်၏။ သရဖီဦး ပခုံးလေးအား တင်းကျပ်စွာ ပွေ့ဖက်လိုက်သော သရဖီဦးအမေ၏ လက်ပေါ်သို့ မယ်ဆင့်လက်တစ်ဘက် ထပ်တင်အုပ်ကိုင်ထားသည်။ အပျိုမလေး သရဖီဦးမှာ မိခင်ကြီးနှင့် ကြီးမေတော်သူ မယ်ဆင့်အကြား ထိုင်နေရသည်မှာ ယခုမှ လုံခြုံမှုရှိသွားဟန်ဖြင့် သက်ပြင်းမောလေး တိတ်တခိုးချလိုက်တော့၏။

ပြီးတော့ ရွာတစ်ရွာဆိုတာ တစ်နှစ်မိုးတွင်းမှာတင်ပဲ သေသူနှစ်ယောက်ရှိတဲ့ရွာ၊ သုံးလေးငါးယောက်ရှိတဲ့ရွာဆိုပြီး ရှိတတ်တာ မဟုတ်လား၊ လေးငါးနှစ်မှ သေဆုံးသူ တစ်ကြိမ်ပေါ်ပေါက်တာမျိုးလည်း ရှိသလို တစ်ရွာတည်းမှာပဲ မသာတစ်ခုရက်မလည်ခင် နောက်မသာတစ်လောင်းပေါ်ရင် ပေါ်တတ်တယ် မဟုတ်လား"

"ဟုတ်ပါ့ ကပ္ပိယကြီးရယ်၊ သေခြင်းတရားကို ဘယ်သူကြိုသိနိုင်မလဲဗျာ၊ ကွေးသောလက် မဆန့်ခင် ဆန့်သောလက် မကွေးခင်လို့ ဆိုစကားရှိတယ်လေ၊ ရပ်နေရင်းကနေ ဖြုန်းဆိုတုန်းခနဲလဲပြီး သေသွားတာ၊ အိပ်ပျော်နေရင်းကနေ အသက်ထွက်တာတွေမှ တစ်ပုံကြီး ကြားဖူးကြမှာပေါ့"

ဆက်ပါဦးမည် . . . .

**မောင်ဟိန်းကျော်**



www.burmeseclassic.com

www.burmeseclassic.com



# ဥဩငှက်၏ ဒဏ္ဍာရီ

မောင်မောင် [ပိတောက်မြိုင်]

တစ်နေ့ ရုပ်မြင်သံကြားမှ ဟောကြားတော်မူသော တရားတော်ကို နာဖြစ်ခဲ့သည်။ ဆရာတော်၏ တရားတော်ထဲမှ မှတ်သားစရာတစ်ခုကို သတိရမိပါသည်။

"ဒကာကြီး၊ ဒကာမကြီးတို့ နေ့စဉ်ပြောဆိုနေကြတဲ့ စကားအကြောင်း အနည်းငယ်ပြောပြချင်ပါတယ်။ စကားဆိုတာ သူ့နေရာနှင့်သူ ပြောကြရတယ်။ ပြောသင့်သည့်အချိန်မှ ပြောရတယ်။ မပြောခင် စဉ်းစားရတယ်။ ပြောနေရင်းလည်း စဉ်းစားရတယ်။ ပြောပြီးတော့လည်း ပြန်စဉ်းစားရတယ်။ သို့မဟုတ်ပါက စကားတစ်လုံးသည် မိမိအတွက် အန္တရာယ်ကြီးတတ်တယ်။ ဒုက္ခလည်း ပေးနိုင်တယ်"

ဆရာတော်က ဥဩငှက်ကလေးတစ်ကောင်၏ ဖြစ်စဉ်ကို ပမာပြု၍ ဆက်လက်ဟောကြားခဲ့သည်။

"တစ်ရံရောအခါက ဘုရင်ကြီးတစ်ပါးဟာ မှူးမတ်အပေါင်း ခြံရံလျက် ဥယျာဉ်တော်အတွင်း အပန်းဖြေထွက်လာခဲ့တယ်။ သစ်ရိပ်ကောင်း
ကျောက်ဖျာကြီးတစ်ခုပေါ်တွင် ထိုင်
စဉ် သူ့အနီးသို့ ငှက်ကလေးတစ်
ဖုတ်ကနဲ ကျလာတယ်။ ကြည့်
တော့ သွေးသံရဲရဲဖြင့် ငှက်က
အသက်ပျောက်နေတာကို တွေ့
တယ်"

"ဘုရင်ကြီး စိတ်မကော
သွားတယ်။ အကျိုးအကြောင်း
တာနဲ့ ပါလာသော ပညာရှိအမတ်
ကို မေးမြန်းတော်မူပါတယ်။ ပ

www.burmeseclassic.com

အမတ်ကြီးက သစ်ပင်ပေါ်မော့ကြည့်လျက် ဖြစ်ပွားပုံကို မလျှောက်တင်ပါတယ်"

"မှန်လှပါ အရှင်မင်းကြီး။ ဒီငှက်သတ္တဝါလေးဟာ ဟိုးသစ်ပင်ထက်က အသိုက်အမြုံတဲမှ ကျလာပြီး သေဆုံးသွားတာ ဖြစ်ပါတယ်ဘုရား။ ဒီငှက်ကလေးဟာ ဥသြငှက်ကလေး ဖြစ်ပါတယ်ဘုရား"

"ဥသြငှက်ဟာ ကျီးကန်းငှက်နဲ့ သဏ္ဌာန်တူပါတယ်။ သူတို့ရဲ့ သဘာဝကလည်း ထူးဆန်းသလိုရှိပါတယ်။ ကိုယ်ပိုင် အသိုက်အမြုံလုပ်၍ ဥလေ့ပေါက်လေ့ မရှိကြပါဘူး။ အချိန်ကျလို့ ဥချိန်ရောက်လျှင် ကျီးကန်းများရဲ့ အသိုက်အမြုံထဲမှာဥပြီး ထားပစ်ခဲ့ကြပါတယ်"

"အချိန်တန်လို့ အကောင်လေးပေါက်လာတဲ့အခါ ငယ်စဉ်မှာ ကျီးမကြီး က သူ့သားအမှတ်နဲ့ပဲ စောင့်ရှောက်နေခဲ့တယ်။ အသံလေး ထွက်မလာခင်မှာတော့ ပြဿနာမရှိပါဘူး။ ငှက်တို့ဘာဝ အသံလေးထွက်လာတဲ့အခါမှာ ပြဿနာတက်တော့တာပါပဲ"

"ဒီငှက်ကလေးဟာ အတောင်အလက်မစုံခင်မှာ ဥသြ ဥသြလို့ အော်လိုက်တော့ ကျီးမကြီးက ဒါ သူ့သားမဟုတ်ဘူးဆိုပြီး ထိုးဆိတ်ရန်ပြုလိုက်ရာက အောက်ကျသေဆုံးရတာပါဘုရား။ အကယ်၍ အတောင်အလက်စုံမှ အော်လိုက်မိရင် အန္တရာယ်နဲ့တွေ့ပါက ပျံသန်းသွားနိုင်တာပေါ့ဘုရား"

"မှန်ပါပေတယ် အမတ်ကြီးရယ်။ စကားဆိုတာက ပြောသင့်တဲ့အချိန် ပြောသင့်တဲ့နေရာမှာ ပြောတာ အကောင်းဆုံးမဟုတ်လားအမတ်ကြီး"

"မှန်ပါဘုရား မှန်ပါဘုရား"

ဆရာတော်၏ ဥသြငှက်ကို ပမာပြုဟောကြားတော်မူသော တရားတော်ကတော့ ဤမှာပင် အဆုံးသတ်သွားပါသည်။

× × ×

ဥသြငှက်များနှင့် ပတ်သက်၍ မိမိသတိပြုမိသည်များ ရှိခဲ့ပါသည်။ ဥသြငှက်သည် မိုးရာသီတွင် တွေ့ရခဲပါသည်။ နွေဦးပေါက်ပြီဆိုလျှင် ဥသြငှက်သံလေးများ ကြားရတတ်ပါသည်။ ပိတောက်နှင့် သင်္ကြန်၊ သင်္ကြန်နှင့် ပိတောက် ခွဲမရဆိုသော စကားနှင့်အညီ နွေဦးနှင့် ဥသြ၊ ဥသြနှင့် နွေဦးသည်လည်း ခွဲမရဟု ဆိုရပေမည်။

ဥသြငှက် ဆိုသည်မှာ အသွင်သဏ္ဌာန်အားဖြင့် ကျီးကန်းနှင့် ခွဲမရအောင်တူသည်။ အသေအချာကြည့်သည့်အခါ ကျီးကန်းထက် ကိုယ်လုံးကိုယ်ထည် သေးဟန်ရှိသည်။ အမြီးက နည်းနည်းကား၍ ရှည်သယောင်ရှိသည်။

ဥသြငှက်သည် အထီးကျန် တစ်ကောင်တည်းတွေ့ရတတ်သည်။ တစ်နေရာရာတွင် ကြာကြာမနေ။ ခဏမျှသာနေလျက် ပျံသန်းသွားတတ်သည်။ မကြာမီ နေရာပြောင်းသို့ ပြန်ရောက်လာတတ်သည်။ ဂနာမငြိမ်သော သတ္တဝါလေးဟု ဆိုရပေတော့မည်။

သူ့အသွင်သဏ္ဌာန်က ကျီးကန်းနှင့် ခွဲမရအောင်တူသည်။ သို့သော်လည်း ကျီးကန်းများကဲ့သို့ "အာ အာ"ဟု အော်လေ့မရှိသည်ကို သတိထားမိသည်။

သူ့အသံက ကျီးကန်းသံနှင့်မတူ။ တစ်မူထူးခြားသည်မှာ အမှန်ဖြစ်သည်။ သူ့အသံလေးက သာယာသလိုတော့ရှိသည်။ သူအော်ပြီပေါ့ဆိုလျှင် အဆက်မပြတ် အော်နေတော့သည်။ ရင်ကွဲမတတ်ဟုပင် ဆိုနိုင်ပေသည်။

ကျီးကန်းသဏ္ဌာန်ရှိသော ဤငှက်ကလေးက ကျီးကန်းသံမထွက်ဘဲ အသံတစ်မျိုးထွက်နေသည်ကို လူတို့၏နားတွင် ဥသြ ဥသြဟု မည်သို့မည်ပုံကြားယောင်နေကြသည်မသိ။ ဒီငှက်ကလေး၏ အသံကြားလျှင် လူတို့၏နားတွင် "ဥသြ ဥသြ"ဟုပင် စွဲနေကြသည်က တကယ်တော့ ငှက်တို့ဘာဝ သူ့သဘာဝ၊ သူ့ဓလေ့အတိုင်း အော်မြည်နေခြင်း ဖြစ်ပေမည်။ မည်သို့ပင်ဆိုစေ သူ့အသံလေးကြားရသည်မှာ ကြေကွဲစရာလိုလို လွမ်းဆွတ်တမ်းတစရာလိုလို ခံစားရသည်မှာ အမှန်ပင်ဖြစ်သည်။

× × ×

ဥသြငှက်နှင့် ပတ်သက်၍ မိမိငယ်စဉ်က လူကြီးသူမများ ပြောကြသည်ကို ကြားဖူးသည်များ ရှိခဲ့သည်။ ဥသြဆိုတာ ကျီးကန်းအမျိုးအနွယ်က ပေါက်ဖွားလာခြင်းဖြစ်ကြောင်း၊ ကျီးကန်းတို့သဘာဝသည် ဥနှစ်လုံးသာ ပေါက်လေ့ရှိကြောင်း။ အကောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com

များ ပေါက်လာပါက အထီးလေးသည် အမေကျီးမကြီးနှင့်လည်းကောင်း၊ ကျီးမလေးသည် အဖေကျီးဖိုကြီးနှင့်လည်းကောင်း ပျံသွားလေ့ရှိကြောင်း။

ဖြစ်တောင့်ဖြစ်ခဲ တချို့သော ကျီးမသည် ဥသုံးလုံး ဥတတ်ကြကြောင်း။ ပေါက်လာသော ကျီးလေးများမှ အထီးက အမေနှင့်လိုက်သွားပြီး အမလေးက အဖေနှင့်လိုက်သွားခဲ့ရာ ကျန်တစ်ကောင်သည် ဥသြဖြစ်သည်ဟု ဆိုကြပါသည်။

ဥသြငှက်နှင့်ပတ်သက်၍ အမျိုးမျိုးပြောကြသည်များလည်း ရှိသည်။ မိမိမိတ်ဆွေ ဦးသန်းလှကြားဖူးသည်ကလည်း စိတ်ဝင်စားစရာဖြစ်သည်။ ကျီးကန်းမသည် တစ်ခါတစ်ရံ သုံးကောင်ပေါက်တတ်ကြောင်း။ တစ်ကောင်ကိုစွန့်ပစ်ခဲ့သဖြင့် ထိုကျီးလေးက အဖေပျောက်၊ အမေပျောက်ကို အသံကုန်ဟစ်၍ အော်မြည်လျက် ရှာဖွေခဲ့သည်။

သူ့အသံက ကျီးသဘာဝ "အာ အာ"ဟု ထွက်မလာဘဲ သနားကြင်နာသော အသံတစ်မျိုး ထွက်နေသည်။ ဤသည်ကို လူသားတွေက "ဥသြ ဥသြ"လို့ ကြားယောင်နေကြသည်။ ဤသည်ကိုအစွဲပြု၍ ဥသြငှက်တစ်မျိုးဟု သမုတ်လာကြခြင်း ဖြစ်သည်။ တကယ်တော့ ဥသြဆိုတာ ကျီးကန်းလေး အဖေပျောက်၊ အမေပျောက်ရှာရာက ဖြစ်လာတာပါဟု ဆိုပါသည်။

ကျွန်တော့်ဆရာ ဦးတင်ကြည် ပြောပြသည်ကလည်း တစ်မျိုးတစ်ဖုံဖြစ်သည်။ ဥသြဆိုတာ ကျီးကန်းအမျိုးအနွယ်ပါပဲ။ ကျီးကန်းလေးတွေဟာ အချိန်တန် အရွယ်ရောက်လာသည့်အခါ အထီးသော်လည်းကောင်း၊ အမသော်လည်းကောင်း တစ်ကောင်တည်း အထီးကျန်ဘဝဖြင့် မနေလိုကြကြောင်း။

အဖော်(သို့မဟုတ်)ချစ်သူ ရှာတတ်ကြသည်။ တမ်းတတတ်ကြသည်။

ကျီးကန်းတို့ဘာဝ "အား အား" ဟု အသံမျိုးမဟုတ်တော့ဘဲ ဖိုသံပေး၊ မသံပေး တွတ်တီးတွတ်တာ အခရာ ပြုသံချွဲသံလေးများဖြင့် အော်မြည်ခဲ့ရာ လူသားတို့နားထဲ "ဥသြ ဥသြ"ဟု ကြားယောင်လာခြင်းသာဖြစ်ကြောင်း အဲသည်ကစ၍ ဥသြဆိုတာ ဖြစ်လာတာပါဟု ဆိုပြန်ပါသည်။

ဥသြငှက်နှင့်ပတ်သက်၍ ဒဏ္ဍာရီလို့ပဲဆိုဆို၊ ပုံပြင်လို့ပဲပြောပြော စိတ်ဝင်စားစရာကောင်းသည်ကတော့ အမှန်ပင်ဖြစ်သည်။ ဥသြနှင့်နွေဦး၊ နွေဦးနှင့် ဥသြ ခွဲမရသည်ကလည်း အမှန်ပင်ဖြစ်သည်။

နွေဦးရောက်ရင်ဖြင့် ဥသြသံလေး ကြားရစမြဲဖြစ်သည်။ သူ့အသံလေးကလည်း သာယာဖွယ်လည်းကောင်းသည်။ လွမ်းဆွတ်ဖွယ်လည်းကောင်းသည်။ သနားစရာလည်း ကောင်းပါသည်။

ဩော် . . . ဥသြငှက်ကလေးရယ်။

**မောင်မောင်(ဗိုတောက်မြိုင်)**


**အောက်ပါဌာနများသို့**
**လှူဒါန်းလိုပါလျှင်...**

HIV ပိုးကူးဆက်ခံ
မိဘမဲ့ကလေးများ၏
သုခရိပ်မြုံဂေဟာ
၀၁–၅၈၁၉၅၅

ဆည်းဆာရိပ်
ဂီလာနဘိုးဘွားရိပ်သာ
၀၉–၇၃၀–၁၈၀၀၇

နာရေးကူညီမှုအသင်းသို့
လှူဒါန်းလိုလျှင်ဖြစ်စေ
အကူအညီလိုလျှင်ဖြစ်စေ
ဆက်သွယ်ရန်...
၆၃၉၄၉၀
၇၀၆၂၇၇
၅၈၁၃၆၃
၇၀၄၇၈၄




www.burmeseclassic.com

www.burmeseclassic.com

# မြည်တွင်းမြည်ပ ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

### လူ့ဝင်စားသံသရာ

လူ့ဘဝဆိုသည်မှာ လူ့နာမ်၊ လူ့ခန္ဓာစုပေါင်း၍ လူဟု ဖြစ်နေသည်ကိုပင် လူ့ဘဝဟု ခေါ်လေသည်။ လူ့ဘဝသည် ချမ်းသာအမျိုးမျိုးကို ပေးနိုင်သော ဘဝပဒေသာပင်ကြီးဖြစ်သဖြင့် ဤလူ့ဘဝ၏ တန်ဖိုးကို မည်သူမျှ အကဲမဖြတ်နိုင်ချေ။ ဤလူ့ဘဝ၏ တန်ဖိုးကြီးကျယ်ပုံမှာ နတ်မင်း၊ သိကြားမင်းတို့၏ဘဝနှင့် စည်းစိမ်ချမ်းသာကိုရရန် လူ့ဘဝမှာ အခြေစိုက်၍ တည်ထောင်ရသည်။ ဗြဟ္မာမင်းတို့၏ ဘဝနှင့် ဘုန်းတန်ခိုးဣဒ္ဓိပါဒ် ချမ်းသာတို့ကိုရရန်လည်း လူ့ဘဝမှာပင် အခြေစိုက်၍ တည်ထောင်ရသည်။ လူ့ပြည်၌ သူဌေး၊ ကေရာဇ်၊ စကြဝတေးမင်းတို့၏ ဘဝနှင့် စည်းစိမ်ချမ်းသာတို့ကို ရရန်လည်း လူ့ဘဝမှာပင် အခြေစိုက်၍ တည်ထောင်ရလေသည်။

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ သာဝကဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိများကို ရတော်မူကြသော လူ၊ နတ်၊ ဗြဟ္မာ အရိယာအမော် ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်မြတ်တို့သည်လည်း မိမိတို့ဆိုင်ရာ ဗောဓိပန်းတိုင်များသို့ ရောက်ကြရန် ဤလူ့ဘဝမှာ အခြေတည်ခဲ့ကြလေသည်။

ဤသို့လျှင် လူ့ဘဝသည် ဘဝပဒေသာပင်ကြီးဖြစ်သဖြင့် ဤလူ့ဘဝတန် ဖိုးကို အဘယ်သူ အကဲဖြတ်နိုင်ပါမည်နည်း။ ဤသို့အကဲမဖြတ်နိုင်လောက်အောင် တန်ဖိုးရှိသော ဘဝပဒေသာပင်ကြီးဖြစ်သည့် လူ့ဘဝမှာ လူချမ်းသာ၊ နတ်ချမ်းသာများကို အစွမ်းရှိသမျှ ရယူနိုင်ရန် အခွင့်အရေးသည် လွယ်ကူသော အခွင့်အရေးမျိုး မဟုတ်ချေ။ ကမ္ဘာလောက၌ အလွန်တရာ ရနိုင်ခဲ့သည့် အခွင့်အရေးမျိုး ဖြစ်သောကြောင့်ပင် မနုဿတ္တဒုလ္လဘာ လူ့ဘဝရခဲသည်ဟု ဘုရားရှင် ဟောတော်မူခဲ့လေသည်။

*(ဆရာတော် ဦးသေဋ္ဌိလာဘိဝံသ၏ လူ့ဘဝ၏တန်ဖိုးမှ)*

* * *

မိပုတ်ကြီးတို့ ဤခရီး၎ှိသွားနေကျ။ အခုမှမဟုတ်။ ဟိုယခင်ကာလကတည်းကပင် ဇီးပနီရွာမှ ရွာထင်ရွာသို့ ဟင်းသီးဟင်းရွက် သွားရောင်းနေကျ။ ယနေ့တွင် သူညီမအငယ်မက အဖော်အဖြစ် ပါလာသည်။

အချိန်က နံနက် ၅ နာရီမျှသာ ရှိသေးသော်လည်း တော်တော်ပင် လင်းနေခဲ့သည်။ အရှေ့ကောင်းကင်မှာ ထွန်းလာသည့် ရောင်ခြည်အလင်းတို့ ပို၍ကဲသည်ကို လှမ်းမျှော်ကြည့်ရင်း စောစောကပိုတောက်ပနေသော သောကြာကြယ်ကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။

“မဆိုးဘူး။ ဒီနေ့တော့ တို့တွေ ပုံမှန်ထက် ပိုစောရောက်မယ်”

မိပုတ်ကြီးက ထိုသို့ပြောရန် ဟန်ပြင်ဆဲမှာပင် ရုတ်တရက် မိုးမှောင်ကြီး ကျသွားပေသည်။

“ဟင်…အစ်မ ဘယ်လိုဖြစ်တာလဲ”

အငယ်မက အထိတ်တလန့်မေးလိုက်မိသည်။

သူမ၏အကြောက်ကို နှစ်သိမ့်ရန် နေနေသာ မိပုတ်ကြီးကိုယ်တိုင် မျက်လုံးပြူး၊ မျက်ဆန်ပျာ ဖြစ်နေခဲ့သည်။

အသက်နှစ်ဆယ် ဤအရွယ်အထိ ဤသို့ လငပုပ်ဖမ်းသကဲ့သို့၊ နေကြတ်သကဲ့သို့ ရုတ်ခြည်းအမှောင်ကျသွားသည့် အဖြစ်မျိုးကို မိပုတ်ကြီးဘဝမှာ တစ်ခါမှ မကြုံဖူး၊ မကြားဖူး၊ မတွေ့ခဲ့ဖူးချေ။

တစ်ယောက်ကို တစ်ယောက်က ပြူးကြည့်မြဲ ကြည့်ခါမှ မြင်ရသလောက် ရုတ်တရက်ပင် ထိုအမှောင်ထုက လွင့်



www.burmeseclassic.com

www.burmeseclassic.com

ပြယ်သွားသည်။

ထိုအခါ သူတို့၏ရှေ့တည့်တည့် လမ်းပေါ်တွင် ပါးပျဉ်းထောင်နေသော မြွေဟောက်ကြီးတစ်ကောင်ကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရသည်။

မိပုတ်ကြီးတို့ညီအစ်မ ဇီးပနီရွာသို့ တစ်ချီးတည်း ပြန်လှည့်ပြေးခဲ့ကြသည်။

ကိုယ်ဝန်ရှိခါစ မိပုတ်ကြီးမှာ လန့်ဖျားဖျားပြီး အိပ်ရာထဲ အတော်ကြာကြာ လဲခဲ့သည်။ ထိုကာလတွင် လူနာလာမေးကြသည့် လူကြီးသူမတို့၏စကားက နားထဲသို့ မပြတ်မလပ်ဝင်လာသည်။ နားမထောင်လိုသော်လည်း ကြားနေခဲ့ရသည်။

"ဒါဟာ သန္ဓေသားနဲ့ပတ်သက်ပြီး ထူးခြားတဲ့ နိမိတ်တစ်ခုပဲ"

"ဆိုးမလား၊ ကောင်းမလားမသိပါဘူး။ ဒါပေမယ့် ခုဆို သူ့မှာ အစားပျက် အအိပ်ပျက်၊ အားကလည်းယုတ်နဲ့"

ဤစကားများကြောင့်ပင်လျှင်… မိပုတ်ကြီး၏ လင်တော်မောင် ကိုဘိုး၏ ခေါင်းထဲ အတွေးတစ်ခု ထပ်ခါထပ်ခါ ဝင်လာခဲ့သည်။ ထိုအတွေးက လွန်ခဲ့သောလေး ငါးလက မက်ခဲ့သည့် အိပ်မက်အကြောင်းပင် ဖြစ်သည်။ ထိုအိပ်မက်တွင် ကိုဘိုး၏ယောက်ဖ ကိုဘရှင်က ကလေးအဖြစ် ပြန်လည်ဝင်စားလိုပါသည်ဟု ပြောကြားလာခဲ့သည်။

ကိုဘိုးနှင့် ကိုဘရှင်တို့မှာ တည့်ကြသူများ မဟုတ်ခဲ့ရာ ကိုဘိုက သူ့မိသားစုတွင် လာရောက်ဝင်စားခွင့် မပြုလိုကြောင်း ပြောကြားငြင်းပယ်ပစ်လိုက်သည်။ သို့သော် သူ၏ဟန့်တားပိတ်ပင်ချက်က အရာမထင်ခဲ့ပြီလား။ ကိုဘိုတွေးစရာဖြစ်ခဲ့ရသည်။ ကိုဘရှင်သာ ဝင်စားရိုးမှန်ပါလျှင် မွေးလာသည့်ကလေးက သူ့ကို အကျိုးပေးမည့်ကလေး မဖြစ်နိုင်သည်က အမှန်ဟု ကိုဘိုခံယူမိ လိုက်သည်။ ယခင်ဘဝကလည်း ဘရှင် မည်သူ့ကို အကျိုးပြုခဲ့သနည်း။ မည်သူ့ကိုမျှ မပြုခဲ့။ ဤသို့သာလျှင် ကိုဘို သဘောပေါက်ထားခဲ့သည်။

## ဘရှင်၏ဘဝ

ဘရှင်ကား ရွာထင်ရွာသားဖြစ်ခဲ့သည်။ ၁၉၁၅ ခုနှစ်ခန့်တွင် ရွာထင်ရွာတွင် မွေးဖွားခဲ့သည်ဟု ယူဆရသည်။ ရွာထင်ရွာမှာ ဇီးပနီရွာနှင့် သုံးကီလိုမီတာခန့် အကွာအဝေးတွင်ရှိသော ရွာလေးပင်ဖြစ်သည်။ နှစ်ရွာလုံးတွင် လူဦးရေ ၁၅၀၀ မှ ၂၀၀၀ ခန့်အထိ ရှိခဲ့သည်။

ဘရှင်၏ မိဘများမှာ ဦးထွန်းဝင်းနှင့် ဒေါ်မိုးပင်တို့ ဖြစ်ကြသည်။ ဘရှင်မှာ ဘမျိုးဘိုးတူ လယ်သမားပင်ဖြစ်ခဲ့သည်။ ဘရှင်သည် အတော်လည်းတော်သော လယ်သမားဖြစ်ခဲ့သလို ငယ်စဉ်အခါက အလွန်ရိုးသားသူ၊ ရိုးအသူတစ်ယောက် ဖြစ်ခဲ့သည်။ သူသည် မဖွားမြင့်ဆိုသူနှင့် အိမ်ထောင်ကျခဲ့ပြီး မဖွားမြင့်မှ မောင်ဂျပန်ဟု အမည်တွင်သော သားတစ်ယောက် ထွန်းကားခဲ့သေးသည်။

မဖွားမြင့်ဆုံးသွားသောအခါ ဘရှင်သည် တစ်ရွာတည်းသား ကိုဘိုဆိုသူ၏ ညီမငယ်နှစ်ယောက်စလုံးကို တစ်ပြိုင်နက်တည်း လက်ထပ်ယူခဲ့လေသည်။ ထိန်းသိမ်း၍မရသော အကြောင်းအရာတစ်ခုကြောင့် သူတို့ညီအစ်မနှစ်ယောက် မခင်သန်းနှင့် မတင်စန်းတို့ကို တစ်ချိန်တည်းယူရပါသည်ဟု ဘရှင်ကဆိုခဲ့သည်။

မည်သို့ပင်ဖြစ်စေ ထိုအချက်ကို ကိုဘိုက လက်မခံနိုင်ခဲ့ချေ။ သူတို့လက်ထပ်သည့် ကိစ္စကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။ ဘရှင်၏ ဘဝနှောင်းပိုင်းကာလတွင် ကိုဘိုနှင့်သူ စကားပြောဆိုမှုပင် မရှိခဲ့ချေ။

ထို့ကြောင့် ကိုဘို၏မိသားစုတွင် ဝင်စားရန် သူပန်ကြားလာခဲ့ခြင်းအား တခြား၌ ခိုကပ်စရာမရှိတော့၍လားဟု ထင်စရာပင်။ အဘယ်ကြောင့်ဆိုသော် ငယ်ဘဝက ရိုးသားကြိုးစားသော လယ်သမားတစ်ယောက် ဖြစ်ခဲ့သလောက် ဘရှင် အသက်အရွယ်ရလာသောအခါ ထူးထူးခြားခြား ကြီးမိုက်ဖြစ်လာခဲ့သည်။

ဘရှင်သည် ဓားပြတိုက်ခိုက်မှုများ ကျူးလွန်ခဲ့သည်။ ထိုသို့ နှစ်နှစ်၊ သုံးနှစ်ကြာမျှ ခိုးဆိုးလုယက် တိုက်ခိုက်ခဲ့သော်လည်း ဘရှင်သည် လူမသတ်မိအောင် ရှောင်ရှားနိုင်ခဲ့သည်။ တိုက်ရာပါပစ္စည်းများကိုမူ နောက်လိုက်တပည့်သားချင်းများနှင့် လက်ဖွာဖွာ ဝေစားမျှစားခဲ့သည်။

ခေတ်ကာလက ပြည်တွင်းသူပုန်သောင်းကျန်းနေသည့်ကာလ၊ ရောင်စုံသူပုန်များနှင့် သူတစ်လူငါတစ်မင်းပြုခဲ့ကြရာ တစ်ကြိမ်တွင်တော့ ဘရှင်တို့၏ ဒေသသည် ရဲဘော်ဖြူတို့လက်အောက်သို့ ရောက်သွားခဲ့လေသည်။

ရဲဘော်ဖြူများက ဓားပြတိုက်မှုများ ကျူးလွန်နေသူ ဘရှင်ကို ဆင့်ခေါ်လိုက်သည်။ ပြည်သူ့ဘက်က ရပ်တည်သည်ဟူသော ပြရုပ်ကို ဖော်သည့်အနေဖြင့် ခုံရုံးဖွဲ့၍ ဘရှင်ကို စစ်ဆေးခဲ့သည်။

ထိုရဲဘော်ဖြူတို့၏ စစ်ခုံရုံးက နောက်ဆုံးတွင် ဘရှင်ကို သေဒဏ်ချမှတ်လိုက်သည်။ ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ မိုးသောက်ချိန်တွင် သူ့ကို သုတ်သင်ကွပ်မျက်လိုက်ကြသည်။

ထိုကွပ်မျက်မှုကို ဇီးပနီရွာမှ သုံး

www.burmeseclassic.com

ကီလိုမီတာခန့် ကွာဝေးသော ကြာထက်ရွာရှိ ရေတွင်းပေါင်းကြီးတစ်ခုအနီးတွင် ပြုလုပ်ခဲ့သည်။ ဘုရင်အား ဓားပြအမှုဖြင့် သုတ်သင်သတ်ဖြတ်သည်ကို တစ်ရွာလုံး သင်ခန်းစာယူရစေရန် တစ်အိမ်တစ်ယောက်မကျန် အားလုံး လာရောက်ကြည့်ရှုရမည်ဟု သက်ဆိုင်ရာက အမိန့်ထုတ်ပြန် ဆင့်ခေါ်ခဲ့သည်။

ဘုရင်အား ရေတွင်းအနီးတွင် လက်နောက်ပြန် ကြိုးချည်၍ ရပ်စေခဲ့သည်။ ထို့နောက် သူ့ကို ဓားဖြင့်ပိုင်းချလိုက်ပြီး သူ့အလောင်းကို ရေတွင်းပျက်ထဲသို့ တွန်းချပစ်လိုက်ကြသည်။

## မောင်သန်းဌေးဘဝ

၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် မောင်သန်းဌေးအား ဦးဘိုနှင့် မိပုတ်ကြီးတို့က မွေးဖွားခဲ့ကြသည်။ မောင်သန်းဌေးအား မွေးလာသောအခါတွင် မောင်သန်းဌေး၏ ဘယ်ဘက်လက်မှာ ပုံမှန်ထက်သိမ်ငယ်ပြီး လက်ကောက်ဝတ်တွင် ချိုင့်ဝင်နေသည့်သာမက လက်ချောင်းများ ပုံသေကွေးနေပြီး ဆန့်၍မရသည်ကို တွေ့ရသည်။ ထို့အပြင် လက်မတွင် တစ်ဆစ်သာရှိပြီး လက်သည်းမရှိခဲ့ချေ။

လက်ညိုးတွင်မှ နှစ်ဆစ်သာရှိပြီး လက်သည်းဆိုရုံ သေးသေးကွေးကွေး လက်သည်းလေးသာ ရှိနေခဲ့သည်။

မောင်သန်းဌေး ခေါင်းတွင်လည်း ဆံပင်မပေါက်သော ခပ်ဖောင်းဖောင်း အမှတ်တစ်ခု ရှိခဲ့သည်။

ဘယ်လက်ဖျံရိုးတွင်မူ အမာရွတ်အရာများ ကွက်တိကွက်ကျား ဖြစ်နေသည်ကို တွေ့ခဲ့ရသည်။

မောင်သန်းဌေး၏ ဘယ်ဘက်ခြေထောက်သည်လည်း ပုံပျက်ပန်းပျက် ဘဲခြေထောက်ကဲ့သို့ ချိုင့်ခွက်နေခဲ့ပြီး ခြေဖမိုး၊ ခြေဖဝါးတွင် အနာရွတ်များရှိသည်။

မောင်သန်းဌေးသည် စကားပြောတတ်စ အချိန်မှစ၍ သူ၏ယခင်ဘဝအကြောင်း တွင်တွင်ပြောခဲ့သည်။ ဤသည်မှာ အသက်ဆယ်နှစ်အရွယ်ထိ ဖြစ်သည်။

ယခင်ဘဝကို ပြန်သတိရခြင်းက သူ့ကို စိတ်မကောင်းဖြစ်စေသည်ဟု ပြောကြားလေ့ရှိခဲ့သလို တစ်ခါတစ်ရံ အတိတ်ဘဝ တစ်စုံတစ်ရာအကြောင်း ပြောဆိုနေရင်းကပင် ရုတ်တရက် နှုတ်ဆိတ်ပြီး ထထွက်သွားလေ့ရှိခဲ့သည်။

သူ ယခုကဲ့သို့ ရုပ်ပျက်ဆင်းပျက် ဖြစ်ရခြင်းမှာ ရဲဘော်ဖြူများက အရင်ဘဝက သူ့ကို အမျိုးမျိုးညှဉ်းပန်းနှိပ်စက်လာခဲ့ကြောင်း၊ သူ့ခေါင်းကို ရိုက်နှက်ခဲ့သလို သူ့ကို ရေတွင်းပျက်ပေါ်တွင် တွဲလောင်းချိတ်ဆွဲ၍ သူ့ခြေဖဝါးကို လှီးခဲ့ကြကြောင်း၊ သူ့လက်ကို ရေနွေးပူလောင်း၊ ဂျပန်ဖက်ဆစ်များကဲ့သို့ပင် လက်သည်းခွံခွာခဲ့ကြောင်းများ ပြောပြလေ့ရှိခဲ့သည်။ ထိုဒဏ်ရာဒဏ်ချက်များက အနာရွတ်များ၊ မွေးရာပါချွတ်ယွင်းချက်များအဖြစ် ဤဘဝသို့ ပါလာခဲ့သည်ဟု ထောက်ပြလေ့ရှိခဲ့သည်။

မောင်သန်းဌေးအား ဘုရင်၏နောက်ဆုံးဇနီးနှစ်ယောက်ဖြစ်သော မခင်သန်းနှင့် မတင်စန်းတို့က လာရောက်ကြည့်ရှုတွေ့ဆုံသောအခါတွင် မောင်သန်းဌေးက သူတို့ကို လက်မခံခဲ့ချေ။ အကြောင်းမှာ သူတို့နှစ်ယောက်စလုံးသည် ဘုရင်ထားရစ်ခဲ့သည့် စည်းစိမ်တို့ကို သုံးဖြုန်း၍ နောက်လင်ကိုယ်စီ ယူထားကြသည်ကို သူ့ဘဝင်မကျနိုင်ဖြစ်ခဲ့သည်။

မောင်သန်းဌေးသည် အသက် ၂၀ အရွယ်ရောက်သည့်တိုင်အောင် ခုနစ်တန်းမှ မတက်နိုင်ခဲ့သောကြောင့် နောက်ဆုံးတွင် ကျောင်းမှ နှုတ်ထွက်လိုက်ရပြီး အလယ်တန်းပညာ၏ ဆင့်ဖြင့် ပရိဘောဂစက်ရုံတစ်ရုံတွင် အလုပ်ကြမ်းအလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ရရှာသည်။ ထို့နောက် လအနည်းငယ်အကြာတွင် စက်ရုံမှ ထွက်ပြန်ပြီး မန္တလေးမြို့တွင် ဆိုက်ကားနင်းစားရန် ကြိုးစားခဲ့ပြန်သည်။ သူ့တွင် ငွေကြေးမပြည့်စုံသဖြင့် သူတစ်ပါးဆိုက်ကားကို အငှားနင်းခဲ့ရသည်။ ထို့နောက် ဘဝတစ်စိတ်တစ်ပိုင်းတွင် ကံကောင်းချင်လာ၍ ထီပေါက်သွားခဲ့ပြီး ကိုယ်ပိုင်ဆိုက်ကားတစ်စီးကို ဝယ်ယူလိုက်နိုင်ခဲ့သည်။

သူ့လက်ချောင်းများ ပုံသေကောက်နေခဲ့သော်လည်း ဆိုက်ကားလက်ကိုင်ကို လွယ်လွယ်ကူကူ ကိုင်တွယ်နိုင်ခဲ့သည်။ မောင်သန်းဌေးတစ်ယောက် ဘဝပေါင်းမှ ဆိုးသွမ်းမှုများကို ခဝါချ၍ ယခုဘဝတွင် ကောင်းကောင်းနေထိုင်ကျင့်ကြံသွားမည်ဆိုပါလျှင် လူ့ဘဝ၏ တန်ဖိုးကို သူမှချ သိရှိခံစားရပေလိမ့်မည်။

**လှတိုး(စိတ်ပညာ)**

**Ref : Reincarnation and Biology ပါ The Case of Maung Than Htay**



www.burmeseclassic.com

www.burmeseclassic.com



# တောင်စောင်းရိပ်မှောင်

# ယောဂီချောင်ဝယ် (၉)

**မြစံပယ်**

### သုခစံရာ ဟောမဝါ

ကောင်းကင်ကြီးက မှုန်မှိုင်းနေပါတယ်။ မကြာခင် မိုးရွာတော့မယ်ထင်ပါရဲ့။ မိုးဖြူမစဲ၊ မိုးမည်းမရွာတဲ့။ အုံ့ဆိုင်းမှိုင်းညို့နေတဲ့ မိုးသားပြင်ကြီးကို မော့တကြည့်ကြည့်နဲ့ပဲ စံပယ်ပန်းတွေ၊ ငွေနှင်းပန်းတွေကို ခူးဆွတ်နေမိပါတယ်။ ငွေနှင်းပန်းဖြူဖြူလေးတွေက မွှေးပျံ့လှပေမယ့် သေးသေးလေးတွေဆိုတော့ စိတ်ရှည်ရှည်ထားပြီး ခူးရပါတယ်။ နံနက်စောစောခူးပြီး ဘုရားမှာကပ်လှူရတာကို နှစ်သက်ကြည်နူးမဆုံးနိုင်အောင်ပါပဲ။ မိုးသက်လေနဲ့အတူ ပါလာတဲ့ ပန်းပေါင်းစုံရဲ့ရနံ့တွေကို ရှူရှိုက်ရင်းနဲ့ပဲ ဘုရားစာတွေကိုလည်း ရွတ်ဖတ်ပူဇော်ရပါတယ်ရှင်။

တစ်ကေကျယ်တဲ့ "သုခစံရာ" ဥယျာဉ်ကြီးထဲမှာ သစ်ပင်တွေ၊ ပန်းပင်တွေက စုံတကာစေ့နေတာပါပဲ။ အုန်း ကွမ်း၊ သရက်၊ မရန်း၊ သပြေ၊ စောင်း လျား၊ ငှက်ပျော စုံလို့ပါပဲ။ စိန်တစ်လုံး တွေကလည်း စားလို့မကုန်ပါဘူး။ နှစ် လုံးတစ်တောင်၊ သုံးလုံးတစ်တောင် ကြားဖူးခဲ့တာနော်။ အဗန္တရသရက် တွေဆိုလည်း အပင်မှာပဲ ကဲ့ အက်ဝင် မှည့်နေလို့လေ။ ပိန္နဲသီးကြီးတွေကလည်း

www.burmeseclassic.com

ရေထမ်းပုံးလောက်ရှိပါတယ်။ နွေသရက်သီးတွေကုန်ခါနီးတော့ ဝါဆိုသရက်သီးတွေ သီးနေပြန်ပါပြီ။ ထမင်းစားခါနီးဆို တို့စရာအတွက် ကြွေကျနေတဲ့ သရက်ကင်းလေးတွေ ကောက်ယူရုံပါပဲ။ သဘော်ရွက်၊ ရဲယိုရွက်၊ ခွေးတောက်ရွက် စသဖြင့် တို့စရာတွေကလည်း အရန်သင့်ပဲလေ။

ပန်းပင်တွေကို ကြည့်ပြန်ရင်လည်း သစ်ခွပင်တွေကို မျိုးစုံလို့။ ဂမုန်းပင်တွေလည်း မျိုးစုံ။ ပုလ္လာရိက်ပင်ကနေ ဟိုးတောနက်နက် တောင်မြင့်မြင့်ကြီးတွေမှာမှ ပေါက်ရောက်ရှင်သန်တဲ့ ဘားဝါ၊ စကားစိမ်း၊ ရင်ခတ်၊ ပုန်းညက်ပင်တွေလည်း ရှိပါတယ်။ အခုရာသီမှာ အဲဒီအပင်တွေအားလုံး မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ပွင့်နေကြလေတော့ တစ်ခြံလုံး မွှေးပျံ့နေတော့တာပေါ့။ ဒီခြံကြီးက ခရေပင်လမ်းမှာ တည်ရှိနေတာကြောင့် ပန်းခရေရနံ့တွေကလည်း အလုအယက် တိုးဝှေ့ရောက်လာတတ်ကြသေးတယ်။

အခုရေးပြခဲ့တဲ့ခြံကြီးက ဆရာမကျော်ရှင်တို့ ခြံပါရှင်။ ဆရာမတို့ကလေးတွေက နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေကြပါတယ်။ ဒီခြံထဲကအိမ်မှာ နေထိုင်တဲ့သမီးကလည်း နိုင်ငံခြား အလုပ်ကိစ္စတစ်ခုနဲ့ သွားရပါတယ်။ အဲဒီအခါမှာ ကျွန်မကို ခဏစောင့်ပေးပါလို့ အကူအညီတောင်းတာကြောင့် မိတ်ဆွေတို့ဝတ္တရားရှိသလိုပဲ အိမ်စောင့်ပေးနေခဲ့ရတာပါ။

အခုလိုပဲ ပန်းမျိုးစုံပွင့်ဖူးနေတဲ့ ခြံထဲမှာ လွန်ခဲ့တဲ့ဆယ်နှစ်ကတစ်နှစ်နဲ့ရှစ်လတိတိ နေထိုင်ခဲ့ဖူးပါတယ်။ အခုလို ရန်ကုန်ရွှေမြို့တော်ကြီးက ခမ်းနားလှပတဲ့ တိုက်ကြီးမှာလိုတော့ မဟုတ်ဘူးပေါ့နော်။ ဇရပ်အိုလေးနဲ့ပါ။

သတိရ လွမ်းဆွတ်မိပါရဲ့ရှင်···
လွန်ခဲ့တဲ့ ဆယ်နှစ်ကပေါ့···။

□□□

## ကုသိနာရုံတောင်ခြေ

မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်ကို ဆက်သွယ်ထားပါတဲ့ ဘီးလင်း-ဖာပွန် လမ်းမကြီးပေါ်က ကုသိနာရုံတောင်ခြေမှာ တည်ထားကိုးကွယ်ထားကြတဲ့ သောဏုတ္တရ ရွှေစေတီရှိပါတယ်။ ဒေသခံတွေကတော့ အောက်ကုသိနာရုံလို့ အလွယ်ခေါ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကုသိနာရုံတောင်ပေါ်မှာတည်ရှိနေတဲ့ ဆံတော်ရှင်စေတီတော်မြတ်နဲ့ ရဟန္တာမြတ်များဖြစ်ကြတဲ့ သောဏမထေရ်နဲ့ ဉတ္တရမထေရ်တို့ရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းများရှိတဲ့ ဂန္ဓကုဋီတိုက်ကြီးကို အထက်ကုသိနာရုံလို့ခေါ်ကြတဲ့အတွက် ဖြစ်ပါတယ်။

သောဏုတ္တရ ရွှေစေတီဘုရားကုန်း (သို့) အောက်ကုသိနာရုံဘုရားမှာ ကျွန်မရဲ့မောင် ပဥ္စင်းဦးဥတ္တမက စခန်းထိုင် တာဝန်ယူစောင့်ရှောက်နေရပါတယ်။ ကျေးဇူးတော်ရှင် ကျိုက်ထီးဆောင်းဆရာတော်ကြီးကို ဒေသခံတွေက လာရောက်အပ်နှံထားကြတဲ့အတွက် ပြုပြင်တည်ဆောက်နေကြရတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ဌာပနာဖောက်ထားတဲ့ စေတီပျက်တွေ၊ ကျိုးပဲ့နေတဲ့ တံခွန်တိုင်တွေ၊ ဆေးသားပြယ်နေတာတွေ စသဖြင့် ပြုပြင်နေကြရတာကြောင့် အလုပ်သမားတွေလည်း များစွာရှိပါတယ်။

ကျွန်မက ကိုးရက်မိဋ္ဌာန်ဆိုပြီး ရောက်သွားခဲ့တာပါ။ ဒါပေမယ့် ဘုရားထီးတင်ပွဲပြီးတဲ့နေ့အထိ နေရမယ်ဆိုတဲ့ အဘိုးဆရာတော်ဘုရားရဲ့ မိန့်မှတ်ချက်ကို ရရှိခဲ့လို့ ကြည်နူးစွာနဲ့ နေထိုင်ခဲ့ပါတယ်။ တစ်လကို ကိုးရက်အဓိဋ္ဌာန်ကြီးတစ်ကြိမ်နဲ့ ဗြိုဟ်ရစ်ခွင်ကျင့်စဉ်ကို အားဖြည့်ရပါတယ်။ ကျိုက်ထီးဆောင်းရဲ့ အဓိဋ္ဌာန်ကြီးကျင့်စဉ်က ပတ္တပိုဏ်ဆွမ်း ငါးရက်၊ သစ်သီးဆွမ်း နှစ်ရက်၊ သစ်ဥဆွမ်း တစ်ရက်၊ ရေဆွမ်း တစ်ရက် စသည်ဖြင့် ကိုးရက်ဝင်ရပါတယ်။ ဗြိုဟ်ရစ်ခွင်ကျင့်စဉ်ကတော့ လူတိုင်းလိုလိုသိပြီးသားဖြစ်နေပါပြီ။ နေ့စဉ်ကတော့ နဝင်္ဂကိုးပါးသီလနဲ့ နေထိုင်ရပါတယ်။

မိဋ္ဌာန်ကြီးကိုးရက်မှာ ငါးရက်ကို တောင်ခြေစခန်းမှာဝင်ပြီး ကျန်တဲ့လေးရက်ကို တောင်ပေါ်မှာမိဋ္ဌာန်ယူပါတယ်။ အဓိကပြောချင်တဲ့ အချက်ကတော့ တောင်ခြေစခန်းက အင်မတန်မှ လှပသာယာပါတယ်။ တောနက်ထဲက ရေတံခွန်ကနေ ဖြစ်ပေါ်လာတဲ့ စမ်းချောင်းလေးက ဘုရားကုန်းကို ရစ်ခွေပတ်ဝိုင်းပြီး စီးဆင်းသွားပါတယ်။ ကျောက်တုံးတွေကြားထဲက စမ်းရေဟာ ကြည်စိမ်းနေတာကြောင့် ငါးကလေးတွေ ကူးခပ်နေတာကို အထင်းသား မြင်တွေ့နေရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ထပ်၊ တစ်ထိုင်ခိဗ္ဗာန်ဖြစ်တဲ့ ပတ္တပိုဏ်ဆွမ်းစားအပြီး ဆွမ်းကျန်တွေကို အဲဒီငှက်ငါးလေးတွေကို ကျွေးပါတယ်။ ကျွန်မတစ်သက် တစ်ခါမှ မမြင်ဖူးခဲ့တဲ့ ဒီဇိုင်းမျိုးစုံနဲ့ သိပ်ကိုထူးခြားလှပတဲ့ လိပ်ပြာရောင်စုံတွေကိုလည်း အဲဒီနေရာမှာပဲ မြင်ခဲ့ရပါတယ်။ ဗုဒ္ဓဂယာက ကုသိနာရုံမှာရှိတဲ့ အနီရောင် အင်ကြင်းပန်းခိုင်တွေ၊ အခိုင်အပွတ်လိုက် ပွင့်ဝေဖြာနေတဲ့ သရဖီပန်းတွေ၊ တစ်တောလုံး တစ်တောင်လုံးကို ရွှေအိုရောင်ဖုံးလွှမ်းသွားစေရအောင် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဖူးပွင့်ဝေဆာနေကြတာကတော့ ရင်ခတ်ပန်းတွေပါပဲ။ တစ်တောလုံး တစ်တောင်လုံးကို မွှေးပျံ့နေတာပါပဲ။

□□□

## တရေးအသိ ရင်ထဲထိ

ငှက်ကလေးတွေရဲ့ တေးဆိုသံနဲ့အတူ တောင်ခိုးမြူခိုးတွေနဲ့ မှိုင်းညို့နေတဲ့ တောတောင်ထဲကနေ တစ်ခါတစ်ရံမှာ ချေ(ဂျီ)ဟောက်သံတွေ၊ ခေါင်းတွန်ကျူးသံတွေကို ကြားရတတ်ပါတယ်။ တစ်ညကတော့ ဆင်အော်သံတွေကြားနေရလို့ ကြောက်လိုက်တာလေ•••။ နောက်တစ်နေ့မှသိရတာက သစ်ထုတ်ရေးစခန်းကနေ လွတ်ထွက်သွားခဲ့လို့ဆိုပဲ။ အဲဒီတုန်းက အညှိုရောင်နယ်မြေပဲရှိသေးတာကြောင့် ပေါ်တာဆွဲတဲ့ အသံကြားရရင်သည်း အလုပ်သမားတွေနဲ့ ရသေ့တွေခမျာ တုတ်တုတ်မျှကို မလှုပ်ရဲကြတော့ဘူးလေ။ ဒါပေမယ့် ဘုရားကလူတွေကို တစ်ခါမှ လာမဆွဲခဲ့ပါဘူး။ သူတို့မှာလည်း စည်းရှိမှာပေါ့။

ရင်ခတ်ပန်းတွေက စပွင့်ပွင့်ချင်း ဖြူဖွေးဆွတ်နေတာပဲ၊ နောက်တော့ အဝါနုရောင်ပြောင်းသွားပြီး တဖြည်းဖြည်းနဲ့ ရွှေအိုရောင်၊ အဝါရောင်အရင့်ပြောင်းသွားတယ်ဆိုတာ အဲဒီတော့မှ သိခဲ့ရတာလေ။ ရင်ခတ်ပန်းတွေကို ဗန်းကြီးနဲ့ အပြည့်အမောက်ထည့်ပြီး သောဏာတ္တရာဘုရားမှာ ကပ်လှူပါတယ်။ ပြီးတော့ တောင်ပေါ်ဂန္ဓကုဋီတိုက်ထဲမှာ တည်ရှိနေတဲ့ နဂါးဦးနောက်တုံးထက်က ဆံတော်ရှင်စေတီကို ကပ်လှူပါတယ်။ ပြီးတော့ ရဟန္တာမြတ်နှစ်ပါးရှေ့မှာလည်း ကပ်လှူပူဇော်ပါတယ်။

တန်ဆောင်မုန်းလပြည့်နေ့ • • • နံနက်အရုဏ်တက်ချိန်ခါထူးမှာ အရှင်သောဏာမထေရ်က ဆံတော်ရှင်ဘုရားကို ဦးခေါင်းပြုလဲလျောင်းလို့ သဉပါဒိသေသ ပရိနိဗ္ဗာန်စံတော်နန်း စံမြန်းတော်မူပါတယ်။ ကျန်ရှိနေပါတဲ့ အရှင်ဉတ္တရမထေရ်မြတ်ကလည်း အဲဒီနေ့မှာပဲ ညနေ နေဝင်ရီတရောအချိန်မှာ ဆံတော်ရှင်ကို ဦးခေါင်းပြုလို့ ပရိနိဗ္ဗာန်ပြုသွားပြန်ပါတယ်လို့ ဆံတော်ရှင်ဘုရားသမိုင်း၊ မွန်ရာဇဝင်ကျမ်းနဲ့ သုဝဏ္ဏဘူမိသမိုင်းတွေမှာ အခိုင်အမာ ပါရှိနေပါတယ်။

ရင်ခတ်ပန်းတွေကို ကပ်လှူရင်းနဲ့ ရင်ထဲမှာ ထိထိခတ်ခတ် ခံစားလာရပါတယ်။ ဘယ်လောက်ပဲ ချစ်ကြပါတယ်၊ ခင်ကြပါတယ်ဆိုဆို အဲဒီအရှင်မြတ်တွေလို တစ်နေ့တည်း လိုက်သေရဲပါသလား။ အရှင်မြတ်ကြီးတွေနဲ့ တုနိုင်းတာ မဟုတ်ပါဘူး။ ခံစားမိတဲ့အတွေးလေးပါ။ သေမင်းနဲ့ မနက်ဖြန်က ဘယ်ဟာအရင် ကိုယ့်ဆီကိုရောက်လာမလဲဆိုတာကိုရော သိနိုင်ကြပါ[illegible]သလား။

တကယ်တော့ လူ့ဘဝက ခဏ[illegible]လေးပါ၊ တိုတိုလေးပါ။ မာန်မာနတွေနဲ့ ငါမှငါဆိုတဲ့အစွဲတွေ၊ သံသယတွေ[illegible] အမုန်းတွေ၊ အာဃာတတွေ၊ ရန်ငြိုးရန်[illegible]တွေ၊ စော်ကားပြုမူတာတွေ၊ ပိုင်ဆိုင်[illegible]တာတွေ၊ ဂုဏ်ဒြပ်တွေ အားလုံးအာ[illegible]လုံးဟာ မှုန်မွှားသွားခဲ့ပြီ၊ သေမွှားသွား[illegible]ပြီ။ ဆရာကြီးမင်းသိခ်ပြောခဲ့သ[illegible] "ဘာမှမဟုတ်ပါလား"ဆိုတဲ့အတိုင်းပါ[illegible]

အဲဒီအသိတရားကြောင့် တော[illegible]တောင်ထဲမှာ သီလရှင်ဆရာလေးတွေ[illegible] အတူ ထီးတင်ပွဲကြီးပြီးတဲ့အထိ [illegible]ထိုင်နိုင်ခဲ့ပါတယ်။

ကျွန်မ ကျင်လည်ကျက်စား[illegible] လောကထဲ၊ စာပေနယ်တွင်းကို [illegible] ရောက်တဲ့အချိန်မှာလည်း ကျွန်မ[illegible] ကို နာကျင်ကြေမြည့်အောင် ပြု[illegible] ထားတဲ့သူတွေကို ပြန်လည်ဆက်ဆံ[illegible] လာခဲ့ပါတယ်။ ကျွန်မရင်ထဲမှာ သူ[illegible] အပေါ်- မေတ္တာတရားပဲ ရှိနေပါတော့[illegible] တယ်။

ဒါ အမှန်တရားပါပဲရှင်။

*"ဗုဒ္ဓမြတ်စွာ သာသနာ*
*ရောင်ဝါနေလ ထွန်းပါစေ*
*လင်းပါစေ • • • "*


မြစံပ[illegible]

၀၉-၂၅၀၆၇၉[illegible]



www.burmeseclassic.com

www.burmeseclassic.com



# ဂါထာနဲ့ ထီ

မောင်ပုတ်စည်

အောင်ဘာလေထီ ဆိုတာက နိုင်ငံတော်က တရားဝင်ဖွင့်ပေးထားတာ ဖြစ်တဲ့အတွက် တရားဥပဒေနဲ့ လွတ်ကင်းတယ်။ ကိုယ်ထိုးထားတဲ့ ဂဏန်းပေါက်ရင်လည်း လျော်ဘဲ ထွက်ပြေးမှာ၊ လိမ်ညာမှာမပူရဘဲ မှန်မှန်ကန်ကန်နဲ့ ရရှိတယ်။ ပဒေသာဆုမှာ အနည်းဆုံး အကွာနဲ့ ဂဏန်းနှစ်လုံးတူရင်ပဲ ကျပ်ငါးသောင်း ခံစားရတယ်။ ဒီတော့ ထိုးပျော်တာပေါ့နော်။

ဒါကြောင့်လည်း ဒီနေ့ထီကို လူတိုင်း စိတ်ဝင်စားစွာ ထိုးနေကြတယ်။ ကံတရားဆိုပေမယ့် ကံကောင်းဖို့အတွက် တစ်ဖက်ကလည်း အထောက်အကူ ယတြာချေကြတယ်။ ဘုရားအမှူးထားပြီး ဂါထာမန္တန်တွေရွတ်၊ အင်းအမ်တွေလုပ်ကြတယ်။ ဒါကလည်း တကယ်အကျိုးရှိမှု လက်တွေ့ခံစားကြရတဲ့ သာဓကတွေ မျက်မြင်ထင်ရှား တွေ့နေကြရတာကိုး။

ဒါကြောင့် တကယ် ယုံယုံကြည်ကြည်နဲ့ လုပ်ဆောင်မယ်ဆိုရင် ကျိန်းသေထီပေါက်စေတတ်တဲ့ ဂါထာကို ခုနစ်ရက်သားသမီးများ မိမိတို့ ဆိုင်ရာနေ့အလိုက် ရွတ်ဆိုပူဇော်နိုင်အောင် ထီလက်ဆောင်အဖြစ် ဖော်ပြပေးလိုက်ပါတယ်။ နံနက် ၄ နာရီမှ ၇ နာရီအတွင်း ခေါက်ရေ သက်စေ့ ရွတ်ပွားပူဇော်ဖို့တော့ သတိပြုပါ။

### တနင်္ဂနွေသားသမီးအတွက်

သီဝိ ဗုဒ္ဓေါ ဘဂဝါ အရဟံ၊
သမ္မာ သမ္ဗုဒ္ဓေါ အနန္တပုညော၊
အနန္တဂုဏော အနန္တဉာဏော၊
အနန္တတေဇော အနန္တလာဘော၊
အနန္တကရုဏ္ဏ အနန္တဗုတိ၊
ဧတေန သစ္စဝဇ္ဇေန သဒါလာဘံ ဒ-ဒါတုမေ။

www.burmeseclassic.com

### တနင်္လာသားသမီးအတွက်

ဝေဿဘူ ဗုဒ္ဓေါ ဘဂဝါ အရဟံ၊
သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော၊
အနန္တဂုဏော အနန္တဉာဏော၊
အနန္တတေဇော အနန္တလာဘော၊
အနန္တဣဒ္ဓိ အနန္တဇုတိ၊
ဧတေန သစ္စဝဇ္ဇေန သဒါလာဘံ ဒ–ဒါတုမေ။

***

### အင်္ဂါသားသမီးအတွက်

ပဒုမ ဗုဒ္ဓေါ ဘဂဝါအရဟံ၊
သမ္မာ သမ္ဗုဒ္ဓေါ အနန္တပုညော၊
အနန္တဂုဏော အနန္တဉာဏော၊
အနန္တတေဇော အနန္တလာဘော၊
အနန္တဣဒ္ဓိ အနန္တဇုတိ၊
ဧတေန သစ္စဝဇ္ဇေန သဒါလာဘံ ဒ–ဒါတုမေ။

***

### ဗုဒ္ဓဟူးသားသမီးအတွက်

နာရဒ ဗုဒ္ဓေါ ဘဂဝါအရဟံ၊
သမ္မာ သမ္ဗုဒ္ဓေါ အနန္တပုညော၊
အနန္တဂုဏော အနန္တဉာဏော၊
အနန္တတေဇော အနန္တလာဘော၊
အနန္တဣဒ္ဓိ အနန္တဇုတိ၊
ဧတေန သစ္စဝဇ္ဇေန သဒါလာဘံ ဒ–ဒါတုမေ။

***

### ကြာသပတေးသားသမီးအတွက်

ကဿပ ဗုဒ္ဓေါ ဘဂဝါအရဟံ၊
သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော၊
အနန္တဂုဏော အနန္တဉာဏော၊
အနန္တတေဇော အနန္တလာဘော၊
အနန္တဣဒ္ဓိ အနန္တဇုတိ၊
ဧတေန သစ္စဝဇ္ဇေန သဒါလာဘံ ဒ–ဒါတုမေ။

### သောကြာသားသမီးအတွက်

သုမနဗုဒ္ဓေါ ဘဂဝါ အရဟံ၊
သမ္မာသမ္ဗုဒ္ဓေါ အနန္တပုညော၊
အနန္တဂုဏော အနန္တဉာဏော၊
အနန္တတေဇော အနန္တလာဘော၊
အနန္တဣဒ္ဓိ အနန္တဇုတိ၊
ဧတေန သစ္စဝဇ္ဇေန သဒါလာဘံ ဒ–ဒါတုမေ။

***

### စနေသားသမီးများအတွက်

ရေဝတ ဗုဒ္ဓေါ ဘဂဝါအရဟံ၊
သမ္မာ သမ္ဗုဒ္ဓေါ အနန္တပုညော၊
အနန္တဂုဏော အနန္တဉာဏော၊
အနန္တတေဇော အနန္တလာဘော၊
အနန္တဣဒ္ဓိ အနန္တဇုတိ၊
ဧတေန သစ္စဝဇ္ဇေန သဒါလာဘံ ဒ–ဒါတုမေ။

ကဲ . . . ဒါဆိုရင် ရွှတ်ဆိုပွားများ ပူဇော်ပြီး ထီဆု ကြီးတွေ ရယူရုံပဲရှိတော့တယ်။ တစ်ခုတော့ရှိတာပေါ့ ပေါ့ပေါ့တန်တန် လုပ်ရုံနဲ့တော့ ဘယ်တော့မှ ကြီးကြီးမား မခံစားရဘူး။ အလေးအနက် ယုံကြည်ဖို့ရယ်၊ စနစ်တကျ ရွှတ်ဆိုပွားများနေဖို့၊ စနစ်ကျဖို့ရယ်၊ မှန်မှန်မပြတ်လုပ် ဆောင်နေဖို့တော့ အရေးကြီးတာပေါ့။ ဘုရားအမှူးထား စီမံထားတဲ့ ဂါထာမို့ မထက်မြက်ဘူး၊ မစွမ်းဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ စဉ်းစားစရာနော်။

ပြီးတော့ မဟုတ်ဘဲနဲ့ကော ရှေးဆရာတော်၊ သမား တော်ကြီးတွေက စီစဉ်ပေးသွားပါ့မလား။ ဒါဆိုရင် ပြီးနေ ပြီပဲ။ ဒီနေရာမှာ နည်းမှန်မှန်နဲ့ ယုံယုံကြည်ကြည် လုပ် ဆောင်ဖို့ကတော့ အသက်ပဲ။ ဘာကြောင့်လဲဆိုတော့ "နည်းမှန်ရင် ကံမရွေးဘူး"လို့တောင် အဘပထမံ ဆို တယ် မဟုတ်လား။

ခုနစ်ရက်သားသမီးများ ထီဆုကြီးတွေ ပိုင်ဆိုင်နိုင် ကြပါစေ။

❖ မောင်ပုဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓဘာသာတရားနှင့်
# ထူးတဲ့ သုံးဂဏန်း

ကျော်ဇောဟိန်း(နံ့သာ)

ဘုရားညောင်ရေအိုးစုံ မထားကောင်းသော အလေ့အထသည် ဂဏန်းစဉ်အရေအတွက် ပါဝင်နေသဖြင့် ဂန္ဓာရအတတ်ဗေဒင်ပညာစသည်တို့နှင့် စပ်ယှက်နေမည်ဟု ထင်မြင်စရာရှိပါသော်လည်း ဤအစွဲအလမ်းသည် ဘာသာရေးကို အခြေခံသည်ဟု သဘောရပါ၏။ ဗုဒ္ဓဘာသာဝင်များအဖို့ သရဏဂုံသုံးပါးရှိ၏။ ဘုရား၊ တရား၊ သံဃာ ဟူ၍ဖြစ်သည်။ ထို့ကြောင့် ဘာသာရေးကို သုံးဂဏန်းအလေးထားကြသည်။

သုံးကြိမ်ပြောမှ အတည်ဖြစ်သည်ဟူသော မဇ္ဈိမဒေသ၏ ဓလေ့ထုံးတမ်းသည်လည်း (သုံးဂဏန်းကို အားထားကြသည်။) ဘုရားလက်ထက်တော်က ဆွမ်းပင့်လျှင် သုံးကြိမ်၊ သုံးခါပင့်ရခြင်းရှိခဲ့၏။ ဘုရားရှိခိုးလျှင် ဩကာသကို သုံးကြိမ်ဆိုရသည်။ နမောတဿဆိုလျှင်လည်း သုံးကြိမ်ဆိုရသည်။ လူနေအိမ်များတွင် ရုပ်ပွားတော်များ တစ်ဆူကိုးကွယ်ထားရာမှ အကြောင်းကြောင်းကြောင့် နှစ်ဆူဖြစ်လျှင် သုံးဆူဖြစ်ရန်အတွက် နောက်ထပ်တစ်ဆူကိုရှာဖွေ၍ ပူဇော်ကြသည်။

လူတို့သည် တစ်နှစ်အတွင်း မင်္ဂလာနှစ်ခု ပြုလုပ်မိပါက မလုပ်ကောင်းဟုဆိုပါသည်။ ထို့ကြောင့် မင်္ဂလာသုံးခုဖြစ်အောင် ပြုလုပ်ကြရသည်။ ဥပမာ ဒီနှစ်တွင် ရှင်ပြုမင်္ဂလာအလှူလုပ်နိုင်ကြသည်။ မကြာမီလအတွင်း သား(သို့မဟုတ်) သမီးက မင်္ဂလာဆောင်ရန် ကိစ္စဖြစ်လာသည်။ ထို့ကြောင့် မင်္ဂလာနှစ်ခုဖြစ်သွားသည်။ မင်္ဂလာသုံးခုဖြစ်ရန်အတွက် နောက်ထပ်အလှူတစ်ခု စတိသဘောမျိုးဖြင့် ကြီးကြီးကျယ်ကျယ် မဟုတ်သော်လည်း ဘုရားအနေကဇာတာမျိုး (သို့မဟုတ်) သံဃာတော်များပင့်ပြီး ဆွမ်းကျွေးပရိတ်များရွတ်ကာ ထပ်မံ၍ သုံးမင်္ဂလာဖြစ်အောင် ပြုလုပ်သောဓလေ့ရှိလေသည်။

ဘုရားထီးတော်တင်ပြီးလျှင် အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ သုံးခါအော်ရလေသည်။ သီလတည်ဆောက်ကြလျှင်လည်း သုံးကြိမ်တောင်း၍ သရဏဂုံ သုံးကြိမ်တည်ကြရပါသည်။ ကုသိုလ်ကောင်းမှု အလှူကိစ္စများနှင့် နာရေးကိစ္စများသည်လည်း သံဃာတော်အရှင်သူမြတ်များပင့်လျှင်



www.burmeseclassic.com

www.burmeseclassic.com

အနည်းဆုံး သုံးပါးပင့်ရသည်။ အမှုအတန်းဝေလျှင်လည်း သုံးကြိမ်ဝေကြရသည်။ သာဓုခေါ်လျှင်လည်း သုံးကြိမ်ခေါ်ကြရသည်။ မဲနှိုက်လျှင်လည်း သုံးကြိမ်သုံးခါနှိုက်ကြရသည်။

လောကတွင် လူသုံးမျိုး၊ အမြင်သုံးမျိုး၊ ရယူခြင်းသုံးမျိုး စသည် သုံးဂဏန်းနှင့်ဆိုင်သော သာကေများစွာရှိပါသည်။ မဟာယနဗုဒ္ဓဝင်ဖြစ်ကြသော ဂျပန်ဗုဒ္ဓဘာသာတွင် (နမူစံဘိုး)ဟူ၍ ရှိသည်။ နမုကား နမောပင်ဖြစ်၍ ရှိခိုးပါ၏ အဓိပ္ပာယ်ရ၏။ (စံဘိုး)ဆိုသည်မှာ ရတနာသုံးခုဟု အဓိပ္ပာယ်ရရှိသည်။ သူတို့သည်လည်း ရတနာသုံးပါးကို အားထားကိုးကွယ်ကြပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း ကိုးကွယ်ကြသော သရဏဂုံသုံးပါး၏ အဓိပ္ပာယ်အကျဉ်းမှာ -

**ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-မှီဝဲဆည်းကပ်သိမှတ်ပါ၏ အရှင်ဘုရား။**

အနက်အဓိပ္ပာယ်အကျဉ်းမှာ . . .

မြတ်စွာဘုရားရှင်သည် တရားအလုံးစုံသိသောကြောင့် ဘုရားရှင်၏ ကိုယ်တော်မှာ ၃၂ ပါးသောလက္ခဏာတော်ကြီးများနှင့်ပြည့်စုံလျက် ကိလေသာကင်းစင်၍ အလွန်ကြည်လင်ရွှန်းပလျက်ရှိသော ရှစ်ဆယ်သော လက္ခဏာငယ်များဖြင့်လည်း တန်ဆာဆင်ထားပြန်ရာ ဖူး၍မဝ အားမရနိုင်ဖြစ်ကြရ၏။ တစ်လံမျှသောအမြဲထွန်းတောက်လျက်ရှိသော ရောင်ခြည်တော်ဝန်းကလည်းကောင်း၊ အလိုရှိသောအခါ ကွန့်မြူးဖြာထွက်လာသော ရောင်ခြည်တော်ခြောက်သွယ်ကလည်းကောင်း ရှုမဝဖွယ်တင့်တယ်သော ကျက်သရေကိုဆောင်ပေလျက်ရှိနေပေသော မြတ်စွာဘုရား။

**ဓမ္မံ - တရားတော်မြတ်ကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - မှီဝဲဆည်းကပ်သိမှတ်ပါ၏အရှင်ဘုရား။**

အနက်အဓိပ္ပာယ်အကျဉ်းမှာ . . .

ဓမ္မ = တရားမှာ "ပရိယတ်"တည်း။ ပရိယတ်ဟူသည်ကား ဘုရားရှင် ၄၅ ဝါတိုင်တိုင် ဟောကြားထားသော ဓမ္မစကြာစသော ပိဋကတ်သုံးပုံ တရားတော်များဖြစ်သည်။ ယင်းပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကိုပင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဟု ခေါ်ဆိုပြန်သေးသည်။ ယင်းစာအုပ်စာပေတို့သည် ထိုတရားများကို မှတ်ထားရာ တရားဘဏ္ဍာတိုက်မှားသာတည်း။ "ဓမ္မစေတီတော်"ဟုလည်းခေါ်သည်။ ယင်းတရားဘဏ္ဍာတိုက် - ဓမ္မစေတီထဲ၌ရှိသော အနေ... ဘိက္ခုဝေအန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ - ချစ်သား၊ ချစ်သား... တို့ အစွန်းနှစ်ပါးကိုမမှီဝဲရ။ စသော ဓမ္မစကြာ သောတာပ... သကာဒါဂါမိ...

တရားအစဉ် ရူပံဘိက္ခဝေ- အနတ္တာ ရုပ်တရားသည် အနတ္တတည်း စသော အနတ္တလက္ခဏာသုတ် တရားအစဉ် အနာဂါမိ... အဝိဇ္ဇာ - ပစ္စယာသင်္ခါ- အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏စသော ပဋိစ္စသမုပ္ပါဒ်တရားအစဉ်- ဤသို့သောတရားတော်အစဉ် ရဟန္တာ... များကို အာရုံပြုရသည်။ ဓမ္မံသရဏံဂစ္ဆာမိ - မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ပရိယတ်တည်းဟူသော တရား ၁၀ ပါး ပါအောင်နားလည်သိရှိပြီး ဓမ္မတရား၏ ဂုဏ်တော်(၆)ပါးကို လည်း ဉာဏ်ပညာဖြင့်သိရှိအောင် လေ့လာပြီးနှလုံးသွင်းရမည်။

**သံဃံ - သံဃာတော်မြတ်ကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-မှီဝဲဆည်းကပ် သိမှတ်ပါ၏အရှင်ဘုရား။**

အနက်အဓိပ္ပာယ်အကျဉ်းမှာ . . .

သံဃ = သံဃာတော်မြတ်အား အရိယာသံဃာတော်ကား အစုံအားဖြင့် လေးစုံ၊ ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဖြစ်သည်။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့မှာကား။

(၁) သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်

(၂) သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
သကဒါဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်

(၃) အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်

(၄) အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်
အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်

သောတာပတ္တိမဂ်စိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်ကို သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ဟု ခေါ်၏။ သောတာပတ္တိဖိုလ်စိတ်ဖြစ်သွားသော ပုဂ္ဂိုလ်ကို သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်ဟု ခေါ်၏။ ဤနှစ်ပါးတစ်စုံဖြစ်သွားသော ပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဟုခေါ်၏။ ထို့ကြောင့် သောတာပတ္တိမဂ္ဂဋ္ဌာန်ဟုတစ်ပါး၊ သကဒါ...



www.burmeseclassic.com

www.burmeseclassic.com

ဂါမိမဂ္ဂဋ္ဌာန်-ဖလဋ္ဌာန်တစ်စုံ၊ ဤသို့ဖြစ်သောကြောင့် အစုံအားဖြင့် လေးစုံဖြစ်လေသည်။ ယင်းလေးစုံတို့သည် ပုဂ္ဂိုလ်ရှစ်ယောက်ဖြစ်သောကြောင့် ပုဂ္ဂိုလ်အားဖြင့် ရှစ်ယောက်ဟု ဆိုခြင်းဖြစ်၏။ ရှေးခေတ်အရိယာသံဃာတော်သည် ထောင်သောင်းများစွာရှိကြပါသော်လည်း အမျိုးအားဖြင့် ဤရှစ်မျိုးတွင် ပါဝင်ကြ၏။

ထို့ကြောင့် အရိယာရှစ်ယောက်ဟု ပြောစမှတ်ပြုကြသော်လည်း စင်စစ်မှာ ရှစ်ယောက်မဟုတ်၊ ရှစ်မျိုးသာဖြစ်သည်၊ ယင်းအရိယာသံဃာတော်ကိုအာရုံပြုရာ၌ သံဃာတော်ဟူသော ပုဂ္ဂိုလ်ဒြပ်လောက်တွင်သာ ရပ်၍မနေရဘဲ ထိုသံဃာတော်တို့၌ရှိသော ဂုဏ်တော်ဟုဆိုအပ်သော အရည်အချင်းသတ္တိအထိ ဉာဏ်ဖြင့်သိအောင် အာရုံပြုရလေသည်။

ဗုဒ္ဓဘာသာတရားနှင့်ဆက်စပ်နေသော သုံးဂဏန်းတို့သည်ကား -

ရတနာသုံးပါး

(၁) ဘုရား၊ (၂) တရား၊ (၃) သံဃာ။

မင်္ဂလာရှိသောအလှူသုံးမျိုး

(၁) အလှူပေးသောသူသည် ဖြူစင်သောသီလရှိ၍ ကျွတ်ကျွတ်လွတ်လွတ်လှူဒါန်းသူဖြစ်ခြင်း။

(၂) အလှူခံပုဂ္ဂိုလ်သည် စင်ကြယ်သော အကျင့်သီလ ရှိသူဖြစ်ခြင်း။

(၃) လှူဖွယ်ဝတ္ထုပစ္စည်းများမှာလည်း တရားသဖြင့် ရရှိသော ပစ္စည်းများဖြစ်ခြင်း။

ဒိဋ္ဌဓမ္မအကျိုးပေးခြင်းအင်္ဂါသုံးပါး

(၁) မိမိ၏လှူဖွယ်ပစ္စည်းများသည် စင်ကြယ်သော ပစ္စည်းဖြစ်ခြင်း။

(၂) မိမိ၏သဒ္ဓါတရားကလည်း ထူးကဲမွန်မြတ်လှခြင်း။

(၃) အလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှ ထခါစဖြစ်သောဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာဖြစ်ခြင်း။

နတ်ဖြစ်လိုခြင်းအကြောင်းသုံးပါး

(၁) သစ္စံဘဏေ - အမှန်ကိုသာပြောဆိုခြင်း။

(၂) နကုဇ္ဈေယျ - အမျက်မထွက်၊ စိတ်မဆိုးရခြင်း။

(၃) အပ္ပမ္ပိဒဇ္ဇာ - အလှူခံတို့အား တတ်စွမ်းသမျှ ပေးကမ်းလှူဒါန်းရခြင်း။

စေတနာသုံးတန်

(၁) ပုဗ္ဗစေတနာ - ကုသိုလ်မပြုမီကြံစည်သည့်အခါဖြစ်သော စေတနာ၊

(၂) မုဥ္စစေတနာ - ကုသိုလ်ပြုစဉ်ဖြစ် ပေါ်လာသော စေတနာ၊

(၃) ပရစေတနာ - ကုသိုလ်ပြုပြီးနောက် ဖြစ်သော စေတနာ။

ဇောသုံးမျိုး

(၁) ကုသိုလ်ဇော - ကောင်းသောစိတ်အစဉ်၊

(၂) အကုသိုလ်ဇော - မကောင်းသော စိတ်အစဉ်၊

(၃) အဗျာကတဇော- ကိစ္စပြီးပြီးသောကုသိုလ်တို့ သန္တာန်၌မအောင်သော သဘော။

တရားသူကြီးအင်္ဂါသုံးပါး

(၁) အနိုင်အထက်မပြုခြင်း။ (၂) အဂတိလေးပါးမလိုက်ခြင်း။ (၃) အမှုနှင့်လျော်ညီစွာစီရင်ခြင်း။

ညဉ့်သုံးယံ

(၁) ပုဗ္ဗာယာမ - ညဉ့်ဦးယံ၊ (၂) မဇ္ဈိမယာမ - သန်းခေါင်ယံ၊ (၃) အစ္ဆိမယာမ - မိုးသောက်ယံ။

တဏှာသုံးပါး

(၁) ကာမတဏှာ - ကာမဂုဏ်တရားတို့ကိုစွဲလမ်း ခြင်း။

(၂) ဘဝတဏှာ - ဘဝကိုစွဲလမ်းသော သဿတဒိဋ္ဌိယှဉ်သည့်တဏှာ၊

(၃) ဝိဘဝတဏှာ - ဥစ္ဆေဒဒိဋ္ဌိနှင့်ယှဉ်သော ဘဝမရှိဟူသော တဏှာစွဲလမ်းခြင်း။



www.burmeseclassic.com

www.burmeseclassic.com

**ကာလသုံးပါး**

(၁) ပစ္စုပ္ပန်ကာလ - ယခုဖြစ်တုန်းဖြစ်ဆဲအချိန်အခါ၊
(၂) အတိတ်ကာလ - လွန်ခဲ့ပြီးသောအချိန်အခါ၊
(၃) အနာဂတ်ကာလ - ဖြစ်လတ္တံ့ ဖြစ်အံ့သောအချိန်အခါ။

**ကာယကံသုံးပါး**

(၁) ပါဏာတိပါတာ - သူ၏အသက်ကို သတ်ခြင်း၊
(၂) အဒိန္နာဒါန - သူတစ်ပါး၏ ပစ္စည်းများကို ခိုးယူခြင်း၊
(၃) ကာမေသုမိစ္ဆာစာရ - သူ၏သားမယားကို မေထုန်မှီဝဲခြင်း။

**ကပ်သုံးပါး**

(၁) ရောဂန္တရကပ် - ရောဂါဆိုးဖြင့် အထူးနှိပ်စက်သောကပ်၊
(၂) သတ္ထန္တရကပ် - ဓား၊ လှံ၊ သေနတ် စသောလက်နက်တို့ဖြင့် သတ်သောကပ်၊
(၃) ဒုဗ္ဘိက္ခန္တရကပ် - အစားအစာငတ်မွတ်ခေါင်းပါးသောကပ်။

**ရာပနသုံးမျိုး**

(၁) အဂ္ဂိဈာပန - အလောင်းကိုမီးရှို့၍ သင်္ဂြိုဟ်ခြင်း၊
(၂) ဘူမိဈာပန - မြေမြှုပ်ခြင်း၊
(၃) ဥဒကဈာပန - ရေတွင်မျှောခြင်း။

**တိရစ္ဆာန်တို့အသိသုံးပါး**

(၁) အစားအစာ၊ (၂) အအိပ်အနေ၊ (၃) မေထုန်မှီဝဲခြင်း။

**ကြိဖလသုံးပါး**

(၁) ဆီးဖြူသီး၊ (၂) သစ်ဆိမ့်သီး၊ (၃) ဖန်ခါးသီး။

**မကိုးအပ်သည့်သုံးပါး**

(၁) မာန်ကို မကိုးအပ်၊ (၂) အားကို မကိုးအပ်၊ (၃) စည်းစိမ်ကို မကိုးအပ်။

**ရယ်ခြင်းသုံးပါး**

(၁) သူမြတ်ရယ်ခြင်း၊ (၂) သူယုတ်ရယ်ခြင်း၊ (၃) သူလတ်ရယ်ခြင်း။

**မိန်းမတို့ ဂါရဝသုံးပါး**

(၁) မိခင်၊ ဖခင်တို့ကို ရိုသေခြင်း၊
(၂) ယောက္ခမကို ရိုသေခြင်း၊
(၃) မိမိလင်သားကိုရိုသေခြင်း။

**မရှက်သုံးပါး**

(၁) ကြိုက်နှစ်သက်၍မရှက်ခြင်း၊
(၂) ငတ်မွတ်၍ မရှက်ခြင်း၊
(၃) အိပ်ပိုက်၍မရှက်ခြင်း။

**နဂါးသုံးမျိုး**

(၁) ဝိဋ္ဌဝိသ - နဂါးမျိုးသတ္တဝါတို့သည် မျက်စောင်းထိုး၍ ကြည့်ကာမျှနှင့်ပင် ဖွဲပြာကဲ့သို့ကြေရလေသည်။

(၂) ဒဋ္ဌဝိသ - နဂါးမျိုးသတ္တဝါတို့သည် ကိုက်သည်ရှိသော် ဖွဲပြာကဲ့သို့ ကြေရလေသည်။

(၃) ဖုဋ္ဌဝိသ - နဂါးမျိုးသတ္တဝါတို့သည် ထိခိုက်မိသည်ရှိသော် ဖွဲပြာကဲ့သို့ကြေရလေသည်။

**နေသွားလမ်းသုံးကြောင်း**

(၁) အဇ္ဈောဝီထိ - အတွင်းလမ်း၊
(၂) မဇ္ဈေဝီထိ - အလယ်လမ်း၊
(၃) ဗာဟိရဝီထိ - အပြင်လမ်း။

**မနောကံသုံးပါး**

(၁) ကိလေသာဝဋ် - အဝိဇ္ဇာ - တဏှာ၊ ဥပါဒါန်၊
(၂) ကမ္မဝဋ် - ကမ္မ၊ ဘဝ၊ တစ်စိတ် သင်္ခါရ၊
(၃) ဝိပါကဝဋ် - ဝိညာဏ် - နာမ်ရုပ်၊ သဠာယတနဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ။



www.burmeseclassic.com

www.burmeseclassic.com

### နတ်သုံးပါး

(၁) သမ္မုတိနတ် - လူမင်းကောရာဇ်၊
(၂) ဥပပတ္တိနတ် - ဥပပါတ်- ပဋိသန္ဓေဖြင့်ဖြစ်သော နတ်၊ ဗြဟ္မာ ဟူသမျှ
(၃) ဝိသုဒ္ဓိနတ်၊ ကိလေသာ စင်ကြယ် ပြီးဖြစ်သော ဘုရား၊ ရဟန္တာ။

### ပိဋကတ်သုံးပါး

(၁) ဝိနည်း- ငါးကျမ်း။ (၂) သုတ်- သုံးကျမ်း။ (၃) အဘိဓမ္မာ - ခုနစ်ကျမ်း။

### ပါရမီသုံးပါး

(၁) ဒသပါရမီ - ပါရမီဆယ်ပါးကို သား၊ မယား၊ ဥစ္စာစည်းစိမ်ကို ဂရုမထားဘဲ ဖြည့်ခြင်း။
(၂) ဥပပါရမီ - ပါရမီဆယ်ပါးကို မိမိ၏ ကိုယ်လက် အင်္ဂါကို ဂရုမပြုဘဲ ဖြည့်ခြင်း။
(၃) ပရမတ္ထပါရမီ - ပါရမီဆယ်ပါးကို မိမိ၏အသက် ကို ဂရုမပြုဘဲဖြည့်ခြင်း။

### ပရိတ်ရွတ်ခြင်းအင်္ဂါသုံးပါး

(၁) အတ္ထ - အနက်ကျနမှန်ကန်စွာသိခြင်း။
(၂) ပဒ - ဒီဃရဿနှင့်တကွ၊ အက္ခရာပဒသိခြင်း။
(၃) သမုန - လာဘ်စသည်တို့မငဲ့မူ၍ ကောင်းသော နှလုံးရှိခြင်း။

### စေတီသုံးပါး

(၁) ပရိဘောဂစေတီ - မြတ်စွာဘုရား၏ အသုံး အဆောင်၊
(၂) ဓာတုစေတီ - မြတ်စွာဘုရား၏ ဓာတ်တော်၊
(၃) ဓမ္မစေတီ - တရားဒေသနာတော်

### ဝိဇ္ဇာသုံးပါး ပု-ဒိ-အာ

(၁) ပုဗ္ဗေနိဝါသဉာဏ် - ရှေးလွန်လေပြီးသော ဘဝ အကြောင်းကိုသိနိုင်ခြင်း။
(၂) ဒိဗ္ဗစက္ခုဉာဏ် - နတ်မျက်စိကဲ့သို့ မြင်ခြင်း။
(၃) အာသဝက္ခယဉာဏ် - အာသဝေါတရားကုန် ခန်းခြင်း။

### ဒေသနာသုံးပါး

(၁) အာဏာဒေသနာ - အာဏာဖြင့် ဆုံးမပညတ် အပ်သော ဝိနည်း၊ ပိဋကတ်။
(၂) ဝေါဟာရဒေသနာ - ဝေါဟာရဖြင့် ဟောတော် မူအပ်သော သုတ္တန်၊ ပိဋကတ်။
(၃) ပရမတ္ထဒေသနာ - ပရမတ္ထအားဖြင့် ဟော တော်မူအပ်သော အဘိဓမ္မာ၊ ပိဋကတ်။

### အတိုဆုံးတရားသုံးပါးဆင်ခြင်ရာ

(၁) နီးလျှင်ပျက် - အိပ်လျှင်ပျက် - အမြဲပျက်နေ တာ ငါ့ခန္ဓာ၊
(၂) မရှိလည်းမွဲ၊ ရှိလည်းဆင်းရဲ၊ အာရုံလိုက်ရတာ ငါ့ခန္ဓာ၊
(၃) ငါပိုင်၊ ငါ့ဆိုင်၊ ဘာမှမပိုင်၊ ဘာမှမဆိုင် စိတ် ထင်ဖြစ်တာ ငါ့ခန္ဓာ။

### ရန်အောင်ခြင်းသုံးပါး

(၁) လိမ္မာခြင်း။ (၂) ရဲရင့်ခြင်း။ (၃) ထိုးထွင်းပညာ ယှဉ်ခြင်းတို့ ဖြစ်ကြပါသည်။

သတ္တဝါမှန်သမျှ ဘေးမဲ့ အေးမြရွှင်လန်းပါစေ။

**ကျော်ဇောဟိန်း(နံ့သာ)**

**ကိုးကား**

(၁) မော်ကျွန်းအရှင်ပဏ္ဍိတ၏ - သံရာဏဂုံဆိုင်ရာအစွမ်း။
(၂) ဘဘဦးသုခ၏မှတ်စု
(၃) မိမိလေ့လာထားသောမှတ်စုများ



www.burmeseclassic.com

www.burmeseclassic.com



# လောင်းရိပ်မိမှာ စိုးထိတ်ပါဘိ

ရှယ်လီသိန်းမောင် (စိန်မိုက်ကယ်)

သီးပင်တစ်ပင် စိုက်ပျိုးမည်ဆိုပါ ဂ အောင်မြင်သော မျိုးစေ့၊ မြေညြဇာ ျားသည် အရေးကြီးသကဲ့သို့ ရှင်သန် ကြီးထွားရန်အတွက်လည်း လေ၊ မြေ ၊ရ နေရောင်ခြည်ဓာတ်များကလည်း အထူးပင် လိုအပ်လှပါသည်။

သီးပင်ကလေးများ ရှင်သန်ပြီး အရွယ်ရောက်လာကြသောအခါ ပတ်ဝန်းကျင်၌ရှိသော ပေါင်းမြက်များရှင်းလင်းပေးခြင်း၊ အပင်ပေါ်သို့ အခြားအပင်ကြီးများ၏ အခက်အလက်များအောက်တွင် မကျရောက်စေရန် ဆောင်ရွက်ပေးရသကဲ့သို့ သီးပင်လေးများ အဖူးအပွင့်လေးများ ဝေဆာလာပြီဆိုပါက အသီးတင်ရန်၊ လှပစေရန်၊ အရသာကောင်းမွန်စေရန် အားတိုးဆေး၊ ပိုးသတ်ဆေးများ ပက်ဖျန်းခြင်းပြုလုပ်ရပါသည်။ သီးပင်တစ်ပင်သည် လောင်းရိပ်မိပါက ရှင်သန်မှုနှေးကွေးပြီး ထွက်ပေါ်လာသောရလဒ်သည် အရည်အသွေးမမီသော အသီးအဖြစ်သို့ရောက်ရှိစေနိုင်ပါသည်။

ထိုကဲ့သို့ပင် မိမိ၏ရင်သွေးငယ်လေးများအား နောင်အနာဂတ်တွင် အရည်အသွေးပြည့်ဝပြီး အဆင့်အတန်းမီသော သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ ဖြစ်ထွန်းလာစေရန်အတွက် မိဘတိုင်းတွင် တာဝ ရှိပါသည်။

မိမိ၏ ရင်သွေးကလေးများသည် ကျန်းမာသန်စွမ်းလာပြီး အချိန်တ အရွယ်ရောက် ကျောင်းနေရွယ်သို့ရော ရှိလာသောအခါ မိဘတို့က သားသ တို့၏ ကျန်းမာရေး၊ စားဝတ်နေရေး ကို လိုလေသေးမရှိအောင် ဆော ပေးကြရသည်မှာ မိဘတိုင်း၏ သည်။ သို့သော် တချို့သော မိဘ သည့် မိမိသားသမီးများ ခုနစ်တန်း တန်း၊ ကိုးတန်းရောက်သည့်တိုင်အော

www.burmeseclassic.com

www.burmeseclassic.com

မခိုင်းရက်၊ မစေရက်ဘဲ ထမင်းစား၊ ရေချိုး၊ ရေအိမ်သွားမှအစ စာကူးပေးသည့်အဆင့်အထိ လုပ်ကိုင်ဆောင်ရွက်ပေးကြသဖြင့် သားသမီးတို့၏ ကိုယ့်ကိုယ်ကို အားကိုးချင်စိတ်ပျောက်ကာ အရာရာ မိဘကို အားကိုးနေပါသဖြင့် ကိုယ်ရည်ကိုယ်သွေးများနိမ့်ကျလျက်ရှိပါသည်။

မိဘတို့သည် သားသမီးများကို မေတ္တာရှေ့ထား ချစ်ခင်မှုထားသော်လည်း မိမိကြောင့် သားသမီးများအား လောင်းရိပ်မမိစေလိုပါ။ သားသမီးတို့သည် တက္ကသိုလ်ဝင်တန်းအောင်ပြီး မိမိ၏စိတ်ကြိုက် ရည်မှန်းချက်အား မရွေးလည်းမရွေးချယ်တတ်ပါ။ မိဘ၏လမ်းညွှန်မှုအောက်တွင် နာခံရသဖြင့် ဘွဲ့အသီးသီးရလာသော်လည်း ဆရာဝန်က သီချင်းဆို၊ အင်ဂျင်နီယာက ရုပ်ရှင်ရိုက် စသည်ဖြင့် မိမိဝါသနာပါရာကို ပြုလုပ်ကြသဖြင့် အချိန်များကုန်ဆုံးပြီး အချည်းနှီးဖြစ်စေပါသည်။ ငယ်ငယ်ကလေးကတည်းက သူပိုင်ရည်မှန်းချက်ထား ရှိနိုင်အောင် လေ့လာပြီး နံဘေးမှသာ ကူညီပံ့ပိုးရမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဆရာဝန်ဖြစ်မှ၊ အင်ဂျင်နီယာဖြစ်မှဟူသော တစ်ယူသန်စွဲလမ်းမှုများကို မပြုစေလိုပါ။ ပန်းချီဆရာ၊ ဂီတပညာရှင်၊ အနုပညာ၊ စာရေးဆရာ၊ ကျောင်းဆရာ · · · အစရှိသည်တို့သည်လည်း နိုင်ငံအတွက် များစွာအထောက်အကူပြုသော ပညာရှင်များဖြစ်သည်ကို သတိချပ်စေလိုပါသည်။

ထို့ကြောင့် ကလေးများအား ငယ်စဉ်ကတည်းက ကိုယ့်အားကိုယ်ကိုးလိုစိတ်၊ မိမိဖြစ်စေလိုသော ရည်မှန်းချက်အား ငယ်ငယ်ကလေးကတည်းက စိတ်ပါဝင်စားစေရန် ဂရုစိုက်ပေးရမည်ဖြစ်ပါသည်။ "ကိုယ့်ကိုကိုယ် အားကိုးကြပါ။ အားကိုးကြပါ။ သူတစ်ပါးကို ယုံစားနေဖို့မလို"ဟူသော သီချင်းစာသားလေးသည် မိမိကိုယ်ကို အားကိုးစေရန် လှုံ့ဆော်ပေးသော တေးသွားလေးပင်ဖြစ်ပါသည်။

ဘုရားရှင်လက်ထက်တော်က ဇေတဝန်ကျောင်းတော်ကြီးတွင် ရှင်ကုမ္မာရကဿပ၏ မိခင်အကြောင်းအား အကြောင်းပြုပြီး လူသားတိုင်း ကိုယ့်အားကိုယ်ကိုးရမည်ဆိုသော အကြောင်းတရား အတိတ်တစ်ခုအား ဘုရားရှင်မှ ဟောကြားတော်မူခဲ့ပါသည်။

ထိုစဉ်က ရာဇဂြိုဟ်ပြည်၏ မြို့တစ်မြို့တွင် သူကြွယ်တစ်ဦး၏ သမီးသည် ချောမောလှပပြီး ဒါန၊ သီလ၊ ဘာဝနာတို့၌ သဒ္ဓါထက်သန်သော အမျိုးသ:မီးတစ်ဦး ဖြစ်ပါသည်။ သူသည် လောကီအရေးကို စက်ဆုပ်ရွံရှာပြီး ဘိက္ခုနီမ ဝတ်ချင်သော်လည်း မိဘများကခွင့်မပြုသဖြင့် စိတ်နှလုံးမကြည်သာနိုင်ပဲ ဖြစ်နေရပါသည်။ သူ၏ရင်ထဲ၌ မိဘက ခွင့်မပြုနိုင်သောအကြောင်းရပ်အား အိမ်ထောင်ပြုပါက အိမ်ထောင်ရှင်အား ခွင့်တောင်းပြီး ဘိက္ခုနီမဝတ်ရန် ဆုံးဖြတ်ထားပါတော့သည်။

သို့နှင့် မိဘများကလည်း အချိန်တန်အရွယ်ရောက်လာသောအခါ သူဌေးသားတစ်ဦးနှင့် ထိမ်းမြားပေးလိုက်ပါသည်။ တစ်နေ့သော် ရာဇဂြိုဟ်ပြည်၏ နက္ခတ်တာယာ ဆင်ယင်ကျင်းပသော ပွဲလမ်းသဘင်သို့ ရောက်ရှိလာပါသည်။ အများသူတကာတို့သည် ဝတ်ကောင်းစားလှများဝတ်ဆ:်ပြီး နက္ခတ်တာယာပွဲသို့ အုတ်အုတ်ကျက်ကျက် သွားနေကြသည်ကို လေသာပြတင်းမှကြည့်ရှုနေသော သူဌေးသမီးအား ခင်ပွန်းသည်က မြင်တွေ့သွားလေသည်။ ထိုအခါ ခင်ပွန်းသည်က -

"ရှင်မ ဘယ်အရာကို ကြည့်ရှုငေးမောနေပါသနည်း"ဟုမေးရာ ဇနီးသည်က -

"လူတွေအားလုံး နက္ခတ်တာရာပွဲလမ်းသဘင်သွားဖို့ လှုပ်ရှားသွားလာနေတာကိုကြည့်ပြီး လူတွေဟာ ဘာကြောင့် တန်ဖိုးရှိလှတဲ့အချိန်တွေကို ဖြုန်းတီးနေတာလည်းလို့ စဉ်းစားနေတာပါ"ဟု ဆိုလိုက်လေသည်။

ထိုအခါ ခင်ပွန်းသည်က ထိုကဲ့သို့ စိတ်မျိုးရှိပါ အဘယ်ကြောင့် အိမ်ထောင်ပြုရသနည်း၊ ဘိက္ခုနီမဝတ်ပါတော့လားဟု ဆိုလိုက်ရာ သူဌေးသမီးကလည်း အမှန်တကယ်ပင် ဘိက္ခုနီမဝတ်ချင်ပါသော်လည်း မိဘများက ခွင့်မပြု၍ မဝတ်လိုက်ရတာပါ။ သို့အတွက်ကြောင့် ခင်ပွန်းသည်များ ခွင့်ပြုမည်ဆိုပါက ယခုပင်လျှင် မဆိုင်းမတွဝတ်ပါမည်ဟု ဆိုလိုက်လေသည်။ ခင်ပွန်းသည်လည်း ဇနီးမယား၏ဆန္ဒကို ဖြည့်ဆည်းပေးရန် ရွှေဝေါယာဉ်ဖြင့် ဘိက္ခုနီမ ဝတ်ရန် ကျောင်းတော်သို့ ခေါ်ဆောင်သွားလေတော့သည်။

သို့နှင့် လပိုင်းအနည်းငယ်သို့ ရောက်သွားသောအခါ လူ့ဘဝမှပါသွားသော ကိုယ်ဝန်သည် ပေါ်လွင်လာတော့



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ ထိုအခါ ဘိက္ခုနီမအချင်းချင်း မဖြစ်သင့်သောကိစ္စ၊ သီလမစင်ကြယ်သောကိစ္စဟု ဆိုကြကာ အဖွဲ့ခေါင်းဆောင်ဖြစ်သော ရှင်ဒေဝဒတ်ထံ ခေါ်ဆောင်သွားလေတော့သည်။ ရှင်ဒေဝဒတ်ကလည်း လွယ်လွယ်ပင် သီလမစင်ကြယ်သော ဘိက္ခုနီမအား ချက်ချင်းပင် လူဝတ်လဲစေပါတော့သည်။

ထိုအခါ သူဌေးသမီး ဘိက္ခုနီမသည် လူ့ဘဝမှရရှိလာသော ကိုယ်ဝန်ဖြစ်ပါ၍ မိမိသည် သီလစင်ကြယ်သည်ဟုဆိုကာ ဘုရားရှင်ထံ လျှောက်ထားလေတော့သည်။ ဘုရားရှင်လည်း ၎င်းအား ဝိသာခါကျောင်းအမထံ အပ်နှံကာ ကိုယ်ဝန်အားစစ်ဆေးရာ လူ့ဘဝမှရရှိခဲ့သော ကိုယ်ဝန်ဖြစ်ကြောင်း သိရှိရ၍ ဘိက္ခုနီမအဖြစ် ပြန်လည်လက်ခံထားလိုက်လေသည်။

သန္ဓေသားသည် ကြီးထွားလာပြီး မွေးရက်စေ့၍ သားရတနာလေး ထွန်းကားလာလေတော့သည်။ ၎င်းသားလေးအား ရှင်ကုမ္မာရဟု အမည်ပေးထားလေသည်။ တစ်နေ့သော် ကောသလမင်းကြီးသည် ကျောင်းတော်၌ ကလေးငိုသံကြား၍ စုံစမ်းရာ ကျောင်းတော်နှင့် ကလေးငိုသံ မအပ်စပ်ပါ၍ ကလေးအားမွေးစားရန် နန်းတော်သို့ခေါ်ဆောင်သွားလေတော့သည်။ ကလေးသည် အချိန်တန်အရွယ်ရောက်၍ ကျောင်းနေသောအရွယ်သို့ရောက်သော် မိမိ၏ မိခင်ရင်းအား မေးမြန်းလေတော့၏။ နောက်ဆုံး၌ မိမိ၏မိခင်ရင်းမှာ ဘိက္ခုနီမကြီး မှန်းသိသွား၍ ၎င်းနေထိုင်သော ကျောင်း၌ပင် သင်္ကန်းဝတ်လေတော့သည်။

ဘိက္ခုနီမကြီးလည်း သားတော်လေးအား ခေါ်သွားစဉ်ကတည်းက နေ့ရောညပါ ငိုကြွေးနေသောဘဝမှ နီးနီးကပ်ကပ် သားတော်နှင့်နေရသောအခါ စိတ်သက်သာရာရသွားလေတော့သည်။ ရှင်ကုမ္မာရလည်း ဤကျောင်းတော်၌ပင် နေထိုင်မည်ဆိုပါက တရားထူးရမည်မဟုတ်ဟု ကြံဆကာ ရဟန်းပြု၍ တောထွက်သွားလေတော့၏။ ဘိက္ခုနီမကြီးလည်း တစ်ဖန်ပြန်၍ သားအား လွမ်းဆွေးနေပါတော့သည်။

ရဟန်းပျိုလည်း တောထွက်ပြီး နှစ်နှစ်ခန့်ကြာသော် မိခင်ရှိရာသို့ ပြန်လာပြီး မိခင်အား ရှာဖွေလေတော့သည်။ မိခင်ကလည်း သားအား တစ်လမ်းဝင် တစ်လမ်းထွက် ရှာဖွေနေလေတော့သည်။

တစ်နေ့သော် တိုက်တိုက်ဆိုင်ဆိုင်ပင် သားအမိနှစ်ယောက် ဆုံတွေ့ကြရာ မိခင်လည်း သားကိုမြင်ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျလေတော့သည်။ ၎င်းမျက်ရည်တို့သည် သားရဟန်း၏ ခြေဖမိုးပေါ်သို့ ကျလေတော့၏။ သားဖြစ်သူမှာ မိခင်ကြီးအားကြည့်ပြီး ငါသည် မိခင်အား ပျော့ပျောင်းစွာဆက်ဆံပါက မိခင်သည် တရားထူးမရနိုင်ဘဲ ဖြစ်ချေတော့မည်။ သို့အတွက် ကြမ်းတမ်းသောစကားများကို ဆိုမှသာ ဖြစ်ချေတော့မည်ဟုစိတ်ဖြင့် မိခင်ကြီးအား -

"ဘိက္ခုနီမကြီး…ချစ်ခြင်းတရားကို မဖြတ်တောက်နိုင်ဘဲ ဘာကြောင့် ဘိက္ခုနီမ ဝတ်ရသနည်း။ ယခုပင် လူဝတ်လဲပေတော့"

ဟု ခက်ထန်မာကျောသော လေသံဖြင့်ပြောပြီး ချက်ချင်းပင် မိခင်ရှေ့မှ ထွက်သွားလေတော့သည်။ မိခင်ကြီးမှာလည်း သား၏စကားသံကြောင့် ရင်ထဲ၌ မဖော်ပြနိုင်လောက်အောင် ဝမ်းနည်းပြီး "ငါ့မှာတော့ သားရယ်လို့ လွမ်းဆွေးလိုက်ရတာ။ သူကတော့ ပစ်ပစ်ခါခါ ပြောရက်လေခြင်း"ဟု ဒေါသထွက်ပြီး အချိန်တွေဟာ အလဟဿ အကျိုးမရှိ ကုန်ဆုံးသွားပါလားဟု မိမိကိုယ်မိမိ ဆုံးမလျက် မခံချင်သောစိတ်ဖြင့် တရားအားထုတ်ရာ သောတာပန်ဖြစ်သွားလေတော့သည်။

ဤသာဓကလေးကို ထောက်ရှု၍ မိမိကိုယ်မိမိ အားကိုးမှသာလျှင် မိမိ၏ရည်မှန်းချက်သည် အောင်မြင်နိုင်မည်ဟု တစ်ထစ်ချယုံကြည်ရမည်ဖြစ်ပါသည်။

သို့ပါ၍ မိဘများသည် မိမိသားသမီးများအား ကိုယ့်ထူးကိုယ်ချွန်နိုင်သောစိတ်၊ မိမိကိုယ်ကိုမိမိ အားကိုးချင်သောစိတ်အား ဖြစ်ပေါ်စေရန် လေ့ကျင့်ပေး၍ ဝိုင်းဝန်းကူညီထောက်ပံ့မှသာလျှင် မိမိသားသမီးများအား အနာဂတ်၏ ထွန်းလင်းတောက်ပသော ကြယ်ပွင့်ကလေးများအဖြစ် မြင်ကြ မည်မှာ မလွဲပင်ဖြစ်၍ သားသမီးများ လည်း ချစ်ရာရောက်မည်ဖြစ်ပါကြောင်း မိမိသားသမီးများအား လောင်းရိပ် အောက်မှ ဖယ်ရှားပေးကြစေလိုကြောင်း အကြံပြုရေးသားတင်ပြလိုက်ပါသည်။

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်

မှတ်ချက် ။ နားကြားခဲ့ တရားတစ်ပုဒ်အား ဥပမာပြုပါသည်။

www.burmeseclassic.com


# ဆရာကြီး အရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း

လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၇၄၆)

# အောင်ဝိဇ္ဇာစိုးရိ - အထူးကုဆေးခန်း

➢ **အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျား အကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ (1107 Y 7278)**

➢ **လိပ်ခေါင်းတွင်း၊ မြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ (1208 Y 7942)**

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၈၇၀၉၇၊ ၀၉-၃၁၉၂၁၃၃၅
င်ခုင်း ❖ အမှတ် (၈၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉
ချိရေး ❖ ကိုဝင်းမြင့် + မသောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၈ လမ်း၊ ၈၂×၈၃ လမ်း)၊
အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး)


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဂမ္ဘီရခွစာ

## ယိုး

**(ယခင်လမှအဆက်)**

မိုးလေးတဖွဲဖွဲကျနေသော တစ်ခုသောတနင်္ဂနွေနေ့ဖြစ်၏။ ကျွန်ုပ်သည် တပည့်ကျော်မောင်တို ချက်ပြုတ်ကျွေးမွေးသည့် ထမင်းဟင်းတို့ကို စားသောက်ပြီးနောက် အောက်သို့ဆင်းတော့ဘဲ ရေနွေးကြမ်းနှင့် ထန်းလျက်ခဲကို စားသောက်ကာ တွေ့ရာစာအုပ်တစ်အုပ်ကို ဖတ်နေမိရာ သိပ်စိတ်ဝင်စားခြင်းမရှိလှသဖြင့် ဟိုကျော်သည်ကျော်ဖြင့် လှန်လှောလျက်ရှိ၏။

မောင်တိုသည် ကျွန်ုပ်အနားသို့ ကပ်လာပြီးနောက် –

''ဦးလေး ...ကျွန်တော့်ကို စိတ်ဝင်စားစရာအကြောင်းလေး တစ်ခုလောက် ပြောပြပါလား''

ဟု တောင်းဆိုလေ၏။ ကျွန်ုပ်သည် စာအုပ်ထဲတွင် အာရုံမရှိသည်ဖြစ်ရာ မောင်တိုအား ဘာပြောပြလျှင်ကောင်းမလဲဟု စဉ်းစားရ၏။ ကျွန်ုပ်သည် တစ်ခါက မောင်တိုမေးသဖြင့် အလောင်လူမျိုးအကြောင်းကို ကျွန်ုပ်သိသလောက် ပြောပြခဲ့ဖူးလေ၏။ ထို့နောက် ပအိုးဝ်တိုင်းရင်းသားတို့အကြောင်းကိုလည်း သိသရွေ့ ပြောပြခဲ့လေ၏။ ယခုတစ်ခါ လူသိအလွန်နည်းသော တိုင်းရင်းသားလူမျိုးတစ်မျိုးအကြောင်း ပြောပြမည်ဟု စိတ်ကူးရမိ၏။

''ရှမ်းမျိုးနွယ်စုတွေထဲက 'ယင်း' လူမျိုးစုအကြောင်း မင်းကို ငါပြောပြမယ်ကွ။ ယင်းလူမျိုးမှာ ယင်းနက်နဲ့ ယင်းကျားဆိုပြီး လူမျိုးစုနှစ်စုရှိတယ်။ ယင်းနက်က အပေါ်အောက် အနက်ရောင်ဝတ်စုံကိုဝတ်ပြီး၊ ယင်းကျားကတော့ အနက်ရောင်အကျႌနဲ့ ဘောင်းဘီကို အညိုရောင်ဝတ်တယ်။ အဲဒီလူမျိုးနှစ်စုလုံးကလည်း ကိုယ်ပိုင်စကားနဲ့ ကိုယ်ပိုင်စာပေတွေ ရှိခဲ့ကြဖူးတယ်တဲ့။ ခုတော့ သူတို့ရဲ့စာပေဟာ ထိန်းသိမ်းမှု အားနည်းတာကြောင့် ပျောက်ကွယ်သွားပြီလို့ ဆိုကြတယ်။

ဒီလူမျိုးစုတွေက သိပ်ပြီးရိုးဆန်ကြတယ်။ သိပ်ပြီးလည်းရိုးသားကြတယ်။ လူသိနည်းကြတယ်။ သူတို့အကြောင်းပြောရရင် သူတို့ရဲ့ အဓိကအသက်မွေးဝမ်းကျောင်း အလုပ်ကတော့ ချင်းစိုက်ပျိုးခြင်းပဲကွ။ သူတို့စိုက်တဲ့ ချင်းတွေကို တရုတ်ပြည်ကို ပို့ရောင်းကြတယ်။ ချင်းဝယ်အားကောင်းတဲ့နှစ်ဆို သူတို့မှာ ပိုက်ဆံတွေ အရမ်းရကြတယ်။ ရတဲ့ပိုက်ဆံတွေကိုလည်း သူတို့က သိပ်ပြီးမသုံးတတ်ကြဘူး။ အိပ်ရာအောက်မှာ ဖြန့်ခင်းပြီးထားကြတယ်။ ဘယ်သူမှလည်း ခိုးတယ်ဝှက်တယ်လို့ သိပ်မရှိကြပါဘူး။ ဒါပေမယ့် သူတို့က ဘယ်တော့မှ ရေနဲ့နီးတဲ့အရပ်မှာ မနေကြဘူး။ နေခိုင်းလို့လည်း မရဘူး။ တချို့ကတော့ ကျိန်စာသင့်နေတယ်လို့ ပြောကြတယ်။ ဟိုးရှေးရှေးတုန်းက အလောင်းမင်းတရားကြီး ယိုးဒယားကို စစ်ချီသွားရင်းနဲ့ လမ်းမှာ ရေဆာတော့ ယင်းရွာတစ်ရွာမှာ ရေတောင်းသောက်တယ်တဲ့။ ရွာသားတွေက အလောင်းမင်းတရားကြီးကို ရေပေးမတိုက်ဘူးတဲ့။ အလောင်းမင်းတရားကြီးလည်း စိတ်ဆိုးတော်မူပြီး သူ့ကို ရေမတိုက်တဲ့လူတွေကို ဘယ်တော့မှ ရေနဲ့နီးတဲ့အရပ်မှာ မနေရပါစေနဲ့လို့ ကျိန်စာတိုက်ခဲ့တယ်လို့ အဆိုရှိကြတယ်။ သူတို့တွေ ရေသွားခပ်ပြီဆိုရင် နံနက် ၄ နာရီလောက်ကထပြီး လှည်းတွေနဲ့သွားလိုက်ကြတာ မနက် ၁၁ နာရီလောက်မှ ပြန်ရောက်ကြတယ်တဲ့။ အဲဒီလောက် ရေနဲ့ဝေးတဲ့အရပ်မှာ နေကြတယ်တဲ့။ နောက်ပြီး ယင်းလူမျိုးတွေက မြို့ကိုဈေးဝယ်တက်ပြီဆိုရင် တစ်ယောက်ယောက်က စဝယ်မှ ဝယ်ကြတယ်တဲ့။ တစ်ယောက်ယောက်က စမဝယ်မချင်းကတော့ လျှောက်သာကြည့်နေမယ်။ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com

ဘာမှမဝယ်ကြဘူးတဲ့ကွ ..။ တစ်ယောက်လောက်ကသာ စဝယ်ပြီဆိုတာနဲ့ အဲဒီဆိုင်ကို အကုန်လုံးဝိုင်းအုံပြီး ဝယ်တော့တာပဲတဲ့။ ဆိုလိုတာကတော့ သိပ်ပြီး ရိုးအကြတာကို ပြောတာပေါ့။

ယင်းလူမျိုးတွေနဲ့ ပတ်သက်ပြီး ပါးစပ်ရာဇဝင်တစ်ခု ရှိတယ်ကွ။ ယင်းလူမျိုးတစ်ယောက်က မြို့ကိုတက်ပြီး ဈေးဝယ်တယ်တဲ့။ အဲဒီအချိန်မှာ မြို့သူ ဗမာအမျိုးသမီးတစ်ယောက်က အိမ်ရှေ့မှာထွက်ပြီး သူ့ဆံပင်အရှည်ကြီးကို ရှေ့ကိုဖားလျားချပြီး ခေါင်းဖြီးနေတယ်တဲ့။ အဲဒါကို ယင်းလူမျိုးတစ်ယောက်က သေသေချာချာ ထိုင်ပြီး ကြည့်နေတယ်တဲ့။ နောက်ရွာလည်း ပြန်ရောက်ရော သူတို့ရွာက လူတွေကို ပြန်ပြောသတဲ့။ ဗမာအမျိုးသမီးတွေ့ သိပ်ပြီးသတ္တိရှိတယ်ပေါ့။ ဆံပင်အရှည်ကြီးကို အားရပါးရဖြီးနေတာ တောင်တစ်ချက်မတွန့်ဘူးပေါ့။ တို့များ ခေါင်းတစ်ခါဖြီးရင် မျက်ရည်တောက်တောက်ကျရတယ်ဆိုပြီး ပြန်ပြောတယ်လို့ ပြောစမှတ်ရှိကြတယ်ကွ။

အဲဒါက ဘာကိုပြောချင်တာလဲဆိုတော့ စောစောက သူတို့ ရေနဲ့ဝေးတော့ ရေသိပ်မချိုးဖြစ်ကြတာရယ်၊ နောက်ပြီး ခေါင်းပေါင်းကြီးတွေ အမြဲပေါင်းထားကြတာဆိုတော့ ဆံပင်တွေက ကျပ်ခဲပြီး ထွေးနေတော့ ဘယ်ဖြီးလို့ရပါတော့မလဲ။ အဲဒီတော့ ခေါင်းဖြီးတဲ့အခါ နာပြီပေါ့ကွာ။ ယင်းလူမျိုးတွေ ရိုးသားကြတာကို တင်စားထားတဲ့ ပါးစပ်ရာဇဝင်လေးတစ်ခုပေါ့ကွာ။

နောက်ပြီး သူတို့မှာ သိပ်ပြီးချစ်စရာကောင်းတဲ့ ဓလေ့လေးတစ်ခုရှိသေးတယ်။ အဲဒါကတော့ အပျို၊ လူပျိုလှည့်တဲ့အခါမှာ အပျိုမှာရော၊ လူပျိုမှာပါ မှန်တစ်ချပ်နဲ့ ဓာတ်မီးတစ်လက်ဆောင်ထားကြတယ်။ ဃယက်ရွာ လေးလုပ်တဲ့လူက သူကြိုက်တဲ့ကောင်မလေးကို ကြိုက်ကြောင်းပြောချင်ရင် နေ့ခင်းဆိုရင် မှန်ကလေးကို နေရောင်မှာထောင်ပြီး သူ့ရဲ့ကောင်မလေးရဲ့ မျက်နှာကိုထိုးရတယ်။ ကောင်မလေးက လက်ခံရင် သူ့ကိုပြန်ပြီး မှန်နဲ့ပြန်ထိုးတယ်။ မကြိုက်ရင်တော့ မထိုးဘူးပေါ့။ ညအခါဆိုရင်လည်း ပွဲလမ်းသဘင်တွေဘာတွေမှာပေါ့။ ကောင်လေးက သူကြိုက်တဲ့ကောင်မလေးရဲ့ မျက်နှာကို ဓာတ်မီးနဲ့ ထိုးရတယ်။ ကောင်မလေးကလက်ခံရင် ပြန်ကြိုက်ရင် ဓာတ်မီးနဲ့ ကောင်လေးရဲ့မျက်နှာကို ပြန်ထိုးတယ်တဲ့။ သိပ်ချစ်စရာကောင်းတဲ့ ဓလေ့ပဲကွ မောင်တိုရ"

ဟု ပြောပြလိုက်ရာ မောင်တိုက

"ဦးလေးက တော်တော်လေ့လာထားတာပဲ"

ဟု ချီးမွမ်းလေ၏။ ထိုအခါ ကျွန်ုပ်က –

"လေ့လာထားတယ်လို့ မပြောစမ်းပါနဲ့ကွာ။ စုထားတယ်လို့ ပြောစမ်းပါကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မောင်တိုက –

"ကုလားကြီးနဲ့ အရာကြီးပါပဲ ဦးလေးရာ။ မည်းတာနဲ့ နက်တာပဲကွာတာပါ"

ဟု ခွကျကျပြောကာ ထွက်သွားလေတော့၏။

ကျွန်ုပ်သည် မောင်တိုထွက်သွားသောအခါ ဖတ်လက်စ စာအုပ်ကို

ကောက်ကိုင်လိုက်၏။ သို့သော် ...
ချင်စိတ်ကမရှိ ဖြစ်နေပြန်၏။ ပုတီး...
တာပဲ ကောင်းပါတယ်ဟု စိတ်ကူး...
သည်နှင့် စိပ်ပုတီးကိုကိုင်ကာ သရ...
ဂုံသုံးပါးအားရွတ်ဆို၍ ပုတီးစိပ်...
လိုက်၏။ ပုတီးစိပ်သည်ဆိုသည်...
မြတ်ဗုဒ္ဓ၏ဂုဏ်တော်များကို ပွား...
ခြင်းဖြစ်သဖြင့် ကုသိုလ်ရသောအ...
ဖြစ်၏။ သို့သော် ရည်ရွယ်ချက်အ...
မျိုးဖြင့် စိပ်ကြ၏။ အချို့သည် လာ...
လာဘအတွက် ပုတီးစိပ်ကြ၏။ အ...
မှာ အန္တရာယ်ကင်းရှင်းရေးအတွ...
ပုတီးစိပ်ကြ၏။

ကျွန်ုပ်၌ အလွန်ကြည်ညို...
စားရသော စာရေးဖော် မိတ်ဆွေ...
တစ်ဦးရှိ၏။ သူသည် စိတ်ထား...
စင်ပြီး သီလမြဲသူတစ်ယောက် ...
သည့်အပြင် ပုတီးသမားတစ်ယော...
လည်းဖြစ်၏။ သူ့အတွက် ပုတီး...
ချိန်သည် အခြားအချိန်များထက် ...
များ၏။ သူသည် ပုတီးကို စနစ်တ...
စိပ်သူတစ်ဦးဖြစ်၏။ ကျွန်ုပ်တို့ကဲ့...
စိပ်ချင်သောအချိန်တွင် ပုတီးကော...
ကိုင်ကာ မိမိရွတ်လိုသော ဂါထာ...
၍ ကိုယ်ကြုံရာနေရာတွင် စိပ်ခြင်း...
ဘယ်တော့မှ မလုပ်။ ကိုယ်လက်...
စင် ရေမိုးချိုးပြီး ငါးပါးသီလယူ၊ ဘု...
ရှိခိုးပြီးမှ ပုတီးစိပ်၏။ စိပ်ရာတွင်လ...
ပုတီးကို ကြမ်းပြင်နှင့် အထိမ...
ပိတ်ဖြူစလေးကိုခင်းပြီးမှ ဘုရား...
တွင်ထိုင်ကာ စနစ်တကျစိပ်သူဖြစ်...
ကျွန်ုပ်သည် တစ်ခါက ကိုးနဝင်း...
စိပ်ဖူး၏။ သက်သတ်လွတ်စား...
နေ့ကို မေ့ပြီးကျော်သွားသဖြင့် န...
သုံးကြိမ်ပြန်လုပ်မှ အဆင်ပြေ...
အခုနောက်ပိုင်း ကျွန်ုပ်သည် သ...

www.burmeseclassic.com

ဂုံသုံးပါးကိုသာ ပုဇ္ဇီးစိပ်တော့၏။

ကျွန်ုပ်သည်လည်း ပုတီးစိပ်၍ သရဏဂုံသုံးပါး ရွတ်ဆိုနေသည့်တိုင် တစ်ဖက်မှာမူ အတွေးတို့က ပျံ့လွင့်လျက်ရှိ၏။ အတန်ငယ်စိပ်မိသောအခါ အိပ်ချင်စိတ်ဖြစ်လာ၏။ အိမ်ရှေ့ဆီမှ ကလင် ... ကလင်ဆိုသော ဘဲလ်သံနှင့်အတူ အိမ်ရှင်တို့ ... အိမ်ရှင်တို့ ဟူသော အသံကိုသာ မကြားရပါမူ ကျွန်ုပ်သည် အမှန်ပင်အိပ်ပျော်တော့မည်ဖြစ်၏။

ကျွန်ုပ်သည် အသံလာရာဘက်သို့ လှမ်းမျှော်၍ကြည့်လိုက်ရာ ကိုကြွေသီးသည် သူ၏အသစ်စက်စက်မဟောသီ မပိုက်တင်ကို ဆိုက်ကားဖြင့်တင်ကာ ကျွန်ုပ်၏ခြံတွင်းသို့ လူသွားလမ်းကလေးအတိုင်း နင်း၍ဝင်လာနေပြီဖြစ်၏။ မပိုက်တင်၏ပေါင်ပေါ်တွင် ကြွပ်ကြွပ်အိတ်များဖြင့် ထုပ်ပိုးထားသော အထုပ်အပိုးများပါလာသည်ကို တွေ့ရ၏။ ကိုကြွေသီးသည် သူ၏ဆိုက်ကားကို ကျွန်ုပ်၏မျက်နှာစာအထိ နင်း၍ ဝင်လာပြီးမှ ရပ်လိုက်၏။

ကျွန်ုပ်သည် ကိုကြွေသီးကိုမြင်လိုက်ရသဖြင့် ပျော်ရွှင်မိသလိုဖြစ်သွား၏။ တပည့်ကျော် မောင်တိုကလည်း အနားသို့ရောက်လာပြီး မပိုက်တင်ဆီမှ အထုပ်အပိုးများအား ဝိုင်း၍သယ်သေးလေ၏။ အားလုံး နေသားတကျဖြစ်သောအခါ ကိုကြွေသီးက အထုပ်များထဲမှ အဝတ်အစားဖြစ်ဟန်တူသော အထုပ်နှစ်ထုပ်အား ကျွန်ုပ်ရှေ့တွင်ချကာ ကျွန်ုပ်အားကန်တော့ရန်ပြင်၏။ မပိုက်တင်ကလည်း ရောနှောင်၍ ကျုံ့ကျုံ့ကလေးထိုင်၏။

ကျွန်ုပ်က ဘာလုပ်ကြတာတုံး

ဟု ဆိုသောအခါ စာရေးဆရာကို လာကန်တော့တာလေဗျာဟု ပြောလေ၏။

"ကျုပ်ကို ... လာကန်တော့ရအောင် ကျုပ်က ဘုန်းကြီးလားဗျ။ နောက်ပြီး ခင်ဗျားတို့ရဲ့ မိဘလား။ နောက်ပြီး ခင်ဗျားက ကျွန်တော့်ထက်ကြီးတယ်နော် ကိုကြွေသီး။ မဟုတ်တာတွေမလုပ်စမ်းပါနဲ့ ကိုကြွေသီးရယ်"

ဟု မနည်းတောင်းပန်သောအခါ –

"ဒါဆိုလည်း ဟောဒီပုဆိုးနဲ့ အင်္ကျီကိုတော့ လက်ဆောင်အဖြစ်လက်ခံပါ စာရေးဆရာရယ်"

ဟုပြောကာ ပေးသဖြင့် ကျွန်ုပ်ကလက်ခံလိုက်ရ၏။

"ကဲ ... ဒါထက် နေပါဦးဗျ။ ဟောဟိုအထုပ်တွေက ဘာတွေများတုံး ကိုကြွေသီးတို့၊ မပိုက်တင်တို့ရဲ့"

ဟု ကျွန်ုပ်ကမေးလိုက်ရာ –

"ဒါတွေက ချက်စရာပြုတ်စရာတွေပေါ့ စာရေးဆရာရဲ့။ ကျုပ်က မပိုက်တင်ကို မောင်တိုရဲ့ လက်ရာကောင်းကြောင်း ကြွားထားတော့ မပိုက်တင်က ချက်ကျွေးခိုင်းမယ်ဆိုပြီး ဝယ်ချမ်းလာတာဗျ။ မောင်တိုရေ .. လက်စွမ်းပြပေတော့ဟေ့"

ဟု လှမ်း၍ပြောလိုက်ရာ မောင်တိုသည် အထုပ်များအား မပိုက်တင်နှင့်အတူ သယ်ယူ၍ မီးဖိုချောင်အတွင်း ဝင်သွားကြလေတော့၏။ ထိုအခါ ကျွန်ုပ်က ကိုကြွေသီးအား –

"ကဲ .. ဆိုစမ်းပါဦး၊ ဘာကိစ္စ"

ဟု မေးလိုက်ရာ ကိုကြွေသီးက

"ဘာကိစ္စရမှာလဲ စာရေးဆရာရယ်။ ခါတ်ကိစ္စပေါ့"

ဟုပြန်ပြောလေ၏။ ကျွန်ုပ်သည် ကိုကြွေသီးနှင့်ဆုံတိုင်း စကားအသစ်များ ကြားရတတ်သည်ဖြစ်ရာ –

"လုပ်စမ်းပါဦးဗျ ကိုကြွေသီးရ။ ခင်ဗျားခါတ်ကိစ္စဆိုတာ"

ဟု ထောက်ပေးလိုက်၏။

"ခါတ်ကျလို့လာတယ်လို့ ပြောမလို့ပါ စာရေးဆရာရယ်။ လူတွေက ခါတ် ... ခါတ်နဲ့ တစ်ခါတ်တည်း ခါတ်နေကြလွန်းလို့ ကျုပ်လည်း သူတို့လိုခါတ်ကြည့်လိုက်တာပါဗျ"

ဟု ပြောလေ၏။

"ဆိုပါစမ်းပါဦး ကိုကြွေသီးရယ်။ ဘယ်လိုခါတ်လဲဗျ"

"ဒီလိုလေ စာရေးဆရာရယ်။ လောကကြီးကိုတောင် လူတွေက လောကခါတ်ကြီးလို့ ခေါ်ကြတယ်မို့လား။ ဘိုးတော်တွေ ရှိထည့် ရှိထည့်လုပ်လို့ ထွက်လာတဲ့ အလုံးလေးကျတော့ ခါတ်လုံးတဲ့။ အသံတွေထည့်ထားတဲ့အပြားလေးကိုကျတော့ ခါတ်ပြားတဲ့။ ကားမောင်းလို့ရအောင် ထည့်ရတဲ့အရည်ကိုကျတော့ ခါတ်ဆီတဲ့။ လျှပ်စစ်အားတွေ သိုလှောင်ထားတဲ့ အခဲလေးကိုကျတော့ ခါတ်ခဲတဲ့။ လျှပ်စစ်အားတွေ ပို့ပေးတဲ့ကြိုးကိုကျတော့ ခါတ်ကြိုးတဲ့။ အဲဒီလျှပ်စစ်တွေ ပို့ပေးတဲ့ ကြိုးတွေဆင်တဲ့ တိုင်ကိုကျပြန်တော့ ခါတ်တိုင်တဲ့။ သရဲပူးသလို၊ တစ္ဆေပူးသလို ဖြစ်တာကိုကျတော့ ခါတ်စီးတယ်တဲ့။ ထင်ရာမြင်ရာ လျှောက်ရှီးနေတဲ့ ဘိုးတော်တွေပြောတဲ့ စကားကျပြန်တော့ ခါတ်ကျလို့ ပြောတာတဲ့။ မီးလေးတဖျပ်ဖျပ်နဲ့ရိုက်လို့ ထွက်လာတဲ့ပုံကျတော့ ခါတ်ပုံတဲ့။



www.burmeseclassic.com

www.burmeseclassic.com

လူမမာကို ရောဂါနဲ့သင့်အောင်ဆိုပြီး ကျွေးတဲ့အစာကိုကျပြန်တော့ ခတ်စာတဲ့။ ဗေဒင်ဆရာများရိုက်စားဖို့ရာ ခွင်ဆင်ထားတဲ့ အကွက်တွေများကျတော့ ခတ်ရိုက်ခတ်ဆင်တဲ့ဗျ။

နောက်ဆုံး နေထိုင်မကောင်း ဖြစ်တာတောင် ခတ်ကြီးလေးပါး ဖောက်ပြန်လို့လို့ ဗိန္ဒောဆရာများက ပြောကြတယ်ဗျ။ ပြောရရင်တော့ ... စာရေးဆရာရယ် ... ခတ်ထဲကကို မထွက်ပါဘူး။ ကျုပ်တောင် စဉ်းစားမိတယ်ဗျ။ ကျုပ်နဲ့ မပိုက်တင်များ မတော်တဆကလေးရလာခဲ့ရင် ခတ်ကလေးလို့ အမည်ပေးမလားလို့ စဉ်းစားထားတယ်''

ဟု ပြောလိုက်ရာ ကျွန်ုပ်က –

''ကိုကြွေသီးရယ် ... ခင်ဗျား ကတော့ လုပ်တော့မယ်။ ပေါက်ပေါက်ရှာရှာဗျာ''

ဟု ပြောလိုက်ရ၏။ ထိုအခါ ကိုကြွေသီးက –

''ပေါက်ပေါက်ရှာရှာ မဟုတ်ဘူး စာရေးဆရာရဲ့။ ဒါလည်း ခတ်သဘောချင်းတိုက်ဆိုင်လို့ ဖြစ်တာ မဟုတ်လားဗျ''

ဟု ပြန်ပြောသဖြင့် ကျွန်ုပ်မှာ ရယ်ရသေး၏။ ထိုအချိန်အနားရောက်လာသော မပိုက်တင်က –

''သေနာကောင်ကြီး မကြီးမငယ်နဲ့ လူကြီးကို ပေါက်ကရတွေ သွားပြောနေတယ်။ သေပေတော့''

ဟု ဆိုကာ ကိုကြွေသီး၏ဗိုက်ခေါက်အား လိမ်၍ဆွဲလေတော့၏။

ကျွန်ုပ်သည် ကိုကြွေသီးပြောသော ခတ်များအကြောင်းအားစဉ်းစားကြည့်နေမိ၏။ ဟုတ်တော့လည်း ဟုတ်ပေသားပဲ။ လူတွေကလည်း နေရာတကာ ခတ်နဲ့ချည်းကိုင်ပေါက်နေသကဲ့သို့ ဖြစ်နေ၏။ သူပဲ ကြံကြံဖန်ဖန်တွေးတတ်ပါပေ့ဟုလည်း ချီးမွမ်းမိ၏။ ကိုကြွေသီးမှာမူ သူပြောချင်ရာ ပြောပြီးသည်နှင့် သူ့တာဝန်ကျေပြီဟု ယူဆသည့်အလား ဆက်မပြောတော့ဘဲ ရေနွေးကြမ်းသောက်ခြင်း၊ သူ၏ ဆေးပေါ့လိပ်ကြီးအား မီးခိုးခေါင်းတိုင်ကဲ့သို့ ထွက်အောင်ဖွာခြင်းတို့ကို ပြုလုပ်လျက်ရှိ၏။ ငြိမ်ချက်သားကောင်း နေသော ကိုကြွေသီးအား ကျွန်ုပ်က

''ဒါထက် ကိုကြွေသီးတို့က ဒီနေ့ အလုပ်မသွားကြဘူးလားဗျ''

ဟု မေးလိုက်လျှင် ကိုကြွေသီး က –

''ဒီနေ့တနင်္ဂနွေနေ့လေ စာရေးဆရာရယ်။ မပိုက်တင်ကတော့ မနက်ပိုင်းက ဆိုင်ထွက်လိုက်သေးတယ်။ ကျွန်တော်ကတော့ မနက်ကတည်းကကို ဆိုက်ကားမထွက်ဘူးဗျ။ နားတယ်''

ဟု ပြန်၍ပြောလေ၏။

''ဒါထက် ကိုကြွေသီးရယ် .. ကျုပ်မသိလို့ မေးပါရစေဦး။ မပိုက်တင်ရဲ့အရင်ယောကျ်ားက ဘယ်များရောက်သွားတာတုံးဗျ''

ဟု လေသံကိုနှိမ့်၍ မေးလိုက်ရာ သူ့အရင်ယောကျ်ားက ကျွန်တော့်လို ဆိုက်ကားသမားပဲဗျ။ ဒါပေမယ့် ဒီလူက အမူးသမားလို့ မပိုက်တင်က ပြောတယ်။ တစ်နေ့တော့ မူးမူးနဲ့ ဆိုက်ကားနင်းလာရင်း ကားတိုက်ခံရပြီး ဆုံးသွားတယ်တဲ့ဗျ။ ယောကျ်ားကလေးနှစ်ယောက် ကျန်ခဲ့တယ်လေ။ မပိုက်တင်အနေနဲ့ကတော့ အရင်က လည်း သူ့ယောကျ်ားလုပ်စာ စား... တာမဟုတ်လေတော့ သူ့အတွက်... တော့ ပြဿနာမဟုတ်ပေဘူး... စာရေးဆရာရယ်။ ဒါပေမယ့်လည်း... ကလေးတွေကလည်း အရွယ်... တွေလည်းရောက်လာ၊ အတန်း... လည်းကြီးလာဆိုတော့ သူလည်းနည်း... နည်းတော့ ဝန်ပိလာတာပေါ့။ ခုတော့... လည်း ကြွေသီးရောက်လာပြီဆိုမှ... သိကြားမင်းကြီး ရောက်လာသလို... စာရေးဆရာရယ်''

ဟု ကြွားလုံးလေး ထုတ်လို... သည်ကို ကြားသွားသော မပိုက်တ... က –

''ကဲ ... သိကြားမင်းကြီး... ဒီနိုခဏလောက် ကြွပါဦးတော့်''

ဟု လှမ်းခေါ်သဖြင့် ဟုတ်... ... ဟုတ်ကဲ့ဟုဆိုကာ ထ၍ပြေး... တော့၏။

ကျွန်ုပ်သည် ကိုကြွေသီး... ရောက်လာသဖြင့် ပျော်ရွှင်နေမိ... ကျွန်ုပ်၏တပည့်ကျော် မောင်တိုး... မီးဖိုချောင်ထဲ၌ ချက်ပြုတ်နေပြီဖြစ်... မပိုက်တင်အား မောင်တိုးကိုကူညီ... ခြင်းလား၊ မောင်တိုးချက်ပြုတ်နေသ... ကို လေ့လာနေခြင်းလား ကျွန်ုပ်... တိကျကျမသိပေ။ နှစ်ခုစလုံးလည်း... ချင်ဖြစ်ပေမည်။ ဟင်းနံ့များကား... လှိုင်၍ ထွက်လာပြီဖြစ်၏။ ဘာဟ... တွေချက်သလဲကိုမူ ကျွန်ုပ်အနေ... အတိအကျမပြောနိုင်ပေ။ ကိုကြွေ... မှာလည်း မပိုက်တင်နှင့်မောင်တိုးအ... ဝိုင်းကူညီညာလုပ်နေရသဖြင့် ကျွ... ထံသို့ ပြန်ရောက်မလာတော့... ကျွန်ုပ်မှာလည်း ပုတီးစိပ်ရင... နိုး၊ စာဖတ်ရကောင်းနိုးဖြင့် စာ...

www.burmeseclassic.com

ကောင်းနိုးနိုး၊ အိပ်ရကောင်းနိုးနိုး၊ နိုးနိုးတွေနှင့်သာ အချိန်ဖြုန်းနေရလေ၏။ လောလောဆယ် အလုပ်မရှိသူသည် ကျွန်ုပ်တစ်ဦးတည်းသာလျှင် ရှိပေ၏။

ထို့ကြောင့် ကျွန်ုပ်သည် အထီးကျန်ဆန်သလို ခံစားလာရ၏။ ထို့ကြောင့် ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်ကာ တွေ့ရာစာအုပ်တစ်အုပ်ကို ကောက်ကိုင်ကာ တွေ့ရာ စာမျက်နှာတစ်ခုကိုဖွင့်၍ကြည့်လိုက်မိရာ ရောင်ခြည်မဂ္ဂဇင်းမှ စာမျက်နှာတစ်ခု ဖြစ်နေ၏။ ဆရာဝင်း(သာကီနွယ်)ရေးသော အခြားစကြဝဠာများတွင် ဗုဒ္ဓဘာသာကိုးကွယ်တဲ့လူတွေ ရှိနေပြီလားဆိုသည့် ဆောင်းပါးဖြစ်နေ၏။ ကျွန်ုပ်သည် ဆောင်းပါးအား စိတ်ပါဝင်စားစွာဖတ်မိရာ လွန်စွာမှ သဘောကျမိပေ၏။

စာရေးဆရာသည် အိပ်မက်အတွင်း နတ်ကြီးများနှင့် တွေ့ပုံကို ဖော်ရေးသားထားသည်မှာ စိတ်ဝင်စားဖွယ်ရာကောင်းလှ၏။ တကယ် အိပ်မက်ထဲတွင်တွေ့သည်ကို ရေးသည်လား၊ စိတ်ကူးယဉ်ဖြင့် ဖွဲ့နွဲ့ရေးသားထားသည်လားကိုမူ ကျွန်ုပ် မသိပေ။ ကျွန်ုပ်ကိုယ်တိုင်ပင် ဤအကြောင်းအရာမျိုးကို မကြာခဏ စဉ်းစားကြည့်မိပေ၏။ ဆောင်းပါးထဲက အတိုင်း ထပ်တူ မဟုတ်သည့်တိုင် စကြဝဠာကြီးထဲတွင် ဤကဲ့သို့ ရှိနိုင်ပေလိမ့်မည်ဟုလည်း ယုံကြည်ယုံကြည်ချက်ခံထားပြီးဖြစ်၏။ ခေတ်ပညာရှင်တို့ကလည်း လက်ရှိ ယခုအခါ စူးစမ်းရှာဖွေမှုများ ပြုလုပ်နေကြပြီဖြစ်၏။

စာရေးဆရာသည် ဆောင်းပါး၏ အဆုံးသတ်ပိုင်းတွင် ဗုဒ္ဓဘာသာဝင်သူတော်စင်များ ရွှေညာဏ်ကွန့်မြူးနိုင်ရန် တင်ပြလိုက်ရပါတယ်ဟု ဖော်ပြထားရာ ဤဆောင်းပါးသည် သူပြောသကဲ့သို့ တကယ်ပင် ရွှေညာဏ်ကွန့်မြူးချင်စရာ ဖြစ်၍နေပေ၏။ စာရေးဆရာသည် နတ်ကြီးများနှင့် တွေ့ဆုံစကားပြောခိုက် အဲဒီကမ္ဘာနဲ့ အဲဒီကလူတွေအကြောင်း အကျယ်တဝင့် ရှင်းပြပါဦးဘုရားဟု လျှောက်ထားမေးမြန်းရာ နတ်ကြီးများက ပြန်လည်ဖြေကြားရာတွင် အဲဒီကလူတွေက အရပ်ကိုးပေခန့်ရှိကြောင်း၊ တစ်ကမ္ဘာလုံး အသားဝါ လူမျိုးတွေဖြစ်ကြောင်း၊ သက်တမ်းက အနှစ် ၅၀၀ ရှိကြောင်း၊ နေပဲရှိပြီး လမရှိတဲ့အတွက် ညအခါ မှောင်နေကြောင်း၊ တစ်ရက်ကို နာရီ ၁၆၀ ရှိပြီး နေ့ကို နာရီ ၉၀ ရှိပြီး၊ ညကို နာရီ ၇၀ ရှိကြောင်း၊ တစ်လကို ရက်ပေါင်း ၆၀၊ တစ်နှစ်ကို လပေါင်း ၂၀ သတ်မှတ်တဲ့အကြောင်း၊ ယောကျ်ားတွေက အိမ်မှုကိစ္စလုပ်ပြီး၊ မိန်းမတွေက လယ်တော၊ ယာတောမှာ စိုက်ပျိုးရေးလုပ်ကြကြောင်း၊ အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်ချိန်က သုံးနှစ်ကြာကြောင်း၊ စစ်ပွဲတွေ၊ လုယက်တိုက်ခိုက်မှုတွေ မရှိကြောင်း၊ ဘုရားဟော ပိဋကတ်သုံးပုံရှိကြောင်း၊ ဒီမှာကဲ့သို့ စာအုပ်စာတမ်း၊ ပေထက်အက္ခရာတင်ခြင်း၊ ကျောက်ထက်အက္ခရာတင်ခြင်းမျိုးမရှိဘဲ သံဃာတော်များက အခန်းကဏ္ဍများခွဲကာ လက်ဆင့်ကမ်း ကျက်မှတ်သွားခြင်းဖြင့် အာဂုံဆောင် ထိန်းသိမ်းသွားကြောင်းတို့ကို ရေးသားထားသည်မှာ အလွန်တရာစိတ်ဝင်စားဖွယ်ရာကောင်းလှပေရာ ကျွန်ုပ်သည် အကြိမ်ကြိမ်ပြန်၍ဖတ်နေမိ၏။

ကျွန်ုပ်သည် ဆောင်းပါးအား ဖတ်ပြီးသည့်တိုင် စာရေးဆရာညွှန်းထားသကဲ့သို့ ရွှေညာဏ်တော်ကွန့်မြူးကာ အတွေးများ ရွှက်လွင့်ပျံ့လျက်ရှိပေ၏။ ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် စကြဝဠာကြီးအတွင်းသို့ တစ်ကမ္ဘာပြီးတစ်ကမ္ဘာ လှည့်လည်၍သွားလာလျက်ရှိ၏။ အခြားကမ္ဘာများကို ကြည့်ကာ အားကျလျက်ရှိ၏။ သူတို့၏ လောဘဒေါသကင်းပုံတို့ကို လွန်စွာမှသဘောကျလျက်ရှိ၏။ ကျွန်ုပ်သည် စကြဝဠာကြီးအတွင်းသို့ လွင့်မျောနေစဉ် တစ်နေရာအရောက်၌ မောင်တိုအား မမျှော်လင့်ဘဲတွေ့လိုက်ရ၏။ မောင်တိုသည် ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း ဦးလေးကလည်းဗျာ ဘယ်သွားနေတာလဲ။ ကျွန်တော့်မှာ ရှာလိုက်ရတာဟု အပြစ်တင်စကားပြောလေ၏။

"ငါ ..စကြဝဠာကြီးထဲကို လျှောက်သွားပြီး လိုက်လေ့လာနေတာကွ။ အထူးအဆန်း တွေချည်းပဲ"

ဟု ကျွန်ုပ်ကပြန်ဖြေလိုက်ရာ မောင်တိုက –

"စကြဝဠာကြီးထဲကို သွားချင်လည်း နောက်မှသွား။ ခုလောလောဆယ် ထမင်းစားမယ်လေ"

ဟု ပြောပြီး ကျွန်ုပ်၏လက်ကိုဆွဲလိုက်သဖြင့် ကျွန်ုပ်ကပြန်၍ရုန်းလိုက်ရာ တံတောင်ဆစ်နှင့် တစ်ခုခုကို ထိမိပြီးနာသွားသဖြင့် အားခနဲအသံထွက်ကာ အော်မိပြီး လန့်၍နိုးသွားပေတော့၏။ ကျွန်ုပ် မျက်လုံးဖွင့်ကြည့်လိုက်သော အခါ မောင်တိုသည် ကျွန်ုပ်အား အပေါ်စီးမှ မိုး၍ကြည့်နေပြီး –

"ဦးလေးကလည်းဗျာ ...နိုး



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရတာ ဟောက်များတောင်နေလိုက်သေးတယ်ဟု အပြစ်တင်လေ၏။ ကျွန်ုပ်သည် ရှက်ကိုးရှက်ကန်းဖြင့် ထကာ မျက်နှာသစ်ခြင်း၊ ကိုယ်လက်သန့်စင်ခြင်းတို့ပြုလုပ်ကာ မောင်တိုချက်ပြုတ်ကျွေးမွေးသည့် ဘူးသီးနှင့်ကြက်သား ကာလသားချက်ကိုလည်းကောင်း၊ ကညွတ်နုနုကြီးများအား ပုစွန်နှင့်ကြော်ထားသည့် ကညွတ်ကြော်ကိုလည်းကောင်း၊ ပဲစောင်းလျားသီးနုနုများအား ရေနွေးဖျော့ကာ တစောင်းကလေးများလှီး၍ ဆီချက်၊ မြေပဲထောင်း၊ ပုစွန်ခြောက်မှုန့်တို့နှင့် သုပ်ထားသော လက်သုပ်ကိုလည်းကောင်း၊ ငါးရံ့အားမီးဖုတ်ကာ အသားထွင်ပြီး ငရုတ်သီးစိမ်းစပ်စပ်ဖြင့် ထောင်းဖျော်ထားသော ငါးပိရည်ဖျော်နှင့် ခံတက်ချဉ်တို့စရာတို့အားလည်းကောင်း ကိုကြွေသီးတို့လင်မယားနှင့်အတူ အားရပါးရ သုံးဆောင်လိုက်ကြပေတော့၏။

□□□

တစ်နေ့သ၌ ကျွန်ုပ်၏တပည့်ကျော် မောင်တိုသည် သူ၏စိုက်ခင်းကလေးမှ အပင်များအား တစ်ပင်မကျန်နုတ်ပစ်ခြင်း၊ ခုတ်ပစ်ခြင်းတို့ကို ပြုလုပ်လိုက်လေ၏။ ဘာကြောင့်ရှင်းပစ်ရသလဲဟု ကျွန်ုပ်ကမေးသောအခါ

"ဒီလိုရှိတယ်ဦးလေးရဲ့။ ဒီအပင်လေးတွေက သက်တမ်းအရပြောရရင် သက်တမ်းလွန်နေပြီ။ အသီးအားမကောင်းတော့ဘူး။ သီးပြန်ရင်လည်း အသီးလေးတွေက ငယ်ငယ်ကလို ဖွံ့ဖွံ့ထွားထွားမရှိတော့ဘူး။ နောက်ပြီး သဘော်ပင်ကြီးတွေ ဆိုရင်ပဲကြည့်။ အခုဆို အရမ်းမြင့်သွားပြီ။ အသီးကလည်း အရင်ကလောက် မကြီးတော့ဘူး။ နောက်ပြီး အသီးလေးတွေကလည်း ပြွက်နေတယ်။ မြင့်လွန်းတော့ ကျွန်တော်လည်း ခြွေမပေးနိုင်တော့ဘူး။ ဒီတော့ အကောင်းဆုံးကတော့ ခုတ်ပစ်ပြီး အသစ်ပြန်စိုက်တာ အကောင်း ဆုံးပါပဲဦးလေးရာ"

ဟု ရှင်းပြလေ၏။ ကျွန်ုပ်အနေဖြင့်မူ မောင်တို၏ရှင်းလင်းချက်အား လက်ခံသော်လည်း အပင်ကလေးများကိုမူ နှမြောနေမိခြင်းသာ ဖြစ်ပေ၏။

မောင်တိုသည် အပင်များအား ရှင်းလင်းပြီးနောက် မြေပြင်ခြင်း၊ မြေဩဇာကျွေးခြင်း၊ မြေဆွေးထည့်ခြင်းတို့ကို ပြုလုပ်၏။ မြေဆွေးထည့်ရာတွင်လည်း ရပ်ကွက်ဈေးအမှိုက်ပုံမှ အမှိုက်ဆွေးများအား ဆန်ခါဖြင့်ချကာ အမှိုက်သရိုက်များကို ဖယ်ရှားစေပြီးမှ မြေဆွေးမှုန့်များအား အိတ်များဖြင့်ထည့်ကာ ကိုကြွေသီး၏ဆိုက်ကားကို အကူအညီတောင်း၍ အိမ်သို့သယ်လာလေ၏။ မြေကြီးများအား ပေါက်တူးဖြင့်ဆွခြင်းကို မောင်တိုက မြေလှန်သည်ဟုရှင်းပြ၏။ လှန်ပြီးသားမြေများအား နှစ်ရက် သုံးရက် သည့်အတိုင်းထားကာ နေခြောက်လှန်းထားလိုက်၏။ ခြောက်သွားသောအခါတွင်မှ မြေဆွေးများအား ကြဲချကာ ပေါက်တူးဖြင့်ပြန်၍ဆွပြန်၏။ ထိုသို့ပြုလုပ်ခြင်းကို မောင်တိုက မြေသမအောင်ပြုလုပ်ခြင်းဟု ရှင်းပြလေ၏။ မြေသမပြီးသောအခါ ကိုယ်လိုသလို မြောင်းများ၊ ပေါင်များပြုလုပ်ကာ ပုံစံသွင်းလေ၏။ ထို့နောက် စိုက်ပျိုးမည့် နေရာအား ကျင်းငယ်ကလေးများတူးကာ ထိုနေရာတွင် မြေဆွေးများထပ်ဖြည့်ကာ ရေ
လောင်းထားလိုက်၏။ ညနေစောင်း
တွင် သူခြံထောင့်တွင် ကြိုတင်ပျိုး
ထားသော အပင်ငယ်ကလေးများ
အား စိုက်ပျိုးလိုက်လေ၏။ ထိုသို့စိုက်
ပျိုးရခြင်းမှာလည်း တစ်ညလုံး အအေး
ဓာတ်ကိုရရှိပြီး နေပူဒဏ်ကိုမခံရသဖြင့်
အပင်ကလေးများမှာ မိုးလင်းလျှင်
လန်းလန်းဆန်းဆန်း ဖြစ်နေမည်ဖြစ်
ကြောင်း မောင်တိုကရှင်းပြပြန်လေ၏။

သဘော်ပင်ပေါက်ကလေးများ
လည်း ယခင်နည်းအတိုင်း စိုက်ပြန်
လေ၏။ သို့သော် အပင်ကလေးများ
ကိုမူ ယခင်အပင်ဟောင်းနေရာနှင့်
ကာ စိုက်ပျိုးထားသည်ကို တွေ့ရ
ကျွန်ုပ်က အရင်နေရာကို ဘာကြောင့်
ပြန်မစိုက်ရသလဲဟု မေးသောအခါ
မောင်တိုက –

"ဒါက ဒီလိုရှိတယ်ဦးလေးရဲ့
တိုင်းရင်းသားဒေသတွေမှာ ရွှေ့
ပြောင်းတောင်ယာ စိုက်သလိုပေါ့
တစ်နေရာတည်းမှာ ပုံသေစိုက်ရင်
မြေဆီဩဇာဓာတ်ကုန်ဆုံးပြီး အသီး
အနှံ မဖွံ့ထွားဘူးပေါ့။ ဒါကြောင့်
ပြောင်းစိုက်ရတာ"

ဟု ရှင်းပြလေ၏။ ကျွန်ုပ်က –

"မောင်တိုရယ် မင်စကားလုံး
ကြီးကလည်း ကြီးလိုက်တာကွာ။
တောင်မနိုင်ဘူး"

ဟု ကျွန်ုပ်က ရွဲ့သလိုပြောလိုက်
ရာ မောင်တိုက –

"ဒီလိုရှိပါတယ်ဦးလေးရယ်။
ကျကျစာရေးဆရာတစ်ယောက်
ဖူးတဲ့ စကားလေးတစ်ခွန်း ရှိတယ်
အဲဒါက ဘာလဲဆိုတော့ ဘယ်
Specialist မဖြစ်စေနဲ့၊ Genera



www.burmeseclassic.com

www.burmeseclassic.com

ist ဖြစ်အောင် ကြိုးစားတဲ့။ အဲဒါကို ကျွန်တော်က သဘောကျတော့ လေ့လာထားရတာပေါ့ဗျာ''

ဟု ပြန်၍ပက်လိုက်ရာ -

''တယ် ... ငါဒီကောင်တော့လား လည်ပင်းကြိုးချည်ပြီး ထုပ်တန်းမှာဆွဲထားရ မကောင်းရှိရော့မယ်''

ဟု ကြိမ်းဝါးလိုက်ရာ -

''အဲဒီတော့လည်း အရပ်ရှည်တာပေါ့ ဦးလေးရယ်။ အရပ်ရှည်တော့ သဘော်သီးခူးရင် လှေကားမလိုတော့ဘူးပေါ့''

ဟု ခနဲ့တဲ့တဲ့ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်က -

''မင်းတော့လား၊ အိမ်ပန္နက်ရိုက်သလို ဆယ်ပေါင်တူနဲ့ မြေကြီးထဲရိုက်သွင်းရင် ကောင်းမလားပဲ ဖြစ်တော့မယ်''

ဟု ထပ်၍ကြိမ်းလိုက်ရာ -

''အဲဒီတော့လည်း အရပ်ပိုပုသွားတာပေါ့ ဦးလေးရာ။ အရပ်ပုတော့လည်း ဘုရားပွဲမှာ ဇာတ်ပွဲသွားကြည့်တဲ့အခါ ကလေးလက်မှတ်ပဲဝယ်ရတာပေါ့''

ဟု ပြန်၍ချေပပြန်လေရာ ကျွန်ုပ်သည် -

''ဒီကောင်တော့ သေပေတော့ကွာ''ဟုဆိုကာ မြေခဲတစ်ခဲနှင့် လှမ်း၍ပေါက်လိုက်ရာ မောင်တိုသည် ဘေးဘယ်ညာသို့ တိမ်းရှောင်ခြင်းမပြုဘဲ ခေါင်းငုံ့ပေးလိုက်ပြီး ကျွန်ုပ်၏ခါးအား ဆွဲဖက်လိုက်လေရာ ကျွန်ုပ်ပစ်လိုက်သောမြေခဲသည် ခွေးတစ်ကောင်အား လွဲ၍ထိမှန်သဖြင့် ခွေးသည် ဂိန်ခနဲမြည်အောင်အော်ပြီး ကျွန်ုပ်တို့နှစ်ယောက်အား ဘယ်လိုလူစားတွေလဲ မသိဘူး၊ ကြောင်တောင်တောင်နဲ့ဟု သောသဘောဖြင့် ပေစောင်းစောင်းကြည့်ကာထွက်ပြေးသွားလေတော့၏။

တစ်နေ့တွင် ကျွန်ုပ်သည် အိပ်ရာမှစောစောနိုးသဖြင့် အိမ်၏ခေါင်းရင်းဘက်တွင် လမ်းလျှောက်ရင်း မောင်တိုစိုက်ပျိုးထားသော အပင်ပေါက်ကလေးများအား ကြည့်ရှုနေမိ၏။ အပင်ကလေးများမှာ စိမ်းလန်းလျက်ရှိပြီး တချို့အပင်ကလေးများမှာ သဘာဝဘေးတစ်ခုခုကြောင့် ပျက်စီးသွားသဖြင့် မောင်တိုက ပြန်လည်ဖာထေးစိုက်ပျိုးထားရာ အနည်းငယ်ညှပ်လျက်ရှိကြောင်း တွေ့ရ၏။ ရာသီဥတုသည် သာယာလျက်ရှိပြီး လေညင်းကလေးကလည်း တဖြူးဖြူးတိုက်ခတ်လျက်ရှိ၏။ ကျွန်ုပ်၏အိမ်လေးမှာ မြို့စွန်ရပ်ကွက်ကလေးဖြစ်သည့် အားလျော်စွာ အိမ်ရှေ့လမ်းမတွင်လည်း ကားအသွားအလာ အလွန်နည်းပါးလှသည်ဖြစ်ရာ အလွန်အေးချမ်းလှပေ၏။ ခေါင်းရင်းဘက်ရှိ ကုက္ကိုပင်ကြီးထက်မှ ကျီးကန်းတစ်ကောင်က တအာအာအော်မြည်လျက်ရှိ၏။ စာကလေးများသည် ကျွန်ုပ်လမ်းလျှောက်နေရာအနီး စိုက်ခင်းကလေးထဲရှိ ပိုးကောင်မွှားကောင်ကလေးများအား ရှာဖွေစားသောက်လျက်ရှိ၏။ ကြောင်တစ်ကောင်သည် စာကလေးများအား ကိုက်ချီရန်အတွက် လှည့်ပတ်ချောင်းမြောင်းလျက်ရှိ၏။

ကျွန်ုပ်သည် သစ်ပင်များကိုလည်းကောင်း၊ တိရစ္ဆာန်များကိုလည်းကောင်း ချစ်မြတ်နိုး၏။ ကျွန်ုပ်၏လက်ကျန်ဘဝ တစ်စိတ်တစ်ပိုင်းအား ကျွန်ုပ်စိတ်တိုင်းကျ အတတ်နိုင်ဆုံး ဖန်တီးထားခြင်းဖြစ်ရာ ကျွန်ုပ်မှာ အလွန်သဘောကျလျက်ရှိ၏။ ကျွန်ုပ်သည် ဘဝနေထိုင်မှုနှင့် ပတ်သက်၍ အမျိုးမျိုးစိတ်ကူးယဉ်ဖူးလေ၏။ ကျွန်ုပ်စိတ်ကူးယဉ်ဖူးသမျှထဲတွင် တောကြီးတောင်ကြီးများ၊ သစ်တောသစ်ပင်များသည် အမြဲတမ်း အဓိကနေရာမှ ပါဝင်ခဲ့သည်ချည်းဖြစ်၏။ ရောမစိုက်ခင်းကြီးများအလယ်တွင် ခံ့ခံ့ညားညား အိမ်ကြီးတစ်လုံးကိုဆောက်၍ စိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်သော လယ်သမားကြီးအဖြစ်လည်း အကြိမ်ကြိမ်စိတ်ကူးယဉ်ခဲ့ဖူး၏။ ကျွန်ုပ်၏ စိတ်ကူးယဉ်ကမ္ဘာထဲတွင် စမ်းချောင်းကလေးများ၊ ကျေးငှက်သာရကာများသည်လည်း မပါမဖြစ် ဇာတ်လိုက်ကျော်များဖြစ်၏။ ခရီးသွားလာရင်း လယ်ကွင်းများ၊ တောတောင်များကိုတွေ့လျှင် ကျွန်ုပ်၏စိတ်သည် အလိုလိုကြည်နူးနေမိ၏။ ဘဝပေးအခြေအနေအရ မြို့ပေါ်တွင် နေထိုင်ရသော်လည်း ကျွန်ုပ်၏တကယ့်စိတ်ရင်းသည်ကား ကျေးလက်ဒေသများတွင်သာ နေထိုင်လို၏။ တိုးကြီးကျယ်ကျယ်ပြောရလျှင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူဟုပြောလျှင် ရကောင်း၏။

ကျွန်ုပ်ငယ်စဉ်က အဘိုး၏ညီမ အဘွားလေးနေထိုင်သော ခြံကြီးကို ပြန်လည်မြင်ယောင်မိ၏။ အဘွားလေးတို့ခြံကြီးမှာ အလွန်ကြီးမား ကျယ်ပြန့်၏။ ခြံကြီးကို ဝါးနက်၊ ဝါးပိုး၊ ဝါးလျားပင်များဖြင့် အနားသတ် ပေါင်ခတ်ထားပြီး ခြံထဲတွင် သရက်ပင်ကြီးများ၊ ပိန္နဲပင်ကြီးများ၊ ကနစိုပင်နှင့် မာလကာပင်များအပြင် ကုက္ကိုပင်ကဲ့သို့သော အရိပ်ရပင်များနှင့် အခြားထင်း



www.burmeseclassic.com

www.burmeseclassic.com

ပင်များ ပေါက်ရောက်လျက်ရှိ၏။ ငှက်ပျော၊ နာနတ်ကဲ့သို့သော ရာသီပေါ် သီးပင်စားပင်များလည်း စိုက်ပျိုးထားလေ၏။ ကျွန်ုပ်သည် အဘွားလေး၏ ခြံကြီးထဲသို့ရောက်လျှင် အလွန်ပျော်ရွှင်၏။ အဘွားလေးတို့ အိမ်ကြီးမှာလည်း ခြံကြီး၏အလယ် တည့်တည့်တွင်ဆောက်ထားပြီး လေးပင်နှစ်ထပ် သွပ်မိုး၊ ပျဉ်ထောင်အိမ်ကြီး ဖြစ်၏။ ခြံကြီးသည် ချောင်းတစ်ခု၏အစပ်တွင် ရှိရာ အိမ်ရှေ့မှ ချောင်းစပ်အထိ အုတ်ခဲများဖြင့် လမ်းခင်းထားလေ၏။ ချောင်းစပ်ရေချိုးဆိပ်တွင် ကညင်ပင်ကြီးနှစ်ပင်မှာ ထီးကြီးနှစ်လက် စိုက်ထူထားသကဲ့သို့ မိုးလျက်ရှိလေ၏။ ထိုကညင်ပင်ကြီး နှစ်ပင်ထက်တွင် ဗျိုင်းဖြူများ၊ ပေါက်ခေါ်သော ငှက်ကြီးများ အသိုက်များဖွဲ့၍ နေထိုင်ကြလျက်ရှိရာ ကမ်းစပ်တစ်ခုလုံးတွင် ငှက်ချေးများဖြင့် ဖြူဖွေးလျက်ရှိ၏။ ကညင်ပင်ကြီးများမှာ မြင့်မားလွန်းသဖြင့် ငှက်များအား လေးခွဖြင့်ပစ်ခတ်ဖမ်းဆီးရန် လက်လှမ်းမမီသဖြင့် စိတ်အေးလက်အေးနေထိုင်ကြခြင်း ဖြစ်ဟန်တူပေ၏။

အဘွားလေး တို့ခြံကြီးမှာ ရွာ၏ အနောက်ဘက်ထိပ်တွင် သီးခြားတည်ရှိသဖြင့် နောက်ဘက်သို့ထွက်လျှင် လယ်ကွင်းများသာရှိပြီး ရှေ့ဘက်သို့ထွက်လျှင် ချောင်းသာရှိရာ ရွာထဲသို့ သွားလိုပါက လှေဖြင့်သာ သွားလာရပေ၏။ ကျွန်ုပ် ငယ်စဉ်က ထိုခြံကြီးထဲသို့ရောက်လျှင် အလွန်ပျော်ရွှင်၏။

ကျွန်ုပ်သည် အတွေးများဖြင့် နစ်မျောလျက်ရှိရာ အိမ်ရှေ့သို့ တက္ကစီကားတစ်စီး ထိုးဆိုက်သံကြားလိုက်သဖြင့် အတွေးအာရုံတို့သည် အိမ်ရှေ့ဆီသို့ ရောက်ရှိသွားလေ၏။ စကားပြောသံအချို့နှင့်အတူ မောင်တိုပါပြေးဆင်းသွားသဖြင့် လိုက်ကြည့်မိရာ မရောက်တာကြာပြီဖြစ်သော ရွာဦးကျောင်းဆရာတော် ဖြစ်နေပေ၏။

ဆရာတော်သည် မောင်တိုအား ကျွန်ုပ်ထံ အပ်နှံသွားပြီးကတည်းက တစ်ခေါက်မှမရောက်တော့ဘဲ နှစ်နှစ်ကျော်သုံးနှစ်အကြာမှသာ တစ်ခေါက် ပြန်ရောက်လာခြင်းဖြစ်၏။ ဆရာတော်နှင့်အတူ ကိုအဝေလေးဆိုသော ကပ္ပိယဒကာတစ်ယောက်လည်း ပါလာလေ၏။ မောင်တိုသည် ကိုအဝေလေးလက်ထဲမှ အထုပ်အပိုးများအား ဝိုင်းသယ်ကာ ရှေ့မှဦးဆောင်၍ အိမ်ထဲသို့ဝင်သွား၏။ ဆရာတော်မှာ ကျွန်ုပ်နှင့်အတူစကား ပြောရင်း ဖြည်းဖြည်းချင်း လမ်းလျှောက်၍လာ၏။

"ဒါနဲ့ မောင်တိုရော အဆင်ပြေရဲ့လားကွ။ ဒီကောင် တော်တော်ထွားလာတယ်"

ဟု ဆရာတော်ကမိန့်ရာ ကျွန်ုပ်က -

"ပြေပါတယ်ဘုရား။ တပည့်တော်နဲ့နေရတာ သူပျော်ပုံရပါတယ်ဘုရား"

"အေးကွာ ဝမ်းသာတယ်ဟေ့။ သတ္တဝါရဲ့အသက် ကယ်ကောင်းပါတယ်ကွာ။ ကုသိုလ်ရပါတယ်။ ဒီကလေးကို မင်းပဲ စောင့်ရှောက်ပါကွယ်။ သူ့ခမျာ သနားစရာလေးပါ"

"တင်ပါ့ဘုရား။ တပည့်တော် စောင့်ရှောက်ပါ့မယ်ဘုရား။ အိမ်း .. သာဓု ... သာဓု ... သာဓု"

ကျွန်ုပ်တို့ အိမ်ရှေ့သို့ရောက်သောအခါ မောင်တိုကထွက်၍ဆီး
ကာ ဆရာတော်အားတွဲလေ၏။ အိ
ပေါ်တွင် ဆရာတော်အတွက် နေ
ထိုင်ခင်းများ ပြင်ဆင်ခင်းကျင်းထား
ပြီးဖြစ်၏။ ကိုအဝေလေးမှာ အထု
အပိုးများအားနေရာချရင်း ရေချိုး
အတွက် ရေလဲဝတ်ကိုရှာဖွေလျက်
၏။ ဆရာတော်က -

"ဟေ့အဝေလေး ... ဒကာ
ကြီးအတွက်ယူလာတဲ့ လက်ဆော
ပစ္စည်းတွေရောဟဲ့။ ယူခဲ့စမ်း"

ဟု မိန့်လိုက်ရာ ကိုအဝေလေး
က ကျွန်ကျောင်းအိတ်ဖြင့် နှစ်ထ
သုံးထပ်ပတ်ထားသော အထုပ်ထ
ထုပ်အား ယူလာပေးလေ၏။

"ဒါက အင်းသူကြီးဒကာ
လာလှူထားတာကွ။ ကျောင်းမှာ
ကျက်သရေခန်းထဲ ဒီတိုင်းထား
မှိုတက်ပြီး အလကားဖြစ်ကုန်မှာ
ဒကာကြီးတို့စားဖို့ ယူလာပေးတာ"

ဟုဆိုကာ ငါးရံ့ခြောက်ပြား
များအား စွန့်လေ၏။ မောင်တိုသ
ငါးရံ့ခြောက်ပြားကြီးများအား
ချောင်ထဲသို့ သယ်ယူသွားလေ၏။

"ဟဲ့ .. မောင်တို၊ ဒီမနက်
မင်းလက်ရာ ဘုဦးပေးမယ်နော်။
တပည့်လက်ရာ မစားရတာကြာ
ဟေ့"

"စိတ်ချပါဘုရား။ တပည့်တော
စီစဉ်ပါ့မယ်ဘုရား"

ဟု မောင်တိုက ပြန်လျှော
ထားလေ၏။

မောင်တို ဈေးမှပြန်လာသော
အခါ ကိုကြွေသီးနှင့် ဦးမြဘူးလည်း
လာလေ၏။ ကိုကြွေသီးက
တော် ဆွမ်းဘုဦးပေးပြီးရင် အ



www.burmeseclassic.com

www.burmeseclassic.com

အတွက်ဟုဆိုကာ ဆိုင်မှ သီးမွှေးငှက်ပျောသီးတစ်ဖီး ယူလာ၏။ ဦးမြဘူးက မူ တပည့်တော့် ဆရာတော်ဘုရားအတွက် ဒံပေါက် ကပ်ချင်ပါတယ်ဘုရားဟုလျှောက်ထားလေ၏။ ဆရာတော်က လက်မခံဘဲ –

"မလုပ်ပါနဲ့ ဒကာကြီးရယ်။ ကျုပ်က တောဘုန်းကြီးဆိုတော့ တောစာပဲကြိုက်တယ်။ ကျုပ်တပည့် မောင်တိုလက်ရာပဲ ဘုဉ်းပေးဖို့ပြောထားပြီးပါပြီ"

ဟု ပြန်၍ပြောလေရာ –

"ဒီကောင့် လက်ရာကတော့ မပြောပါနဲ့တော့ဘုရား။ ဒီကောင့်လက်ရာစားပြီးရင် အိမ်ကမိန်းမနဲ့ ခဏခဏရန်ဖြစ်ရတယ်ဘုရား။ တပည့်တော်က မောင်တိုလက်ရာကောင်းကြောင်း ချီးမွမ်းလွန်းတော့ အိမ်ကမိန်းမက အဲဒီလောက်ကောင်းနေရင်လည်း အဲဒီမှာပဲ သွားစားဆိုပြီး မောင်းတောင်ချပါတယ်ဘုရား"

ဟု လျှောက်ထားရာ အားလုံးရယ်မောကြရလေ၏။ ကိုကြွေသီးကမူ သိပ်ကြာကြာမနေနိုင်ဘဲ ဆရာတော်အား ဦးချနှုတ်ဆက်ကာ ပြန်သွားလေ၏။ ဦးမြဘူးမှာမူ ပင်စင်စားတစ်ယောက်ဖြစ်သည့်အားလျော်စွာ ဆရာတော်နှင့် အေးအေးလူလူ စကားစမြည်များပြောဆိုလျက်ရှိလေ၏။

ကျွန်ုပ်မှာလည်း ရွာသို့မရောက်တာကြာပြီဖြစ်သဖြင့် ရွာအကြောင်းရပ်အကြောင်းများအား ကိုအဝေလေးထံမှ စနည်းနာရလေ၏။ ဆရာတော်သည် မနေ့ကတည်းက ရန်ကုန်ရောက်နေတာဖြစ်ကြောင်း၊ ညက မြို့ထဲက ဒကာတွေအိမ်မှာ တည်းပြီး ဒီမနက်မှ ကြွလာကြောင်းများကိုလည်း ကိုအဝေလေးထံမှ သိခွင့်ရလေ၏။

နံနက် ၉ နာရီထိုးသောအခါ ဆရာတော်သည် စကားကိုဖြတ်ကာ ရေမိုးချိုးပြီး ဘုရားဝတ်တက်လေ၏။ မောင်တိုကလည်း ဆရာတော်အတွက် လက်စွမ်းပြလျက်ရှိကြောင်းကို ထွက်လာသောဟင်းနံ့များအရ သိရလေ၏။ ဦးမြဘူး၊ ကျွန်ုပ်နှင့် ကိုအဝေလေးတို့မှာ အိမ်ရှေ့ကွပ်ပျစ်သို့ ထွက်ကာ ရောက်တတ်ရာရာစကားများ ပြောဆိုရင်း ရေနွေးကြမ်းသောက်နေကြ၏။

ကိုအဝေလေးသည် ကပ္ပိယပီသသူဖြစ်၏။ ကွမ်းလည်းစားသလို ဆေးလိပ်ကိုလည်း မီးခိုးခေါင်းတိုင်ထွက်အောင် သောက်၏။ ရေနွေးကြမ်းကိုလည်း အလွတ်မပေးသူဖြစ်၏။ ရေနွေးကြမ်းမှလွဲ၍ ကွမ်း၊ ဆေးလိပ် စသည်တို့အား သူ့ဟာသူ အပြီးအစီးစီစဉ်ခဲ့၍ တော်ပေသေး၏။ ဆရာတော်ကြွလာသောကိစ္စအား အကျိုးအကြောင်းမေးသောအခါ ဆရာတော် နောက်တော့ ပြောပါလိမ့်မယ်ကွာဟုသာ ပြန်၍ပြောလေ၏။

ဆရာတော် ဝတ်တက်ခြင်းပြီးစီးသောအခါ ၁၀ နာရီခွဲပြီဖြစ်၏။ ဆရာတော်သည် ဝတ်တက်ပြီးဖြစ်သဖြင့် အညောင်းအညာဖြေသည့် သဘောနှင့် အိမ်ပေါ်တွင် စင်္ကြံလျှောက်လျက်ရှိ၏။ ကျွန်ုပ်တို့မိဘများ လက်ထက်ကတည်းက ကိုးကွယ်လာသည့် ရွာဦးကျောင်းဆရာတော်ဖြစ်၏။ ဗုဒ္ဓစာပေပညာရပ်များအား ဆရာကောင်းသမားကောင်းများထံတွင် ဆုံးခန်းတိုင်သင်ယူတတ်မြောက်သော်လည်း ကြီး၊ ငယ်၊ လတ်၊ ဓမ္မာစရိယ စသော စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုခြင်းမပြုသဖြင့် ဘွဲ့တံဆိပ်များမရရှိဘဲ ကျမ်းကြီးပေါက်ပုဂ္ဂိုလ်အဖြစ် နယ်တစ်ဝိုက်တွင် ကျော်ကြားထင်ရှားပေ၏။

မောင်တိုသည် ချက်ပြုတ်ပြီးစီးသဖြင့် ဆရာတော်အား ဆွမ်းဆက်ကပ်၍ရပြီဖြစ်ကြောင်း လာ၍ပြောရာ ကျွန်ုပ်တို့သည် ဆရာတော်အား ဆွမ်းဆက်ကပ်ရပေ၏။ မောင်တိုသည် သူ့ဘဘုန်းအကြိုက်ကို သိသူပီပီ ငါးရံ့ခြောက်ကိုမီးဖုတ်၍ မွနေအောင်ထုပြီး ပဲဆီရွှဲရွှဲဆမ်း၍လည်းကောင်း၊ ငါးခြောက်ရိုးကို ခရမ်းသီး၊ ဘူးသီး ရုံးပတီသီး၊ ပဲ စသည်တို့ဖြင့် ချက်ထားသော သီးစုံကုလားဟင်းကိုလည်းကောင်း၊ ဆရာတော်အလွန်ကြိုက်သော ခရမ်းသီးအလုံးကြီးကြီးတစ်လုံးအား မီးဖုတ်ကာ အသားများနွှင်၍ ကြက်သွန်နီ၊ ဆီ၊ ဆား၊ အချိုမှုန့်တို့ဖြင့် သုပ်ထားသော ခရမ်းသီးမီးဖုတ်သုပ်ကိုလည်းကောင်း၊ အဓိကအားဖြင့် ငရုတ်သီးစိမ်းကို ဆီအနည်းငယ်နှင့် ဒယ်အိုးထဲတွင်ထည့်၍ လှော်ပြီး ထောင်းကာ ငါးကြင်းအသားတစ်တုံးကိုပြုတ်ပြီး အသားများကိုထွင်၍ ဖျော်ထားသော ငါးပိရည်ကျိုနှင့် ကြောင်လျှာသီးကို မီးဖုတ်ပြီး ရေစင်အောင်ဆေးကာ အပိုင်းကလေးများဖြတ်ထားသော တို့စရာပွဲနှင့် ဆွမ်းပွဲပြင်ထားသည်။ ဆရာတော်ကကြည့်ကာ –

"မောင်တို . . . မင်း ငါ့သွားတွေမကောင်းတာကို သိနေသလား"

ဟု နောက်လေ၏။

"မင်းဟင်းတွေက ငါ့အကြိုက်တွေချည်းမို့ ဘယ်ဟင်းကို စကိုင်ရမှန်းတောင်မသိတော့ဘူး မောင်တိုရေ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ချီးမွမ်းစကားပြောကာ ဖြည်းဖြည်းချင်း အားရပါးရဘုဥ်းပေးလေ၏။

ဆရာတော် ဘုဉ်းပေးပြီးသောအခါ သီးမွှေးငှက်ပျောသီးတစ်လုံးကို အချိုပွဲအဖြစ်စားပြီးနောက် ရေနွေးကြမ်း နှစ်ခွက်သုံးခွက် သောက်ကာ ဘုဉ်းပေးခြင်းကို အဆုံးသတ်လိုက်လေ၏။ ဆရာတော်အား ပက်လက်ကုလားထိုင်ပေါ်တွင် နေရာပေးကာ အနားယူစေပြီး ကျွန်ုပ်၊ ဦးမြဘူး၊ မောင်တိုနှင့် ကပ္ပိယကိုအဝေလေးတို့ လေးဦးသားမှာ မောင်တိုချက်သော ဟင်းလျာများအား အားရပါးရသုံးဆောင်ကြလေ၏။

ကျွန်ုပ်နှင့်ဦးမြဘူးမှာ ရန်ကုန်တွင် အလွန်တန်ဖိုးရှိလှသော ငါးရံ့ခြောက်ဖုတ်အား အမိကထား စားကြသော်လည်း ကိုအဝေလေးကမူ သီးစုံဟင်းအား ကောင်းလှသည်ဆိုကာ အားရပါးရစားလေ၏။

"မင်းတော်တော် ဟင်းချက်ကောင်းတဲ့ကောင်ပါလားကွ မောင်ကိုရ။ မင်းကြီးလာရင်တော့ ထမင်းဆိုင်သာဖွင့်စားပေတော့ဟေ့"

ဟုလည်း ပြောလိုက်သေး၏။ ဦးမြဘူးကလည်း –

"ခင်ဗျားပြောတာ မှန်လိုက်တာဗျာ။ ဒီကောင်သာ ထမင်းဆိုင်ဖွင့်လို့ကတော့ နာမည်ကြီးမှာ အသေအချာပေါ့ဗျာ"

ဟု ထောက်ခံလေ၏။ ဘယ်ဟင်းမှ ဟုတ်တိပတ်တိစားလှသည် မရှိလှဘဲ ငါးပိရည်နှင့် တို့စရာကိုသာ မဲ၍တွယ်နေသော မောင်စိုအားကြည့်ကာ ဦးမြဘူးက –

"မောင်ဝိုရယ် ... မင်းကြည့်ရတာ ပန်းပဲသမား ဓားကောင်းမကိုင်ရဆိုသလို ဖြစ်နေပါပေါ့လားကွာ"

ဟု ဝေဖန်လိုက်ရာ မောင်တိုက

"ပြောရရင်တော့ ဘကြီးရာ၊ ရွာနားကမြက် ရွာနွားမစားသလိုပေါ့ဗျာ"

ဟု ချက်ချင်းပြန်ဖြေလိုက်လေ၏။ မောင်တို၏ အချက်ကျကျ ပြန်၍ဖြေလိုက်ပုံကို ဆရာတော်က ကုလားထိုင်ပေါ်မှကြည့်ရင်း ပြုံးလေ၏။

ကျွန်ုပ်တို့ စားသောက်ခြင်းကိစ္စပြီးစီးသောအခါ ဆရာတော်သည် ကျိန်းနေပြီ ဖြစ်၏။ ကျွန်ုပ်တို့လည်း ဆရာတော်အား အနှောင့်အယှက်မပေးလိုသဖြင့် အိမ်ခေါင်းရင်းထောင့် ကုက္ကိုပင်ကြီးအောက်ရှိ ကွပ်ပျစ်ကလေးပေါ်သို့သွားကာ ရောက်တတ်ရာရာစကားများ ပြောဆိုနေကြလေ၏။ မောင်တိုက ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကို စီစဉ်ပေးလေ၏။

မွန်းလွဲပိုင်းသို့ ရောက်သောအခါ ကိုကြွေသီးနှင့် မပိုက်တင်တို့ လင်မယားပါ ထပ်ရောက်လာကြပြန်သဖြင့် လူစုံလျက်ရှိလေ၏။ ကိုကြွေသီးတို့ လင်မယားသည် ဆရာတော်ညဘက် ဘုဉ်းပေးရန်အတွက်ဟုဆိုကာ အအေးဘူးများအား ဝယ်လာလေ၏။ ထိုအခါ ဆရာတော်က လာရင်းကိစ္စကို စတင်မိန့်မြွက်လေ၏။

"ဘုန်းကြီးကြွလာရတဲ့ အဓိကအကြောင်းကတော့ တို့ကျောင်းက ပိဋကတ်ကျောင်းဆောင်ကြီးဟာ အခုဆို အလွန်ကိုဟောင်းနွမ်းနေပြီး တချို့နေရာတွေမှာ ပြိုကျပျက်စီးစတောင်ပြုနေပြီဖြစ်တယ်။ ရှေးဆရာတော်များ
လက်ထက်ကတည်းကရှိခဲ့တဲ့ ကျောင်း
ဆောင်ကြီး ဘုန်းကြီးလက်ထက်ကျ
ပြိုကျပျက်စီးသွားတယ်ဆိုရင် ဘုန်း
ကြီးဟာ ထိန်းသိမ်းမှု အလွန်ညံ့ဖျ
ကျမယ်ဖြစ်တဲ့အပြင် သာသနိက
အဆောက်အအုံတစ်ခု ဖြစ်ဖို့ဆိုတာ
မလွယ်တဲ့အတွက် ဘုန်းကြီးသဘော
ကတော့ ရှေးမူလက်ရာမပျက် ပြ
လည်ပြင်ဆင်မယ်လို့ စိတ်ကူးမိတာ
ရန်ကုန်က ဒကာ၊ ဒကာမများလည်
အလှူတော်မှာ ပါဝင်လှူဒါန်းနိုင်
အောင်ဆိုပြီး ကြွလာတာပဲ ဖြစ်တယ်
ပြောရရင်တော့ ကျောင်းဆောင်ပြင်
ငွေကတော့ မနေ့ကတည်းက တစ်
တည်း ဒကာတစ်ယောက်က တာဝ
ယူလို့ ပြည့်စုံပါပြီ။ သို့သော်လည်း
ဒကာ၊ ဒကာမများလည်း ပါဝင်လှူ
ဒါန်းနိုင်အောင်ဆိုပြီး ဘုန်းကြီးက ပြော
ပြရတာဖြစ်ပါတယ်။ စေတနာသ
တတ်အားသရွေ့ပေါ့"

ဟု မိန့်ကြားလိုက်ရာ ကျွန်
သည် နဂိုကတည်းက မိဘနှစ်ပါ
အတွက်ရည်စူးပြီး တစ်ခုခုလှူဒါန်း
ရည်ရွယ်ထားချက်ရှိသည်ဖြစ်ရာ –

"တပည့်တော် မိဘနှစ်ပါးအတွ
ရည်စူးပြီး တစ်သိန်းလှူပါမယ်ဘုရား"

ဟု လျှောက်ထားလိုက်၏။ ဦး
ဘူးကလည်း –

"တပည့်တော်က ပင်စင်စား
ဘုရား။ မိသားစုကိစ္စ ပူပင်စရာ သာ
မရှိပါဘူးဘုရား။ တပည့်တော် ပင်
လစာကလေးဟာ တပည့်တော်
ချင်တာစားဖို့၊ လှူချင်တန်းချင်
လှူဒါန်းဖို့ သားသမီးများက ခွင့်ပြု
တာမို့ ငါးသောင်းလှူပါမယ်ဘုရ

ဟု လျှောက်ထားပြန်လေ

www.burmeseclassic.com

ကိုကြွေသီးတို့ လင်မယားကလည်း ဦးတိုးတိုးနှင့်တိုင်ပင်ကာ –

"တပည့်တော်တို့ကတော့ . . . ဆောဒီက စာရေးဆရာသိတဲ့အတိုင်း ထုပ်လုပ်ကိုင်ကိုင်၊ စားစားသောက် သောက်သမားများ ဖြစ်ပါတယ်ဘုရား။ သို့သော်လည်း အရှင်ဘုရားရဲ့ ပိဋကတ်ကျောင်းဆောင် ပြုပြင်မွမ်းမံတဲ့ ကိစ္စမှာ တစ်သောင်းကျပ်လှူပါမယ် ဘုရား"

ဟု စာရင်းပေးပြန်၏။ ထိုအခါ မောင်တိုကလည်း –

"တပည့်တော်လည်း စုထားတဲ့ ငွေလေးများ ရှိပါတယ် ဘုန်းဘုန်း ဘုရား။ အဲဒီအထဲက တစ်သောင်းလှူ ပါမယ်ဘုရား"

ဟု လျှောက်ပြန်လေ၏။ ဆရာတော်က –

"သာဓု . . . သာဓု . . . သာဓု။ တို့ဗုဒ္ဓဘာသာမှာ ဒါနပါရမီ၊ သီလ ပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ ဥပေက္ခာပါရမီဆိုပြီး ပါရမီတော် ၁၀ ပါးဆိုပြီး ရှိတယ်ဆိုပြီး သုမေဓာရှင်ရသေ့က စူးစမ်းဆင်ခြင် တွေ့ရှိခဲ့တယ်ကွယ့်။ အဲဒီအထဲမှာ ပေး ကမ်းစွန့်ကြဲမှုကို ဖြည့်ကျင့်ခြင်းလို့ဆို တဲ့ ဒါနပါရမီကတော့ ပထမဆုံးပေါ့ ကွယ်။ တို့ဘုရားအလောင်းတော်ဟာ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း၊ ရှစ် သင်္ချေနဲ့ကမ္ဘာတစ်သိန်း၊ တစ်ဆယ့် ခြောက်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းတိုင် သံသရာခရီးကို သွားခဲ့တဲ့နေရာမှာ ဒါနဆိုတဲ့ ရိက္ခာထုပ်ပါရှိမှ ထိုထို သံသရာကျင်လည်ရာမှာ လိုရာအသုံး အဆောင် ပြီးပြည့်စုံပြီး မိမိအားထုတ် လိုတဲ့တရားကို အားထုတ်နိုင်မှာဖြစ် တဲ့အတွက် ဘုရားအလောင်းတော် များဟာ သံသရာခရီးတစ်လျှောက် စွဲမြဲစွာဆောက်တည် ဖြည့်ကျင့်ရမယ် ဆိုပြီး ဒါနပါရမီတော်ကို ရှေးဦးစွာပြ ထားခြင်းဖြစ်ပေတယ်။ လောကမှာ ပေးခြင်းကမ်းခြင်းဟူသမျှ သာမန်အား ဖြင့် ဒါနဟု ခေါ်ဆိုနိုင်သော်လည်း ကြည်လင်စင်ကြယ်သော သဒ္ဓါတရား ဖြင့် ပေးကမ်းခြင်းကိုသာ ဒါနပါရမီလို့ ခေါ်တယ်။ သဒ္ဓါတရားမပါဘဲ ချစ် ကြိုက်၍ပေးခြင်း၊ စိတ်ဆိုး၍ပေးခြင်း၊ အရွဲ့တိုက်၍ပေးခြင်း၊ ကြောက်ရွံ့၍ပေး ခြင်း၊ မသိနားမလည် အလိမ်အညာခံ ရ၍ပေးခြင်းတို့ဟာ ဒါနပါရမီမမြောက် ဘူးကွယ့်။ တို့ဘုရား အလောင်းတော် ဟာ ဖြစ်လေရာဘဝတိုင်းမှာ ဒါနပါရမီ တော်ကိုဖြည့်ကျင့်ခဲ့တဲ့နေရာမှာ သိဝိ မင်းကြီးဘဝက မျက်လုံးတော်ကိုထုတ် ပြီး လှူခြင်း၊ ယုန်မင်းဘဝမှာလည်း မိမိရဲ့ခန္ဓာကိုယ်ကို မီးပုံထဲခုန်ဆင်းပြီး အသက်စွန့်လှူဒါန်းခြင်း၊ ဝေဿန္တရာ မင်းကြီးဘဝမှာတော့ ဆင်ဖြူတော် သာမက သားသမီးတွေကို လှူခြင်း အပါအဝင် မလှူဖူးသော အလှူဟူ၍ မရှိ။ အလှူမျိုးစုံအောင် လှူခဲ့လို့ တိုင်း ပြည်ကနှင်ထုတ်ခံရတဲ့ အထိတောင် ဖြစ်ခဲ့ရတယ်။ အဲဒီတော့ တို့ဒကာ၊ ဒကာမများလည်းပဲ ကျင်လည်ရာ သံသရာခရီးတစ်လျှောက်မှာ ကျင် လည်နေရသမျှ ကာလပတ်လုံး လို တိုင်းရ၊ ကြံတိုင်းပြီးတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များဖြစ်ကြပြီး နိဗ္ဗာန်မဂ် ဖိုလ်ကို ရက်တိုတိုနဲ့ မျက်မှောက်ပြုနိုင် တဲ့ ပုဂ္ဂိုလ်များဖြစ်ကြပါစေလို့ ဘုန်း ကြီး ဆုတောင်းပေးလိုက်ပါတယ်။ ကျောင်းဆောင်ကြီး ပြုပြင်ပြီးလို့ ရေ စက်ချပွဲ ကျင်းပတဲ့အခါကျရင်လည်း ကြွရောက်ကြဖို့ ဘုန်းကြီးက ခုက တည်းကဖိတ်ပါတယ်။ သာဓု . . . သာဓု . . . သာဓု"

ညပိုင်းသို့ ရောက်သောအခါ ကတိပေးထားသည့်အတိုင်း ကပ္ပိယ ကိုအဝေလေးအား ငွေများကို လာ ရောက်၍လှူဒါန်းကြ၏။ ဦးမြဘူးက လည်း သူ့မိသားစုများကပါ လှူဒါန်း သဖြင့် စုစုပေါင်း ကိုးသောင်းကိုး ထောင်ကိုးရာကိုးကျပ်တိတိ လာ ရောက်လှူဒါန်းလေ၏။ ကိုကြွေသီးတို့ လင်မယားသည်လည်းကောင်း၊ မောင် တိုသည်လည်းကောင်း မိမိရည်စူးထား သည့်အတိုင်း လှူဒါန်းကြလေ၏။ ကိုအဝေလေးကလည်း စာရင်းဇယား ဖြင့်ရေးမှတ်၍ စနစ်တကျသိမ်းဆည်း ထားလေ၏။

မောင်တိုသည် ဆရာတော်၏ ခြေအစုံကို ဦးတိုက်ကန်တော့ပြီး နောက် ချုံးပွဲချ၍ငိုကြွေးလေ၏။ မောင် တိုငိုသည်မှာ ဝမ်းသာလွန်းသဖြင့် ဝမ်း နည်းပြီးငိုခြင်းဖြစ်ကြောင်း ကျွန်ုပ် အတပ်သိပြီးဖြစ်၏။ ကျွန်ုပ်သည်ပင် လျှင် မျက်ရည်မလည်မိအောင် မနည်း ထိန်းထားရ၏။ မပိုက်တင်မှာမူ မျက် တောင်ကလေး ပုတ်ခတ်ပုတ်ခတ်လုပ် နေ၏။ ဦးမြဘူးမှာလည်း တွေတွေကြီး ဖြစ်နေ၏။ ဆရာတော်ကမူ မောင်တို ၏ဆံပင်လေးများအား ပွတ်သပ်ကာ ချော့မော့နှစ်သိမ့်ပေးလျက်ရှိပေတော့၏။

*(ဆက်လက်ဖော်ပြပါမည်။)*

ပြီး



www.burmeseclassic.com

www.burmeseclassic.com

# လောကီပညာတို့၏ ဖြစ်ဖျားခံရာ

## ရှာမင်လောကီပညာ

■ ကိုမောင်သန်းဝင်း

ရှာမင်ဆိုသော ဝေါဟာရသည် ဆိုက်ဗေးရီးယား ရှေးဟောင်းစကားဖြစ်သည်။ ဆေးဆရာ၊ ဆေးကုပေးသော သမားဟု အဓိပ္ပာယ်ရသည်။ တိုင်းပြည်အများအပြားတွင်ရှိသော ဆေးကုသော ရှေးခေတ်ဆေးဆရာများကိုလည်း ယေဘုယျအားဖြင့် ရှာမင်ဟု ခေါ်ဝေါ်ကြသည်။

စင်စစ်အားဖြင့် တိုင်းပြည်အသီးသီးရှိ ဆေးဆရာရှာမင်များကို သက်ဆိုင်ရာတိုင်းပြည်နှင့် လူမျိုးတို့၏ ဝေါဟာရများဖြင့်လည်း ကိုယ့်တိုင်းပြည်နှင့် လူမျိုးတို့၏ ဝေါဟာရများဖြင့်လည်း ကိုယ့်တိုင်းပြည်တွင် ခေါ်ဝေါ်ကြလေရာ အောက်ပါအတိုင်း ဖြစ်လေ၏။

ဆိုက်ဗေးရီးယားရှိ လူမျိုးစုများအနက် တန်ကလူမျိုးစုက ဆာမင်ဟု ခေါ်သည်။ ယာကွတ်လူမျိုးစုက ရှာမင်ကို အိုယုနာဟု ခေါ်သည်။ မွန်ဂိုလီးယားတို့က အာဂါဟုလည်းကောင်း၊ ကာမိဟုလည်းကောင်း၊ အူဒါဂန်ဟုလည်းကောင်း ခေါ်သည်။

ဘားယက်လူမျိုးစုကလည်း အူဒါဂန်ဟုခေါ်သည်။ တူရကီ တာတာတို့က ကမ်ဟုလည်းကောင်း၊ ဘော်နီယိုကျွန်းစုက မနန်ဟုလည်းကောင်း၊ အက်စကီမိုးလူမျိုးစုက အန်ဒါကုတ်ဟုလည်းကောင်း၊ ဆာရာဝပ်က မနန်ဟုလည်းကောင်း၊ ဟန်ဂေရီက တဲလ်တော့ဟုလည်းကောင်း၊ မလေးနီဂရစ်တို့က ဟာလာဟုလည်းကောင်း။

ဆုမတြားက နီယာဆန်၊ ဆီဘာဆိုဒန်ကန်ဟူ၍လည်းကောင်း၊ မလေးရှားလူမျိုးစုက အာလီယန်ဟုလည်းကောင်း၊ အန်ဒမန်နှင့် နီကိုဘာကျွန်းစုက ဒိုကိုဂျူမုဟုလည်းကောင်း၊ မလေးရှားဟောင်းလူမျိုးစုက ပိုယန်ဟုလည်းကောင်း၊ ပိုလီနီရှန်က တော်လာဟုလည်းကောင်း၊ ဟာဝိုင်အီက ကဟူ၊ ကဟူနားဟုလည်းကောင်း။

ပါရှား(အီရန်)က မာဂဟုလည်းကောင်း၊ ရှေးဟောင်း အိန္ဒိယလူမျိုးစုများက မုနိဟုလည်းကောင်း၊ တိဗက်က ဆွန်/မူဟုလည်းကောင်း၊ တရုတ်က ဝူဟုလည်းကောင်း၊ ဂျပန်က ရှင်နိကူချိ/ကာမိကူချိဟုလည်းကောင်း၊ တူရကီစပ်မွန်ဂိုတို့က ကမ်ဟုလည်းကောင်း၊ ကိုရီးယားက မူဒန်ဟုလည်းကောင်း တိုင်းရင်းသားဘာသာအသီးသီးဖြင့် ခေါ်ကြလေ၏။

ရှေးအခါက တိုင်းပြည်အသီးသီးတွင်ရှိခဲ့သော ရှာမင်ယဉ်ကျေးမှုနှင့် ရှာမင်လောကီပညာကို သူတို့၏ တိုင်းရင်းဘာသာစကားဖြင့် ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ပေသည်။

ရှာမင်ယဉ်ကျေးမှု၊ ရှာမင်လောကီပညာတို့သည် ကမ္ဘာအနှံ့အပြားတွင် တစ်ပြိုင်နက်လိုလို ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

မျက်မှောက်ခေတ်တွင် ရှာမင်လောကီပညာရှင်တို့အား မှော်ဆရာများ၊ အောက်လမ်းဆရာများဟု မြင်နေကြသည်။ ရှေးလူတို့က နတ်မိစ္ဆာတို့၊ နာနာဘာဝတို့က ပြုစား၍ ကုသမည်ဆိုလျှင် ပြုစားထားသော နတ်မိစ္ဆာနှင့် နာနာဘာဝများကို နှိမ်နင်းဖို့လိုသည်။ ရှာမင်တို့က နတ်မိစ္ဆာတို့နှင့် ဆက်သွယ်သည်။ နှိမ်နင်းသည်ဟုဆိုလျှင် ရှာမင်တို့ကို ခေတ်မျက်စိနှင့်ကြည့်မည်ဆိုပါက ပယောဂဆရာ၊ အောက်လမ်းဆရာ၊ အထက်ဂိုဏ်းဆရာလိုလို ဖြစ်ကြပေလိမ့်မည်သာတည်း။

သို့သော်ငြားလည်း နတ်မိစ္ဆာများ၊ နာနာဘာဝများသည် လူ့ပြည်၏ အလွန်တွင်ရှိသော ပရလောကတွင် နေကြသူများဖြစ်လေရာ သူတို့ကို ရှာဖွေနှိမ်နင်းမည်ဆိုပါက ပရလောကသို့ သွားရောက်ရှာဖွေရန် ဖြစ်ပေသည်။

ပရလောကသို့ သာမန်စိတ်ဖြင့်ကား မရောက်နိုင်ပါ။ နစ်မြောစိတ်၊ ဘဝင်စိတ်ဖြင့်သာ သွားနိုင်သည်ဖြစ်၍ ရှာမင်တစ်ဦးသည် နစ်မြောစိတ်၊ ဘဝင်စိတ်ကို ပိုင်နိုင်ရန်လိုသည်။ ဟာမထွန်



www.burmeseclassic.com

www.burmeseclassic.com

…ကာကအကြောင်းကို အကျွမ်းဝင်ရန် …ပေသည်။

ထို့ကြောင့် ရှာမင်လောကီပညာ …များသည် သာမန်သိစိတ်မှ နစ်မြော …၊ ဘဝင်စိတ်၊ အိပ်မက်စိတ်တို့ကို …အပ်သည့်အချိန်တွင် ကူးပြောင်းရန် …တွက် စိတ်ကို လေ့ကျင့်ထားရမည် …သည်။ ဤသို့ စိတ်ကိုလေ့ကျင့်ခြင်း … ရှာမင်လောကီပညာကျင့်စဉ်ဟု ခေါ် …ည်။

လူအများစုပေါင်းပြီး နေထိုင်ကြ …သာအခါ ပြဿနာများသည်လည်း …ပြားလာသည်။ နာမကျန်းဖြစ်သူဖြစ် …သည်။ ထိုအခါ ရောဂါရပြီး နာမကျန်း …သူကို ကုသရန်လိုအပ်လာသည်။ …ဂါဝေဒနာတွေကို ကုသပေးနိုင်သူပေါ် …က်လာသောအခါ ရောဂါကုသပေး …သာဆေးဆရာကို ရှာမင်ဟုခေါ်ကြသည်။

အုပ်စုအတွင်းမှ လူတစ်ယောက် …ချိန်တန်အိမ်ပြန်မရောက်လျှင် ပျောက် …ကို ရှာရပေမည်။ ထိုအခါ ပျောက် …သာသူကို ရှာပေးနိုင်မည့်သူကို အား …ရလေတော့၏။ စိတ်တန်ခိုးဖြင့် လူ …ပျောက်ကို ရှာပေးနိုင်သူသည် ရှာမင်ဖြစ် …ည်။ ရှာမင်သည် အမြင်အာရုံထူးဖြင့် …ည်း လူပျောက်ရှာပေးနိုင်သည်။ ရုပ်ခန္ဓာ …မှ ရုပ်ခန္ဓာဖြစ်သော လိပ်ပြာခန္ဓာဖြင့် …ာတောင်အနှံ့ကို တစ်မုဟုတ်ချင်း …နိုင်သည်။

ရှာမင်တို့သည် ကမ္ဘာအနှံ့အပြား …ွင် မရှေးမနှောင်း ပေါ်ပေါက်လာသူ …ဖြစ်သည်။ အချို့ဒေသသည် မိုးခေါင် …ရှား၍ အချို့နေရာတို့တွင် မိုးရွာလွန်း … ရေကြီးရေလျှံဖြစ်သည်။ ရှာမင်၏ …စွမ်းဖြင့် မိုးခေါင်သောအခါ မိုးတွေရွာ …ပြီး၊ မိုးကြီးရေလျှံလျှင် မိုးတိတ်စေ

သည်။ သို့ဖြင့် လူအများက အတွေ့အကြုံအရ ရှာမင်ကို ယုံကြည်ကိုးစားခဲ့ကြလေ၏။

တစ်ခါတစ်ရံ မီးတောင်ပေါက်ကွဲသည်၊ ရေလွှမ်းမိုးသည်၊ တောင်ပြိုသည်၊ မုန်တိုင်းတိုက်သည်။ ထိုအခါ ရှာမင်က သဘာဝဘေးအန္တရာယ်များကို ကာကွယ်ရန်အတွက် တောစောင့်နတ်၊ တောင်စောင့်နတ်စသော သဘာဝဝိုးနတ်များကို ပူဇော်ပသ၍လည်းကောင်း၊ တောင်းပန်တိုးလျှိုးခြင်းဖြင့်လည်းကောင်း သဘာဝဘေးအန္တရာယ်များကို လျှော့ပါးစေသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်တော့မည်ကို တင်ကြိုသိပြီး ကြိုတင်ကာကွယ်ထားခြင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်ခြင်းဖြင့် မိမိတို့လူမျိုးစုကို တည်တံ့မှုအား ထိန်းထားနိုင်သူမှာ ရှာမင်တို့ပင် ဖြစ်သည်။

ရှာမင်တို့သည် အတွေ့အကြုံအရ မည်သည့်သစ်ဥ၊ သစ်ဖုသည် သန္ဓေတည်စေသည်၊ သန္ဓေပြစေသည်ကို မိမိတို့ကိုယ်တိုင်လည်း လေ့လာသည်။ တစ်ခါတစ်ရံ ပုံအိပ်ပါက နတ်ဒေဝါများ၊ ဝိညာဉ်များ၏အကူအညီဖြင့်လည်း ဘယဆေးပင်များကို ရှာဖွေတွေ့ရှိနိုင်သည်။ ထို့ကြောင့် ရှာမင်တို့သည် လူ့ဘောင်တည်တံ့ခိုင်မာရေးအတွက် အရေးပါဆုံးပုဂ္ဂိုလ်၊ ရှေ့ဆောင်ပုဂ္ဂိုလ်ဟူ၍လည်း အသိအမှတ်ပြုကြသည်ဟူ၏။

ရှာမင်တို့က လူသားများခံစားနေရသော ရောဂါဝေဒနာများသည် အစားအစာနှင့် ရာသီဥတုကြောင့်သာမဟုတ်သေးဘဲ မမြင်နိုင်သော နတ်မိစ္ဆာများ၊ ပရလောက ဝိညာဉ်တို့၏ ဖမ်းစားမှုကြောင့်လည်း ဖြစ်နိုင်သည်ကို သိမြင်ကြ၏။ မိုးလေဝသ ရာသီဥတုစသော သဘာဝတရားများကိုလည်း နတ်ဒေဝါများ၊ ပရလောက ဝိညာဉ်များက လွှမ်းမိုးနိုင်သည်ကိုလည်း သိမြင်နိုင်သူများဖြစ်သည်။ နတ်ဒေဝါများကို ပူဇော်ပသခြင်း၊ ပရလောက ဝိညာဉ်များကို ဆက်သွယ်ပြီး တောင်းပန်တိုးလျှိုးခြင်းဖြင့် သဘာဝတရားကို ပြောင်းလွှဲစေနိုင်သည်ဟူသော အသိထူးကို သိသူမှာ ရှာမင်တို့ပင် ဖြစ်သည်။

နတ်ဒေဝါစသော ပရလောကပုဂ္ဂိုလ်များ၏ အကူအညီဖြင့် မန္တန်များကို ရှာမင်တို့က တတ်ကျွမ်းခဲ့ကြသည်။ ပရလောကနှင့် ဆက်သွယ်မှုကိုလည်း သိလာကြသည်။ အင်း၊ အိုင်၊ ခါးလှည့်စသော အဆောင်ပစ္စည်းများ ပြုလုပ်နည်းကို တတ်ကျွမ်းလာကြသည်။

နက္ခတ်တာရာ ဂြိုဟ်တို့၏ တည်နေပုံ၊ အာကာသရာသီခွင်နှင့် ဂြိုဟ်နက္ခတ်တို့၏ စွမ်းအင်ကို သိလာသည်။ ယင်းဂြိုဟ်နက္ခတ်တို့ကိုစောင့်သော နတ်ဒေဝါတို့၏ အကူအညီဖြင့် ယင်းဂြိုဟ်နက္ခတ်တာရာတို့၏ သဘာဝနှင့်ကောင်းကျိုးဆိုးကျိုး အမျိုးမျိုးကိုပြသော နက္ခတ်ဗေဒင်ပညာကို တဖြည်းဖြည်းနားလည်ခဲ့ကြသည်။ ထို့ကြောင့် ရှာမင်ပညာကို လောကီပညာ၊ ရှာမင်လောကီပညာဟု ခေါ်ဆိုနိုင်သည်။

ရှာမင်တို့သည် ကမ္ဘာမြေအနှံ့တွင် မရှေးမနှောင်း ပေါ်ပေါက်လာရာ ရှာမင်လောကီပညာသည်လည်း ကမ္ဘာတိုက်ကြီး ခြောက်တိုက်တွင် မရှေးမနှောင်း ပေါ်ပေါက်လာသည်။ ထို့ကြောင့် နောင်အခါတွင် ကမ္ဘာပေါ်တွင် ပေါ်သမျှသော လောကီပညာဟူသမျှသည် ရှာမင်လောကီပညာတွင် မြစ်ဖျားခံလာခဲ့သည်ချည်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ရှာမင်ဓလေ့ယဉ်ကျေးမှု

နီုကာရီ တက္ကသိုလ်မှ ပါမောက္ခ မိုဆီအယ်လ်ယာဒ်နှင့် ဩစတြေးလျမှ မနသ္သဗေဒပညာရှင် မိုက်ကယ်ဟားနာ တို့၏ လေ့လာချက်အရ ရှာမင်ယဉ်ကျေးမှု၏ အဓိကအသွင်ကို အောက်ပါအတိုင်း ဖော်ညွှန်းပြကြသည်။

(၁) ရှာမင်တို့အသုံးပြုသော စိတ်စွမ်းအင်မှာ တစ်ဖြစ်လဲပြောင်းသွားသော စိတ်အခြေအနေမျိုးနှင့်တူသော ရှာမင်တစ်ဖြစ်လဲ ပြောင်းလွဲစိတ်စွမ်းအင် ဖြစ်သည်။

(၂) အထက်ဘုံ၊ အောက်ဘုံခေါ် အမှန်တကယ် တည်ရှိနေသော ပရလောကသို့ သွားရောက်ဆက်သွယ်ခြင်း။

(၃) နတ်ဒေဝါများ အသုံးပြုလေ့ရှိသော တိရစ္ဆာန်သဏ္ဌာန်ဆောင်ထားသော အစောင့်အရှောက် နတ်ဒေဝါများနှင့် သိစိတ်ဖြင့် အပြန်အလှန် ဆက်သွယ်နိုင်ခြင်း။

(၄) ရှာမင် လောကီပညာသည် သူတစ်ပါးကို ကူညီရန်အတွက်နှင့် လေ့ကျင့်သင်ကြားမှုအတွက် အသုံးပြုခြင်း ဖြစ်သည်။

ရှာမင်အယူဝါဒသည် ဘာသာရေး မဟုတ်သော်ငြားလည်း ဒေသတွင်းရှိ သဘောအယူဝါဒတို့နှင့်ကား ဆက်စပ်လျက်ရှိလေ၏။ ရှာမင်အယူဝါဒကို နတ်ကိုးကွယ်သောဘာသာဟု ရေးလူတို့က သတ်မှတ်ခဲ့ကြသည်။ စင်စစ်အားဖြင့် ရှာမင်တို့သည် နတ်ကိုးကွယ်သူများ မဟုတ်ကြပေ။ နတ်နှင့် ဆက်သွယ်ပြီး အကူအညီရယူခြင်းသာဖြစ်သည်။ နတ်နှင့်ဆက်သွယ်သောအခါတွင်လည်း နတ်ပူးဝင်ခြင်းမဟုတ်။ ရှာမင်တစ်ဖြစ်လဲစိတ်ဖြင့်သာ နတ်နှင့်ဆက်သွယ်ခြင်းဖြစ်ပေ၏။

ရှာမင်တို့သည် ပရလောက၊ သို့မဟုတ် အထက်ဘုံသို့ သွားရောက်ရာတွင် အသုံးပြုသောစိတ်ကို ရှာမင် တစ်ဖြစ်လဲသိစိတ် (Shermanie State of Consciousness) (SSC) ဟုခေါ်သည်။ သာမန်နိုးစိတ်မှ မသိစိတ်သို့ ကူးပြောင်းသွားသောစိတ်ကို (Altered State of Consciousness) (ASC) တစ်ဖြစ်လဲပြောင်းသွားသောစိတ်ဟု ခေါ်သည်။

နိုးစိတ်နှင့် အိပ်စိတ်(အသိစိတ်) ကြားတွင် နိုးတစ်ဝက်အိပ်တစ်ဝက် စိတ်အလွှာလေးလွှာ ရှိသည်ဟု စိတ်ပညာရှင်တို့က သတ်မှတ်သည်။ ဂန္ဓဝင်ရှိပညာရှင်တို့က လေးလွှာမက အလွှာများစွာ ရှိသည်ဟု ဆိုသည်။

ရှာမင်တစ်ဖြစ်လဲ ပြောင်းသွားသော (SSC) စိတ်ဖြစ်ပေါ်လာအောင် ရှာမင်တို့သည် ဗုံသံကို အသုံးပြုကြလေ၏။ အချို့ ရှာမင်တို့က လေးတွဲ့သော နတ်အကာများကိုပါ ကကြ၏။ ဗုံသံနှင့် အကာစည်းချက် မိသွားလျှင် စိတ်ပြောင်းလဲမှု မြန်ဆန်သည်ဟူ၏။

အချို့တိုင်းပြည်များရှိ ရှာမင်တို့သည် စိတ်ကိုပြောင်းလဲစေသော ဆေးပင်များကို စားသုံးပြီး ရှာမင်တစ်ဖြစ်လဲပြောင်းသွားသောစိတ်(SSC)ကို ဖြစ်ပေါ်စေသည်ဟု ဆိုသော်ငြားလည်း ရှာမင်အများစုမှာ ဗုံးသံဖြင့် စိတ်ကိုပြောင်းလဲစေခြင်းသာ များသည်။

ယင်းတစ်ဖြစ်လဲ ပြောင်းသွားသောစိတ် (SSC)ကို အသုံးပြု၍ ရောဂါကုခြင်း၊ တမလွန်လောကနှင့် ဆက်သွယ်ခြင်း၊ လူပျောက်ရှာခြင်း၊ ဝိညာဉ်ပျောက်ရှာခြင်း၊ စိုက်ပျိုးရန် မြေဩဇာကောင်းသော နေရာရှာခြင်း၊ လူမျိုးစုအတွက် ရေရနိုင်သော နေရာရှာခြင်း၊ ပျောက်နေသော အိမ်မွေးတိရစ္ဆာန်၊ လူ စသည်တို့ကို ရှာခြင်းစသော လူ့ဘောင်အကျိုးအတွက် ကိစ္စများကို ဆောင်ရွက်သည်။ ယင်းသို့ဆောင်ရွက်ခြင်းအတွက် ရှာမင်တို့က အခကြေးငွေ လာဘ်လာဘ တို့ကို မျှော်ကိုးခြင်းအလျဉ်းမရှိကြချေ

ရှာမင်တစ်ဖြစ်လဲ ပြောင်းစိတ် (SSC)မှ လုံးဝနစ်မြောသွားသော စိတ်မျိုးမဟုတ်။ သိစိတ်မပျောက်ဘဲ မသိ စိတ်နှင့် တွဲနေသဖြင့် တမလွန်လောက တွင် မိမိစိတ်တိုင်းကျ လှုပ်ရှားဆောင် ရွက်နိုင်ကြပေသည်။ အကြားအာရုံ ရသော်ငြားလည်း စကီဇိုဖာရေ နီယာ စိတ်ဝေဒနာကို တောက်လျှောက်ကြ ခြင်းမျိုးမဟုတ်ဘဲ ကြားချင်သည့်အချိန် ကြားရပြီး မလိုအပ်သော အချိန်တွင် အကြားဓာတ်ကို ဖြတ်တောက်နိုင်သည် အသိပညာဖြင့် ထိန်းချုပ်နိုင်သော တ ဖြစ်လဲစိတ် ရှိနေလေ၏။

ထို့ကြောင့် ရှာမင်တို့၏ တစ် လဲပြောင်းစိတ် (SSC)၏ အစွမ်း နှင့် အသံစွမ်းအင်တို့ကို ယခုအခါ ပညာရှင်များက သုတေသနပြု လေ၏။

ရှာမင်တို့၏ ရောဂါကုထုံး ဆရာဝန်များနှင့် မနသ္သဗေဒပညာ တို့က သိပ္ပံကိရိယာများ အသုံးပြု သံ၊ စည်တီးသံ၊ ပလုပ်တုတ်သံ "ချက္ကရ"များကို နှိုးဆွပြီး ရောဂါ များကို သက်သာပျောက်ကင်း တွေ့ရသည်ဟူ၏။

ကိုမောင်သ

ကိုးကား

ရှာမင်လောကီပညာ

(မောင်ကျောက်တိုင်)

www.burmeseclassic.com

www.burmeseclassic.com



# အိမ်ဝယ်၊ အိမ်ငှား ပြေလည်
## အကျိုးဖွားလိုသော်

မော်တင် သိန်းဇော်ဇ

**စိန္တာမဏိဂါထာတော်မြတ်**

**စိန္တာမဏိရတနာနိ၊ ဗုဒ္ဓံဗုဒ္ဓရတနာနံ**
**ကရုံကရတိသရဏံ၊ ခိပ္ပမေဝသမိဇ္ဈတု**
**စိန္တာမဏိရတနာနိ၊ ဓမ္မံဓမ္မရတနာနံ**
**ကရုံကရတိသရဏံ၊ ခိပ္ပမေဝသမိဇ္ဈတု**
**စိန္တာမဏိရတနာနိ၊ သံဃံသံဃရတနာနံ**
**ကရုံကရတိသရဏံ၊ ခိပ္ပမေဝသ မိဇ္ဈတု။**

အိမ်ဝယ်လိုသူများ၊ အခန်း၊ အိမ် ငှားရမ်းနေထိုင်လို၍ အိမ်ငှားလိုသူများအတွက် ချောမောအဆင်ပြေ ကောင်းမွန်စွာ ဝယ်ဖြစ်၊ ငှားဖြစ်နိုင်ကြရေးအတွက် ရည်သန်၍ မိမိကိုယ်တိုင်ပင် ရှာဖွေဝယ်ယူငှားရမ်းသည်ဖြစ်စေ၊ ဆိုင်ရာ အိမ်ပွဲစားများနှင့် ဆက်သွယ်၍ ဝယ်ယူငှားရမ်းသည်ဖြစ်စေ တိုတုတ်လွယ်ကူ သက်သာပေါ့ပါးသလောက် မိမိရှာဖွေဝယ်ယူငှားရမ်း လိုလားဆန္ဒရှိရာ အိမ်အခန်းများကို အချိန်မကုန် လူမပင်



www.burmeseclassic.com

www.burmeseclassic.com

ပန်းရဘဲ မြန်ဆန်အဆင်ပြေစွာ တွေ့ရှိဝယ်ယူ၊ ငှားရမ်းနိုင်စေမည့် ထောက်ကူအကျိုးပေးရာ ပွဲတွေ့ဂါထာတော်နှင့် အဆောင်ပစ္စည်းတစ်ရပ်ကို တင်ပြလိုပါမည်။ အိမ်ဝယ်လိုသူများ၊ အိမ်ငှားလိုသူများသည် အများအားဖြင့် ဝါဝင်ခါနီးနှင့် ဝါထွက်ရာသီလတစ်ရက်နှင့် ခြောက်သွေ့ရာ ပွင့်လင်းကာလရာသီလတစ်ပိုက်ဖြစ်သည့် တန်ခူးလ(ပြေလ)တစ်ပိုက်တို့၌ အိမ်ဝယ်၊ အိမ်ငှားနိုင်ရေးတို့အတွက် စီစဉ်ရှာဖွေ အလုပ်ရှုပ်ကြရကာ ကိုယ်စိတ်မောလေ့ရှိကြသည်။ ဝယ်ဖြစ်၊ ငှားဖြစ်၊ ပြောင်းရွှေ့ဖြစ်တတ်ကြသည်။ ဆင်းရဲ၊ ချမ်းသာ၊ နိမ့်မြင့်မဟူပင် ဖြစ်ပါသည်။ ထိုကာလများတစ်ပိုက်တို့၌ စာရေးသူထံ အိမ်ဝယ်လိုသူများ၊ အိမ်အခန်း ငှားရမ်းနေထိုင်လိုသူများ အချို့သည် အထူးသဖြင့် အများအားဖြင့်ဆိုသလို လာရောက်ဗေဒင်မေး၊ တွက်ချက်အကူအညီယူလေ့ရှိကြပါသည်။ ထိုအခါများ၌ စာရေးသူအနေဖြင့် အိမ်ဝယ်ယူလိုသူများ ငှားရမ်းနေထိုင်လိုသူများ၏ လက်ရှိ ပစ္စုပ္ပန်တည်ရှိဆဲ၊ ပဝတ္တိဂြိုဟ်စီးဂြိုဟ်နင်းသက်ရောက် အခြေအနေကို စိစစ်တွက်ချက်၍ အိမ်ဝယ်၊ အိမ်ငှားဖြစ်ရေးအတွက် လိုအပ်သလို ယတြာအခင်းအကျင်း အစီအမံအချို့ကို ပေးသလို၊ ယှဉ်တွဲ၍ ထက်မြက်ပေါက်မြောက် စူးရှကာ လိုအင်ဆန္ဒကို ပြည့်ဝစေသည့် ပွဲတွေ့ဂါထာတော် "စိန္တာမဏိဂါထာတော်"နှင့် လက်ဖွဲ့အဆောင်ပစ္စည်းတစ်ခုကိုလည်း လက်ကိုင်ပင်တိုင်အဖြစ် အကြံပြုကာမဖြစ်မနေပင် ပေးအပ်လေ့ရှိပါမည်။ စာရေးသူ အခါပြုအကြံပေးရာ ထိုဂါထာတော်နှင့် လက်ဖွဲ့ဆောင်ပစ္စည်းကြောင့်လည်း စာရေးသူထံ လာရောက်တိုင်ပင်ကြသည့် ဇာတာရှင်၊ ဆန္ဒရှင်အသီးသီး ပုဂ္ဂိုလ်အပေါင်းတို့အနေဖြင့် "သတိချပ် လေ့လာမှတ်သားမိသရွေ့ အားလုံးနီးပါးပင်"၎င်းတို့ဆန္ဒရှိလိုလားရာရှာဖွေကြိုးပမ်းရာ အိမ်အခန်းများကို မြန်ဆန်ချောမောအဆင်ပြေစွာ ရှာဖွေတွေ့ရှိဖြစ် ဝယ်ယူဖြစ်၊ ငှားရမ်းပြောင်းရွှေ့ နေထိုင်ဖြစ်သွားတတ်ကြပါသည်။ "စိန္တာမဏိဂါထာတော်မြတ်"ဖြစ်ပေါ်သန္ဓေတည်ခဲ့ရာ၌ ထင်ရှားကြီးမြတ်လှသည့် ရှေးပောင်းဖြစ်စဉ်ထုံးနှင့် နောက်ခံအကြောင်းခြင်းရာ ဖြစ်အင်များရှိခဲ့ပြီး ဘာရာဏသီပြည်အနီးရှိ တောအုပ်ကြီးကို အပိုင်စားခဲ့ရသည့် တောအုပ်သခင် နတ်ဘီလူးမကြီးဖြစ်ခဲ့သူ

"စန္ဒမုခီ"အမည်ရှိ ဘီလူးမကြီးကိုယ်တိုင်က သူ၏သာ[...] ပုဏ္ဏားမျိုးနွယ်ဝင် လုလင်ပျို(နောင်တွင် "ပဒကု[...] မင်းတိုင်ပင် ပညာရှင်သူကြွယ်ဟု ထင်ရှားကျော်ကြ[...] သည်)အား ထိုဂါထာတော်မြတ်ကို နှုတ်တိုက်သဘော[...] ပေးအပ်သင်ကြားပေးခဲ့ကြောင်းသိရပြီး မပြတ်ရွတ်[...] သရဇ္ဈာယ်ဆောင်သက လိုရာဆန္ဒကို ပြည့်ဝပြီးမြ[...] အောင်မြင်ချောမောစေတတ်ပါသည်။ စာရေးသူအ[...] အိမ်ဝယ်၊ အိမ်ငှားကိစ္စ အောင်မြင်ချောမောရေးအ[...] ဆောင်ရွက်စေသည်မှာ ခြောက်လက်မအရှယ်အစား[...] ရိုက်သံတစ်ချောင်း"ဖြစ်ပါသည်။ "သံ့ကိုနိုင်လို ဆက်[...] သည့် အင်္ဂဝိဇ္ဇာဗေဒင်ပညာအရ သံမှာ "သောကြာဂြိုဟ်[...] ဖြစ်၍ အိမ်အခန်းအဆောင် စသည့် "တနင်္ဂနွေဂြိုဟ်နံ"[...] "ဆပွတ်မြောက်နံဂြိုဟ်"တစ်ရပ်ဖြစ်ရာအနေဖြင့် "တ[...] ဂြိုဟ်နံ"များနှင့် သက်ဆိုင်အပ်သော "အိမ်အခန်း၊ အ[...] များ"ရှာဖွေဝယ်ယူ၊ ငှားရမ်းရေးကိစ္စအဝဝတို့အတွက် [...] ဆောင်အောင်မြင်မှုပေး အကျိုးပြုထောက်ကူသည့် သ[...] "၆ သံ"ဟူသည့် (သောကြာဂြိုဟ်) ပစ္စည်းနံများနှင့် [...] နံဂြိုဟ်သက်တို့ကို လောကီနည်းပညာရပ်အရ စိစ[...] ပြန်သော် (၆)နှင့် သောကြာနံဂြိုဟ်သက် (၂၁)တို့ကို [...] ပါက (၆× ၂၁ ÷ ၂၇ = ၉) "ကိုးနဝင်း"လည်း ကြေ[...] နေ၍ အထူးတလည် ထက်မြက်လှသည်ကို စိစစ်တွေ့[...] သည်။ သို့ဖြစ်၍ အကယ်၍ အိမ်ဝယ်၊ အိမ်ငှား [...] သုံးဖြာသောအမှု ကိစ္စပေါ်ပေါက်လာပါသော် တင်ပြပါ "[...] မဏိဂါထာတော်မြတ်"ကို ကိုးခေါက်တိတိ တယုံတ[...] ပြင်းပြစူးနစ်ခိုင်ကျည်စွာ ရွတ်ပွားကာ ခြောက်လက်မအ[...] အစားရှိ သံတစ်ချောင်းကို ခန္ဓာကိုယ်တွင်း၌ အဆောင်[...] ပစ္စည်းအဖြစ် ယုံကြည်အားထားစွာ သွားရောက်[...] ဝယ်ယူငှားရမ်း စီစဉ်ကြိုးပမ်းကြ၊ စမ်းသပ်ကြည့်ကြပါ[...] တွေ့အောင်၊ လက်တွေ့သုံး ဂါထာတော်မြတ်တစ်ပုဒ်နှင့် [...] ဖွဲ့အဆောင်ပစ္စည်း တစ်ရပ်အကြောင်းကို အကျိုးမျှော်၍ [...] မြတ်စွာ တင်ပြအပ်ပါသည်။ ကြံတိုင်းဖန်တိုင်း မဆို[...] လိုတိုင်းရအောင် ပြည့်စုံနိုင်ကြကုန်သော သဗ္ဗညုတ[...] တရား၊ သံဃာ မြတ်ရတနာသုံးပါးဖြစ်သော ဂုဏ်[...]



www.burmeseclassic.com

www.burmeseclassic.com

များကို နေ့ညမယုတ် ကိုးကွယ်ဆည်းကပ် အမြတ်ထား အရိ အသေပြုသွားများပါက သွားများသူအား မကြာမတင်သော လျှင် မြန်စွာသာလျှင် ကောင်းကျိုးဟူသမျှ စိတ်လိုက်ကျအောင် ပြည့်စုံရပါစေသတည်းဟူသည့် ရှိခိုးကန်တော့ ပန်ဆင်ပူဇော် ဆုတောင်းအပ်သော "စိန္တာမဏိ ဂါထာတော်မြတ်"မှာ စာရေးသူကိုယ်တွေ့အရ တင်ပြပါ အိမ်ဝယ်၊ အိမ်ငှား၊ အိမ် ရှာ သုံးဖြာသောကိစ္စရပ်အတွက်ကိုသာမက နေ့ညအချိန်မရွေး ပူဇော်ရွတ်ဆိုခြင်းအားဖြင့် အကြံအစည် အောင်မြင်စေခြင်း၊ ရာထူးဌာနန္တရ တိုးတက်စေခြင်း၊ လူနတ်အများ ချစ်ခင်ခြင်း၊ မိမိပိုင်ရတနာပစ္စည်းများ သူတစ်ပါးခိုးဝှက်ယူငင်ခြင်းမပြုနိုင် ဘဲ အကျိတ်အခဲ အစုအပုံလိုက် တည်မြဲစေတတ်သည် ဟုလည်း ဖတ်ရှုမှတ်သားနာယူရသော စာပေဆောင်းပါး မွန်တို့မှ လေ့လာသိရှိ မှတ်သားရပါသည်။

"မှတ်ချက်အကျဉ်း"

(၁) ဂါထာတော်ကို ကိုးကြိမ်တိတိ ရွတ်ပွားသရဇ္ဈာယ် ရန် ဖြစ်ပါသည်။ ရွတ်ပွားပြီး ခြောက်လက်မသံချောင်းကို ဆောင်သသွားက လိုအပ်သောနေအိမ်ကို သွားရောက်ရှာ ဖွေရန်ဖြစ်ပါသည်။

(၂) အိမ်ရိုက်သံချောင်း အနေဖြင့် ခြောက်လက်မ အရွယ်အစား မရှိ၊ မရပါက ခြောက်လက်မ ပြည့်မီအောင် နှစ်လက်မသံဆိုက သုံးချောင်း၊ သုံးလက်မသံဆိုက နှစ်ချောင်း စသဖြင့် ဆောင်သယူငင်သွားနိုင်ပါသည်။ (ဥဏ်နှင့်ယှဉ်၍ ဆောင်သနိုင်ပါသည်။)

(၃) သံအနေဖြင့် သုံးစွဲပြီးသား "အဟောင်း"မဟုတ် ဘဲ "အသစ်"ဖြစ်ရန် လိုအပ်ပြီး စွန့်ပြီးဖြစ်အပ်သော မျက်နှာ သစ်တော်ရေ သောက်တော်ရေ (သို့မဟုတ်) ပရိတ်ရေများနှင့် ဂါထာကိုရွတ်ပွားပြီး ထွတ်မြတ်စွာ သန့်ရှင်းသိဒ္ဓိတင်၍ ထုံ သင်း၊ ဆွတ်သ၊ လိမ်းကျံပြီး ဆောင်သသွားပါက ပိုမို၍ စွမ်းပကားအာနိသင် ထက်မြက်စူးရှ အကျိုးပေးတတ်ပါသည်။ (စာရေးသူ ကိုယ်တွေ့ဖြစ်ပါသည်။)

(၄) အခြားတစ်ပါးသူအတွက် "သံ"အဆောင်ကို စီစဉ်လုပ်ဆောင်ပေး ရမည်ဆိုပါက တနင်္လာနေ့နံနက် ၆း၀၀ နာရီမှ ၇း၃၀ နာရီအတွင်း စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

သံများအနေဖြင့် ရိုးရိုးအိမ်ရိုက်သံ၊ သွပ်ရိုက်သံ၊ မို သံ၊ အုတ်ရိုက်သံ၊ လေးမြောင့်သံ၊ ခြင်ဆန်ကာရိုက်သံ၊ ရှောက် စူးသံ၊ ဇလီဖားတုံးရိုက်သံ၊ ပင်အပ်သံ၊ သံကြီး၊ သံလေး ဟူ၍ အမျိုးအစားအများအပြားပင်ရှိကြရာ ဆောင်သရာတွင် အိမ်ရိုက်သံမှာ အကောင်းဆုံးဖြစ်ပါသည်။ ဆောင်သရာ တွင်လည်း ခြောက်လက်မအရွယ်အစားရှိသည့် သံအမျိုး အစားအနက်မှ တစ်ချောင်းတည်းကိုသာလျှင် ဆောင်သ ခြင်းမှာ ပို၍ ထက်မြက်စူးရှ အကျိုးပေးတတ်ပါသည်။ လိုအပ် ၍ ရှာဖွေနေရသောနေအိမ်ကို ငွေမကုန်၊ လူမပင်ပန်း တို တောင်းသောကာလအတွင်း အဆင်ပြေချောမောစွာ လွယ် လင့်တကူ ရှာဖွေတွေ့ရှိရာက ငှားရမ်းနေထိုင်ခြင်း၊ ဝယ်ယူ နိုင်ခြင်းမှ အစပြု၍ "အိမ်ရှာ၊ အိမ်ငှား၊ အိမ်ဝယ်" စသည့် နေမှု၊ ထိုင်မှု၊ လူမှုအခက်အခဲများမှ လွတ်မြောက်ချောမော အဆင်ပြေရေးအတွက် စာရေးသူတင်ပြပါ အထက်ပါ ဂါထာ တော်မြတ်နှင့် ဆောင်သရမည့် သံချောင်းအဆောင်တို့ကို ရွတ်ပွားဆောင်သ၍ တိုက်ဆိုင်မှု၊ လိုအပ်မှုရှိကြပါက စမ်းသပ် ဆောင်ရွက်ရင်း လိုအပ်ရာ နေအိမ်များကို ရှာဖွေကြည့်ကြ ပါရန် အကျိုးမျှော်၍ လေးမြတ်စွာ တင်ပြအပ်ပါသည်။

*(အိမ်ဝယ်ဖြစ်၊ အိမ်ငှားဖြစ်ကြ၍ စာရေးသူထံ ပြန် လည်ကာ ဝမ်းပန်းတသာ အသိပေးသတင်းပို့ခဲ့သော မိတ်ဆွေ မွန်အချို့အား လေးစားစွာ ရည်ညွှန်းလျက် . . .)*

■ မော်တင်သိန်းဇော်

**ရည်ညွှန်းမှီငြမ်းကိုးကားချက်**

(၁) "ဓမ္မစကြာပါဠိတော်နှင့် အန္တရာယ်ကင်းဂါထာတော် များ" ဓမ္မဒါနကျမ်းမြတ်မွန်

(၂) လေးစားအပ်ပါသည့် "ဆရာဆောင်းဟေမာန် (မြတ် ကြေးမုံ)"၏ "ဆထက်တိုးပွား စိန္တာမဏိဂါထာတော်၏ အကျိုးတရား" ဆောင်းပါးမွန်၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီ လထုတ် ရောင်ပြန်မဂ္ဂဇင်း။



www.burmeseclassic.com

www.burmeseclassic.com



# စိတ်ညှို့အိပ်မွေ့ချပညာ နှင့် ကျင့်စဉ်များ

အောင်ဘုန်းမြင့်(ကချင်မြေ)

### စိတ်ညှို့အိပ်မွေ့ပညာ

စိတ်ညှို့အိပ်မွေ့ချပညာသည် အရာရာတိုင်း၌ အကြံပေး၍လည်းကောင်း၊ အိပ်မွေ့ချစေခိုင်း၍လည်းကောင်း၊ ညှို့ဓာတ်သွင်း အမိန့်ပေး၍လည်းကောင်း မိမိတို့အလိုရှိသည့် အမှုကိစ္စများကို အောင်မြင်ဖြစ်မြောက်စေနိုင်သော ပညာရပ်ဖြစ်သည်။ ကျင့်ကြံအားထုတ်ကြခြင်းဖြင့် စိတ်စွမ်းအား၊ အမြင်စွမ်းအား၊ အသံစွမ်းအား၊ ကိုယ်ဟန်အမူအရာစွမ်းအား အစရှိသော စွမ်းအားများကို ရရှိကြ၍ လောကီရေးရာများတွင် ထင်ပေါ်ကျော်ကြားခြင်း၊ အောင်မြင်ကြီးပွားခြင်းနှင့် အရာရာကို လွှမ်းမိုးထိန်းချုပ်နေခြင်းများကို အခက်အခဲမရှိ ဆောင်ကြဉ်း အောင်မြင်သူများ ဖြစ်လာစေနိုင်သည်။ စိတ်စွမ်းအားဖြင့် စိတ်ကို ညှို့ဓာတ်သွင်း၍ အကြံပေးစေခိုင်း အောင်မြင်ခြင်းမျိုး ဖြစ်သည်။

**စိတ်စွမ်းအား မြင့်မားတည်ငြိမ်စေခြင်း-** စိတ်ညှို့အိပ်မွေ့ချပညာရပ်တွင် စိတ်စွမ်းအားတန်ခိုးမြင့်မားခြင်းနှင့် ရုပ်ကာယခန္ဓာတည်ငြိမ်ခြင်းသည် လွန်စွာအရေးကြီးပါသည်။ သို့ဖြစ်၍ စိတ်စွမ်းအားရရှိလာပြီး စိတ်တန်ခိုးမြင့်မား... အောင်နှင့် ရုပ်ကာယခန္ဓာတည်ငြိမ်ရင့်ကျက်လာအောင် တစ်ဆင့်... ပြီးတစ်ဆင့် ကျင့်ကြံအားထုတ်ယူကြရမည်။

ရုပ်ခန္ဓာ လှုပ်ရှားနေသည်ကို ဆင်သွားသလိုမြင်... သော်လည်း စိတ်၏လှုပ်ရှားမှုများကိုကား မြင်နိုင်မည်မဟုတ်... ပါ။ သို့ပေမယ့် မည်သည့်လှုပ်ရှားမှုမျိုးဖြစ်စေ စိတ်က... သာ ဖြစ်လာနိုင်ပါသည်။ ဥပမာ မျက်နှာသွေးရောင်... ၍ လက်သီးဆုပ်ထားသော အမူအရာကိုမြင်ရလျှင် စိတ်... ဒေါသထွက်နေသည်။ ပြုံးရွှင်နေသော မျက်နှာကိုတွေ့... ရပါက ဝမ်းသာပျော်ရွှင်နေသည်။ မျက်နှာညှိုးငယ် နွမ်း... အားပျော့နေပါမှ ဝမ်းနည်းအားငယ်နေသည်ဟူ၍ ... ပေလိမ့်မည်။

**သို့ဖြစ်၍** ဝက်ပါလှည့်၍ မိုးအဆုံး၊ မြေအဆုံး ... စားနေတတ်သည့်စိတ်ကို တည်ငြိမ်အစွမ်းထက်...

www.burmeseclassic.com

အောင် ကျင့်ကြံအားထုတ်ရသည်မှာ လွယ်မယောင်နှင့် ခွန်စွာခက်ခဲလှပါသည်။ အလိုအလျောက် လှုပ်ရှားနေတတ်သောစိတ်ကို တည်ငြိမ်လာအောင် လေ့ကျင့်ရာ၌ ဇွဲနပဲကြီးရန် လိုအပ်လှပါသည်။

စိတ်စွမ်းအား မြင့်မားတည်ငြိမ်၍ တန်ခိုးစွမ်းအားရအောင် ကျင့်ကြံအားထုတ်ကြရာ၌ ယောဂီကမ္မဋ္ဌာန်းကျင့်စဉ်များ၌ ဈာန်သမာပတ်ဝင်စားနိုင်အောင် ကျင့်သည့်နည်းတူ ကျင့်ကြံအားထုတ်ရ၏။ ပထမအစတွင် ခါးကိုစန့်စန့်ထားပြီး ခေါင်းကိုတည့်တည့်မတ်ထား၍ အကြောလျှော့သည့်နည်းအတိုင်း ထိုင်၍ ကျင့်ကြံရမည်။ အသက်ကို မှန်မှန်ရှူသွင်းရှူထုတ်လျက် စိတ်ကိုမလွင့်စေဘဲ တည်ငြိမ်အောင် ထိန်းကွပ်ထားရမည်။ ထိုအခါ ကိုယ်ခန္ဓာတည်ငြိမ်လာပါလိမ့်မည်။ ကိုယ်ခန္ဓာ တည်ငြိမ်လာသည်နှင့်အမျှ စိတ်ခန္ဓာလည်း တဖြည်းဖြည်း တည်ငြိမ်မှုရလာမည်ဖြစ်သည်။ စိတ်တည်ငြိမ်လာသည့်အခါ စွမ်းအားတန်ခိုး ထက်မြက်လာအောင် စိတ်စွမ်း အားရှိသရွေ့ မပျံ့မလွင့်စေဘဲ ထိန်းထားရမည်။ ရုပ်ဓာတ်နှင့် စိတ်ဓာတ်နှစ်ပါး တည်ငြိမ်လာပါလိမ့်မည်။

ရုပ်ခန္ဓာကို တည်ငြိမ်အောင် ကျင့်နည်းနှင့် "ငါ၏ကိုယ်ခန္ဓာသည် လွန်စွာတည်ငြိမ်နေသည်။ ငါမလှုပ်ရှားဘဲ ကျောက်တောင်ကြီးပမာနေနိုင်ပြီ"ဟူ၍ မိမိကိုယ်ကို စိတ်ထဲက ပြောနေရမည်။

စိတ်ကို တည်ငြိမ်စွမ်းအား ထက်မြက်လာအောင် ကျင့်ရာ၌လည်း "ငါ၏စိတ်သည် ဘယ်ကိုမှမလွင့်ပါးဘဲ ငြိမ်သက်တည်ငြိမ်နေသည်။ ငါ့စိတ်ကို ငါကောင်းစွာ ထိန်းချုပ်ထားနိုင်ပြီ"ဟူ၍ စိတ်ထဲက ယုံကြည်ခိုင်မာစွာ ထပ်တလဲလဲ အမိန့်ပြု၍ရွတ်ဆိုပေးရမည်။ ဤသို့ ကျင့်ကြံလေ့ကျင့်ပေးခြင်းဖြင့် စိတ်နှင့် ရုပ်စွမ်းအား သမာဓိရလာပြီး စိတ်ညှို့အိပ်မွေ့ချရာ၌ အောင်မြင်ထွန်းပေါက်စေနိုင်မည် ဖြစ်ပါသည်။

**မျက်စိစွမ်းအားကျင့်ခြင်း**-မျက်စိသည် ဝိညာဉ်၏တံခါးပေါက်ဖြစ်သည်။ The Window of the soul ဟူ၍ တင်စားခေါ်ဆိုကြ၏။ လူတစ်ဦးတစ်ယောက်သည် ကျီးကန်းတောင်းမှောက် မျက်စိမငြိမ် ဟိုကြည့်ဒီကြည့်ဖြစ်နေလျှင် ထိုသူ၏စိတ်သည်လည်း တည်ငြိမ်မှုမရှိဘဲ မိုးအဆုံးမြေအဆုံး ရောက်နေတတ်ပြီး စိတ်စွမ်းအားတန်ခိုးကို စုစည်းမရဖြစ်ကာ အမိန့်ဩဇာ ညွှန်းချက်ပေးသည့်အခါ အကျိုးမရှိ အလဟဿ ဖြစ်စေတတ်ပါသည်။

မျက်စိစွမ်းအားသည် သတ္တဝါအချင်းချင်း အုပ်ချုပ်စိုးမိုးလွှမ်းမိုးရာ၌ လွန်စွာအရေးကြီး၏။ တောနေသားကောင်သတ္တဝါများသည် တစ်ကောင်နှင့်တစ်ကောင် လွှမ်းမိုးကြရာ၌ မျက်စိလက်နက်ကို အသုံးချပြီး အနိုင်ယူကြသည်။ မြွေသည် သားကောင်များကို၊ ခြင်္သေ့များများသည် သမင်၊ ဒရယ်များကို မျက်စိနှင့်ကြည့်ပြီး ညှို့ယူလွှမ်းမိုး ထားပြီးမှ ဖမ်းယူစားသုံးကြ၏။ ထို့အတူ လူလူချင်းအုပ်ချုပ်သည့်အခါ၊ စေခိုင်းအကြံပေးသည့်အခါ၊ တောင်းပန်အကူအညီတောင်းသည့်အခါ၊ ရောင်းဝယ်ဖောက်ကားသည့်အခါ၊ တစ်ဦးနှင့်တစ်ဦး ဆက်ဆံသည့်အခါများ၌ လွှမ်းမိုးညှို့ယူနိုင်သော မျက်စိစွမ်းအားသည် အလွန်အရေးပါလှပါသည်။

သို့ဖြစ်သောကြောင့် စိတ်ညှို့အိပ် မွေ့ချပညာလိုက်စားသူများ၌ မျက်စိစွမ်းအားရှိရန် လိုအပ်ပါသည်။ မျက်စိစွမ်းအားကျင့်စဉ် လေ့ကျင့်ရာတွင် မျက်စိနှင့် အနည်းငယ်မော့ကြည့်ရမည့် နေရာမျိုး၌ (သို့မဟုတ်) နံရံတစ်ခုခု၌ စက်ဝိုင်းအမှတ်အသား ပြုလုပ်ထောင်ထား၍ စိတ်ကို တည်ငြိမ်အောင် ထိန်းကွပ်ထားပြီး စိုက်ကြည့်ကျင့်နိုင်သည်။

ထို့ပြင် မှန်ကြည့်၍လည်း ကျင့်နိုင်သည်။ မှန်ကို ရှေ့သို့ အနည်းငယ်ငိုက်စေပြီး စားပွဲတစ်လုံးပေါ် ထောင်ထားရမည်။ မှန်ထဲတွင်ပေါ်လာသော မိမိ၏ ရုပ်ပုံ၊ နှာခေါင်းရင်း၊ မျက်ခုံးနှစ်ခုကြား စိုက်ကြည့်၍ မျက်စိတည်ငြိမ်စွာ အားရအောင်ကျင့်နိုင်သည်။ မိမိအရိပ်ပုံကြည့်၍ လေ့ကျင့်သည့်အခါ ရိုးရိုးသာမန်အရာဝတ္ထုတစ်ခုကို ကြည့်နေသကဲ့သို့ သဘောထားရမည်။ မျက်စိကို မမှေးလွန်း၊ မကျယ်လွန်း၊ မပြူးလွန်း အနေမှန်ဖြင့် မျက်တောင်မခတ်ဘဲ ကြည့်၍ ကျင့်ကြံသွားရမည်။ ပထမကျင့်စဉ်တွင် ငါးမိနစ်၊ ၁၀ မိနစ် ထိုမှတစ်ဆင့် တဖြည်းဖြည်းတိုး၍ မိနစ် ၃၀ မှ ၁ နာရီထိကျင့်သွားနိုင်သည်။

စိတ်ကို စူးစိုက်နိုင်သလောက် မျက်စိအကြည့်ပို၍ တည်ငြိမ်အားကောင်းလာပါလိမ့်မည်။ စိတ်အာရုံစူးစိုက်မှုအားကောင်းလာပြီး မျက်စိစွမ်းအားရလာသည့်အခါ အချိန်၏ကန့်သတ်မှု ပျောက်ကင်းနိုင်ငံချုပ်သွားကာ မျက်စိစွမ်းအားများဝင်ရောက်အားပြည့်လာမည်။ မျက်စိစွမ်းအားနှင့်အတူ စိတ်



www.burmeseclassic.com

www.burmeseclassic.com

စွမ်းအားလည်း တက်လာပါလိမ့်မည်။

မျက်စိစွမ်းအား ကျင့်သည့်အခါ "ငါ့မျက်စိသည် လွန်စွာတည်ငြိမ်နေပြီ။ ထို့ကြောင့် အရာရာကို စိုးမိုးထားနိုင်သော မျက်စိစွမ်းအားကို ငါရရှိပိုင်ဆိုင်နိုင်ပြီ။ ငါ၏မျက်စိစွမ်းအားဖြင့် လူတိုင်းကို အောင်မြင်နိုင်ရမည်"ဟူ၍ စိတ်ထဲက ယုံယုံကြည်ကြည်နှင့် အောက်မေ့နေရမည်။ မျက်စိစွမ်းအားဖြင့် အောင်နိုင်သူ ဖြစ်လာပါလိမ့်မည်။

**အသံစွမ်းအားရယူခြင်း**-အသံသည် ဟိန္ဒူယောဂီများ၏ အဆိုအရ "ဥုံ"ဟူသော အသံထွက်မှ စတင်ပေါ်ထွက်လာခြင်းဖြစ်သည်ဟု ဆိုသည်။ ဥုံ ဟူသော အသံထွက်တွင် တုန်ခါမှုစွမ်းအား လွန်စွာကြီးမားသည်ဟု သုတေသီများက အတည်ပြုကြသည်။ စစ်ချီသံ၏ တုန်ခါသက်ရောက်မှုကြောင့် လူအများကို ရဲစိတ်ရဲမာန် တက်လာစေနိုင်သည်။ တေးဂီတ၏ ညှို့ညံ့ကြောင့် စိတ်နှလုံးချမ်းမြေ့စေနိုင်သည်။ ထို့အတူ လက်ဝှေ့ဆိုင်းသံ၏ တုန်ခါရိုက်ခတ်မှုကြောင့် စိတ်ကို ကြွလာစေပါသည်။ ဒေါသသံ၊ ဝမ်းနည်းသံ၊ အမိန့်ပေးသံ၊ ချော့ပြောသံများသည် လူ့စိတ်ကို အမျိုးမျိုးပြောင်းလဲ စေနိုင်ပြီး သက်ရောက်မှုဖြစ်စေနိုင်ပါသည်။

အသံကို မကွဲမအက်ဘဲ Round ed Voice စွမ်းအားသြဇာပြည့်၍ အာဏာပါဝါရှိသော အသံဖြစ်လာအောင် လေ့ကျင့်ယူရာ၌ အသက်ရှူခြင်းနှင့် တွဲဖက်လေ့ကျင့်ယူပါမည်။ အသက်ရှူလေ့ကျင့်ခြင်းဖြင့် ကျန်းမာရေးအပါအဝင် မြောက်မြားစွာသော ကောင်းကျိုးများကို ရရှိစေနိုင်သည်။ စိတ်တန်ခိုးနှင့် အသံစွမ်းအားလေ့ကျင့်ရာ၌လည်း လွန်စွာအရေးပါ အရေးကြီးလှပါသည်။ အထူးသဖြင့် အဆိုတော်များ၊ သရုပ်ဆောင်များ၊ စာပေဟောဆရာများ၊ အသံဖြင့် အသက်မွေးရသူများအတွက် ပိုအရေးကြီးပါသည်။

အသက်ဝဝရှူထားပြီး လေဓာတ်အောင်သူများသည် စကားပြောဆိုရာ၌ အသံအောင်ပြီး စကားသြဇာရှိသူများအဖြစ် အောင်မြင်တတ်သည်။ သို့ဖြစ်၍ လေကို တဖြည်းဖြည်းရှူသွင်းရှူထုတ်ခြင်း လေ့ကျင့်ခန်းကို အမြဲတွဲဖက်ပြုလုပ်ပေးရမည်။

အသံလေ့ကျင့်သည့်အခါ ကိုယ်ခန္ဓာကို သက်သောင့်သက်သာထားပြီး စိတ်ကိုတည်ငြိမ်အောင်ထားရမည်။ မျက်စိကို တည်ငြိမ်အောင် စူးစိုက်၍ကြည့်ကာ အသံကို ဖြည်းဖြည်းမှန်မှန်ဖြင့် စကားပြောလေ့ကျင့်ပေးရမည်။ ထို့ပြင် သီဆိုရခက်ခဲသော သီချင်းကို ရွေးချယ်သီဆိုပေးခြင်း၊ အသံထွက်ခက်ခဲသော ဂါထာလင်္ကာများကို ဌာန်ကရိုဏ်းကျကျ အသံမှန်ရသည်တိ ရွတ်ဖတ်သရဇ္ဈာယ် လေ့ကျင့်ပေးခြင်းများကို အသံစွမ်းအားရလာသည်ထိ မကြာခဏ လေ့ကျင့်ပေးရမည်။ မကြာမီ အသံစွမ်းအားကို ပိုင်ဆိုင်အသုံးချသွားနိုင်သူ ဖြစ်လာပါလိမ့်မည်။

**ကိုယ်ဟန်မျက်နှာထား ကျင့်စဉ်** - လူ့လောကတွင် အများနှင့်ဆက် သွယ်ဆက်ဆံကြသည့်အခါ ကိုယ်ဟန်ပန်နှင့် မျက်နှာအနေအထား အမူအရာသည် လွန်စွာအရေးပါလှပါ၏။ လူတစ်ဦးတစ်ယောက်၏ စိတ်နေစိတ်ထားနှင့် ဘဝပတ်ဝန်းကျင် အရည်အချင်းများအားလုံးနီးပါးကို ကိုယ်ဟန်ပန်အနေအထား၊ မျက်နှာမူရာအနေအထားကို ကြည့်၍ ဆုံးဖြတ်အကဲခတ်လျက် ရှိတတ်ကြသောကြောင့် ဖြစ်၏။

သို့ဖြစ်သောကြောင့် အောင်မြင်ကြီးပွားလိုသော လူပုဂ္ဂိုလ်တစ်ဦးအဖို့ ကိုယ်ဟန်ပန်၊ ခြေဟန်လက်ဟန် ကောင်းမွန်ချောမွေ့ရန်နှင့် မျက်နှာအမူအရာ အနေအထား၊ ဥပဓိရုပ်ရည် ကောင်းမွန်ပြေပြစ်ရန် လိုအပ်ပါသည်။ ကိုယ်ဟန်မျက်နှာထားကျင့်စဉ်ကို လေ့ကျင့်သည့်အခါ ရုပ်ရှင်ပြဇာတ်မင်းသား၊ မင်းသမီးများ အမူအရာကောင်းကောင်းနှင့် မင်းပရိသတ်ကို သရုပ်ဆောင်ပြနိုင်အောင် လေ့ကျင့်ယူကြသကဲ့သို့ ဇွဲရှိရှိနှင့် လေ့ကျင့်ယူရပါမည်။ မိမိတို့အလိုရှိသော အမူအရာ၊ ကိုယ်ဟန်ပန်မျိုးရအောင် ကိုယ်လုံးပေါ်မှန်ရှေ့တွင် လေ့ကျင့်ယူနိုင်သည်။ မလိုလားအပ်သော စတိုင်လ်ပုံ စံမျိုးကို ပယ်၍ အများက ကြည်ညိုလေးစားလာမည့် ဥပဓိရုပ်ဟန်ပန်မျိုးရအောင် ကြိုးစားလေ့ကျင့်ယူပြီး ပရိသတ်လူထုကြားအမူကိစ္စများကို ဆောင်ရွက်ကြလျှင် လွန်စွာ အကျိုးထူး အောင်မြင်စေနိုင်ပါလိမ့်မည်။ ထို့ပြင် စိတ်ညှို့အိပ်မွေ့ချ ပညာ၌လည်း အခက်အခဲမရှိ အောင်နိုင်သူ ဆရာတစ်ဆူ ဖြစ်လာမည်ဖြစ်ပါသည်။

*ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ . . .*

***အောင်ဘုန်းမြင့်(ကချင်မြေ)***

www.burmeseclassic.com

www.burmeseclassic.com


ORGANIC PRODUCTS
FROM KANDARAWADDY ORGANIC HERB FARM

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၂/ ၂၀၁၂တဆထလ/တိုး(၁၀၂၇)
ပင်ရင်း  ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက် အမှတ်-၇၄၁၊ စနေသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်
မရန်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၉ ၅၁၄၀၃၈၉၊ ၀၉ ၄၂၀၀၀၇၀၈၅




ကြက်လည်ဆံ ဆီးဆေးပြား
အပြား ၁၀၀ ပါ ဗူးကြီး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)






ကြက်လည်ဆံ ဆီးဆေးပြား
အပြား ၄၀ ပါ ဗူးငယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)






မင်းမကိုင်
သွေးချို့ ဆီးချိုကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)






ရင်ငြိမ်းအေး
နှလုံးဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012014(0516)




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လောင်မီး

နန္ဒာမိုးကြယ်

ထွန်းမောင် သေပြီတဲ့။

သည့်သတင်းကြားတော့ အား ...ာ စုတ်တသပ်သပ်ဖြစ်ကြသည်။

"အို...အသက်အရွယ် ငယ်ငယ် ...လေးနဲ့ ဖြစ်မှဖြစ်ရလေကွယ်"

"ကျန်ခဲ့တဲ့ မိန်းမနဲ့ကလေးငယ် ...ယောက်တော့ သနားစရာ"

"အင်း ... မိန်းမနဲ့ ကလေး ...တွက် တိုက်တစ်လုံး၊ ကားနှစ်စီးနဲ့ ...ဆိုင်ကြီးတစ်ဆိုင် ထားရစ်ခဲ့လို့ ...သေးဘူးလို့ ဆိုရမှာပေါ့"

"ဒါပေမယ့် ကွယ်...ဦးစီးဦး ...င် လင်သားက ဘက်ပဲ့သွားလေ ...ာ့ ခမျာလေးတွေမယ် သနားစရာ"

မိမိတို့ လူမျိုးဓလေ့က သည် ...မျိုး နာရေးကိစ္စပေါ်ပေါက်လာလျှင် ...ယက်ရှင်တွေဘက်မှ ခံစားနား ...ည်ပေးတတ်ကြသည်။ ထပ်တူထပ် ... မဟုတ်တောင် လူသားချင်းစာနာ ...တတ်ဖြင့် ကြေကွဲဝမ်းနည်းတတ် ...သည်မှာ ဓလေ့တစ်ရပ်ပင် ဖြစ်နေ ...ပြီ။

ထိုအထဲ၌ မိမိလည်း အပါအဝင် ...သည်။

သို့သော် ထွန်းမောင် သေဆုံး ...ည်က သွေးရိုးသားရိုး သေဆုံးခြင်း ... မဟုတ်ပါဘဲကလား။

ဟုတ်သည်။

ထွန်းမောင် သေဆုံးရသည့် ဖြစ် ရပ်က တကယ့်ကို ထူးထူးဆန်းဆန်း။

× × ×

မိမိနှင့် ထွန်းမောင်က ကျောင်း နေဖက်သူငယ်ချင်းတွေ ဖြစ်ကြသည်။

ကျောင်းနေတုန်းကဆိုလျှင် မိမိ တို့အခန်း၌ ထွန်းမောင်သည် စာ အတော်ဆုံး ကျောင်းသားတစ်ဦးဖြစ် သည်။ စာတော်သဖြင့် ဆရာ၊ ဆရာမ တွေက ထွန်းမောင်ကို ချစ်ကြသည်။

စင်စစ် ထွန်းမောင်သည် မိမိတို့ မြို့ဇာတိမဟုတ်။ အညာကျေးလက် တောရွာကလေး တစ်ရွာမှဖြစ်သည်။ မိဘနှစ်ပါးစလုံး ကွယ်လွန်တိမ်းပါး သွားကြသဖြင့် ဆွေရိပ်မျိုးရိပ် မကင်း သော ဘုန်းတော်ကြီးတစ်ပါးမှ ခေါ်ယူ လာခဲ့သဖြင့် မိမိတို့ မြို့ကလေးသို့ ရောက်လာကာ ဘုန်းကြီးကျောင်း၌ ဝေယျာဝစ္စလုပ်၊ တည်းခိုရင်း ပညာရေး အတွက် ကျောင်းတက်ခဲ့သူဖြစ်သည်။

သူနေထိုင်ရာ ဘုန်းကြီးကျောင်း သို့ မိမိတို့အိမ်မှ ဆွမ်းကပ်အလှူသွား လုပ်တော့ ထွန်းမောင်၏ ရပ်တည်နေ ထိုင်မှုကို သိသာလာရသည်။

"ဆွေရိပ်မျိုးရိပ် မကင်းတာက လည်းတစ်ကြောင်း၊ ပညာတော်လို့ ထူးချွန်ထက်မြက်စေချင်တာကလည်း တစ်ကြောင်းတို့ကြောင့် ကျုပ်သိတင်း သုံးတဲ့ ပေါဘီကျောင်းကို ခေါ်လာခဲ့ရ တာပဲ ဒကာကြီးရေ။

အနေအထိုင်လေးကလည်း မဆိုး ရှာပါဘူး။ ကျောင်းရဲ့ဝေယျာဝစ္စတွေ၊ ဘုန်းကြီးရဲ့ဝေယျာဝစ္စတွေကို ဖျတ် ဖျတ်လတ်လတ်၊ သွက်သွက်လက် လက် လုပ်ပေးရှာပါတယ်။ ညစဉ် ကျုပ်ကိုဝတ်ဖြည့်ပြီးမှ ကျောင်းစာတွေ ကြည့်ရရှာပါတယ်။ ကျောင်းမှာ စာ တော်တယ် သိရတော့ သူ့အပေါ် ပဥ္စာပါရမီ ဖြည့်ရကျိုးနပ်သပေါ့ဗျာ"

"တင်ပါ့...ဘုရား။ မောင်ထွန်း မောင်နဲ့ တပည့်တော်ရဲ့သားဟာ တစ် ကျောင်းတည်း၊ တစ်တန်းတည်း တက် နေကြတဲ့ သူငယ်ချင်းတွေပါ။ တပည့် တော်တို့လည်း ထွန်းမောင်ရဲ့ ပညာ ရေးအတွက် တတ်အားသရွေ့ အကူ အညီပေးပါ့မယ် ဘုရား"

"သာဓု...သာဓု...သာဓု"

ကျောင်းရှိ ဘုန်းကြီးနှင့်မိမိ၏ ဖခင်တို့မှာ စကားလက်ဆုံကျနေခဲ့ကြ သည်။ ထိုအချိန်ဝယ် မောင်ထွန်း မောင်သည် အုတ်ရေကန်၏ သံမံ တလင်း၌ ဘုန်းတော်ကြီး၏ သင်္ကန်း များကို လျှော်ဖွပ်နေလေသည်။ သည် မြင်ကွင်းကိုကြည့်လျက် မိမိ၏ဖခင်သ ည် ချီးကျူးသောအကြည့်ဖြင့် ခေါင်း တဆတ်ဆတ်ညိတ်လျက်။

နှစ်ကာလတွေ တရွေ့ရွေ့မျော လွင့်လာခဲ့သည်။ စာသင်နှစ်တွေက



www.burmeseclassic.com

www.burmeseclassic.com

လည်း အဆင့်ဆင့်။

မိမိက တစ်နှစ်တစ်တန်းကို သာမန်အဆင့်ဖြင့် အောင်မြင်ခဲ့သော်လည်း ထွန်းမောင်ကမူ အတန်းစဉ်အလိုက် ထူးချွန်အဆင့်ဖြင့်အောင်မြင်ခဲ့သည်ချည်း။

မိမိတို့ ၁၀ တန်းရောက်တော့ ဘဝတစ်ခုအတွက် အရေးကြီးလာခဲ့ပြီမို့ အသည်းအသန်ကြိုးစားခဲ့ရပါတော့သည်။ ထွန်းမောင်သည်လည်း ထိုနည်းလည်းကောင်း၊ ထိုကာလဝယ် ထွန်းမောင်၏ ဘဘုန်းကြီးသည် ဇာတိရပ်ရွာမှ ကျောင်းထိုင်အဖြစ် လာရောက်ပင့်ဆောင်လေရာ ထွန်းမောင်နှင့် ခွဲခွာသွားရလေတော့၏။

"ဘာမှအားမငယ်နဲ့။ ယောက်ျားတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့အစွမ်းအစတွေ မင်းမှာရှိနေပြီပဲ။ မင်းဘဝကို မင်းဘာသာမင်း ကြိုးစားတည်ဆောက်ပြီး အောင်မြင်ဖို့ကြိုးစားပါ ထွန်းမောင်"

"တင်ပါ့...ဘုရား။ တပည့်တော် အစွမ်းကုန်ကြိုးစားပါ့မယ် ဘုရား"

ကျောင်းမှာ ဘဘုန်းကြီး မရှိလင့်ကစား ကပ္ပိယအဖြစ် ဆွမ်းကျန်၊ ဟင်းကျန်စားလျက် ငြိမ်းချမ်းစွာ ကျောခင်းအိပ်စက်ခွင့်ရသည်က ထွန်းမောင်အတွက်တော့ ကုသိုလ်ထူးလှပါဘိသည်။ ထွန်းမောင်အဖို့ ဘဝအတွက် အရေးကြီးသော ၁၀ တန်းကို ထူးချွန်စွာ အောင်မြင်ဖို့ရာအတွက် ကြိုးစားရပါသည်။ သူ့အဖို့ ထူးချွန်စွာအောင်ဖို့ အရေး ပြင်ပထုတ်စာအုပ်စာတမ်းများကို ဝယ်ယူဖတ်ရှုလိုသည်။ အနီးကပ်သင်တန်းတွေကိုတက်ရောက်လိုသည်။

သို့ရာတွင် သူ့မှာ ငွေကြေးအင်အားက ချို့ယွင်းလှသည်။ သည်လိုမျိုး အခြေအနေတွင် ထွန်းမောင်အား အရိပ်တကြည့်ကြည့်နှင့် သံယောဇဉ်ဖြစ်နေရှာသော အင်္ဂလိပ်စာပြ ဆရာကြီး ဦးငြိမ်းခမျာ မနေသာပါ။ ထွန်းမောင်တစ်ယောက် ကျောင်းပိတ်ရက်များ၌ ဘုန်းကြီးကျောင်း ဝေယျာဝစ္စများလုပ်ဆောင်အပြီး ဈေးတောင်းခေါင်းရွက်လုပ်မည် ကြားသိရတော့ ထွန်းမောင်ကိုခေါ်ပြီး အားပေးနှစ်သိမ့်စကားဆိုသည်။

"သည်အချိန်မှာ မင်းအနေနဲ့ စီးပွားရေးမလုပ်သင့်သေးဘူးလို့ ဆရာထင်တယ် မောင်ထွန်းမောင်။ မင်းရဲ့ခေါင်းထဲမှာ ၁၀ တန်းစာမေးပွဲကို ထူးထူးချွန်ချွန်အောင်ရမယ်ဆိုတာပဲ ထည့်ထားဖို့လိုတယ်။ မင်းလိုအပ်တဲ့ ငွေကြေး ဘယ်လောက်လဲ။ ဆရာ့ကိုပြော။ ဘာမှအားနာဖို့မလိုဘူး။ မင်းအပေါ် ဘာမှမျှော်ကိုးမှုမထားဘဲ မေတ္တာစေတနာသက်သက်နဲ့ ဆရာက အကူအညီပေးတာပါ"

တကယ်လည်း ဆရာငြိမ်းသည် ထွန်းမောင်အား ငွေရေးကြေးရေးကိစ္စအတွက် ဘာဆိုဘာမျှမပူရလေအောင် အကူအညီပေးခဲ့သည်။

သည့်အတွက် ထွန်းမောင်ဖြစ်စေချင်သော ဆန္ဒတွေ ပြည့်ဝခဲ့ရသည်။

သူလေ့လာဖတ်ရှုလိုသော စာအုပ်စာတမ်းတွေ ဖတ်ခွင့်ရခဲ့သည်။ အသင်အပြကောင်းမွန်သော အနီးကပ်သင်တန်းတွေကို တက်ခွင့်ရခဲ့သည်။

သို့ဖြင့် ၁၀ တန်းစာမေးပွဲ ဖြေဆိုချိန်ရောက်၍ ဖြေဆိုခဲ့ပြီးသကာလ၊ အောင်စာရင်းထွက်လေသောအခါ ဂုဏ်ထူးလေးဘာသာဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့လေသည်။ သူက ထူးထူးချွန်ချွန်အောင်မြင်ခဲ့သလောက် မိမိကမူ သာမန်အဆင့်ဖြင့် အောင်မြင်ခဲ့ရုံသာ။ သူစက်မှုတက္ကသိုလ်၌ အင်ဂျင်နီယာဘာသာရပ်များကို သင်ကြားနေချိန်ဝယ် မိမိကမူ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၌သာ ပညာသင်ကြားရလေသည်။ သူစက်မှုတက္ကသိုလ်တက်ဖို့ရာအတွက် ငွေကြေးလိုအပ်မှုများအပေါ် ထောက်ပံ့ကူညီခဲ့သူကတော့ ဆရာငြိမ်းပဲဖြစ်သည်။

"ဆရာ့မှာက စားမယ့်သောက်မယ့် သားထောက်သမီးခံ မရှိဘူးလေကွယ်။ မောင်ထွန်းမောင်က လိမ္မာရေးခြားရှိပြီး ထူးချွန်ထက်မြက်တဲ့ လူငယ်ကလေးတစ်ယောက်။ သူထွန်းပေါက်လာခဲ့ရင် သူနဲ့သူ့ဝန်းကျင်၊ ပြီးတော့ လောကကြီးတစ်ခုလုံးအတွက် ကောင်းရာကောင်းကျိုး ဖြစ်လာမှာမို့ ဆရာ့အနေနဲ့ ကူညီရကျိုးနပ်လိမ့်မယ် ထင်ပါတယ်ကွယ်"

ဆရာငြိမ်းကား တကယ့်ကို ဖန်မြိုင်လယ်မှ ဥယျာဉ်မှူးပါတည်း။

ထွန်းမောင် အင်ဂျင်နီယာဘွဲ့ရရှိသောနှစ်မှာပင် ဆရာငြိမ်းလည်း သက်ပြည့် ပင်စင်ယူလိုက်သည်။ ထွန်းမောင်က ဌာနဆိုင်ရာဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ဝင်ရောက်အမှုထမ်းပြီး ဌာနဆိုင်ရာ၏ စေလွှတ်မှုဖြင့် မြန်မာပြည်အထက်ပိုင်း နယ်မြို့ကြီးတစ်မြို့သို့ ရောက်ရှိသွားခဲ့သည်။

အဲသည်ဌာနမှာ အရာရှိဖြစ်နေကြောင်း၊ တစ်သွေးတစ်မွေးဖြစ်လျက် စီးပွားရေးလုပ်ငန်းဆောင်တာများ အဆင်ပြေနေကြောင်း၊ ပြီးတော့ အဆိုပါမြို့မှာပင် ကြေးရတက်အာသိုင်းအစိုင်းမှ အမျိုးသမီးနှင့် အိမ်ထောင်ကျနေကြောင်း စသည့်သတင်းများကို သူ့ထံမှ မဆက်နွယ်လင့်ကစား မြန်မာပြည်သို့

www.burmeseclassic.com

...လွှား စီးပွားရေးအတွက် ခရီး ...ရသည့် မိမိကတော့ ကြားနေရ ...။ ဘာပဲဖြစ်ဖြစ် ကိုယ်နှင့်ကျောင်း ...တ် သူငယ်ချင်းတစ်ယောက် ရာ ...တ်သိန် ပြည့်ဝစွာဖြင့် ပြေလည် ...နေခြင်းအတွက် မုဒိတာပွားရ ...သည်။

တစ်ခုတော့ရှိသည်။

သူအဆင်ပြေကြီးပွားနေသည့် ...၌ အဓိက ပန့်းထမ်းတင်ပေးခဲ့ ...သော ကျေးဇူးရှင်ဆရာငြိမ်းအပေါ် ...ည်သို့များ အတုံ့အတင်ပြုလေသနည်း ...သည်ကိုတော့ မိမိငါချင်ခဲ့သည်။ သို့ ...တွင် တိုက်ရိုက်မေးလို့က သင့်တော် ...ည်မဟုတ်။

"ထွန်းမောင်တစ်ယောက် အတော် ...လေး ကြီးပွားပြီးအဆင်ပြေနေတယ် ဆရာ"

"ဟော...ဟုတ်လား၊ ဝမ်းသာ ...ိုက်တာကွယ်။ အင်း...ထူးချွန်ထက် ...က်တဲ့သူအဖို့ သည်လိုပဲဖြစ်ရမှာပေါ့။ ...တပည့်ကို လွမ်းတယ်ကွာ။ တွေ့ချင် ...ိုက်တာ"

သည်ကတည်းက ထွန်းမောင် တစ်ယောက် ဆရာငြိမ်းအပေါ် အဆက် အသွယ် ဖြတ်တောက်ထားသည်မှာ သေချာလောက်ပေပြီ။

"ဒါဆို မပူနဲ့ ဆရာငြိမ်း၊ ကျွန် တော်တို့အားလုံး စုစုဝေးဝေး ဆုံတွေ့ နိုင်ဖို့ရာ အစီအစဉ်လေးတစ်ခု ဆွဲထား ကြတယ်ဆရာ"

"ဘယ်လို အစီအစဉ်များလဲ ကွယ့်"

"ကျွန်တော်တို့ ကျောင်းသူကျောင်း သားဟောင်းတွေစုပြီး မြတ်ဆရာကန် တော့ပွဲ လုပ်ကြမယ်ဆရာ။ ရပ်နီးရပ် ဝေးက ကျောင်းသားဟောင်းတွေဆီ ဖိတ်စာပို့မယ် ဆရာ။ ကျွန်တော်က မကြာခဏဆိုသလို နယ်တွေဘက် ဆင်းနေရလေတော့ ထွန်းမောင်ဆီကို လည်း ရောက်ဦးမှာပေါ့"

"ကောင်းတယ်ကွာ...ကောင်း တယ်။ ဆရာသိပ်တွေ့ချင်နေတဲ့ ဆရာ့ တပည့်ကျော်ကြီး မောင်ထွန်းမောင်ကို တွေ့ရဦးတော့မှာပါ။ မင်းတို့ရဲ့ ခုလို မျိုးလုပ်ရပ်ကို ဆရာသာဓုခေါ်ပါတယ် ကွယ်။ သာဓုပါဗျာ...သာဓု..သာဓု"

အဲသည်နောက် မိမိတို့ ကျောင်း သားဟောင်းတစ်စု အစည်းအဝေးထိုင် လိုက်ကြသည်။ မြတ်ဆရာဟောင်း များကို ကန်တော့ပွဲအခမ်းအနား ကျင်း ပရန်အတွက် ဖိတ်စာရိုက်ရေး၊ အလှူ ငွေကောက်ခံရေး၊ အခမ်းအနားပြင် ဆင်ရေး၊ ဧည့်ခံကြိုဆိုရေး၊ ဖျော်ဖြေ ရေး၊ ဧည့်ခံကျွေးမွေးရေး စသည် စသည်ဖြင့်။

"အဓိက လိုအပ်တာကတော့ ငွေပဲကွ။ အလှူငွေ ပြည့်ပြည့်စုံစုံရရင် အခမ်းအနားကို ခံ့ခံ့ထည်ထည် ကျင်းပ နိုင်လိမ့်မယ်။ ဆရာကြီး၊ ဆရာမကြီး တွေကိုလည်း ထိုက်ထိုက်တန်တန် ကန်တော့နိုင်လိမ့်မယ်"

"တို့များကို အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမခဲ့တဲ့ ဆရာတွေ၊ ဆရာမ တွေရဲ့ ကျေးဇူးတရားဟာ အင်မတန် မှ ကြီးမားလှပါတယ်။ သည်ကျေးဇူး တွေကို တပည့်ဝတ်နဲ့ လျော်ညီစွာ တို့ များဘက်က ကျေပွန်ဖို့လိုလိမ့်မယ်။ ပြီးတော့ကွာ လူစုံတက်စုံ တွေ့ဆုံကြဖို့ ဖိတ်ကြားတဲ့နေရာမှာ ပိုက်ဆံရှိ၊ မျက် နှာကြီးတဲ့ တပည့်တွေကို ဖိတ်သလို၊ ငွေကြေးတတ်နိုင်၊ မတတ်နိုင် ဆင်းရဲ တဲ့တပည့်ဖြစ်ပါစေ မကြွင်းမကျန်ရ အောင်ဖိတ်ကြားဖို့ လိုလိမ့်မယ်။ မျက် နှာငယ်လို့ပစ်ပယ်တယ်ဆိုတာမျိုး လုံးဝ မဖြစ်စေရဘူး"

မိမိတို့ မြတ်ဆရာကန်တော့ပွဲ ကျင်းပရေးကော်မတီဝင်များမှာ တက် တက်ကြွကြွရှိလှသည်။ သည့်နောက် အလှူငွေ ကောက်ခံနိုင်ဖို့ရာအတွက် ဖိတ်စာရိုက်သည်။ အလှူငွေကောက် ခံနိုင်ရန် ဘောက်ချာရိုက်သည်။ သတင်း စာမှာ ကြော်ငြာထည့်သည်။ ပြီးတော့ အလှူငွေ ကောက်ခံရေးအဖွဲ့များခွဲ လျက် သူ့တာဝန်နှင့်သူ အဆင်ပြေရာ ကို ကောက်ခံကြသည်။

"သူငယ်ချင်းရယ်...ငါက အငှား ဆိုက်ကားနင်းနေရတာဆိုတော့ တစ် နေ့ တစ်နေ့ ရရစားစား၊ ဝါးဝါးမျိုမျိုမို့ ၅၀၀ လောက်ပဲ ထည့်နိုင်တာ စိတ် မကောင်းပါဘူးကွာ"

"ရပါတယ်...ညွန့်တင်ရယ်။ စေတနာသာ အဓိကပါ။ စေတနာသန့် သန့်နဲ့ ကိုယ်တတ်နိုင်သလောက်ထည့် ဝင်တာကိုက ကုသိုလ်ရနေပါပြီ။ ဒါပဲ နော် အဲသည်နေ့ကျရင် တို့များကျောင်း သားဟောင်းတွေ စုစုဝေးဝေးပျော်ပျော် ပါးပါးနဲ့ ကျေးဇူးရှင်ဆရာကြီး၊ ဆရာမ ကြီးတွေကို ကန်တော့ကြမှာမို့ ဆက် ဆက်လာခဲ့ကွာ"

"လာခဲ့မယ်...လာခဲ့မယ်။ စိတ် ချ...စိတ်ချ"

သည်လိုမျိုးနွမ်းပါးသူတွေ ရှိသလို ပြည့်စုံသူတွေ ကျပြန်တော့လည်း ...။

"ဟား ... ကောင်းတယ်ကွာ ကောင်းတယ်။ အဲသည်အစီအစဉ် သိပ်ကောင်းတယ်။ ဖြစ်မြောက်အောင် အကောင်အထည်ဖော်တဲ့ မင်းတို့အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ကျေးဇူးတင်တယ်။ အခု ငါး သောင်းထည့်လိုက်မယ်။ အခမ်းအနား ပြင်တဲ့အခါ လိုအပ်တာတွေရှိရင် ဖုန်း သာဆက်လိုက်၊ ဟုတ်ပလား။ ဪ ...ဒါထက် မောင်သိုက်နဲ့ ပိုးတီတို့ လင်မယား အမေရိကားက ပြန်ရောက် လာတယ်ကွ။ သူတို့ဆီလည်း သွား လိုက်ဦး။ ဒါမှတို့တစ်တွေ စုံစုံစေ့စေ့ တွေ့ကြ၊ ဟားကြရမှာ။ ငါလည်း ဖုန်း ဆက်ထားလိုက်မယ်"

သည်သို့ လှိုက်လှိုက်လှဲလှဲ ရှိ ကြသည်။

"ဟေ့...ထွန်းမောင်ကြီး တစ် ယောက်ကော ဘာသတင်းကြားသေး လဲ။ တွေ့ချင်တယ်ကွာ"

"တွေ့ရမှာပါကွာ။ ငါ...မနက် ဖြန် ခရီးထွက်ရင် သူ့ဆီဝင်မှာ"

သည်လိုနှင့်ပင် နောက်တစ်ရက် အရောက် ခရီးထွက်ဖြစ်သည်။ ထွန်း မောင်ရှိရာ မြို့ကလေးသို့ရောက်ပြီး သကာလ ထွန်းမောင်တို့နေသော တစ် ထပ်တိုက်ပုကလေးဆီရောက်ခဲ့သည်။ ထိုနေ့က ရုံးပိတ်ရက်။ သည်တော့ လာရင်းကိစ္စကိုအရင်းခံလျက် ကျောင်း နေဘက်သူငယ်ချင်းနှစ်ယောက် အေး အေးဆေးဆေး စကားစမြည်တွေ ပြောဆိုကြမည်ပေါ့။

"ဆရာကန်တော့ပွဲကို လာခဲ့ ကွာ။ မင်းအမျိုးသမီးပါ ခေါ်ခဲ့ပါ ထွန်း မောင်"

"မဖြစ်ပါဘူးကွာ။ ငါက အလုပ် ထွက်ပြီး စီးပွားရေးကို ဇောက်ချလုပ် မလို့ဟာ။ အလုပ်တွေနဲ့ လုံးချာလိုက် နေတာ"

"တစ်ရက်တလေပဲ ထွန်းမောင် ရယ်"

"အဲဒီ တစ်ရက်တလေဆိုတာ သိပ်တန်ဖိုးရှိတာကွာ။ အချိန်ရှိတုန်း စီးပွားရှာရမယ်။ လောကမှာ ငွေရှိမှ လူရာဝင်တာကွ။ အရေးကြီးတာက ငွေ...ငွေပဲ"

"မဟုတ်သေးပါဘူးကွာ။ တချို့ ကိစ္စတွေမှာ ငွေနဲ့လဲလှယ်လို့ မရနိုင် တဲ့ ကိစ္စတွေရှိတယ်"

"ဒါတွေ ငါ နားမလည်ဘူးကွာ။ ငါကတော့ အချိန်တိုင်း၊ နာရီတိုင်းမှာ တစ်စထက်တစ်စ ကြီးပွားတိုးတက်ဖို့ ကိုပဲ အလေးထားတယ် သူငယ်ချင်း။ အခုမင်းလုပ်နေတာတွေက အလကား ပေးလားဟားလားနဲ့ အချိန်ဖြုန်းတဲ့ အလုပ်တွေ"

စိတ်ထဲ ထောင်းခနဲဖြစ်သွားရ သည်။ သို့ပါသော်ငြား မပေါက်ကွဲရ လေအောင် စိတ်ကို ထိန်းချုပ်ထား လိုက်ရသည်။ ဘာပဲဖြစ်ဖြစ် စေတနာ ကိုတော့ သဘောပေါက်နားလည် အောင် ရှင်းပြရမည်။

"ဘာပဲဖြစ်ဖြစ်ကွာ။ ဆရာငြိမ်း ခများ မင်းကို တွေ့ချင်နေရှာတာကွ။ ဆရာဟာ မင်းအပေါ် ကျေးဇူးကြီးခဲ့ တာ မင်းသိမှာပါ"

"အဲဒါ ခက်တယ်ကွ။ လူတွေ က 'ကျေးဇူး၊ ကျေးဇူး'နဲ့။ အဲသည် ကျေးဇူးဆိုတဲ့ စကားလုံးနဲ့ ကိုင်ကိုင် ပေါက်နေကြတယ်။ ဆရာငြိမ်းက ငါ့ အပေါ် ကျေးဇူးပြုခဲ့ဖူးတဲ့အတွက် တုံ့ ပြန်ငွေကြေး လိုချင်နေသတဲ့လား။ လို ချင်ရင်ပေးပါ့မယ်ကွာ။ မင်းသည်က ပြန်ရင် သေသေချာချာမေးခဲ့၊ ဟုတ် ပလား"

သည်တစ်ခါတော့ ပေါက်ကွဲဖို့ ရာ သေချာသလောက် ရှိသွားပါပြီ။

သူ့အိမ်၊ သူ့ယာမှာမို့။ အ
မှာသာဆိုလျှင် ခွဲတိုးပစ်မိမှာ သေ
သည်။ ရှေ့ဆက်စကားဆိုလို့က
အကုသိုလ်များလိမ့်မည်မှာ အ
အချာ။

"ငါပြန်မယ် ထွန်းမောင်"

"နေဦးလေကွာ၊ မင်းငါ့ဆီ
တာ ဆရာကန်တော့ပွဲအတွက် အ
ခံတာ မဟုတ်လား"

"ဟုတ်တယ် ... မင်းထည့်
စိတ်ရှိမှ ထည့်ကွာ။ ဘယ်ရွေ့ဘယ်
ရယ်လို့ အတင်းအကျပ် မကော
ချင်ဘူး ထွန်းမောင်"

"ထည့်ရမှာပေါ့ကွာ...ထည့်
မှာပေါ့။ အများတကာ တပည့်တော်
တွေတောင် ထည့်နေကြတဲ့ဥစ္စာ၊ ငါ
မထည့်လိုက်ဘူးဆိုရင် ရှိုင်းရာကျ
တော့မပေါ့။

ငွေတော့ ထည့်လိုက်မယ်
အလုပ်တွေများနေလို့ မလာနိုင်
တော့ ခွင့်လွှတ်၊ ဟုတ်ပလား"

သည်သို့ ပြောဆိုပြီး သ
အခန်းတွင်းသို့ ဝင်သွားသည်။ အ
တွေ တိုးကိုးကြားရသည်။ စင်စ
တိုးသံများသည် ထွန်းမောင်တို့
မယား တိုင်ပင်ပြောဆိုနေကြ
အသံများဖြစ်ချိမ့်မည်။ တစ်
ကြာတော့ ထွန်းမောင်ထွက်လာ

"ရော့ကွာ...နှစ်ထောင်"

"ဟင်..."

မယုံမှတ်နိုင်လောက်အောင်
ဖြသွားရခြင်း။

သည်ရွှေ့သည်မျှ တိုက်နှင့်
နှင့်၊ ရာထူးဂုဏ်သိမ်နှင့်၊ ထ
တစ်လမ်းက စီးပွားရေးလုပ်
အခြေတကျ ဖြစ်နေသူက၊ စိ



www.burmeseclassic.com

ရွှေရောင် တဖျတ်ဖျတ်နှင့် လက်ဖျားငွေသီးနေသူက ထည့်ဝင်ငွေနှစ်ထောင်ကျပ်ဆိုတော့ ငွေလက်ခံဖြတ်ပိုင်း၌ရေးရလေသည့် လက်ချောင်းလေးတွေပင် ကတုန်ကယင် ဖြစ်ရသည်။

"သွားမယ် ထွန်းမောင်"

"အို...ခေ"

အပြန်လမ်းမှာတော့ ရင်ထဲတနင့်နင့်။

× × ×

"မယုံနိုင်လောက်အောင်ကိုပဲ ထွန်းမောင်တစ်ယောက် ပြောင်းလဲသွားတာကိုး"

"ပြောင်းလဲသွားတာတော့ မပြောနဲ့ကွာ။ ဒီကောင် ခင်ပွန်းကြီး ၁၀ ပါးကို ပြစ်မှားတာကွ။ ငကြီးထိုက်တော့မှာပဲ"

"ပြောလက်စနဲ့ ပြောရဦးမယ်။ ငါလည်း မင်းတို့နဲ့မကြုံလို့ မပြောဖြစ်တာ"

"ဘာများပါလိမ့်"

"ဘာဖြစ်ရမလဲ။ ဒီကောင်... ခင်ပွန်းကြီး ၁၀ ပါးကို ပြစ်မှားတဲ့အကြောင်းလေ။ တစ်လောက သူ့ဇာတိမြေမှာ ကျောင်းထိုင်တဲ့ ဘုန်းတော်ကြီး ပျံလွန်တော်မူသွားတယ်။ ရပ်ရွာက ဘုန်းကြီးပျံဈာပနလုပ်ဖို့ရာအတွက် ချမ်းသာကြီးပွားနေတဲ့ သူ့ရှိရာကို ရွာသားအချို့ အကြောင်းသွားကြားကြတယ်။

သူ့အပေါ်ကျေးဇူးပြုခဲ့တဲ့ ဘုန်းကြီးရဲ့ နောက်ဆုံး အန္တိမဈာပနအဖြစ် သူကိုယ်တိုင် ဦးစီးဦးဆောင်မှု ပြုစေချင်ကြတာပေါ့လေ။ ဒါပေမယ့်"

"ဘာလဲ...သည်ကောင်လိုက်မသွားဘူး မဟုတ်လား"

"သေချာတာပေါ့ကွာ။ အလုပ်တွေ ကျပ်နေတဲ့အတွက် ဘယ်လိုမှ လိုက်ဖို့မဖြစ်နိုင်ကြောင်း အကြောင်းပြပြီး ဘုန်းတော်ကြီးဈာပနမှာ သုံးစွဲဖို့အတွက် ငွေငါးထောင်ပဲလှူလိုက်သတဲ့"

"တောက်...မိုက်ရိုင်းလိုက်တာကွာ"

"မိုက်ရိုင်းတာတော့ မပြောပါနဲ့တော့ကွာ။ သူပေးတဲ့ ငါးထောင်ဆိုတာ သူ့ဆီတကူးတကလာအကြောင်းကြားတဲ့ ရွာသားနှစ်ယောက်အတွက် ခရီးစရိတ်တောင် မလောက်ဘူး"

"သည်ကောင် လွန်လွန်းနေပြီကွာ။ သူ့ဘဝ သူ့အခြေအနေသည်လိုမျိုး အဆင့်ရောက်အောင် ဘဘုန်းကြီးက အခြေခံခဲ့တာကွ။ မြေတောင်မြှောက်ပေးခဲ့တာကွ။ သည်ကောင် ၁၀ တန်းကနေ အင်ဂျင်နီယာဘဝရောက်တဲ့အထိကို ဆရာငြိမ်းက ရေလောင်းပေါင်းသင်ပြီး မြေတောင်မြှောက်ပေးခဲ့တာကွ။ သည်လိုမျိုး ကျေးဇူးတရားတွေကို မေတ္တာစေတနာနဲ့ တုံ့ပြန်ပေးဆပ်ခြင်းမရှိဘဲ ဘဝမေ့နေတာ။ ခင်ပွန်းကြီး ၁၀ ပါးကို ပြစ်မှားလိုက်တာပဲ။

အမှားကို အမှားမှန်းသိပြီး အချိန်မီ ပြင်နိုင်ရင်ပြင်၊ မပြင်လို့ကတော့ ဒဏ်ခတ်မှုကို ခံရမှာပဲ"

အားလုံးသည် အပြောင်းလဲကြီး ဖောက်ပြန်ပြောင်းလဲသွားသော ထွန်းမောင်အား ကဲ့ရဲ့ပြစ်တင် ရှုံ့ချနေကြသည်။ ထိုအထဲ၌ မိမိလည်း အပါအဝင်။

× × ×

ကာလဝိပါက် နောက်ပိုးတက်ခဲ့ပြီ။ သံသရာသည် တစ်အောင့်ခဏလေးပင် မဆိုင်း။

ခုဆို ထွန်းမောင်သေပြီပဲ။

လူတစ်ယောက်အဖို့ မွေးဖွားလာပြီဆိုလျှင် သေဆုံးရခြင်းဆိုသည်မှာ ဓမ္မတာ။ အကြောင်းရှိလျှင် အကျိုးရှိရမည်။ အဖြစ်ရှိလျှင် အပျက်ရှိရမည်။ ဒါသည် မည်သည့်အခါကာလ

**အပြန်မှာ ကောင်းကင်ပေါ်က မီးလုံးကြီးတစ်လုံး ပြုတ်ကျလာပြီး မြေပြင်ကနေ ရင်ဆို့လောက်အကွာကျတော့ တန့်သွားတယ်။ နောက် အဲသည်မီးလုံးကြီးဟာ ကိုထွန်းမောင် မောင်းတဲ့ ဂျစ်ကားနောက်ကို တလိမ့်လိမ့်နဲ့ လိုက်သွားတော့တယ်။**

www.burmeseclassic.com

မှာမှ ဖောက်ပြန်ပြောင်းလဲခြင်း မရှိသော နိယာမတစ်ရပ် ဖြစ်ချေ၏။

ထွန်းမောင်ဆိုသော လူတစ်ယောက် ကမ္ဘာမြေပြင်၌ မွေးဖွားလာခဲ့၏။ မွေးဖွားသည်ဖြစ်ခြင်းကြောင့် ထွန်းမောင် သေရပါချေပြီ။ မွေး၍သေသည်။ ဘာမှုမဆန်းဟု ဆိုရသော်လည်း ထွန်းမောင် သေရပုံကဖြင့် အတော်ကလေးကို ဆန်းနေသည်။ သူသေဆုံးရပုံကို မျက်မြင်ဒိဋ္ဌ တွေ့မြင်ရသူတွေ၏ ပြောစကားကိုက ကျော့ချမ်းစရာ ကောင်းနေသည်။

"အဲသည်နေ့က စားသောက်ဆိုင်တစ်ဆိုင်ကနေ သူပိုင် အမိုးဖွင့်ဂျစ်ကားကလေးကို မောင်းပြီး ပြန်လာခဲ့တာပေါ့။ အဲသည် စားသောက်ဆိုင်ကို သူမကြာခဏ သွားလေ့ရှိတယ်။ သွားဆို အဲသည်ဆိုင်ရဲ့ စင်တင်တေးဂီတက အဆိုတော် ကောင်မလေးတစ်ယောက်နဲ့ ငြိနေတာကိုး။

အပြန်မှာ ကောင်းကင်ပေါ်က မီးလုံးကြီးတစ်လုံး ပြုတ်ကျလာပြီး မြေပြင်ကနေ ရင်ဆိုင်လောက်အကွာကျတော့ တန့်သွားတယ်။ နောက် အဲသည် မီးလုံးကြီးဟာ ကိုထွန်းမောင်မောင်းတဲ့ ဂျစ်ကားနောက်ကို တလိမ့်လိမ့်နဲ့ လိုက်သွားတော့တယ်။ မကြာဘူး။ မီးလုံးကြီးဟာ ကိုထွန်းမောင်ရဲ့ ဦးခေါင်းကို အရှိန်နဲ့သွားထိပြီး ဦးခေါင်းတစ်ခေါင်းလုံး မီးတောက်မီးလျှံတွေ တောက်လောင်ပြီး ကားက သစ်ပင်ကြီးတစ်ပင်ကိုဝင်တိုက်လို့ ရပ်သွားတယ်။

အဖြစ်ကတော့ မယုံကြည်နိုင်လောက်အောင်ပါပဲ။ ဦးခေါင်းတစ်ခုလုံးမီးလောင်ကျွမ်းခံရပြီး ရုပ်ပျက်ဆင်းပျက်နဲ့"

ကြားရချက်တွေကတော့ဖြင့် ဘယ်လိုမှ နားဝသက်သာစရာ အကြောင်းမရှိခဲ့။ သည်အဖြစ်အပျက်တွေကို ဘာသာရေးဆိုင်ရာ၌ ကျွမ်းကျင်သော လူကြီးသူမတွေကို ပြောပြတော့...

"အဲဒါ ဘာဖြစ်လို့လဲ သိလား။

ခင်ပွန်းကြီး ၁၀ ပါးမှာ ကိုယ့်အပေါ် ကျေးဇူးကြီးခဲ့တဲ့ သံဃာ၊ ဘုန်းတော်ကြီးပေါ့လေ။ ပြီးတော့ ဘဝအခြေအနေ မြင့်မားတိုးတက်အောင် ပခုံးထမ်းတင်ပေးခဲ့တဲ့ ဆရာသမား၊ အဲသည် ခင်ပွန်းကြီးတွေကို ပြစ်မှားလို့ လောကကြီးတစ်ခုလုံးက လက်မခံနိုင်အောင်ဖြစ်ပြီး ဒဏ်ခတ်လိုက်တာပဲပေါ့"

"အဲဒါ လောင်မီးကျတာပေါ့ ... လောင်မီးကျတာ။ မိုးကြိုးပစ်တာထက်ဆိုးတယ်။ သည်ဘဝမှာ လောင်မီးကျပြီး ရုပ်ပျက်ဆင်းပျက် ဘဝဆုံးရသလို နောက်ဘဝကျရင်လည်း ငရဲမှာ ဘယ်လောက်တောင် ကျဉ်းမလဲမသိဘူး။ ဪ...အနိစ္စ၊ ဒုက္ခ၊ အနတ္တ"

သည်သို့သော ကောက်နုတ်ချက်ကို ကြားရလေသောအခါ ကျော့ချမ်းသွားပါချေသည်။ လောက၌ မပြစ်မှားသင့်သူကို ပြစ်မှားမိပါက လောကကြီး၏ ဒဏ်ခတ်မှုနှင့် မလွဲမသွေ ကြုံရတတ်သည်ကို လာခြင်းကောင်းသလောက် ပြန်ခြင်း မကောင်းရှာလေသော ထွန်းမောင်က သက်သေပြုသွားခဲ့ပြီ မဟုတ်ပါကလား။

---

နန္ဒာမိုးကြယ်

---

**အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင်...**

HIV ပိုးကူးဆက်ခံ
မိဘမဲ့ကလေးများ၏
သုခရိပ်မြုံဂေဟာ
၀၁-၅၈၁၉၅၅

ဆည်းဆာရိပ်
ဂိလာနဘိုးဘွားရိပ်သာ
၀၉-၇၃၀-၁၈၀၀၇

နာရေးကူညီမှုအသင်းသို့
လှူဒါန်းလိုလျှင်ဖြစ်စေ
အကူအညီလိုလျှင်ဖြစ်စေ
ဆက်သွယ်ရန်...
၆၃၉၄၉၀
၇၀၉၂၇၇
၅၈၁၃၆၃
၇၀၄၇၈၄



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်ထူးပဒေသာ

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ

အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်(၁၀၀)ဖိုး အပြည့်ပါသည်။

(၂၀၁၄-၂၀၁၅ ခရိုင်မေးခွန်းဟောင်းများ လေ့လာဖို့ပါသည်)

**စာကျက်မှတ်ရ လွယ်ကူအောင် လေ့ကျင့်ရလွယ်ကူအောင် စီစဉ်ထားပါသည်။**

**စတုတ္ထတန်း GRADE - 5**

♦မြန်မာစာ ♦စာရိတ္တနှင့် ပြည်သူ့နီတိ ♦ဘဝတွက်တာကျွမ်းကျင်စရာ ♦သင်္ချာ ♦အခြေခံသိပ္ပံ
♦သမိုင်း ♦ပထဝီဝင် ♦**English Exam Special Guide Book**

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၂၆၃၄၄၃၁၀၈၆၊ ၀၉-၇၉၅၉၉၈၅၇၇၉၊ ၀၁-၃၈၄၉၂၇

# ဂုဏ်ထူးပဒေသာ

## အဋ္ဌမတန်း GRADE - 9

## သင်ရိုးကုန်လေ့ကျင့်ခန်း နှင့် အဖြေစုံ


(နမူနာမေးခွန်း၊ အမှတ်ပေးစည်းမျဉ်းနှင့် လေ့လာရန် မေးခွန်းဟောင်းပါသည်)

♦မြန်မာစာ ♦အထွေထွေသိပ္ပံ ♦ပထဝီဝင် ♦သမိုင်း
♦**MATHS 1 Exam Special Guide Book**
♦**MATHS 2 Exam Special Guide Book**
♦**English Exam Special Guide Book**

ရွှေပဒေသာစာပေ - အမှတ်-၂၂၁၊ ပထမထပ်၊ ၃၁-လမ်း(အထက်)၊ စင်ထရယ်ဟိုတယ်ဘေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၂၆၃၄၄၃၁၀၈၆၊ ၀၉-၇၉၅၉၉၈၅၇၇၉၊ ၀၁-၃၈၄၉၂၇

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်ဆုံမ၏ သုံးဘဝခရီး

✦ ဝေယံလင်းခေါင် ✦

လျှောက်လွှာတွေ ဆီစစ်နေရင်း နံ့ခန်းထဲ အရိပ်တစ်ခု ဖြတ်ဝင်လာ၏။ လှည့်မကြည့်မီ တိပိဋက အစမ်းစာမေးပွဲကြီးအတွက် ရဟန်းတစ်ပါးပါး လျှောက်လွှာလာတင်သည်ဟု ထင်မိလိုက်သည်။

သို့သော် ရုံးအဖွဲ့မှူးရှိရာဆီ သွားဘဲ မိမိရှေ့လာရပ်၏။ မော့ကြည့်တော့ မိမိတို့ကျောင်းက ဦးပဥ္ဇင်းနက်နှာသိ ဦးကောသလ္လ။

"ထိုင်လေ ဦးပဥ္ဇင်း"

"ဒကာကြီးက ဂမ္ဘီရတွေလည်း ရေးတယ်ဆိုလို့"

"မှန်ပါ့ဘုရား။ ရေးတဲ့အခါ ရေးပါတယ်"

"အဲဒါ ... ဒကာကြီးကို ကျုပ်ရဟန်းဒကာမအကြောင်း ပြောပြချင်လို့ပါ။ သိပ်ဂမ္ဘီရဆန်တယ်၊ သိပ်လည်းအံ့ဩဖို့ကောင်းတယ်"

"ဦးပဥ္ဇင်း ခုပြောပြတာထက် အားတဲ့အချိန်မှာ စာကြမ်းလေးရေးပေးရင် ပိုကောင်းမယ်ထင်တယ်။ ခုတစ်ထိုင်တည်းပြောပြတော့ တပည့်တော်လည်း မှတ်မိမှာမဟုတ်ဘူး။ ဦးပဥ္ဇင်းလည်း အချိန်ရချင်မှ ရမှာပေါ့။ တပည့်တော် လျှောက်တာ ဘယ့်နှယ်ထဲ ... ပိုမကောင်းဘူးလား"

"ကောင်းပါတယ်။ ဒါဆို ကျုပ်စာဝါပိတ်လို့ အရပ်ပြန်ရင် ဒကာမကြီးနဲ့တွေ့ပြီး သေသေချာချာ ရေးလာခဲ့ပါ့မယ်။ ဓာတ်ပုံပါ တောင်းလာခဲ့မယ်ဗျာ"

"ဓာတ်ပုံပါရင် ပိုကောင်းတာပေါ့ဘုရား"

သည်လိုနှင့် စာဝါပိတ်တော့ ဦးကောသလ္လ သူ့အရပ်ပြန်သွားသည်။

မိမိကမူ ဦးကောသလ္လစကားကို များစွာအလေးမထားမိ။ ဦးပဥ္ဇင်းကို ဝတ်ကျေတမ်းကျေ ကောင်းအောင်သာ ကြည့်လျှောက်လိုက်ရသော်လည်း ဦးကောသလ္လပြောသော သူ့ရဟန်း ဒကာမအကြောင်း မေ့မေ့ပျောက်ပျောက်ပင်။ ထို့ကြောင့်လည်း ဘယ်လို ဂမ္ဘီရဆန်တာလဲ၊ ဘယ်လိုအံ့ဩဖို့ကောင်းလဲ ဆိုသည်ကိုပင် ဘာဘာညာညာ မမေးမိဘဲ စာကြမ်းရေးပေးရန်သာ လျှောက်မိလိုက်ခြင်းဖြစ်သည်။

စာရေးဆရာဆိုသည်နှင့် သူတို့အကြောင်းကို ပြောပြချင်ပါသည်ဆိုသော လူတွေကတော့ အများကြီး။ တကယ်နားထောင်ကြည့်တော့လည်း စာတစ်စောင် ပေတစ်ဖွဲ့ရေးရလောက်အောင် မဟုတ်။ သူလိုကိုယ်လို သာမန်အတွေ့အကြုံများချည်းသာ။

ဂမ္ဘီရပရလောကနှင့် ပတ်သက်လျှင်လည်း အသံ၊ အရုပ်၊ အရိပ်၊ ကိုယ်ထင်ပြတာ စသည်တို့မှာလည်း ရိုးအီနေပြီ။ ထို့ကြောင့်လည်း ဦးကောသလ္လ၏ ရဟန်းအမအကြောင်းကို မေ့မေ့ပျောက်ပျောက်ပင်။

ဝါဆိုဦးရောက်တော့ ဦးကောသလ္လ ပြန်ရောက်လာ၏။ သူ့ရဟန်းအမဆိုသော ဒေါ်ဆုံမ၏အကြောင်းကို ဖတ်ကြည့်သောအခါ ဦးပဥ္ဇင်းဦးကောသလ္လ အမိန့်ရှိသွားသလိုပင် အမှန်တကယ် စိတ်ဝင်စားစရာ ကောင်းလေသည်။ ဓာတ်ပုံကမူ သိပ်မကောင်း။ သို့သော် ယခု ဖော်ပြလတ္တံ့သော ဓာတ်ပုံရှင်အမျိုးသမီးကြီး ရဟန်းအမ၏ ထူးဆန်းဖြစ်ရပ်မှာ အံ့ဩစရာကောင်းသလို စိတ်ဝင်စားစရာလည်း အလွန့်အလွန် ကောင်းလေသည်။

ဒေါ်ဆုံမ၏ အဖြစ်အပျက်မှာ ယခုလက်ရှိ လူ့ဘဝကို ရရှိနေကြသူများအတွက် သတိသံဝေဂရစရာ၊ ဆင်ခြင်စဉ်းစား သတိတရားထားစရာလည်း ဖြစ်သည်။

လူကပြိတ္တာ၊ ပြိတ္တာကလူ ဖြစ်လာသော ဒေါ်ဆုံမ၏ခွင့်ပြုချက်နှင့် နေရပ်လိပ်စာတို့အပြင် ဓာတ်ပုံကိုပါ ဖော်ပြခွင့်ပြုသဖြင့် သူ၏ပြောပြချက်များကို ဦးကောသလ္လမှ ရေးမှတ်လာ ကျွန်ုပ်စာရေးသူက အစီအစဉ်တကျ ရှေ့နောက်ဆီလျော်အောင် ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

နွေနှောင်းကာလ၏ တစ်နေ့သ၌ ဖြစ်၏။

စိုပြားရွာသူ ဒေါ်ဆုံမသည် နံနက်စာ ထမင်းစားပြီး လယ်တောသွားရန် ထွက်လာ၏။ စိုပြားရွာက ထွက်လာသော ဒေါ်ဆုံမသည် မျှစ်ခြောက်ရွာဘက်သွားသော လမ်းအတိုင်း လျှောက်လာသည်။

မကြာမီ တချောပြင် တောနားရောက်လာ၏။ တောစပ်တွင်ရှိသော ဦးဖိုးစာတို့တဲဘက် အမှတ်မထင်လှမ်းကြည့်လိုက်သည်။ ရာသီမှာ ညောင်ချိုရွက်များ နုချိန်ဖြစ်၏။ တောစပ်ရှိ ညောင်ချိုပင်တစ်ပင်တွင် ညောင်ချိုရွက်များနုနေသည်ကို လှမ်းမြင်ရသည်။ ဒေါ်ဆုံမ၏စိတ်ထဲတွင် ညောင်ချိုရွက်သုပ် စားချင်စိတ် ချက်ချင်းဖြစ်ပေါ်လာသည်။

အမှန်က ဤရာသီရောက်လျှင် ယခင့်ယခင် နှစ်များကလည်း ညောင်ချိုရွက်သုပ်ဟင်းကို ဒေါ်ဆုံမစားနေကျဖြစ်သည်။ ထို့ကြောင့်လည်း ယခု ညောင်ချိုရွက်နုများကို လှမ်းမြင်ရသောအခါ ပို၍စားချင်စိတ်ဖြစ်လာသည်။ ယင်းကြောင့် ဦးဖိုးစာတို့တဲတွင် ဦးဖိုးစာများရှိနေသလားဟု ဦးဖိုးစာကို လှမ်းခေါ်ကြည့်သည်။

"ကိုကြီးဖိုးစာရေ ကိုကြီးဖိုးစာ"

"ဟေ့ ... ဆုံမလား။ နင် လယ်တောသွားမယ်ထင်ပ"

ဒေါ်ဆုံမအသံကို ချက်ချင်းမှတ်မိလိုက်သည်။ ဦးဖိုးစာက တဲထဲက ချက်ချင်း ပြန်မေး၏။

"ဟုတ်ကဲ့ ... ကိုကြီးစာ အားလား"

"တောသူတောင်သားတွေမှာ အားတယ်ရယ် ဘယ်ရှိမတုံးဟ။ နင် ဘာလုပ်မလို့လဲ"

"ဩော် ... ကိုကြီးစာများအားရင် ကျုပ်ကို ညောင်ချိုရွက် နည်းနည်းခူးပေးပါလား ပြောမလို့ပါတော်"

"ညောင်ချိုရွက်များ အကောင်း အကန်းလုပ်လို့ဟာ"

"ကျုပ် စားချင်လို့ပေါ့တော်။ အားရင် နည်းနည်းလောက် ခူးပေးစမ်းပါ။ ညနေကျရင် ညောင်ချိုရွက်သုပ်စားမလို့ပါ"

ဒေါ်ဆုံမ စကားမဆုံးမီပင် ဦးဖိုးစာသည် ဓားတစ်လက်နှင့် သူ့တဲထဲက ထွက်လာ၏။

ဦးဖိုးစာ သူ့အား ညောင်ချိုရွက်ခူးပေးတော့မည်ကို အတပ်သိသော ဒေါ်ဆုံမကလည်း ဦးဖိုးစာ တက်သွားရာ ညောင်ချိုပင်အောက် ရောက်သွားသည်။

ရွက်နုတွေဝေနေသော ညောင်ချိုကိုင်းတစ်ကိုင်းကို ဦးဖိုးစာ ခုတ်ချပေးလိုက်သည်။ ဦးဖိုးစာ ခုတ်ချပေးလိုက်သော ညောင်ချိုကိုင်းမှ ညောင်ချိုရွက်နုများကို ဒေါ်ဆုံမခူးနေသည်။ ဦးဖိုးစာကလည်း နောက်တစ်ကိုင်း ခုတ်ချပေးလိုက်ပြန်၏။

နောက်တစ်ကိုင်းကို ချိန်ခုတ်လိုက်စဉ် ဦးဖိုးစာ၏ဓားမှာ အရိုးကျွတ်ကာ လွင့်စဉ်သွားသည်။ ညောင်ချိုပင်အောက်ရှိ ညောင်ချိုရွက်ခူးနေသော ဒေါ်ဆုံမ၏ 'အမယ်လေးတော်''ဟူသော အထိတ်တလန့် အော်လိုက်သံကြောင့် ဦးဖိုးစာ ညောင်ပင်ပေါ်က ချက်ချင်း ငုံ့ကြည့်လိုက်ရာ သူ့လက်ထဲမှ ကျွတ်သွားသောဓားက ဒေါ်ဆုံမခေါင်းကို သွားထိကာ ဒေါ်ဆုံမသည် ညောင်ချိုပင်အောက်၌ပင် လဲနေလေပြီ။ ဦးဖိုးစာသည် ကမန်းကတန်း ညောင်ချိုပင်ပေါ်က ပြေးဆင်းလာကာ ဒေါ်ဆုံမကို ပြေးထူလိုက်သည်။

ငယ်ထိပ်ကို ဓားထိထားသော ဒေါ်ဆုံမမှာ ဦးဖိုးစာကို မျက်လုံးတစ်ချက်သာ ပြူးကြည့်နိုင်ပြီး ချက်ချင်း သတိမေ့သလို ဖြစ်သွားသည်။ တစ်ခေါင်းလုံးတွင် သွေးတွေကလည်း မြင်မကောင်း ရှုမကောင်း ခြင်းခြင်းနီသွားသည့်အပြင် ဒေါ်ဆုံမမျက်နှာနှင့် လည်ကုပ်ပေါ်ကို သွေးတွေက စီးကျလာ၏။

"မ ... မဆုံမ ... မဆုံမ"

ဦးဖိုးစာမှာ ထိတ်ထိတ်လန့်လန့်နှင့် ဒေါ်ဆုံမကို ကိုင်လှုပ်ခေါ်ကြည့်၏။ ဒေါ်ဆုံမကား မထူးနိုင်တော့။

"ဝေး ... ဟေး ... အောင်အေးတို့၊ အောင်မင်းတို့ မြန်မြန်လာကြပါဦးဟ။ မဆုံမကို ဓားထိသွားလို့ မြန်မြန်လာကြပါဟ"

သူ့တဲနားတွင် ကိုင်းထွင်နေကြသော အောင်အေးတို့ ညီအစ်ကိုနှစ်ယောက်ကလည်း ဒေါ်ဆုံမကိုပွေ့ထားသော ဦးဖိုးစာနှင့် ဒေါ်ဆုံမတို့အနားကို ချက်ချင်း အပြေးရောက်လာကြသည်။

"ဟင် ... ဘကြီးစာ။ ဒေါ် ... ဒေါ်ဆုံမ ဘယ်လိုဖြစ်တာလဲ၊ တစ်ကိုယ်လုံးလည်း သွေးချည်းပါလားဟင်"

"ကွာ ... မပြောချင်တော့ဘူး ခေါင်းကို ဓားထိသွားလို့။ ရွာကို ချက်ချင်းထမ်းခေါ်ကြမှ ဖြစ်တော့မယ်။ အောင်အေး မင်းတို့တဲ မြန်မြန်သွားစမ်း။ ပုဆိုးရရ၊ စောင်ရရ မြန်မြန်သွားယူ။ အောင်မင်း မင်းက ဝါးလုံး မာမာတစ်ပိုင်း အမြန်သွားရှာကွာ။ [illegible] နှယ် ဒုက္ခပါပဲ"

အောင်အေးတို့ ညီအစ်ကို[illegible] လည်း အခြေအနေကို ချက်ချင်း[illegible] သွားကြသဖြင့် ပုဆိုးတစ်ထည်နှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ချင်းပိုင်းတစ်ပိုင်းကို ချက်ချင်းရှာ၊ ချက်ချင်းယူလာကြသည်။

တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းနှင့် သတိမေ့နေသော ဒေါ်ဆုံမကို ပုဆိုးပိုင်းထဲ ထည့်လိုက်ကြကာ အောင်အေးတို့ ညီအစ်ကိုနှစ်ယောက်မှာ စို့ပြားရွာဘက် အပြေးထွက်လာကြသည်။

ဦးဖိုးစာမှာ သူ့ကြောင့် ဖြစ်ရသည်မို့ ဒေါ်ဆုံမကို သတိပြန်ရလို ပြန်ငြား ...

“မဆုံမ၊ မဆုံမ ငါ ... ငါခေါ်နေတာ နင် ... နင်မကြားဘူးလား”

ဟု ငိုသံပါကြီးနှင့် ခေါ်ကာ ဒေါ်ဆုံမကို တစ်လမ်းလုံး ဖေးမလာရသည်။

“ဘကြီးစာ .. ဒေါ်ဆုံမခေါင်း ဘယ်လိုဖြစ်လို့ ဓားထိရတာလဲဗျ”

ရွာဘက်ကို ထမ်းပြေးလာနေကြရင်းက ဦးဖိုးစာကို အောင်အေးက မေးလိုက်၏။

“ငါ မပြောချင်ပါဘူးကွာ။ သူက ညောင်ချိုရွက်ဟင်းသုပ် သုပ်စားချင်တယ်ဆိုပြီး ငါ့ကို ညောင်ချိုကိုင်းခက်ချိုင်ခိုင်းတာ။ ဖြစ် ... ဖြစ်ချင်တော့ ငါ့ဓားက ဓားရိုးကျွတ်ပြီး မဆုံမခေါင်း သွားထိလို့ကွ။ မေး ... မေးမနေနဲ့။ ရွာမြန်မြန်ရောက်ဖို့ အရေးကြီးတယ်”

“ဒေါ်ဆုံမကို ရွာဘက်သို့ ထမ်းပြေးလာကြရာ ကံဆိုးချင်တော့ စို့ပြားရွာကို မီးလောင်နေသဖြင့် ရုတ်ရုတ်သဲသဲ အော်ဟစ်နေကြသံကို အဝေးကပင် ကြားနေရသည်။ စို့ပြားရွာက ကလေး၊ လူကြီး၊ မိန်းမ၊ ယောက်ျားများ အော်ဟစ်ပြေးလွှားနေကြသံကို ကြားနေရသလို မီးညွန့်မီးတောက်နှင့် မီးခိုးလုံးကြီးများ မိုးပေါ်ထောင်တက် နေသည်များကိုလည်း လှမ်းမြင်နေကြရသည်။

“ဟာ ... အဲဒါမှ ဒုက္ခကွာ။ စို့ပြားရွာ မီးကြီးလောင်နေပါလား”

“ဟုတ် ... ဟုတ်တယ် ဘကြီးစာ။ အဲဒါ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ”

ဒေါ်ဆုံမကို ထမ်းပြေးလာရသဖြင့် မောပန်းကာ ဟောဟဲ ... ဟောဟဲအမောဆိုက်နေသော အောင်မင်းက အမောဆို့သံကြီးနှင့် ခြေလှမ်းတုံ့ကာ ဦးဖိုးစာကို အလျင်စလို မေးလိုက်သည်။

သူတို့ ညီအစ်ကိုနှစ်ယောက်မှာ ဒေါ်ဆုံမအား ပုဆိုးပုခက်ထဲထည့်ကာ ဝါးရင်းပိုင်းကို ရှေ့တစ်ယောက်၊ နောက်တစ်ယောက် ထမ်းပြေးလာကြရသဖြင့် ညီဖြစ်သူ အောင်မင်းကမူ စကားပင် ပီပီသသမမေးနိုင်တော့။

“ဘယ်လိုလုပ်မလဲဆို။ အိမ်း ... ကိုမဲဒိုင်တို့ရွာကို သယ်ကြမှဖြစ်မယ်ကွာ။ သွားသွား မြန်မြန်သွားကြကွာ။ မဆုံမ ... မဆုံမ”

အောင်အေးတို့ ညီအစ်ကိုအား ဒေါ်ဆုံမ၏ ယောက်ျားရွာဖြစ်သော ကျားခဲရွာကို ဒေါ်ဆုံမအား လောလောဆယ် သယ်သွားကြရန်ပြောပြီး ဦးဖိုးစာမှာ ပုခက်ထဲပါလာသော ဒေါ်ဆုံမအား သတိရပလားဟုလည်း ဖေးမကိုင်လှုပ်ရင်းက တစ်ခေါ်တည်း ခေါ်ကြည့်ပြန်၏။ သို့သော် ဒေါ်ဆုံမ ထူးသံကိုမူ လုံးဝမကြားရ။ လှုပ်ရှားလူးလွန့်မှုကိုလည်း မမြင်ရ။ ထိုအခါ ဦးဖိုးစာမှာ ခေါင်းနားပန်းကြီးကာ ပို၍ပို၍ စိုးရိမ်လာ၏။

ဒေါ်ဆုံမအား စို့ပြားရွာဘက်မှ ကျားခဲရွာဘက် ပြန်လှည့်ထမ်းပြေးလာကြရသော အောင်အေးတို့ညီအစ်ကိုမှာ ယခုအခါ မပြေးနိုင်ကြတော့။ ချွေးတလုံးလုံးနှင့် စကားလည်းမပြောနိုင်ကြတော့။

သို့သော် သူတို့၏ ခြေလှမ်းကိုမူ လုံးဝမရပ်ကြ။ ရှိသမျှခွန်အားကို ညှစ်ထုတ်ကာ ယိုင်တိယိုင်တိုင်နှင့် ဒေါ်ဆုံမ၏ ခင်ပွန်းရွာဖြစ်သော ကျားခဲရွာဘက်သို့သာ မပြေးရုံတစ်မည် လာနေကြရသည်။

“မ .. မဆုံမ။ ဟာ .. မဆုံမ”

အောင်အေးတို့ ညီအစ်ကိုနှစ်ယောက် ထမ်းပြေးလာနေကြချိန်တွင် လူမမာကို ဖေးမကပ်မြှောင်၍ အပြေးလိုက်ပါလာရသော ဦးဖိုးစာက ဒေါ်ဆုံမအား သတိရလိုရငြား တစ်လမ်းလုံး ခေါ်မေးလာရာမှ ယခုအခါ ဦးဖိုးစာ၏ အသံမှာ အလိုလို တိမ်ဝင်သွားလေသည်။

တစ်လမ်းလုံး လူမမာအား ခေါ်မေးလာသော သူ့ဘကြီး၏ အသံအနေအထားပျက်သွားသည်ကို ကြားကြားချင်း အောင်အေးတို့ညီအစ်ကိုနှစ်ယောက် ခြေလှမ်းမှာလည်း အလိုလို တုံ့ဆိုင်းသွားကြ၏။

“ဘယ့်နယ်လဲ”ဟူသော သဘောဖြင့် ဦးဖိုးစာ၏ မျက်နှာကို ညီအစ်ကိုနှစ်ယောက် မသင်္ကာ၍ စောင်းငဲ့ကြည့်လိုက်ကြသောအခါ .. ဦးဖိုးစာ၏မျက်နှာမှာ သွေးဆုတ်ပြီး ကယောင်ချောက်ချားနှင့် ခေါင်းယမ်းပြလိုက်မိပြီးသား ဖြစ်သွားလေသည်။

အမှန်မှာ သတိမေ့မြောလာသော ဒေါ်ဆုံမသည် လမ်းတစ်ဝက်က



www.burmeseclassic.com

www.burmeseclassic.com

ပင် အသက်ဇီဝိန် ချုပ်သွားခဲ့လေပြီ။

သုံးယောက်စလုံးက ဒေါ်ဆုံမ သေသွားပြီကို အတပ်သိလိုက်ကြသောအခါ သက်မ ပြိုင်တူချလိုက်ကြသည်။ ဘယ်လိုလုပ်ကြရမည်နည်း။

သူတို့ဒေသ၏ ရပ်ဓလေ့၊ ရွာဓလေ့အရ လူသေကို ရွာထဲ ထမ်းဝင်လာကြလျှင် အစိမ်းသေကို ဘယ်ရွာလူကြီးတွေကမှ ရွာထဲ အသွင်းခံမည် မဟုတ်။ မသာကောင်ကို ရွာထဲသွင်းလာရပါ့မည်လားဟု ဆဲဆိုကြိမ်းမောင်း နှင်လွှတ်ကြမည့်အပြင် သိလျက်နှင့် မသာကို ရွာထဲသွင်းလာကြသူများအား အမှုဖွင့်ကြတော့မည်။ ဂါမပညတ်ချက်အရ ကြီးလေးသော ဤပြစ်မှုအတွက် ဒဏ်ငွေမှာလည်း တစ်ရွေး တစ်မိုးစာ ဆန်စပါးများကိုပင် ပေးလျော်ကြရလိမ့်မည်။

ဤသည်ကို သိနေကြသော သူတို့သုံးယောက်မှာ ဒေါ်ဆုံမအလောင်းကို ရွာထဲမသွင်းရဲကြတော့ဘဲ ရွာပြင်ရှိ သုသာန်ဇရပ်သို့သာ ထမ်းယူလာကြပြီး ဇရပ်၌ ထားလိုက်ကြရလေသည်။

ကျားခဲရွာရှိ ဒေါ်ဆုံမယောက်ျား အမျိုးများကို အကြောင်းကိစ္စပြောရန် အောင်အေးအား ဦးဖိုးစာက လွှတ်လိုက်ရသလို စိုပြားရွာရှိ ဒေါ်ဆုံမ ယောက်ျား ဦးမဲဒိုင်နှင့် သားသမီးဆွေမျိုးများကို အကြောင်းကြားရန် အောင်မင်းအား လွှတ်လိုက်ရ၏။ ဦးဖိုးစာကမူ ဒေါ်ဆုံမအလောင်းကို စောင့်ကြပ်၍ ဇရပ်၌ပင် နေခဲ့ရ၏။

နေကလည်းကျသွားပြီ။ အောင်အေးတို့ညီအစ်ကို နှစ်ယောက်နှင့် ဒေါ်ဆုံမအလောင်းကို သယ်ထမ်းလာကြတုန်းက ဦးဖိုးစာမှာ ကြောက်စိတ်ထက် စိုးရိမ်သောကစိတ်သာ သူ့တစ်ကိုယ်လုံးကို ဖိစီးလာသည်။ ယခု ဒေါ်ဆုံမသေသွားပြီဆိုသည်ကို သိ၍ ဒေါ်ဆုံမအလောင်းကို တစ်ယောက်တည်းစောင့်၍ ကျန်နေခဲ့ရသောအခါ ကြောက်စိတ်က ချက်ချင်းပေါ်လာတော့သည်။ နေ့ခင်းမဟုတ်သော်လည်း လအလင်းရောင်ရှိနေသော ညချမ်းမို့သာ တော်သေး၏။ ညအမှောင်သာဆိုလျှင်တော့ မသာဇရပ်မှာ ဦးဖိုးစာတစ်ယောက်တည်း ဘယ်လိုမှ မသာစောင့်ရဲတော့မည်မဟုတ်။

ကြောက်စိတ် ဝင်လာသောအခါ သွေးသံရဲရဲဖြစ်နေသော ဒေါ်ဆုံမ အလောင်းကိုပင် စေ့စေ့မကြည့်ရဲတော့ဘဲ ဖြစ်သွားသည်။ ထိုအခါ တောင်တွေတောင်အီအီ ကြောက်စရာများကလည်း ဘယ်ကဘယ်လို ပေါ်လာကြသည်မသိ။ ငယ်စဉ်က အဖြစ်အပျက်များ၊ လူကြီးသူမများ ပြောပြဖူးသော တစ္ဆေ သရဲ ဖုတ်ပြိတ္တာ ပုံပြင်များကို ချက်ချင်းသတိရလာပြန်သည်။

ဒေါ်ဆုံမအား အောင်အေးတို့ ညီအစ်ကိုနှစ်ယောက် ထမ်းလာကြသည်မှာလည်း ရပ်ကျော် ရွာကျော်ဖြစ်သဖြင့် ဒေါ်ဆုံမအလောင်းက ဖုတ်ဝင်ပြီး ထလာလေမလားဟူသော သံသယစိတ်နှင့်လည်း မကြည့်ဝံ့ဝံ့၊ ကြည့်ဝံ့ဝံ့ဖြင့် ဒေါ်ဆုံမအလောင်းကို ငုံ့ကြည့်နေပြန်၏။

❑ ❑ ❑

ဒေါ်ဆုံမသည် သူ့ကိုယ်သူ ဘယ်လိုဖြစ်၍ ဖြစ်မှန်းမသိ။ ဦးဖိုးစာ၊ အောင်အေး၊ အောင်မင်းတို့ လှုပ်ရှားပြေးလွှားနေကြသည်ကိုသာ ငေးကြည့်နေမိ၏။ အောင်အေးတို့၊ အောင်မင်းတို့ တစ်ယောက်တစ်ရွာစီ လှူခွဲ၍ ပြေးသွားကြသည်ကိုလည်း ဒေါ်ဆုံမကား ဘာမှန်းမသိ။ ဒေါ်ဆုံမသည် အိပ်သောယောက်ျား၊ နိုးသော်လားပမာ သူ့ကိုယ်သူ ဘဝပြောင်းသွားမှန်းမသိသေး။

ဤနေရာတွင် လူတို့၏သေခြင်းနှင့်ပတ်သက်၍ အကြောင်းတရားလေးမျိုး၊ သေနည်း လေးမျိုးရှိသည်ကို ဖော်ပြရသော် –

(၁) အသက်တမ်းကုန်၍ သေခြင်း၊ (၂) ကံအစွမ်းကုန်၍ သေခြင်း၊ (၃) အသက်၊ ကံ နှစ်ပါးကုန်၍ သေခြင်း၊ (၄) ကံတစ်ပါးပါးက သတ်ဖြတ်၍ သေခြင်း။

၁။ အသက်တမ်းကုန်၍ သေခြင်း

ထိုထိုဘုံဘဝတို့၌ သတ်မှတ်ထားသော သက်တမ်းများရှိကြသည်။ ဤလူ့ဘုံသည် တက်ကပ်ကာလဝယ် အသင်္ချေယျကပ်ထိ ရှည်ကြာသော သက်တမ်းရှိပြီး ဆုတ်ကပ်ကာလ၌ လူတို့၏အသက်မှာ ဆယ်နှစ်သာရှည်ကြသည်။

ယခု ဂေါတမဘုရားရှင် ပွင့်တော်မူသော လူ့ဘုံသည် သက်တမ်း ၁၀၀ ကာလဖြစ်သည်။

အတိတ်ဘဝက သင့်တော်ရုံ ပါလာကြသူတို့သည် သတ်မှတ်ထားသော သက်တမ်းကို မလွန်ဆန်နိုင်ကြချေ။ အတိတ်ကုသိုလ်ကံ ထူးမြားလည်းရှိ ပစ္စုပ္ပန်ဘဝ၌လည်း ကုသိုလ်ကောင်းမှုပြု၍ ကံ၊ ဉာဏ်၊ ဝီရိယတို့ ဆင်ခြင်သိတတ်ကြသူများသည် သက်တမ်း ၁၀၀ ကျော် နေနိုင်ကြသည်။

www.burmeseclassic.com

အသက်ရှည်ရာ ရှည်ကြောင်းတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးသည် အဓိကဖြစ်လေသည်။

အသက် ၇၅ နှစ်တွင် သေဆုံးသူများကို သက်တမ်းကုန်၍ သေခြင်းဟု ယူဆကြရပေမည်။ ဥပမာ မီးစာရှိသေးသော်လည်း ဆီကုန်၍ မီးငြိမ်းသွားသည့် သဘောပင်။

## ၂။ ကံကုန်၍ သေခြင်း

ဘဝတစ်ခုကို စီမံလိုက်သောကံသည် ပဋိသန္ဓေတည်နေသောအချိန်မှစ၍ မိမိ၏သတ္တိအစွမ်းမကုန်သရွေ့ ဘဝမပြတ်အောင် (မသေအောင်) အစဉ်တစိုက် အမြဲဖန်တီးပေးနေတတ်သည်။ ထိုမူလ စီမံလိုက်သော ကံ၏အစွမ်းကို အားပေးကူညီသော (လက်ရှိဘဝ၌ ကျင့်ကြံအားထုတ်နေသော) အခြားကံများလည်း ရှိသေးသည်။

ထိုမူလ စီမံလိုက်သော အတိတ်ကံနှင့်အားပေးကူညီကြသော (ပစ္စုပ္ပန်) ကံတို့ အစွမ်းသတ္တိကုန်လျှင် သက်တမ်းမကုန်သေးသော်လည်း ဧကန်မုချ သေရလေသည်။ ၇၅ နှစ် သက်တမ်း၌ အသက် ၅၀ နှင့် သေသူများသည် ကံကုန်၍ သေခြင်းဖြစ်သည်။ ဥပမာ ဆီမကုန်သေးသော်လည်း မီးစာကုန်၍ မီးငြိမ်းသွားသော သဘောပင်။

## ၃။ အသက်တမ်းရော ကံ နှစ်ပါးစလုံး ပါကုန်၍ သေခြင်း

အချို့ သတ္တဝါတို့သည်ကား သက်တမ်းလည်းကုန်၊ ကံလည်းကုန်၍ သေကြရသည်။ ဥပမာ မီးစာကုန် ဆီခန်း၍ သေကြရသည်။

## ၄။ ကံတစ်ပါးပါးက သတ်ဖြတ်၍ သေရခြင်း။

အချို့သော သတ္တဝါတို့သည် သက်တမ်းလည်း မကုန်သေး၊ ကံအစွမ်းလည်း မကုန်သေး။ သို့သော် ရှေးရှေးဘဝကဖြစ်စေ၊ ယခုဘဝမှာဖြစ်စေ ပြုမိသော အကုသိုလ်ကံက အခွင့်ရသဖြင့် တစ်နည်းနည်းနှင့် အကျိုးလာပေးကာ သေရခြင်းဖြစ်သည်။ ဥပမာ ... ကားတိုက်ခံရ၍ သေခြင်း၊ သူတစ်ပါးတို့၏ ဓား၊ လှံ၊ လက်နက် စသည်တို့ဖြင့် ထိုးခုတ်သတ်ဖြတ်ခံရ၍ သေခြင်း၊ လေယာဉ်မှောက်ခြင်း၊ ရေနစ်ခြင်းတို့ဖြစ်သည်။

ဥပမာ မီးစာ၊ ဆီ နှစ်မျိုးစလုံး မကုန်သေးပါဘဲ လေပြင်းမုန်တိုင်းတိုက်ခတ်မှု၊ တမင်ငြိမ်းသတ်ခံရမှုတို့ကြောင့် မီးငြိမ်းသွားရသကဲ့သို့ပင် ဖြစ်သည်။ ထို့ကြောင့်လည်း ဥပစ္ဆေဒကံသည် လူတို့၏ ဆင်ခြင်တွေးခေါ်တတ်မှု၊ ဆင်မြင်တုံတရားရှိမှု၊ အသိဉာဏ်အပေါ်၌ တည်သည်ဟု အချို့က ယူဆကြသည်။ ဥပမာ .. ဤကိစ္စကို ဆောင်ရွက်လျှင် အန္တရာယ်ကြီးသည်၊ သေနိုင်သည်ကို သိပါလျက်နှင့် တမင်ဇွတ်ထိုး လုပ်ခြင်းပင်။

သေခြင်းလေးမျိုးတို့တွင် ဒေါ်ဆုံမသည် စတုတ္ထသေခြင်းမျိုးနှင့် သေသွားသည်ဟုပင် ဆိုရမည်။ သက်တမ်းမကုန်သေး၊ ကံမကုန်သေးသော်လည်း ညောင်ချိုရွက်သုပ်စားချင်သော ဆန္ဒနှင့် ဓားထိ၍ သေခဲ့ရသည်။ သို့သော် သူ့ကိုယ်သူ သေသည်ဟု သတိမရ၊ မသိရှိသေး။

အောင်အေးတို့၊ အောင်မင်းတို့ တစ်ရှာစီ ပြေးထွက်သွားကြတော့မှ ဦးဖိုးစာကို သတိရပြန်သည်။

ဦးဖိုးစာကို သတိရပြီး ကြည့်မိလိုက်သောအခါ ဦးဖိုးစ အနားတွင် သူ့အလောင်းကို ပက်လက်မြင်လိုက်ရသည်။ ထိုအခါ ဒေါ်ဆုံမတစ်ကိုယ်လုံးမှာ ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွား၏။ ဦးဖိုးစာတို့နှင့် သူသည် တစ်ဘဝတည်းမဟုတ်တော့။ ဘဝခြားသွားပြီဆိုသည်ကို သတိပြုမိသွားသည်။

ဦးဖိုးစာကမူ သူ့အလောင်းကို ကြည့်လိုက်၊ ကျားခဲရှာဘက် လှမ်းကြည့်လိုက်၊ စို့ပြားရှာဘက် လှည့်ကြည့်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေသည်ကို မြင်နေရသည်။ သူဘယ်လိုဖြစ်သွားပါလိမ့်ဟု ဦးဖိုးစာကို မေးကြည့်ချင်စိတ် ပေါ်လာသည်။

ထို့ကြောင့် ဒေါ်ဆုံမသည် ဦးဖိုးစာအနား ကပ်လာသည်။ ကိုဖိုးစာဆီက အနံ့တစ်မျိုး ချက်ချင်းထွက်လာသည်။ ထိုအနံ့ကို ဒေါ်ဆုံမ မနှစ်သက်။ ထိုအနံ့ရသည်နှင့် ဒေါ်ဆုံမ တစ်ကိုယ်လုံးမှာ ကြောက်ရွံ့ပြီး တုန်လှုပ်သွားသည်။ သူ့စိတ်ထဲ အသိတစ်ခုက ဘယ်ကနေဘယ်လို ပေါ်လာသည်မသိ။ ဦးဖိုးစာ၏ ကိုယ်စောင့်နတ်က ဒေါ်ဆုံမကို ဦးဖိုးစာနားကပ်မလာရန် သတိပေးလိုက်သည်ကို သိသည်။

ဒေါ်ဆုံမသည် ဦးဖိုးစာ၏ကိုယ်စောင့်နတ်ကို ရှာကြည့်သည်။ ရုပ်ဆင်းသဏ္ဍာန်ကို မမြင်ရ။ ဒေါ်ဆုံမ မနှစ်သက်သော အနံ့တစ်မျိုးကသာ ပို၍ စူးစူးရှရှ ထွက်ပေါ်လာသည်။ ဦးဖိုးစာအနားကို လာမကပ်ရန် ထို



www.burmeseclassic.com

www.burmeseclassic.com

အနံ့ကပင် ဒေါ်ဆုံမကို သတိပေးနေသည်။ သူသည် ဘယ်ကဘယ်လို ဖြစ်သွားသည်ကို ဦးဖိုးစာအား ဒေါ်ဆုံမက လှမ်းမေး၏။

ဒေါ်ဆုံမ၏ မေးသံကိုပဲ မကြား၍လား၊ သို့မဟုတ် ဂရုမစိုက်တာလား မသိ။ ဦးဖိုးစာကား ဒေါ်ဆုံမအလောင်းကို ကြည့်လိုက်၊ ကျားခဲရွာဘက် လှမ်းကြည့်လိုက်၊ စို့ပြားရွာဘက် လှမ်းကြည့်လိုက်နှင့် စိတ်လှုပ်ရှားနေသည်ကိုသာ မြင်နေရသည်။ ပြန်၍ထူးဖော်ပင်မရ။

ထိုအချိန်မှာပင် စို့ပြားရွာဘက်မှ ငိုယိုအော်ဟစ် လိုက်လာကြသော လူသံများကို ကြားလိုက်ရသည် ..။ ဒေါ်ဆုံမ စို့ပြားရွာဘက် လှမ်းကြည့်လိုက်၏။ သူ့ယောကျ်ား ဦးမဲဒိုင်နှင့် သားသမီးများ၊ ဆွေမျိုးသားချင်းများကို လူ့ဘဝက မြင်ရသလိုပင် မြင်နေရသည်။

မကြာမီမှာပင် ... ဒေါ်ဆုံမ၏ ယောကျ်ားရွာ ကျားခဲရွာမှ ဆွေမျိုးများလည်း ရောက်လာကြသည်။ သူတို့ကိုလည်း လူ့ဘဝတုန်းကအတိုင်းပင် မြင်နေရ၏။ ဆွေမျိုးနှစ်ဖက်၊ ရွာမှ သူ့ယောကျ်ား၊ သားသမီး၊ ဆွေမျိုးများ ပြောကြဆိုကြ၊ ငိုကြသည်ကို အတိုင်းသား မြင်နေရသည်။

မကြာမီမှာပင် အစိမ်းသေဖြစ်သော သူ့အလောင်းကို ရပ်ဓလေ့ရွာဓလေ့အရ အစီအစဉ်ပြုလုပ်၍ မြေမြှုပ်လိုက်ကြတာကိုလည်း မြင်နေရသည်။ သားသမီးတွေငိုကြတာ မြင်နေရတော့ သနားမိသည်။ သမီးတွေကို ချစ်လည်းချစ်သည်။ သို့သော် သားသမီးတွေက ငိုကြတော့ သူ့ခန္ဓာကိုယ်မှာ တစ်မျိုးကြီးခံစားလိုက်ရသဖြင့် သားသမီးဆွေမျိုးတွေ ငိုကြတာကို လုံးဝမနှစ်သက် ဖြစ်သွားသည်။ သားသမီးဆွေမျိုးတွေကို မငိုကြရန် အော်ဟစ်ဟန့်တားသည်။ တားမရ။ သူ့အသံက လေထဲ၌သာ ပျောက်သွားသည်။

သူမ၏အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပြီး၍ သူမ၏ယောကျ်ား သားသမီးများ၊ ဆွေမျိုးများ ရွာကိုပြန်သွားကြသောအခါ ဒေါ်ဆုံမလည်း လူတွေနှင့်အတူ ရောလိုက်လာသည်။ စို့ပြားရွာ ရွာတံခါးနားရောက်တော့ ရွာစောင့်နတ်က ရွာထဲအဝင်မခံ။

"နင့်ကို ဘယ်သူက ခေါ်လို့၊ ဖိတ်လို့ ဒီအထိ လိုက်လာတာလဲ။ သွား ... သွား ပြန်"

ရွာထဲရှိ အစောင့်နတ်ကြီးမှာ သူ့ထက်ကြီးသဖြင့် ကြောက်လန့်မိသည်။ သို့သော် မိမိအိမ်၊ မိမိခင်ပွန်းနှင့် မိမိသားသမီးများဆီ လိုက်လိုစိတ်နှင့် –

"ကျွန်တော်မအိမ်ကို ကျွန်တော်မ သွားပါရစေ၊ ခွင့်ပြု ..."

ဒေါ်ဆုံမစကားပင် မဆုံးလိုက်

"အောင်မာ ... နင့်ကိုနင် လူထင်နေတုန်းပဲလား။ တစ္ဆေပြိတ္တာမကများ ကြီးကြီးကျယ်ကျယ် ငါ့အိမ်တဲ့။ နင် ဒီစိတ်နဲ့ ပြိတ္တာဖြစ်လာတာလားမှ မသိတာ ပြိတ္တာမရဲ့။ နင်ပိုင်တဲ့အိမ်ဆို နင်နဲ့အတူ ပါလာမှာပေါ့။ နေ့ခင်းက ရွာမီးလောင်တာတောင် နင်မသိလိုက်ဘူးမဟုတ်လား။ ရွာထဲမှာ ဘာအိမ်မှ မရှိတော့ဘူး။ အကုန်ပြာဖြစ်သွားပြီ။ သွား ... ရွာပြင်မှာ သွားနေ။ ရွာသူရွာသား တစ်ယောက်ယောက်က မခေါ် မဖိတ်ဘဲနဲ့ နောက် ရွာနားကပ်လာရင် နင့်ကိုငါ အသေသတ်ပစ်မယ်။ အဲဒါ မြဲမြဲမှတ်သွား။ သွားပါဆို ဘာ
ငိုင်တိငိုင်တိုင် လုပ်နေတာလဲ"

ရွာစောင့်နတ်စကားကြောင့်
ထဲဆို့သွားသည်။

ရွာစောင့်နတ်ကြီးက သူ့
ပြိတ္တာမ၊ တစ္ဆေမဟုပြောသည်။
တကယ် တစ္ဆေမ၊ ပြိတ္တာမ ဖြစ်သွား
ဟု ထိုအခါမှ သိတော့သည်။

"ဟဲ့ကောင်မ ... နင် ငါ့ရွာနား
လာကပ်မနေနဲ့။ သွားတော့လို့ ပြော
နေတာ မကြားဘူးလား။ နင်ကသာ
ငါ့လင်၊ ငါ့သား၊ ငါ့သမီး စွဲမှတ်နေ
ချစ်နေ။ သူတို့က နင်နဲ့ ဘဝခြားသွား
ပါပြီဆို နင့်ကို ဘယ်လင်၊ ဘယ်သား
သမီးကမှ မချစ်တော့ဘူးမှတ်။ နင့်
ကိုမချစ်ကြလို့လည်း နင့်အလောင်း
တောင် ချက်ချင်း မြေမြှုပ်ပစ်လိုက်ကြ
တာ နင်မြင်ခဲ့တာပဲ။ ဒါနဲ့တောင် နင်
က ငါ့လင်၊ ငါ့သား စွဲနေတုန်းပဲလား
သွားတော့ဆို ခု ငါ့ရွာနားက ချက်ချင်း
ထွက်သွားစမ်း။ ငါအဘ ရက္ခစိုး
အော်တိုင် လိုက်ရမလား။ နင်
မကျင်ဘဲ ကောင်းကောင်းနေချင်
သွားစမ်း။ မြန်မြန်သွားစမ်းဟာ"

ရွာစောင့်နတ်ကြီးက
မောင်းလိုက်တော့ ဒေါ်ဆုံမတစ်ကိုယ်
လုံး တုန်လှုပ်သွားသည်။ ကြော
လည်းကြောက်သွားသည်။ ထို့နော
ရွာစောင့်နတ်ကြီးရှိသော ရွာနား
ထွက်ခွာလာခဲ့ရ၏။

ရွာပြင်ကို ထွက်လာရတော့
ပြင်က သစ်ပင်တွေမှာ သူလိုကိုယ်
တစ္ဆေပြိတ္တာတွေနှင့် ပြည့်နေသည်
မိမိမှာ လောလောဆယ် ဘယ်လို
မှန်းမသိဘဲ ယောင်ချာချာဖြစ်နေသည်

ထို့ကြောင့် ရွာပြင်က
ပြိတ္တာတွေကို အပေါင်းအသင်း



www.burmeseclassic.com

www.burmeseclassic.com

နေမှဖြစ်တော့မည်ဟူသော အသိနှင့် သစ်ပင်တွေပေါ် နေနေကြသော ပြိတ္တာ၊ တစ္ဆေတွေဆီ မျက်နှာချီသွားပြီး သွားကပ်သည်။

သို့သော် မည်သည့်ပြိတ္တာ၊ တစ္ဆေမှ သူ့ကို လက်မခံကြ။

"ဟဲ့ကောင်မ တို့ဆီမလာနဲ့။ တို့ဆီမှာ နေစရာမရှိဘူး။ နင်မြင်တဲ့ အတိုင်းပဲ။ ငါတို့သားသမီးတွေနဲ့ ဆွေမျိုးတွေနဲ့ တစ်ပင်လုံးပြည့်နေတာ။ ငါတို့တောင် ကျပ်ကျပ်တည်းတည်း နေနေရတာ။ သွားစမ်း ... သွားစမ်း"

ဟု ပြောလွှတ်၊ နှင်လွှတ်ကြပြန်သည်။

ဟိုတစ္ဆေသစ်ပင်ကို သွားကပ်လည်း ပြောလွှတ်၊ နှင်လွှတ်။ သည်ပြိတ္တာသစ်ပင်ကို သွားကပ်လည်း အော်လွှတ်၊ ငေါက်လွှတ်ခံနေရစဉ် နောက်ပြိတ္တာမတစ်ယောက်က –

"နင် ဘယ်ရွာကလဲ"

ဟု မေးလေရာ ဒေါ်ဆုံမက–

"ကျွန်မက စို့ပြားရွာကပါ"

ဟု မျက်နှာချီသွား၍ ပြောလိုက်၏။ ထိုအခါ ယင်းပြိတ္တာမက–

"ဟဲ့ ... နင် ငါ့အမျိုးပါလား။ နင် ခုနေစရာမရှိသေးဘူးပေါ့"

ပြိတ္တာမကြီးက သနားသွားပုံနှင့် မေး၏။

ပြိတ္တာမကြီးရဲ့ အမျိုးဆိုသော စကားကြောင့် ဒေါ်ဆုံမလည်း ဝမ်းသာသွားသည်။ သူ့သစ်ပင်မှာ ငါ့ကို နေခိုင်းတော့မယ်ဟူသော အထင်နှင့် ပြိတ္တာမကြီးအနားကို အားကိုးတကြီးနှင့် တိုးကပ်သွားမိ၏။ ဤသည်ကို ပြိတ္တာမကြီးကလည်း သိပုံရသည်။

"မဆုံမ နင် ငါ့အနားသိပ်မကပ်ပါနဲ့။ နင်က ဒီနေ့မှ တစ္ဆေဖြစ်လာတာ။ နင် ငါ့အနားလာကပ်တော့ ငါမနေတတ်ဘူး။ ငါ့သစ်ပင်မှာ နင့်ကိုလည်း ငါလက်ခံထားလို့ မရပါဘူးဟယ်။ ဒီမှာ ငါပြောမယ်။ နင် ဟိုဘက်ကိုသွားလိုက်။ အဲဒီမှာ အမွေးရှည်ရှည်၊ အစွယ်ငေါငေါကြီးနဲ့ ပြိတ္တာကြီးတစ်ကောင် နင်တွေ့လိမ့်မယ်။ သူက ဒီအပိုင်ကို အုပ်ချုပ်ရတယ်။ သူ့ကိုသွားပြော။ နင်နေဖို့ သူက နေရာချပေးလိမ့်မယ်"

ဟု လမ်းညွှန်စကားဆိုသည်။

စကားချပ်။ ။ (ဒကာမကြီးကို အမျိုးပြိတ္တာမက အမွေးရှည်ရှည်၊ အစွယ်ငေါငေါနဲ့ ပြိတ္တာကြီးဆီသွားပြီး နေရာတောင်းဆိုတော့ ဒကာမကြီးရဲ့ တစ္ဆေကိုယ်ကကော အဝတ်မပါဘူးလား။ ပုံသဏ္ဍာန်လည်း ပြောပြပါဦး။ ကိုယ့်ကိုယ်ကို အမှတ်မထားမိပါဘူး ဘုရား။ ဦးပဥ္စင်းအမေး၊ ဒေါ်ဆုံမအဖြေ)

ဒေါ်ဆုံမလည်း ဝမ်းသာအားရနှင့် စို့ပြားရွာသူ ပြိတ္တာမကြီးညွှန်ပြရာဘက်ကို ချက်ချင်း အပြေးတစ်ပိုင်းနှင့် ထွက်လာမိသည်။ ပြိတ္တာမကြီး ညွှန်ကြားလိုက်သူကိုလည်း ပြိတ္တာတွေ၊ တစ္ဆေတွေကြား ကျိုးကန်းတောင်းမှောက် လိုက်ရှာကြည့်ရသည်။ သစ်ပင်ကြီးတစ်ပင်၏ ကိုင်းပေါ်က ဒေါ်ဆုံမကို လှမ်းကြည့်နေသော အမွေးရှည်ရှည်၊ အစွယ်ငေါငေါနှင့် ပြိတ္တာမကြီး ညွှန်လိုက်သော ပြိတ္တာကောင်ကြီးကို မကြာမီပင် တွေ့ရသည်။

ဒေါ်ဆုံမက သူရှိရာ သစ်ပင်အောက်သွားရပ်ပြီး –

"ကျွန်တော်မ နေစရာမရှိလို့ပါ ဆရာကြီး။ ကျွန်တော်မကို နေစရာ"

ဟူသော စကားမဆုံးမီ ပြိတ္တာကြီးက –

"နင် ငါတို့အဖွဲ့ထဲ နေချင်လို့လား"

ဟု ဆီးမေး၏။

"ဟုတ်ကဲ့ပါ။ ကျွန်တော်မ ဆရာကြီးတို့အဖွဲ့ထဲ နေချင်လို့ လာချင်ပါတယ်"

"ဒါဆို နင့်မှာ ဘာပစ္စည်းပါလဲ။ နင်နဲ့သက်ဆိုင်တဲ့ လူ့ဘဝက နင့်လင်၊ နင့်သားသမီးတွေက ရိက္ခာပစ္စည်း ထည့်ပေးလိုက်ရဲ့လား"

ဒေါ်ဆုံမသည် နေ့လယ်က အဖြစ်အပျက်နှင့် ညနေက သူ့အလောင်းကို မြေမြှုပ်ကြစဉ် သူ့ယောကျ်ားကိုမဲဒိုင်နှင့် ရွာသူရွာသားများ လုပ်ကိုင်ပေးလိုက်ကြသည်ကို ချက်ချင်း ပြန်မြင်မိလိုက်သည်။

(ဒေါ်ဆုံမတို့၏အရပ်တွင် လူတစ်ယောက်သေလျှင် ကူးတို့ခ ပိုက်ဆံတစ်ကျပ် ငါးမူး ခေါင်းထဲရှိ သူ့အလောင်းထဲ၊ အချို့က ပါးစပ်ထဲ ထည့်ပေးရသော အလေ့ရှိသည်။ ကူးတို့ခငွေအပြင် အိပ်တစ်ချောင်း၊ အိပ်ချည်၊ အဝတ်အပိုတစ်စုံ၊ ဖျာ၊ အိပ်ရာလိပ်၊ စားမြိန်စာထုပ် စသည် ရပ်မလေ့ ရွာဓလေ့ကို ကိုမဲဒိုင်နှင့် သူ့သားသမီးများက ထည့်ပေးလိုက်ကြသည်ကို ပြန်မြင်မိ၍)

"ဟုတ်ကဲ့ အပြည့်အစုံပါပါတယ်"

"အဲဒါဆို နင် ငါ့လက်အောက် နေလို့ရပြီ။ ဟို သချိုင်းတောင်ဘက် သွားလိုက်။ အဲဒီမှာ ငါ ဘယ်သူ့မှ နေရာချမပေးရသေးတဲ့ သစ်ပင်လေး တစ်ပင်ရှိတယ်။ အဲဒီမှာ နင် ခဏ သွားနေတော့"

ပြိတ္တာကောင်ကြီး ညွှန်ပြရာ သချိုင်းကုန်းဘက် လျှောက်လာရာ အမှန်ပင် ဘယ်တစ္ဆေ၊ ဘယ်ပြိတ္တာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်မှ မရှိသေးသော သစ်ပင်တစ်ပင်ကို တွေ့ရသည်။ ဒေါ်ဆုံမသည် ဝမ်းသာအားရနှင့် ထိုသစ်ပင်ပေါ် တက်နေလိုက်ရ၏။

❑ ❑ ❑

"အမေ၊ အမေရေ ... ကျုပ်တို့ အမေ့ကိုရည်စူးပြီး အိမ်မှာ ဘုန်းကြီးပင့် ဆွမ်းကျွေးမယ်။ အဲဒါ အမေ ကျုပ်တို့နဲ့ လိုက်ဖြစ်အောင်လိုက်လာခဲ့ပါ။ ဩော် ... အမေ၊ အမေရယ် အဖေနဲ့ ကျုပ်တို့က အမေ့အတွက် ဆွမ်းကျွေးတရားနာကြမလို့ အမေ သာဓုခေါ်ဖို့ လိုက်ခဲ့ပါ။ နော် ... အမေနော်"

တစ္ဆေဘဝရောက်စ ဒေါ်ဆုံမသည် ပြိတ္တာကောင်ပေးထားသော သစ်ပင်ကိုမှီကာ ငိုက်မျဉ်းနေစဉ် သူ့သားနှစ်ယောက်က သချိုင်းထဲလာပြီး အော်ခေါ်နေကြသံကြောင့် လန့်ဖျပ်နိုးလာသည်။

လှမ်းကြည့်လိုက်တော့ ဆွဲလဲရွာမှာ အိမ်ထောင်သွားကျနေတဲ့ သူ့သား ငဆင့်နှင့် ဟံသာဝတီရွာတွင် အိမ်ထောင်သွားကျနေသော ငမြင့်တို့ကို လူ့ဘဝတုန်းကအတိုင်း ပီပီပြင်ပြင် ထင်ထင်ရှားရှားပင် မြင်နေရသည်။

သူ့သားနှစ်ယောက်သည် သချိုင်းကုန်းလာပြီး သူ့ကို ဖိတ်ခေါ်နေကြသည်။ ဒေါ်ဆုံမစိတ်ထဲ ဘယ်လိုဝမ်းသာသွားမှန်းမသိ။ သားနှစ်ယောက်ကလည်း ညနေဆည်းဆာ နေရောင်ခြည်ထဲတွင် နတ်သားတမျှ လှပနေကြသည်။ နေခြည်ပျပျနှင့် သူတို့ကိုယ်ပေါ်ကထွက်သော အရောင်တို့မှာ ရွှေရောင်တောက်ပနေသလို ဒေါ်ဆုံမ မျက်စိထဲ မြင်နေရသည်။

သားနှစ်ယောက်၏ ကိုယ်ပေါ်ကသာ မဟုတ်။ အင်္ကျီ၊ လုံချည်များကပင် ရွှေရောင်တွေ ပြိုးပြိုးပြက်ပြက် ထွက်နေသလား ထင်ရသည်။ သူ့မျက်စိထဲမှာ လှလိုက်ကြတဲ့ သားနှစ်ယောက်။

(ပြိတ္တာ၊ တစ္ဆေတွေနဲ့စာရင် လူသားတွေကို လှတာမြင်တာ၊ လူသားတွေရဲ့ အဝတ်တန်ဆာတွေကို လှတာမြင်တာ မဆန်းဘူး။)

ငမြင့်နှင့် ငဆင့်တို့သည် တစ်ယောက်တစ်လှည့် သူ့အား တရားနာ သာဓုခေါ် ဖိတ်ကြားကြပြီး အဆုံးမှာ ငမြင့်က သချိုင်းထဲရှိ သစ်ခက်တစ်ခက်ကို ချိုးယူလိုက်သည်။ ဒေါ်ဆုံမလည်း ဘယ်ကဘယ်လို ငမြင့်လက်ထဲက သစ်ကိုင်းပေါ် ရောက်သွားသည်မသိ။ ချက်ချင်းပင် ပေါ့ပေါ့ပါးပါး ရောက်သွားသည်။

ထိုအခါမှ သူ့ကိုယ်ကို ငယ်လျှင်လည်းရ၊ ကြီးလျှင်လည်းရနိုင်သည်ကို သတိပြုမိလိုက်၏။ တစ္ဆေ၊ ပြိတ္တာတို့၏ အစွမ်းအစကို ဒေါ်ဆုံမ စသိခြင်းပင်။

ဒေါ်ဆုံမသည် ဘယ်လိုပျော်မှန်းမသိ။ ဘယ်လိုဝမ်းသာမှန်းမသိ။ သူ့တစ်ကိုယ်လုံးမှာ ဝါဂွမ်းစတစ်ခုလို ပေါ့ပါးပြီး ငမြင့်လက်ထဲက သစ်ခက်ပေါ် စီးကာ ပျော်ပျော်ကြီး လိုက်ပါလာသည်။

သစ်ပင်တွေပေါ် ပြည့်နှက်ပြွတ်သိပ်နေကြသော အားလုံးလိုလို တစ္ဆေ၊ ပြိတ္တာတွေကလည်း ဒေါ်ဆုံမကို အားကျစွာ ဝိုင်းကြည့်နေကြသည်။ သူတို့အထဲတွင် ဒေါ်ဆုံမကား ကံထူးသူ၊ အောင်ပွဲရသူတစ်ဦးပမာ ဖြစ်နေသည်။ မျက်နှာငယ်လေးတွေနှင့် ညှိုးညှိုးငယ်ငယ်ဝိုင်းကြည့်နေကြသော တစ္ဆေ ပြိတ္တာများမှာ သူတို့ကိုလည်း ဤ လာခေါ်မည့် လင်၊ သားသမီး၊ ဆွေမျိုး မရှိကြသည်ကို တွေးပြီး ဝမ်းနည်းနေကြသည်ကိုလည်း ဒေါ်ဆုံ စိတ်ထဲက သိနေသည်။

သားကြီးမြင့်လက်ထဲက သစ်ကိုင်းပေါ် စီးလိုက်ပါလာသော ဒေါ်ဆုံမကို လွန်ခဲ့သောရက်က ရွာတံခါး နှင့်လွှတ်သော၊ အနားကိုပင် လာ ကပ်နဲ့ဟု ကြိမ်းမောင်းလွှတ်သော ရွာ စောင့်နတ်ကလည်း ဤတစ်ခါ အာ ဟန့်တားမောင်းလွှတ်ခြင်း မပြုဘဲ ရှိသာ ကြောင်တောင်တောင်ကြည့် နေ၏။

သည်လိုနှင့် အိမ်ရှေ့ရောက်လာ သည်။ သားကြီးက သချိုင်းမှယူလာ သော သစ်ခက်ကို အိမ်ရှေ့ခေါင်း က ထရံမှာ ထိုးချလိုက်သည်။

"အမေ ကျုပ်တို့နဲ့ တရားအ နာရအောင် အိမ်မှာနေ။ ဘယ်မှ နဲ့နော်"

ဟု တီးတိုးပြော၏။

ကလေးတို့အဖေ ဦးမဲဒိုင် ဆွေမျိုးသားချင်းအားလုံးကို လူ့ တုန်းကလိုပင် ထင်ထင်ရှားရှား မြ နေရသည်။ အိမ်စောင့်နတ်က ကောင်းနေရန် မျက်ရိပ်မျက်ခြည် ပြ၏။ ဒေါ်ဆုံမပျော်လိုက်သည့်အဖြစ် တရားနာရတော့မည်။ သာဓုခေါ် တော့မည်။

အိမ်စောင့်နတ်က အိမ်မှာ ရက် နေခွင့်ပြုထားသည်။ တစ်ရွာ ကျေးက ဒေါ်ဆုံမအတွက် အလှူ ဖို့ ရောက်နေကြသော ငမြင့်တို့ တို့ ကလေးများကို မြင်နေရသော

www.burmeseclassic.com

...ချင် စချင်စိတ် ပေါ်လာသည်။ လူ့ဘဝတုန်းကလို သူ့မြေးလေးတွေကို ...ချင်သည်။ ကလေးတွေမှာလည်း အိမ်စောင့်နတ် ကိုယ်စီရှိသည်။ မြေးတွေနားသွားကပ်လျှင် အနံ့တစ်မျိုးရ၊ တစ်ကိုယ်လုံး ပူလောင်လာသလို ခံစားရသဖြင့် မြေးလေးတွေနား ကပ်...

သားသမီး၊ မြေးတွေကို ကြောက်အောင်လန့်အောင် လုပ်လိုက်လျှင် ရ...သိသောစိတ် ပေါ်လာသည်။ သို့သော် သားသမီးမြေးတွေကို ကြောက်အောင် လန့်အောင်တော့ မလုပ်ချင်။ ...ချင်၊ စချင်၊ တို့ထိချင် စိတ်ကတော့ ခဏခဏပေါ်နေသည်။ ဤသည်ကို အိမ်စောင့်နတ်က သိသည်။

"ဟဲ့ ... ကောင်မ နင့်ကို အိမ်မှာ ခုနစ်ရက် ငါ နေခွင့်ပေးထားတယ်နော်။ ကောင်းကောင်းနေ။ ကလေးတွေ၊ လူကြီးတွေကို သွားပြီး မတို့မထိနဲ့။ မခြောက်လှန့်နဲ့။ ဒီ နင့်လင်၊ နင့်သားတွေက နင့်အတွက် ကုသိုလ်ကောင်းမှုလုပ်ဖို့ အားထုတ်နေကြတာ။ တွေ့တယ်မှတ်လား"

အိမ်စောင့်နတ်က ဘယ်လိုပြောပြော သားတွေ၊ မြေးတွေကို ကိုင်ကြည့်ချင်၊ ပွတ်ကြည့်ချင်စိတ် ပျောက်မသွား။ စိတ်ထဲ အားမလို အားမရ အလိုမကျဖြစ်နေ၏။ ထို့ကြောင့်လည်း မြေးလေးတွေအနားသွားကပ်ပြီး ကိုင်ကြည့်၊ ပွတ်ကြည့်ဖို့ အခွင့်အရေးကို စောင့်နေသည်။ ချောင်းနေသည်။

အိမ်စောင့်နတ်ကို ကြောက်ရသော်လည်း သူ့အလစ်မှာ မြေးလေးတွေအနား သွားကပ်ဖို့ ကြိုးစားနေရသည်။ သို့သော် ဒေါ်ဆုံမ၏ကြိုးစားမှုက အရာမရောက်။ သူ့ကို အမြဲစောင့်ကြည့်နေပုံရသော အိမ်စောင့်နတ်က မျက်စောင်းလှမ်းထိုးလိုက်ရာ ဒေါ်ဆုံမ တစ်ကိုယ်လုံးမှာ အပူလာဟပ်ခံလိုက်ရပြီး မြေးလေးတွေအနားက လွင့်ထွက်ကာ ထရံထောင့် လာကပ်နေလိုက်ရသည်။

ဒေါ်ဆုံမ ထိုသို့ဖြစ်သွားသည်။ အိမ်စောင့်နတ် ကြိမ်းမောင်းသံကိုလည်း ကြားလိုက်ရသည်။

"နင့်အတွက် လင်သားတွေက လှူတဲ့အခါ ကောင်းကောင်းသာဓုခေါ်နိုင်အောင်လို့ ညွှန်ခန်းမှာ နေခိုင်းထားတာ။ နောက်တစ်ခါ ကလေးတွေနား ကပ်ရဲရင် သွားကပ်ကြည့်။ နင့်ကို အိမ်သာတွင်းထဲ သွားထည့်ထားမယ်။ ဒီတစ်ပတ် ခုနစ်ရက်တော့ နင်ကောင်းကောင်းနေပါ။ ပြောမရဘူး။ နောက်တစ်ခါ ကလေးတွေနား သွားကပ်လို့ကတော့ နင်အိမ်သာကျင်းထဲ ရောက်ပြီသာမှတ်"

အိမ်စောင့်နတ်ကြီးရဲ့ အကြိမ်းအမောင်းခံရတော့ ဒေါ်ဆုံမ ကြောက်သွားသည်။ နောက်ထပ် ကလေး၊ လူကြီးတွေ အနားသွားကပ်ဖို့ မကြိုးစားဝံ့တော့။ အိမ်ရှိလူတွေ၊ လမ်းသွားလမ်းလာတွေကို အကုန် လူ့ဘဝကအတိုင်း ပီပီပြင်ပြင် ထင်ထင်ရှားရှား မြင်နေရသည်။

သည်လိုနှင့် ဆွမ်းကျွေးမည့်ရက် ရောက်လာ၏။ အလှူပေးကြတော့မည်။ အမျှဝေကြတော့မည်။ သာဓုခေါ်ရတော့မည်ဟု အလွန်ပျော်နေသည်။ ဘုန်းကြီးသွားပင့်သူနှင့် ဆရာတော်တွေ ကြွလာတာမြင်တော့ ပို၍ ဝမ်းသာပီတိဖြစ်ရသည်။ ကျောင်းက ဆရာတော်နှင့် သံဃာတော်များကို လူ့ဘဝကလိုပင် ကြည်ညိုဖွယ်ဖူးမြော်ရသည်။ ဆရာတော်တို့ သီလပေး ပရိတ်ရွတ် တရားဟောတော့လည်း ကောင်းကောင်းနာရသည်။

အမျှဝေတော့ သာဓုသုံးကြိမ်သုံးခါ ဝမ်းမြောက်ဝမ်းသာ ဒေါ်ဆုံမအော်ခေါ်လိုက်မိသည်။ သို့သော် ကိုယ်ခက်ထရော်လည်းမဖြစ်။ ဘာမှလည်း ထူးခြားမှုမရှိ။ ပကတိ တစ္ဆေမ၊ ပြိတ္တာဘဝ၌သာ ရှိနေသေးသည်။

"အကုသိုလ် မကုန်သေး၍ ငါ မကျွတ်လွတ်သေးပါလား"ဟူသော အတွေးကတော့ ပေါ်မလာ။ ခင်ပွန်း၊ သားသမီး၊ မြေးများနှင့် ဆွေမျိုးများကို မြင်နေရသဖြင့် တဒင်္ဂတစ်ခဏ လူ့ဘဝရောက်နေသလိုပင် ခံစားနေရသည်။

ထို့ကြောင့်လည်း လူတွေစားသောက်နေကြတာကို ပျော်ပျော်ကြီး ကြည့်နေမိ၏။ လူတွေနည်းတူ ဒေါ်ဆုံမလည်း စားချင်လာသည်။ သို့သော် စား၍မရ။ စားချင်သော်လည်း စားလို့မရအောင် သူ့အကုသိုလ်က အကျိုးပေးထားသည်ကိုလည်း မသိ။ သတိပင်မရ။

ဤနေရာတွင် ခင်ပွန်းသားသမီးများက အလှူပေး၊ အမျှအတန်းဝေကြပါလျက် အဘယ်ကြောင့် ဒေါ်ဆုံမ တစ္ဆေ၊ ပြိတ္တာဘဝက ကျွတ်လွတ်သွားခြင်း မရှိပါသနည်း။

ဤအယူအဆသည် မှားယွင်းမှုများ ဖြစ်နေလေသလားဟု အချို့ပုဂ္ဂိုလ်များသည် ထင်ယောင်ထင်မှား ဖြစ်ကုန်ကြမည်စိုး၍ 'ပေတဒါန'နှင့် ပတ်သက်သည်များကို ရေးသားတင်ပြရပါမည်။

*(ဆက်လက်ဖော်ပြပါမည်။)*

■ ဝေယံလင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ

မျိုးသန်းထွန်းကို(ရေစကြို)

သမားတော်ကြီး ဦးစံမတူအိမ်တွင် ရှာသူရှာသားများ စုံလင်နေပေပြီ။ နေ့ခင်း ၁၂ နာရီမှ ၂ နာရီအထိကို ဟောခြင်း၊ ပြောခြင်းအတွက် အချိန်သတ်မှတ်ထားသဖြင့် ထိုအချိန်ရောက်တိုင်း သမားတော်ကြီးအိမ်တွင် လူများ အမြဲစုဝေးဖြစ်ကြ၏။ လူစုံလင်ပြီဖြစ်သဖြင့် သမားတော်ကြီးမှ

"ဒီနေ့တော့ ဆေးဝါးအကြောင်းလည်း ရှင်းပြပါမယ်။ ပြီးတော့ နေ့စဉ်တွေ့ကြုံရတဲ့ လုပ်ငန်းလေးတွေမှာ ဖြစ်ပျက်တာလေးတွေကို ဆေးကြောနည်းလေးပါ။ ပြောပြပါ့မယ်။ လွယ်တယ်လို့ထင်ရပေမယ့် နည်းလမ်းမသိရင် ခက်ခဲစေတတ်ပါတယ်။ နောက် ဆားရဲ့အာနိသင်ကိုလည်း ပြောပြပါဦးမယ်။ မြန်မာ့တိုင်းရင်းဆေးပညာရပ်တွေဟာ လွယ်လွယ်လေးနဲ့ ကုသရတော့ လူတွေက မယုံကြဘူး။ တကယ် အမြစ်ပြတ်တာက တိုင်းရင်းဆေးပါ။ သစ်ရွက်၊ သစ်ဥ၊ သစ်ဖုတွေက ပေါနေတော့ တန်ဖိုးမရှိသလို ထင်နေကြတာ။ ယုံယုံကြည်ကြည်နဲ့ ကုသကြည့်ပါ။ အစွမ်းထက်ပါတယ်"

သမားတော်ကြီးမှ သင်ပုန်းပေါ်တွင် မြေဖြူဖြင့် ရေးပြပါတော့၏။ ဆေးဝါးသင်တန်းဆိုလည်း မမှားပါ။

၁။ စူလာနဖာ

စူလာနဖာသည် ကိုယ်တွင်းအပူဓာတ်ကိုခြေတယ်။ လည်ပင်းကြီးရောဂါ၊ အကျိတ်များပျောက်၊ ယောက်ျားစွမ်းရည်ကို တိုးတက်စေသည်။ သွားကိုက်၊ သွားဖုံးတွေရောင်ရမ်းခြင်းကိုလည်း ပျောက်စေသည်။ စူလာနဖာကို အဖုံးပိတ်ကျိုပါ။ ဓာတ်မပြယ်စေရန်ဖြစ်သည်။ စူလာနဖာကို နွေးနွေးပြီးသောက်ပါက ကိုယ်လက်များ လန်းဆန်းလာမည်။ တစ်ညလုံးရေစိမ်ထားသော စူလာနဖာရေကို သောက်ပါက တစ်မျိုးထူးခြားတဲ့ အနံ့အသက်ကိုခံစားရပြီး အကျိုးထူးပါသည်။

၂။ ကိုယ်နံ့ ကိစ္စ

ထုံးကို ဖျော်စိမ်ထားပြီး အပေါ်ယံရေကြည် (ထုံးကြက်တက်ရေ)ကို လိမ်းပွတ်ပေးပါက ကိုယ်နံ့များပျောက်၊ အသားရေ မာတင်းအောင် လိမ်းပေးပါ။

၃။ ကွမ်းအစွမ်း

အနံ့ဖျောက်ရာမှာ အစွမ်းထက်တာ ကွမ်းပါပဲ။ ချော်လဲခြင်း၊ လက်မောင်း၊ ဒူးဆစ်များ ရောင်ရမ်းပါက ကွမ်းရွက် လှည့်ပတ်ကပ်ပါ။ ခါးနာသူများ ခါးကို ကွမ်းကပ်ပါ။

၄။ ဓမ္မတာထိန်ရင်

ပုဏ္ဏရိတ်ပွင့်ကို ပြုတ်သောက်ပါ။

၅။ ဆီးရောဂါများ

သကြားရေစင်ပင်ကို သုံးခွက်တစ်ခွက်တင် ကျို သောက်ပါ။ ထိကရုန်းရွက်ကိုကျိုသောက်လျှင်လည်း ပျောက် သည်။ ကြက်လည်ဆံပင်ကို သုံးခွက်တစ်ခွက်တင် ကျို သောက်ပါက ကျောက်များပြုတ်ကျသည်။

၆။ ပိုးဝင်လျှင်

ပိုးဝင်၍ ပုပ်ချင်လာသောလက်ကို သဒေါ်၊ မဲဇာ ရွက်ဖြင့် ပွတ်ခြင်းဖြင့် ပိုးသေကာ (ဝါ) မန်းတွေကျ လက်သည်းပြန်ကောင်းတယ်။

၇။ ငှက်ဖျားရောဂါ တစ်သက်လုံးပျောက်အောင် နေစာမြက် ကျိုသောက်၊ ကျပ်ခိုးရယ်၊ ကွမ်းရွက်၊ နှိ ရယ်ပေါင်းပြီး ကျိုပါ။

၈။ ဆီးခဏခဏသွားသူများ၊ တစ်စက်တစ် ကျသူများ၊ ဆီးရောဂါရှင်များ၊ ဆီးကျိတ်ရောဂါရှင် ခံတက်ရွက် ငါးရွက်၊ ခြောက်ရွက်ကို သုံးခွက်တစ်ခွ ကျိုသောက်ပါ။

၉။ အဆိပ်သင့်ပါက ကန်စွန်းရွက်ပြုတ်၍ အရည်



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ပါ။

၁၀။ သွေးပျစ်ရောဂါ၊ သွေးကင်ဆာရောဂါများ ခံစွန်းရွက်အနီအရိုးချည်းကို သုံးခွက်တစ်ခွက်တင် ကျို သောက်ပါ။ သွေးကင်ဆာကို ကင်ပွန်းချဉ်ရွက် ပြုတ်ရည် ထိုက်က ပျောက်ပါသည်။

၁၁။ ဆီးရောဂါ

စပါးလင်ကို ရေ့တ်ဆုံတွင် ကြေအောင်ထောင်းပြီး ဆေးရည်တွင်ထည့်၍ ဖွန်းဖြင့် အကျအနမွှေပါ။ ကြက် ည်ဆံသည့် စပါးလင်အပွားအား မတွေ့ရဘဲ ညင်သာလှ ည့် ဆေးဖြစ်။

၁၂။ သွေးထွက်သည့်အနာများ သွေးထွက်ပါက သွေးတိတ်စေရန် ငှက်ပျောလက်မှ ငှက်ပျောစေးများယူ၍ ည့်ပါ။ ငှက်ပျောလက်မရှိပါက ငှက်ပျောသီးဖြင့် ဆောင် တ်ပါ။

၁၃။ ဘိစပ်ရွက်အစိမ်း

ဘိစပ်ရွက်ရှူးပြီး အရည်ညှစ်၍တိုက်ပါ။ နံနက်တစ် ညနေတစ်ဇွန်းတိုက်ပါ။

လည်ပင်းငွေ့င် အဖုအကျိတ်ရောဂါများပါ ပျောက် င်းပါသည်။

## မှတ်သားစေနည်း နိဿရည်း

၁။ စိန့်တိုက်ဆေးများ မာနေလျှင် ။ နွားနို့အနည်း ယ် ထည့်ဆွတ်ပေးပါက ပျော့သွားမည်။

၂။ မှိုများကိုစမ်းသပ်နည်း ။ မှိုအတွင်းဘက် ရွက် လွှာကလေးများပေါ်သို့ ဆားအနည်းငယ်ဖြူးကြည့်ပါ။ ည်းသွားလျှင် အဆိပ်ရှိ၊ ဝါသွားလျှင် အဆိပ်မရှိ။

၃။ ညစ်ပတ်နေသော ကျောက်စားပွဲ ။ ဆားနှံ့ အောင်ဖြူး ဝက်မှင်ဘီးဖြင့် ပွတ်တိုက်။

၄။ ငွေရောင်မပျက်အောင် ။ ငွေထည်များသိမ်း လျှင် ပရုပ်လုံးထည့်သိမ်းပါ။ ငွေရောင်တင်လိုလျှင် ဆေးလိပ် ပြာဖြင့်ပွတ်ပေးပါ။

၅။ အဆင်းကြောင်းထင်လျှင် ။ ဆေးသုတ်ပြီး စားပွဲ ထားထိုင်များ အစင်းကြောင်းထင်လျှင် စပျစ်သီး၊ ရှာလ ကာရည်နှင့် ရေနံဆီအနည်းငယ်ရော၍ ရေမြှုပ်ဖြင့် ပွတ် တိုက်ပေးပါ။

၆။ မင်ဖိတ်သော် ။ ကော်ဇောပေါ် မင်ဖိတ်သော် ဆားပုံထားပေးပါ။ ဆားထဲသို့ မင်များစိမ့်ဝင်လာမည်။ ဝက် မှင်ဘီးဖြင့် ခပ်နာနာတိုက်ပေးပါ။

၇။ မှန်ရောင်တင်နည်း ။ ကြည့်မှန်များ မှေးမှိန် လျှင် အဝတ်စရိုးရိုးတွင် အရက်ပြန်ဆွတ်၍ ပွတ်တိုက်ပါ။ ရေနံဆီ (ဝါ) ထုံးတို့ဖြင့်လည်းသုံးနိုင်။

၈။ ဆီကွက်များ ။ အရောင်တင် ပရိဘောဂတွင် ဆီကွက်များတင်စွန်းက ဆားရည်ဖြင့်ပွတ်တိုက်ပြီး အဝတ် ခြောက်ဖြင့်သုတ်ပါ။

၉။ အိမ်သုံးဖန်ခွက်များ ။ ဆားရည်ပူပူဖြင့် ဆေး ကြောပါ။ အရောင်တောက်လာပေမည်။

၁၀။ ရွက်ထည်ဖယောင်းပုဆိုး ။ အရောင်မွှမ်းလျှင် စပျစ်သီး၊ ရှာလကာရည်၊ တာပင်ဆီ၊ ပိုက်ဆံဆီလေးမျိုးကို လေလုံသောပုလင်းတွင်ထည့် နာနာလှုပ်၊ ဖလန်နယ်စဖြင့် ပွတ်တိုက်။

၁၁။ နွားနို့ချဉ်နံ့ရခဲ့သော်။ ဆိုဒါမှုန့် အနည်းငယ် ထည့်မွှေပါ။

၁၂။ အလင်းရောင် ။ မီးခွက်၊ မီးအိမ် အလင်း ရောင်ပိုမိုတောက်စေလိုလျှင် ရေနံဆီအောက်တွင် ပရုပ်ခဲ (ဝါ) ဆားအနည်းငယ်ဖြစ်စေ ထည့်ပါ။

၁၃။ လက်ဖက်ရည်စွန်းလျှင် ။ ရေနွေးပူပူဖြင့် အဝတ်အထည်များကိုလောင်းပါ အစွန်းပျောက်မည်။

၁၄။ သံချေးတက်လျှင်။ ဆန်လက်ဖက်ရည် ပန်းကန်တစ်လုံးလောက် ပြုတ်၍ ထိုဆန်ပြုတ်ရည်ထဲတွင် စိမ်ပါ။ ပြီးလျှင် ဆပ်ပြာဖြင့်လျှော်၊ တစ်နည်း ခရီးချဉ်သီးဖြင့် ပွတ်တိုက်၊ နေလှန်း။

၁၅။ နိုင်လွန်အင်္ကျီ ။ ဆီများ အစွန်းကွက်များ ဖြစ်လျှင် သနပ်ခါးသွေးပြီးသား (ဝါ) ကိုယ်လိမ်းပေါင်ဒါ ပုံထားပါ။ ငါးမိနစ်ကြာလျှင် သနပ်ခါး၊ ပေါင်ဒါများ ဖယ် ထုတ်ပါ။

၁၆။ ကတ္တရာစေးစွန်းလျှင် ။ တာတ်ဆီ၊ ရေနံဆီ တို့ဖြင့် ပွတ်တိုက်ပြီးလျှော်။

၁၇။ သွေးစွန်းသောအဝတ် ။ ဆားဖြင့်ပွတ်တိုက် ပြီး ဆပ်ပြာဖြင့်လျှော်။

၁၈။ မီးကျွမ်းသောအဝတ်။ ကြက်သွန်နီဥကို ထက် ခြမ်းခွဲ၍ မီးကျွမ်းနေရာ တိုက်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

၁၉။ အစွန်းအထင်း။ ရွှံ့ပေလျှင်လည်းကောင်း၊ တင်ချာစွန်းလျှင်လည်းကောင်း ရေနွေးဆူဆူတွင် ဖေက်သာထည့် လျှော်ဖွပ်။

၂၀။ ဖယောင်းစွန်းသော် ။ မင်နှိပ်စက္ကူကို အထက်အောက်ခံ၍ မီးပူ(အဝတ်ထည်စွန်းလျှင်)တိုက်ပါ။

၂၁။ သဘော်ဆေးဖျက်နည်း ။ အဝတ်ပွပွတွင် တာပင်ဆီဆွတ်၍ ပွတ်တိုက်။

၂၂။ ဖားဥစွဲသော် ။ အဝတ်ကိုရေဆွတ်၍ မီးပူဖြင့် နာနာဖိပေးပါ။

၂၃။ ပန်းပွင့်စွန်းလျှင် ။ သံပရာသီးဖြင့် ပွတ်တိုက်ပါ။

၂၄။ ဥများစွန်းလျှင် ။ ဘဲဥ၊ ကြက်ဥ အရောင်စွန်းလျှင် ရေအေးဖြင့်စိမ်ထားပြီး လျှော်ပါ။

၂၅။ အဝတ်များဖြူအောင် ။ အဝတ်များပြုတ်၍လျှော်။ လိုသောအခါ ရေနံဆီ ၃–၄ စက် ထည့်ရသည်။

၂၆။ ဆီစွန်းခဲ့သော် ။ တပင်တိုင်ဆီနှင့် သုတ်လိမ်း၍ သက္ကလတ်စဖြင့် နာနာပွတ်တိုက်။

၂၇။ ထီးများရွှံ့ပေသော် ။ အရက်ပြန်ကို ဂွမ်းဖြင့် တို့၍ ပွတ်ပေးပါ။

၂၈။ ကွမ်းတံတွေးပေသော် ။ အဝတ်ကိုရေဆွတ်၊ သွားတိုက်ဆေးဖြင့်ပွတ်၊ နာရီဝက်ခန့် ရေစိမ်ထားပြီး သွားပွတ်တံဖြင့်ပွတ်တိုက်ကာ ပြောင်စေ၏။

၂၉။ ဘဲမွေးနုတ်လွယ်ကူနည်း ။ မီးထွန်းဖယောင်းအနည်းငယ်ကို ရေနွေးဖြင့်ထည့်ပြုတ်။ ဖယောင်းပြုတ်ရေနွေးဖြင့် ဘဲကိုဖျော်၍ အမွေးနုတ်။

၃၀။ အသားဟင်း အမြန်နူးနည်း ။ ကြက်၊ အိမ်ဆိတ်၊ ဝက် အမြန်နူးစေရန် ကွမ်းသီးတစ်လုံး (ဝါ) တခြမ်းကို အခွံခွာ၍ ထည့်ပါ။

၃၁။ သစ်ပင်များပိုးကျခဲ့သော် ။ ထင်းမီးဖိုထဲမှ ပြာများကို ပိုးကျသည့်သစ်ပင်များကို ပက်ဖျန်းပေးပါ။

၃၂။ ဆားငါးမျိုး ။ ဆားပုပ်၊ ဆားခါး၊ သိန္ဓောဆား၊ ဖေက်သာနဲ့ ယမ်းစိမ်း။

၃၃။ တာရှည်ခံအောင် ။ သခွားသီး၊ ဖရုံသီး၊ ဘူးသီးများကို စပါးကျည်ထဲတွင် စပါးဖြင့်ရောနှောထားပါက မပုပ်မသိုး ပိုးမထိုးဘဲ ကြာရှည်ခံသည်။

၃၄။ သူခိုးရန်ဘေးတားနည်း (ကရင်ရိုးရာနည်း)။ ရက်တို၊ ရက်ရှည် ခရီးသွား၍ သူခိုးရန်ကင်းဝေးရန် မီးဖို…
ဝဲယာခြေဖနောင့် သုံးကြိမ်ဆောင့်ကာ စဖိုလယ်ပြာ…
အိမ်ရှေ့တံစက်မြိတ်အလွန်တွင် အပြင်(လမ်း)ဘေးသို့ …
နိုင်း၍ ထွီခနဲ တံတွေးသုံးကြိမ်ထွေးပြီးလျှင် ပြာများကို …
နှစ်ဖက်အကြားမှ အနောက်သို့လှမ်းကာ "သူခိုးမျက်လုံး…
ငါဖုံးလိုက်ပြီ"ဟု နှုတ်မှရွတ်၊ သူခိုးလာခဲ့သော် ပစ္စည်းမ…
ဘဲ ပြန်သွားရ၏။

၃၅။ ရေနံချေး စွန်းပေခဲ့သော် ။ ရေနံချေးကို…
သည့်လက်တို့ နံစော်သော် စပါးကျီဘေးက ဖွဲနုပုပ်ထဲ …
ဝါးနှစ်ဖက်လုံး ဖွဲနုတွေဖြင့် ပွတ်သပ်က ပျောက်၏။

၃၆။ သဘော်အဖိုပင်၊ အမ သိစေသောနည်း …
ဆီး(ဖီး)ကိုင်းလုံးပတ် လက်ညှိုးလုံးလောက်ကို အရှည်…
လက်မ နှစ်ချောင်းရအောင်ဖြတ်ပါ။ ပြီးက ဆီးကိုင်း…
ချောင်းကို နှစ်ဖက်ချွန်ပါ။ သဘော်ပင်၏ အောက်ခြေရင်း…
အထက်ခုနစ်လက်မခန့်အကွာနေရာတွင် အင်္ဂလိပ်အက္ခရာ…
( )ပုံစံကန့်လန့်ဖြတ်ရိုက်သွင်းပါ။ သဘော်ပင်ကြီး/…
လိုက် ဆီးကိုင်းအရွယ်အစား ပြောင်းလဲနိုင်။

၃၇။ သနပ်အစိုထားနည်း ။ သရက်သီးသနပ်…
မရန်းသီးသနပ်၊ သံပရာသီးသနပ် အစရှိသည်တွေမှာ …
လကာရည်၊ အရောင်တင်ဆီပါရှိတာမို့ ကြွေရည်သုတ်…
ဒန်ခွက်တို့မှာ ထည့်မထားရပါ။ ဓာတ်ပြောင်းလဲပြီး အ…
ဖြစ်နိုင်။ ရက်ကြာကြာထားလျှင် အပေါ်ယံတင်ပြီး မှို…
တတ်တယ်။ ဒါကြောင့် စားစရာထည့်ထားသော ပုလင်း…
ပေါ်မှာ မုန်ညင်းစေ့အထုပ်ကလေးတစ်ထုပ်ကျစီ တင်…
ပါ။ ဘယ်လောက်ကြာကြာ မှိုမတက်ပါ။

၃၈။ ဟင်းချိုဆားငန်လျှင် ။ အာလူးအစိမ်း…
တားဖြင့်အနည်းငယ်လှီး၊ အိုးထဲထည့်၊ မီးဖိုပေါ်တွင် …
နစ်ကျိုပြီးချ။ အာလူးဖတ်ဆယ်၊ အာလူးဖတ်သည် …
ရည်ကိုပြန်စုပ်၍ မငန်တော့ပါ။

၃၉။ မီးခိုးအထွက်နည်းနည်း ။ မီးသွေးမကောင်း…
မီးခိုးအထွက်များလျှင် ဆားခပ်များများ ရောစပ်ထား…
ရေအနည်းငယ်ကို ပက်ဖျန်းပေးပါ။

၄၀။ ဆန်ပိုးထိုးလျှင် ။ ဆန်များကို လေးလံ…
ပုံးထဲထည့်သွင်း သိုလှောင်ထားသောအခါ ဆန် ၁၀၀ …
လျှင် ရေတ်သီးခြောက် ငါးတောင့်နှုန်း ရောထည့်…
ဖြင့် ပိုးထိုးမှ ကာကွယ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com

၄၁။ သဘော်ပွင့် မခါးရအောင် သရက်ရွက်ထည့်ပြုတ်ပါ။

၄၂။ ဆားဓါးအာနိသင်

(က) အာလူးနှင့် ပိန်းဥများ ချက်ပြုတ်သောအခါ ဆားအနည်းငယ်ခပ်ပါက အာလူး၊ ပိန်းဥတို့ ပုံပန်းမပျက်အောင် ကာကွယ်ပေးနိုင်ပြီး အရသာလည်းကောင်းသည်။

(ခ) ဆားအနည်းငယ် ထည့်ထားသောရေနှင့် ခေါက်ဆွဲပြုတ်ပါက ခေါက်ဆွဲသည် မာလည်းမမာ၊ ပျော့လည်းမပျော့ပါ။

(ဂ) ဖက်ထုပ်ပြုလုပ်သောအခါ ဆားအနည်းငယ်ထည့်ထားသောရေကို ထည့်ပါက ကျက်ပြီးသားမုန့်ဖက်ထုပ်များ အိုးဖြင့်မကပ်ပါ။

(ဃ) လှီးဖြတ်ထားသော ကြာရှိုး ဒီအတိုင်း ကြာကြာထားပါက အရောင်ပြောင်းကာ ပြာသွားတတ်၏။ ဆားရည်အနည်းငယ်ရောပြီး ရေစင်အောင်ဆေးပါက အရောင်မပြောင်းဘဲ ဖြူဖြူဖွေးဖွေးဖြင့် စားချင်စရာတွေ့ရမည်။ အစိမ်းရောင်ဟင်းရွက် အဝါရောင်ဖြစ်သွားပါက ဟင်းချက်သည့်အခါ ဆားအနည်းငယ်ထည့်ထားပါက အစိမ်းရောင်ပြန်ဖြစ်သွားမည်။

(င) ခါး၍ဖန်သော ဟင်းသီးဖြစ်သည့် ကြက်ဟင်းခါးနှင့် မုန်လာဥတို့ကိုလှီးပြီး ဆားအနည်းငယ်ထည့်ကာ ရေတစ်ခါပြန်ဆေးပြီး ကြော်ပါက အခါးအဖန် အတော်လျော့သွားမည်။

(စ) သားငါး လတ်လတ်ဆတ်ဆတ်တို့ကို ဆားရည်ဖြင့်ဆေးပါက ညှီနံ့ပျောက်၍ အရသာပိုဆိမ့်မည်။ ဆားရည်ကျဲကျဲတွင် ၁၀ မိနစ်ခန့်စိမ်ထားပါက ဆီပူထိုးကြော်သောအခါ ငါးများ ကြေမွမသွားဘဲ ရနိုင်ပါ၏။

(ဆ) ဆီနှင့် အစားအစာကြော်သောအခါ ဆီထဲတွင် ဆားအနည်းငယ်ခတ်ထားပါက ဆီမပေါက်မစဉ်တော့ပါ။

(ဇ) တို့ဟူးကို ဆားရည်ခပ်ကျဲကျဲစိမ်ထားပါက အချိန်ကြာကြာထားသော်လည်း မူလအတိုင်း ရှိနေပါမည်။

(ဈ) ဆား ၁၅% ပါသော ဆားရည်တွင် အစိမ်းစားမည့် သစ်သီး၊ ဟင်းသီးဟင်းရွက်တို့ကို ၂၃ မိနစ်ကြာစိမ်ထားပါက ရောဂါပိုးမွှားကင်း၍ ရေသန့်စင်အောင်ဆေးပြီး စိတ်ချစွာစားနိုင်၏။

(ည) စဉ်းတီတုံးကို ဆန်ဆေးရည်ထဲစိမ်ပြီး ဆားအနည်းငယ်ထည့်ကာ တိုက်ချွတ်၍ သန့်စင်အောင် တစ်ခါလောင်းဆေးပါက ရောဂါပိုးကင်းပြီး ညှီစော်နံ့ပါပျောက်ပါ၏။

(ဋ) ငါးကိုင်ပြီး ညှီစော်နံ့ပါက ဆားအနည်းငယ်ကိုလက်တွင်ပွတ်ပြီး ဆပ်ပြာနှင့်လက်ဆေးပါ။ အနံ့ပျောက်သည်။

(ဌ) စီးကရက်ထုတ်သော ခဲစက္ကူနှင့် ဆားတို့၍ ကြွေထည်ပစ္စည်းပွတ်တိုက်ပါက အညစ်အကြေးများ ဖျက်ပစ်နိုင်သည်။

(ဍ) အိမ်သာသုံး ကြွေမစင်အိုးနှင့် အခြားသော ကြွေထည်ပစ္စည်းများအား ဆားရည်ဖြင့်တိုက်ချွတ်ပါက အညစ်အကြေးများ ဖျက်ပစ်နိုင်။

(ဎ) မီးဖိုချောင်သုံးပစ္စည်းများ ညစ်ပတ်ပါက ဆားရည်နှင့်တိုက်ချွတ်ပါက ပြောင်စေနိုင်၏။

(ဏ) ဒယ်အိုးထဲတွင် ဆီလောင်လျှင် ရေနှင့်ငြိမ်းပါက ပိုဆိုးမည်။ ဆားလက်တစ်ဆုပ်ယူ၍ ဖျန်းပေးလျှင် မီးငြိမ်းမည်။

(တ) နှင်းကိုကြနာဖြစ်ပါက ဆားရည်ဖြင့် ဆေးကြောပါက အယားပျောက်၊ နာကျင်မှုပျောက်မည်။

(ထ) ဆားရည်ခပ်ကျဲကျဲထည့်ထားသော ပန်းအိုးထဲတွင် လက်ဆတ်သော ပန်းများစိုက်ထိုးပါ။ ကြာရှည်ခံမည် (သို့) ဆားရည်ခပ်ကျဲကျဲဖြင့် ပန်းခိုင်ကိုလောင်းပေးကပန်းပွင့်ချိန် ကြာစေမည်။

(ဒ) အစာစားပြီးတိုင်း ဆားရည်ဖြင့် ပလုတ်ကျင်းပါက အပုပ်အစင်ကင်း၊ သွားနှင့်သွားဖုံးများ ခိုင်မာစေသည်။

၄၄။ ဝမ်းတွင်းရှိသန်ကောင်များ ကျဆင်းစေရန်။ အိမ်မွှေ့သီး ၅ ပဲသား(အမှုန့်)ကို ရေနှင့်ဖြစ်စေ (သို့) ဒိန်ချဉ်ရည်ဖြင့် ညစာစားပြီး ၁၅ မိနစ်အကြာ သောက်ပါ။ သုံးရက်ဆက်တိုက်သောက်ပါ။ လစဉ်ပုံမှန် တစ်လတစ်ကြိမ်သောက်ပါ။

မျိုးသန်းထွန်းကို(ရေစကြို)

9-2300014



www.burmeseclassic.com


www.burmeseclassic.com

# ဆေးဖက်ဝင် အပင်များ

ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)

## စိန်တပေါ်ပင်(မြန်မာ)

စိန်တပေါ်ပင်ကို ဟိန္ဒီဘာသာ (ဂျုံဂလီအုခ်ဆိဗား)ဟု ခေါ်၏။ လက်တင်ဘာသာ SMILAX ZEYLANICA ဟု ခေါ်ပါသည်။ စိန်တပေါ်ပင်သည် မြန်မာစိန်တပေါ်နှင့် သဘော်စိန်တပေါ်ဟူ၍ နှစ်မျိုးရှိ၏။ မြန်မာစိန်တပေါ်သည် နွယ်မျိုးဖြစ်၍၏။ အပင်ကြီးများပေါ်တွင် မှီတွယ်၍တက်ပြီး အလေ့ကျပေါက်သော အပင်မျိုးဖြစ်၏။ အရွက်များသည် ရှည်ဝိုင်းဝိုင်းဖြစ်၍ အပေါ်ဘက်တွင် ပြောင်ချောနေ၏။ အောက်ဘက်မှာ ကြမ်း၏။ အသီးများသည် လုံးဝိုင်း၍ စားတော်ပဲလုံးခန့်ရှိ၏။ အမြစ်များမှာ နီရောင်သန်းနေ၏။




ဆေးသုံးရာတွင် အမြစ်များကို အသုံးများ၏။ လက်ဆတ်သော အမြစ်များက ပို၍ အာနိသင်ထက်၏။ အရွက်ကိုလည်း အသုံးပြုကြ၏။

ဂုဏ်သတ္တိနှင့် အာနိသင်မှာ ဖောရောင်ခြင်း၊ ကိုက်ခဲ ခြင်း၊ ကိုယ်ရေပြားရောဂါ၊ နူနာ၊ သွေးမသန့်သောရောဂါများကို ပျောက်ကင်းစေ၏။ အရွက်နုများကို ပြုတ်၍သုပ်စားကြ၏။ ဟင်းချိုချက်၍လည်း သောက်ကြ၏။ သွေးဝမ်းကိုက်ခြင်း မီးယပ်သွေးဆင်းရောဂါ ဖြစ်ပါက အမြစ်ကိုသွေး၍ နွားနို့ဖြင့် တိုက်ပေးက ပျောက်၏။ ဖောရောင်သောရောဂါများအတွက် အမြစ်ပြုတ်ရည်ကို ဆွေးအောင်းခြင်း၊ ရေဖြင့်ရော၍ ချိုးပေး ပါက ပျောက်ကင်းစေ၏။

## စိန်ပန်းအသေးပင်

စိန်ပန်းပင်သည် ပင်ကြီးမျိုးနှင့် ပင်သေး နှစ်မျိုးရှိ၏။ စိန်ပန်းအသေးပင်သည် အမြင့်ဆုံး ၁၅ ပေ ကျော်မျှ ရှိ၏။ အရွက်များသည် ထနောင်းရွက်နှင့်တူ၏။ အချို့အပင်များ သည် အဖြူပွင့်၍ အချို့က အဝါပွင့်ကြ၏။ အသီးများ အတောင့်လိုက်သီး၍ ပြား၏။ လေးလက်မ ကျော်ကျော်ရှိ၏။ အသီးပေါ်တွင် အမွေးနုလေးများပါရှိ၏။ နုစဉ် အရောင်စိမ်း၍ ရင့်သောအခါ ခပ်ပြာပြာအရောင်ဖြစ်လာ၏။ အတွင်းတွင် အစေ့ကလေးများ ပါရှိ၏။ ဆေးဖော်ရာတွင် ပဥ္စင်းပါးစလုံး အသုံးပြုကြ၏။

ရသာ အကျိုးသွားနှင့် ဂုဏ်သတ္တိမှာ ဖန်၏၊ ခါး၏၊ အေး၏။ ဝိပါကဥ္စ စပ်၏။ ဒေါသသုံးပါးစလုံးနိုင်၏။ နှလုံး ပြေပြစ်၏။ လေရောဂါကိုနိုင်၏။ အနာပေါင်း၊ အနာဆွေး ပျောက်ကင်းစေ၏။ အဖျားရောဂါနှင့် နာစေးခြင်းကိုလည်း ပျောက်၏။ အပွင့်ဖြူ၏အမြစ်သည် ဆေးဖော်ရာတွင် အခြောက် နှစ်မျိုးလုံး အစွမ်းထက်၏။ အပွင့်ဝါ၏ အမြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

အစိုးက သာ၍အစွမ်းထက်၏။ အပွင့်၊ အသီး၊ အရွက်များလည်း ဆေးဖက်တွင် အသုံးပြုကြ၏။




စိန်ပန်း(အသေး)

## စေးမခန်းပင်

စေးမခန်းပင်ကို သက္ကတဘာသာအားဖြင့် (ဘဒြဒန္တီ) ခေါ်၏။ လက်တင်ဘာသာအနေဖြင့် JATROPHA MULTIFIDA ဟု ခေါ်ပါသည်။ စေးမခန်းပင်များသည် နွယ်ရောင်ပင်ရောင်မျိုးဖြစ်ပြီး ဥယျာဉ်ခြံများတွင် စိုက်ပျိုးကြ၏။ အရွက်များ လက်ခြားထွက်ပြီး ကြီး၏။ ဖား၏။ အရွက်များ ဖြာထွက်ပြီး အဖျားချွန်၏။ ဘိန်းပင်နှင့်တူ၏။ အပွင့်များသည် အနီရောင်ဖြစ်၏။ ဆေးဖက်တွင် အသီးကို အသုံးများကြ၏။

ရသာအကျိုးသွားနှင့် ဂုဏ်သတ္တိမှာ စပ်၏။ ပူ၏။ ဝိပါကဌ် စပ်၏။ ဒူလာရောဂါ၊ လိပ်ခေါင်းရောဂါ၊ အအေးမိ၊ နှာစေးချောင်းဆိုးရောဂါများနှင့် ဖျဉ်းရောဂါတို့ကို ပျောက်ကင်းစေနိုင်၏။ အစေ့သည် ချို၏။ ဆီရှိ၏။ ဝမ်းကိုသက်စေ၏။ ကာမကို အားပေး၏။ လူကို ဝဖြိုးစေ၏။ သလိပ်ကို ပွားစေ၏။ အော့အန်စေ၏။ အပူကိုပွားစေ၏။ အစေးသည် အအေးမိနှာစေး ချောင်းဆိုးရောဂါ၊ အနာပေါက်ရောဂါတို့ကို ပျောက်ကင်းစေ၏။ ဝဲနာ၊ ယားနာပေါက်က အရွက်သတ္တု ရည်လိမ်းပေးက ပျောက်ကင်း၏။ အစေ့ကို အန်ဆေး၊ ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုကြ၏။ ချင့်ချိန်၍ သောက်သုံးသင့်၏။ အလွန်အကျွံသောက်၍ ဝမ်းတအားသွားခဲ့ပါက သံပရာရည်တိုက်ပေးက ဝမ်းရပ်၏။



စေးမခန်းပင်

## စောင်ချမ်းပင်

စောင်ချမ်းပင်ကို လက်တင်ဘာသာ OSYRIS ARBOREA ခေါ်၏။ စောင်ချမ်းပင်များသည် ပင်လတ်ပင်ငယ်မျိုးများဖြစ်ပြီး အညာအပူပိုင်းဒေသတွင် အလေ့ကျပေါက်ကြ၏။ အရွက်များ ရွက်ခြားထွက်၍ စိမ်း၏။ နှစ်လက်မ ကျော်ကျော်ရှည်ပြီး အဖျားချွန်၏။ ရွက်ကြောများပါရှိ၏။ အသီးနှင့်အမြစ်ကို ဆေးဖက်တွင် အသုံးပြုကြ၏။ အညာဒေသတွင် စောင်ချမ်းသီးအချဉ်တည်၍ စားကြ၏။ လေကို



www.burmeseclassic.com


www.burmeseclassic.com

နိုင်၍ သွေးအားကိုကောင်းစေသဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြု၏။

ဂုဏ်သတ္တိနှင့် အကျိုးသွားမှာ အသီးသည် ဖန်၏၊ ချဉ်၏၊ လေကိုနိုင်၏။ သွေးကို တက်ကြွစေ၏။ အရွက်၏ သတ္တုရည်သည် အန်စေတတ်၏။ ရှေးသမားတော်များ အန်ဆေးအဖြစ် အသုံးပြုကြ၏။ စောင်ချမ်းသီးအား ဆေးဖော်ရာတွင် အတွင်းမှ အဆန်များပါမှ အာနိသင်ထက်သည်။ အချို့က အခွံခွာ၍ အတွင်းဆန်များ အချဉ်တည်စားပြီး အပြင်ခွန်များပါရောင်းသဖြင့် ဆေးဖော်ရာတွင် အတွင်းဆန် ပါ/မပါ စိစစ်ရန် လိုပါသည်။ ရှေးသမားတော်ကြီးများက "စောင်ချမ်းခံတက်၊ ဆူးခေါင်းနှက်ဟု စာဆိုပြုထားသဖြင့် စောင်ချမ်းသည် ဆေးဖက်တွင် အလွန်အသုံးဝင်၏။

## စစ်တုံပင်

စစ်တုံပင်သည် ပင်လတ်မျိုးဖြစ်ပြီး အရွက်များသည် ရိုးတံရှည်ပြီး အဖျားချွန်သည်။ ရွက်ကြောများပါရှိ၏။ ကြာရွက်



စစ်တုံပင်

နှင့် ပုံသဏ္ဍာန်တူသည်။ စစ်တုံပင်သည် အနီပင်နှင့်အဖြူပင် နှစ်မျိုးရှိသည်။ စစ်တုံနီပင်သည် အရိုးနှင့်အရွက်များ နီသည်။ စစ်တုံဖြူပင်သည် အရိုးနှင့်အရွက်စိမ်းပေါ်တွင် ဖြူရောင်သန်းလျက်ရှိနေသည်။ စစ်တုံပင်များသည် အကိုင်းအခက်များဝေဆာပြီး အပွင့်များလည်း ဝေဝေဆာဆာပွင့်သည်။ မွှေးသည်။ စစ်တုံပင်များသည် အစေ့မှအပင် မပေါက်သောကြောင့် အပင်ရင်းမှထွက်သော အတက်များကို စိုက်ပျိုးကြလေသည်။ အလွန်ပွားသော အပင်မျိုးဖြစ်၍ အလုစိုက်ပျိုးကြပေသည်။ တိုင်းရင်းဆေးဖော်စပ်ရာတွင် များစွာအသုံးဝင်သော အပင်မျိုးဖြစ်သည်။

## စက်ကတုံးပင်

စက်ကတုံးပင်ကို ဟိန္ဒီဘာသာ(ပိဏ္ဍါရ်)ခေါ်၏။ လက်တင်ဘာသာအားဖြင့် THEWIA NUDIFLORA ဟု ခေါ်၏။ ၎င်းအပင်သည် အပင်ကြီးမျိုးဖြစ်၏။ အရွက်ကြီးပြီး အလယ်ဝိုင်းကာ အဖျားချွန်၏။ ရွက်ကြောများပါရှိ၏။ အရှည်ရှစ်လက်မကျော်၍ ဗျက် လေးလက်မကျော်၏။ အဖိုပင်၊ အမပင်ဟူ၍ရှိပြီး အဖိုပွင့်သည် ဝါ၏။ အမပွင့်သည် စိမ်း၏။ အသီးများသည် တစ်လက်မခွဲခန့် ရှိ၏။ စက်ကတုံးပင်ကို ဒေသအလိုက် သစ်မြုပ်ပင်ဟုလည်းကောင်း၊ ရေမြုပ်ပင်ဟုလည်းကောင်း ခေါ်ဆိုကြသေး၏။

ရသာအကျိုးသွား စွမ်းရည်များမှာ ဖန်၏၊ ခါး၏၊ အေး၏။ ဝိပါကဠ် စပ်၏။ ကြေကျက်လွယ်၏။ ဒေါသသုံးပါးစလုံးကိုနိုင်၏။ ခွန်အားနှင့်သည်းခြေကို ဖြစ်စေ၏။ သွေးကိုပွားစေ၏။ အဆိပ်ကိုနိုင်၏။ လေထိုး၊ လေအောင့်၊ လေနာခြင်းနှင့် အဖုအကြိတ်များကိုလည်း ပျောက်ကင်းစေနိုင်၏။ ဝမ်းဖော၊ ဝမ်းရောင်ဖြစ်က အမြစ်ကိုပြုတ်၍ သောက်က ပျောက်၏။ ဖောရောင်ခြင်းနှင့် အနာစက်များကိုလည်း ပျောက်ကင်းစေ၏။

### သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)

ကိုးကား-

ရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန်



www.burmeseclassic.com

www.burmeseclassic.com





တက္ကသိုလ်

# နန်းဦး

## စားတော်ဆက်

သန့်ရှင်းလတ်ဆတ်သော တရုတ်အစားအစာ မြန်မာ အစားအစာများကို ဈေးနှုန်းချိုသာစွာဖြင့် သုံးဆောင်၍ စိတ်ကိုင်းကျတည်းခိုလိုလျှင် တက္ကသိုလ်နန်းဦး စားတော်ဆက် သို့ ကြွလှမ်းခဲ့ပါလို့ ဖိတ်ခေါ်ပါရစေ။

ကျိုက်ထီးရိုးဘုရားသို့ ရောက်ခဲ့လျှင် ကျိုက်ထီးရိုးရင်ပြင်တော် မုဆိုးဘုရားလမ်းရှိ တက္ကသိုလ်နန်းဦး စားတော်ဆက်သို့ ဝင်ရောက်သုံးဆောင်ဖို့ မမေ့နဲ့နော်။

တက္ကသိုလ်နန်းဦး စားတော်ဆက် - ကျိုက်ထီးရိုးရင်ပြင်တော် မုဆိုးဘုရားလမ်း၊ ဖုန်း - ၀၉-၈၇၂၃၂၆၀

# ဂမ္ဘီရ ဆရာလှမျိုး(B.Sc)

ရေးသားပြုစုသော

(၁) အယူတော်မင်္ဂလာ အတိတ်နိမိတ်နှင့် ယတြာများ

(၂) သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ဘုရားကြီး၏ ထက်မြက်စွမ်းအား ဂါထာ မန္တန် မန္တရားများ

(၃) ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်တစ်ဝိုက် ဘုရားစေတီများ အဓိဋ္ဌာန်ဝင် ပူဇော်ဆုတောင်းနည်း စာအုပ်များ ထွက်ရှိနေပါပြီ။

ဖြန့်ချိရေး

မဇ္ဈိမစာပေ - ဖုန်း - ၀၁-၃၉၂၇၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၇၄၃


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား

■မင်းသိင်္ခ

*( ယခင်လမှအဆက် )*

ဆိတ်ဖွားသည် အကောင်းစားစီးကရက်ကို သောက်ရင်း အိုလံအား လွန်စွာ စိတ်ဝင်စားဖွယ်ရာကောင်းသော ဟိန္ဒူပုံပြင်ကြီးတစ်ပုဒ်ကို ပြော၍လာလေ၏။

ဖရေဇာလမ်းရှိ လွန်စွာကြီးကျယ်သော စာပုံနှိပ်တိုက်တစ်ခုရှေ့သို့ ရောက်လျှင် ကားကိုရပ်စေ၍ ကားပေါ်မှဆင်းသဖြင့် အိုလံလည်း ဘုမသိဘမသိနှင့် လိုက်ပြီးဆင်းခဲ့လေ၏။

ဆိတ်ဖွားသည် ပုံနှိပ်တိုက်ကြီးအတွင်းသို့ ဝင်သွားပြီး မန်နေဂျာစားပွဲရှေ့ရှိ ကုလားထိုင်၌ ဝင်၍ထိုင်လိုက်လျှင် အိုလံလည်း အခြားကုလားထိုင်တစ်လုံး၌ ထိုင်လေ၏။

"ဆို ..."

ပုံနှိပ်တိုက်၌ မန်နေဂျာဖြစ်ရသည်ကို မဟာဝန်ရှင်တော်မင်းရာထူး ရထားသည်ဟု မှတ်ထင်နေပုံရသော ခပ်ညှို့ညှို့မန်နေဂျာက ဆိတ်ဖွားအား အရင်းမရှိ အဖျားမရှိသော စကားဖြင့် စတင်လိုက်လေ၏။

"ကျုပ် အခုလာတာ 'ဆို'မလို့ လာတာမဟုတ်ဘူး၊ အလုပ်အပ်မလို့ လာတာ"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် မန်နေဂျာ၏ စားပွဲပေါ်မှ စာရွက်လွတ်တစ်ခုကိုယူ၍ အောက်ပါစာကို ရေးလေ၏။

**PROF: SATE FWAR.**
**MEMBER OF THE ASIATIC BUBBLE RESEARCH ASSOCIATION**
**OFFICE ..........**
**PHONE RESIDENCE .........**

**ပရော်ဖက်ဆာဆိတ်ဖွား၊**
**အာရှတိုက်လုံးဆိုင်ရာ**
**ဆပ်ပြာပူဖောင်း**
**သုတေသနအဖွဲ့ဝင်လူကြီး**
**ရုံး -----**
**ဖုန်း----  အိမ် -----**

"အဲဒီအတိုင်း ဗီဇစ်တင်းကတ် ရိုက်ချင်ပါတယ်၊ ပြီးတော့ အဲဒီ ခေါင်းစည်းနဲ့ပဲ ရိုက်တင်းပက်လည်း ရိုက်ချင်ပါတယ်"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် မန်နေဂျာလည်း ဆိတ်ဖွားရေးပေးသော စာကိုကြည့်၍ ဆိတ်ဖွားအား

"ဟုတ်ကဲ့၊ အခုလို ပရော်ဖက်ဆာကြီးကိုယ်တိုင် ကျွန်တော်တို့ပုံနှိပ်တိုက်ကို လာပြီး အလုပ်အပ်တာကို ဂုဏ်ယူပါတယ်ခင်ဗျ"

ဟု ပြောလေ၏။

ဆိတ်ဖွားသည် ဗီဇစ်တင်းကတ်ခေါ် လိပ်စာကတ်နှင့် စာရေးစက္ကူများ အပ်နှံပြီးနောက် ပုံနှိပ်တိုက်မှ ထွက်လာခဲ့လေ၏။ လမ်း၌ အိုလံက အောက်ပါအတိုင်း ပြောလေ၏။

"ဆရာဆိတ်ဖွား ... လိပ်စာကတ်က ဘာလုပ်ဖို့လဲဗျ"

"ဟေ့ကောင်ရ၊ လူချင်းတွေ့ရင် လိပ်စာကို ပါးစပ်နဲ့မပြောဘဲ ကတ်ပြားလေးပေးလိုက်ရမှ ပိုပြီး ဂုဏ်ရှိတယ်လို့ လူတွေက ထင်နေကြတယ်ကွ။ အမှန်တော့ လိပ်စာကတ်ဆိုတာ မင်းလိုသူတောင်းစားကပဲ လုပ်လုပ်၊ ငါလို သုဘရာဇာကပဲလုပ်လုပ် လုပ်လို့ရတာပါပဲကွာ။ တချို့များ ဘာကောင်မှမဟုတ်ဘဲ စာရေးစက္ကူမှာ သူ့ရဲ့နာမည်ကို ဘလောက်နဲ့ရိုက်ပြီး သီးသန့် စာရေးစက္ကူတွေ ဘာတွေတောင် လုပ်ထားကြသေးတယ်"

"ဘာဖြစ်လို့ အဲဒီလိုလုပ်ထားကြသလဲ ဆရာဆိတ်ဖွား"

"သူများက သူ့ကို ကြီးကျယ်တဲ့လူလို့ ထင်အောင်ပေါ့ကွာ။ အမှန်တော့ တကယ်မကြီးကျယ်တဲ့လူတွေက ပိုပြီးလုပ်လေ့ရှိတယ်။ ကမ္ဘာပေါ်မှာ တကယ်တမ်းကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေဟာ အဲဒီလိုလုပ်တယ်လို့ ငါဖြင့် တစ်ခါမှ မကြားဖူးပါဘူး"

"ဆရာရေးထားတာက ဘာလဲဗျ၊ အာရှတိုက်လုံးဆိုင်ရာ ဆပ်ပြာပူဖောင်း သုတေသနအဖွဲ့ဆိုတာက ဘာလဲဗျ"

"ငါ့မှာ ဘာဘွဲ့ထူး ဂုဏ်ထူးမှ မရှိတော့လည်း လူအထင်ကြီးအောင် ရေးရတာပေါ့ကွာ ...။ ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

သဘော်ဂရိုးနဲ့မှတ်တဲ့ ဆပ်ပြာပူဖောင်းကို ဘယ်နိုင်ငံကများ သုတေသနလုပ်မှာလဲကွာ။ ဟဲ ...ဟဲ ... ဆပ်ပြာပူဖောင်းဆိုတာက လူတွေအနေနဲ့ အထင်ကြီးစရာ မဟုတ်ပါဘူး။ ဒါပေမယ့် ရှေ့ကပါတဲ့ 'အာရှတိုက်လုံးဆိုင်ရာ'တို့ 'ဟိုဟာ'တို့ 'ဒီဟာ'တို့ ဆိုတဲ့ စာလုံးတွေက မြင်ရတဲ့လူတွေကို ခြောက်လှန့်လိုက်တာပဲ။ အဲဒီကတ်ကိုတွေ့ရင် ဘာမှန်းမသိဘဲ လူတွေအထင်ကြီးကြလိမ့်မယ်။ လူတွေဟာ များသောအားဖြင့် ဒုံးဝေးတဲ့လူတွေက များတယ်ကွ"

ဟု ပြောကာ ဆိတ်ဖွားသည် စီးကရက်ကို ထုတ်၍သောက်လေ၏။

"တယ်လီဖုန်းနံပါတ်က ဘာတွေ လျှောက်ထည့်ထားတာလဲ ဆရာဆိတ်ဖွားရဲ့"

"ပထမနံပါတ်က တံတားလေးဆေးရုံးက နံပါတ်၊ သိပ်ပြီးအလုပ်များတဲ့ တယ်လီဖုန်း၊ ဆက်ဖို့မလွယ်ဘူး။ ဆက်ခဲ့လို့ရှိရင်လည်း ကိစ္စမရှိဘူး။ ဆက်တဲ့လူကို အရူးလို့ထင်မှာပဲ။ ဒုတိယနံပါတ်ကတော့ တယ်လီဖုန်းအိပ်ချိန်းက စိတ်ညစ်မယ့် နံပါတ်။ ရန်ကုန်က အဲဒီနံပါတ် ရှိကို မရှိဘူး"

"ဗျာ ... ပိုင်လိုက်တာ ဆရာဆိတ်ဖွားရယ်"

ဟု အိုလံက အားရဝမ်းသာပြောလိုက်လေ၏။

အထက်က ဖော်ပြခဲ့သည့်အတိုင်း ဆိတ်ဖွားနှင့် အိုလံတို့သည် လိပ်စာကတ်များအပ်ခဲ့ကြပြီး နှစ်ရက်မြောက်သောနေ့၌ ဆိတ်ဖွားသည် ဇရပ်ပေါ်၌ထိုင်ကာ သတင်းစာတစ်စောင်ကို ဖတ်၍နေလေ၏။ ထိုသို့ဖတ်နေရင်းက ဆိတ်ဖွားသည် ခေါင်းကို ဆေးသုတ်လျက်ရှိသော အိုလံအား လှမ်း၍ခေါ်လိုက်ပြီးလျှင် ...

"အိုလံရေ ... ဟောဒီ သတင်းစာမှာပါတဲ့ ဖိတ်ကြားစာကြော်ငြာကို ကြည့်ပြီး သေချာမှတ်ထားစမ်း"

ဟု ဆိုသဖြင့် အိုလံလည်း စုတ်တံကိုချ၍ ဆိတ်ဖွားပြသော သတင်းစာမှ ကြော်ငြာကို ဖတ်ရှုလေ၏။

"ဘာကိုမှတ်ထားရမှာလဲ ဆရာဆိတ်ဖွားရဲ့"

အင်းလျားလမ်းမှာနေတဲ့ မြေပိုင်ရှင်သူဌေးကြီး ဦးမြနဲ့ သူဌေးကတော် ဒေါ်သဲညွာတို့ရဲ့သမီး ဗြူတီးရဲ့ မင်္ဂလာဆောင်ညည့်ခံပွဲကို ကြွရောက်ကြဖို့ ဖိတ်ထားတာမဟုတ်လား"

"ဟုတ်တယ်လေ"

"အဲဒီ ညည့်ခံပွဲကို သွားရမယ်။ အဲဒီမှာ အထက်တန်းစားတွေနဲ့ တွေ့မယ်။ မတရားမှုတွေကို ဖော်ထုတ်ပြီး အပြစ်ပေးရမယ့် ငရဲမင်းကြီးလုပ်ငန်းကို လုပ်ကြမှာ မဟုတ်လား။ မတရားမှုဆိုတာက လူကုံထံတွေဆီမှာ ပိုပြီးပေါ်ပေါက်နိုင်တာကွ"

"ဖြစ်ပါ့မလား ဆရာဆိတ်ဖွားရယ်"

"ဟာကောင်ရ၊ လူတွေလုပ်တဲ့ ညည့်ခံပွဲကို လူတွေဖြစ်တဲ့ မင်းနဲ့ ငါနဲ့က တက်ရောက်တာပဲ။ ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ။ အထက်တန်းလွှာလို့ ကိုယ့်ကိုယ်ကို ထင်နေတဲ့လူတွေဟာ တစ်ဦးကိုတစ်ဦး ညာနေကြတာကွ။ ငါတို့ကလည်း ဝင်ပြီး ညာမှာပဲဥစ္စာ ဘာများခက်လို့လဲ"

"စိန်လိုက်လေ။ ဆရာဆိတ်ဖွားနဲ့ သွားရတာပဲဗျာ၊ ကျွန်တော် မစိုးရိမ်ပါဘူး"

ဟု အိုလံကပြော၍ သူ၏လက်သည်းကို ပါးစပ်ဖြင့်ကိုက်၍ ဆိတ်ဖွားအား ကြည့်နေလေတော့၏။

❖ ❖ ❖

မြေပိုင်ရှင်သူဌေးကြီး ဦးမြနှင့် ဒေါ်သဲညွာတို့၏သမီး မင်္ဂလာဆောင်ညည့်ခံပွဲမှာ လွန်စွာ စည်ကားလှပေသည်။ ခြံစွန်းရှိ သစ်ပင်များပေါ်၌လည်း မီးရောင်စုံများ ထွန်းညှိထားလေ၏။ ကြွရောက်လာသော ညည့်ပရိသတ်အသီးသီးမှာ အဆင်အသွေးအမျိုးမျိုးကို ဝတ်ဆင်၍ လာကြသကဲ့သို့ စိန်များ၊ ရွှေများလည်း သူ့ထက်ငါ ဝတ်ဆင်လာကြသည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး ကြည့်ရသည်မှာပင် မျက်စိကျိန်းမတတ် ရှိလေ၏။

ဆိတ်ဖွားနှင့် အိုလံတို့သည် ဘောင်းဘီ၊ အင်္ကျီ၊ နက်တိုင်တို့ကို သေသပ်ကျနစွာဝတ်ဆင်လျက် သချိုင်းကုန်း ဇရပ်ကြီးမှနေ၍ မော်တော်ကားဖြင့် ထွက်လာခဲ့လေ၏။

"ဟဲ ... ဟဲ၊ မင်္ဂလာဆောင်က ကျွန်တော်တို့နှစ်ယောက်လာမှ ကျက်သရေမင်္ဂလာတွေ အပြည့်ဖြစ်သွားမယ်။ သချိုင်းက ထလာတဲ့ သူတောင်းစားနဲ့ သုဘရာဇာ ... ဟား ... ဟား"

'ဟု အိုလံက သူ့ဘာသာ ပြော၍ရယ်မောလေ၏။ ဆိတ်ဖွားကမူ စီးကရက်သောက်ရင်း သူ့စိတ်ကူးနှင့်သူရှိလေ၏။ အင်းလျားလမ်းရှိ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ပြုလုပ်သော ခြံရှေ့သို့ရောက်လျှင် ကားပေါ်မှ ဆင်းလာကြလေ၏။

ဆိတ်ဖွားသည် ခြံအဝင်အဝ၌ ခေတ္တရပ်လိုက်လေ၏။ အိုလံမှာမူ ခြံဝမှနေ၍ ကြိုဆိုနေသော မိန်းကလေးနှစ်ဦးအနီးသို့ ကပ်သွားပြီးလျှင် ...

"ဒီမှာ သိပ်အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီးရောက်လာပြီ။ သူဌေးဦးမြနဲ့ ဒေါ်သဲညွှာတို့ကို သွားပြောလိုက်ပါ။ ပြင်သစ်ပြည် လာဆောဘွန်းတက္ကသိုလ်က ပရောဖက်ဆာကြီး ဒေါက်တာဆိတ်ဖွားဆိုတာပဲ"

ဟု ပြောလိုက်ရာ မိန်းကလေးနှစ်ဦးသည် ခြံတွင်းသို့ ပြေးဝင်သွားကြပြီးနောက် သူဌေးကြီးဦးမြနှင့် သူဌေးကတော်ကြီး ဒေါ်သဲညွှာတို့ကို ပြောပြကြလေ၏။

လွန်စွာ ဂုဏ်လိုချင်လှသော ဒေါ်သဲညွှာနှင့် သူဌေးကြီးတို့လည်း မိန်းကလေးများနှင့်အတူ ခြံဝဆီသို့ ခပ်သုတ်သုတ်လျှောက်၍ လာလေ၏။

"ပရော်ဖက်ဆာ ... ဟောဒါ ကျုပ်တို့တိုင်းပြည်မှာ နာမည်ရှိတဲ့ မြေပိုင်ရှင်ကြီးတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့ သူဌေးကြီးဦးမြပါပဲ။ ဒါက သူဌေးကတော် ဒေါ်သဲညွှာပါ။ သူဌေးမင်း ... ဟောဒါ ပြင်သစ်ပြည် ယူနီဗာစတီက ပြန်လာတဲ့ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွားပါ"

ဟု အိုလံက မိတ်ဆက်ပေးလိုက်လျှင် သူဌေးကြီးနှင့် သူဌေးကတော်တို့သည် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ကြလေ၏။

"ကျုပ်တို့က ဒေါက်တာဘွဲ့ရတာဆိုတာ ဆရာဝန်လောက်ပဲ သိတာကလား။ ဟော ... အခု ဒေါက်တာဆိတ်ဖွားတဲ့။ ဝမ်းလည်းသာပါရဲ့၊ ဂုဏ်လည်းယူပါရဲ့"

ဟု သူဌေးကြီးကပြော၍ ဆိတ်ဖွားအား ခြံတွင်းသို့ ခေါ်သွားပြီးလျှင် နေရာထိုင်ခင်း စီစဉ်ပေးပြီးနောက် တခြားလူများနှင့်ပါ မိတ်ဆက်ပေးလေ၏။

"ဝတ်လုံတော်ရမင်း ဦးမဲရေ။ ဟောဒါ ပြင်သစ်ပြည်၊ လာဆောဘွန်း ယူနီဗာစတီက ရောက်လာတဲ့ ပရော်ဖက်ဆာကြီး ဒေါက်တာဆိတ် ... ဆိတ် ... ဆိတ် ..."

"ဆိတ်ဖွားပါဗျာ"

အိုလံက ကြားမှဝင်၍ ထောက်ပေးရလေ၏။

"ဆိတ်ဖွား ... ဆိတ်ဖွား ... တဲ့ ဝတ်လုံတော်ရမင်းရေ"

"ဝမ်းသာလိုက်တာ ပရော်ဖက်ဆာ"

ဟု ဝတ်လုံတော်ရမင်း ဦးမဲက နှုတ်ဆက်လိုက်လေ၏။

"ဟုတ်ကဲ့၊ ကျုပ်လည်း ဝမ်းသာပါတယ်။ မြန်မာပြည်ကလူတွေနဲ့ ခွဲပြီးသွားရတာ ကြာပါပြီ"

ဟု ဆိတ်ဖွားက ပြောလိုက်လေ၏။

"ပရော်ဖက်ဆာက အရင် ဘယ်မှာနေပါသလဲ"

"တောင်ငူသချိုင်း ... အဲ ... အဲ ... တောင်ငူသချိုင်းရှေ့မှာ လမ်းရှိတယ် မဟုတ်လား။ အဲဒီလမ်းအတိုင်းလာရင် ဈေးနားရောက်တော့ တိုက်တစ်လုံးတွေ့လိမ့်မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဆိတ်ဖွားက ယောင်၍ တောင်ငူသချိုင်းဟု ပါးစပ်မှ ထွက်သွားလျှင် အိုလံသည် မျက်နှာပျက်၍ သွားလေ၏။ သို့ရာတွင် ဆိတ်ဖွားက အချိန်မီ စကားပြင်လိုက်ပုံကိုလည်း လွန်စွာ သဘောကျ၍ သွားလေ၏။

"အခု မြန်မာပြည်ကို ပြန်လာတဲ့ ကိစ္စက"

"ဗာဗယ်ရီဆပ်ချ် အတွက်ပါ၊ မြန်မာလို အရမ်းဘာသာပြန်ရရင်တော့ ပုဖောင်းသုတေသနပေါ့ခင်ဗျား။ ဟာ ... ဟ"

ဆိတ်ဖွားက ပြောရင်း ရယ်မောလိုက်လေ၏။

ထိုခဏ၌ပင် ပရောဖက်ဆာ ဆိတ်ဖွားနှင့် မိတ်ဆွေဖြစ်ရလျှင် ဂုဏ်တက်သွားမည်ဟု ယူဆရသော လူကြီး လူကောင်းသုံးလေးယောက်နှင့် အမျိုးသမီးတစ်ယောက်သည် ဆိတ်ဖွားတို့၏ စားပွဲဝိုင်းသို့ ရောက်၍လာလေ၏။

ဘွိုင်ကုလားများလည်း စားသောက်ဖွယ်ရာများကို လာရောက်ချပေးကြလေ၏။

ထိုအခါ၌ ဆိတ်ဖွားသည် ဇွန်းကို ဘယ်လက်ဖြင့်ကိုင်၍ ခက်ရင်းကို ညာလက်တွင်ကိုင်ကာ ကြက်သားကင်ကို ဖဲ့လေ၏။

ကျန်လူများက ဆိတ်ဖွား၏ ဇွန်းခက်ရင်းကိုင်ပုံမှာ ပြောင်းပြန်ဖြစ်နေ၍နေသဖြင့် အံ့သြစွာ ကြည့်၍နေလေ၏။ သူတောင်းစား အိုလံကလည်း မျက်လုံးပြူး၍ နေလေ၏။ ဆိတ်ဖွားသည် မိမိအား ထူးဆန်းသလို ကြည့်နေကြသော လူကြီးလူကောင်းများနှင့် အထက်တန်းစား မိန်းမတစ်ဦးကို ကြည့်၍ မိမိအမှားကို သဘောပေါက်သွားလျှင် အောက်ပါအတိုင်း ပြော



www.burmeseclassic.com

www.burmeseclassic.com

လေ၏။

“ဟာ ...ဟ၊ ကျုပ်က ပြင်သစ်ပြည် (La Sor Bonne) လာဆာဘွန်း ယူနီဗာစတီမှာ ဖီလိုဆိုဖီနဲ့ ပတ်သက်တဲ့ ပရော်ဖက်ဆာအဖြစ် အလုပ်လုပ်တဲ့ နေ့ကစပြီး ကျုပ်တို့ရဲ့ မြန်မာလူမျိုးလျှာနဲ့ ခံတွင်းတွေ့နိုင်တဲ့ ဆိုင်တစ်ဆိုင်ကို သွားလေ့ရှိတယ်၊ (Rue Mousier Le Brince) ရှူးမစ်ဆျာလီဘရင့်စ်ဆိုတဲ့ လမ်းမှာ (La Cuisine Vietnamienne) လာကီဇီးန်း ဗီယက်နမ်မီးယန်း ထမင်းဆိုင်ဆိုတာပေါ့၊ အဲဒီဆိုင်က မြန်မာနည်းနည်းဆန်တယ်၊ ဟာ ...ဟ။ မြန်မာပြည်မှာနေတဲ့ ဗိုလ်ဆန်ဆန်လူတွေဟာ ထမင်းစားရင် လက်နဲ့မစားဘဲ ဇွန်းခက်ရင်းနဲ့ စားလေ့ရှိကြပါတယ်။ ဒါပေမယ့် .. အထက်တန်းစား ဥရောပတိုက်သားတွေ စားသောက်ပုံနဲ့ မတူဘဲ အောက်တန်းစား ဥရောပတိုက်သားတွေ စားပုံနဲ့ ပိုပြီးတူနေကြတယ်။ ဥပမာတစ်ခုပြောမယ်။ ဥရောပတိုက်မှာရှိတဲ့ ပရော်ဖက်ဆာကြီးတွေ၊ လောကဓာတ်ဆရာကြီးတွေဟာ သိပ်ပြီး အလုပ်များတယ်။ ဒါကြောင့် စိတ်က သိပ်မြန်တယ်။ စာရေးရင်း ဖောင်တိန်နဲ့မရေးဘူး၊ မင်မလိုက်တာတွေ ဘာတွေ ဖြစ်နေဦးမယ် မဟုတ်လား။ ခဲတံနဲ့ပဲ ရေးတယ်။ ထမင်းစားရင်လည်း ခက်ရင်းကို ညာဘက်ကကိုင်ပြီး အားရပါးရ စားလေ့ရှိတယ်။ အဲဒါကိုအတုခိုးပြီး ဥရောပအထက်တန်းလွှာက လူတွေဟာ ခက်ရင်းကို ညာဘက်က ကိုင်ကုန်ကြပြီ။ ဥရောပတိုက်က တောသားတွေသာ ခက်ရင်းကို ဘယ်ဘက်နဲ့ ကိုင်တော့တယ်”

ဆိတ်ဖွား၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် လူကြီးလူကောင်းတို့သည် မိမိတို့ ကိုင်ထားသော ဇွန်းနှင့် ခက်ရင်းကို မသိမသာ ပြောင်း၍ ကိုင်ကြလေ၏။

ထမင်းစားပွဲပြီး၍ ကော်ဖီတိုက်သောအခါ၌လည်း ဆိတ်ဖွားသည် လက်ဖက်ရည်ကို ပန်းကန်လုံးဖြင့် မသောက်ဘဲ ပန်းကန်ပြားအတွင်းသို့ ငှဲ့၍ သောက်မိလေရာ လူကြီးလူကောင်းတို့လည်း သူတို့၏ ကော်ဖီကို ပန်းကန်ပြားအတွင်းသို့ ငှဲ့ချလေ၏။

ထိုအချိန်၌ ဥရောပဝတ်စုံကို ကျနစွာ ဝတ်ဆင်ထားသော လူတစ်ယောက်သည် ညှော်ခံပွဲသို့ ရောက်လာလေ၏။ သူဌေးကြီးဦးမြလည်း ထိုလူငယ်အား ဆိတ်ဖွားတို့ဝိုင်းသို့ ခေါ်၍လာလေ၏။

“ပရော်ဖက်ဆာကြီး ခင်ဗျာ၊ ဟောဒီသူငယ်လည်း ပြင်သစ်မှာသွားပြီးနေခဲ့ပါတယ်။ သူ့နာမည်က ... မောင်မြင့်မောင်လို့ ခေါ်ပါတယ်”

ဆိတ်ဖွားသည် လူငယ်အား ‘ဘွန်းဂျူး’ဟူ၍ ပြင်သစ်စကားဖြင့် နှုတ်ဆက်လိုက်လေ၏။ ထို့နောက် မြန်မာစကားဖြင့်ပင် အောက်ပါအတိုင်း မေးမြန်းလေ၏။

“ကျုပ်က လာဆောဘွန်း ယူနီဗာစတီမှာ ပရော်ဖက်ဆာလုပ်နေတာ ကြာပြီပဲ။ ပရော်ဖက်ဆာ ဒေါက်တာ ဆိတ်ဖွားဆိုတာ ကျုပ်ပေါ့”

“ဟုတ်ကဲ့ ... ကြားဖူးပါတယ် ခင်ဗျ”

“နေတာက QUARTIACLA-TIN (ကွာတီယက်လာတင်) လက်တင်ကွာတာရဲ့ ထောင့်ဆုံးတိုက်ပေါ့၊ စိန်းမြစ်နဲ့ အနီးဆုံးတိုက်ဟာလေ”

“ဟုတ် ... ဟုတ် ... ဟုတ်ကဲ့၊ ကျွန်တော်က လမ်းမကြီးမှာပါ”

“ရှောင်ဇလီဇေး လမ်းမကြီးမှာလား။ လူနာရီဇာ စားသောက်ဆိုင်နဲ့ ဘယ်လောက်ဝေးသလဲကွယ့်”

“နီးပါတယ်ခင်ဗျ”

“ပရော်ဖက်ဆာကြီး လူနာရီဇာကို လာလေ့ရှိပါသလား”

“ဘယ့်နှယ်ကွယ် ...အဲဒီမှာ ကြက်ကလေးကင်နဲ့ ဝိုင်နီကို အမြဲ လာသောက်တာပေါ့”

“ပရော်ဖက်ဆာက ပြင်သစ်ပြည်၊ ပဲရစ်မြို့ကို တယ်လည်း နှံ့စပ်တာကို”

ဟု ဝတ်လုံတော်ရမင်းက ဆိတ်ဖွားအား ချီးကျူးလိုက်လေ၏။

ထို့နောက် ဝတ်လုံတော်ရမင်းက ဆိတ်ဖွားအား အထက်တန်းစား အမျိုးသမီးတစ်ဦးနှင့် မိတ်ဆက်ပေးလေ၏။

“ပရော်ဖက်ဆာ ... ဟောဒီ မြမြလို့ ခေါ်ပါတယ်။ သူ့အဖေက အလွန်ပဲချမ်းသာတဲ့ သူဌေးကြီးပါ ဦးဘာဘာတဲ့။ မြန်မာပြည် အထက်တန်းစား လောကမှာတော့ မသိသူ မရှိသလောက်ပါဘဲ”

ဟု ဆိုလေ၏။

ဆိတ်ဖွားသည် ထိုမိန်းမနှင့်မိတ်ဆွေဖြစ်ပြီးနောက် ထိုမိန်းမကို သေချာစွာကြည့်ပြီးလျှင် အံ့သြရပြန်၏။ ထိုမိန်းမမှာ တစ်ခါက သချိုင်းကုန်း၌ မိမိအား မော်တော်ကားဖြင့် တိုက်ခဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်းကိုလည်း အံမှတ်ရမိလေတော့၏။

ဆိတ်ဖွားသည် စားသောက်ပြီးသည့်အခါ၌ မြမြအံပါအဝင် လူကြီးလူကောင်းများ အားလုံးအား လိပ်စာကတ်ကလေးများပေးခဲ့၍ ညှိနှိုင်းပွဲမှ ထွက်ခဲ့လေ၏။

လမ်း၌ အိုလံက အောက်ပါအတိုင်း ပြောလေ၏။

"ဆရာဆိတ်ဖွားရေ ... ဆရာဆိတ်ဖွားနဲ့ ကျွန်တော့်ကို တကယ်အထက်တန်းစားကြီးတွေလို့ ထင်နေကြပြီ။ ဆရာကလည်း ပိုင်ပါ့ဗျာ ..။ ခက်ရင်းနဲ့ဇွန်းကို မှားပြီး ကိုင်မိတာတောင် ဥရောပတိုက်သား အထက်တန်းစားတွေ ကိုင်တဲ့နည်းလို့ ပြောလိုက်သေးတယ်။ ဟဲ ... ဟဲ၊ ဟိုလူ ေ႑ာကလည်း အဟုတ်အောက်မေ့ပြီး ပြောင်းကိုင်ကြတယ်"

"လူဆိုတာ ... အယုံလွယ်ဆုံး သတ္တဝါတစ်မျိုးပဲကွ။ ယုံအောင်ပြောတတ်ဖို့ပဲလိုတယ် အိုလံ"

"ဟုတ်ပါ့ဗျာ။ ဆရာဆိတ်ဖွားက ပြင်သစ်ပြည်ကိုတော့ တာမွေသချိုင်းကုန်းလောက်ကို ကျွမ်းကျင်နေတာကို။ တကယ်ကော ရောက်ဖူးသလား"

"ဘယ်ကလာ ရောက်ဖူးရမှာလဲကွ။ ညာတော့မယ်ဆိုတော့ ပြင်သစ်အကြောင်း စာတွေဖတ်ထားတာပေါ့ကွာ။ ဒါနဲ့ အိုလံ မင်း ဟိုမိန်းမကို မှတ်မိသလား"

"ဟင့်အင်း ... မမှတ်မိဘူး ဆရာဆိတ်ဖွား"

"ငါ့ကို တစ်ခါက မော်တော်အားနဲ့တိုက်တာ သူပေါ့ကွာ"

"ဟုတ်ပြီ။ ဆရာဆိတ်ဖွားကို အောက်တန်းစားလို့ ပြောသွားတဲ့ ကောင်မပဲ။ နေရာကျလိုက်တာ ဆရာရယ်"

"နေရာကျတာတွေ ထားလိုက်ဦး။ ငါတို့ရဲ့လုပ်ငန်းကို ပြန်ပြီး စရမယ်။ ကြည့်မြင်တိုင်ဘက်က အငြိမ့်ထောင်အိမ်တွေသွားပြီး မြစပယ်ကို စုံစမ်းရမယ် အိုလံ"

"ဟုတ်သားပဲ ... ဆရာဆိတ်ဖွားရဲ့။ လူကုံထံအသိုင်းအဝိုင်းထဲ နှစ်ရက်လောက်ပဲဝင်ရသေးတယ်၊ ကိုယ်လုပ်ရမယ့်အလုပ်တောင် နည်းနည်းမေ့သွားတယ် ဆရာဆိတ်ဖွားရေ။ ဒါနဲ့ ဆရာဆိတ်ဖွားရေ ... ကျွန်တော်နဲ့ ဆရာဆိတ်ဖွားနဲ့ဟာ သူတောင်းစားနဲ့ သုဘရာဇာပဲ။ အဝတ်အစား အသစ်ဝတ်ပြီး ဆံပင်လေး သပ်သပ်ရပ်ရပ်ညှပ်လိုက်တာနဲ့ ကျွန်တော်တို့ကို လူကြီး လူကောင်းလို ဆက်ဆံကြတာ အံ့ပါရဲ့ဗျာ။ လူကြီးလူကောင်းဖြစ်ဖို့ ဘာများခက်လို့လဲဗျာ"

"ဟာ ... ဟာ၊ အင်္ဂလိပ်စကားပုံတစ်ခုရှိတယ်ကွ။ အဲဒီစကားပုံက ဘာလဲဆိုတော့ လူကြီးလူကောင်းဖြစ်ဖို့ ဆံပင်ညှပ်ဆရာတစ်ယောက်ရှိဖို့ပဲ လိုတယ်တဲ့ကွ"

"ကြိုက်လိုက်တာ ဆရာရယ်၊ ဟား ... ဟား ... ဟား"

ဟု အိုလံက အော်ဟစ်ရယ်မောလေတော့၏။

❖ ❖ ❖

**ကျောသားရင်သား မခွဲခြားနဲ့**

ဆိတ်ဖွားသည် ဦးနတ္တိအုတ်ဂူပေါ်၌ထိုင်ကာ အိုလံဝယ်ယူလာသော သတင်းစာကို ဖတ်ရှု၍နေလေ၏။

"ဆရာဆိတ်ဖွားက လူကြီးလူကောင်း အသိုင်းအဝိုင်းမှာဝင်ပြီး လှုပ်ရှားရမယ်လို့ ဆိုထားတော့ လူကြီးလူကောင်းဆိုတဲ့ လူတွေရဲ့ အကောင်အယောင်တွေထဲမှာ သတင်းစာလည်း ပါတယ်မဟုတ်လား။ ဒါကြောင့် သတင်းစာဝယ်လာတာ"

ဟု အိုလံက ပြောလိုက်လေ၏။

"မင်းဟာ သိပ်ပြီး ဒုံးမဝေးတော့ဘူး။ ဟောဒီ ကြော်ငြာကိုကြည့်စမ်း။ တော်တော်လေး ဆန်းတယ်ကွ"

ဟု ဆိတ်ဖွားက သတင်းစာတွင်ပါရှိသည့် ကြော်ငြာတစ်ခုကို အိုလံအား ပြလိုက်လေ၏။

**ကျောသား၊ ရင်သား မခွဲခြားချင်ရင် ဆက်သွယ်ပါ။ ငါတို့က ကျောသား၊ ရင်သား လိုချင်တယ်။**

*မကျီးသီး*

"ဘာကြော်ငြာလဲဗျ။ ခပ်ဆန်းဆန်းပဲ ဆရာဆိတ်ဖွား"

"အေးကွ၊ ဆန်းတော့ အတော်ဆန်းတဲ့ ပဟေဠိပဲဟေ့။ ကဲကွာ အဲဒါတွေ ထားလိုက်တော့။ ကြည့်မြင်တိုင်ကို သွားရအောင် အဝတ်အစားတွေလဲပေတော့"

ဟု ဆိုသဖြင့် အိုလံလည်း ဘောင်းဘီ၊ အကျီတို့ကို ဝတ်ဆင်လေ၏။ ဆိတ်ဖွားလည်း ဘောင်းဘီ၊ အကျီတို့ကို ဝတ်ဆင်ပြီးနောက် နက်တိုင်လည်စည်းကို စည်းရင်း သချိုင်းဝသို့ ထွက်လေ၏။ သချိုင်းဝသို့ရောက်လျှင် တိုင်စီကားတစ်စီးကို ငှားရမ်း၍ ကြည့်မြင်တိုင်ရှိ အငြိမ့်ထောင်အိမ်များဆီသို့ သွားရောက်ကြလေ၏။

www.burmeseclassic.com

အငြိမ့်ထောင်အိမ်များက ဆိတ်ဖွားတို့အား ကောင်းစွာကြိုဆိုလေ၏။ ဆိတ်ဖွားတို့သည် တစ်အိမ်ဝင် တစ်အိမ်ထွက်နှင့် မြစပယ်ဆိုသည့် အငြိမ့်မင်းသမီးကို စုံစမ်းခဲ့လေရာ ...

နောက်ဆုံး၌ 'ရတနာမြိုင်' အငြိမ့်အဖွဲ့ထောင်သည့်အိမ်သို့ ရောက်ရှိကြလေတော့၏။

မည်းမည်းပုပု ဗိုက်ရွှဲရွှဲနှင့် အငြိမ့်ထောင်ဆရာတစ်ယောက်က ဆိတ်ဖွားနှင့် အိုလံတို့အား နေရာထိုင်ခင်းပေးပြီးလျှင် ...

"ကိစ္စကို ပြောပါဦး"

ဟု စကားစလိုက်လေ၏။

"ကျုပ်တို့က အငြိမ့်ငှားချင်လို့ပါ"

ဟု အိုလံက စကားစလိုက်လျှင် အငြိမ့်ထောင်ဆရာက ...

"ရပါတယ်"

ဟု ပြန်၍ ဖြေလေ၏။

"ကျုပ်တို့က အငြိမ့်ငှားချင်တာကတော့ မှန်ပါတယ်။ ဒါပေမယ့် အဲဒီမှာ မြစပယ်ဆိုတဲ့မင်းသမီး ပါရမယ်"

ဟု ဆိတ်ဖွားက ဝင်၍ပြောလေ၏။

"ကျုပ်ရဲ့ ရတနာမြိုင်အငြိမ့်ထဲမှာ ရွှေစပယ်၊ ငွေစပယ်၊ စိန်စပယ်၊ ဥဿဖယားစပယ် စုံနေအောင်ရှိတယ်။ မြစပယ်တော့ မရှိဘူး"

"ရတနာတွေ စုံအောင်ရှိပြီး မြတစ်လုံးမပါတာ နာတာပဲဖာတ်ဆရာရဲ့"

ဟု ဆိတ်ဖွားက ပြောလိုက်လျှင် ဗိုက်ရွှဲရွှဲ အငြိမ့်ထောင်ဆရာသည် သူ၏ဝမ်းဗိုက်ကြီးကို ပွတ်လိုက်ပြီးနောက်

"ခက်တယ် .. သိပ်ခက်တယ်။ အဲဒီ မြစပယ်ဟာ သိပ်ခက်တယ်။ ကျုပ်ဆီမှာ ခင်များတို့ သဘောကျတဲ့ မြစပယ်ဆိုတာ ရှိပါတယ်။ သူကမှ မြစပယ်အစစ်။ ရွှေစပယ်၊ ငွေစပယ်တို့က အငြိမ့်ထဲရောက်မှ ပေးတဲ့နာမည်တွေ။ အဲဒီ မြစပယ်ကတော့ သူ့နာမည်ရင်းကိုက မြစပယ်လို့ခေါ်တယ်။ ဒါပေမယ့် အဲဒီမြစပယ်က အခုမရှိတော့ဘူး"

ဟု ပြောလေ၏။

"ဘယ်ရောက်သွားလို့လဲ ဖာတ်ဆရာရဲ့"

"တယောသမားနဲ့ လိုက်ပြေးသွားပြီလေ။ တယောသမားက ဖာတ်ထဲက မဟုတ်ပါဘူး။ အပျော်တမ်းသမားပါ။ အဲဒီ အပျော်တမ်းသမားဆိုတာ ဖာတ်တွေ၊ အငြိမ့်တွေကို သိပ်ပြီး ဒုက္ခပေးတယ်။ အခုလည်းကြည့်လေ၊ ပြောနေရင်းက လိုက်ပြေးသွားကြတာ တစ်ပတ်လောက်ရှိပြီ"

"နေပါဦး ဖာတ်ဆရာရဲ့ ..။ မြစပယ်မှာက မိဘတွေမရှိဘူးလား"

"မိဘမရှိဘူး။ သူ့ကိုလာပြီး အပ်တာက သဃ်န်းကျွန်းဘူတာနားက ဘုန်းကြီးကျောင်းဘေးမှာနေတဲ့ သီလရှင်မကြီးဗျ။ မြင့်သွေးနဲ့ တွေ့တာကတော့ ဒီမှာ။ မြင့်သွေးက အရင် ပတ်တီးခေါင်းဆောင် စိန်ဖြူလေးနဲ့ လိုက်လာတာဗျ"

"မြင့်သွေးဆိုတာက မြစပယ်ကို ခိုးပြေးတဲ့လူလား"

"ဟုတ်ပါတယ်"

"အဲဒီ မြင့်သွေးက လူခပ်သွယ်သွယ်၊ မေးစေ့မှာ မှဲ့ကလေးပါတယ် မဟုတ်လား"

"ဟုတ်တာပေါ့ဗျာ။ အဲဒီကောင်နဲ့ လိုက်ပြေးတာ"

ဟု အငြိမ့်ထောင်ဆရာက ရှင်း ပြလေသည်။

"ကျေးဇူးပါပဲ ဖာတ်ဆရာရယ်"

ဟု ဆိုကာ ဆိတ်ဖွားနှင့် အိုလံ တို့သည် ရတနာမြိုင်အငြိမ့်အဖွဲ့မှထွက် ခဲ့ကြလေ၏။

လမ်း၌ ဆိတ်ဖွားသည် အိုလံ အား တစ်စုံတစ်ရာ ပြောဆိုခြင်းမပြု ဘဲ တစ်ကိုယ်တည်း စဉ်းစားလာခဲ့ လေ၏။ အိုလံကလည်း ဆိတ်ဖွားအား အနှောင့်အယှက်မပြုဘဲ ငြိမ်သက်စွာ လိုက်ပါလာလေ၏။ ဆိတ်ဖွားသည် ထိုသို့စဉ်းစားရင်း လျှောက်လာရာ တစ်စုံတစ်ခုကို ရုတ်တရက် သတိရ ၍သွားသောကြောင့် ...

"ဟေ့ ... အိုလံ၊ ဖာတ်ဆရာ ဆီကို ပြန်ပြီးသွားရအောင်ကွာ"

ဟု ဆိုကာ ဆိတ်ဖွားသည် ပြန် ၍လှည့်လေ၏။ ဆိတ်ဖွားနှင့် အိုလံ တို့ ပြန်၍လာသည်ကိုမြင်လျှင် အငြိမ့် ထောင်ဆရာက ...

"ဘာမေ့ကျန်ခဲ့လို့လဲ ဆရာတို့"

ဟု ဆီး၍ မေးလေ၏။

"မေးစရာတစ်ခု ရှိလို့ပါ"

ဟု ဆိတ်ဖွားက ပြောလိုက် အငြိမ့်ထောင်ဆရာက ဆိတ်ဖွား ခြေဆုံး၊ ခေါင်းဆုံးကြည့်လျက် ...

"ဆရာကြီးတို့က အမေးအမြန်း ထူလိုက်တာ၊ ပုလိပ်ဘက်ကလား"

ဟု မေးလိုက်လေ၏။

"ဒီမှာ ဖာတ်ဆရာ၊ အင် စီအိုင်ဒီဆိုတာ ကြားဖူးတယ် မဟုတ် လား"

ဟု ဆိတ်ဖွားက မေးလိုက် အငြိမ့်ထောင်ဆရာက ...

"သိ ... သိပါတယ်ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်၍ဖြေလေ၏။

"ခင်ဗျားအငြိမ့်ထဲမှာ မြစပယ်နဲ့ ရင်းရင်းနှီးနှီးနေတဲ့ အငြိမ့်သမကလေးများ မရှိဘူးလား"

ဟု ဆိတ်ဖွားက မေးလိုက်လေသည်။

"ရှိပါတယ်၊ ငွေစပယ်ဆိုတဲ့ လက်ထောက်မင်းသမီးကလေးနဲ့တော့ တပူးတွဲတွဲပါပဲ ဆရာရယ်"

"အဲဒီငွေစပယ်ကို ခဏလောက်ခေါ်ပေးစမ်းပါ"

ဟု ဆိတ်ဖွားက ပြောသဖြင့် အငြိမ့်ထောင်ဆရာက ငွေစပယ်ကို ခေါ်၍ပေးလေ၏။

ငွေစပယ်ဆိုသော လက်ထောက်မင်းသမီးငယ်လေးသည် ဆိတ်ဖွားတို့ရှေ့၌ ကျုံ့ကျုံ့ကလေး လာ၍ထိုင်လေ၏။

"ဒီမှာ မိန်းကလေး ... မင်းနဲ့ မြစပယ်က တော်တော်ပဲ ရင်းနှီးကြတယ် မဟုတ်လား"

ဟု ဆိတ်ဖွားက မေးလေသည်။

"ဟုတ်ကဲ့ရှင့် ... တော်တော်ရင်းနှီးပါတယ်၊ ညီမအရင်းလိုပါပဲ"

"ဒီလိုဆိုရင် မြစပယ်ရဲ့ကိုယ်မှာ ဆေးမင်ရုပ်များ ထိုးထားတာကို တွေ့ဖူးပါသလား"

"အရုပ်မဟုတ်ပါဘူးရှင့်။ ဂါထာတွေတော့ သူ့ရဲ့ကျောပြင်မှာ ထိုးထားပါတယ်။ ဂါထာတော့ ဂါထာပဲ၊ ကျွန်မလည်း မဖတ်တတ်ဘူးရှင့်"

"ဟောဒီလိုဟာမျိုးလား"

ဟုဆိုကာ ဆိတ်ဖွားသည် သေဆုံးသူ၏ထံမှ တွေ့ရသော လက်ဖွဲ့၌ပါရှိသည့်စာများကို ကူးထားသော စာရွက်အား ထုတ်ပြလျှင် ငွေစပယ်က

"ဟုတ်ပါတယ်၊ သိပ်ကိုဟုတ်ပါတယ်။ ဟောဒီစာလုံးလေးတွေပါပဲ"

ဟု သွက်လက်စွာ ဖြေလေ၏။

"အဲဒီဂါထာတွေအကြောင်း မင်းကမေးမကြည့်မိဘူးလား ငွေစပယ်ရဲ့"

"မေးကြည့်တယ်။ သူငယ်ငယ်က လူကြီးတစ်ယောက်လာပြီး ထိုးပေးသွားတာဆိုပဲ၊ သူ့အမေကလည်း အထိုးခံလိုက်ပါဆိုလို့ အထိုးခံလိုက်ရတာပဲတဲ့"

"တော်ပါပြီ ငွေစပယ်၊ ကျေးဇူးတင်ပါတယ်"

ဟု ဆိုကာ ဆိတ်ဖွားနှင့် အိုလံတို့သည် ထိုအိမ်မှပြန်ခဲ့ကြလေ၏။

လမ်း၌ အိုလံက ဆိတ်ဖွားအား

"ဘယ်လိုလဲ ဆရာဆိတ်ဖွားရဲ့။ ခင်ဗျားက ဇာတ်ဆရာဗိုက်ရွှဲကို ခပ်တည်တည်နဲ့ စီအိုင်ဒီက စုံထောက်လို့ လိမ်လိုက်တယ်ပေါ့"

ဟု ပြောရာ ဆိတ်ဖွားက ပြုံးလျက် ...

"မလိမ်ပါဘူးကွ။ သူ့ကို ငါက စီအိုင်ဒီက စုံထောက်တစ်ယောက်ပါလို့ မပြောရပါလား။ အင်းစိန် စီအိုင်ဒီဆိုတာ ကြားဖူးတယ် မဟုတ်လားလို့ မေးရုံမေးလိုက်တာပါ။ သူ့ရဲ့တာဝန်က ကြားဖူးရင် ကြားဖူးတယ်၊ မကြားဖူးရင် မကြားဖူးကြောင်း ပြောရုံပဲကွ။ သူ့ဟာသူ ငါ့ကို စီအိုင်ဒီကစုံထောက်ပါလို့ ထင်သွားတာတော့ ငါလည်း မတတ်နိုင်ဘူး"

ဟု ပြောလိုက်လေ၏။

"ဟုတ်ပါတယ်။ ဆရာဆိတ်ဖွားက စီအိုင်ဒီက စုံထောက်ပါလို့တော့ မပြောပါဘူး။ ဒါပေမယ့်လည်း အင်းစိန်စီအိုင်ဒီဆိုတာ ကြားဖူးသလားလို့ မေးလိုက်ပုံက အမေးခံရသူအဖို့ ဆရာဆိတ်ဖွားကို စီအိုင်ဒီက စုံထောက်တစ်ယောက်လို့ ထင်ဖို့ပဲ ရှိတော့တယ် မဟုတ်လား"

"အေး ... အဲဒါကို ရှေးက မြန်မာပညာရှိကြီးတွေက 'ရေစစ်ပမာစကား' ဆိုနည်းလို့ အမှတ်အသားပြုခဲ့ကြတယ်။ ဘုန်းတော်ကြီးတွေရဲ့ ဓမ္မကရိတ်လို့ခေါ်တဲ့ ရေစစ်ကို အသုံးပြုတဲ့အခါမှာ ရေစစ်ပေါက်ကို ပိတ်လိုက်ရသလို တစ်ဖက်လူရဲ့စကား မဝင်နိုင်အောင်ပိတ်ပြီး ပြောတဲ့နည်းလေကွာ။ ငါတို့ မြန်မာပညာရှိကြီးတွေက စကားပြောရမှာတောင် ဘယ်လိုစကားမျိုးဆိုတာ ခွဲခြားထားခဲ့တယ်ကွ။ ကျေးဇူးတင်စရာပဲ အိုလံရာ"

အိုလံသည် ဆိတ်ဖွား၏ စကားကို သဘောကျလျက် တပြုံးပြုံးနှင့် နားထောင်ရင်း လိုက်ပါခဲ့လေ၏။

သံတော်ဆင့် သတင်းစာတိုက်ရှေ့သို့ရောက်လျှင် ဆိတ်ဖွားက သတင်းစာတိုက်တွင်းသို့ ဝင်သွားသဖြင့် အိုလံလည်း ဘုမသိဘမသိ လိုက်၍ဝင်ရလေ၏။

ဆိတ်ဖွားသည် သံတော်ဆင့် သတင်းစာတိုက်အတွင်းရှိ ငွေလက်ခံသော စာရေးထံသို့ သွားရောက်ကာ ငွေသုံးကျပ်ကိုထုတ်၍ ပေးပြီးလျှင် ..

"ဟောဒီ .. ကြော်ငြာကလေး နက်ဖြန်ပါချင်တယ်ကွာ"

ဟု ဆိုကာ အောက်ပါစာများကို ရေးလေတော့၏။

**ငါတို့မှာ ရင်သားရှိတယ်၊ ကျောသားရင်သား မခွဲချင်ဘူး။ အမြန်ဆုံးတွေ့ရအောင်။**

***လောကနတ်***

ထိုစာကိုတွေ့လျှင် ငွေလက်ခံ



www.burmeseclassic.com

www.burmeseclassic.com

သောစာရေးက ဆိတ်ဖွားအား မော်၍ ကြည့်ကာ ...

"ဘာလဲဗျ၊ မနေ့ကလည်း ဒီလို ကြော်ငြာမျိုးပဲ တစ်စောင်လာသေးတယ်"

ဟု ဆိုလေ၏။

"မနေ့က ကြော်ငြာလာထည့်တဲ့လူကို မှတ်မိသလား"

ဟု ဆိတ်ဖွားက ဆတ်ခနဲ မေးလိုက်လေ၏။

"ကြော်ငြာလာထည့်တာက .. ကုလားမကြီးခင်ဗျ"

"ဟာ ... ဟ ... အိုလံရေ ငါတို့ထင်တာထက်တောင် ပိုပြီးလည်တဲ့ကောင်တွေပဲကွ။ ကောင်းတယ် ကောင်းတယ်၊ ငါကလည်း ဒါမျိုးမှ ကြိုက်တာဟေ့"

ဟု ဆိုကာ ဆိတ်ဖွားသည် သတင်းစာတိုက်အတွင်းမှ ထွက်၍ လာခဲ့လေ၏။ အိုလံလည်း ၎င်း၏ နောက်မှ လိုက်ပါခဲ့လေသည်။

"ဘယ်လိုလဲ ဆရာဆိတ်ဖွားရဲ့။ သတင်းစာထဲမှာပါတဲ့ကြော်ငြာနဲ့ ကျွန်တော်တို့လိုက်နေတဲ့အမှုက ဆက်စပ်နေသလား"

ဟု အိုလံက မေးလိုက်လျှင် ဆိတ်ဖွားသည် ဆေးပြင်းလိပ်အသစ်တစ်လိပ်ကို မီးညှိပြီးနောက် အနည်းငယ်ဖွာလိုက်ကာ ...

"သိပ်ကို ဆက်စပ်နေတာကွ။ မြစပယ်ကို လူတစ်စုဟာ ဖမ်းသွားကြပြီ။ မြစပယ်ရဲ့ ကျောမှာထိုးထားတဲ့ စာတွေဟာ အရေးကြီးပြီး လျှို့ဝှက်တဲ့ စာတွေပဲ။ ငါထင်တာတော့ အဲဒီစာဟာ သူချည်းဖတ်လို့ရတဲ့စာမျိုးမဟုတ်ဘဲ တခြားက စာတစ်စောင်နဲ့ ဆက်စပ်ပြီးဖတ်လို့ရတဲ့ စာမျိုးဖြစ်ရမယ်"

ဟု အားရပါးရ ပြောလိုက်လေ၏။

"စိတ်ဝင်စားစရာပါပဲဗျာ၊ ပြောစမ်းပါဦး"

"ငါ့အနေနဲ့ အခု တွေးလို့ရတာကတော့ မြစပယ်နဲ့ မြင့်သွေး လိုက်ပြေးကြတဲ့အခါမှာ မြစပယ်ကို လိုချင်တဲ့ လူတစ်စုက သူတို့နှစ်ယောက်စလုံးကို ဖမ်းသွားလိမ့်မယ်။ ဟိုကျတော့ တစ်ယောက်စီခွဲပြီး ချုပ်ထားမယ်။ ဘာကြောင့်ခွဲပြီး ချုပ်ထားမယ်ဆိုတော့ မြစပယ်ရဲ့ ကျောမှာပါတဲ့စာတွေကို ကူးမှာကိုးကွ။ ဒါကို မြင့်သွေးက သူ့ကိုချုပ်ထားတဲ့အခန်းကနေ ချောင်းပြီးကြည့်မယ်။ ပြီးတော့ သွားတိုက်ဆေးဘူးအခွံကို ရေးမှတ်ဖို့အတွက် အသုံးပြုပြီး မြစပယ်ရဲ့ ကျောကစာကို ချောင်းကြည့်ပေါက်ကနေ ကူးမယ်။ ကူးပြီး လက်ဖွဲ့သဏ္ဍာန်လုပ်၊ လက်မောင်းမှာချည်ပြီး လွတ်မြောက်ထွက်ပြေးဖို့ကြိုးစားမယ်။ အဲဒီအခါမှာ ဖမ်းထားတဲ့အကောင်တွေက သေနတ်နဲ့ ပစ်သတ်လိုက်တာပဲ ဖြစ်ရမယ် အိုလံ"

"သိပ်ကို ဖြစ်နိုင်တာပေါ့ ဆရာဆိတ်ဖွားရယ်"

"အေး ... ကျန်တဲ့ဝှက်စာတစ်စောင်ဟာ တစ်စုံတစ်ယောက်ရဲ့ ရင်ဘတ်မှာထိုးထားတာ ဖြစ်လိမ့်မယ်။ ဒါကြောင့် မကျီးသီးတို့လူစုက ကျောသားရင်သား မခွဲခြားချင်ရင် ဆက်သွယ်ပါ။ သူတို့က ကျောသားရထားပြီလို့ သတင်းစာမှာကြော်ငြာတာကိုးကွ"

"ဟုတ်ပြီဆရာ ... သဘော ပေါက်ပြီ။ ကျွန်တော်တို့မှာလည်း မြ စပယ်ရဲ့ ကျောသားက ဝှက်စာကို ရ နေမှုပဲ။ အဲဒါ ဘာဖြစ်လို့ ဆရာဆိတ် ဖွားရေးတဲ့ကြော်ငြာမှာ ရင်သားကစာ ရှိတယ်လို့ ထည့်ရတာလဲ"

"မင်းကလည်း တော်တော်အုံ ဝေးတဲ့ ကောင်ပဲ။ ငါတို့ဆီမှာ ရင်သား က ဝှက်စာရှိထားတယ်ဆိုမှ ကျော သားရထားတဲ့ မကျီးသီးတို့လူစုက ဆက်သွယ်မှာပေါ့ကွ ... ဟာ .. ဟ"

"ဟုတ်ပြီ ဆရာဆိတ်ဖွားရေ"

ဆိတ်ဖွားနှင့် အိုလံတို့သည် သချိုင်းကုန်းသို့ ပြန်လာပြီးနောက် ဇရပ်ပေါ်၌ထိုင်ကာ ဆိတ်ဖွားက ဝှက် စာရွက်ကိုထုတ်လျက် အလွတ်ရသည် အထိ ကျက်မှတ်ပြီးလျှင် စာရွက်ကို မီးရှို့ပစ်လိုက်လေ၏။

ထိုနေ့ညနေ၌ ဆိတ်ဖွားနှင့် အို လံတို့သည် ထမင်းဆိုင်မှ ထမင်းထုပ် များကို ဝယ်ယူစားသောက်ပြီးနောက် ဦးနတ္တိအုတ်ဂူပေါ်၌ထိုင်ကာ 'မြစပယ်' ဟု လက်မောင်း၌ ဆေးထိုးထားသည့် တယောသမားမောင်မြင့်သွေး အသတ် ခံရမှုနှင့် ပတ်သက်၍ ပြောဆိုနေကြ စဉ် ၎င်းတို့အနီးသို့ မော်တော်ကား တစ်စီးရောက်လာပြီးလျှင် ကားပေါ်မှ လူသုံးယောက်ဆင်း၍လာလေ၏။

*(ရှေ့လဆက်ရန်)*

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိင်္ခ**



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်ဝင် ကြိတ်မှန်ပင်

## ဝင်းဇော်(သုံးဆယ်)




ကျွန်တော်၏အဘိုး ဗေဒင်ဆရာကြီး ဆေးဆရာကြီး ဦးအသိန်း(အင်္ဂဝိဇ္ဇာဆရာသိန်း)သည် ခြံဝင်းထဲတွင် ပရဆေးပင်များကို စိုက်ပျိုးထားတတ်ပါသည်။ ထို့ကြောင့် အနာရောဂါသူကို ဆေးရွက်၊ ဆေးမြစ်တွေပေးပြီး ကုသသည်။

ပရဆေးတစ်မျိုးစီ၏ ဆေးဖက်ဝင်ပုံကို ကျွန်တော့်အားပြောပြကာ သင်ပြပေးသည်။ တစ်နေ့တွင် ဈေးဘက်ပြန်လာသော အဘိုးဆရာသိန်းသည် ကြိတ်မှန်ပင်များစွာကို သယ်လာသည်ကို သိရသည်။ အဘိုးဆရာသိန်းသည် ကြိတ်မှန်ပင်များကို ခြံထဲ၌ စိုက်ပျိုးနေသည်။ ကြိတ်မှန်ပင်သည် မည်သည့်မြေမျိုးတွင်မဆို ပေါက်ရောက်သော အပင်မျိုးဖြစ်သည်။ အလေ့ကျပေါက်ပြီး မျိုးပွားတတ်သည်။ ထိုအချိန်က သုံးဆယ်ချောင်းရေသည် နှစ်စဉ် ကုန်းပေါ်သို့ လေးခါငါးခါမက ရေကြီးတိုင်း လျှံတက်သည်။ ချောင်းရေကျသွားသောအခါ ကုန်းပေါ်တွင် နွံက ခြောက်လက်မခန့် ကျန်ခဲ့သည်။ မြေပေါ်တွင်စိုက်ပျိုးထားသော အပင်ငယ်များမှာ နွံနစ်ပြီး နွံပူကြောင့် သေဆုံးသွားတတ်သည်။

ထို့ကြောင့် ခြံထဲတွင် စိုက်ပျိုးထားသော ကြိတ်မှန်ပင်များမှာ မျိုးတုံးသွားလေသည်။ အဘိုးဆရာသိန်းက ပြောပြဖူးသည်မှာ ကြိတ်မှန်ပင်သည် နေကြာမျိုးရင်းတွင် ပါဝင်သည်။ တစ်နှစ်ခံ အပင်ပျော့မျိုးဖြစ်သည်။ ကြိတ်မှန်ပင်သည် ပဉ္စငါးပါးလုံး ဆေးဖက်ဝင်သည်။ ကြိတ်မှန်ပင်သည် အဝါ၊ အနက်၊ အဖြူ (အစိမ်းဖျော့ဖျော့)ဟူ၍ သုံးမျိုးရှိသည်။

မြန်မာ့တိုင်းရင်းဆေးကျမ်းများတွင် "ကြိတ်မှန်ရွက်သည် လေနာသလိပ်နာတို့ကို နိုင်စေသည်။ သွေးများကို ဓာတ်ကြွစေသည်။ ဓာတ်ကို ပြောင်းစေသည်။ အနာတို့ကို နိုင်စေသည်။ ဆံပင်ကို နက်စေသည်။ အသက်ကို ရှည်စေသည်"ရေးသားထားသည်ကို တွေ့ရှိရလေသည်။

အသားအရေပေါ်တွင် အဖြူကွက်များဖြစ်ပေါ်ခြင်း၊ ရေနွေးပူလောင်ခြင်း၊ ဆီပူလောင်ခြင်းများ ဖြစ်ပေါ်ပါက ကြိတ်မှန်ရွက်ကိုကြိတ်ပြီး အရည်ကို မကြာခဏ ဆွတ်ပေးရသည်။ ဆီပူနာ၊ ရေနွေးပူနာတို့ ပျောက်ကင်းစတွင် ကြိတ်မှန်ရွက်ရည် မဆွတ်ပါက ထိုအနာနေရာတွင် အဖြူကွက်ကြီး အထင်းသား ကျန်နေတတ်သည်။ အနာကျက်စတွင် အနာကို နန္ဒင်း





www.burmeseclassic.com

www.burmeseclassic.com

ထိပါက ခရုသင်းဖြစ်ပြီး တစ်ကိုယ်လုံးသို့ ကူးစက်သွားတတ်သည်ကို သတိပြုသင့်သည်။ အနာကျက်စတွင် ကြိတ်မှိန်ရွက် သတ္တုရည်ဆွတ်ပေးပါက ထိုနေရာတွင် ပထမ မည်းနေပြီး အသားနှင့် တစ်ပြေးညီအရောင် ဖြစ်သွားသည်။

အရေပြား ယားယံသည့်အခါ၊ အနာစက်ကလေးများ ပေါက်သည့်အခါ ကြိတ်မှန်ရွက် သတ္တုရည်ကို ဆားအနည်း ငယ်ထည့်၍ လိမ်းပေးရ၏။ ချောင်းဆိုးလျှင် ကြိတ်မှန်ရွက် အရည်ညှစ်၍ ငါးပိရည်ဇွန်း တစ်ဇွန်းခန့် နံနက်၊ နေ့လယ်၊ ည သောက်သုံးရသည်။

ဆံပင်ဖြူ။ ဆံပင်ကျွတ်လျှင် ကြိတ်မှန်ရွက် သတ္တုရည်ကို ဆွတ်ပေးရသည်။

မိန်းမသားများ မီးဖွားပြီးနောက် သားအိမ်ကိုက်ခဲနေတတ်ခြင်း၊ မီးယပ်ထုံကျင်ကိုက်ခဲခြင်း၊ မီးယပ်သွေး မဆင်းခြင်းဖြစ်လျှင် ကြိတ်မှန်ရွက်သတ္တုရည် ငပိရည်တစ်ဇွန်းခန့်နှင့် နနွင်းမှုန့် မန်ကျည်းစေ့နှစ်စေ့ခန့်ဖျော်၍ သောက်ရသည်။ တစ်နေ့လျှင် နေ့တစ်ကြိမ်၊ ညတစ်ကြိမ်ပါ။

ခါးနာ၊ ခါးကိုက်လျှင် ကြိတ်မှန်ရွက်ကို ထောင်းထုပြီး ခါးတွင်အုံကာ စည်းပေးထားရမည်။

မျက်စိယားယံခြင်း၊ ယောင်ခြင်းဖြစ်လျှင် ကြိတ်မှန်ရွက် သတ္တုရည်ကို မျက်စဉ်းခပ်ပေးရသည်။


ရေယုန်နာပေါက်လျှင် ကင်းပုံရွက်ကဲ့သို့ ကြိတ်မှန်ရွက်ကိုကြိတ်ပြီး နနွင်းမှုန့်နှင့်ရောစပ်ပြီး မကြာခဏ လိမ်းပေးရသည်။

စအိုတွင် အနာဖြစ်လျှင် ကြိတ်မှန်ရွက်သတ္တုရည်နှင့် နနွင်းမှုန့်ရောစပ်ပြီး အနာကို တစ်နေ့ လေးငါးကြိမ် လိမ်းပေးသင့်သည်။

မီးယပ်ငုပ်ခြင်း၊ သွေးထိန်ခြင်းဖြစ်လျှင် ကြိတ်မှန်ရွက် ၅ ကျပ်သားနှင့် ထန်းလျက် ၅ ကျပ်သားကို ရေဖြင့်ရော၍ သုံးခွက်တစ်ခွက်တင် ကျိုသောက်ရသည်။

တိုင်းရင်းဆေးပညာအရ ကြိတ်မှန်ရွက်ကိုနေလှန်းအမှုန့်ကြိတ်ပြီး နွားနို့တစ်ဖန်ခွက်ထဲတွင် အမှုန့်မန်ကျည်းစေ့ခန့်ထည့်သောက်လျှင် သွားကိုခိုင်မာစေသည်။ မျက်စိကို ကြည်လင်စေသည်။

သွေးဝမ်းရောဂါဖြစ်လျှင် ကြိတ်မှန်ရွက် ပဥ္စငါးပါးကို



သုံးခွက်တစ်ခွက်တင် ကျိုသောက်ပေးပါ။

ကြိတ်မှန်ရွက်ကို တို့စားလျှင် အားတိုးစေသည်။

မွေးကင်းစ ကလေးငယ်များ နှာစေးချောင်းဆိုးလျှ
ကြိတ်မှန်ရွက် ပဥ္စငါးပါး သတ္တုရည်ငါးစက်နှင့် ပျားရည်တ
စက်နှင့် ရောနှောပြီး အစက်ချပြီး တိုက်ပေးရသည်။

ကလေးသူငယ်များ အစားစားသော်လည်း မဝပြ
ပိန်လှီနေလျှင် တုပ်ပိုး၊ သန်ပိုးတို့ကြောင့် ဖြစ်တတ်ရာ ကြိ
မှန်ရွက်သတ္တုရည်ကို ကလေးငယ်၏စအိုဝတွင် သုတ်လိ
(သုံးလေးကြိမ်)ပေးပါက သန်ပိုးများကျလာစေပါသည်။

ယားနာများ၊ အနာစက်များဖြစ်လျှင် ကြိတ်မှန်ရွ
သတ္တုရည်ကို သနပ်ခါးနှင့် ပျစ်ပျစ်သွေးပြီး လိမ်းပေးသင့်သ

အဆီကျိတ်ဖြစ်နေသူများ ကြိတ်မှန်ရွက် သတ္တုရည်
ညစဉ်လိမ်းပေးလျှင် ပျောက်ကင်းစေသည်။

တိုင်းရင်းဆေးကျမ်းများတွင် ဝမ်းမီးငုပ်ပြီး မစား
မသောက်ချင် ဖြစ်နေသူများ၊ သွေးအားနည်းနေသူများအ
ဖြင့် ကြိတ်မှန်ရွက်မှုန့် ဆီးကင်းခန့်၊ ဆီးဖြူသီးမှုန့် ဆီး
ခန့်၊ ဖန်ခါးသီးမှုန့် ဆီးကင်းခန့်၊ သစ်ဆိမ့်သီးမှုန့် ဆီးကင်
ကို သကြား ငါးကျပ်သားခန့်ဖြင့် ရောစပ်၍ တစ်ခါသော
လျှင် တစ်ကျပ်သားခန့် သောက်သုံးပေးရသည်။


မည်သည့် မြေအမျိုးအစားတွင်မဆို ပေါက်ရော
အစေ့ကျမျိုးပွားတတ်ပြီးလျှင် ဆေးဖက်ဝင်သော ကြိတ်မှ
ပင်ကို နေအိမ်ခြံဝင်းအတွင်း စိုက်ပျိုးထားသင့်ပါကြော
အကြံပေး တင်ပြလိုက်ရပေသည်။

ဝင်းဇော်(သုံးဆ



www.burmeseclassic.com

www.burmeseclassic.com



# လူခေါ်လာဘ်ပွင့် အောင်မာတ်ဖွင့် ယတြာ

သစ္စာဝါဒီ ဆရာမြတ်တောလင်း

ကျွန်ုပ်သည် ယခုကဲ့သို့ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရား၏အရှေ့ဘက်မုခ်တွင် ခမ်းနားထည်ဝါသော ဗေဒင်ခန်း၌ ဗေဒင်ဟောပြောခြင်းကို ပြုလုပ်ခွင့်မရသေးသော အချိန်ကာလဖြစ်သည့် လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလတွင် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများ၏ ပွဲတော်များတွင် လိုက်လံ၍ ဗေဒင်ဟောပြောခဲ့စဉ်ကပင် ဖြစ်၏။ ရန်ကုန်ပွဲများ ကုန်ဆုံးသွားသောအခါ ခရမ်း ကြေးသွန်းဘုရားကြီးပွဲ၊ ငှင်းမှုတစ်ဆင့်နိုက်ဦးမြို့ဘုရားပွဲသို့ ကူးပြောင်းခဲ့ရ၏။ ကျွန်တော်ရောက်သောအချိန်တွင် ဆိုင်ခန်းနေရာကောင်းများ ကုန်နေပြီဖြစ်၏။ မကောင်းသော ဆိုင်ခန်းနေရာဖြစ်၍ ဆိုင်ခန်းမယူဘဲ ဗေဒင်ဟောပြန်လျှင်လည်း အိပ်စရာ၊ နေစရာ အလွန်ပင်ခဲယဉ်းလှ၏။ ရေရှည်ကျန်းမာရေးအတွက် လမ်းဘေးပုံကျ ဟောပြောအိပ်စက်နေခြင်းမျိုး ပြုလုပ်၍မဖြစ်။

ဤအကြောင်းကြောင့်ပင် ရရာဆိုင်ခန်းယူလိုက်ရသည်။ တပည့်ဖြစ်သူ ခိုင်နေလင်း (ခေါ်) အောင်ချမ်းနှင့် ဇနီးသည်ဖြစ်သော ဆရာမ နန်းကေသီတို့နှင့်အတူ ထိုပွဲတော်များသို့ လိုက်လံဟောပြောခဲ့ရာတွင် ဤပွဲခွင်လောက် ကသီလင်တနိုင်သောနေရာမျိုးမရှိဟု ထင်ရသည်။ ဘုရားရင်ပြင်တော်ပေါ်တွင် ပုံကျဗေဒင်နှင့် ဈေးသည်များ မထွက်ရသလို အခြားသောနေရာများတွင်လည်း ဟောပြောရန်နေရာခက်ခဲလှ၏။

ထို့ကြောင့် တပည့်ခိုင်နေလင်း ကြွေဗေဒင်ထွက်၍လည်းကောင်း၊ အဟောအပြောထွက်၍လည်းကောင်း ပွဲမဝင်ခင်ငွေရှာရန် မဖြစ်နိုင်သဖြင့် အခြားပွဲတော်များမှ ပါလာသောငွေကို ထိုင်၍သုံးစွဲနေရ၏။ ပွဲရောက်လာ၍ လူသွားလူလာစည်



www.burmeseclassic.com

www.burmeseclassic.com

ကားလာလျှင် အလုပ်ဖြစ်တန်ကောင်းရဲ့ဟု မျှော်လင့်ချက်ဖြင့် နေခဲ့သော်လည်း ပွဲတော်စ၍ သုံးရက်မြောက်ရှိလာသော်လည်း မည်မည်ရရ တူတူတန်တန်ဟောပြောရခြင်းမျိုး မရှိ။ ဤအတိုင်းဆိုလျှင် ဆိုင်ခန်းဖိုး၊ မီးဖိုး၊ ကျန်နေသည့်ငွေကို ကန်ထရိုက်အား မပေးနိုင်၊ တောင်းပန်ရတော့မည်ဖြစ်၏။

ထိုသို့ဆိုလျှင် အခြားသော ဗေဒင်ဆရာများရှေ့တွင် ကျွန်ုပ်သည် သိက္ခာကျတော့မည်ဖြစ်၏။ ထို့ထက်ဆိုးသည်မှာ တောင်ငူ ရေတာရှည်မြို့ အရှေ့မြောက်ဘက်တွင်ရှိသော မယ်ဒက်ကယ်ဘုရားပွဲတော်သို့ ကူးပြောင်းရန် လမ်းစရိတ်မရှိသဖြင့် အလွန်ပင် ခက်ခဲကျပ်တည်းမှုနှင့် ကြုံတွေ့နေရပြီဖြစ်၏။ ဆယ့်နှစ်ပွဲလိုက်၍ ဗေဒင်ပညာဖြင့် ဟောပြောစီးပွားရှာကြရသော ဗေဒင်ဆရာများထဲတွင် ကျွန်ုပ်သည် ရိုးသားစွာဖြင့် ဟောပြောဆောင်ရွက်ပေးရာ အခြားသော၊ အချို့သော ပုဂ္ဂိုလ်များကဲ့သို့ လုံးသုတ်ရိုက်ခွင်ဆိုသော ပညာကို မတတ်ကျွမ်းသဖြင့် ရသော အခါ၌လည်း အခြားဆရာများကဲ့သို့ သောင်းချီ၍မရခဲ့သဖြင့် ပို၍ပင်အခက်အခဲကြုံရ၏။

ထိုအခက်အခဲကို ကျော်လွှားလွန်မြောက်နိုင်ရန် ကျွန်ုပ်၏ဖခင် နေပြည်တော်ဆရာထိန်၊ ကျွန်ုပ်၏အစ်ကိုတော် အစ်မ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်းဖြစ်သူ နန်းတော်ရှေ့ ဆရာဦးမင်းသိန်းတို့ ပေးအပ်ခဲ့သော ပညာရပ်များမှ စတုရန်းဓာတ်ဆင်၍ "လူခေါ်လာဘ်ပွင့် အောင်ဓာတ်ဖွင့်"ယတြာကို ပြုလုပ်ရန်စဉ်းစားမိ၏။ ထို့ကြောင့် ကျွန်ုပ်သည် အင်္ဂါသားဖြစ်၍ ငွန်းတစ်ချောင်းကို စားပွဲပေါ်သို့တင်လိုက်၏။ ၎င်းငွန်းပေါ်တွင် သုံးလက်မ၊ လေးလက်မခန့်ရှိသော သံဖြင့် ၂၁ ချက်ခေါက်၍ ဗေဒင်မေးသော လူရောက်လာရန် ခေါ်လိုက်၏။ ထိုသို့ ဓာတ်ဆင်သောအချိန်မှာ ပွဲတော်၏ လေးရက်မြောက် ည ၇ နာရီခန့်ပင် ရှိပြီဖြစ်၏။ ထိုဓာတ်ဆင်ပြီး ၉ နာရီခန့်ရှိသော အချိန်တွင် ဒိုက်ဦးမြို့ဈေးထဲမှ အထည်အလိပ်နှင့် လူသုံးကုန်ရောင်းချသော ဇနီးမောင်နှံ ရောက်လာ၏။ ၎င်းတို့ကိုဟောပြောနေစဉ်မှာပင် ဒိုက်ဦးဘူတာမှ ဝန်ထမ်းတစ်ဦးလည်း ရောက်ရှိလာပြန်သည်။

ထိုညတွင် သုံးဦးခန့်ဟောပြောလိုက်ရာ ကြိုတင်စားသုံးမှု၏ ကုန်ကျစရိတ်နှင့် ဆိုင်ခန်းဖိုး၊ မီးဖိုးများ ကျေသွားပြီဖြစ်၏။ နောက်ကျန်သော သုံးရက်တွင် ပွဲကူးစရိတ် ပြည့်ပြည့်စုံစုံပါသွားနိုင်မည်ကို သေချာမည်ဖြစ်၏။ ဤအကြောင်းကို တွေးမိသောအခါ လစဉ်ထုတ်မဂ္ဂဇင်းများကို စောင့်မျှော်ဖတ်ရှုနေသော ကျွန်ုပ်၏ စာဖတ်ပရိသတ်များဖြစ်သည့် ခုနစ်ရက်သားသမီးများ၌လည်း ထိုအချိန်က ကျွန်ုပ်တွေ့ကြုံခဲ့ရသည့် ကျဉ်းကျပ် ခက်ခဲမှုမျိုး ရှိကောင်းရှိလိမ့်မည်ဖြစ်၏။ ဤကဲ့သို့ အခက်အခဲမျိုးမှ ကျော်လွှားလွန်မြောက်ပြီး ရောင်းဝယ်လုပ်ကိုင်မှုများ တိုး တက်အောင်မြင်စေပြီး စိတ်ချမ်းသာမှုကိုရရှိစေရန် ခုနစ်ရက် သားသမီးများအတွက် ညွှန်ကြားရေးသားတင်ပြလိုက်ပါသည်။

၁။ တနင်္ဂနွေသားသမီးများအတွက် အိုးကို ဝါးဖြင့် ၁[illegible] ချက်ခေါက်ပါ။

၂။ တနင်္လာသားသမီးများအတွက် ကတ်ကြေးကို ခဲချပ်ဖြင့် ၁၉ ချက် ခေါက်ပါ။

၃။ အင်္ဂါသားသမီးများအတွက် ငွန်းကို သံဖြင့် ၂၁ ချက် ခေါက်ပါ။

၄။ ဗုဒ္ဓဟူးသားသမီးများအတွက် ယွန်းခွက်၊ လွန်သွား[illegible] ဓားဖြင့် ၁၀ ချက် ခေါက်ပါ။

၅။ ကြာသပတေးသားသမီးများအတွက် ဇန်း၊ ဖာ၊ [illegible] တစ်ခုခုကို အပ်ဖြင့် ၆ ချက် ခေါက်ပါ။

၆။ သောကြာသားသမီးများအတွက် သော့ကို ကတ်[illegible] ဖြင့် ၁၅ ချက် ခေါက်ပါ။

၇။ စနေသားသမီးများအတွက် ဓားကို ငွန်းဖြင့် ၈ ချက် ခေါက်ပါ။

အထက်ပါအစီအရင်ကို ပြုလုပ်သောအခါ နေ့တစ်[illegible] ၏ စရေဓာတ်ပေါ်သော အချိန်တွင်ပြုလုပ်ရမည်ဖြစ်သည်။

## စရေဓာတ်ပေါ်သောအချိန်များမှာ

| | |
|---|---|
| ၁။ တနင်္ဂနွေနေ့ | ၇း၃၀ မှ ၉း၀၀ |
| ၂။ တနင်္လာနေ့ | ၃း၀၀ မှ ၄း၃၀ |
| ၃။ အင်္ဂါနေ့ | ၉း၀၀ မှ ၁၀း၃၀ |
| ၄။ ဗုဒ္ဓဟူးနေ့ | ၁း၃၀ မှ ၃း၀၀ |
| ၅။ ကြာသပတေးနေ့ | ၁၀း၃၀ မှ ၁၂း၀၀ |
| ၆။ သောကြာနေ့ | ၆း၀၀ မှ ၇း၃၀ |
| ၇။ စနေနေ့ | ၁၂း၀၀ မှ ၁း၃၀ |

စသောအချိန်တို့ဖြစ်ပါသည်။

ကျေးဇူးရှင်အား ရှိခိုးပါ၏။

သစ္စာဝါဒီဆရာမြတ်[illegible]

www.burmeseclassic.com

www.burmeseclassic.com

# ဆန်းကျမ်းပညာနှင့် ဆန့်ကျင်ခြင်း

ဂမ္ဘီရဆရာလှမျိုး(B.Sc)

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် တစ်ဦးနှင့်တစ်ဦး၊ အကြောင်းအရာတစ်ခုနှင့်တစ်ခု သဘောထားမတိုက်ဆိုင်ခြင်း၊ အမြင်တွေခြင်း၊ ကွဲပြားခြားနားပါက "ဆန့်ကျင်"သည်ဟု ဆိုကြသည်။ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ဘက်စကားပြောလျှင် ရန်ပြဿနာပေါ်ရလေ၏။ တစ်ယောက်က တောင်ဘက်၊ တစ်ဦးက မြောက်ဘက်သွားပါက ဆန့်ကျင်ဘက်သွားသည်ဟု ဆိုကြသည်။ အင်္ဂလိပ်ဝေါဟာရတွင် ဆန့်ကျင်ဘက်စကားလုံး အဘိဓာန်အအုပ် သီးသန့်ထုတ်ထားသည်။

ဆန်းကျမ်းပညာကို လေ့လာသောအခါ အပူဓာတ် (မီး)နှင့် အအေးဓာတ် (သောမ)တို့သည် ဆန့်ကျင်သည်ဟု ဆိုထားသည်။ အထူးသဖြင့် အပေါင်းနှင့် အနုတ်၊ အလင်းနှင့် အမှောင်၊ အမြင့်နှင့် အနိမ့်၊ ခေါင်းရင်းနှင့် ခြေရင်း စသည့် ဆန့်ကျင်ဘက်တို့ကို ဣဋ္ဌနှင့် အနိဋ္ဌဟု ခေါ်ဆိုပါသည်။ ဆန်းကျမ်းပညာရှင်ဆရာကြီးများသည် အမည်တစ်ခု ကြားလိုက်ရသည်နှင့် ဆန်းကျင်မှုရှိမရှိ ဝေဖန်သုံးသပ်ပြီး ဆုံးဖြတ်ချက်ချသောဆိုကြသည်။ ဦးမြင့်ဆိုပြီး လူက ပုနေခြင်း၊ ဦးပုဆိုပြီး လူကရှည်နေပါက ထိုသူ၏ဘဝတွင် တစ်စုံတစ်ခု မကျေနပ်မှု၊ မပြည့်စုံခြင်း၊ အဆင်မပြေခြင်း ကြုံတွေ့ရပါသည်။ ဦးမဲဆိုပြီး အသားဖြူနေခြင်း၊ ဒေါ်ဖြူဆိုပြီး အသားမည်းနေပါက ဆန့်ကျင်သည်။ နေအိမ်တစ်အိမ်တွင် ဘုရားကျောင်းဆောင်၊ ဘုရားခန်း အိမ်ရှေ့သည် မြင့်မြတ်သောနေရာ ဖြစ်သည်။ အိမ်ခြေရင်း၊ နောက်ဖေးသည် နိမ့်သောနေရာဖြစ်သည်။ ထိုးသည် အမြင့်တွင်ရှိနေရပြီး ဖိနပ်သည် ခြေရင်း၊ အနိမ့်တွင် ရှိရမည်။ ဆန်းကျမ်းပညာရပ်တွင် တိုင်ထူပြီးသည်နှင့် ဂြိုဟ်များ၏အနေထားကို စစ်ဆေးရသည်။ ဗေဒင်တိုင်ထူပြီးသည်နှင့် ဆန်းကျင်သော ဂြိုဟ်ကို ရှာရသည်။ ဆန့်ကျင်သုံးမျိုး ရှိပါသည်။ ဆန့်ကျင်သောဂြိုဟ်ကို ရှောင်ရသည်။ ဆန့်ကျင်သောဂြိုဟ်သည် ဒုက္ခပေးတတ်သည်။

စာရေးသူ့ရပ်ကွက်ထဲတွင် ဓာတ်ပုံဆိုင်တစ်ဆိုင်ရှိသည်။ ဓာတ်ပုံရိုက်ကူးခြင်း၊ ပုံကူးခြင်းကို အဓိကဆောင်ရွက်ပေးပြီး ဖိနိုင်းလည်း ပြုလုပ်ပေးသည်။ လုပ်ငန်းအခြေအနေ ခဆိုးပါ။ တစ်နှစ်ခန့်ကြာသောအခါ သူ၏ဇနီးမှ အနီးကပ်ဆိုင် ခန်းကိုဌားပြီး ဖိနပ်ရောင်းသည်။ ထို့နောက် မည်သူ၊ မည်သည့် ဆရာက အကြံပေးသည်မသိ။ ဓာတ်ပုံ + ဖိနပ် ဟူသော ဆိုင်းဘုတ်ကြီး ချိတ်ဆွဲထားသည်။ ဆန့်ကျင်ဘက် ဖြစ်နေပါသည်။ အကြံပေးသောဆရာမှ ကက်ကင်းဆိုပြီး ပေးချလိုက်ခြင်းဖြစ်သည်။ ဓာတ်ပုံဆိုင် တဖြည်းဖြည်းကျဆင်းသွားပါသည်။ ဖိနပ်အရောင်းအဝယ်လည်း မကောင်းပါ။ နောက်တော့ ထိုဆိုင်းဘုတ်ကြီး ဖြုတ်ချလိုက်တာ တွေ့ရသည်။ လုပ်ငန်းပြန်လည် အဆင်ပြေလာပါတော့သည်။ ထို့ကြောင့် ကက်ကင်းဓာတ်ဆင်ရာတွင်လည်း ဆန့်ကျင်မှုမဖြစ်အောင် သတိထားရသည်။ "ခရေနှင့်ကောက်ရိုး" (တနင်္လာ+ဗုဒ္ဓဟူး)၊ (တနင်္လာ+ရာဟု) ဓာတ်တူနံတူ ဖြစ်သော်လည်း ဆန့်ကျင်ဘက်ဖြစ်ပါသည်။ မိမိနေအိမ်တွင် သောက်ရေအိုးကို အိမ်ခြေရင်း၊ ဖိနပ်ချွတ်တွင် မထားသင့်ပေ။ ယခု စာရေးသူရေးသားဖော်ပြလိုသည့် ဆန်းကျင်ခြင်းမှာ လူသိနည်းသော မြန်မာသက္ကရာဇ်၊ မြန်မာလ၊ မြန်မာရက် ဆန်းကျင်ပုံကို ဖော်ပြပေးလိုက်ရပါသည်။

### မြန်မာသက္ကရာဇ် ဆန့်ကျင်ခြင်း

✓ ✗ ✗ ✓

၁ (၂) ၃ ၄ ၅ ၆ ၇ ၈ (၉) ၀

✓ ✱ ✱ ✓

သင်္ကေတတူရာတို့မှာ ဆန့်ကျင်ဘက်ကိန်းဖြစ်သည်။

၁ ၀ = ၁ ၃ ၃ (၁) နှင့် ၁ ၃ ၃ (၀) ဆန့်ကျင်

၂ ၉ = ၁ ၃ ၃ ၂ နှင့် ၁ ၃ ၃ ၉ ဆန့်ကျင်

၃ ၈ = ၁ ၃ ၃ ၃ နှင့် ၁ ၃ ၃ ၈ ဆန့်ကျင်

၄ ၇ = ၁ ၃ ၃ ၄ နှင့် ၁ ၃ ၃ ၇ ဆန့်ကျင်

၅ ၆ = ၁ ၃ ၃ ၅ နှင့် ၁ ၃ ၃ ၆ ဆန့်ကျင်



www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ်နောက်ဆုံးအလုံးကို ကြည့်ရသည်။

မိမိမွေးသက္ကရာဇ်သည် ၁၃၃၄ ခုနှစ် ဖြစ်သည်ဆိုပါက ယခု ၁၃၇၇ ခုနှစ်တွင်တွင် ဆန့်ကျင်နေသည်။ ၄ ＝ ၇ (ဆန်းကျင်) အလုပ်အကိုင်သတိထား လုပ်ကိုင်ရသည်။ အစစအရာရာ သတိထားဆင်ခြင်နေထိုင်ရမည်။ ဆန့်ကျင်သော အလုပ်များ ရှောင်ပါ။

### မြန်မာလ ဆန့်ကျင်ပုံ

တန်ခူး ↕ သီတင်းကျွတ်

ကဆုန် ↕ တန်ဆောင်မုန်း

နယုန် ↕ နတ်တော်

ဝါဆို ↕ ပြာသို

ဝါခေါင် ↕ တပို့တွဲ

တော်သလင်း ↕ တပေါင်း

### မြန်မာရက် ဆန့်ကျင်ပုံ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| လဆန်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | |
| လဆုတ် | ↕ | ↕ | ↕ | ↕ | ↕ | ↕ | ↕ | ၈ |
| ရက်စုံ | ၁၅ | ၁၄ | ၁၃ | ၁၂ | ၁၁ | ၁၀ | ၉ | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| လဆုတ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ရက်မစုံ | ၁၄ | ၁၂ | ၁၂ | ၁၁ | ၁၀ | ၉ | ၈ |

ဆန့်ကျင်သောရက်တွေမှာ အရေးကြီးတာ မပြုလုပ်သင့်ပါ။ အရေးကြီးသောအလုပ်၊ စီးပွားရေး၊ မစတင်သင့်ပါ။ လဆန်း၊ လဆုတ်ရက်စုံတွင် (၈)သည် (၇)နှင့် (၉)ပါ ဆန့်ကျင်သည်။ ဥပမာအားဖြင့် -

လဆုတ် ၁ ရက်နေ့ မွေးသူသည် ၁၄ ရက်နေ့မှာ အရေးကြီးသော အလုပ်များ မလုပ်သင့်ပါ။ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်း၊ ပညာရေး အားလုံး ပါဝင်သည်။ ဉာဏ်ရှိသလို အသုံးပြုပါ။ လဆန်း ၂ ရက် မွေးသူသည် လဆန်း ၁၄ ရက်နေ့မှာ အရေးကြီးသောအလုပ် မပြုလုပ်သင့်ပါ။ လဆန်း ၃ ရက် မွေးသော ယောက်ျားနှင့် လဆန်း ၁၃ ရက်မွေးသော မိန်းကလေး အိမ်ထောင်ရေး အဆင်မပြေဖြစ်တတ်သည်။

### နေ့ဆန့်ကျင်ခြင်း

တနင်္ဂနွေနှင့် စနေ၊ တနင်္လာနှင့် သောကြာ၊ အင်္ဂါနှင့် ကြာသပတေး။ ဗုဒ္ဓဟူးသည် ကိုယ်တိုင်ဆန့်ကျင်သည်။

ဥပမာ - တနင်္ဂနွေသားသမီး စနေနေ့တွင် လုပ်ငန်းကြီး စတင်ခြင်း၊ အရေးကြီးကိစ္စပြုလုပ်ခြင်း (ပန္နက်ရိုက်ခြင်း) ရှောင်ရသည်။ (အခြားနေ့ရက်တွင် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။) ဗုဒ္ဓဟူးသားသမီးအချင်းချင်း အဆင်မပြေတာများသည်(ကိုယ်တွေ့)။ အင်္ဂဝိဇ္ဇာပညာအရ စိတ်ဟူသော အင်္ဂါ(၃) ခိုက်နေသောကြောင့်လည်း ဖြစ်နိုင်သည်။ နှစ်ဦးစလုံး ယှဉ်ပြိုင်စိတ်ရှိပါက ဆန့်ကျင်သွားသည်။

### သက္ကရာဇ်အဖျားလုံး အဓိပ္ပာယ်

သက္ကရာဇ်အဖျားလုံးသည် ၁-၂-၃ ဖြစ်ခဲ့သော်၊ ၄-၅-၆ ဖြစ်ခဲ့သော် အလင်းရောင်ကြိုက်သောနှစ်ဟု ယူဆပါ။ သက္ကရာဇ်အဖျားလုံး ၇-၈-၉ ဖြစ်ခဲ့သော် အမှောင်ကြိုက်သော နှစ်ဟု ယူဆပါ။ ယခု ၁၃၇၇ ခုနှစ်သည် အမှောင်ကြိုက်သော နှစ်ဖြစ်၍ ကိလေသာလွှမ်းမိုး၊ ဒုစရိုက်ပေါ်များမည်။ သက္ကရာဇ် အဖျားလုံး (၀)ဖြစ်ခဲ့သော် တိုင်းပြည်၏အကြီးအကဲသည် ပျက်စီးတတ်၏။

သက္ကရာဇ်၊ လ၊ နေ့ သုံးမျိုး ဆန်းကျင်ပါက အထူး သတိထားရှောင်သင့်သည်။ ဂြိုဟ်ရှစ်ခွင်တွင်လည်း ဆန့်ကျင်မှု ရှိသည်။ စနေဂြိုဟ်တွင် ရာထူးတိုး၊ ထီပေါက်ပါက လူ့ခိုက်တော့မှာ သေချာသည်။ အခြားဂြိုဟ်များလည်း ဇိုသဘောဖြစ်သည်။ အများနှင့်ဆန့်ကျင်ပါကလည်း အထီးကျန်နေရတတ်သည်။ ဆရာကြီးမင်းသိခ်မှ လူလေးယောက် လက်ဖက်ရည်ဆိုင်ထိုင်သည်ဆိုပါက သုံးယောက်က လက်ဖက်ရည်မှာသောက်ပြီး မိမိက ကော်ဖီသောက်ပါက ဆန်းကျင်သဘောဖြစ်နေ၍ မကြိုက်သော်လည်း လက်ဖက်ရည်ကိုသာ သောက်လိုက်ပါ... ပြောဆိုဖူးပါသည်။ ဆန့်ကျင်သောအကြောင်းအရာများ ... ပတ်ဝန်းကျင်တွင် အမြဲကြုံတွေ့ရတတ်သည်။ သတိထားရှောင်ရှားသင့်ပါသည်။ လက်တွေ့ မှန်၊မမှန် ကိုယ်တိုင်သုတေသန... သင့်သည်။

(ဆရာကြီးဦးထွန်းမြတ်၏ ဆန်းကျမ်းပညာသင်တန်း... ကို မှီငြမ်းရေးသားပါသည်။)

ဂမ္ဘီရဆရာလှမျိုး(...



www.burmeseclassic.com

www.burmeseclassic.com

# အာဟာရဖြည့်၊ ဆေးဖက်ဝင် သီးနှံအစားအစာများ

■ သုတေသီဆရာငြိမ်း

## ဆေးစွမ်းထက်သည့် ကြွက်သွန်ဖြူ

အိမ်ရှင်မများအတွက် ကြွက်သွန်ဖြူသည် မီးဖိုချောင်သုံး မရှိမဖြစ်။ ဟင်းလျာများ ချက်ပြုတ်ရန်သက်သက်သာ မဟုတ်၊ ဆေးစွမ်းပါထက်မြက်သော ကြွက်သွန်ဖြူသည် စိတ်ဝင်စားဖွယ် ကောင်းလှ၏။

ကြွက်သွန်ဖြူနှင့် ပတ်သက်၍ အိန္ဒိယသိပ္ပံသုတေသနဌာနတွင် ကြွက်သွန်ဖြူမှ ရရှိသော ဓာတ်တို့ကို သုတေသနပြုကြည့်သောအခါ ကြွက်သွန်ဖြူတွင် ပိုးတို့ကို ဖျက်ဆီးပစ်သော ဂုဏ်သတ္တိများစွာ ရှိကြောင်း တွေ့ရှိကြရသည်။ ဤဂုဏ်သတ္တိမှာ ပင်နီဆီလင်နှင့်တူသည်ဟု ဆိုကြ၏။

ကြွက်သွန်ဖြူသည် ကင်ဆာရောဂါကာကွယ်ရာတွင် ထူးချွန်စွာမှ အစွမ်းထက်မြက်လှပေသည်။ သို့ရာတွင် ဟင်းထဲထည့်ချက်စားလိုက်သောကြောင့်၊ အပူပေးလိုက်သောကြောင့် အကျိုးရသင့်သလောက် မရဟု ဆိုကြပေသည်။ နည်းမှန်လမ်းမှန် စားသောက်လိုပါက ပါးပါးလှီးထားသည့် ကြွက်သွန်ဖြူကို ၁၅ မိနစ်ခန့် လေသလပ်ခံထားရပါမည်။ ထိုအခါတွင် အောက်ဆီဂျင်ဓာတ်နှင့် ပေါင်းစပ်ပြီး ဓာတ်ပြုလိုက်သည့်အတွက်ကြောင့် ၎င်း၏ အစွမ်းသတ္တိမှာ ထွက်လာရတော့သည်။ ဤကဲ့သို့ ကြွက်သွန်ဖြူဓာတ် ပေါ်ထွက်လာမှသာ ကင်ဆာရောဂါကို ကာကွယ်နိုင်မည် ဖြစ်ပေသည်။

### ၁။ ကြွက်သွန်ဖြူစားပြီး အနံ့ထွက်နေလျှင်

ကြွက်သွန်ဖြူမှ ဆေးဖက်ဝင်လှသော်လည်း အနံ့ပြင်းသည့်အတွက် လူတိုင်း အနံ့မခံလိုကြပေ။ ထို့ကြောင့် ကြွက်သွန်ဖြူစားပြီးသည်နှင့် မြေပဲဝါးပေးပါ။ သို့မဟုတ်



ရေနွေးကြမ်းသောက်ပေးခြင်းအားဖြင့်လည်း ကြွက်သွန်ဖြူနံ့ ထွက်ခြင်းမှ ကာကွယ်ပေးပါလိမ့်မည်။

### ၂။ ဆံပင်မကောင်းလျှင်၊ ဆံပင်ဖြူနေလျှင်

ကြွက်သွန်ဖြူသတ္တုရည်ကို ဦးခေါင်း၌ မကြာခဏ ခွတ်လိမ်းပေးပါက ဆံပင်များ ကောင်းစွာရှင်သန်လာပါလိမ့်မည်။ ဖြူနေသော ဆံပင်များ နက်မှောင်သန်စွမ်းလာပါလိမ့်မည်။

### ၃။ ငှက်ဖျားရောဂါ ကာကွယ်လိုလျှင်

ကြွက်သွန်ဖြူကို နမ်းဆီနှင့်ရော၍ စားပေးပါက ငှက်ဖျားရောဂါကို ကာကွယ်ပြီးသားဖြစ်သွားပါလိမ့်မည်။ ထို့ပြင် အအေးမိ၍ ချမ်းတုန်တက်တတ်သော ရောဂါတို့ကို လည်း ကြွက်သွန်ဖြူက ကာကွယ်ပေးနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**၄။ ဆုံဆို့နာ ဖြစ်နေလျှင်**

လည်ချောင်းတွင်ဖြစ်တတ်သည့် အနာတစ်မျိုးမှာ ဆုံဆို့နာဖြစ်ပါသည်။ ဆုံဆို့နာဖြစ်လျှင် ကြက်သွန်ဖြူကို ဖြည်းဖြည်းချင်းဝါး၍ အရည်ကို မျိုချပါ။ ကြက်သွန်ဖြူကြေမွသွားသည့်အခါ အဖတ်များကိုပါ မျိုချရပါမည်။ ၎င်းအတိုင်း ဆက်၍ဝါးစားလျှင် ၃ နာရီမှ ၄ နာရီအတွင်း ကြက်သွန်ဖြူ ၂ အောင်စ၊ ၃ ကျပ်သားကျော်ကျော်ခန့် ကုန်သွားပါလိမ့်မည်။ အပူရှိန်ရှိက ကျသွားပါလိမ့်မည်။ အကယ်၍ မပျောက်သေးဘူးဆိုပါလျှင် နေ့စဉ် တစ်ပတ်ခန့် ဆက်၍စားပေးရပါမည်။ သို့ဆိုပါက ဆုံဆို့နာ ပျောက်ကင်းသက်သာသွားပါလိမ့်မည်။

**၅။ နှာခေါင်းရောဂါဖြစ်နေလျှင်**

ကြက်သွန်ဖြူရည် ၁၂ ပဲသားနှင့် ရေ ၇ ကျပ်ခွဲသားတို့ကို ရော၍ နေ့အခါတွင် သုံးကြိမ်ခန့်၊ လေးကြိမ်ခန့်မျှ နှာခေါင်းအတွင်းသို့ ဂွမ်းသန့်သန့်ဖြင့် သွင်းပေးပါက နှာခေါင်းရောဂါ ပျောက်ကင်းသွားပါလိမ့်မည်။

**၆။ လေချုပ်ဝေဒနာ ခံစားနေရလျှင်**

ကြက်သွန်ဖြူဥခပ်ထွားထွား ခုနစ်တက် (သို့မဟုတ်) ကြက်သွန်ဖြူဥတစ်လုံး ခုနစ်လုံးကို မီးအုံး၍စားပေးပါ။ လေများသက်ပြီး လေချုပ်ခြင်းဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၇။ ကာမသတ္တိ တိုးပွားလိုလျှင်**

ကြက်သွန်ဖြူကို ထောပတ်နှင့်ကြော်၍ ပျားရည်နှင့် ရောစပ်ကာ မပြတ်တမ်း မှီဝဲသုံးဆောင်ပေးပါက ကာမသတ္တိစွမ်းအင်များ တိုးပွားလာပါလိမ့်မည်။

**၈။ အသံတိမ်၊ အသံဝင်၊ အသံပျက်လျှင်**

ကြက်သွန်ဖြူကို နွယ်ချိုနှင့်အတူ ရောမျိုချပါ။ ထို့ပြင် ရက်တက်ရည်နှင့်ရောသော ကြက်သွန်ဖြူရည်ကို သုံးဆောင်ပေးပါက အသံတိမ်ခြင်း၊ အသံဝင်ခြင်း၊ အသံပျက်ခြင်းများ ပျောက်ကင်းသွားပါလိမ့်မည်။

**၉။ အနာပေါက်ရောဂါ ခံစားနေရလျှင်**

အနာပေါက်ရောဂါသည် လက်၏အတွင်းသားကို လိုက်စား၍ အကြောများကိုပင် မြင်နေရ၏။ အလွန်အနံ့ဆိုး၍ ပြည်များပင် ယိုစီးနေတတ်၏။ ထိုသို့ဆိုပါက ထိုအနာကို ကြက်သွန်ဖြူရည်ဖြင့် ဆေးကြော၍ ကြက်သွန်ဖြူအရည်တွင် ေ့တ္တစိမ်ပေးပြီး ပတ်တီးစည်းပေးထားလိုက်ပါက မကြာခင် အနာပေါက်ရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၀။ အရေပြားရောဂါဖြစ်လျှင်**

အနာကို ကြက်သွန်ဖြူအရည် လိမ်းကျံပေးပြီး ကြက်သွန်ဖြူနှင့် ရှားခေါက်ပြုတ်ရည်တို့ ရောနှောကာ တိုက်ကျွေးပေးပါ။ ပွေးပေါက်ပါက အခွံနွာထားသည့် ကြက်သွန်ဖြူနှင့် ပွတ်တိုက်ပေးပါက သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၁။ ခေါင်းကိုက်လျှင်**

ကြက်သွန်ဖြူကို ထုထောင်း၍ ဆားနှင့်ရောကာ သောက်ပေးပါ။ ကြက်သွန်ဖြူအဆီကို နားတွင်လိမ်းပေးပြီး အနံ့ကို လက်ဝါးတွင်ပွတ်၍ ရှူပေးပါ။ ခေါင်းကိုက်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၂။ ဗိုက်အောင့်ဝေဒနာ သက်သာလိုလျှင်**

ကြက်သွန်ဖြူကို ကြိတ်ပြီး အရက်နှင့် ဖျော်သောက်ပေးပါက ဗိုက်အောင့်ခြင်းဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၃။ မီးယပ် သွေးပုပ်၊ လေပုပ် ချလိုလျှင်**

ကြိတ်မှန်ရွက်ခြောက်၊ စမုန်နက်မီးသင်း၊ ကြောင်ပန်းရွက်ခြောက်၊ ကြက်သွန်ဖြူမီးသင်း၊ ဥသျှစ်ရွက်ခြောက်၊ မိသားလင်ဥ၊ ဖျောက်ဆိပ်ရွက်ခြောက်၊ ဆားလှော်၊ မန်ကျည်းသီး စသည်တို့ကို အညီအမျှစီစုကာ' အမှုန့်ပြု၍ တေပြီးစားသောလျှင် မီးယပ်သွေးပုပ်၊ လေပုပ်များ ကျသွားပါလိမ့်မည်။

**၁၄။ ယားနာပျောက်လိုလျှင်**

ကြက်သွန်ဖြူကို ထောင်းပြီး အုန်းဆီနှင့် လိမ်းပေးပါက ယားနာများ ကင်းပျောက်သွားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

**၁၅။ လေငန်းရောဂါ ကာကွယ်လိုလျှင်**

ကြပ်ခိုး၊ ရှိန်းခိုး၊ ကြက်သွန်ဖြူ၊ ထန်းနို့ပြာ . . . ၎င်း ဆေးအမယ် လေးမျိုးကို အညီအမျှစီစုပြီး အရက်နှင့် ဆွဲ လိမ်းပေးပါက လေငန်းရောဂါကို ကာကွယ်နိုင်ပါသည်။

**၁၆။ လည်ပင်းကြီးရောဂါဖြစ်လျှင်**

ကြက်သွန်ဖြူအဆီကို တစ်ကြိမ်လျှင် နှစ်စက်မျှ တစ်နေ့သုံးကြိမ် တိုက်ကျွေးခြင်း၊ လည်ပင်းတွင် လိမ်းကျံ ပေးခြင်းဖြင့် လည်ပင်းကြီးရောဂါဝေဒနာကို သက်သာပျောက် ကင်းစေပါသည်။

**၁၇။ ဝမ်းကိုက်နေလျှင်**

ကြက်သွန်ဖြူဥတစ်လုံးကို အလယ်မှဖောက်၍ ဘိန်း အနည်းငယ်ထည့်ပြီး မီးကင်ကျွေးပါ။ ဝမ်းကိုက်ရောဂါ ချက် ချင်း ပျောက်ကင်းသွားပါလိမ့်မည်။

**၁၈။ အဆုတ်ဝေဒနာခံစားနေရလျှင်**

ကြက်သွန်ဖြူဥတစ်လုံးကို တစ်နေ့တစ်ကြိမ် စားပါ။ ကြက်သွန်ဖြူအဆီကို ရင်ဘတ်၌ လိမ်းပေး၍ ရင်ဘတ်ကို အဝတ်ပတ်ပေးထားပါ။ အရေပြားများကလျှင် ခေတ္တရပ် ထားပြီးမှ ဆက်လိမ်းပါ။ ၎င်းအဆီအရည်သည် အရေပြားမှ အတွင်းသို့ စိမ့်ဝင်ပြီး ပိုးတို့ကို နှိမ်နင်းနိုင်စွမ်းရှိပေသည်။

**၁၉။ အနာဝင်လျှင်**

ကြက်သွန်ဖြူဥတစ်လုံးနှင့် ငရုတ်ကောင်းစေ့ ခုနစ် စေ့တို့ကို ကြိတ်ပြီး အနာပေါ်တွင် အုံပေးပါက အနာဝင် ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၂၀။ နာတာရှည်ချောင်းဆိုးလျှင်**

ကြက်သွန်ဖြူသတ္တုရည်ကို တိုက်ကျွေးပေးပါက နာတာရှည်ချောင်းဆိုးဝေဒနာ သက်သာပျောက်ကင်းသွားပါ လိမ့်မည်။

■ ■ ■

## ဆေးဖက်ဝင်သည့် နာနတ်ပင်

မိုးဦးကျရာသီ ရောက်ပြီဆိုလျှင်ဖြင့် မာလကာသီးနှင့် အပြိုင်ပေါ်ထွက်လာတတ်သော သစ်သီးတစ်မျိုးမှာ နာနတ် ဖြစ်သည်။ နာနတ်ကို အလုံးလိုက် ဖယ်ရှားသင့်သည်တို့ကို ဖယ်ရှား၍ စားကြသကဲ့သို့ ဖျော်ရည်အဖြစ်လည်းကောင်း၊ ယိုတိုး၍လည်းကောင်း စားသုံးတတ်ကြပေသည်။ "အစာ လည်းဆေး၊ ဆေးလည်းအစာ" ဟူသော စကားအတိုင်းပင် နာနတ်သီးသည် ဆေးဖက်ဝင်သောအသီးတစ်မျိုးဖြစ်ပေသည်။


နာနတ်သီးနံ့သည် မြေနီမျိုးနှင့် ရွှံ့စေးမြေကို ကြိုက် နှစ်သက်ကြသည်။ ချိုမြိန်သင်းပျံ့သော ရနံ့နှင့် ပြည့်စုံသည်။ နာနတ်သီးကို စားသုံးရာ၌ အရသာကို ခံစားရပါသော်ငြား အဆိုပါသီးနံ့ကို စိုက်ပျိုးလုပ်ကိုင်ရာ၌ လွန်စွာလက်ဝင်ပြီး အသေးစိတ်နိုင်လွန်းလှပေသည်။ အချို့သော နာနတ်စိုက် တောင်သူများသည် နာနတ်သီးတွင် ပေါက်နေသော အပင်ကို ချိုး၍ စိုက်ကြသည်။ ထိုသို့စိုက်ပျိုးခြင်းသည် အသီးသီးရန် အချိန်ကြာမြင့်ပြီး စိုက်တိုင်းလည်း ရှင်သန်မှုမရှိသည့်အတွက် အဆိုပါ စိုက်နည်းကို အသုံးမပြုကြတော့ဘဲ နာနတ်သီးနှင့် အတူ ဘေးမှ အညှောက်သဖွယ် ပေါက်နေသော အတက် ငယ်ကလေးများကိုယူ၍ စိုက်ပျိုးကြသည်။ နာနတ်ပင်တစ်ပင် တွင် အတက်နှစ်တက်မှ လေးတက်အထိ ရှိတတ်ပေရာ ထိုအတက်ငယ်ကလေးများကို ချိုး၍ အပင်ခွဲ(မျိုးပင်)အဖြစ် အသစ်ပြန်လည် စိုက်ပျိုးကြသည်။ ထိုသို့စိုက်ပျိုးသောအပင် မှ ရက်သတ္တနှစ်ပတ်ကြာသောအခါ အသီးသီးပြီး အသီးမှာ လည်း ဖွံ့ထွားမှုရှိလာသည်ကို တွေ့ရပေသည်။

နာနတ်သီးကို စိုက်ပျိုးတော့မည်ဆိုပါက ဦးစွာပထမ ခြံယာမြေကွက်ကို မီးရှို့ရှင်းလင်းရသည်။ ထို့နောက် တောင် ယာစပါးကို တစ်နှစ်၊ သို့မဟုတ် နှစ်နှစ်တိုင် စိုက်ပျိုးပြီးမှသာ နာနတ်ခြံအဖြစ် ပြုလုပ်ရသည်။ အချို့သော တောင်သူများ အနေဖြင့် တောင်ယာစပါးမထည့်တော့ဘဲ ချက်ချင်းဆိုသလို နာနတ်ခြံပြုလုပ်ကြသည်။ ထိုသို့ပြုလုပ်ပါက စပါးသီးနံ့စိုက် ပျိုးသကဲ့သို့ စိုက်ခင်းကို တမန်းညက်အောင် ထယ်ထိုးထွန် မွှေပြီး မီးပြန်ရှို့ရသည်။ မီးရှို့ပြီးပါက မြောင်းဘောင်ကို တည့် တည့်မတ်မတ်တူးပြီး ပျိုးပင်စိုက်ရန် တစ်ပင်နှင့်တစ်ပင် နှစ် ပေခွဲအကွာ မြေကျင်းတူးရသည်။ ထိုသို့တူးပြီးမှ နာနတ်ပင် စိုက်ရန် အသင့်ဖြစ်သည့် စိုက်ခင်းတစ်ခု ဖြစ်လာပေလိမ့်မည်။

နာနတ်မျိုးပင်များ မြေမချမီ သဘာဝမြေဩဇာဖြစ် သော နွားချေးနှင့် တွင်းအောင်းပိုးများ မဖျက်ဆီးစေနိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ပိုးသတ်ဆေးနှင့် ရောနှောကာ မြေမြှုပ်ထားရသည်။ သို့မှသာ နောင်နှစ်အသီးသီးချိန်တွင် အသီးများ ကြီးထွားဖွံ့ဖြိုးလာမည် ဖြစ်သည်။ ထိုကဲ့သို့ ပြုစုစောင့်ရှောက်ရုံမျှဖြင့်လည်း နာနတ်ခြံမှာ ငွေပင်ဖြစ်မလာသေးပေ။ တစ်လလျှင် နှစ်ကြိမ်ခန့် ပေါင်းရှင်းပေးရသည်။ ပေါင်းမြက်များရှိပါက အသီးမသီးဘဲ အထွက်နှုန်းကျဆင်းနိုင်ပေသည်။

နာနတ်စိုက်တောင်သူများသည် နံနက်နေထွက်သည်မှ နေဝင်ချိန်အထိ ခြံထဲ၌ တကုပ်ကုပ်နှင့် ပေါင်းရှင်း မြေတောင်မြှောက်ခြင်းတို့အပြင် လိုအပ်ပါက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ရပါသေးသည်။ နာနတ်စိုက်တောင်သူတို့ ဝမ်းမြောက်ရွှင်လန်းရမည့် အချိန်ကာလမှာ ဇွန်၊ ဇူလိုင်လများ ဖြစ်ပြီး အသီးများ လှိုင်လှိုင်ထွက်စပြုလာပြီဖြစ်သဖြင့် တစ်နှစ်တာလုံး ပင်ပန်းနွမ်းနယ်ခဲ့ရသမျှ စိတ်အေးရတော့မည် ဖြစ်၏။ အသီးထွက်နှုန်းအပေါ်လိုက်၍ အရွယ်အစားကြီးထွားမှုပေါ်တွင်လိုက်၍ ဈေးအမျိုးမျိုး ရရှိမည်ဖြစ်သည်။

နာနတ်သီးတွင် ဗီတာမင်စီဓာတ် မြောက်မြားစွာပါဝင်၏။ သို့ဖြစ်၍ သွားဖုံးနှင့် အရိုးများ ခိုင်မာစေခြင်း၊ အသားအရေ စိုပြည်လာခြင်း အကျိုးကျေးဇူးတို့ကို ရရှိစေ၏။ ထို့အပြင် နာနတ်သီး၌ ကိုယ်ခန္ဓာကြီးထွားသန်မာစေသော သိုင်ယာမင် (ခေါ်) ဗီတာမင်ဘီဓာတ်လည်း များစွာပါဝင်ပေသည်။ လူ၌ အဆိုပါဓာတ် ချို့ယွင်းပါက စိတ်ညစ်ခြင်း၊ စိတ်တိုတတ်ခြင်း၊ ကြောက်အားပိုခြင်း၊ ခံတွင်းပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း စသည့်ရောဂါဝေဒနာများ ခံစားရတတ်သည်။ ထို့ကြောင့် နာနတ်သီးကို စားသုံးပေးခြင်းဖြင့် ကြိုတင်ကာကွယ်ထားရှိနိုင်ပေသည်။

**၁။ နှလုံးတုန်၊ ရင်ခုန်နေလျှင် . . .**

နာနတ်သီးကို သကြားနှင့် ယိုထိုးပြီး ပျားရည်နှင့် ရောစပ်သောက်သုံးပါက နှလုံးတုန်၊ ရင်ခုန်၊ အသက်ရှူမ[illegible]သည့် ဝေဒနာများ သက်သာပျောက်ကင်းပါလိမ့်မည်။

**၂။ မီးလောင်ဖုထလျှင်၊ ရေနွေးပူလောင်လျှင်**

နာနတ်ရွက်ကို မီးအုံ၍ ညှစ်ပါ။ ရလာသောအရည်တို့ကို အနာများပေါ် လိမ်းကျံပေးပါက မီးလောင်ဖုများ ချ[illegible]သွားပါလိမ့်မည်။ ရေနွေးပူလောင်အနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၃။ ကလေးများ သန်ချလိုလျှင်**

နာနတ်သီးတွင်ပါဝင်သော "ဘရိုမာလင်"ဓာတ်ကြောင့် သန်ကျကြောင်း သုတေသနပြုလုပ်တွေ့ရှိထားပြီးဖြစ်၏။ နာနတ်သီးနှင့် ပျားရည်ကို စားပေးပါက ပို၍ကောင်းမွန်၏။ သားသည်မိခင်များသည် မိမိတို့၏ ရင်သွေးငယ်များအား နှစ်စဉ်နှစ်တိုင်း နာနတ်သီးကျွေးပေးပါက ကလေးတို့၏ အစာအိမ်အတွင်း မလိုလားအပ်သော သန်ကောင်၊ တုတ်ကောင်များ ကျဆင်းသွားပါလိမ့်မည်။ နာနတ်သီးသည် သန်ကောင်၊ တုတ်ကောင်များ ကျရုံမကဘဲ အာဟာရဓာတ်[illegible]လည်း ပေးစွမ်းပါသည်။

**၄။ ဆီးအောင့်လျှင်**

မခံမရပ်နိုင်အောင် ဆီးအောင့်ဝေဒနာ ခံစားနေရ[illegible]က နာနတ်ရွက်နှင့် သကြားတို့ကို ရေနှင့်ကျိုချက်[illegible] သောက်သုံးပေးပါ။ ဆီးအောင့်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

သုတေသီဆရာ[illegible]

(09-25017[illegible]

www.burmeseclassic.com

www.burmeseclassic.com

သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း၏ နည်းစနစ်အတိုင်းဟောသည့်

## ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . . .
မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာမိမိ အသိဆုံးပါ။ ဒါပေမဲ့ ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့မမှုတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။ အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

အမှတ် (၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com



www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာများ တိုးပွားလာတတ်ပါတယ်။ ကျေးဇူးရှင် မိဘတွေကိုလည်း ပြန်ပြီးကြည့်ရှုစောင့်ရှောက်နိုင်မယ့်ကာလဖြစ်တယ်။ စီးပွား သိသိသာသာတက်မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းဟောင်းများ ပြန်ပေါ်တတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း အခြေအနေ အဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ အထက်လူကြီး ဆရာ သမားများလို ပုဂ္ဂိုလ်မျိုးကလည်း ကြည့်ရှုစောင့်ရှောက်တတ်တယ်။ မိတ်ဆွေ ကောင်း၊ ဆရာကောင်း တွေ့မယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ ပညာကောင်း ရမယ်။ ပြည်ပကလည်း ကိုယ့်ကို လာရောက်ခေါ်ယူတတ်တယ်။ မြေတစ်ကွက် လည်း ဝင်လိမ့်မယ်။ မိမိအိမ်မှာ စေ့စပ်မင်္ဂလာပွဲ ပြုလုပ်ရတတ်တယ်။ သူများ မင်္ဂလာပွဲကိုလည်း ပါဝင်လုပ်ဆောင်ပေးရတတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက်သူဆိုလျှင် အိမ်ထောင်ကျတတ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားတဲ့ မင်္ဂလာပွဲ ဖြစ်တတ်တယ်။ အဖိုးတန် ကျောက်မျက်ရတနာလည်း ဝင်လာတတ်တယ်။ အပျို၊ လူပျို ဆိုလျှင် တပေါင်းလမှာ မြောက်အရပ်မှ ချစ်သူရည်းစား ရတတ်တယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ သူတစ်ပါးကြောင့် အမှုအခင်းများနှင့် ပတ်သက်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်ပါလိမ့်မယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့် ပတ်သက်၍ စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် နှလုံးနှင့် ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ လေနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်း (၅)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

အင်္ဂါ၊ ကြာသပတေး

**ညံ့သောရက်**

စနေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၅၅၊ ၃၃၊ ၃၅၊ ၅၃

**အထူးသတိပြုရန်**

ယခုကာလတွင် နာရေး လုံးဝမသွားပါနှင့်။
ညအိပ် ညနေ နာတာရှည် လူမမျှား လာရောက်ဆေးဝါးကုသပါက
လက်မခံပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်က ဘုရားတွင် ကြာသပတေးနေ့တိုင်း ဆီထမင်း(
တစ်ပန်းကန်၊ စံပယ်ပန်း(၈)ကုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါလိမ့်မယ်။ မပြည့်စုံတာတွေ ပြည့်စုံလာတတ်တယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းနှင့် ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သော ကာလဖြစ်တယ်။ ခရီး အကျိုးပေးသော ကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများလည်း ဝင်လာတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးများနှင့် ပြန်ဆုံမယ်။ စက်ပစ္စည်းများ အသစ်လဲခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ယခုကာလတွင် မြေအဝင်မခံပါနှင့်။ မဖြစ်မနေ မြေဝယ်ရမယ်ဆိုလျှင် အချောချောလေးတစ်ချပ် ရဟန်းတစ်ပါးကို လှူလိုက်ပါ။ လူမျိုးခြား၊ ဘာသာခြားတွေ မ,စတတ်ပါတယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ ယခုကာလတွင် ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာဖြစ်ရတတ်သော ကာလဖြစ်တယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ရပ်ဝေးကနေ ကိုးကွယ်နေတဲ့ ဆရာတော်တစ်ပါးလည်း ကြွလာတတ်တယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်လာတတ်တယ်။ ငွေရကာနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာဖြစ်ပြီးမှ ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်က လိမ့်ကျတတ်တယ်။ မျက်နှာမှာလည်း အဖုအပိန့် အနာလေးတွေ ပေါက်တတ်ပါတယ်။ ဘာဆေးမှ မလိမ်းပါနှင့်။ သူ့အလိုလို ပျောက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ငြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

ယခုကာလတွင် အိုးပိုင်၊ အိမ်ပိုင် ရနိုင်သောကာလဖြစ်သောကြောင့် သူတစ်ပါး၏ အိမ်ထောင်ရေးကိစ္စ၊ မင်္ဂလာကိစ္စများတွင် တာဝန်ယူ၍ ဆောင်ရွက်ပေးခြင်း၊ မိမိနေထိုင်ရာ အိမ်ခြံဝင်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများကို လက်ခံထားခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း လက်သုပ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် မရသေးတာတွေ ရလာလိမ့်မယ်။ ရပြီးသား ပစ္စည်းတွေလည်း တိုးပွားလာတတ်တယ်။ အလှူအတန်းကိစ္စတွေလည်း ကြုံရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိ၏ အလုပ်မှလည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ဝင်လာတတ်တယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုရင်တော့ လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်း ကြုံရလိမ့်မယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေဝယ်လျှင် အသစ်သာ ဝယ်သင့်တယ်။ အပျက်အဟောင်း မဝယ်သင့်။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညံ့တဲ့ သတင်းတွေလည်း ကြားရတတ်တယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အမည်ပါတဲ့လူတွေဆိုရင် တခြားနေရာ ရွှေ့ထားလိုက်ပါ။ လက်အောက်ငယ်သား တပည့်သားသမီးနဲ့ ပတ်သက်ပြီး စိတ်ပူပင်ရတတ်တယ်။ ယခုကာလတွင် မိမိလုပ်ငန်းတွေကို အင်နဲ့အားနဲ့ တိုးချဲ့ပြီး လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းနည်းတော့ မလိုက်ပါနှင့်။ ဆုံးရှုံးမှုတွေ့ရတတ်တယ်။ အလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ လက်ရှိအလုပ်ကိုပဲ ဆက်လုပ်ပါ။ ပြည်ပခရီးသွားရတတ်တယ်။ လာဘ်ရွှင်နေပေမယ့် ကျန်းမာရေးတော့ ဂရုစိုက်ပါ။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးစဉ်တွေဟာလည်း အောင်မြင်နေတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ ဦးခေါင်းပိုင်း ဒုက္ခပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာရပြီး အရိုးကျိုးတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကနက္ကဒန်ထီးဖြူ(၁)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| တနင်္လာ၊ စနေ |

| ညံ့သောရက် |
|---|
| တနင်္ဂနွေ၊ ဗုဒ္ဓဟူး |

| ကံကောင်းသောနံပါတ် |
|---|
| ၂၁၊ ၂၇၊ ၃၂၊ ၃၆ |

| အထူးသတိပြုရန် |
|---|
| မိမိအိမ်အနီးအနားတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်၊ အရူးတစ်ယောက် ကခုန်သောနိမိတ်တွေ့ပါက သင့်အတွက် လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်သောကြောင့် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံပါ။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
|---|
| မိမိနေအိမ်ဘုရားတွင် ငွေထီး(၉)လက် လှူဒါန်းပေးပါ။ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်တယ်။ သွားဖို့ကြံရွယ်ထားတဲ့ ခရီးစဉ်တွေလည်း ပျက်သွားတတ်တယ်။ ဒါပေမဲ့ မထင်မှတ်သောခရီး၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ လူမျိုးခြားက ကူညီမှုပေးတတ်တယ်။ ပြည်ပခရီးသွားမယ်ဆိုလျှင် ယခုကာလတွင် သွားပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ် ကြုံရပေမယ့် အောင်မြင်မှု ရပါလိမ့်မယ်။ မိသားစုအတွင်းမှာ စိတ်ဝမ်းကွဲစရာတွေ ကြုံတွေ့ရတတ်တယ်။ ကိုယ်ရည်ရွယ်တာတခြား၊ မိသားစု ဖြစ်ချင်တာတခြား ဖြစ်နေတတ်တယ်။ အတတ်ပညာတစ်ခုလည်း သင်ကြားရတတ်တယ်။ အလုပ်နှင့် ပတ်သက်တဲ့ သင်တန်းတက်ခြင်း၊ စာမေးပွဲ ဖြေဆိုခြင်းများ ကြုံရတတ်တယ်။ ပညာရေးနှင့် ပတ်သတ်၍ ကောင်းပါတယ်။ ငွေဝင်နည်းပေမယ့် ထိကံကောင်းတဲ့ကာလဖြစ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့်များနေလိမ့်မယ်။ လက်ရှိအလုပ် ပြောင်းချင်စိတ်ပေါ်လာမယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေရင်းများနှင့် လမ်းခွဲရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း ဖြစ်တတ်တယ်။ မိမိကိုယ်တိုင် အမှုမဖြစ်သော်လည်း မိမိနှင့် ပတ်သက်သောသူတို့၏ အမှုကို လိုက်လံဆောင်ရွက်ပေးရတတ်တယ်။ မိခင်ဖြစ်သူ ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် အစာအဆိပ်ဖြစ်ခြင်း၊ ခြေထောက်၊ ခါး၊ သွား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၁၊ ၅၃၊ ၇၁၊ ၇၃

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်း မပြုပါနှင့်။ မည်သည့်ပစ္စည်းမှ မငှားပါနှင့်။ ငှားလျှင် ဆုံးရှုံးသွားတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း နှီဆွမ်း (၁၂)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်တဲ့ အပြောင်းအလဲဟွေ ကြုံတွေ့ရတတ်တယ်။ အလုပ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အလုပ်တစ်ခုလည်း ရတတ်တယ်။ အိမ်နေရာ အသစ်ရခြင်း၊ နေရာထိုင်ခင်း ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ မထင်မှတ်ဘဲ ပညာတစ်ခုသင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရတတ်တယ်။ မရည်ရွယ်ဘဲ မြေဝင်တတ်တယ်။ အလုပ်ကောင်းပေမယ့် နည်းနည်းသတိထားပါ။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ လက်အောက်ငယ်သားအတွက် စိတ်ညစ်ရတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်ခြင်း၊ ပေါင်နှံရခြင်းများ ကြုံရတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတိုးတာနှင့်အမျှ ပစ်စာ၊ တိုင်စာ ခံရတတ်တယ်။ စိတ်မပူပါနဲ့။ တနင်္ဂနွေ သားသမီး၊ သောကြာသားသမီး၊ ဌာနဆိုင်ရာ အကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးလာလိမ့်မယ်။ အင်္ဂါနာမည်၊ စနေနာမည်ပါသော ကျန်းမာရေးညံ့သည့် သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ပြည်ပခရီး အကျိုးပေးသော ကာလဖြစ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ ခြေထောက်တွင် အန္တရာယ်ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ထီးအနီရောင်(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၂၊ ၆၇

### အထူးသတိပြုရန်

ယခုကာလတွင် မိမိ၏ခြံ၊ ကားတို့ကို ရောင်းချ၍ လုပ်ငန်းသစ် စတင်လုပ်ခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းဆွမ်း(၆)ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ကျန်းမာရေးကောင်းပြီး ပျော်ရွှင်နေပါလိမ့်မယ်။ အလှူတစ်ခုလည်း မမျှော်လင့်ဘဲ ပြုလုပ်ရမယ်။ ယခုကာလတွင် သင်သည် အဖက်ဖက်မှာ စိတ်ချမ်းသာစရာများ ကြုံတွေ့ရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလိမ့်မယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ သင်သည် ယခုကာလတွင် အလိုလိုလှုပခြင်း၊ တင့်တယ်ခြင်းတွေနဲ့ ကြုံတွေ့ရမှာဖြစ်ပါတယ်။ မခေါ်တဲ့သူတွေက ပြန်ခေါ်ပြီး နှိမ်ချခဲ့တဲ့သူတွေက ပြန်ပြီးမြှောက်ပင့်ခြင်းမျိုး ခံရတတ်တယ်။ ဒါပေမဲ့ ဆရာသမားလို ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်တတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်၊ မြေကိစ္စ၊ အမွေကိစ္စတွေလည်း ဖြေရှင်းပေးရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အထင်အမြင် လွဲမှားခြင်းမျိုး ခံရတတ်တယ်။ အပျို၊ လူပျိုတွေအဖို့ အစွပ်အစွဲ အပြောအဆို ခံရတတ်တယ်။ ယခုကာလတွင် အိမ်ထောင်ပြုလျှင် ရာသက်ပန်ခိုင်မြဲသော အိမ်ထောင်ရေး မဖြစ်နိုင်ပါ။ သင်သည် တပို့တွဲလ၊ တပေါင်းလများ ပါဝင်နေရင် အနည်းငယ် ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အစားမှား၊ ဆေးမှား၊ သွားဒုက္ခပေးခြင်းမျိုး ကြုံမယ်။ အဆိပ်ရှိသော အကောင်အတိုက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဖြူရောင်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံဆောင်းသောရက်

ဗုဒ္ဓဟူး၊ တနင်္လာ

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၆

### အထူးသတိပြုရန်

ယခုကာလအတွင်း မိသားစုအားလုံး ဆိတ်သားဟင်း မစားပါနှင့်။
သဇင်ပန်းများကို အင်္ဂါနေ့နှင့် သောကြာနေ့များတွင် လှူဒါန်းခြင်း မပြုရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် မိမိမွေးနေ့တိုင်း ဓာတ်ကြီးလေးပါးဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှိုးနေပါသေးတယ်။ ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလ ဖြစ်ပါတယ်။ စိတ်အနှောင့်အယှက် ဖြစ်စရာလေးတွေလည်း ကြုံရတတ်တယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်ပြီး လွန်စွာပင်ပန်းလိမ့်မယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ အထက်လူကြီး၊ ကြီးကဲသူတို့က မ,စလိမ့်မယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ရသောကိစ္စ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောက်ျားနောက်လိုက်ခြင်းများကြောင့် ဆွေပြတ် မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အလှူရက်၊ မင်္ဂလာရက် ငွေရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ဤကာလအတွင်း အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့သော ပစ္စည်းများ ရတတ်တယ်။ ယခုကာလတွင် လက်ခံလိုက်လျှင် အလဟဿ ကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကျေ ဖြစ်နေတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာများ ခံစားရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၅၊ ၁၃၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းနှင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာခြင်း၊ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ် ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိဘူး ဖြစ်နေတတ်တယ်။ အနစ်နာခံ အရှုံးပေးပြီး နေပေမယ့် ကိုယ့်ကို ဖိနှိပ်တဲ့သူများနေတတ်တယ်။ စပ်တူလုပ်ငန်းသစ်လုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ စပ်တူလုပ်မယ်ဆိုရင် တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးက အကောင်းဆုံးပါပဲ။ ဆိုင်တစ်ဆိုင်ဖွင့်မယ်ဆိုရင် ဒီကာလဟာ အကောင်းဆုံးပါပဲ။ စက်ပစ္စည်းလည်း ဝင်တတ်တယ်။ ယခုကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင်မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးရွားရွား ညှိုသွားတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အိမ်ဌား၊ မြေဌား အမှုအခင်းတွေ ည်း လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေလည်း ပြုပြင်ရတတ်တယ်။ ပြည်ပခရီး ွတ်ဖို့ ကြံရွယ်ထားရင် နောက်နည်းနည်းဆုတ်လိုက်ပါ။ သင်သည် ယခုကာလတွင် တပေါင်းလ၊ ကဆုန်လများ ပါဝင်နေရင် ျှော်လင့်ဘဲ ငွေရတတ်တယ်။ သားသမီးများ ကျန်းမာရေး အနည်းငယ် ညှိုတတ်တယ်။ ရွှေထည်ပစ္စည်း ထွက်တတ်တယ်။ ွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေ ထွက်သွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေနှင့်ပတ်သက်သော ဒေနာ၊ ဝမ်းပျက်၊ ဝမ်းလျှော ဖြစ်တတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် န်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ကုက္ကားအဖြူရောင် (၁၉)ခုတို့ကို လှူပေးပါ။ ည့်များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္ဂနွေ၊ အင်္ဂါ

**ညှိုသောရက်**

တနင်္လာ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၃၇၊ ၃၁၊ ၁၃၊ ၁၅

**အထူးသတိပြုရန်**

ယခုကာလတွင် လုပ်ငန်းမတိုးချဲ့ပါနှင့်။ အလုပ်မပြောင်းပါနှင့်။
အမှုမဖြေရှင်းရပါ။ မဖြစ်မနေ ဖြေရှင်းရမယ်ဆိုလျှင်အရှုံးပေးလိုက်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း
ဆွမ်းပူဇော်ပွဲတွင် ဆီဆမ်း၊ ဆားဖြူး၍ အုန်းသီးတစ်စိတ်တင်ပြီး
လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## တိုင်တစ်ရာ အရှေ့ကျောင်း စုပေါင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် အမေမြနန်းနွယ်၏ သီလရှင်ဝတ်ပွဲ

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ (၃၀-၇-၂၀၁၅)ကြာသပတေးနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၃)ရပ်ကွက်တွင် တည်ရှိသော တိုင်တစ်ရာဆရာတော် မရှိခဏ ဘဒ္ဒန္တတေဇိန္ဒ ၏ တိုင်တစ်ရာအရှေ့ကျောင်းတွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အမေမြနန်းနွယ်၏ သီလရှင်ဝတ် အလှူတော်မင်္ဂလာပွဲကို ကျင်းပပြုလုပ်ခဲ့ရာ တိုင်တစ်ရာဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ကြွရောက်လာကြသော ပဌာန်းဆက် ခွေတော် မျိုးတော်အပေါင်းတို့အား ဆရာတော်ကြီး၏ တပည့်ရင်း အလှူရှင်များမှ ထမင်း၊ ရေခဲမုန့်၊ နွားနို့ ရေသန့်ဘူးတို့ဖြင့် ညှော်ခံကျွေးမွေးခဲ့ကြောင်း သိရှိရသည်။

ညနေ ၄ နာရီအချိန်တွင် အမေမြနန်းနွယ်၏ ကိုယ်စားပုံတော်ကို သီလရှင်ဝတ် အလှူတော်မင်္ဂလာ ကျင်းပပြီး ရှမ်းအိုးစည်အဖွဲ့၏ ဖျော်ဖြေမှုများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

## (၁၆၃)ကြိမ်မြောက် ရွှေပါရမီတောရဆရာတော်အရှင်ဆန္ဒာဓိက၏ ရှင်သာမဏေ ကျန်းမာရေးစောင့်ရှောက်မှု အလှူ

(၁၆၃)ကြိမ်မြောက် ရှင်သာမဏေ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့(အဟံအဖွဲ့ချုပ်)၏ ရွှေလျားကုသိုလ်ပြု အခမ်းအနားကို ဇူလိုင်လ ၂၆ ရက်နေ့တွင် လှိုင်မြို့နယ်၊ ပရဟိတကျောင်း၌ ကျင်းပခဲ့ရာ ကျားကျောင်းအပါအဝင် ပတ်ဝန်းကျင်ရှိ ပရဟိတကျောင်း (၇)ကျောင်းတို့မှ ရှင်သာမဏေ (၂၀၉)ပါး၊ သီလရှင် (၁၂)ပါးနှင့် ကျောင်းသား (၂၁၀) စုစုပေါင်း ၄၃၁ ဦးတို့ကို ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကမှ ကျပ် ၆၅ သိန်းကျော် တန်ဖိုးရှိသော သင်္ကန်း၊ အံသကိုက်၊ အကျီ၊ ဘောင်းဘီ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ကျောင်းသုံးစာရေး ကိရိယာများ၊ အစားအသောက်များ၊ ဆေးဝါးပစ္စည်းများနှင့် ကျပ်သိန်း(၁၀၀)ကို မ,တည်ပြီး စုစုပေါင်း ကျပ်(၁၆၅)သိန်းကျော်ဖိုး လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်များ ခြောက်သိန်းကျော်ဖိုး လှူဒါန်း

၂၀၁၅ ခု၊ ဩဂုတ်လ ၇ ရက်နေ့ နံနက် ၉း၃၀ နာရီ အချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ မင်္ဂလာတောင်ညွန့်မြို့နယ် စာရေးအဆရာအသင်း ဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာသက်ခွေ(ရေနံ့သာတင်ခွေ)မှ ၎င်းပြုစုရေးသားခဲ့သော ဆေးကျမ်းများ၊ လစဉ် ရေးသားခဲ့သော မဂ္ဂဇင်းများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ စုစုပေါင်း ၃၆၃၀၀ဝိ/-(ကျပ် သုံးသိန်းခြောက်သောင်းသုံးထောင်)ဖိုးနှင့် မြို့နယ်နှစ်ပတ်လည်မဂ္ဂဇင်း ၃၀၀၀၀ဝိ/-(ကျပ်သုံးသိန်း)ဖိုး၊ စုစုပေါင်း ခြောက်သိန်းခြောက်သောင်းကျော်ဖိုး လှူဒါန်းခဲ့ရာ စာကြည့်တိုက် ဖောင်ဒေးရှင်း အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဆရာဦးဆန်းဝင်းမှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ထိုသို့ လှူဒါန်းရာတွင် မြို့နယ်မဂ္ဂဇင်းများအား မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်၊ မြို့နယ်စာရေးဆရာအသင်း ဂုဏ်ထူးဆောင်နာယက ဆရာဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)နှင့် ဥက္ကဋ္ဌ ဒေါက်တာသက်ခွေ(ရေနံ့သာတင်ခွေ)တို့က မြို့နယ်စာရေးဆရာများကိုယ်စား ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိပါသည်။

ဒေါက်တာသက်ခွေ



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအ[illegible] ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္[illegible] ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေး[illegible] ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ [illegible] သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်[illegible] ခဲ့မယ် ဆိုပါက . . .

ဒေါက်တာ[illegible]

အမှတ်(၂၀၅/က)၊ ဗိုတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ [illegible]

---

## တနင်္ဂနွေသားသမီးများအတွက်

**ယတြာ**

မိတ်ဆွေတစ်ဦးကို [illegible] ဝယ်[illegible]

သင်တန်းတက်ခြင်း၊ အတတ်ပညာတစ်ခု သင်ကြားခြင်း ကြုံမယ်။ ငွေရှာရလွယ်သလောက် ငွေအထွက် များနေတတ်တယ်။ ကိုယ့်ထက်ငယ်သူတွေ ကျန်းမာရေးအတွက် ပူပန်ရတတ်တယ်။ မိမိနေအိမ်က နာရီတစ်လုံး ပြုတ်ကျသည်ကို မြင်မိပါက နိမိတ်မကောင်းပါ။ ငွေတွေကတော့ ဝင်နေမှာပါပဲ။

---

## တနင်္လာသားသမီးများအတွက်

**ယတြာ**

မိတ်ဆွေတစ်ဦးကို [illegible] ပြုလုပ်[illegible] လက်[illegible]

လုပ်ငန်းအသစ် အပြောင်းအလဲရှိတယ်။ ဒါမှမဟုတ် အိမ်နေရာ ပြင်ဆင်မှုတွေ ရှိနေမယ်။ အိမ်ထောင်မရှိရင် အိမ်ထောင်ကျတတ်တယ်။ ခရီးမကြာခဏ သွားရမယ်။ လူငယ်တွေ အချစ်ရေး ကွဲလွဲတတ်တယ်။ အလုပ်မှာ အတိုက်အခိုက် ပေါ်မယ်။

---



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

မမျှော်လင့်ဘဲ ငွေရေးကြေးရေး အဆင်ပြေမယ်။ ထီပေါက်သလို ငွေတွေ ဝင်မယ်။ ဒါပေမဲ့ ငွေနဲ့ပတ်သက်ပြီး အနည်းငယ် ပြဿနာပေါ်မယ်။ အပျို လူပျိုတွေ ကြင်သူသက်ထားရမယ်။ ယခုကာလတွင် ခိုင်မာသော စီးပွားရေးလုပ်ဆောင်ပါက အခြေအနေ ကောင်းပါမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကျောက်ကျော ဝယ်ကျွေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

အတိုက်အခိုက်တွေများပြီး မိမိလုပ်သမျှ အရာမထင် ဖြစ်တတ်တယ်။ မထင်မှတ်သော ခရီးများလည်း သွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက်များနဲ့ စိတ်ဝမ်းကွဲတတ်တယ်။ လူမျိုးခြားနဲ့ အကျိုးပေးမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်တစ်ဘူး လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

မိမိလက်အောက်မှ ငယ်သားများကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရမယ်။ စက်ပစ္စည်း ပျက်တတ်တယ်၊ ထွက်တတ်တယ်။ မထင်မှတ်သော မိတ်ဆွေများ၏ အကူအညီ ရတတ်တယ်။ လုပ်ငန်းအသစ် အစီအစဉ်အသစ်တွေ ပေါ်မယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးနှင့် ပြုလုပ်ထားသောမုန့် လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

စိတ်ချမ်းသာမှုတွေနဲ့ ကြုံရလိမ့်မယ်။ ငွေတွေလည်း ဝင်လိမ့်မယ်။ လုပ်ငန်းသစ်များ လုပ်ရတတ်တယ်။ လူအများ ချစ်ခင်လေးစားမယ်။ မပြီးသေးတဲ့ အလုပ်တွေ ဒီလထဲမှာ ပြီးလိမ့်မယ်။ အိမ်ထောင်ရေး သတိပြုပါ။ အရှုပ်အရှင်း ရှိတတ်တယ်။

**ယတြာ**

ကလေးငယ်တစ်ဦးကို ချောကလက် ဝယ်ကျွေးပါ။

---

## စနေသားသမီးများအတွက်

သင်တန်းတစ်ခု တက်ရလိမ့်မယ်။ ကောင်းသောသင်တန်းဖြစ်မယ်။ အထက်လူကြီးက ကူညီမ,စမယ်။ ထွက်နေတဲ့ရွှေတွေ ပြန်ဝင်မယ်။ သူခိုးခိုးခံရတတ်တယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောက်ျားနောက်လိုက်ခြင်းများ မပြုပါနှင့်။

**ယတြာ**

သက်ကြီးရွယ်အိုတစ်ဦးကို နွားနို့ လှူပါ။

---

## ရာဟုသားသမီးများအတွက်

အတိုက်အခံများကြားက အလုပ်အကိုင် နေရာကောင်းရမယ်။ အလုပ်အတွက် အင်တာဗျူးဖြေမယ့်သူများ သတင်းကောင်း ကြားရမယ်။ ရာထူးတိုးရန် ခက်နေသူများ ရာထူးတိုးမယ်။ အိမ်နေရာပြောင်းခြင်း၊ အိမ်သစ်ဆောက်ခြင်း ကြုံမယ်။ လူငယ်များ မင်္ဂလာကိစ္စကြုံမယ်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကိုကာကိုလာ ဝယ်တိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံ မြန်မာကျောင်းဆရာတော်၏ သာသနာပြုလုပ်ငန်းများ လေ့လာမှတ်တမ်းတင်ခဲ့သော စာရေးဆရာအဖွဲ့၏ အိန္ဒိယခရီးစဉ်



အိန္ဒိယနိုင်ငံ၊ ယူပီပြည်နယ်၊ ကုသိနာရုံခရိုင်၊ ကုသိနာရုံမြို့ ဗုဒ္ဓနဂရိရပ်ကွက်၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ နိုင်ငံခြားဗုဒ္ဓသာသနာပြု ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အရှင်သူမြတ်၏ သက်တော်(ဂ၀)ပြည့် ပတ္တမြားရတုစာအုပ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)၊ ဒု-ဥက္ကဋ္ဌ ဦးစိုးမြင့်(အဏ္ဏဝါစိုးမိုး)နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးလှတိုး(တိုးထက်)တို့ ပါဝင်သော စာရေးဆရာအဖွဲ့သည် အိန္ဒိယနိုင်ငံသို့ (၂၁-၇-၂၀၁၅) မှ (၂၈-၇-၂၀၁၅) အထိ သွားရောက်ခဲ့ကြပြီး ဆရာတော်ဘုရား၏ သာသနာပြုလုပ်ငန်းများ လေ့လာမှတ်တမ်းတင်ခဲ့ကြောင်း သတင်းရရှိပါသည်။

BURMESE CLASSIC

မြန်မာစာရေးဆရာအဖွဲ့သည် ဦးစန္ဒြမဏိကျောင်းသားများ သာရေးနာရေးအသင်း(အိန္ဒိယ)မှ ဖိတ်ကြားချက်အရ စာပေဟောပြောပွဲတစ်ခုကိုလည်း ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရှိရသည်။ စာပေဟောပြောပွဲတွင် ဆရာမောင်ရင့်ကျူး(မြောင်းမြ)က "အမျိုး ဘာသာ၊ သာသနာ ကာကွယ်စောင့်ရှောက်ကြပါစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာ အဏ္ဏဝါစိုးမိုးက "ပတ္တာပြုတ်သွားသော တံခါးတစ်ချပ်အကြောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြရာ နလန္ဒာတက္ကသိုလ်မှ စာပေဝါသနာရှင် သံဃာတော် အရှင်သူမြတ်များ တက်ရောက်ကြပြီး စာရေးဆရာများနှင့် အပြန်အလှန် စာပေစကား ဆွေးနွေးပွဲများ ပြုလုပ်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

ကုသိနာရုံ မြန်မာကျောင်းဆရာတော်ကြီး၏ သက်တော်(ဂ၀)ပြည့် ပတ္တမြားရတုဝိဇာတ မွေးနေ့ပူဇော်ပွဲကို ဆရာတော်ကြီး၏ တပည့်ဒကာ၊ ဒကာမများက ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိပါသည်။

### ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား ဘုန်းရောင်ဂျာနယ်တိုက်တွင် ဝယ်ယူ ပူဇော်နိုင်

ဗားမော်ဆရာတော်ဘုရားကြီး၏ ဆွေ ၇ ဆက် မျိုး ၇ ဆက် ကြွယ်ဝချမ်းသာစေနိုင်သည့် ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်ဘုရား(ဦးရွှေအိုးဘုရား)နှင့် (၉)လုံး ပြဒါးပုတီး၊ ပြဒါးဘုရားများ၊ ပဌာန်းရွှေကျမ်းရတနာဒီပံ ရွှေအလင်းတိုင်များကို လဘ်မိုးစွေစာပေနှင့် ဘုန်းရောင်ဂျာနယ်တိုက် တည်ရှိရာ တိုက်(၂၇)၊ အခန်း(၁၂)၊ မြေညီထပ်၊ ၅၂-လမ်း(အောက်) ဗိုလ်တထောင်မြို့နယ်တွင် လာရောက် ဝယ်ယူပူဇော်နိုင်ပါသည်။

ဘုရား၏ ဉာဏ်တော်အမြင့်များမှာ - ၇ လက်မ၊ ၉ လက်မ၊ ၁၀ လက်မတို့ဖြစ်သည်။ မိမိနှစ်သက်ရာ ဉာဏ်တော်အမြင့်ကို ဝယ်ယူပူဇော်နိုင်ပါသည်။ (ဆက်သွယ်ဝယ်ယူနိုင်ရန် - ၀၉-၂၅၁၀၂၂၃၃၁)

www.burmeseclassic.com

www.burmeseclassic.com

## နှစ်ပေါင်း ၁၀၀ ကျော် ခဏ္ဍာသိမ်တော်ကြီး ဘက်စုံပြန်လည်ပြုပြင်မွမ်းမံရန် မ,တည်

## အစအဦး အလှူရှင် သုံးဦးမှ စတင်လှူဒါန်းပြီး အလှူရှင်များ ဖိတ်ခေါ်



ဝွမြို့နယ် ဆပ်သွားအလယ်ရွာမှ ပရိယတ္တိ ပါရဂူ စာသင်တိုက်ကြီး၏ နှစ်ပေါင်း ၁၀၀ ကျော်ရှိ ခဏ္ဍာသိမ်တော်ကြီး ဘက်စုံပြန်လည် ပြုပြင်နိုင်ရန် မ,တည်အလှူရှင်များမှ စတင် လှူဒါန်းမှုပြုခဲ့ကြောင်း သတင်းရရှိသည်။ ထိုဒကာ၊ ဒကာမ မိသားစုများမှာ -

(၁) ဝွမြို့နယ်၊ တိုင်ကျိုးရွာမှ အနန္တောအနန္တ ငါးပါးကို ဦးထိပ် ထား၍ ဒေါ်မငယ်၊ (သား)ရန်မျိုးအောင်၊ ဒေါ်ခင်သန္တာအေး (မြေး)ငှူးမြတ်သူ၊ မြင့်မြတ်သူ မိသားစုမှ မ,တည်အလှူငွေ (၁၀)သိန်း။

(၂) ဝွမြို့နေ ဦးမောင်အုံး၊ ဒေါ်အေးရီ သားသမီးမြေး မိသားစုမှ နှစ်ဖက်နှစ်ဦး ကျေးဇူးရှိကြ မိနှင့်ဖကို ဦးထိပ်တင်၍ အလှူငွေ (၂)သိန်း။

(၃) ရန်ကုန်မြို့မှ ဗိုလ်မှူးကြီး သူရမြဝင်း၊ ဒေါ်ခင်စောမြင့် ကွယ်လွန်သူ မိဘနှစ်ပါးကို ရည်မှန်း၍ ဒုဗိုလ်မှူးကြီး သိန်းထွန်းဝင်း၊ ဒါရိုက်တာ ဒေါ်မာမာသိန်း မိသားစုမှ (၃)သိန်း။

စသည့် အလှူငွေများကို စေတနာရှေ့ထား သဒ္ဓါပွား၍ ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုခဏ္ဍာသိမ်တော်ကြီး ဘက်စုံပြန်လည်ပြုပြင် နိုင်ရန်အတွက် ရပ်ဝေးရပ်နီး (၇)ရက်သားသမီး အသီးသီးတို့ ပါဝင်ပူးပေါင်း လှူဒါန်းကောင်းမှု ပြုနိုင်ကြစေရန် ဆောင်ရွက်စီစဉ်ပေးထားကြောင်းကို ပရိယတ္တိ ပါရဂူ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဒီပ(သဒ္ဓမ္မဇောတိကဓဇ)ဘွဲ့တံဆိပ်တော်ရ ဆရာတော်မှ မိန့်ကြားသွားသည်။

ခဏ္ဍာသိမ်တော်ကြီးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဝွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိ ပါရဂူစာသင်တိုက် နာယကဆရာတော်ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်လှူဒါန်းရန် ဖုန်းနံပါတ်များ - ၀၉-၄၉၆၀၄၇၉၇၊ ၀၉-၄၉၇၆၄၃၀၁ တို့ ဖြစ်ပါသည်။

မောင်တည်အေး


### အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .


- ❖ HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၉၅၅)
- ❖ ဆည်းဆာရိပ် ဂီလာနဘိုးဘွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇)
- ❖ နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၃)၊ (၀၁-၇၀၄၉၄၄)

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားအနေကဇာတင် ရုပ်ပွားတော်များ သိဒ္ဓိတင် ပူဇော်





ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့၊ ရှင်သီဝလိတောင်တော်မြတ်၌ သီတင်းသုံးစံပါယ် အပူဇော်ခံမည့် ဗျာဒိတ်ပေး ရုပ်ပွားတော်မြတ်ကြီးကို ပဲခူးရပ်ကွက်၊ ကျောက်ကြီးမြို့ (အဘိုး ဦးမြတ်မင်း၊ အဘွား ဒေါ်နှင်းကြိုင်)နှင့် နှစ်ဖက်သော မိဘတို့အား အမှူးထား ရည်စူးလျက် ဦးသိန်းနိုင်+(ဒေါ်ယဉ်နွဲ့)မိသားစုနှင့် (၁၂၇) ကြိမ်မြောက် မီးမျှောပူဇော်ခြင်း၊ ရှင်သီဝလိရုပ်ပွားတော်နှင့် ရှင်ဥပဂုတ္တရုပ်ပွားတော်တို့အား နှစ်ဖက်သော မိဘတို့အား အမှူးထားရည်စူး၍ ဦးအောင်ဖုန်း+ဒေါ်စန္ဒာအောင်တို့က အနေကဇာတင် သိဒ္ဓိတင် ပူဇော်ပွဲအဖြစ် ၁၃၇၇-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ (၁၂ -၉-၂၀၁၅)ရက်နေ့ နံနက် ၈:၁၀ နာရီမှ နေ့လယ် ၁၂:၀၀ နာရီထိ အမှတ်(၄၁/က)၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ဘုရားအနေကဇာတင် သိဒ္ဓိတင် ပူဇော်ပွဲသို့ ဖိတ်ကြားထားသော ဆေ့သည်တော်များ၊ ဗုဒ္ဓဘာသာဝင် ကလျာဏ သူတော်စင်များ ကြွရောက်ကာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြကြောင်း သိရှိရပါသည်။

ကိုရင်သာဓု

www.burmeseclassic.com